www.burmeseclassic.com




www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးမ
စီစဉ်တည်းဖြတ်သူများ
မောင်ပေါ်ထွန်း
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18

စာမူခွင့်ပြုအမှတ်
၅၀၀ ၆၀၄၀ ၆၁၀
မျက်နှာဖုံးခွင့်ပြုချက်
၅၀၀ ၉၈၃၀ ၈၁၁
ထုတ်ဝေသူ
ဒေါ်သင်းသင်းချွန်
သင်းစာပေ
အမှတ် ၁၀၊ ရတနာမြိုင်လမ်း
လှည်းတန်း ကမာရွတ်မြို့နယ်
ရန်ကုန်မြို့
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြ ၀၇၀၅၃)
ရွှေတော်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ၅၁-လမ်း
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့
၂၀၁၁၊ စက်တင်ဘာလ ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
ဖုန်း ၅၀၀ ၈၂၂၇
ဖုန်း ၅၀၁ ၀၈၅၁



ထုတ်ဝေသည့်စာအုပ် [illegible] (CIP)
၈၉၅·၈၃
မောင်ပေါ်ထွန်း
ဆရာဝန်မ သုံးယောက် / မောင်ပေါ်ထွန်း ၊ ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၁
၃၄၉စာ၊ ၁၇·၇၈ စင်တီ × ၁၇·၇၈ စင်တီ
(၁) ဆရာဝန်မ သုံးယောက်

www.burmeseclassic.com

ဤဝတ္ထုသည် ကမ္ဘာကျော် အမေရိကန် စာရေးဆရာကြီး ဆစ်ဒနီရှယ်လ်ဒန်၏ နောက်ဆုံးထုတ် ဝတ္ထုဖြစ်သည်။

"ဘဝတက္ကသိုလ်စာပေ" မှ ၁၉၇၈ ခုနှစ်ထုတ် "မျိုးဆက်သွေး" (Blood line) ဝတ္ထုဖြင့် ရှယ်လ်ဒန်ကို မြန်မာစာဖတ်ပရိသတ်နှင့် ပထမဦးဆုံး ကျွန်တော် မိတ်ဆက်ပေးခဲ့သည်။ ထို့နောက်တွင် သူ့ဝတ္ထုများကို အခြား မြန်မာစာရေးဆရာများက တော်တော်များများ ပြန်ဆိုလာကြသည်။

ကျွန်တော်သည် "မျိုးဆက်သွေး" အပါအဝင် ရှယ်လ်ဒန်ဝတ္ထုသုံးအုပ်ကို ယခင်က ပြန်ဆိုခဲ့ပြီးဖြစ်သည်။ ကျန်ဝတ္ထုနှစ်ပုဒ်မှာ "ကျေရာကျေကြောင်း" (Rage of Angels) နှင့် "အနိုင်မခံ" (Master of the Game) ဖြစ်၏။ ယင်းဝတ္ထုများကို ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ပြန်လည်ထုတ်ဝေခဲ့ရသည်။ ဤသည်မှာ စာဖတ်ပရိသတ်၏ အားပေးမှုကြောင့် ဖြစ်ပါ၏။ ယင်းအတွက် သက်ဆိုင်ရာ ထုတ်ဝေသူကရော၊ ဘာသာပြန်သူကပါ အထူးကျေးဇူးတင်ပါသည်။

ယခု "ဆရာဝန်မ သုံးယောက်" (Nothing Lasts Forever) ဝတ္ထုသည် ကျွန်တော် ပြန်ဆိုသည့် စတုတ္ထမြောက် ရှယ်လ်ဒန်ဝတ္ထုဖြစ်၏။ ဤဝတ္ထုတွင် ရှယ်လ်ဒန်သည် ဆရာဝန်နှင့် သူနာပြုများ

ဘာသာပြန်သူ၏ အမှာစာ

www.burmeseclassic.com



အပါအဝင် အမှုထမ်းပေါင်း ကိုးထောင်ကျော်ရှိသည့် ခရိုင်ဆေးရုံကြီး တစ်ခုကို ကျော်ရှိးပြုကာ တစ်တိုက်ခန်းတည်းနေ၊ တစ်ဆေးရုံတည်းလုပ် ဆရာဝန်မသုံးဦးတို့အား အဓိက ဇာတ်ဆောင်ထားပြီး (သူ့ထုံးစံအတိုင်း) "သပွတ်အူ" ဇာတ်လမ်းဆင်၍ ရေးဖွဲ့ထားသည်။

ဤဝတ္ထုကို နာမည်ကျော် "တူဒေး" (Today) မဂ္ဂဇင်းကြီးတွင် ဝေဖန်ရေးဆရာက ...

"ယခု နွေရာသီမှာ ကျွန်တော်ဖတ်ရသမျှ နာမည်ကြီး ဝတ္ထုများအနက် ဇာတ်ပြော ကျွမ်းကျင်မှု၌ ဤဝတ္ထုက အခြားဝတ္ထုအားလုံးကို အပြတ်အသတ် ကျော်ဖြတ်သွား၏" ဟု "မောင်းခတ်" ထားသည်။

ထို့ကြောင့် ဘာသာပြန်သူ ကျွန်တော့်အနေဖြင့် "ကိုယ့်ငါးချဉ် ကိုယ်ချဉ်" နေစရာ မလိုတော့ပါ။ သို့သော်လည်း (ပြောချင်လွန်း၍) တစ်ခုတော့ ပြောပါရစေ။

ဤဝတ္ထုကို ဘာသာပြန်နေချိန်တွင် ယခင်ဖတ်ထားပြီး၊ သိထားပြီးတာတွေ အားလုံးကို လုံးဝ မေ့ထားလိုက်ပြီး တစ်မျက်နှာစီ၊ တစ်ခန်းစီ ပြန်သွားသည်။ ဘာသာပြန်နေရင်းက ရှေ့မှာ ဘာဖြစ်လာမလဲ ...ဘာဖြစ်လာဦးမှာလဲ ... ဟု တွေးပြီး ကျွန်တော် ရင်တလှပ်လှပ် ခံစားနေရသည်။ ကုန်ကုန်ပြောရလျှင် မူရင်းစာမျက်နှာ ၃၇၀ ရှိသည့် စာအုပ် ပြီးဆုံး သွားမှာကိုပင် ကျွန်တော်စိုးရိမ်နေမိ၏။ သို့သော် ထုတ်ဝေသူကို ငဲ့၍ မြန်မြန်ပြီးချင်စိတ်ကလည်း "ဇောကပ်" နေ၏။

သည်လိုနှင့် ဇာတ်သိမ်းပိုင်းသို့ ရောက်လာခဲ့သည်။ အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်သည့် ဆရာဝန်မ ဒေါက်တာ ပေ့ဂျ်တေလာအား လူနာကို ဆေးထိုးသတ်မှုဖြင့် တရားရုံး၌ အမှုစစ်ခန်းသို့ ရောက်လာသည်။ သူ ပြစ်ဒဏ်ကျခံရမှာလား လွတ်မလားဟု တွေးရင်း ကျွန်တော် ရင်တလှပ်လှပ် ခုန်နေ၏။

နောက်ဆုံးတွင် ဒေါက်တာပေ့ဂျ်တေလာ၏ "ကမ္ဘာရန်" သမားတော်ကြီးလည်းဖြစ်၊ အဓိက သက်သေတစ်ဦးလည်း ဖြစ်သူ ဆရာဝန်ကြီး၏ ထွက်ဆိုချက်ကို ကြားလိုက်ရသောအခါ ကျွန်တော် ဘာသာပြန်ဆရာ စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်တွေ ဒရဟော စီးကျလာပါတော့သည်။

ဝမ်းနည်းမျက်ရည်လား ...၊ ဝမ်းသာမျက်ရည်လား ...၊ ကျွန်တော် မခွဲခြားတတ်တော့။

ကျွန်တော် သည်လောက်ပဲ ပြောချင်ပါသည်။ အားပေးကြသော စာပေမိတ်ဆွေများအား ထာဝရ လေးစားချစ်ခင် လျက်ပါ ...။ ။

မောင်ပေါ်ထွန်း

၃မတ်-၀

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

ခရိုင်အစိုးရရှေ့နေကြီး ကားလ်အန်ဒရူးသည် အကြီးအကျယ် ဒေါသထွက်နေသည်။

"အဖြစ်ကတော့ တကယ့်ကို ကျော်မကောင်း ကြားမကောင်းပဲ" သူက ရှူးရှူးရှဲရှဲဖြင့် အော်ပြောလိုက်သည်။ "ဆရာဝန်သုံးယောက် တစ်ခန်းတည်း အတူတူနေတယ်၊ ဆေးရုံတစ်ရုံတည်း အတူတူလုပ်တယ်၊ တစ်ယောက်က ဆေးရုံ တစ်ရုံလုံး ပိတ်ပစ်လိုက်ရတော့ မလောက် ပွေတယ်၊ ရှုပ်တယ်၊ နောက်တစ်ယောက်က ပိုက်ဆံတစ်သန်းအတွက် လူနာရဲ့အသက်ကို သတ်တယ်၊ နောက်တစ်ယောက်က လူသတ်ခံရတယ်"

ခရိုင်အစိုးရရှေ့နေကြီးသည် စကားကို ခေတ္တရပ်ပြီး အသက်ပြင်းပြင်း ရှူလိုက်သည်။ ပြီးတော့မှ ဆက်ပြောသည်။

"သူတို့အားလုံး မိန်းမတွေ၊ သုံးယောက်စလုံး မိန်းမဆရာဝန်တွေချည်းပဲ၊ မီဒီယာတွေက သူတို့ကို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေလို ဆက်ဆံနေကြတယ်၊ သူတို့အကြောင်း ရုပ်မြင်သံကြားတွေက အသားပေး ထုတ်လွှင့်ကြတယ်၊ စာနယ်ဇင်းတိုင်းက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြကြတယ်၊ အမယ်လေး ... ဟောလိဝုဒ်ကလည်း ရုပ်ရှင်ရိုက်ဦးမယ်တဲ့၊ အစိုးရကတောင် ပရက်စလေတို့လို သူတို့ပုံတွေနဲ့ တံဆိပ်ခေါင်းထုတ်ဦးမလား မသိဘူး၊ ဒါလုံးဝ မဖြစ်သင့်ဘူး၊ လုံးဝအဖြစ်မခံနိုင်ဘူး၊ ငါ့အနေနဲ့ တားကို တားရမယ်"

...်လမ်းအစ
...စွကိုမြို့
...ဝါတ်ရာသီ၊ ၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com



သူက 'တိုင်းမ်' မဂ္ဂဇင်းအဖုံးပေါ်က အမျိုးသမီး ဓာတ်ပုံကို လက်သီးဖြင့် ဆောင့်ထုလိုက်သည်။ ဓာတ်ပုံစာသားက 'ဒေါက်တာ ပေ့ဂျ်တေလာ ...ကရုဏာရှင် နယ်မိမယ်လော (သို့မဟုတ်) သေမင်းတမန်လော' တဲ့။

"အင်း...ဒေါက်တာပေ့ဂျ်တေလာ" ရှေ့နေကြီး၏ အသံတွင် မာကျောပြီး ရွံရှာမုန်းတီးသံ ပါနေသည်။ သူသည် သူ့လက်ထောက် အမှုလိုက် အစိုးရရှေ့နေ ဂတ်စ်ဗီနာဘာယ် ဘက်သို့ လှည့်လိုက်ပြီး "ဒီမှာ...ဂတ်စ်...ဒီအမှုကို ခင်ဗျား လိုက်ရမယ်၊ ပြစ်မှုထင်ရှားအောင် လျှောက်လဲပါ၊ လူသတ်မှု ... သေဒဏ်ပေးကို ပေးရမယ်"

"စိတ်ချပါ ဆရာ" ဂတ်စ်ဗီနာဘာယ် က လေသံအေးအေးဖြင့် ပြန်ပြောသည်။ "ကျွန်တော် အစွမ်းကုန် ကြိုးစား ပါ့မယ်"

BURMESE CLASSIC

■

ထိုအမှုကို ဘရိုင်ယန်လမ်း က ဆန့်ဖရန်စစ္စကို တရားရုံးဟောင်းခန်းမကြီးထဲတွင် စစ်ဆေးသည်။ အဆောက်အအုံက ခုနစ်ထပ်အဆောက်အအုံ။ တရားရုံးအပြင် ခရိုင်အကျဉ်းထောင်လည်း ပါဝင်သည်။ တတိယထပ်တွင် တရားရုံးရှိသည်။ ယခုလူသတ်မှုကို ရုံးခန်းအမှတ် ၁၂၁ တွင် စစ်ဆေးသည်။ တရားသူကြီး ကုလားထိုင်က ရုံးခန်းနံရံကို ကျောပေးထား သည်။ နောက်ဘက်တွင် အမေရိကန်အလံ ရှိသည်။ တရားသူကြီး၏ ဘယ်ဘက်တွင် ဂျူရီလူကြီးများ ထိုင်ကြသည်။ အလယ်တွင် လမ်းကြားကလေးခြား၍ စားပွဲနှစ်လုံး ချထားသည်။ တစ်လုံးက အစိုးရရှေ့နေ (တရားလိုရှေ့နေ) အတွက် ဖြစ်ပြီး နောက်တစ်လုံးက တရားခံရှေ့နေအတွက် ဖြစ်သည်။

ရုံးခန်းထဲတွင် စာနယ်ဇင်းပေါင်းစုံမှ မှုခင်းသတင်းထောက်များနှင့် ပြင်ပပရိသတ်များဖြင့် ပြည့်ကျပ်နေသည်။ ဤလူသတ်မှုမှာ တခြားအမှုများနှင့် မတူဘဲ တစ်မူထူးခြားနေသောကြောင့် စိတ်ဝင်စားသူတွေ ကြိတ်ကြိတ်တိုး လာကြည့် ကြခြင်းဖြစ်၏။

အစိုးရရှေ့နေ ဂတ်စ်ဗီနာဘာယ် ကိုယ်တိုင်ကလည်း စိတ်ဝင်စားစရာ ဖြစ်နေသည်။ ဆံပင်ဖြူဖွတ်သိုက်၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ဧရာမ လူသန်လူထွားကြီး။ ဣန္ဒြေအပြည့်ဖြင့် တောင်ပိုင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်ရုပ်မျိုး ပေါက်နေသည်။ သူသည် ရာသီမရွေး သူအမြဲဝတ်လေ့ရှိသည့် ကော်လာကတုံးရုပ်အင်္ကျီနှင့် ဝတ်စုံအဖြူကို ဝတ်ထားသည်။

တရားခံရှေ့နေ အလန်ပင်းကတော့ ဂတ်စ်ဗီနာဘာယ် နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်၏။ ကိုယ်လုံးကိုယ်ဖန် ကျစ်ကျစ်လျစ်လျစ်နှင့် သွက်လက်ဖျတ်လတ်ပြီး သူလိုက်ရသော တရားခံတိုင်းလိုလို ကွင်းလုံးကျွတ် လွတ်ကြသည့် နာမည်ကြီးသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေနှစ်ယောက်တို့သည် ယခင်ကလည်း မျက်နှာချင်းဆိုင် ထိုင်ခဲ့ကြဖူးသည်။ သူတို့ အချင်းချင်း ဆက်ဆံရေးမှာ [illegible]စားမှုရှိသော်လည်း ယုံကြည်မှုမရှိသော ဆက်ဆံရေးမျိုးဖြစ်၏။ ယခုအမှုကို ရုံးတင်မစစ်ဆေးမီ တစ်ပတ်လောက်က [illegible]ပင်း သူ့ဆီလာတွေ့သဖြင့် ဂတ်စ်ဗီနာဘယ် တော်တော်အံ့ဩနေသည်။

“ကျွန်တော် အခွင့်အရေးတစ်ခု တောင်းချင်လို့ လာတာပါ ဂတ်စ်”

“ပြောပါ အလန်၊ ဘာအခွင့်အရေးလဲ”

“ကျွန်တော် ဒီကိစ္စကို ကျွန်တော့်အမှုသည်နဲ့တော့ မဆွေးနွေးရသေးပါဘူး၊ ဒါပေမဲ့ သူ့ကို ဖျောင်းဖျပြောဆိုလို့ [illegible]သိမ့်မယ်လို့တော့ ကျွန်တော် ယုံကြည်ပါတယ်၊ ဆိုလိုတာက ဒီအမှုနဲ့ ပတ်သက်ပြီး သူ့မှာ လုံးဝ အပြစ်မရှိကြောင်း [illegible] လျှောက်လဲနိုင်းမလို့ပါ၊ အဲဒါဆိုရင် ပြစ်ဒဏ်လည်း လျှော့ပေါ့နိုင်တယ်၊ ဒီအမှုအတွက် နိုင်ငံတော်မှာလည်း [illegible]ရိတ် သက်သာနိုင်တယ်”

“ခင်ဗျားက ကျွန်တော့်ကို တောင်းပန်နေတာလား”

“ဟုတ်ပါတယ်”

ဂတ်စ်ဗီနာဘယ်သည် ကိုယ်ကိုငုံ့ပြီး စားပွဲပေါ်တွင် တစ်စုံတစ်ခုကို ရှာနေသည်။

“ပြက္ခဒိန် ဘယ်ရောက်နေပါလိမ့်၊ ဒါနဲ့ ဒီနေ့ ဘယ်နှရက်လဲဗျ”

“ဇွန်လ ၁ ရက်၊ ဘာဖြစ်လို့လဲ”

“နေပါဦးဗျ၊ ကျွန်တော်က ခရစ္စမတ်နေ့များလားလို့၊ ခရစ္စမတ်နေ့မဟုတ်ရင် ခင်ဗျားက ကျွန်တော့်ဆီမှာ အခုလို [illegible] လက်ဆောင်မတောင်းသင့်ဘူးဗျ”

“ဘယ်နှယ့်... ဂတ်စ်”

ဂတ်စ်ဗီနာဘယ် က ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်ပြီး ...

“ဒီမှာ ကျွန်တော်ပြောမယ် အလန်၊ ရိုးရိုးတန်းတန်းဆိုရင် ကျွန်တော်က ခင်ဗျားနဲ့ ပြေပြေလည်လည် ဖြစ်ချင် [illegible] အမှန်ကိုပြောရရင် ကျွန်တော်က ဒီအချိန်မှာ အလာစကာသွားပြီး ငါးမျှားနေချင်တာ၊ ဒါပေမဲ့ အခြေအနေက [illegible] ခင်ဗျားက သွေးအေးအေးနဲ့ လူသတ်တဲ့တရားခံဘက်က ရှေ့နေလိုက်နေတယ်၊ တရားခံက သာမန်လူ [illegible]ဘက်ကိုသတ်တာ မဟုတ်ဘူး။ သူ့လူနာရဲ့ ပိုက်ဆံကို လိုချင်တာကြောင့် ဒုက္ခသည် ဝေဒနာရှင်လူနာတစ်ယောက် [illegible] သတ်တာ၊ ကျွန်တော်က အဲဒီတရားခံကို သေဒဏ်ပေးအောင် တရားလိုဘက်က ရှေ့နေလိုက်နေတာ”

“သူ့မှာ အပြစ်မရှိဘူးလို့ ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော် ...”

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဗီနာဘယ်က တစ်ချက် ရယ်လိုက်ပြီးနောက်

"မဟုတ်ဘူး၊ ခင်ဗျား မသိဘူး၊ ခင်ဗျား အမှုသည်က လူသတ်မှု ကျူးလွန်တာ ထင်ရှားတယ်"

"ဂျူရီအဖွဲ့က ဘာမှ မပြောသေးပါဘူး ဂတ်စ်"

"ပြောလိမ့်မယ်၊ ပြောကို ပြောလိမ့်မယ်"

အလန်ပင်း ပြန်သွားပြီးနောက် ဂတ်စ်ဗီနာဘယ်သည် ထိုင်ရာမှ မထသေးဘဲ ပြန်တွေးနေမိသည်။ အလန်ပင်း သူ့ဆီလာခြင်းသည် အားနည်းချက် လက္ခဏာဖြစ်၏။ သည်အမှုကို သူ့အနေဖြင့် လုံးဝ နိုင်ပေါက်မရှိဘူးဆိုတာ သူလည်း သိသည်။ ဘယ်လိုမှ ငြင်း၍မရသည့် သက်သေအထောက်အထားများနှင့် မျက်မြင်သက်သေများ မိမိတွင် အလုံအလောက် ရှိသည်။ ဂတ်စ်ဗီနာဘယ်သည် သူ့အတွေးနှင့်သူ တော်တော်ဝမ်းသာသွားသည်။ ဘာမှ အထွေအထူး စောဒက တက်နေစရာ မလို။ ဒေါက်တာမေ့ဂျ်တေလာသည် သေဒဏ်က ပြေးမလွတ်တာ သေချာသည်။

■

ဂျူရီအဖွဲ့ ဖွဲ့ရတာလည်း လွယ်လှသည်မဟုတ်။ သည်အမှုက စာနယ်ဇင်းတွေမှာ လ အတန်ကြာ မျက်နှာဖုံး သတင်းကြီး ဖြစ်နေခဲ့သည်။ သွေးအေးအေးဖြင့် သတ်သည့် လူသတ်မှုကြောင့် ပြည်သူလူထုက အကြီးအကျယ် မကျေမချမ်း ဖြစ်ခဲ့ရသည်။ အကြီးအကျယ် ဒေါသထွက်ခဲ့ရသည်။

ရုံးထိုင်တရားသူကြီးက လူမည်းအမျိုးသမီး ဥပဒေပညာရှင် ဗာနက်ဆာယောင်း။ ခေါင်းမာသူ၊ ထက်မြက်သူအဖြစ် နာမည်ကြီးပြီး လာမည့်နှစ်တွင် အမေရိကန်တရားရုံးချုပ်တရားသူကြီး ဖြစ်လိမ့်မည်ဟု သတင်းကြီးနေသူလည်း ဖြစ်၏။ သူသည် ရှေ့နေတွေအပေါ်တွင် သိပ်ပြီးစိတ်ရှည်သည်းခံလေ့မရှိ။ ပင်ကိုက စိတ်တို စိတ်မြန်သူ ဖြစ်၏။ ဗာနက်ဆာယောင်းနှင့် ပတ်သက်၍ ဆန်ဖရန်စစ္စကို ရှေ့နေလောကတွင် ဆိုရိုးစကားတောင် ရှိသည်။

'ခင်ဗျားအမှုသည်မှာ အပြစ်ရှိတယ်ဆိုရင် ခင်ဗျားကလည်း အသနားခံဖို့ စိတ်ကူးရင် တရားသူကြီး ဗာနက်ဆာယောင်းရဲ့ ရုံးခန်းကို ဝေးဝေးကသာ ရှောင်ပါ' ဟူ၏။

အမှုကို ရုံးတင်မစစ်ဆေးခင် တစ်ရက်က တရားသူကြီးယောင်းသည် တရားလို၊ တရားခံ အကျိုးဆောင် ရှေ့နေ နှစ်ယောက်စလုံးကို သူ့ရုံးခန်းသို့ခေါ်၍ ပြောသည်။

"ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်မတို့ အခြေခံစည်းကမ်းတွေကို ချမှတ်ရမယ်၊ ဒီအမှုက အရေးကြီးတဲ့ အမှုဖြစ်လို့ တရားခံအနေနဲ့ တရားမျှတတဲ့ တရားစီရင်မှုကို ရရှိနိုင်အောင် သက်သေတစ်စုံတစ်ခုပေးဖို့ ကျွန်မစိတ်ကူးထားတယ်၊ ဒါပေမဲ့ အဲဒါကို အခွင့်ကောင်းယူဖို့ မကြိုးစားပါနဲ့လို့တော့ သတိပေးပါရစေ၊ ကျွန်မပြောတာ ရှင်းရဲ့လား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါတယ် ခင်ဗျား"

"ရှင်းပါတယ် ခင်ဗျား"

■

ခရိုင်အစိုးရရှေ့နေကြီးသည် သူ၏ အဖွင့်မိန့်ခွန်းကို အဆုံးသတ်ပြောဆိုသည်။

"အဲဒီတော့...ဂျူရီလူကြီးများခင်ဗျား၊ ဒေါက်တာပေ့ဂျ်တေလာဟာ သူ့လူနာ မစ္စတာဂျွန်ကရိုနင် ကို သတ်တယ် ဆိုတာ သံသယကင်းစွာနဲ့ နိုင်ငံတော်က သက်သေပြနိုင်ပါလိမ့်မယ်၊ သူဟာ လူသတ်မှု ကျူးလွန်ရုံသာမက အသတ်ခံရ သူ့ ပိုက်ဆံကိုလည်း ယူခဲ့ပါတယ်။ ပိုက်ဆံကလည်း နည်းနည်းနောနော မဟုတ်ပါဘူး၊ သူဟာ ဒေါ်လာတစ်သန်း အတွက် ဂျွန်ကရိုနင်ကို သတ်ခဲ့တာ ဖြစ်ပါတယ်"

"သက်သေအထောက်အထားတွေ အားလုံးကို ကြားနာစစ်ဆေးပြီးတဲ့အခါ ဒေါက်တာပေ့ဂျ်တေလာဟာ လူသတ်မှု ကို ရက်ရက်စက်စက် ကျူးလွန်တယ်ဆိုတာ လူကြီးမင်းတို့အနေနဲ့ ဆုံးဖြတ်ဖို့ အခက်အခဲမရှိတော့ကြောင်း တွေ့ရပါလိမ့် မယ်။ ကျေးဇူးတင်ပါတယ်"

ဂျူရီလူကြီးများသည် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေကြသည်။ သို့သော် စိတ်ဝင်စားစွာဖြင့် စောင့်ဆိုင်း နေကြခြင်း ဖြစ်၏။

အစိုးရရှေ့နေ ဂတ်စ်ဗီနာဘယ်သည် တရားသူကြီးဘက်သို့ လှည့်လျက် ...

"ရုံးတော်က ခွင့်ပြုရင် နိုင်ငံတော်ရဲ့ ပထမဆုံး သက်သေအဖြစ် ဂယ်ရီဗီလျံ ကို ဆင့်ခေါ်ပါရစေခင်ဗျား"

ဂယ်ရီဗီလျံ ကျမ်းကျိန်ပြီးသောအခါ အစိုးရရှေ့နေက မေးသည်။

"ခင်ဗျားဟာ အင်ဘာကေဒရို ခရိုင်ဆေးရုံရဲ့ အထွေထွေ အကူလုပ်သား ဟုတ်သလား"

"ဟုတ်ပါတယ် ခင်ဗျား"

"မနှစ်တုန်းက ဂျွန်ကရိုနင်ကို ဆေးရုံသို့ ခေါ်လာတဲ့အချိန်မှာ ခင်ဗျားက အဆောင် (၃) မှာ လုပ်နေသလား"

"ဟုတ်ပါတယ် ခင်ဗျား"

"အဲဒီလူနာကို တာဝန်ယူရတဲ့ ဒေါက်တာက ဘယ်သူလဲ"

"ဒေါက်တာတေလာ"

"ဒေါက်တာတေလာနဲ့ ဂျွန်ကရိုနင်တို့ရဲ့ ဆက်ဆံရေးအခြေအနေ ဘယ်လိုရှိသလဲ"

"ထန့်တွက်ပါတယ်"

တရားခံရှေ့နေ အလန်ပင်းက မတ်တတ်ထရပ်ပြီး ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူက သက်သေဆီက ဆုံးဖြတ်ချက် တောင်းခံနေပါတယ်"

"တရားလိုရှေ့နေ ဆက်မေးပါ"

တရားသူကြီးက ဖြတ်ပြောလိုက်သည်။

"ကျွန်တော် နောက်တစ်မျိုးလှည့်ပြီး မေးပါ့မယ်၊ ဒေါက်တာတေလာနဲ့ ဗွန်ကရိုနင်တို့ နှစ်ယောက်ချင်း စကားပြောနေတာ ခင်ဗျားကိုယ်တိုင် ကြားဖူးသလား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်၊ ကျွန်တော်က အဲဒီအဆောင်မှာ အချိန်ပြည့် အလုပ်လုပ်နေတာပါ"

"အဲဒီလို သူတို့နှစ်ယောက်ပြောနေတာဟာ မိတ်ဆွေချင်းပြောနေတာမျိုးလို့ ခင်ဗျားထင်သလား"

"မထင်ပါဘူး ခင်ဗျား"

"ဘာဖြစ်လို့ မထင်တာလဲ"

"ဟုတ်ကဲ့၊ မစ္စတာကရိုနင် ရောက်လာတဲ့ ပထမနေ့ကို ကျွန်တော်ကောင်းကောင်း မှတ်မိနေပါတယ်၊ ဒေါက်တာတေလာက သူ့ကို စမ်းသပ်စစ်ဆေးပါတယ်၊ အဲဒီအချိန်မှာ သူက ပြော ... ပြော" ခေတ္တတုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ "သူပြောတဲ့စကားအတိုင်း ကျွန်တော် ပြောလို့မှ ဖြစ်ပါ့မလား မသိဘူး"

"ပြောသာပြောပါ မစ္စဝီလျံ၊ ဒီရုံးခန်းထဲမှာ ကလေးတွေ မရှိပါဘူး"

"ဟုတ်ကဲ့၊ ခင်ဗျားရဲ့ သောက်ကမြင်းလက်ကြီးတွေနဲ့ ကျုပ်ကို မကိုင်ပါနဲ့လို့ သူက ပြောပါတယ်"

"သူက ဒေါက်တာတေလာကို အဲဒီလို တကယ်ပြောသလား"

"ဟုတ်ကဲ့ ခင်ဗျား"

"ခင်ဗျား တခြားမြင်တာ၊ ကြားတာတွေကို ရုံးတော်ကို ပြောပြပါဦး"

"ဟုတ်ကဲ့၊ သူက ဆရာဝန်မကို 'သောက်ကမြင်းမ'လို့ အမြဲတမ်း ပြောပါတယ်၊ သူ့အနားကို ဆရာဝန်မလာတာ လုံးဝ မကြိုက်ဘူး၊ သူ့အခန်းထဲ ဆရာဝန်မ ဝင်လာတိုင်းလည်း 'လာပြန်ပြီ ဒီသောက်ကမြင်းမ၊ ဒီသောက်ကမြင်းမကို နှင်ထုတ်လိုက်ပါ၊ ကျုပ်ကို တကယ့်ဆရာဝန်စစ်စစ်တစ်ယောက် ခေါ်ပေးပါ' ဆိုပြီး အမြဲလိုလို ပြောတတ်ပါတယ်"

ဂတ်စ်ဗီနာဘယ်သည် ဒေါက်တာပေ့ဂျ်တေလာ ထိုင်နေရာဘက်သို့ လှည့်ကြည့်လိုက်၏။ ဂျူရီလူကြီးတွေကလည်း သူကြည့်သလို ကြည့်လိုက်ကြသည်။ ဗီနာဘယ်က စိတ်မကောင်းသလိုဟန်ဖြင့် ဦးခေါင်းကို ခါယမ်းလိုက်သည်။ ပြီးတော့ သက်သေဘက် ပြန်လှည့်လျက် ...

"မစ္စတာကရိုနင်က ဒေါက်တာတေလာကို ဒေါ်လာတစ်သန်း ပေးချင်တဲ့လူဖြစ်မယ်လို့ ခင်ဗျားထင်သလား"

အလန်ပင်း ရုတ်တရက် ထ ရပ်လိုက်ပြီး ...

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်း ကန့်ကွက်ပါတယ်၊ သူက သက်သေဆီက ထင်မြင်ချက် တောင်းခံနေပြန်ပြီ"

"ကန့်ကွက်ချက် ပယ်ဖျက်တယ်" တရားသူကြီးက ပြောလိုက်သည်။ "တရားခံက မေးခွန်းကို ဖြေဆိုနိုင်တယ်"

"မထင်ပါဘူး၊ လူနာက ဆရာဝန်မကို တော်တော်မုန်းနေပါတယ်"

အလန်ပင်းက ပေ့ဂျ်တေလာဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ကုလားထိုင်တွင် ပြန်ထိုင်ချလိုက်သည်။

■

ဒုတိယသက်သေအဖြစ် ဒေါက်တာအာသာကိန်း ကို စစ်ဆေးသည်။

ဂတ်စ်ဗီနာ က မေးသည်။

"ဒေါက်တာကိန်း ... ဂျွန်ကရိုနင် ကို အကြောထဲ အင်ဆူလင်ဆေး ထိုးသွင်းပြီး သတ် ... အဲ ... အဲဒီလိုဖြစ်ပြီး ကရိုနင် သေသွားတဲ့အချိန်မှာ ဒေါက်တာက ကြီးကြပ်ရေးမှူးတာဝန်ခံ ဆရာဝန် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတော့ ဒီအမှုအတွက် ဒေါက်တာတေလာမှာ လုံးဝ တာဝန်ရှိတယ်လို့ ထင်ပါသလား"

"မှန်ပါတယ်"

"ဒေါက်တာကိန်း ... ဒေါက်တာတေလာကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ လူနာသေဆုံးကြောင်း တရားဝင်ဆေးရုံ မှတ်တမ်းစာရွက်ကို ကျွန်တော်ပြပါ့မယ်" သူက စာရွက်တစ်ရွက်ကို ကောက်ယူကာ ဒေါက်တာကိန်းကို ကမ်းပေးရင်း...

"ကျေးဇူးပြုပြီး အသံထွက်ပြီး ဖတ်ပြပါ"

ဒေါက်တာကိန်းက ဖတ်ပြသည်။

'ဂျွန်ကရိုနင် သေဆုံးရသည့်အကြောင်း၊ နှလုံးသွေးကြောပိတ်၍ ဆင့်ပွားဖြစ်ပေါ်လာသည့် နှလုံးသွေးပြတ် တစ်သျှူး သေခြင်းကြောင့် အသက်ရှုရပ်သွားခြင်း'

"အရပ်စကားနဲ့ ပြောပြပါလား"

"လူနာဟာ နှလုံးရောဂါကြောင့် သေဆုံးတယ်လို့ မှတ်တမ်းက ဆိုလိုတာပါ"

"အဲဒီမှတ်တမ်းစာရွက်ကို ဒေါက်တာတေလာ က လက်မှတ်ထိုးထားသလား"

"ဟုတ်ပါတယ်"

"ဒေါက်တာကိန်း ... အဲဒါဟာ ဂျွန်ကရိုနင် သေဆုံးရတဲ့ အစစ်အမှန် အကြောင်းရင်း ဖြစ်ပါသလား"

"မဟုတ်ပါဘူး၊ အင်ဆူလင်ဆေးထိုးလို့ သေတာပါ"

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



"ဒါဆိုရင် ဒေါက်တာတေလာက သေစေနိုင်တဲ့ အင်ဆူလင်ကို တမင်ထိုးပေးပြီး မှတ်တမ်းကို လိမ်ရေးထားတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"အဲဒီနောက် ဒေါက်တာက ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့ ကို အစီရင်ခံတယ်၊ ဒေါက်တာဝါလေ့ကတစ်ဆင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ကို တင်ပြတယ်၊ အဲဒီလို ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ကျွန်တော်က ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ခံစားမိပါတယ်" သူ့အသံက ဒေါသသံ ပါနေသည်။ "ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ၊ ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ လူတစ်ယောက်ရဲ့ အသက်ကို မသတ်သင့်ဘူးလို့ အကြွင်းမဲ့ ယုံကြည်ပါတယ်"

■

နောက်သက်သေတစ်ယောက်က ကွယ်လွန်သူ၏ဇနီး ဟယ်ဇယ်ကရိုနင်။ အသက်လေးဆယ်ခန့်ရှိပြီး ဆံပင်က ရဲရဲတောက်နေသည်။ ဝတ်စုံအနက်ကို ဝတ်ထားပေမဲ့ ဆွဲဆောင်အား ကောင်းသည်။ ရှိက်ဖိုကြီးငယ် အသွယ်သွယ်ကို အထင်းသား မြင်နေရ၏။

"ဒီကိစ္စဟာ မစ္စက်ကရိုနင်အတွက် ဘယ်လောက်အထိ ခံစားရလိမ့်မယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်" ဂတ်စ်ဗီနာဘယ် က ပြောသည်။ "ဒါပေမဲ့ ခင်ဗျားနဲ့ ကွယ်လွန်သူ ခင်ပွန်းသည်တို့ရဲ့ ဆက်ဆံရေး ဘယ်လိုရှိတယ်ဆိုတာ ဂျူရီအဖွဲ့ကို တင်ပြစေချင်ပါတယ်"

မစ္စက်ကရိုနင်က မျက်လုံးများကို လက်ကိုင်ပဝါဖြင့် ပွတ်လိုက်ပြီးနောက် ...

"ဂျွန်နဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးက အဆင်ပြေပါတယ်၊ တစ်ယောက်ကို တစ်ယောက်လည်း သိပ်ပြီး ချစ်ကြပါတယ်၊ ကျွန်မကြောင့် သူ့အနေနဲ့ သိပ်ပြီး စိတ်ချမ်းသာရပါတယ်လို့လည်း ခဏခဏ ပြောတတ်ပါတယ်"

"ဂျွန်ကရိုနင်နဲ့ လက်ထပ်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်ရှိပါပြီ၊ ဒါပေမဲ့ ဂျွန်က အမြဲတမ်းပြောပါတယ်၊ အဲဒီ နှစ်နှစ်ဟာ တကယ့်ကို သုခရိပ်မြုံထဲက နှစ်နှစ်ပါတဲ့"

"မစ္စက်ကရိုနင် ... ဒေါက်တာတေလာအကြောင်းကို မစ္စတာကရိုနင်က ခင်ဗျားကို ပြောပြဖူးသလား၊ ဒေါက်တာတေလာဟာ သိပ်တော်တဲ့ဆရာဝန်ပဲလို့ ခင်ဗျားကို ပြောပြဖူးသလား၊ ဒါမှမဟုတ် ဒေါက်တာတေလာက သူ့ကို ဘယ်လို ကူညီသလဲ၊ ဒါမှမဟုတ် သူက ဆရာဝန်မကို ဘယ်လောက် သဘောကျသလဲ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းတွေ သူ လုံးဝ မပြောဖူးပါဘူး"

"လုံးဝ မပြောဖူးဘူး၊ ဟုတ်လား"

"လုံးဝ မပြောဖူးဘူး"

"ခင်ဗျားနဲ့ ခင်ဗျားရဲ့မောင်တွေကို သေတမ်းစာ အမွေစာရင်းထဲက ထုတ်ပစ်မယ်လို့ မစ္စတာကရိုနင်က ပြောဖူးတာ ရှိသလား"

"လုံးဝ မပြောဖူးပါဘူး၊ သူက ဒီကမ္ဘာမှာ အရက်ရောဆုံး လူတစ်ယောက်ပါ၊ ကျွန်မ လိုချင်တာအားလုံး ရနိုင်တယ်လို့ သူ အမြဲတမ်းပြောဖူးပါတယ်၊ ပြီးတော့ ... သူသေသွားရင်လည်းပဲ ..." ငိုသံပါလာသည်။ "သူသေသွားရင် ကျွန်မဟာ သူဌေးမကြီး ဖြစ်ကျန်ရစ်လိမ့်မယ်လို့လည်း အမြဲ ..." စကားမဆက်နိုင်တော့ဘဲ ရပ်သွားသည်။

တရားသူကြီးက ပြောလိုက်သည်။

"ဟုတ်ပြီ၊ တရားခွင်ကို ၁၅ မိနစ် အနားပေးမယ်"

■

တရားရုံးခန်းနောက်ဘက်တွင် ထိုင်ရင်း ဂျက်ဆင်ကာတစ် အလွန်ဒေါသထွက်နေသည်။ ပေ့ဂျ်နှင့်ပတ်သက်၍ သက်သေတွေ ထွက်ဆိုချက်ကို သူ့အနေဖြင့် လုံးဝ မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ဒီမိန်းမက ငါလိုချင်တဲ့ မိန်းမ၊ ငါလက်ထပ်မယ့် မိန်းမ ... ။

ပေ့ဂျ်အဖမ်းခံရ၍ ချက်ချင်း ဂျက်ဆင်ကာတစ်က အချုပ်ထဲတွင် သွားတွေ့သည်။

"ဒီအမှုကို တို့ အပြတ်တိုက်ရမယ်" သူက အားပေးသည်။ "မင်းအတွက် ဒီနိုင်ငံမှာ အတော်ဆုံးရှေ့နေကို ငါရှာပေးမယ်" သူ့ခေါင်းထဲ နာမည်တစ်ခု ချက်ချင်းဝင်ရောက်လာသည်။ **အလန်ပင်း** ... ။ သူသွားတွေ့သည်။

"ကျုပ် စာနယ်ဇင်းတွေထဲမှာ မျက်ခြည်မပြတ် ဖတ်နေပါတယ်" အလန်ပင်းက ပြောသည်။ "သူက ဂျွန်ကရိုနင်ကို ပိုက်ဆံတွေ တနင့်တပိုးကြီး ရလိုမှုကြောင့် သတ်တယ်ဆိုတာ စာနယ်ဇင်းတွေကကို အသားပေးဖော်ပြနေကြတာ။ အဲဒါအပြင် သူကိုယ်တိုင် သူသတ်ပါတယ်လို့ ဝန်ခံထားပြီပဲ"

"သူ့အကြောင်း ကျွန်တော် သိပါတယ်ဆရာ" ဂျက်ဆင်ကာတစ်က ပြောသည်။ "ကျွန်တော် ပြောတာ ယုံပါ။ ပေ့ဂျ်ဟာ ပိုက်ဆံရလိုမှုကြောင့် ဒီအလုပ်မျိုးကို ဘယ်တော့မှ မလုပ်တာ သေချာပါတယ်"

"သူက သူသတ်ပါတယ်လို့ ဝန်ခံထားတော့" အလန်ပင်းက ပြောသည်။ "အခု ကျုပ်တို့ ကြုံနေရတဲ့ ပြဿနာက

www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ဇိဝိန်ခြွေခြင်း ဖြစ်နေတယ်။ ဒီလို သနားသဖြင့် သတ်တာဟာ ကာလီဖိုးနီးယားပြည်နယ်မှာသာမက ပြည်နယ်တိုင်းမှာလိုလို ဥပဒေနဲ့ ဆန့်ကျင်တယ်၊ ပြီးတော့ မောင်ရင်ရဲ့ချစ်သူက သူ့အတွက် သေတမ်းစာမှာ ဒေါ်လာ တစ်သန်းပေးခဲ့တဲ့ လူနာကို သတ်တာဖြစ်နေတယ်၊ ကြက်ကလေးနဲ့ကြက်ဥ ဘယ်ဟာက အရင်လာသလဲ၊ ဒီဆရာဝန်မဟာ လူနာကို မသတ်ခင်ကတည်းက ဒီပိုက်ဆံအကြောင်း သိထားတာလား၊ ဒါမှမဟုတ် သတ်ပြီးမှ သိတာလား''

''ပေ့ဂျ်ဟာ ပိုက်ဆံအကြောင်း လုံးဝ မသိပါဘူးခင်ဗျာ''

''အင်း ... ဒီကိစ္စဟာ မလွဲမရှောင်သာ တိုက်ဆိုင်မှုဖြစ်နိုင်တယ်၊ ခရိုင်အစိုးရရှေ့နေကြီးက လူသတ်မှုအဖြစ် စွဲချက်တင်ပြီး တရားခံကို သေဒဏ်ပေးချင်နေတယ်''

''ဒီတော့ လူကြီးမင်းအနေနဲ့ ဒီအမှုကို လက်ခံမှာလား''

အလန်ပင်းက ချက်ချင်းမဖြေသေး။ ဂျက်ဆင်က အဖြေကို မျှော်လင့်တကြီး စောင့်နေသည်။

''ကျုပ် လက်ခံပါတယ်၊ ဒါပေမဲ့ မောင်ရင်သိတဲ့အတိုင်း ဒီအမှုက တောင်တက်ခရီးပဲ၊ အနိုင်ရဖို့ တော်တော့်ကို မလွယ်ဘူး''

■

နောက်နေ့နံနက်တွင် အမှုကို ထပ်မံစစ်ဆေးသောအခါ အစိုးရရှေ့နေ ဂတ်စ်ဗီနာက နောက်ထပ်သက်သေအသစ်များကို ခေါ်စစ်သည်။

ပထမဆုံး အစစ်ခံသူမှာ သူနာပြုဆရာမတစ်ဦး ဖြစ်၏။

''အဲဒီနေ့က ပွန်ပြောတဲ့စကားကို ကျွန်မ ကြားလိုက်ပါတယ်၊ သူပြောတာက 'ငါတော့ ခွဲစိတ်စားပွဲပေါ်မှာ အသက်ထွက်ရတော့မှာ သေချာတယ်၊ မင်းက ငါ့ကို သတ်မယ်ပေါ့လေ၊ မင်းကို သူတို့က လူသတ်ဖို့ ခေါ်ထားတာ မဟုတ်လား' ဆိုပြီး ဒေါက်တာပေ့ဂျ်ကို ပြောပါတယ်''

ထို့နောက် ရှေ့နေ ရိဒရစ်ပယ်ဟန် ကို စစ်သည်။ ဂတ်စ်ဗီနာဘယ် က သူ့ကို မေးသည်။

''ပွန်ကရိုနင်မှာ ပိုက်ဆံတွေ သန်းချီရှိတယ်ဆိုတာ ခင်ဗျားက ဒေါက်တာတေလာ ကို ပြောပြတော့ သူက ဘာပြန်ပြောသလဲ''

''သူပြန်ပြောတာက 'ဒီကိစ္စဟာ ကိုယ်ကျင့်တရား ပျက်ရာရောက်တယ်၊ ဘာကြောင့်ဆို သူက ကျွန်မရဲ့ လူနာ ဖြစ်နေတယ်' ဆိုတဲ့သဘောမျိုး သူကပြောပါတယ်''

''သူက ကိုယ်ကျင့်တရားပျက်ရာ ရောက်တယ်လို့ ပြောသလား''

the bookhouse
we bring your future

www.burmeseclassic.com

"ပြောပါတယ်"

"ဒါပေမဲ့ သူက ပိုက်ဆံကို လက်ခံဖို့တော့ သဘောတူတယ် မဟုတ်လား"

"ဩော် ... ဟုတ်ကဲ့၊ သဘောတူပါတယ်"

■

အလန်ပင်းက ထပ်ပြီး ပြန်လှန်မေးခွန်း မေးသည်။

"မစ္စတာပယ်ဟန် ... ဒေါက်တာတေလာက ခင်ဗျားအလာကို မျှော်နေပါသလား"

"မမျှော်ပါဘူး၊ ကျွန်တော် ... "

"ခင်ဗျား ဒေါက်တာတေလာကို ဖုန်းဆက်ပြီး 'ဒေါက်တာအတွက် ဂျွန်ကရီနင်က ဒေါ်လာတစ်သန်း အမွေပေးခဲ့တယ်လို့' လို့ မပြောဘူးလား"

"မပြောပါဘူး၊ ကျွန်တော် ... "

"ဒါဆို ခင်ဗျားက သူ့ကိုပြောတဲ့အခါ မျက်နှာချင်းဆိုင်ပြီး ပြောသလား"

"ဟုတ်ပါတယ်"

"ဒီသတင်းကြားရလို့ သူ့မျက်နှာ အမူအရာ ပြောင်းလဲတာကို မြင်သာတဲ့ အခြေအနေမျိုးပေါ့"

"ဟုတ်ပါတယ်"

"အဲဒီတော့ ခင်ဗျားက ပိုက်ဆံအကြောင်း ပြောပြတဲ့အခါ သူက ဘယ်လိုအမူအရာမျိုးနဲ့ တုံ့ပြန်ပါသလဲ"

"ဟုတ်ကဲ့ ... သူ ... သူ အကြီးအကျယ် အံ့အားသင့်သွားပါတယ်၊ ဒါပေမဲ့ ... "

"ကျေးဇူးတင်ပါတယ် မစ္စတာပယ်ဟန်၊ ဒါလောက်ပါပဲ"

■

အမှုစစ်ဆေးသည့်မှာ ရက်သတ္တလေးပတ်ထဲ ရောက်လာခဲ့ပြီ။ သတင်းထောက်များနှင့် လူထုပရိသတ်တို့မှာ တရားလိုအကျိုးဆောင်ရှေ့နေနှင့် တရားခံအကျိုးဆောင် ရှေ့နေတို့၏ ပြိုင်ပွဲကို အထူးစိတ်ဝင်စားစွာ စောင့်စားလျက်ရှိကြ၏။ တရားလို ရှေ့နေ ဂတ်စ်ဗီနာဘာယ်က အဖြူရောင်ဝတ်စုံနှင့်၊ တရားခံရှေ့နေ အလန်ပင်းက အနက်ရောင်ဝတ်စုံနှင့်။ သူတို့နှစ်ယောက်သည် စစ်တုရင်ကစားပွဲက ပြိုင်ဘက်များပမာ ရွှေ့လျားလှုပ်ရှားနေကြသည်။ တရားခံဒေါက်တာပေ့ဂ်ျတေလာကတော့ သူတို့၏ စတေးခံလက်ကိုင်တုတ်။

ဂတ်စ်ဗီနာဘာယ် က ပြတ်နေသည့် အစတွေကို ဆက်စပ်ရန် ကြိုးစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုံးတော်က ခွင့်ပြုရင် အယ်လ်မာရော်ဂျာကို သက်သေအဖြစ် စစ်ဆေးချင်ပါတယ်"

သက်သေ ကျမ်းကျိန်ပြီးသောအခါ ဂတ်စ်ဗီနာဘယ်က မေးသည်။

"မစ္စက်ရော်ဂါက ဘာအလုပ် လုပ်ပါသလဲ"

"မစ္စက်ရော်ဂျာ မဟုတ်ပါဘူး၊ မစ္စရော်ဂါပါ"

"ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်ခင်ဗျား"

"ကျွန်မက 'ကော်နစ်ဈေး ခရီးသွား အေဂျင်စီ'မှာ လုပ်ပါတယ်"

"ခင်ဗျားတို့ အေဂျင်စီက နိုင်ငံတကာကို ခရီးသွားခြင်း၊ ဟိုတယ်စီစဉ်ပေးခြင်းနဲ့ ဖောက်သည်တွေအတွက် အခြားလိုအပ်တာမှန်သမျှကို ကြိုတင်စီစဉ် ပေးပါသလား"

"ဟုတ်ကဲ့၊ ပေးပါတယ်ရှင့်"

"တရားခံဘက်ကို ခဏ လှည့်ကြည့်လိုက်ပါ၊ သူ့ကို အရင်က မြင်ဖူးပါသလား"

"ဟုတ်ကဲ့၊ သူ လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က ကျွန်မတို့ အေဂျင်စီကို လာဖူးပါတယ်"

"သူ ဘာလာလုပ်တာပါလဲ"

"သူက ပြောပါတယ်၊ သူ လန်ဒန်နဲ့ ပါရီကို ခရီးထွက်ဖို့ စိတ်ဝင်စားပါတယ်တဲ့၊ ပြီးတော့ ဗင်းနစ်လည်း ပါတယ် ထင်ပါတယ်"

"သူက အုပ်စုလိုက် ခရီးထွက်ဖို့ ပြောပါသလား"

"မပြောပါဘူး၊ သူက လေယာဉ်၊ ဟိုတယ် အားလုံးကို ပထမတန်းကပဲ ဖြစ်ချင်တယ်၊ သူက ရွက်လှေစင်းလုံးငှားဖို့လည်း စိတ်ဝင်စားတယ်လို့ ကျွန်မ ထင်ပါတယ်"

တရားခွင်တစ်ခုလုံး ငြိမ်သက်နေသည်။ ဂတ်စ်ဗီနာဘယ်သည် တရားလို အကျိုးဆောင်စားပွဲသို့ လျှောက်လာပြီး စာရွက်ခေါက်တချို့ကို ကိုက်မြှောက်ပြရင်း ..

"ဒေါက်တာတေလာရဲ့ အခန်းထဲမှာ ရဲက ဒီစာရွက်တွေကို တွေ့တယ်၊ ဒါတွေဟာ ပါရီ၊ လန်ဒန်၊ ဗင်းနစ်မြို့တွေရဲ့ ခရီးသွားလမ်းညွှန် စာရွက်တွေ ဖြစ်ပါတယ်၊ ဈေးကြီးတဲ့ ဟိုတယ်နဲ့ လေကြောင်းဌာန ကြော်ငြာစာရွက်တွေလည်း ပါတယ်၊ ပြီးတော့ ကိုယ်ပိုင်ရွက်လှေ အငှားဈေးနှုန်းစာရင်းတစ်ခုလည်း ပါပါတယ်"

တရားရုံးခန်းမထဲတွင် ကျယ်လောင်ကျယ်လောင် ပြောဆိုသံများ ပေါ်ထွက်လာသည်။ အစိုးရရှေ့နေက စာရွက်ခေါက်တစ်ခုကို လှန်ဖွင့်လိုက်သည်။

"ဟောဒီမှာ စင်းလုံးငှားရွက်လှေစာရင်း" သူက အသံထွက်၍ ဖတ်ပြသည်။ '**ခရစ္စတီနာ** ... ဖစ်ပတ်လျှင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းခြောက်ထောင်၊ ရက်ဆိုးလုတိုင်း ... တစ်ပတ်လျှင် နှစ်သောင်းလေးထောင့်ငါးရာ၊ လပ်ကီးဒရင်းမ် ... တစ်ပတ်လျှင် သောင်းခုနစ်ထောင့်ငါးရာ' သူက ဦးခေါင်းပြန်ထောင်လိုက်ပြီး 'လပ်ကီးဒရင်းမ်ကို ရွေးချယ်မှတ်ပြထားသည်။ ပေ့ဂျ်တေလာဟာ တစ်ပတ်လျှင် ဒေါ်လာနှစ်သောင်းခုနစ်ထောင့်ငါးရာ ပေးရတဲ့ ရွက်လှေကိုတော့ ရွေးလိုက်ပြီး၊ အဲဒီအချိန်မှာ သူ့ရဲ့ မားစာခံကိုတော့ မရွေးရသေးဘူး၊ ကျွန်တော်တို့က ဒါတွေကို သက်သေခံ ပစ္စည်း (အေ) အဖြစ် အသေမှတ်ပါတယ်"

သူက အလန်ပင်းကိုကြည့်ပြီး ပြုံးပြလိုက်သည်။ အလန်ပင်းက ဒေါက်တာ တေလာ့ကို လှမ်းကြည့်လိုက်သည်။ သူ မေးမှုံကို စိုက်ကြည့်နေသည်။ မျက်နှာက ဖြူရော်လျက်။

"မစ္စတာပင်း ... သက်သေကို မေးနိုင်ပါတယ်"

အလန်ပင်း လေးလံစွာ ထ ရပ်ရင်း ခပ်မြန်မြန် စဉ်းစားလိုက်သည်။

"အခုချိန်မှာ ခရီးသွားလုပ်ငန်းအခြေအနေ ဘယ်လိုနေသလဲ မစ္စရော်ဂါ"

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ကျွန်တော်က လုပ်ငန်းကို မေးတာပါ၊ ကော်နစ်ချေး ခရီးသွားအေဂျင်စီက တော်တော်ကြီးသလား"

"တော်တော်ကြီးပါတယ်ရှင့်"

"ဒါဆို ခရီးစဉ် စုံစမ်းဖို့အတွက် လူတွေအများကြီး လာကြမှာပေါ့"

"ဟုတ်ကဲ့၊ လာပါတယ်ရှင့်"

"တစ်နေ့ကို ငါးယောက်ခြောက်ယောက်လောက် လာသလား"

"အို ... မကပါဘူး" စိတ်တိုသံ နည်းနည်းပါသည်။ "ခရီးစဉ်နဲ့ ပတ်သက်လို့ တစ်နေ့ကို လူပေါင်း ငါးဆယ်လောက်နဲ့ စကားပြောရပါတယ်"

"တစ်နေ့ကို လူပေါင်းငါးဆယ်လောက် ... ဟုတ်စ" သူ တော်တော် စိတ်ဝင်စားလာသည်။ "အခု ကျွန်တော်တို့ ပြောနေတာက လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က နေ့တစ်နေ့၊ ဒီတော့ ငါးဆယ်ကို ရက်ပေါင်းကိုးရာနဲ့ မြှောက်လိုက်ရင် အကြမ်းဖျင်း လူပေါင်း လေးသောင်းငါးထောင် ရမှာပေါ့"

"ဟုတ်နိုင်ပါတယ်"

"ဒါပေမဲ့ အဲဒီလောက်များတဲ့ လူတွေထဲက ဒေါက်တာတေလာကို ခင်ဗျား မှတ်မိတယ်လို့ပြောတယ်၊ ဘာကြောင့် အဲဒီလို မှတ်မိရတာလဲ"

"ဟုတ်ကဲ့၊ သူနဲ့ သူ့သူငယ်ချင်းမ နှစ်ယောက်တို့က ဥရောပခရီးစဉ်အတွက် သိပ်ပြီး စိတ်လှုပ်ရှားနေကြပါတယ်၊ မြင်ရတာ ချစ်စရာကလေးပဲ၊ သူတို့က ကျောင်းသူကလေးတွေနဲ့ တူနေတယ်၊ ဟုတ်ပါတယ်၊ ကျွန်မ တောင်းတောင်း

bookhouse
www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပါတယ်၊ အထူးသဖြင့် သူတို့ကြည့်ရတာ ရွက်လှေစင်းလုံးငှားဖို့ တတ်နိုင်ပုံ မရှိသလိုပဲ"

"ဟုတ်ပါပြီ၊ လူတိုင်းလိုလို လာပြီး ခရီးစဉ်စာရွက် တောင်းသွားကြတယ်ဆိုတာတော့"

"ဟုတ်ကဲ့၊ တကယ်တော့ အဲဒီလိုချည်းမဟုတ် ... "

"ဒေါက်တာတေလာက ခရီးသွားဖို့ ကြိုတင်စာရင်းသွင်းမသွားဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မတို့ဆီမှာ ကြိုတင်စာရင်းသွင်းမသွားပါဘူး၊ ဒါပေမဲ့ ... "

"တခြားမှာလည်း ကြိုတင်စာရင်း မသွင်းပါဘူး၊ သူက ခရီးစဉ်စာရွက် လာတောင်းသွားတာလောက်ပါ"

"ဟုတ်ကဲ့၊ သူ ... "

"ဒါဟာ ပါရီ၊ ဒါမှမဟုတ် လန်ဒန်ကို သွားဖြစ်တာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... "

"ကျေးဇူးတင်ပါတယ်၊ တော်လောက်ပါပြီ"

■

ဂတ်စ်ဗီနာဘယ် က တရားသူကြီးဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ဒေါက်တာ ဘင်ဂျမင်ဝါလေ့ ကို စစ်ချင်ပါတယ်"

■

"ဒေါက်တာ ဝါလေ့ခင်ဗျား၊ ဒေါက်တာက အင်ဘာကေဒရီ ခရိုင်ဆေးရုံရဲ့ အုပ်ချုပ်ရေးမှူး ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒါဆို ဒေါက်တာဟာ ဒေါက်တာတေလာနဲ့ သူ့လုပ်ငန်းအကြောင်း ကောင်းကောင်း သိတယ်ပေါ့"

"ဟုတ်ပါတယ်၊ သိပါတယ်"

"ဒေါက်တာတေလာ လူသတ်မှုနဲ့ စွပ်စွဲခံရတော့ ဒေါက်တာ့ အနေနဲ့ အံ့သြမိပါသလား"

အလန်ပင်းက ထရပ်လိုက်ပြီး ...

"ကန့်ကွက်ပါတယ်၊ ဒေါက်တာဝါလေ့ရဲ့ ဖြေဆိုချက်ဟာ အမှုနဲ့ မပတ်သက်နိုင်ပါဘူး"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆက်ပြီး မေးပါရစေ" ဂတ်စ်ဗီနာဘယ် က ဖြတ်ပြောသည်။ "ကျွန်တော်ဆက်မေးရင် အများကြီး ...တာ တွေ့ရပါလိမ့်မယ်"

"ထဲ... ဆက်မေးပါ" တရားသူကြီးက ပြောသည်။ "အဓိပ္ပာယ်ရှိတာကိုသာ မေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော် နောက်တစ်မျိုး လှည့်ပြီး မေးပါ့မယ်၊ ဒေါက်တာဝါလေ့ခင်ဗျား ... ဆရာဝန်တိုင်းဟာ ...ရောက်တီး သစ္စာခံဋ္ဌာန်ကို လိုက်နာရတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒီတော့ အဲဒီသစ္စာခံဋ္ဌာန်ထဲမှာ ..." သူက လက်ထဲမှ စာရွက်ကို ဖတ်ပြသည်။ '... ကျွန်ုပ်သည် တစ်စုံ ...၏ အကျိုးစီးပွား ပျက်စီးမှုနှင့် ကိုယ်ကျင့်သိက္ခာ ပျက်ပြားမှုမှန်သမျှကို မပြုလုပ်ရန် သစ္စာခံဋ္ဌာန်ပြုပါသည်' ...ပါတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ပါပါတယ်"

"ဒေါက်တာတေလာ့အနေနဲ့ ဟစ်ပိုခရေတီး သစ္စာခံဋ္ဌာန်ကို ချိုးဖောက်နိုင်လောက်တယ်လို့ ယုံကြည်လောက်တဲ့ ...တစ်ခုကို အရင်တုန်းက လုပ်ခဲ့တာ ရှိသလား"

"ကန့်ကွက်ပါတယ်"

"ကန့်ကွက်ချက်ကို ပယ်ဖျက်တယ်"

"ဟုတ်ကဲ့၊ ရှိခဲ့ပါတယ်"

"ရှိခဲ့ရင် အဲဒါ ဘာလဲဆိုတာ ပြောပြပါ"

"ဒေါက်တာတေလာက သွေးသွင်းရမယ်လို့ ဆုံးဖြတ်တဲ့ လူနာတစ်ယောက်ရှိခဲ့ပါတယ်၊ ဒါပေမဲ့ မိသားစုက ...တော့ဘူး"

"အဲဒီတော့ ဘယ်လိုဖြစ်သလဲ"

"ဒေါက်တာတေလာက ဆက်လုပ်တယ်၊ တစ်နည်းနည်းနဲ့ သွေးသွင်းလိုက်တယ်"

"အဲဒါ တရားဝင်သလား"

"လုံးဝ တရားမဝင်ဘူး၊ တရားရုံး ခွင့်ပြုချက်မရရင် လုံးဝ တရားမဝင်ဘူး"

"အဲဒီနောက် ဒေါက်တာတေလာ ဘာလုပ်သလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



''နောက်ပိုင်းမှာ သူက တရားရုံးအမိန့်ရအောင် ယူတယ်၊ ပြီးတော့ ရက်စွဲကို ပြောင်းလိုက်တယ်''

''ဒါဆို သူဟာ တရားမဝင်တဲ့အလုပ်ကို လုပ်တာပေါ့၊ အဲဒါကို ဖုံးဖိဖို့အတွက် မှတ်တမ်းကို လိမ်ညာရေးသွင်းတာပေါ့''

''အဲဒါ မှန်ပါတယ်''

အလန်ပင်းက ဒေါက်တာတေလာဆီသို့ လှည့်ကြည့်လိုက်သည်။ သူတော်တော် ဒေါသထွက်မိသည်။ ဒီကလေးမ ငါ့ကို ဒီအကြောင်း ဘာလို့ မပြောရတာလဲဟုလည်း အံ့ဩမိသည်။

ပရိသတ်များက ဒေါက်တာတေလာကို လှမ်းကြည့်လိုက်ကြသည်။ အပြစ်ရှိကြောင်း ဝန်ခံသည့် အရိပ်အယောင်များ သူ့မျက်နှာတွင် မြင်ရလေမလားဟု မျှော်လင့်ချက်ဖြင့် ကြည့်ကြခြင်းဖြစ်သည်။ သို့သော်လည်း သူ့မျက်နှာ အမူအရာက တစ်စက်ကလေးမှ မပျက်။

''ရေခဲလို အေးစက်နေတဲ့ မျက်နှာပဲ'' ဟု ဂျူရီအဖွဲ့ ဥက္ကဋ္ဌက ကျိတ်ပြီး မှတ်ချက် ချလိုက်၏။

■

ဂတ်စ်ဗီနာသည် တရားသူကြီးဘက်ကို လှည့်လိုက်ပြီး ...

''ရုံးမင်းခင်ဗျား၊ နောက်ထပ်သက်သေအဖြစ် ဆင့်ခေါ်မဲ့ ပုဂ္ဂိုလ်က ဒေါက်တာလောရင့်ဘေကာ ဖြစ်ပါတယ်၊ ဒါပေမဲ့ သူက လောလောဆယ် လေဖြတ်ခံထားရတာကြောင့် ရုံးတော်သို့ မလာရောက်နိုင်ပါဘူး၊ ဒါကြောင့်မို့ ဒေါက်တာဘေကာနဲ့အတူ လုပ်ကိုင်နေတဲ့ ဆေးရုံအမှုထမ်းတစ်ယောက်ကို ကျွန်တော် မေးမြန်းခွင့်ပြုစေလိုပါတယ်''

''ကျွန်တော် ကန့်ကွက်ပါတယ်'' အလန်ပင်းက ထ ပြောလိုက်သည်။ ''ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဒေါက်တာဘေကာဟာ ဒီမှာ မရှိပါဘူး၊ တရားခွင်ထဲမှာလည်း မရှိပါဘူး၊ တကယ်လို့ ... ''

''ရုံးမင်းခင်ဗျား'' ဗီနာဘယ်က ဖြတ်ပြောသည်။ ''ကျွန်တော် အခုမေးမယ့်မေးခွန်းဟာ ယခင်ထွက်ဆိုချက်တွေအားလုံးနဲ့ လုံးဝ ပတ်သက်နေပါတယ်၊ တရားခံရဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ စွမ်းဆောင်မှုနဲ့လည်း ပတ်သက်နေပါတယ်''

''ကောင်းပြီ၊ ဒါပေမဲ့ တစ်ခုတော့ သတိပြုပါ'' တရားသူကြီးက ပြောသည်။ ''ဒီနေရာဟာ မြစ်တစ်ခု မဟုတ်ပါဘူး၊ တရားရုံးတော်တစ်ခုသာ ဖြစ်ပါတယ်၊ အပျော်တမ်း ငါးမျှားထွက်တာမျိုးကို ကျွန်မ သည်းခံနိုင်မှာ မဟုတ်ဘူး။ ခေါ်ပါ၊ သက်သေကို ဆင့်ခေါ်ပါ''

''ကျေးဇူးတင်ပါတယ်''

ဗီနာဘယ်က ဘီလစ်စာရေးဘက်လှည့်ပြီး ...

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမက်သယူး ပီတာဆင်ကို ဆင့်ခေါ်ပေးပါ"

အသက် ၆၀ ကျော်အရွယ် ဒေါက်တာပီတာဆင် ကျမ်းသစ္စာကျိန်ဆိုပြီး သက်သေကုလားထိုင်တွင် ထိုင်သည်။

"ဒေါက်တာ ပီတာဆင်ခင်ဗျား... အင်ဘာကေဒရီ ဆေးရုံမှာ လုပ်တာ ဘယ်လောက် ကြာပါပြီလဲ"

"ရှစ်နှစ်"

"ဒေါက်တာက ဘာတာဝန်ယူရပါသလဲ"

"ကျုပ်က နှလုံးရောဂါကု ဆရာဝန်ပါ"

"ဒီဆေးရုံမှာ လုပ်ခဲ့တဲ့ကာလအတွင်း ဒေါက်တာလောရင့်ဘေကာနဲ့ ပူးတွဲလုပ်ခဲ့ဖူးပါသလား"

"ဟုတ်ကဲ့၊ အများကြီး လုပ်ခဲ့ဖူးပါတယ်"

"သူ့ကို ဘယ်လိုမြင်ပါသလဲ"

"အခြားသူတွေ မြင်သလိုပဲ မြင်ပါတယ်၊ အမှန်အတိုင်းပြောရရင် ဒီကမ္ဘာမှာ ဒီဘာဘေးနဲ့ ကူးလေးတို့ကလွဲရင် ဒေါက်တာဘေကာဟာ အတော်ဆုံး နှလုံးရောဂါကု ဆရာဝန်ပါပဲ"

"ဒေါက်တာတေလာက လူနာတစ်ယောက်... " သူက စာရွက်တစ်ရွက်ကို စောင်းကြည့်လိုက်ပြီးတော့မှ "... သတ်ချင်တယ်လို ဆိုတဲ့ လူနာတစ်ယောက်ကို ခွဲစိတ်တဲ့ မနက်တုန်းက ဒေါက်တာဟာ ခွဲစိတ်ခန်းထဲမှာ ရှိပါသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"အဲဒီမနက်က ဘာတွေဖြစ်တယ်ဆိုတာ ပြောပြစေချင်ပါတယ်"

"ဟုတ်ကဲ့ ... " သူ့အသံ ဆုတ်ဆိုင်းဆိုင်းဖြစ်နေသည်။ "အဲဒီနေ့က စကတည်းက မှားတော့တာပဲ၊ လူနာကို လက်လွှတ်ရတော့မယ့် အခြေအနေ ဖြစ်နေတယ်"

"လူနာကို လက်လွှတ်ရတော့မယ့် အခြေအနေဆိုတာ ဘာကို ဆိုလိုပါသလဲ"

"သူ့နှလုံးခုန် ရပ်သွားတယ်၊ ကျုပ်တို့က နှလုံးပြန်ခုန်လာအောင် အစွမ်းကုန် ကြိုးစားတယ်"

"ဒေါက်တာဘေကာကို လှမ်းမခေါ်ဘူးလား"

"ခေါ်ပါတယ်"

"ခွဲစိတ်နေတဲ့အချိန်မှာ သူ ခွဲစိတ်ခန်းထဲ ဝင်လာသလား"

"ပြီးခါနီးလောက်မှ ဝင်လာတာပါ၊ ဒါပေမဲ့ နောက်ကျသွားပြီ၊ ဘာမှ လုပ်လို့မရနိုင်တော့ဘူး၊ လူနာကို နှလုံး ခုန်လာအောင် မလုပ်နိုင်တော့ဘူး"

"အဲဒီအချိန်မှာ ဒေါက်တာဘေကာက ဒေါက်တာတေလာကို တစ်ခုခု ပြောသလား"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျုပ်တို့အားလုံး စိတ်မကောင်းဖြစ်ကုန်ကြတယ်၊ ပြီးတော့ ... "

"ဒေါက်တာဘေကာက ဒေါက်တာတေလာကို ဘာပြောသလဲလို့ ကျွန်တော် မေးနေတာ"

"ဩော် ... ဟုတ်ကဲ့"

"ဒေါက်တာဘေကာက ဘာပြောသလဲ"

တရားခွင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ထို့နောက် အပြင်မှ မိုးခြိမ်းသံပေါ်ထွက်လာသည်။ ခဏကြာတော့ လေပြင်းတိုက်ခတ်လာသည်။ မိုးသီးမိုးပေါက်တွေက တရားရုံးခေါင်မိုးကို တဖြုန်းဖြုန်း ထုနှက်ကြသည်။

"မင်း သူ့ကို သတ်လိုက်တာပဲ" လို့ ဒေါက်တာဘေကာက ပြောပါတယ်"

ပရိသတ်တွေအကြား ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ တရားသူကြီးက လက်ကိုင်တူနှင့် စားပွဲကို ထုသည်။

"တော်ကြစမ်းပါ၊ ရှင်တို့က ဂူအောင်းလူသားတွေလား၊ နောက်ထပ် ဆူဆူညံညံလုပ်ရင် အကုန်လုံးကို မိုးရေထဲ မောင်းထုတ်ပစ်မယ်"

ဗီနာဘယ်က အသံဗလံများ တိတ်သွားအောင် စောင့်နေသည်။ အသံတွေ တိတ်သွားတော့မှ သူက ဆက်မေးသည်။

"ဒေါက်တာဘေကာက ဒေါက်တာတေလာကို 'မင်း သူ့ကို သတ်လိုက်တာပဲ' လို့ ပြောတာ သေချာရဲ့လား"

"သေချာပါတယ်"

"ဒေါက်တာဘေကာဟာ ဆေးဖက်ဆိုင်ရာ အယူအဆအတွက် လေးစားထိုက်သူတစ်ယောက်လို့ ဒေါက်တာက ထွက်ဆိုခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါလောက်ပါပဲ" သူက အလန်ပင်းဘက်သို့ လှည့်လျက် "ဆက်မေးပါ" အလန်ပင်း ထိုင်ရာမှ ထ၍ သက်သေစားပွဲနားသို့ လာခဲ့သည်။

"ဒေါက်တာ ပီတာဆင်ခင်ဗျား၊ ကျွန်တော်ဟာ လူနာခွဲစိတ်တာကို တစ်ခါမှ မမြင်ဖူးပါဘူး၊ ဒါပေမဲ့ ခွဲစိတ်နေချိန်မှာ စိတ်လှုပ်ရှားမှုနဲ့ စိုးရိမ်မှုတွေ အများကြီးရှိနေလိမ့်မယ်လို့ ကျွန်တော် မှန်းဆမိပါတယ်၊ အထူးသဖြင့် နှလုံးရောဂါ ခွဲစိတ်တာဆိုရင် ပိုပြီး ကြီးမားပြင်းထန်နိုင်ပါတယ်"

"ဟုတ်ပါတယ်၊ အများကြီး ကြီးမား ပြင်းထန်ပါတယ်"

"အဲဒီလိုအခါမျိုးမှာ ခွဲစိတ်ခန်းမှာ လူဘယ်နှယောက်လောက်ရှိတတ်သလဲ၊ သုံးယောက်လား၊ လေးယောက်လား"

"မကပါဘူး၊ အမြဲတမ်းခြောက်ယောက်၊ ဒါမှမဟုတ် အဲဒီထက်ပိုပါတယ်"

"တကယ်လား"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ပုံမှန်အားဖြင့် ခွဲစိတ်ဆရာဝန်နှစ်ယောက်၊ လက်ထောက်တစ်ယောက်၊ မေ့ဆေးဆရာဝန် တစ်ယောက်၊ ဆရာမတစ်ယောက်၊ ပြီးတော့ အနည်းဆုံး အကူဆရာမတစ်ယောက်"

"ဟုတ်ပြီ၊ ဒါဆိုရင် အခန်းထဲမှာ အသံတွေနဲ့ လှုပ်ရှားမှုတွေ ရှိနေမှာပေါ့၊ လှမ်းပြောသံတွေ၊ ညွှန်ကြားသံတွေ"

"ဟုတ်ပါတယ်"

"ပြီးတော့ ခွဲစိတ်နေတုန်းမှာ တေးဂီတတွေလည်း ဖွင့်ထားတတ်တယ်လို့ သိရပါတယ်"

"အဲဒါ ဟုတ်ပါတယ်"

"ဒါဆို ဒေါက်တာဘေကာ ဝင်လာပြီး လန့်စ်ကယ်လီ သေတော့မယ်ဆိုတာတွေ့ရတော့ ပိုပြီး ရုတ်ရုတ်သဲသဲ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့၊ လူတိုင်းက လူနာအသက်ကယ်ဖို့အတွက် အလုပ်များနေကြပါတယ်"

"အသံဗလံတွေကလည်း ဆူညံနေတာပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ အများကြီးဆူညံနေတာပေါ့"

"အဲဒီတော့ အဲဒီလိုရုတ်ရုတ်သဲသဲနဲ့ ဆူဆူညံညံ ဖြစ်နေချိန်မှာ၊ တေးဂီတသံတွေ ဆူညံနေချိန်မှာ လူနာကို ဒေါက်တာ သတ်တယ်လို့ ဒေါက်တာဘေကာက ပြောတာကို ဒေါက်တာက ကြားလိုက်တယ်လို့ ဆိုတယ်၊ ဒီလောက် ရှုပ်ရှားနေတဲ့အချိန်မှာ ဒေါက်တာ့အနေနဲ့ ကြားနိုင်ပါ့မလား၊ နားကြားမလွဲနိုင်ဘူးလား"

"ကြားနိုင်ပါတယ်၊ မလွဲနိုင်ပါဘူး"

"ဘာကြောင့်လဲ"

ဒေါက်တာပီဆင်က သက်မတစ်ချက် ချလိုက်ပြီးတော့ ...

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို သူပြောတဲ့အချိန်မှာ ကျုပ်က သူနဲ့ဘေးချင်းကပ် ရှိနေလို့ပဲ"

ဘယ်လိုမှ ထွက်ပေါက်ရှာ၍ မရတော့။

"မေးစရာ မရှိတော့ပါဘူး"

အမှုကတော့ တစ်စစီ ကွဲပြိုသွားခဲ့ပြီ။ တရားခံအကျိုးဆောင်အနေဖြင့် ဘာမှ လုပ်နိုင်စရာမရှိတော့။ ရှေ့အဖို့ ဆွေးနွေးလာစရာသာ ရှိတော့သည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ ဒင်းနစ်ဘယ်ရီ သက်သေထွက်ဆိုသည်။

"ဆရာမက အင်ဘာကေဒရီဆေးရုံက သူနာပြုဆရာမ ... ဟုတ်စ"

"ဟုတ်ပါတယ်"

"အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ပါ"

"အဲဒီကာလအတွင်း ဒေါက်တာတေလာနဲ့ ဒေါက်တာဘေကာတို့ စကားပြောနေတာကို ကြားဖူးသလား"

"ကြားဖူးတာပေါ့၊ အများကြီး ကြားဖူးတာပေါ့"

"မှတ်မိသလောက် ပြောပြပါလား"

ဆရာမဘယ်ရီက ဒေါက်တာတေလာကို လှမ်းကြည့်လိုက်ပြီး ...

"ဟုတ်ကဲ့၊ ဒေါက်တာဘေကာက သိပ်ပြီး တော်ပါတယ်"

"ကျွန်တော်က အဲဒါကိုမေးတာ မဟုတ်ဘူးဆရာမ၊ ဒေါက်တာဘေကာက ဒေါက်တာတေလာကို ဘာပြောတာ ကြားလိုက်ရသလဲလို့ မေးတာ"

အကြာကြီး တိတ်ဆိတ်နေသည်။ ပြီးတော့မှ ...

"ဟုတ်ကဲ့၊ တစ်ခါက သူကပြောပါတယ်၊ ဒေါက်တာတေလာဟာ အရည်အချင်း မရှိဘူးတဲ့"

ဂတ်စ်ဗီနာဘယ် တော်တော်အံ့အားသင့်သွားသည်။

"ဒေါက်တာတေလာ အရည်အချင်းမရှိဘူးလို့ သူက ပြောတယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်၊ ဒါပေမဲ့ သူက အမြဲတမ်းပဲ ... "

"နောက်ထပ်ကော ဘာတွေ ကြားသေးသလဲ"

သက်သေဆရာမက မတင်မကျဖြစ်နေသည်။

"အဲဒါတော့ ကျွန်မ မမှတ်မိတော့ဘူးရှင့်"

"ဆရာမက ကျမ်းသစ္စာကျိန်ဆိုထားတာနော်"

"ဟုတ်ပါတယ်၊ တစ်ခါတုန်းက သူပြောတာကတော့ ... " ဆရာမစကား ပြောသံ မသဲကွဲ၊ ဝါးနေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ကြေးရဘူး၊ ကျယ်ကျယ်ပြောပါ၊ သူက ဘာပြောသလဲ"

"သူက ပြောပါတယ်၊ သူ … သူက ဒေါက်တာတေလာကို သူ့ခွေးကိုတောင် ခွဲစိတ်ခွင့် မပြုနိုင်ဘူးတဲ့"

တရားခွင်တစ်ခုလုံး မင်တက်မိသွားကြသည်။

"ဒါပေမဲ့ သူပြောချင်တာက … "

"ဒေါက်တာဘေကာ ပြောချင်တာကို ကျွန်တော်တို့အားလုံး သဘောပေါက်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

…သတ်အားလုံး၏ မျက်လုံးတွေက ဒေါက်တာတေလာဆီ စုပြုံရောက်သွားကြ၏။

■

တရားလိုအကျိုးဆောင် အစိုးရရှေ့နေ၏ မေးမြန်းချက်များမှာ ရေပက်မဝင်အောင် စေးစေးပိုင်ပိုင်နိုင်လှသည်။ … တရားခံအကျိုးဆောင် ရှေ့နေကလည်း သာမညပုဂ္ဂိုလ်မဟုတ်။ တရားခွင်ကို အမျိုးမျိုး လှည့်ပတ်လျှောက်လဲ … ဥပဒေမော်ဝိဇ္ဇာအဖြစ် ကျော်ကြားသူဖြစ်၏။ ယခု သူ့အလှည့်ရောက်လာပြီ။ သူ ပညာပြရမည့်အချိန် ရောက်လာ …သည် တရားခံကို အတတ်နိုင်ဆုံး ကာကွယ် လျှောက်လဲရတော့မည်။ သူ့အနေဖြင့် ဦးထုပ်ထဲမှ နောက်ထပ် …အောင် ထုတ်ပြနိုင်ပါဦးမည်လား။

■

…နောက် တရားခံ ဒေါက်တာပေ့ဂျ်တေလာ ကို သူ့ရှေ့နေ အလန်ပင်းက မေးမြန်းသည်။ ဤအချိန်ကို လူတိုင်းက … စောင့်ဆိုင်းနေကြသည်။

"…ထရိုနင် ဟာ ဒေါက်တာရဲ့ လူနာလား"

"…ဟုတ်ကဲ့ပါ"

"ဒေါက်တာ့အနေနဲ့ သူ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

"သူ့ကို ကျွန်မ သဘောကျပါတယ်၊ သူ့ရောဂါအခြေအနေကိုလည်း သူသိပါတယ်၊ ဒါပေမဲ့ သူက သိပ်ပြီး …ပါ၊ သူ့နှလုံးရောဂါကို ခွဲစိတ်ကုသခံရပါတယ်"

"သူ့ကို ဒေါက်တာက ခွဲစိတ်ကုသရသလား"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ခွဲစိတ်တော့ ဘာတွေ တွေ့ရသလဲ"

"သူ့ရင်ဘက်ကို ဖွင့်လိုက်တော့ ကင်ဆာအမည်းကွက်တွေ ပြန့်ပွားနေတာ တွေ့ရပါတယ်"

"တစ်နည်းပြောရရင် ကင်ဆာရောဂါက သူ့တစ်ကိုယ်လုံး ပျံ့နှံ့နေပြီပေါ့"

"ဟုတ်ပါတယ်၊ ကင်ဆာအမြစ်တွေက သွေးဖြူဂလင်းတွေကို ပျံ့နှံ့သွားပြီ"

"ဆိုလိုတာက မျှော်လင့်ချက်မရှိတော့ဘူးဆိုတဲ့ သဘောလား၊ ဘယ်လိုကုစားလို့မှ မရနိုင်တော့ဘူးဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ်၊ ဘယ်လိုမှ ကုလို့မရနိုင်တော့ပါဘူး"

"ဒါဆို သူ့ကို သဘာဝအစားအစာတွေနဲ့ပဲ ပစ်ထားရတော့တာပေါ့"

"မှန်ပါတယ်"

"ဒါနဲ့ ဒေါက်တာက သူကို တမင်သေအောင် အင်ဆူလင်ဆေးသွင်းလိုက်တာလား"

"ဟုတ်ပါတယ်"

တရားရုံးခန်းမတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။

*တကယ့်ကို သွေးအေးတဲ့ ကလေးမပဲ ဟု ဂတ်စ်ဗီနာဘယ် က တွေးလိုက်မိ၏။ ဒါပေမဲ့ သူက လူနာကို လက်ဖက်ရည် တစ်ခွက် တိုက်လိုက်သလိုမျိုး ဟန်ဆောင်နေတယ်။*

"ဂျွန်ကရိုနင်ကို အဲဒီလို အသက်ဆုံးရှုံးအောင် ဘာကြောင့် လုပ်ရတယ်ဆိုတာ ရုံးတော်ကို ပြောပြပါလား"

"သူက လုပ်ခိုင်းလို့ လုပ်ရတာပါ၊ သူက ကျွန်မကို မေတ္တာရပ်ခံပါတယ်၊ ညသန်းခေါင်လောက်မှာ နာကျင်လွန်းအားကြီးလို့ ကျွန်မကို ခေါ်ခိုင်းပါတယ်၊ သူ့ကို ထိန်းပေးထားတဲ့ ဆေးတွေလည်း လုံးဝ မစွမ်းတော့ဘူး၊ သူဆက်ပြီး မခံစားနိုင်တော့ဘူးလို့ ပြောပါတယ်၊ သူနေရမယ့်ရက်က နည်းနည်းပဲ ကျန်တော့တယ်၊ သူက အဲဒါကို အဆုံးသတ်ပေးဖို့ ကျွန်မကို မေတ္တာရပ်ခံတယ်၊ ဒါနဲ့ ကျွန်မက လုပ်ပေးလိုက်ရတာပါ"

"ဒေါက်တာ ... အဲဒီလိုလုပ်ရမှာကို ခင်ဗျား နည်းနည်းကလေးမှ နောက်မတွန့်မိဘူးလား၊ အကုသိုလ်မှုကို ကျူးလွန်တာလို့ မခံစားမိဘူးလား"

ဒေါက်တာပေ့ဂျ်တေလာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"မခံစားမိပါဘူး၊ သူ့အဖြစ်ကို ရှေ့နေကြီးမြင်ရရင်လည်း သူ အဲဒီလို ခံစားနေရတာကို ဘယ်လိုမှ ဒီအတိုင်း ကြည့်နေရက်မှာ မဟုတ်ပါဘူး"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ အင်ဆူလင်ကို ခင်ဗျား ဘယ်လိုလုပ်သလဲ"

"သူ့သေွးကြောထဲ ထိုးသွင်းလိုက်ပါတယ်"

"အဲဒီလိုလုပ်လိုက်တော့ သူ့အနေနဲ့ အခြားဝေဒနာ တစ်စုံတစ်ရာ ခံစားရသေးသလား"

"မခံစားရတော့ပါဘူး၊ သူ မေ့မြောပြီး တဖြည်းဖြည်း အိပ်ပျော်သွားတော့တယ်"

ဤတွင် ဂတ်စ်ဗီနာဘယ်က ရုတ်တရက် ထရပ်လျက် ...

"ကန့်ကွက်ပါတယ်၊ တရားခံဟာ လူနာကို သေသွားအောင် တမင်လုပ်တာလို့ ကျွန်တော် ယူဆပါတယ်၊ ... "

တရားသူကြီးက စားပွဲကို တူနှင့် ထုလိုက်သည်။

"မစ္စတာဗီနာဘယ် ... အစဉ်အလာလွဲမှားနေပါတယ်၊ ကိုယ့်အလှည့်ရောက်တော့မှ ပြန်လှန်မေးခွန်း မေးနိုင်ပါ မြဲထိုင်ပါ"

ရှေ့နေကြီးက ဂျူရီလူကြီးများကို လှမ်းကြည့်လိုက်သည်။ ပြီးနောက် ဦးခေါင်းကို ခါယမ်း၍ ကုလားထိုင်တွင် ပြန်ထိုင်လိုက်၏။

"ဒေါက်တာတေလာ ... ခင်ဗျားက ဌာန်ကရိုနင်ကို အင်ဆူလင်ဆေးထိုးသွင်းတဲ့အချိန်မှာ သူက သူ့သေတမ်းစာမှာ ဒေါ်လာတစ်သန်းပေးထားကြောင်း ခင်ဗျား သိထားပြီးပြီလား"

"မသိသေးပါဘူး၊ အဲဒီလို သိရတဲ့အခါကျတော့ ကျွန်မ လုံးဝ မယုံနိုင်လောက်အောင် အံ့အားသင့်သွားမိပါတယ်"

"တစ်ချိန်ချိန်မှာ ပိုက်ဆံအကြောင်း၊ ဒါမှမဟုတ် လက်ဆောင်တစ်ခုခုအကြောင်း၊ ဒါမှမဟုတ် အခြားတစ်စုံတစ်ရာ အကြောင်း ဌာန်ကရိုနင်နဲ့ ဆွေးနွေးဖူးသလား"

ဒေါက်တာ့မျက်နှာ မသိမသာကလေး နီမြန်းသွားသည်။

"ဘယ်တုန်းကမှ မဆွေးနွေးခဲ့ဖူးပါဘူး"

"ဒါဆေရင် ဒေါက်တာက သူနဲ့ အကျွမ်းတဝင် ရင်းနှီးမှုရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိပါတယ်၊ အဲဒီလို လူနာက အသည်းအသန် ဝေဒနာခံစားနေရတဲ့အခါမျိုးမှာ ဆရာဝန်နဲ့ လူနာ ကြားမှာ ပြောင်းလဲတတ်ပါတယ်၊ သူ့စီးပွားရေးလုပ်ငန်းနဲ့ မိသားစုအကြောင်း ကျွန်မတို့ ပြောဖြစ်ကြပါတယ်"

"ဒါဆေရင် ဒေါက်တာ့အနေနဲ့ သူ့ဆီက တစ်စုံတစ်ရာ ဘာမှ မျှော်လင့်စရာအကြောင်းမရှိဘူး မဟုတ်လား"

"မျှော်လင့်စရာအကြောင်း မရှိပါဘူး"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူက ဒေါက်တာကို လေးစားတယ်၊ ယုံကြည်တယ်၊ ဒါကြောင့် အဲဒီပိုက်ဆံကို ပေးခဲ့တာ၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ" သူက ဗီနာဘယ်ဘက်ကို လှည့်လျက် "တရားခံကို မေးနိုင်ပါပြီ"

အလန်ပင်းသည် သူ့နေရာတွင် ပြန်ထိုင်သည်။ ပေဂျီတေလာက တရားခွင်နောက်ဘက်ကို လှည့်ကြည့်လိုက်သည်။ ဂျက်ဆင် ထိုင်နေသည်။ သူ့ကိုယ်သူ အတင်း အားတင်ထားသည့်ပုံမျိုး။ သူ့ဘေးတွင် ဟန်နီတပ်ဖ် ထိုင်နေသည်။ ဟန်နီ့ဘေးမှ ထိုင်ခုံတွင်တော့ တခြားလူစိမ်းတစ်ယောက်။ အမှန်က ထိုနေရာသည် ကက်ဟန်းတား ထိုင်ရမည့်နေရာ။

*သူသာ အသက်ထင်ရှားရှိနေရင် သူလည်း ဒီနေ့မှာ ဒီနေရာမှာ ရှိမှာပဲ၊ ခုတော့ ကက်ခမျာ သေသွားရှာပြီ၊ သူ့ကို လည်း ငါသတ်တာပဲဟု* ဒေါက်တာတေလာက တွေးမိ၏။

ဗီနာဘယ်သည် ထိုင်ရာမှ ထလျက် သက်သေခုံနားသို့ ဖြည်းဖြည်းလျှောက်လာသည်။ သတင်းထောက်များ ခုံတန်းသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ ထိုင်ခုံစေ့ လူပြည့်နေ၏။ သတင်းထောက်များသည် ရေးမှတ်ရင်း အလုပ်များ နေကြသည်။ *အင်း ... ကျုပ်က ခင်ဗျားတို့ကို ရေးစရာသတင်းတစ်ခုခုတော့ ပေးရတော့မှာပေါ့* ... ဟု ဗီနာဘယ်က တွေးလိုက်၏။

သူသည် တရားခံရှေ့တွင် တော်တော်ကြာကြာ ရပ်ကြည့်ကာ အကဲခတ် လေ့လာနေသည်။ ပြီးတော့မှ မှင်သေသေဖြင့်...

"ဒေါက်တာတေလာ ... အဲဒီဆေးရုံမှာ ခင်ဗျားသတ်တာ ဂျွန်ကရိုနင်ဟာ ပထမဆုံး လူနာပဲလား"

အလန်ပင်းက ဒေါသတကြီး ထရပ်လိုက်ပြီး ...

"ရှုံးမင်းခင်ဗျား ... ကျွန်တော် ... "

တရားသူကြီးက စားပွဲကို တူနှင့် ထုလိုက်သည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ တရားခွင်ကို ၁၅ မိနစ် ရပ်နားမယ်၊ အကျိုးဆောင်နှစ်ဦး ကျွန်မ ရုံးခန်းကို လာခဲ့ပါ"

■

ရှေ့နေနှစ်ဦးတို့ တရားသူကြီး ရုံးခန်းရှေ့တွင် နေရာယူကြပြီးသောအခါ တရားသူကြီးက ဂတ်စ်ဗီနာဘက်သို့ လှည့်လျက် ...

"မစ္စတာဗီနာဘယ်၊ လူကြီးမင်း ရှေ့နေကျောင်းတက်ဖူးသလား"

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော် ... "

"ဟိုမှာ အပြင်ဘက်မှာ ရှက်ဖျင်တဲ မြင်တယ်မဟုတ်လား"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ တရားရုံးက ဆပ်ကပ်မဟုတ်ဘူး၊ ဆပ်ကပ်ရုံဖြစ်အောင် မလုပ်ပါနဲ့၊ အဲဒီလို လှုံ့ဆော်မေးခွန်းမျိုးကို ...ဖြစ်လို့ မေးရတာလဲ"

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျား၊ ကျွန်တော် ပြန်ပြင်ပြီး မေးပါ့မယ်"

"အဲဒါလောက်နဲ့ မလုံလောက်သေးဘူး၊ ရှင့်ရဲ့ စိတ်ထားကိုလည်း ပြင်ရဦးမယ်၊ ကျွန်မ သတိပေးပါရစေ၊ ...တစ် အဲဒီလို နောက်ထပ်တစ်ခါ တွင်လာဦးမယ်ဆိုရင်တော့ ဒီအမှုကို မှားယွင်းတဲ့ တရားစွဲဆိုမှုအဖြစ် ကျွန်မ ...ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျား"

■

...ကို ဆက်လက်စစ်ဆေးသည်။ တရားသူကြီးက ဂျူရီအဖွဲ့ကို ပြောသည်။

"တရားလိုအကျိုးဆောင်ရဲ့ နောက်ဆုံးမေးခွန်းကို ဂျူရီအဖွဲ့က လုံးဝဥပေက္ခာပြုရပါလိမ့်မယ်" ရှေ့နေဘက်သို့ ...လျက် "ဆက်မေးပါ"

...တယ် တရားခံစားပွဲသို့ ပြန်လျှောက်လာသည်။

"ဒေါက်တာတေလာ ... ခင်ဗျားသတ်တဲ့လူက ခင်ဗျားအတွက် ငွေတစ်သန်းပေးခဲ့တယ်ဆိုတာ သိရတော့ ... အကြီးအကျယ်အံ့ဩမိမှာပဲ"

"အံ့ဩခဲ့ပါတယ်"

"အံ့ဩစရာကောင်းတဲ့ ချက်ကို လက်ခံတယ်၊ မစ္စတာဗီနာဘယ်၊ ကျွန်မ ဆက်ပြီး သည်းခံနိုင်မှာ မဟုတ်တော့ဘူး"

"တောင်းပန်ပါတယ်ခင်ဗျား" တရားခံဘက်လှည့်၍ "ဒေါက်တာဟာ လူနာနဲ့ အများကြီး ရင်းနှီးတာဖြစ်ရမယ်၊ ... ဆိုလိုတာက သာမန်သူစိမ်းတစ်ယောက်ဆိုရင် အခုလို ဒေါ်လာတစ်သန်းပေးခဲ့ပါ့မလား"

ဒေါက်တာ့မျက်နှာ နည်းနည်းနီသွားသည်။

"ကျွန်မတို့ရဲ့ ရင်းနှီးမှုက ဆရာဝန်နဲ့ လူနာရင်းနှီးမှုထက် မပိုပါဘူး"

"အဲဒီထက် နည်းနည်းကလေးမှ မပိုဘူးလား၊ လူတစ်ယောက်က သူချစ်တဲ့ မိန်းမနဲ့ မိသားစုကို သေတမ်းစာ ...ထုတ်ပြီးတော့ သာမန် သူစိမ်းတစ်ယောက်ကို ဖြားယောင်းမှုမပါဘဲ ငွေတစ်သန်းပေးခဲ့တာ ဖြစ်နိုင်ပါ့မလား၊ ...ရဲ့ ...များရေးကိစ္စတွေကိုလည်း ဒေါက်တာနဲ့ ဆွေးနွေးခဲ့တယ်လို့ ဒေါက်တာကပဲ ထွက်ဆိုခဲ့တယ် မဟုတ်လား"

...တရားသူကြီးက ကိုယ်ကိုရှေ့သို့ ကိုင်းလျက် ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဗီနာဘယ် ... "ဟု သတိပေးလိုက်သည်။ ဗီနာဘယ်က လက်ဝါးနှစ်ဖက်ကို မြှောက်ပြပြီး တရားခံဘက်သို့ ပြန်လှည့်ကာ ...

"ဒီတော့ ဒေါက်တာနဲ့ ကရိုနင်တို့ ရင်းရင်းနှီးနှီး စကားပြောကြတယ်၊ သူက သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ဒေါက်တာ့ကို ပြောပြတယ်၊ သူက ဒေါက်တာ့ကို သဘောကျတယ်၊ လေးစားတယ်၊ ဒါဟာ တရားမျှတမှန်ကန်တဲ့ ပေါင်းရုံးဖော်ပြချက်လို့ ဒေါက်တာယူဆပါသလား"

"ဟုတ်ကဲ့၊ ယူဆပါတယ်"

"အဲဒီတော့ ... အဲဒီအတွက် သူက ဒေါက်တာ့ကို ငွေတစ်သန်းပေးတာလား"

ဒေါက်တာတေလာက တရားရုံးခန်းအပြင်ဘက်သို့ လှမ်းကြည့်နေသည်။ သူဘာမှပြန်မဖြေ၊ ဖြေစရာ အဖြေမရှိ

ဗီနာဘယ်သည် သူ့စားပွဲသို့ ပြန်လျှောက်လာသည်။ ပြီးတော့မှ တရားခံဘက်သို့ ပြန်လှည့်ကာ မျက်နှာ စေ့စေ့ကြည့်လျက် ...

"ဒေါက်တာတေလာ ... ဖွန်ကရိုနင်က ဒေါက်တာ့အတွက် ပိုက်ဆံပေးခဲ့တာကိုရော၊ သူ့မိသားစုကို သေတမ်းစာ ထဲက ထုတ်ပယ်ခဲ့တာကိုရော ဒေါက်တာ လုံးဝ မသိဘူးလို့ ဒေါက်တာ အစောပိုင်းက ထွက်ဆိုခဲ့ပါတယ်"

"အဲဒါ မှန်ပါတယ်"

"အင်ဘာကေဒရီဆေးရုံမှာ လက်ထောက်ဆရာဝန်တစ်ယောက်အနေနဲ့ လစာ ဘယ်လောက်ရပါသလဲ"

"ကန့်ကွက်ပါတယ်၊ ဒီလိုမေးတာ ... "

"မေးသင့်တဲ့ မေးခွန်းပါ၊ တရားခံဖြေဆိုပါ"

"တစ်နှစ်မှာ သုံးသောင်းနှစ်ထောင် ရပါတယ်"

ဗီနာဘယ်က ကရုဏာသက်သံကလေးဖြင့် ...

"ဒီခေတ်မှာ ဒီလောက်ပိုက်ဆံဟာ စာမဖွဲ့လောက်ပါဘူး၊ အဲဒီအထဲက အခွန်အကောက်နဲ့ အခြားစရိတ်တွေ ဖြတ်တောက်ထားဦးမယ်၊ အဲဒီတော့ ... အဲဒီလောက်ပိုက်ဆံကလေးနဲ့ လန်ဒန်၊ ပါရီ၊ ဗင်းနစ်တို့ကို အပျော်ခရီးထွက်ဖို့ လုံလောက်ပါ့မလား"

"မလုံလောက်နိုင်ပါဘူး"

"မလုံလောက်နိုင်ဘူး၊ ဒါကြောင့်မို့ ဒေါက်တာက အဲဒီလို အပျော်ခရီးမထွက်ဖြစ်ဘူး၊ ဘာဖြစ်လို့ဆို ပိုက်ဆံ မတတ်နိုင်လို့ပဲ"

"အဲဒါ မှန်ပါတယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အလန်ပင်းက ထိုင်ရာမှ ထရပ်လိုက်ပြီး ...

"တရားသူကြီးမင်းခင်ဗျား ... "

တရားသူကြီးက ဗီနာဘာယ်ဘက်သို့ လှည့်ကာ ...

"ခွေတာဗီနာဘာယ်၊ ဘာရည်ရွယ်ချက်နဲ့ ဒီမေးခွန်းတွေ မေးနေတာလဲ"

"တရားခံဟာ တစ်ယောက်ယောက်ဆီက ပိုက်ဆံမရဘဲနဲ့ အဲဒီလို ဇိမ်ခံအပျော်ခရီးထွက်ဖို့ မစီစဉ်နိုင်ဘူးဆိုတဲ့ ...ကို တည်ဆောက်ချင်လို့ပါ ခင်ဗျာ"

"အဲဒီမေးခွန်းကို သူဖြေခဲ့ပြီးပြီပဲ"

■

သူ တစ်ခုခုလုပ်ရတော့မည်ဆိုတာ အလန်ပင်း သိသည်။ သူ့စိတ်က သိပ်မပါ။ သို့သော်လည်း ထီပေါက်ခါစ ...ယောက်၏ မြူးရွှင်ဝမ်းသာဟန်ဖြင့် တရားခံစားပွဲသို့ သူလျှောက်လာ၏။

"ဒေါက်တာတေလာ ... အဲဒီခရီးစဉ်စာရွက်တွေ သွားယူတာ မှတ်မိပါသလား"

"မှတ်မိပါတယ်"

"ဥရောပကို ခရီးထွက်ဖို့၊ ဒါမှမဟုတ် ရွက်လှေစင်းလုံးငှားဖို့ စီစဉ်သလား"

"မစီစဉ်ပါဘူး၊ တကယ်တော့ အဲဒါက အပျော်အပြက်သဘောလုပ်တာပါ၊ မဖြစ်နိုင်တဲ့ စိတ်ကူးအိပ်မက်ပါ၊ ... စိတ်ဆွေတွေနဲ့ ကျွန်မတို့က အဲဒီလို လုပ်တာ စိတ်ဓာတ်အား တက်ကြွနိုင်တယ်လို့ ယုံကြည်လို့ပါ၊ ကျွန်မတို့က ...ပင်ပန်းနေတယ်၊ အဲဒီတော့ ... အဲဒီလို အခြေအနေမျိုးမှာ အဲဒီလို အပျော်တမ်း စိတ်ကူးယဉ်ကြည့်တာဟာ ...ကောင်းတဲ့ အလုပ်ဖြစ်တယ်လို့ ထင်လို့ပါ"

အလန်ပင်းက ဂျူရီလူကြီးများဘက်သို့ အကဲခတ်စောင်းကြည့်လိုက်သည်။ ဂျူရီလူကြီးများ၏ မျက်နှာအသီးသီးတွင် ...ကြည်နိုင်သည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေ၏။

■

ဗက်စ်ဗီနာဘာယ်က တရားခံကို ပြန်လည်စစ်မေးသည်။

"ဒေါက်တာတေလာ ... ခင်ဗျားဟာ ဒေါက်တာလောရင့်ဘေကာနဲ့ ရင်းနှီးပါသလား"

ဒေါက်တာတေလာ၏ အတွေးသည် အတိတ်ဆီသို့ ရုတ်တရက် ပြန်ရောက်သွား၏။ လောရင့်ဘေကာ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ငါသတ်မယ်၊ ဖြည်းဖြည်းသတ်မယ်၊ ပထမ သေအနာခံစားရအောင် လုပ်မယ်၊ ပြီးတော့မှ သေအောင်သတ်မယ်။ "ဟုတ်ကဲ့ သူ့ကို ကျွန်မ သိပါတယ်"

"ဘယ်လိုပုံစံနဲ့ သိတာလဲ"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး သူနဲ့ ကျွန်မ အတူတူ အလုပ်တွဲလုပ်လာခဲ့ကြပါတယ်"

"သူဟာ အရည်အချင်းပြည့်ဝသူတစ်ယောက်လို့ ပြောနိုင်ပါသလား"

"ကန့်ကွက်ပါတယ်၊ တရားခံဟာ ... "

ဤတွင် ဒေါက်တာတေလာက ကြားဖြတ်ပြီး ...

"သူက အရည်အချင်းပြည့်ဝရုံသာမက သိပ်ပြီး ထူးချွန်ပါတယ်"

"အဲဒါကို နည်းနည်းချဲ့ပြောလို့ရပါသလား"

"ဒေါက်တာဘေကာဟာ ဒီကမ္ဘာမှာ နာမည်အကျော်ဆုံး နှလုံးသွေးကြောပါရဂူတစ်ဦးပါ၊ သူ့မှာ ကိုယ်ပိုင်ဆေးကု ခန်းကြီးလည်း ရှိပါတယ်၊ ဒါပေမဲ့ သူက တစ်ပတ်မှာ သုံးရက်၊ ကျွန်မတို့ ဆေးရုံမှာ စေတနာ့ဝန်ထမ်း ကူညီပါတယ်"

"ဒါဆို သူ့ရဲ့ဆေးဘက်ဆိုင်ရာ ဆုံးဖြတ်ချက်တွေကို ဒေါက်တာက လေးစားတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒါဆိုရင် သူက အခြားဆရာဝန်တစ်ယောက်ရဲ့ အရည်အချင်းကို ဆုံးဖြတ်နိုင်သူဖြစ်တယ်လို့ ထင်ပါသလား"

အလန်ပင်းက ဒေါက်တာတေလာအား သည်မေးခွန်းကို ကျွန်မ မသိဘူးဟု ပြောစေချင်သည်။ ဒေါက်တာတေလာ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ ...

"ဟုတ်ကဲ့ပါ"

ဂတ်စ်ဗီနာဘယ်က ဂျူရီအဖွဲ့ဘက်သို့ လှည့်လိုက်သည်။

"ဒေါက်တာဘေကာရဲ့ ဆေးဘက်ဆိုင်ရာ ဆုံးဖြတ်ချက်တွေကို သူလေးစားကြောင်း ဒေါက်တာတေလာ ထွက်ဆိုတာကို ဂျူရီလူကြီးများ ကြားနာကြရပြီး ဖြစ်ပါတယ်၊ ဒေါက်တာတေလာဟာ သူ့ရဲ့ အရည်အချင်း ပြည့်ဝမှု၊ ဒါမှမဟုတ် မပြည့်ဝမှုနဲ့ ပတ်သက်ပြီး ဒေါက်တာဘေကာရဲ့ ဆုံးဖြတ်ချက်ကို ထဲထဲဝင်ဝင် နားလည်ပြီးဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

အလန်ပင်းက ဒေါသတကြီးဖြင့် ...

"ကန့်ကွက်ပါတယ်"

"ကန့်ကွက်ချက်ကို လက်ခံတယ်"

သို့သော် အလွန်နောက်ကျသွားခဲ့ပြီ၊ တစ်ဘက်က ခံလိုက်ရပြီ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တရားခွင်နားချိန်တွင် အလန်ပင်းက ဂျက်ဆင်အား နားနေခန်းသို့ ခေါ်ပြီး ပြောသည်။

“ခင်ဗျားက ကျုပ်ကို ဆူးခြုံထဲ ဘာလို့ တွန်းချရတာလဲ ၊ ဂျွန်ကရိုနင်က ဆရာဝန်မကို သိပ်မုန်းနေတာ၊ ဒေါက်တာဘောကာကလည်း အတူတူပဲ၊ ကျုပ်က ကျုပ်အမှုသည်တွေကို အမှန်အတိုင်း ကျုပ်ကိုပြောဖို့ အမြဲတိုက်တွန်းတယ်၊ အဲဒါမှလည်း သူတို့ကို ကျုပ်က ကူညီနိုင်မှာပေါ့၊ ဒီတော့ လိုရင်းပြောရရင် ကျုပ် သူ့ကို မကူညီနိုင်တော့ဘူး၊ ခင်ဗျားရဲ့ မိတ်ဆွေအမျိုးသမီးဟာ ကျုပ်ကို ဆီးနှင်းပြင် အထူးကြီးလာပေးတယ်၊ ကျုပ်က နှင်းလျှောစီးရမလိုဖြစ်နေတယ်၊ သူ့ပါးစပ်က ထွက်လာတဲ့ စကားတိုင်း သူ့အခေါင်းကိုသူ သံရိုက်သလို ဖြစ်နေတယ်၊ ဒီသောက်အမှုကတော့ ဆီးနှင်းပြင်ထဲ အစွန်မျောသွားပြီ”

■

ထိုနေ့ညနေတွင် ဂျက်ဆင်ကာတစ်သည် ဒေါက်တာပေ့ဂျ်တေလာနှင့် လာတွေ့သည်။ သူ အချုပ်ခန်းထဲ တန်းဝင်လာသည်။

“ပေ့ဂျ် ...”

ပေ့ဂျ်က လှည့်ကြည့်လိုက်သည်။ သူက မျက်ရည်ကို အနိုင်နိုင်ထိန်းထားရ၏။

“အခြေအနေ မကောင်းဘူးမဟုတ်လား”

ဂျက်ဆင်က အားတင်းပြုံးရင်း ...

“ဟိုစကားပုံ မကြားဖူးဘူးလား၊ ‘မပြီးသေးသမျှ မပြီးသေးဘူး’ ဆိုတာလေ”

“ဂျက်ဆင်... ဂျွန်ကရိုနင်ကို ပိုက်ဆံအတွက် ကျွန်မ သတ်တာမဟုတ်ဘူးဆိုတာ ရှင်ယုံတယ် မဟုတ်လား၊ ကျွန်မ လုပ်တာက သူ့ကို ကူညီတာ သက်သက်ပါ”

“မင်းကို ငါယုံပါတယ် ပေ့ဂျ်၊ ချစ်လည်း ချစ်ပါတယ်”

သူက သူမကို သိုင်းဖက်ထားလိုက်သည်။ *ငါ သူ့ကို လက်လွှတ်မခံနိုင်ဘူး၊ လက်လွှတ် မခံနိုင်ဘူး၊ သူဟာ ဘဝမှာ အချစ်ဆုံး ချစ်သူပဲ* ဟု ဂျက်ဆင်က တွေးနေမိ၏။

“အားလုံး အဆင်ပြေသွားမှာပါ ပေ့ဂျ်၊ တို့နှစ်ယောက် မကွဲမကွာ ထာဝရနေသွားကြရမှာပါ ယုံစမ်းပါ အချစ်ရယ်”

ပေ့ဂျ်က ဘာမှ ပြန်မပြောဘဲ တွေးနေသည်။

*လောကမှာ ဘယ်အရာမှ ထာဝရမမြဲပါဘူး၊ ဘယ်အရာမှ မမြဲပါဘူး၊ အခုလို အမှားတွေ ... အမှားတွေ ... အမှားတွေ ဘယ်လိုလုပ်ပြီး ဖန်လာတာပါလိမ့်၊ ဘယ်လိုလုပ်ပြီး ဖန်လာရတာပါလိမ့်။* ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

"ကိတ် (ကက်)ဟန်းတား"

"ရှိပါတယ်"

"ဘက်တီလူးတပ်ဖ်"

"ရှိပါတယ်"

"ပေ့ဂျ်တေလာ"

"ရှိပါတယ်"

အင်ဘာကေဒရိုခရိုင်ဆေးရုံကြီး၏ ခန်းမဆောင်ကြီးထဲသို့ ဝင်လာကြသည့် ပထမနှစ် လက်ထောက်ဆရာဝန်များ အုပ်စုကြီးထဲတွင် အမျိုးသမီးဆရာဝန်ဆို၍ သူတို့သုံးယောက်သာ ပါ၏။

ဆန်ဖရန်စစ္စကိုမြို့နယ်တွင် ဤဆေးရုံသည် ဝါအရင့်ဆုံးဖြစ်ပြီး တစ်နိုင်ငံလုံးတွင်လည်း အဝါရင့်ဆုံး ဆေးရုံဖြစ်သည်။ ၁၉၈၉ ခုနှစ် ငလျင်ကြီးလှုပ်စဉ်က ဆေးရုံကြီးသည် လုံးဝမပျက်စီးဘဲ ကြံ့ကြံ့ခံ ကျန်ရစ်ခဲ့၏။ ဆေးရုံပရဝဏ်တစ်ခုလုံးမှာ စတုရန်းလေးပြလောက် ကျယ်ဝန်းပြီး အုတ်နှင့် ကျောက်များဖြင့် တည်ဆောက်ထားရာ သက်တမ်းကြာ၍ ညိုမှိုင်းမှိုင်းအသွင်ဖြင့် တော်တော်ပင် အရုပ်ဆိုး၏။

ပင်မအဆောက်အအုံ၏ အဝင်ဝတွင် ဧည့်ခန်းမကျယ်ကြီးရှိပြီး လူနာများနှင့် ဧည့်သည်များအတွက် သစ်သားခုံတန်းလှားများ

အခန်း-၁-

ဆန်ဖရန်စစ္စကိုမြို့

ဇူလိုင်၊ ၁၉၉၀

www.burmeseclassic.com

www.burmeseclassic.com



ချထားသည်။ အခန်းနံရံများမှာ ဆေးရောင်ပြယ်နေကြပြီ။ စင်္ကြံကြမ်းပြင်များမှာလည်း လူနာပေါင်းများစွာတို့၏ ဘီးတပ်ကုလားထိုင်များ၊ ချိုင်းထောက်များနှင့် ခြေနင်းဖိနပ်ကြောင့် မညီမညာ ပွန်းပဲ့ပျက်စီး နေကြပြီ။ အခဲ့စွန်းစွန်းပြောရလျှင် ဆေးရုံကြီးတစ်ခုလုံးမှာ အိုမင်းလှသော ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုပမာ ရော်နွမ်းညှိုးမှိုင်းလျက် ရှိနေပြီ။

အင်ဘာကောဒရီဆေးရုံကြီးသည် မြို့ကြီးတစ်မြို့ထဲက မြို့တစ်မြို့နှင့် တူနေသည်။ ဆေးရုံအမှုထမ်းပေါင်း ကိုးထောင် ကျော်သည်။ ယင်းတို့အနက် အချိန်ပြည့် ဆရာဝန် လေးရာ၊ အချိန်ပိုင်းစေတနာဝန်ထမ်းဆရာဝန် တစ်ရာ့ငါးဆယ်၊ အလုပ်သင် လက်ထောက်ဆရာဝန် ရှစ်ရာ၊ သူနာပြုဆရာမ သုံးထောင်အပြင်၊ ကျွမ်းကျင်သူပညာသည်များနှင့် အထွေထွေ အကူအမှုထမ်းများ ပါဝင်၏။ အပေါ်ထပ်များတွင် ခွဲစိတ်ခန်း ၁၂ ခန်း၊ ဗဟိုထောက်ပံ့ရေးခန်း၊ သွေးလှူဘဏ်၊ အရိုးဘဏ်၊ အရေးပေါ်လူနာခန်း သုံးခန်း၊ ကိုယ်ခံအားကျရောဂါဆောင်နှင့် လူနာခုတင်ပေါင်း နှစ်ထောင်ကျော်ရှိသည်။

ယနေ့ ဇူလိုင်လ ၁ ရက်နေ့တွင် အသစ်ရောက်လာကြသည့် အလုပ်သင် လက်ထောက်ဆရာဝန်များအား ဆေးရုံ အုပ်ကြီး ဒေါက်တာ ဘင်ချမင်ဝါလေ့စ လမ်းညွှန်အမှာစကား ပြောကြားသည်။ ဒေါက်တာဝါလေ့မှာ စံပြုလောက်သည့် နိုင်ငံရေးသမား ဖြစ်၏။ အရပ်မြင့်မြင့်နှင့် ဥပဓိရုပ်ကောင်းသည်။ အရည်အချင်း သိပ်မရှိသော်လည်း လက်ရှိရာထူးကို ရလောက်အောင်တော့ ရှမ်းဆောင်နိုင်သူ ဖြစ်၏။

"ဒီနေ့ ရောက်ရောက်လာကြတဲ့ အလုပ်သင်လက်ထောက် ဆရာဝန်သစ်တွေ အားလုံးကို ကြိုဆိုပါတယ်၊ မင်းတို့ဟာ ဆေးကျောင်းမှာ ထောနှစ်နှစ်အတွင်း လူသေအလောင်းတွေနဲ့ အလုပ်လုပ်ခဲ့ကြရတယ်။ နောက်ဆုံးနှစ်နှစ်ကျတော့ ဝါရင့် ဆရာတွေရဲ့ ကြီးကြပ်မှုနဲ့ လူနာတွေကို စမ်းသပ်ကုသခဲ့ကြတယ်။ အဲဒီတော့ အခု မင်းတို့အားလုံးဟာ ကိုယ့်လူနာကို ကိုယ် လုံးဝ တာဝန်ယူကြရတော့မယ်၊ ဒီတာဝန်ဟာ တော်တော်ကြောက်စရာကောင်းတယ်၊ အလုပ်ကို စူးစိုက်မှုနဲ့ ကျွမ်းကျင်မှု လိုအပ်တယ်"

သူက တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ ပြီးတော့မှ ...

"တချို့က ခွဲစိတ်ကုသမှု ပြုလုပ်ကြရမယ်၊ တချို့က ခန္ဓာကိုယ်အတွင်းပိုင်းကို လေ့လာကြရမယ်၊ အုပ်စုတစ်စုစီကို ဝါရင့်ဆရာဝန်တစ်ဦးစီက ကြီးကြပ်ပြီး နေ့စဉ်တာဝန်တွေကို ရှင်းပြလိမ့်မယ်၊ သတ်မှတ်ပေးလိမ့်မယ်၊ အဲဒီတော့ မင်းတို့ တစ်တွေဟာ ဒီအချိန်ကစပြီး သေရေးရှင်ရေးကိစ္စကြီးကို တာဝန်ယူ လုပ်ကိုင်ကြရတော့မယ်"

လက်ထောက်ဆရာဝန်ကလေးများအားလုံး စိတ်အားထက်သန်စွာ နားထောင်နေကြသည်။ ဆေးရုံအုပ်ကြီး၏ စကားလုံးတိုင်းကို စူးစူးစိုက်စိုက် မှတ်သားနေကြသည်။

"အင်ဘာကောဒရီဆေးရုံဟာ ခရိုင်ဆေးရုံဖြစ်တယ်၊ ဒါကြောင့် ရောက်လာသမျှ လူနာတိုင်းကို လက်ခံကုသတယ်၊ လူနာအများစုဟာ ဆင်းရဲကြတယ်၊ ပုဂ္ဂလိကဆေးရုံတွေ မတက်နိုင်လို့ ဒီဆေးရုံကို လာကြတာ။ တို့ရဲ့ အရေးပေါ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



...တွေဆိုတာ ၂၄ နာရီလုံးလုံး မနားရဘူး၊ ဒါကြောင့် မင်းတို့အနေနဲ့ အလုပ်ပိုလုပ်ကြရလိမ့်မယ်၊ လခကျတော့ ...မယ်၊ ပုဂ္ဂလိကဆေးရုံမှာဆိုရင် ပထမနှစ်မှာ တိုက်ရိုက်ဆေးကြောအလုပ်ပဲ လုပ်ရတယ်၊ ဒုတိယနှစ်ကျတော့ ...ဆရာဝန်ကို ဓားကမ်းပေးရတယ်၊ တတိယနှစ်ကျတော့မှ သာမည အသေးအဖွဲ ခွဲစိတ်ပြုလုပ်ခွင့်ရတယ်၊ ကဲ ... ...အားလုံး မှတ်ထားလိုက်ကြ၊ တို့ဆေးရုံရဲ့ ဆောင်ပုဒ်ကတော့ 'တစ်ယောက်ကိုစောင့်ရှောက်ပါ၊ တစ်ခုကို လုပ်ပါ၊ ...ယောက်ကို သင်ပြပါ'' ဆိုတာပဲ။

"တို့ဆေးရုံမှာ အမှုထမ်းနည်းတယ်၊ ဒါကြောင့် ခွဲစိတ်ခန်းထဲ မြန်မြန်ဝင်နိုင်လေ ပိုကောင်းလေပဲ၊ မေးစရာများ ...သေးသလား''

အလုပ်သင် လက်ထောက်ဆရာဝန်သစ်ကလေးတွေအနေနှင့် မေးစရာတွေ သောင်းခြောက်ထောင် ရှိနေကြသည်။

"ဘာမှ မေးစရာမရှိကြဘူးလား၊ ကောင်းပြီ၊ မင်းတို့ရဲ့ တရားဝင် ပထမဆုံးနေ့က မနက်ဖြန်ကစပြီး၊ မနက်ဖြန် ... ၅ နာရီခွဲမှာ ပင်မလက်ခံရေးအခန်းကိုသွားပြီး အစီရင်ခံကြ၊ အားလုံး ကံကောင်းကြပါစေ''

...မ်းညွှန်အမှာစကား ပြီးဆုံးသွားပြီ။ တစ်ခန်းလုံး ရုတ်ရုတ်သဲသဲဖြင့် တံခါးဝသို့ စုပြုံထွက်လာကြသည်။ ...ယောက်ကိုတစ်ယောက် စကားပြောသံတွေ အုပ်အုပ် အုပ်အုပ် ပေါ်ထွက်လာသည်။ အမျိုးသမီးဆရာဝန်မလေး ...ယောက် မျက်နှာချင်းဆိုင် ဆုံမိကြသည်။

"တခြား အမျိုးသမီးတွေလည်း မတွေ့ပါလား''

"ကျွန်မတို့ပဲရှိတယ် ထင်တယ်''

"ဆေးကျောင်းက ယောက်ျားကလေးကလပ်ကျနေတာပဲ၊ ကျွန်မစိတ်ထဲမှာ 'အမှောင်ခေတ်ထဲ' ရောက်လာသလိုပဲ ...တယ်''

နောက်ဆုံးပြောလိုက်သူမှာ ခြောက်ပြစ်ကင်း အလှပိုင်ရှင် လူမည်းအမျိုးသမီး ဆရာဝန်မကလေးဖြစ်၏။ အရပ်က ...သေးပါး၊ အရိုးအခြင်ကြီးကြီး။ သို့သော် အလွန်ကျက်သရေရှိသည်။ လမ်းလျှောက်ဟန်၊ ကိုယ်ဟန်မူရာနှင့် ...တော်ပြူးစစ မျက်လုံးများကြောင့် အများနှင့်မတူ တစ်မူထူးခြားပြီး သိသိသာသာ ပေါ်လွင်နေ၏။ သူက ...သူ မိတ်ဆက်သည်။

"ကျွန်မနာမည် ကိတ်ဟန်းတားပါ၊ လူတွေက ကက်လို့ပဲ ခေါ်ကြတယ်''

"ကျွန်မက ပေ့ဂျ်တေလာပါ'' နှုတ်ဆက်ပြီး ဖော်ရွေဟန်နှင့် ဉာဏ်ထက်ပုံရသူကလေး ဖြစ်သည်။

"ကျွန်မက ဘက်တီလူးတပ်ဖ်ပါ၊ ဟန်နီလို့ပဲ ခေါ်ကြပါတယ်''

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူကလေးက တောင်ပိုင်းသူလေသံဖြင့် သိမ်မွေ့စွာ ပြောသည်။ သူ့မျက်နှာက ပွင့်လင်းသည်။ မျက်လုံးက အပြာနုရောင်၊ အပြုံးက နွေးထွေးသည်။

“ရှင်က ဘယ်ကလာတာလဲ” ကက်က မေးသည်။

“တင်နက်ဆီပြည်နယ် မင်းဖစ်မြို့ကပါ”

သူတို့က ပေ့ဂျ်ကို ကြည့်လိုက်ကြသည်။ သူက တိုတိုပဲပြောသည်။

“ဘော့စတန်”

“မင်နီယာပိုလစ်” ကက်က ပြောသည်။

“ကျွန်မတို့အားလုံး အဝေးကြီးက လာကြရသလိုပဲနော်၊ ဒါနဲ့ ရှင်တို့ အခု ဘယ်မှာ နေကြသလဲ”

“ကျွန်မက အစုတ်ပလုတ် ဟိုတယ်တစ်ခုမှာ နေတယ်” ကက်က ပြောသည်။ “နေရာသန့်သန့်ကလေးတစ်ခု လိုက်ရှာနေတာ မတွေ့ဘူး”

“ကျွန်မလည်း အဲဒီလိုပဲ” ဟန်နီက ပြောသည်။

ပေ့ဂျ်မျက်နှာ လန်းကြည်သွားပြီး ...

“ဒီနေ့ မနက် ကျွန်မ တိုက်ခန်းတချို့ သွားကြည့်တယ်၊ တစ်ခန်းကတော့ အပျံစားပဲ၊ ဒါပေမဲ့ ကျွန်မ တစ်ယောက်တည်း မတတ်နိုင်ဘူး၊ အိပ်ခန်းက သုံးခန်းတောင် ပါတယ်”

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

“ဒါဆို ကျွန်မတို့သုံးယောက် စပ်တူငှားနေကြရင် မကောင်းဘူးလား” ကက်က ပြောလိုက်၏။

■

တိုက်ခန်းက မရီနာမြို့နယ်၊ ဖစ်လ်ဘတ်လမ်းထဲမှာ ရှိသည်။ သူတို့ သုံးယောက်အတွက် အကောင်းဆုံးဖြစ်၏။ တိုက်ခန်းက ဟောင်းပေမဲ့ သန့်ရှင်းသပ်ရပ်သည်။ ထိုနေ့ ညနေမှာပင် သူတို့သုံးယောက် ထိုတိုက်ခန်းသို့ ပြောင်းလာခဲ့ကြသည်။ တိုက်စောင့်က အထုပ်အပိုးတွေ ကူသယ်ပေးသည်။

“မင်းတို့က ဆေးရုံမှာ လုပ်ကြတာဆိုတော့ သူနာပြုဆရာမတွေလား” ဟု သူက မေးသည်။ ကက်က ...

“ဆရာဝန်တွေပါ” ဟု ပြောလိုက်သည်။

“ဩော် ... ဆရာဝန်တွေလား” သူက သိပ်မယုံချင်။ “တကယ်ပြောတာလား”

“ဟုတ်ပါတယ်၊ တကယ်ပြောတာပါ” ဟု ပေ့ဂျ်က ပြောလိုက်သည်။

the bookhouse
We bring your future

www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းပြောရရင် ..." သူက ရပ်လျက်။ "ငါတော့ နေမကောင်းဖြစ်ရင် ငါ့ကိုယ်ခန္ဓာကို အမျိုးသမီး စမ်းသပ်တာ မခံချင်ဘူး"

"ဟုတ်ကဲ့၊ ကျွန်မတို့ မှတ်ထားပါ့မယ်"

"ဒါနဲ့ တီဗီက ဘယ်မှာလဲ" ကက်က မေးသည်။ "ဘာမှလဲ မတွေ့ပါလား"

"လိုချင်ရင် ဝယ်ပေါ့၊ ကဲ ... ဆရာမတို့ ... အဲ ... ဒေါက်တာတို့ သဘောရှိသာ နေကြပါတော့"

သူက ရယ်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

"ကဲ ... ဆရာမတို့" ကက်က အစောင့်လေသံအတိုင်း တုပြောလိုက်သည်။ "ပုရိသဝါဒီနဲ့တူတယ်၊ ကဲ ... ကျွန်မတို့ အိပ်ခန်းရွေးကြမယ်"

"ကျွန်မက ဘယ်အခန်းဖြစ်ဖြစ်ရတယ်" ဟန်နီက ပြောသည်။

ပေ့ဂျ်က တိုက်ခန်းရှာပေးသူဖြစ်၍ အခန်းကြီးကို ပေးကြသည်။ ကျန်နှစ်ယောက်က အခန်းသေးတစ်ခန်းစီ ယူသည်။ ကိုယ့်အခန်းထဲကိုယ်ဝင်ပြီး ပစ္စည်းတွေကို နေရာချထားကြသည်။ ပေ့ဂျ်၏ သေတ္တာထဲမှ မှန်ပေါင်တပ် ဓာတ်ပုံတစ်ပုံ ထွက်လာသည်။ အသက်သုံးဆယ်ကျော်ခန့်ရှိမည်။ လူချောလူခန့် တစ်ယောက် ဖြစ်၏။ ကိုင်းမည်း ဘယ်ထားသောကြောင့် ပညာရှင်ပုံ ပေါက်နေသည်။ ပေ့ဂျ်က ယင်းဓာတ်ပုံကို အိပ်ရာဘေးက ပေးစာတွေအနား ချထားလိုက်သည်။

ကက်နှင့် ဟန်နီတို့ အခန်းထဲ ဝင်လာကြသည်။

"ကျွန်မတို့ အပြင်ထွက်ပြီး ညစာ စားကြရအောင်"

"ကျွန်မက အဆင်သင့်ဖြစ်ပါပြီ"

"ဒါနဲ့ ဟိုဟာက ဘယ်သူလဲ" ကက်က မေးလိုက်သည်။

ပေ့ဂျ်က ပြုံးပြီး ...

"ကျွန်မလက်ထပ်မယ့်လူပဲ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ လုပ်နေတဲ့ ဆရာဝန်ပါ၊ နာမည်က အယ်ဖရက်တာနားတဲ့၊ တောင်အာဖရိကမှာ သွားလုပ်နေတယ်၊ ဒါပေမဲ့ ကျွန်မတို့ အတူနေရအောင် ဆန်ဖရန်စစ္စကိုကို လာမှာပါ"

"ရှင် တော်တော်ကံကောင်းတာပဲ" ဟန်နီက ပြောသည်။ "သူ့ကြည့်ရတာ တော်ပုံရတယ်"

"ရှင့်မှာရော အဆက်ရှိနေပြီလား"

"မရှိပါဘူး၊ ကျွန်မက ယောကျ်ားတွေနဲ့ ကံမလိုက်ဘူး"

"အင်ဘာကေဒရိုဆေးရုံက ရှင့်ကံကို ပြောင်းလဲပေးပါလိမ့်မယ်" ဟု ကက်က ပြောလိုက်၏။

The bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံနှင့် သိပ်မဝေးလှသည့် 'တာရန်တီနို' စားသောက်ဆိုင်မှာ ညစာ စားကြသည်။ စားသောက်ရင်း တစ်ယောက်အကြောင်း တစ်ယောက် မေးကြသည်။ သို့သော်လည်း သိပ်ပြီး အတွင်းကျကျတော့ မပြောကြ၊ ခုမှသိကြသည့် လူစိမ်းတွေဖြစ်၍ ကိုယ်ရေးကိုယ်တာကို မသိမသာထိန်းပြီး ပြောနေကြသည်။

ဟန်နီက စကားမပြောသလောက်ပင်။ *သူ့ကြည့်ရတာ ရှက်နေသလိုပဲ*ဟု ပေ့ဂျ်က တွေးမိသည်။ *တစ်ယောက်ယောက်ကများ သူ့အသည်းကို ခွဲခဲ့ဖူးသလား မသိဘူး*။

ပေ့ဂျ်က ကက်ကိုကြည့်ပြီး တွေးနေသည်။ *ကိုယ့်ကိုယ်ကိုယ် တော်တော် ယုံကြည်ပုံပဲ၊ ရည်မှန်းချက်လည်း ကြီးပုံရတယ်၊ သူစကားပြောတာ ငါ့သဘောကျတယ်၊ မိကောင်းဖခင်သမီးပုံစံမျိုး စကားပြောတယ်*။

တစ်ချိန်တည်းတွင် ကက်က ပေ့ဂျ်ကို အကဲခတ်နေသည်။ *ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ချမ်းသာတဲ့ မိန်းကလေးပဲ၊ သူ့မျက်နှာ အမူအရာကိုက ပြနေတယ်*။

ဟန်နီကလည်း တခြားနှစ်ယောက်ကိုကြည့်ပြီး စိတ်ကူးဖြင့် ကောက်ချက်ချနေသည်။ *သူတို့က ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး ယုံကြည်ကြတယ်၊ သူတို့အတွက် ဘာမှ ပြဿနာမရှိသလိုပဲ၊ အားလုံးအေးဆေးပဲ*။

တကယ်တော့ သူတို့ထင်တာတွေ အားလုံးမှားသည်။

■

တိုက်ခန်းပြန်ရောက်တော့ ပေ့ဂျ်သည် စိတ်လှုပ်ရှားမှုကြောင့် အိပ်မပျော်။ အိပ်ရာထဲလှဲရင်း သူ့ဘဝအနာဂတ်ရေးကို တွေးနေမိသည်။ အပြင်ဘက် လမ်းမပေါ်မှ ကားတိုက်သံကြားရသည်။ လူတွေ ဆူညံအော်ဟစ်သံများ ပေါ်ထွက်လာသည်။ တစ်ဆက်တည်းတွင် စိတ်အာရုံသည် အတိတ်ဆီသို့ ပြန်ရောက်သွားသည်။ အရှေ့အာဖရိက တောရွာကလေးမှ တိုင်းရင်းသားတွေ အော်ဟစ်သံ၊ ကြွေးကြော်သံများနှင့် သေနတ်သံများကို ကြားယောင်လာသည်။ လူမျိုးစု စစ်ပွဲထဲ ပိတ်မိနေသည်။

ပေ့ဂျ်သည် ကြောက်လွန်းလို့ ခိုက်ခိုက်တုန်နေသည်။

''သူတို့ သမီးတို့ကို သတ်ကြတော့မယ်''

သူ့အဖေက ဖက်ထားပြီး ...

''မကြောက်ပါနဲ့ သမီးရယ်၊ သူတို့က တို့ကို ဘာမှ မလုပ်ပါဘူး၊ တို့က သူတို့ကို လာကူညီနေတာ၊ တို့ဟာ မိတ်ဆွေတွေဆိုတာ သူတို့ သိပါတယ်''

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆိုင်းမဆင့် ဗုံမဆင့် လူမျိုးစုခေါင်းဆောင်တစ်ယောက် သူတို့တဲအတွင်းသို့ အတင်းဝင်ရောက် လာလေ၏။...

■

ဟန်နီကလည်း အိပ်မပျော်၊ အတွေးနက်နေ၏။ *ဒီနေရာဟာ မင်းဖစ်မြို့ကနေ ဆိုရင် အဝေးကြီးပဲ။ ငါတော့ နေရပ်မြေကို ဘယ်တော့မှ ပြန်ရောက်တော့မယ် မထင်ဘူး။* သူသည် မြို့နယ်လုံခြုံရေးမှူး၏ အသံကို ကြားယောင်လာသည်။

"ကျုပ်တို့က မိသားစု ဂုဏ်သိက္ခာကို လေးစားတဲ့အနေနဲ့ သိက္ခာတော်ရ ဒေါက်ကလပ်လစ်ပွန်ရဲ့ သေဆုံးမှုကို "အကြောင်း ရှာမရတဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမှု" အဖြစ် စာရင်းသွင်းလိုက်တယ်၊ ဒါပေမဲ့ မင်းအနေနဲ့တော့ ဒီမြို့က မြန်နိုင်သမျှ မြန်မြန်ထွက်သွားစေချင်တယ်"

■

ကက်ကတော့ အိပ်ခန်းပြတင်းပေါက်တွင် ရပ်လျက် မြို့သံပြသံများကို နားထောင်နေ၏။ သူ့ဦးခေါင်းထဲမှ အသံတစ်သံက တိုးတိုးကလေး ပြောနေလေသည်။ အဲဒါ မင်းလုပ်တာ ... *အဲဒါ မင်းလုပ်တာ၊ ငါက သူတို့ အားလုံး အကြောင်း ပြတယ်၊ မင်းက ဆရာဝန်ဖြစ်ချင်တယ် မဟုတ်လား၊ လူမည်း ဆရာဝန်မ...၊ ဆေးကျောင်းတွေက ပယ်ချတယ်၊ ဒီဆီကို လျှောက်လွှာပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကံဆိုးချင်တော့ အဲဒီအချိန်မှာ လျှောက်လွှာက ပိတ်သွားပြီ။*

*"မင်းရဲ့ နောက်ခံဘဝကို ထောက်ထားပြီးတော့ အသေးစားတက္ကသိုလ်တစ်ခုကို ဝင်ဖို့ အကြံပေးချင်တယ်"*

သူသည် အတန်းတိုင်းမှာ ထိပ်တန်းအဆင့်တွေ ရခဲ့သည်။ သို့ပေမဲ့ သူလျှောက်ထားသည့် ၂၅ ကျောင်းအနက် တစ်ကျောင်းတည်းကသာ သူ့ကို လက်ခံခဲ့၏။ ကျောင်းအုပ်ကြီးက ပြောသည်။ "ဒီခေတ်မှာ နောက်ခံကျောရိုးကောင်းတဲ့ မိသားစုကလာတဲ့လူကို လက်ခံရတာ အကောင်းဆုံးပဲ" တဲ့။

*တကယ်လို့များ ကြောက်စရာကောင်းလှတဲ့ အဖြစ်မှန်ကို သူသိသွားခဲ့ရင်ဖြင့် ... ။ ။*

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## အခန်း -၂-

နောက်နေ့နံနက် ၅ နာရီခွဲတွင် အလုပ်သင်လက်ထောက် ဆရာဝန်သစ်များကို လူစု၍ တာဝန်အသီးသီးပေးအပ်ရန် ဆေးရုံ တာဝန်ရှိသူများ တန်းစီရပ်နေကြသည်။ သည်လောက် အစောကြီး မှာပင် အသံဗလံတွေ ပွက်လောညံနေ၏။

လူနာတွေက တစ်ညလုံးရောက်လာမစဲ တဖွဲဖွဲ။ အချို့က လူနာတင်ကားနှင့်။ တချို့က ရဲတပ်ဖွဲ့ကားနှင့်။ တချို့က ခြေလျင်။ ဆေးရုံအမှုထမ်းတွေက သူတို့ကို 'ရေမျောကမ်းတင်များ' ဟုခေါ် ကြသည်။ သေနတ်ပစ်ခံရသူ၊ ဓားထိုးခံရသူ၊ ခြေကျိုး၊ လက်ကျိုးသူ၊ သွေးလွန်သူ၊ ကားတိုက်ခံရသူ၊ စိတ်ရူးပေါက်နေသူ၊ အိမ်ခြေရာမြေ မဲ့သူ၊ စွန့်ပယ်ခံရသူ စသည့် လူမျိုးစုံ အရေးပေါ်အခန်းများသို့ စုပြုံ ရောက်လာကြသည်။

အော်သံ၊ ညည်းသံ၊ ငိုသံတွေက ကျက်ကျက်ညံနေသည်။ သွေးရူး သွေးတန်း လှုပ်ရှားရင်း ရှုပ်ယှက်ခတ်နေသည်။ အရေးပေါ် အခန်းများသို့ ကမန်းကတန်း ပြေးဝင်ကြသည်။

လက်ထောက်ဆရာဝန် အသစ်ကလေးတွေမှာ ပတ်ပတ်လည် မှ အနိဋ္ဌာရုံ အသံတွေ၊ မြင်ကွင်းတွေကို နားထောင်ရှုမြင်ရင်း ကြောက် ရွံ့စိတ်ဖြင့် လူစုပြီး ရပ်နေကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်၊ ကက်နှင့် ဟန်နီတို့သုံးယောက် စကြိုတွင် ရပ်နေစဉ် ဝါရင့်ဆရာဝန်တစ်ယောက် လျှောက်လာသည်။

"ဒေါက်တာ တပ်ဖ်ဆိုတာ ဘယ်သူလဲ"

"ကျွန်မပါ" ဟန်နီက ပြောသည်။

ဆရာဝန်က ပြုံးပြီး လက်ကမ်းပေးသည်။

"တွေ့ရတာ ဂုဏ်ယူပါတယ်၊ ခင်ဗျားက ဆေးကျောင်းရမှတ် အမြင့်ဆုံးလို့ ဌာနမှူးက ပြောတယ်၊ ဒီဆေးရုံကို ရောက်လာတာ ဝမ်းသာပါတယ်"

ဟန်နီက ရှက်ပြုံးကလေးဖြင့် ...

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ကက်နှင့် ပေ့ဂျ်တို့က ဟန်နီကို တအံ့တဩ ကြည့်လိုက်ကြ၏။ သူဒီလောက်တောင် တော်မယ်မထင်ပါဘူး" ပေ့ဂျ်က တွေးမိသည်။

"ခင်ဗျားက ခန္ဓာကိုယ် အတွင်းပိုင်းဆေးပညာကို ယူမယ်လို့ သိရတယ်"

"ဟုတ်ပါတယ်"

ဆရာဝန်က ကက် ဘက်သို့လှည့်လျက် ...

"ဒေါက်တာ ဟန်းတား လား"

"ဟုတ်ပါတယ်"

"ခင်ဗျားက ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ကုသမှုကို စိတ်ဝင်စားတယ်"

"ဟုတ်ပါတယ်"

ဆရာဝန်က စာရင်းကို ကြည့်ပြီးနောက် ...

"ခင်ဗျားက ဒေါက်တာလီဝစ်နဲ့ တွဲလုပ်ရမယ်"

ထို့နောက် သူက ပေ့ဂျ်ကို ကြည့်ပြီး ...

"ဒေါက်တာတေလာနော်"

"ဟုတ်ပါတယ်"

"ခင်ဗျားက နှလုံးခွဲစိတ်ကုသမှုကို ယူမယ်"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ခင်ဗျားနဲ့ ဒေါက်တာဟန်းတားတို့ ခွဲစိတ်ကုသမှုဆိုင်ရာမှာ တာဝန်ကျတယ်၊ သူနာပြုချုပ် မာဂရက်စပင်စာရဲ့ ရုံးခန်းမှာ သတင်းသွားပို့ပါ၊ ဒီခန်းမကြီးအတိုင်းပဲ"

"ကျေးဇူးတင်ပါတယ်"

ပေ့ဂျ်က အခြားနှစ်ယောက်ကို ကြည့်ကာ သက်မကြီး ချလိုက်၏။

"ကျွန်မသွားမယ်၊ ရှင်တို့နှစ်ယောက် ကံကောင်းပါစေ"

■

သူနာပြုချုပ် မာဂရက်စပင်စာမှာ မိန်းမတစ်ယောက်ထက် စစ်သဘောင်္တစ်စင်းနှင့် ပို၍ တူနေသည်။ ဝဖြိုးသလောက် မျက်နှာထားတင်းမာပြီး ဟန်ပန်မူရာကလည်း ကြမ်းတမ်းလှ၏။ သူသည် ပေ့ဂျ် ဝင်ရောက်လာသောအခါ သူနာပြုများ အခန်းနောက်တွင် အလွန်အလုပ်များနေသည်။

"ကျွန်မကို ခွင့်ပြုပါ" ပေ့ဂျ် က ပြောလိုက်သည်။

စပင်စာ က မော့ကြည့်ပြီး ...

"ဟုတ်ကဲ့ ... ပြော"

"ဒီမှာ သတင်းပို့ခိုင်းလို့ပါ၊ ကျွန်မက ဒေါက်တာပေ့ဂျ်တေလာပါ"

စပင်စာက စာရွက်ကြည့်ပြီးနောက် ...

"ခဏစောင့်ပါ"

ထို့နောက် သူ အပြင်ထွက်သွားသည်။ တစ်မိနစ်ခန့်အကြာမှ အဝတ်အစားတွေပိုက်ပြီး ပြန်ဝင်လာသည်။

"ရော့ ... ဒီမှာ၊ ဒါတွေက ခွဲစိတ်ခန်းနဲ့ လူနာ ရောင်း လှည့်တဲ့အခါမှာ ဝတ်ဖို့၊ ရောင်းလှည့်တဲ့အခါ ဒီကုတ်အဖြူကို အပေါ်က ထပ်ဝတ်လိုက်"

"ကျေးဇူးပါပဲ"

"သြော် ... ဒီမှာ" သူက 'ပေ့ဂျ်တေလာ၊ အမ်ဒီ' ဟု ရေးထားသည့် သံပြားတံဆိပ်ကလေးတစ်ခုယူပြီး ပေ့ဂျ်အား ပေးသည်။ "အဲဒါ ဒေါက်တာ့ရဲ့ နာမည်တံဆိပ်"

ပေ့ဂျ်က တံဆိပ်ပြားကလေးကို ကိုင်ပြီး တော်တော်ကြာကြာ ကြည့်နေသည်။ **ပေ့ဂျ်တေလာ၊ အမ်ဒီ** သူ့စိတ်ထဲတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် အပ်နှင်းခံရသလို ဝမ်းသာမိ၏။ သည်တံဆိပ်ကလေးတစ်ခုရဖို့အတွက် နှစ်ပေါင်းများစွာ အသည်းအသန် ကြိုးစားခဲ့ရသည် မဟုတ်လား။

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



စပင်စာက သူ့ကို အကဲခတ်နေသည်။

"ဘယ်နှယ့်လဲ ... အဆင်ပြေရဲ့လား"

" ဟုတ်ကဲ့၊ ပြေပါတယ်" ပေ့ဂျ်က ပြုံးရင်း "ကျေးဇူးပါပဲ၊ ဒါနဲ့ ကျွန်မ ဘယ်မှာ ... "

"ဒီစင်္ကြံလမ်းအတိုင်း လျှောက်သွားပါ၊ ဘယ်ဘက်မှာ ဆရာဝန်များ အဝတ်လဲခန်းရှိတယ်၊ ဒေါက်တာက ရောင်းတွေ့ရမယ်၊ အဝတ်သွားလဲပါ"

"ကျေးဇူးပါပဲ"

ပေ့ဂျ် စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။ စင်္ကြံလမ်းတစ်လျှောက်တွင် ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျွမ်းကျင်သူ ပညာသည်တွေနှင့် လူနာတွေ ပြည့်ကျပ်နေ၏။ သက်ဆိုင်ရာ နေရာအသီးသီးသို့ သုတ်သီးသုတ်ပျာ သွားနေကြ၏။ စပီကာမှတွင် လူခေါ်မိုက်ခွက်မှ အသံထွက်ပေါ်လာ၏။

"ဒေါက်တာ ကီနန် ... ခွဲစိတ်ခန်းသုံး၊ ဒေါက်တာကီနန် ... ခွဲစိတ်ခန်းသုံး"

"ဒေါက်တာ တောလဘော့၊ အရေးပေါ်ခန်း (၁)၊ ချက်ချင်း၊ ဒေါက်တာ တောလဘော့၊ အရေးပေါ်ခန်း (၁) ချက်ချင်း"

"ဒေါက်တာအင်ဂျယ်၊ အခန်း ၂၁၂၊ ဒေါက်တာ အင်ဂျယ်၊ အခန်း ၂၁၂"

ပေ့ဂျ်က 'ဆရာဝန်များ အဝတ်လဲခန်း' တံခါးကို ဖွင့်လိုက်သည်။ အထဲတွင် အမျိုးသားဆရာဝန် တစ်ဒါဇင်ခန့် အဝတ်လဲနေကြသည်။ ပေ့ဂျ် အခန်းတံခါးဖွင့်လိုက်တော့ ဆရာဝန်နှစ်ယောက် ကိုယ်တုံးလုံးနီးပါး ဖြစ်နေ၏။

"အို ... ဆောရီး"ပေ့ဂျ်က တံခါးကို အမြန်ပြန်ပိတ်လိုက်သည်။ သူ့အပြင်မှာ ရပ်နေသည်။ ဘာလုပ်ရမှန်းမသိ။ ခပ်လှမ်းလှမ်းတွင် 'သူနာပြုများ အဝတ်လဲခန်း' ဆိုင်းဘုတ်ကို လှမ်းမြင်သည်။ လျှောက်သွားပြီး တံခါးဖွင့်လိုက်၏။ အခန်းထဲ သူနာပြုဆရာမများ အဝတ်အစားလဲနေကြသည်။

တစ်ယောက်က ဆီးမေးသည်။

"ဒါနဲ့ ရှင်က သူနာပြုဆရာမ အသစ်လား"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

ပေ့ဂျ်က တံခါးကို ပြန်ပိတ်ပြီး ဆရာဝန်များ အဝတ်လဲခန်းသို့ ပြန်လျှောက်လာခဲ့၏။ သူ ခဏရပ်နေသည်။ ထို့နောက် အသက်တစ်ချက်ရှုထုတ်ပြီးတော့မှ အခန်းထဲ ဝင်လိုက်သည်။ စကားပြောနေသံတွေ တုံ့ခနဲ ရပ်သွားကြသည်။ တစ်ယောက်က ပြောသည်။

"ဆောရီး ... ကလေးမ၊ ဒါ ဆရာဝန်တွေ အခန်းပါ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဆရာဝန်ပါပဲ"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"အို ... အား ... ဒါဆို ဝင်ပါ၊ ဝဲလ်ကမ်း"

"ကျေးဇူးပါပဲ"

သူ ခေတ္တရပ်နေသည်။ ထို့နောက် နံရံကပ်ဗီရိုဆီသို့ လျှောက်သွားသည်။ သူ အဝတ်အစားများကို ထည့်နေစဉ် ယောက်ျားတွေက အကဲခတ်စောင့်ကြည့်နေကြသည်။ သူက သူတို့ဘက် တစ်ချက်လှည့်ကြည့်ပြီးနောက် ဘလောက်အင်္ကျီ ကြယ်သီးကို စတင်ဖြုတ်တော့သည်။

ယောက်ျားတွေ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ နောက်တော့မှ တစ်ယောက်က ပြောလိုက်သည်။

"ဒီကလေးမအတွက် ကျွန်တော်တို့ ခဏအပြင်ထွက်ပေးကြရင် ကောင်းလိမ့်မယ်"

*အင်း ... ဒီကလေးမတဲ့လား။* "ကျေးဇူးတင်ပါတယ်"

ယောက်ျားတွေ ထွက်သွားကြတော့ ပေ့ဂျ်က တွေးလိုက်မိသည်။

*ငါတော့ နေ့တိုင်း ဒီလိုပဲ ကြုံနေရမယ် ထင်ပါရဲ့။*

■

လူနာဆောင်များကို ရောင်းလှည့်ကြည့်ရှုရာတွင် ဖွဲ့စည်းပုံအစဉ်အလာသည် ဘယ်တော့မှ မပြောင်းလဲ။ တာဝန်ကျ ဆရာဝန်က ရှေ့ဆုံးမှ၊ သူ့နောက်မှ ဝါရင့်လက်ထောက်ဆရာဝန်၊ သူ့နောက်မှ အလုပ်သင်လက်ထောက်ဆရာဝန် အသစ်များ ပြီးတော့မှ ဆေးကျောင်းသားတစ်ယောက် (သို့မဟုတ်) နှစ်ယောက် လိုက်ပါကြသည်။ တာဝန်ကျ ဆရာဝန် ပေ့ဂျ်ကို ဒေါက်တာဝီလျံရက်နား၏ ကြီးကြပ်မှုအောက်တွင် တာဝန်ပေးထားသည်။ ပေ့ဂျ်နှင့် အခြားလက်ထောက် ဆရာဝန်ငါးယောက် ဒေါက်တာရက်နားနှင့် တွေ့ဆုံရန် စောင့်ကြသည်။

သူတို့ အုပ်စုတွင် တရုတ်အမျိုးသား လူငယ်ဆရာဝန်တစ်ယောက်လည်း ပါသည်။ သူက လက်ကမ်းပေးပြီး -

"တွမ်ချန်းပါ၊ ခင်ဗျားလည်း ကျွန်တော့်လိုပဲ စိတ်လှုပ်ရှားနေတယ် ထင်တယ်"

ပေ့ဂျ်က သူ့ကို ချက်ချင်း သဘောကျသွားသည်။

သူတို့ဆီ လူတစ်ယောက်လျှောက်လာပြီး ...

"မင်္ဂလာနံနက်ပါ၊ ကျွန်တော်က ဒေါက်တာ ရက်နားပါ"

သူ့အသံက အေးသည်။ မျက်လုံးတွေက တောက်သည်။ လက်ထောက် ဆရာဝန်သစ် အားလုံးက အသီးသီး နာမည်ပြောပြီး မိတ်ဆက်ကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ခင်ဗျားတို့အတွက် ပထမဆုံး ရောင်းလှည့်တဲ့နေ့ပဲ၊ အဲဒီတော့ မြင်ရသမျှ၊ ကြားရသမျှ အားလုံးကို မှတ်သားစေချင်တယ်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာ ကိုယ့်ကိုယ်ကိုယ် သက်သောင့်သက်သာ နေဖို့လည်း အရေးကြီးတယ်။

"ခင်ဗျားတို့ တင်းကျပ်နေတာကို လူနာတွေမြင်ရင် သူတို့လည်း တင်းကျပ်နေလိမ့်မယ်၊ အဲဒီတော့ လူနာတွေက ခင်ဗျားတို့ မပြောပြတဲ့ ရောဂါတစ်ခုခုကြောင့် သူတို့ သေရတော့မယ်လို့ ယူဆကြလိမ့်မယ်၊ ဒီအချိန်ကစပြီး ခေါင်းထဲမှာ မှတ်ထားစေချင်တာက ခင်ဗျားတို့ဟာ တခြားလူသားတွေရဲ့ သေရေးရှင်ရေးကို လုံးဝ တာဝန်ယူရတော့မယ်ဆိုတဲ့ အချက်ပဲ"

ဒေါက်တာ ရက်နား စကားတစ်ခွန်းပြောတိုင်း ပေ့ဂျ်မှာ စိတ်လှုပ်ရှားနေသည်။ သူပြောပြီးသောအခါ ပေ့ဂျ်၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသည် လုံးဝ ပျောက်ကွယ်သွားသည်။ *ငါဟာ ဒီအတွက် အဆင်သင့်မဖြစ်သေးဘူး၊ ငါဘာလုပ်ရမလဲ ငါ ဆရာဝန်ဖြစ်နိုင်တယ်လို့ ဘယ်သူပြောခဲ့တာလဲ၊ ငါ့ကြောင့် တစ်ယောက်ယောက် သေသွားရင်ဖြင့် ... ။*

ဒေါက်တာ ရက်နားက ဆက်ပြောသည်။

"ကိုယ့်လူနာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ဓာတ်ခွဲခန်း မှတ်ချက်၊ ဆေးစစ်ဆေးချက်၊ အီလက်ထရိုလိုက် အချက် စတာတွေ မှန်သမျှ အသေးစိတ်ရေးဖို့ မမေ့နဲ့၊ မရှင်းတာရှိသလား"

"မရှိပါဘူးဆရာ" အားလုံးက သံပြိုင် ပြောလိုက်ကြသည်။

"ဒီဆေးရုံမှာ တစ်ချိန်တည်းမှာပဲ အနည်းဆုံး ခွဲစိတ်ကုသ လူနာပေါင်း သုံးဆယ်က လေးဆယ်အတွင်း ရှိတတ်တယ်၊ လူနာတွေအတွက် အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်လုပ်ကိုင်ဖို့ အရေးကြီးတယ်၊ အခုအချိန်ကစပြီး အခန်းတိုင်း ရောင်းလှည့်မယ်၊ ညနေကျတော့လည်း အလားတူပဲ တစ်ခါထပ်လှည့်မယ်"

■

ဆေးကျောင်းမှာတုန်းက အားလုံး လွယ်ကူချောမောခဲ့သည်။ ကုန်ခဲ့သော လေးနှစ်တာကာလအကြောင်းကို ပေ့ဂျ် စဉ်းစားမိသည်။ ကျောင်းသူကျောင်းသားပေါင်း ၁၅၀ ရှိသည်။ မိန်းကလေး ၁၅ ယောက်သာ ပါဝင်၏။ ခန္ဓာဗေဒ အတန်း ပထမနေ့ကို သူ့တစ်သက် မမေ့နိုင်တော့။ ကျောင်းသူကျောင်းသားတွေ ကြွေပြားခင်း ခန်းမကြီးထဲသို့ ဝင်လာကြသည်။ စားပွဲ ၁၂ လုံး တန်းစီထားပြီး စားပွဲတိုင်းကို အဝါရောင်အဝတ် ဖုံးထားသည်။ ပါမောက္ခက ပြောသည်။

"ကောင်းပြီ၊ အဝတ်တွေကို ဆွဲဖယ်လိုက်ကြပါ"

ဤတွင် ပေ့ဂျ်၏ရှေ့မှာ ပထမဆုံး လူသေအလောင်းကြီးကို စတင်တွေ့ရတော့သည်။ သူကြောက်လန့်ပြီး မူးမေ့သွားမတတ် ခံစားလိုက်ရသော်လည်း ထင်မိသည်။ သို့သော် သူစိတ်ကို တည်ငြိမ်အောင် ထိန်းထားသည်။ အလောင်းကောင်ကို မပုပ်မသိုးအောင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးစိမ်ထားသည်။

ပထမတွင် ကျောင်းသူကျောင်းသားတွေက ခန္ဓာဗေဒခွဲစိတ်ခန်းတွင် ငြိမ်ဆိတ်နေကြသည်။ တစ်ပတ်ကြာတော့ အလောင်းကောင်ကို ခွဲစိတ်ရင်း မုန့်စားလာကြသည်။ ရယ်စရာတွေ ပြောလာကြသည်။ ပေ့ဂျ်အံ့သြနေ၏။ နောက်တော့ သူတို့က အလောင်းကောင်တွေကို နာမည်ပေးပြီး မိတ်ဟောင်း ဆွေဟောင်းတွေလို ဆက်ဆံလာကြသည်။ ပေ့ဂျ်ကလည်း သူများတွေလို လုပ်နိုင်အောင် အတင်းကြိုးစားသည်။ သို့သော် သိပ်မလွယ်လှ၊ သူ ခွဲစိတ်နေရသည့် အလောင်းကောင်ကို ကြည့်ပြီး တွေးနေမိသည်။

*သူလည်း တစ်ချိန်တုန်းက အိမ်နဲ့ရာနဲ့ မိသားစုနဲ့ နေခဲ့မှာပဲ၊ နေ့တိုင်း အလုပ်ကိုသွားမယ်၊ တစ်နှစ်တစ်ခါ မိန်းမနဲ့ ကလေးတွေခေါ်ပြီး အပန်းဖြေခရီးထွက်မယ်၊ အားကစားတို့၊ ရုပ်ရှင်ပြဇာတ်တို့လည်း ဝါသနာပါချင် ပါမှာပဲ၊ သူ့မှာ အနာဂတ်မျှော်မှန်းချက်တွေ ရှိနိုင်တယ်၊ အဲဒါတွေ အောင်မြင်ခဲ့မှာ သေချာတယ်၊ အခုတော့ သူသေနေပြီ၊ ငါကတော့ အသက်ရှင်နေတုန်း ...။*

ပေ့ဂျ်၏ ရင်ထဲတွင် ဝမ်းနည်းဝမ်းသာ ခံစားရ၏။

နောက်ပိုင်းကျတော့ အလောင်းကောင် ခွဲစိတ်လေ့ကျင့်ရတာကို ပေ့ဂျ်တောင်မှ လုပ်ရိုးလုပ်စဉ်လို သဘောထား လာသည်။ ရင်ဘတ်ကိုခွဲ၊ ပြီးတော့ နံရိုးတွေ၊ အဆုတ်တွေ၊ နှလုံးအိတ်၊ သွေးလွှတ်ကြော၊ သွေးပြန်ကြောနဲ့ နာ့ဗ်ကြောတွေကို စမ်းသပ်စစ်ဆေး ... ။

ပထမနှစ်နှစ်တွင် အများအားဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်း နာမည်တွေ အများကြီး မှတ်မိအောင် ကျက်မှတ်ကြရသည်။ နောက်ဆုံးနှစ်နှစ်ကျတော့ ပို၍ စိတ်ဝင်စားစရာ ကောင်းလာသည်။ ခန္ဓာကိုယ်အတွင်းပိုင်းဆိုင်ရာ ဆေးပညာကို လေ့လာကြရသည်။ ခွဲစိတ်ကုသပညာ၊ ကလေးသူငယ်ရောဂါဗေဒ၊ သားဖွားနှင့် မီးယပ်ရောဂါဗေဒ စသည်တို့ကို ဒေသန္တရဆေးရုံတွင် လက်တွေ့ဆည်းပူးကြရ၏။

ပေ့ဂျ်၏ စိတ်အာရုံသည် အတိတ်ကာလသို့ ပြန်ရောက်နေသည်။

"ဒေါက်တာတေလာ"

ဝါရင့်ဆရာဝန်က ခေါ်လိုက်သည်။ ပေ့ဂျ် ဖျတ်ခနဲ လန့်သွား၏။ အခြားသူတွေ စင်္ကြံလမ်းတစ်ဝက်ခန့် ရောက်သွားကြပြီ။

"လာပါပြီရှင့်"

ပေ့ဂျ် ကမန်းကတန်း ပြေးလိုက်သွားသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ ထောင့်မှန်စတုဂံ အခန်းကျယ်ကြီးတစ်ခုထဲ ဝင်လာကြသည်။ အခန်းနံရံတစ်ဘက်စီတွင် ခုတင်တွေ ချထားသည်။ ခုတင်ဘေးတွင် စင်ကလေးတစ်ခုစီ ချထားသည်။ ပေ့ဂျ်က လူနာခုတင်တွေကို ခန်းဆီးကာထားမည်ဟု ထင်ခဲ့သည်။ ယခုတော့ ဘာ ခန်းဆီးမှမရှိ။

ပထမဆုံး စစ်ဆေးသည့် လူနာမှာ တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်နေသည့် လူကြီးတစ်ယောက်ဖြစ်၏။ သူသည် ဆက်ပြင်းပြင်းရှူ၍ အိပ်မောကျနေသည်။ ဒေါက်တာရက်နားက ခုတင်ခြေရင်းမှ ဆေးကုမှတ်တမ်းကတ် ယူကြည့်သည်။ ထို့နောက် လူနာဘေးသို့ ကပ်သွားပြီး ပခုံးကို အသာလက်ဖြင့် ထိလိုက်သည်။

"မစ္စတာပေါ်တာ"

"အား ... " လူနာက မျက်လုံးဖွင့်ကြည့်သည်။

"မင်္ဂလာပါ၊ ကျွန်တော်က ဒေါက်တာရက်နားပါ၊ အဘ ဘယ်လိုနေသလဲလို့ ကျွန်တော်လာကြည့်တာ၊ ညတုန်းက အိပ်ပျော်ရဲ့လား"

"မဆိုးပါဘူး"

"နာတာပြုတာ ရှိသေးသလား"

"ဟုတ်ကဲ့၊ ရင်ဘတ်ထဲက နာတာတော့ ရှိတယ်"

"ကျွန်တော် စမ်းသပ်ကြည့်ပါရစေ"

သူစမ်းသပ်ပြီးတော့ ...

"အဘ အခြေအနေကောင်းပါတယ်၊ နာတာအတွက် ဆရာမလေးကို ဆေးပေးခိုင်းလိုက်ပါ့မယ်"

"ကျေးဇူးပဲ ဒေါက်တာ"

"ကောင်းပြီ၊ ညနေပိုင်းမှ တစ်ခါ ပြန်လာကြည့်ဦးမယ်"

သူတို့ ပြန်လှည့်လာကြသည်။ ဒေါက်တာရက်နားက လက်ထောက်ဆရာဝန်ကလေးများကို ပြောသည်။

"လူနာဆီက ဟုတ်တယ် မဟုတ်ဘူး အဖြေတိတိကျကျရအောင် မေးပါ၊ သူ့အခြေအနေ တိုးတက်မှုအတွက် အားပေးစကားပြောပါ၊ သူ့မှတ်တမ်းကတ်ကို လေ့လာပြီး သေသေချာချာမှတ်သားပါ၊ လူနာတိုင်းရဲ့ အဓိကတင်ပြချက်၊ ဘက်ရှိခံစားနေရမှု၊ ယခင်ခံစားနေရမှု၊ မိသားစုနဲ့ လူမှုရေးရာဇဝင်တွေကို အပြည့်အစုံ ရေးမှတ်ပါ၊ သူ အရက်သောက်သလား၊ ဆေးလိပ်သောက်သလား စသည်ပေါ့၊ နောက်တစ်ကြိမ် ရောင်းလှည့်ရင် အဲဒါတွေ အပြည့်အစုံ ရှိနေပါစေ"

နောက်လူနာတစ်ယောက်ဆီသို့ လာခဲ့ကြသည်။ အသက် ၄၀ ကျော်အရွယ် လူနာဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ မစ္စတာရောလင်း"

"မင်္ဂလာပါ ဒေါက်တာ"

"ဒီနေ့မနက် ဘယ်လိုနေသလဲ"

"သိပ်မကောင်းဘူး၊ တစ်ညလုံး အိပ်မပျော်ဘူး၊ အစာအိမ်ထဲက နာနေတယ်"

ဒေါက်တာ ရက်နားက ဝါရင့်လက်ထောက်ဆရာဝန်ဘက် လှည့်လျက် ...

"စအိုစစ်ဆေးချက် ဘယ်လိုနေသလဲ"

"ပြဿနာတစ်စုံတစ်ရာ မတွေ့ဘူးဆရာ"

"သူ့ကို ဗယ်ရီယံဝမ်းချုပစ္စည်းထည့်ပြီး အပေါ်ပိုင်း ဂျီအိုင် လုပ်ပေးပါ၊ ချက်ချင်းလုပ်"

လက်ထောက်ဆရာဝန်က လိုက်မှတ်သည်။

နောက်လူနာတစ်ယောက်က နှလုံးခွဲစိတ်ထားသည့် အဘွားကြီး မစ္စက်တာကယ်ဖြစ်၏။

"နေကောင်းရဲ့လား အမေ"

"ကျွန်မ ဒီမှာ ဘယ်လောက်နေရဦးမှာလဲ"

"သိပ်မကြာတော့ပါဘူး၊ အခြေအနေကောင်းပါတယ်၊ မကြာခင် ဆင်းရတော့မှာပါ"

ထို့နောက် နောက်တစ်ယောက်ဆီသို့ လာခဲ့ကြပြန်သည်။ လုပ်ငန်းစဉ်က ပုံမှန်ဖြစ်နေသည်။ မနက်ပိုင်းသည် ကုန်မှန်းမသိ ကုန်သွား၏။ စုစုပေါင်း လူနာ သုံးဆယ်တိတိ ကြည့်ဖြစ်ကြသည်။ လူနာတစ်ယောက် စစ်ဆေးပြီးတိုင်း လက်ထောက်ဆရာဝန်တွေက အလျင်အမြန် မရပ်မနား ရေးမှတ်ကြ၏။ နောက်ထပ် ပြန်ဖတ်လို့မှ ရပ့်မလား ထင်ရ၏။

လူနာတစ်ယောက်ကိုတော့ ပေ့ဂျ်က သံသယဖြစ်မိသည်။ သူ့ပုံပန်းက တကယ့်ကို ကျန်းကျန်းမာမာကြီး၊ သူ့အနားက ပြန်ထွက်လာတော့ ပေ့ဂျ်က ဒေါက်တာရက်နားကို မေးလိုက်သည်။

"ဒီမိန်းမကြီးရောဂါက ဘာလဲဆရာ"

"ဘာရောဂါမှ မရှိဘူး၊ သူက ဆေးရုံအပျော်လာတက်တာ၊ သူတို့လို လူစားမျိုးတွေက ရောဂါဖြစ်ချင်ယောင် ဆောင်ပြီး အခုလို ဆေးရုံလာတက်ကြတာ၊ အဲဒါ သူတို့ဝါသနာပဲ၊ အခု မိန်းမကြီးဆို မနှစ်က ခြောက်ကြိမ်တိတိ လာတက်ခဲ့တယ်"

နောက်ဆုံးတစ်ယောက်လည်း အဘွားကြီးပင် ဖြစ်၏။ အသက်ရှူပိုက်တပ်ထားရသည်။ လုံးဝ မေ့မြောနေ၏။

"သူက နှလုံးရောဂါ အပြင်းအထန် ခံစားနေရတယ်" ဒေါက်တာရက်နားက ရှင်းပြသည်။ "သတိရတာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပတ်ရှိပြီ၊ သူ့ရဲ့ အဓိကလက္ခဏာတွေက ကျဆင်းသွားပြီ၊ တို့ ဘာမှမတတ်နိုင်တော့ဘူး၊ ဒီနေ့ ညနေဆိုရင် ပိုက်ဖြုတ်လိုက်ရတော့မယ်"

ပေ့ဂျ် လန့်သွားမိ၏။ "ပိုက်ဖြုတ်လိုက်ရတော့မယ် ဟုတ်လား"

"ဟုတ်တယ်၊ ဆေးရုံကိုယ်ကျင့်တရားကော်မတီက ဒီနေ့ မနက်ပဲ ဆုံးဖြတ်ချက်ချတယ်၊ သူက ၈၇ နှစ်ရှိပြီ၊ ဦးနှောက်လည်း သေသွားပြီ၊ သူ့ကို ဒီအတိုင်းထားရတာ ရက်စက်ရာရောက်တယ်၊ မိသားစုမှာလည်း ပိုက်ဆံကုန်တယ်၊ ... မင်းတို့အားလုံးကို ညနေရောင်းလှည့်တော့မှ ပြန်တွေ့မယ်"

ခေါက်တာရက်နား လျှောက်ထွက်သွားသည်။ ပေ့ဂျ်က လူနာအဘွားကြီးကို ပြန်ကြည့်လိုက်၏။ သူ အသက်ရှင်နေဆဲ ရှိသေးသည်။ *နောက် သိပ်မကြာခင်မှာ သူသေရတော့မယ်၊ ညနေပိုင်းမှာ တို့က သူ့အသက်ရှူပိုက်ကို ဖြုတ်ရတော့မယ်၊ တကယ်တော့ ဒါဟာ လူသတ်မှု ကျူးလွန်တာပဲ။ ။*

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၃-

ထိုနေ့ ညနေ ရောင်း လှည့်ပြီးတော့ အပေါ်ထပ် နားနေခန်းကလေးတွင် အလုပ်သင် လက်ထောက်ဆရာဝန်အသစ်တွေ လာဆုံကြသည်။ အခန်းထဲတွင် စားပွဲရှစ်လုံး၊ အဖြူအမည်း တီဗီအဟောင်းတစ်လုံးနှင့် အစားအသောက် အရောင်းစက် နှစ်လုံးရှိသည်။ ဆင်းဒဝစ်မုန့် အညှဲစားများနှင့် ကော်ဖီခါးများ စားသောက်၍ ရသည်။

ဆရာဝန်ကလေးများ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ အကြောင်းရပ်ကတော့ တစ်ထပ်တည်းလောက် တူညီသည်။

ကက်သည် ပေ့ဂျ်နှင့် ဟန်နီတို့စားပွဲတွင် လာထိုင်၏။

"အခြေအနေဘယ်လိုလဲ" သူက မေးသည်။

"ကောင်းပါတယ်" ဟန်နီက ဖြေသည်။

သူတို့နှစ်ယောက်က ပေ့ဂျ်ကို ကြည့်လိုက်ကြသည်။

"ကျွန်မစိတ်တွေ တင်းကျပ်နေတယ်၊ ဒါကြောင့် စိတ်ကိုလျှော့ထားနေရတယ်၊ စိတ်လှုပ်ရှားနေတယ်၊ ဒါကြောင့် တည်ငြိမ်အောင် ကြိုးစားရတယ်၊ အချိန်သိပ်ကြာတာပဲနော်၊ ကျွန်မတော့ ဒီနေရာက ထွက်ပြီး ဒီည စိတ်ချမ်းသာစရာ တစ်ခုခု လုပ်ချင်တယ်"

"ကျွန်မလည်း အတူတူပဲ" ကက် က ပြောသည်။ "ကျွန်မတို့ ညစာထွက်စားရင်း ရုပ်ရှင်ကြည့်ကြရင် မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့"

ဆေးရုံအကူအမှုထမ်းတစ်ယောက် လျှောက်လာပြီး ...

"ဒေါက်တာ တေလာ ရှိပါသလား"

"ကျွန်မပါပဲ"

"ဒေါက်တာဝါလေ့က သူ့ရုံးခန်းထဲ လာတွေ့ပါတဲ့"

*ဆေးရုံအုပ်ကြီးက ဘာကြောင့်ခေါ်တာလဲ၊ ငါ ဘာများလုပ်မိလို့လဲ၊* အမှုထမ်းက ရပ်စောင့်နေသည်။

"ကျွန်မ လိုက်ခဲ့မယ်" သူ သက်မတစ်ချက်ချပြီး ထရပ်လိုက်၏။ 'ကဲ ... နောက်တော့မှ ဆုံကြမယ်'

"ဒီလမ်းအတိုင်းပါ ဒေါက်တာ"

အမှုထမ်းက ပေ့ဂျ်ကို ဓာတ်လှေကားသို့ ခေါ်လာခဲ့သည်။ ငါးထပ်သို့ တက်လာခဲ့ကြသည်။

ရုံးခန်းစားပွဲနောက်တွင် ဆေးရုံအုပ်ကြီး ထိုင်နေသည်။ ပေ့ဂျ် ဝင်လာတော့ ...

"မင်္ဂလာပါ ... ဒေါက်တာ"

"မင်္ဂလာပါ ... ဆရာကြီး"

ဝါလေ့က လည်ချောင်းရှင်းလိုက်ပြီးတော့မှ ...

"ဒီနေ့ မင်းရဲ့ ပထမနေ့၊ ထူးထူးခြားခြား လုပ်လိုက်တာပ" ပေ့ဂျ် ကြောင်စီစီဖြစ်နေသည်။

"ကျွန်မ ... ကျွန်မ သဘောမပေါက်ဘူး ဆရာကြီး"

"ဩော် ... ဒီလိုပါ၊ ဒီနေ့မနက် ဆရာဝန်များ အဝတ်လဲခန်းမှာ မင်းပြဿနာလေးတစ်ခု ကြုံရတယ်ကြားတယ်"

*အို ... လက်စသတ်တော့ သူက ဒါပြောချင်လို့ ခေါ်တာကို။*

ဝါလေ့က ပြုံးရင်း ...

"မင်းနဲ့ အခြားမိန်းကလေးတွေအတွက် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်"

"ကျွန်မတို့က ..." *ကျွန်မတို့က မိန်းကလေးတွေ မဟုတ်ပါဘူးဟု* ပြောလိုက်တော့မည်ဆဲဆဲ ပြန်ထိန်းလိုက်ပြီး ... "ကျွန်မတို့အနေနဲ့ ကျေးဇူးတင်ပါတယ်"

"ဒီစပ်ကြား သူနာပြုတွေနဲ့အတူတူ အဝတ်လဲရင် မရဘူးလား"

"ကျွန်မက သူနာပြုမဟုတ်ဘူး" ခပ်မာမာပြောလိုက်သည်။ "ကျွန်မက ဆရာဝန်ပါ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ် ဒေါက်တာ"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ပေ့ဂျ်အား စာရွက်တစ်ရွက် ကမ်းပေးရင်း ...

"ဒါ မင်းအတွက် လုပ်ငန်းဇယားပဲ၊ ခြောက်နာရီကစပြီး ၂၄ နာရီ အရေးပေါ်သင့် တာဝန်ယူရမယ်" သူက နာရီကြည့်လိုက်ပြီးတော့မှ "ဒီအချိန်ကစပြီး နောက်နာရီဝက်က စတင်မယ်"

ပေ့ဂျ်က တအံ့တသြ ကြည့်လိုက်သည်။ *ထိုနေ့မနက် ငါးနာရီခွဲမှာစပြီး သူတာဝန်ထမ်းခဲ့ပြီးပြီ။ အခုတစ်ခါ နောက်ထပ် ၂၄ နာရီတဲ့လား။*

"အမှန်ကတော့ ၃၆ နာရီပဲ၊ ဘာဖြစ်လို့လဲဆို မနက်ကျတော့ ထပ်ပြီး လူနာဆောင် ရောင်းလှည့်ရဦးမယ်လေ"

*အမယ်လေး ... ၃၆ နာရီဆိုပါလား၊ ဘုရား ... ဘုရား၊ ငါ လုပ်မှ လုပ်နိုင်ပါ့မလား။*

သည်မေးခွန်း၏ အဖြေကို သူ မကြာမီ သိရလိမ့်မည်။

■

ပေ့ဂျ်သည် ကက်နှင့် ဟန်နီတို့ကို သွားတွေ့သည်။

"ကျွန်မကတော့ ညစာနဲ့ ရုပ်ရှင်ကို မေ့ပစ်လိုက်ရတော့မယ်၊ အရေးပေါ်သင့် တာဝန် ၃၆ နာရီကျနေလို့"

ကက်က ခေါင်းညိတ်ရင်း ...

"ကျွန်မတို့လည်း သတင်းဆိုးကို ခုတင်လေးပဲ ကြားကြရတယ်၊ ကျွန်မက မနက်ဖြန်၊ ဟန်နီက ဗုဒ္ဓဟူးနေ့"

"ဒါဆို သိပ်မဆိုးပါဘူး" ပေ့ဂျ်က ရယ်ပြီး ပြောသည်။ "အရေးပေါ်သင့်တာဝန်ခန်းမှာ အိပ်လို့တော့ ရမယ်ထင်တယ်၊ ကျွန်မကတော့ အိပ်မှာပဲ"

သူထင်တာ လုံးဝမှား၏။

■

ဆေးရုံအကူအမှုထမ်းက ပေ့ဂျ်အား စင်္ကြံလမ်းအတိုင်း ခေါ်လာသည်။

"ဒေါက်တာဝါလေ့က ပြောတယ်၊ ကျွန်မ ၃၆ နာရီ အရေးပေါ်သင့်တာဝန်ယူလုပ်ရမယ်တဲ့၊ လက်ထောက်ဆရာဝန်တွေအားလုံး ဒီလိုပဲ လုပ်ကြရသလား"

"ပထမ သုံးနှစ်လောက်ပါ"

*သေပြော ... နန္ဒိယ။*

"ဒါပေမဲ့ ဒေါက်တာအနေနဲ့ နားချိန်အများကြီး ရပါတယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ရချင်ပါတယ်တော်"

"ဒီမှာ ... ဒါ အရန်သင့်တာဝန်ခန်းပဲ"

သူက တံခါးဖွင့်ပေးသည်။ ပေ့ဂျ် ဝင်လာသည်။ အခန်းက ဆင်းရဲသား တောရွာဘုန်းကြီးကျောင်းက ကျက်သရေဆောင်နှင့် တူနေသည်။ အထဲမှာ ခေါက်ခုတင်တစ်လုံး၊ ကွဲအက်နေသည့် နံရံကပ်လက်ဆေးကန်၊ တယ်လီဖုန်းတင်ထားသည့် ခုံတစ်ခုသာရှိသည်။

"အားလပ်ချိန်မှာ ဒေါက်တာ ဒီမှာ အိပ်လို့ရတယ်"

"ကျေးဇူးပါပဲ"

■

ပေ့ဂျ် လက်ဖက်ရည်ဆိုင်မှာ ညနေစာ စားမလို့ လုပ်နေတုန်း တယ်လီဖုန်း မြည်လာသည်။

"ဒေါက်တာတေလာ ... အရေးပေါ်ခန်း (၃) ဒေါက်တာတေလာ ... အရေးပေါ်ခန်း (၃)"

တစ်ချိန်လုံး သူနာပြုဆရာမတွေက သူ့ကိုပဲ ပိုက်စိပ်တိုက် လိုက်ရှာနေကြ၏။

"မစ္စတာ ဟင်နီဂန်က ရင်ဘတ်အောင့်တယ်လို့ ပြောနေပါတယ်"

"အဆောင် (၂) က လူနာ အရမ်းခေါင်းကိုက်နေပါတယ်၊ အဲဒါ သူ့ကို အဆက်တမင်နီဖင် ထိုးပေးလိုက်ရမလား"

သန်းခေါင်လောက်တွင် ပေ့ဂျ်အိပ်ပျော်နေတုန်း တယ်လီဖုန်းသံ ပေါ်ထွက်လာပြန်၏။

"အရေးပေါ်ခန်း (၁) ကို သတင်းပို့ပါ"

ယင်းမှာ ဓားဒဏ်ရာဖြစ်သည်။ မနက် ၁ နာရီခွဲတွင်မှ စမ်းသပ်ကုသပြီးသွားသည်။ ၂ နာရီ ၁၅ မိနစ်တွင် သာခေါ်ပြန်၏။

"ဒေါက်တာတေလာ ... အရေးပေါ်ခန်း (၂) ... ချက်ချင်း"

အိပ်ရာမှ ကမန်းကတန်း ထပြီး အရေးပေါ်ခန်းသို့ သုတ်ခြေတင်လာခဲ့သည်။ ခြေထောက်ကျိုးလူနာ တစာစာ အော်ညည်းနေသည်။

"ဓာတ်မှန်ရိုက်" ပေ့ဂျ်က အမိန့်ပေးလိုက်၏။ "ပြီးတော့ သူ့ကို ဒီမီရို ၅၀ မီလီဂရမ် ပေးပါ" သူက လူနာ၏ လက်ကို ကိုင်ရင်း "ကောင်းသွားမှာပါ၊ စိတ်ကို လျှော့ထားပါ"

ထိုအခိုက် မိုက်ကရိုဖုန်းမှ အသံထွက်လာပြန်၏။

"ဒေါက်တာတေလာ ... အဆောင် (၃) ... အဆောင် (၃) ချက်ချင်း"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က အော်ညည်းနေသည့် လူနာကို ကြည့်လိုက်သည်။ သည်အတိုင်းထားပစ်ခဲ့ရမှာကို တုံ့ဆိုင်းနေသည်။ အရေးပေါ်ခေါ်သံ ပေါ်ထွက်လာပြန်သည်။

"ဒေါက်တာတေလာ ... အဆောင် (၃) ... အဆောင် (၃) ... ခုချက်ချင်း"

"လာပါပြီ ... လာပါပြီ"

အဆောင် (၃) သို့ ပြေးလာခဲ့၏။ လူနာက အန်နေသည်။ အသက်ရှူကျပ်နေသည်။

"သူ့အရမ်း မောနေတယ်" သူနာပြုဆရာမက ပြောသည်။

"ပါးစပ်ကို စုပ်ပါ" ပေ့ဂျ်က ညွှန်ကြားလိုက်သည်။ သူစောင့်ကြည့်နေစဉ်မှာပင် လူနာ အသက်ပြန်ရှူလာသည်။ လူခေါ်မိုက်ကရိုဖုန်းမှ အသံပေါ်ထွက်လာပြန်၏။

"ဒေါက်တာတေလာ ... အဆောင် (၄) ... အဆောင်(၄) ... "

ပေ့ဂျ်သည် ဦးခေါင်းကို ခါးယမ်းလိုက်ပြီးနောက် အဆောင် (၄) သို့ ပြေးခဲ့ရပြန်၏။ လူနာသည် အသည်းအသန် အကြောဆွဲနေသည်။ ပေ့ဂျ်က အလျင်အမြန်စမ်းသပ်စစ်ဆေးကြည့်ပြီးနောက် "သူ့ကို အာလ်ထရာဆောင်း ချက်ချင်း ရိုက်ပါ"

သူခြေကျိုးလူနာထံ ပြန်ပြေးလာခဲ့သည်။ လူနာကို ခွဲစိတ်ခန်းခေါ်သွားပြီး အရိုးဆက်ပေးသည်။ ပြီးခါနီးတွင် သူ့နာမည်ခေါ်သံ ကြားရပြန်၏။

"အရေးပေါ်ခန်း (၂) ... ချက်ချင်း ... ချက်ချင်း"

"အဆောင် (၄)က အစာအိမ်လူနာ သိပ်ပြီးနာနေပါတယ်"

နံနက် ၃း၃၀ နာရီတွင် ...

"အခန်း (၃၁၀) က လူနာ သွေးလွန်နေပါတယ်"

ထို့နောက် အဆောင်တစ်ခုမှ နှလုံးရောဂါရှင်လူနာကို စမ်းသပ်စစ်ဆေးနေစဉ် ...

"အရေးပေါ်ခန်း (၂) ... ခုချက်ချင်း၊ အရေးပေါ်ခန်း (၂)... "

*ငါ သွေးရူးသွေးတန်းဖြစ်လို့ မရဘူး၊ အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင်ကြိုးစား။*

သူ ပျာယာခတ်နေသည်။

လက်ရှိ စမ်းသပ်နေသည့် လူနာနှင့် အခြားလူနာတစ်ယောက် ဘယ်သူက ပိုအရေးကြီးသလဲ။

"ရှင် ... ခဏနေဦး"။

သူ မိုက်မိုက်ကန်းကန်းပြောလိုက်၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ချက်ချင်းပြန်လာခဲ့မယ်"

အရေးပေါ်ခန်း (၂) သို့ ပြေးလာခဲ့သည်။ သူ့ကို ခေါ်သံပေါ်ထွက်လာပြန်၏။

"အရေးပေါ်ခန်း (၁) ... မြန်မြန် မြန်မြန် ... အရေးပေါ်ခန်း (၁) ..."

*ကြော် ... ဘုရား ... ဘုရား။*

သူ့ကိုယ်သူ အဆုံးမရှိသည့် ကြောက်စရာ အိပ်မက်ဆိုးကြီးမက်နေသူလို့သာ ထင်မိတော့သည်။

■

ပေ့ဂျ်သည် ထိုနေ့ညက နောက်ထပ်ကျန်နေသည့် အချိန်ပိုင်းတွင် အစာအဆိပ်သင့်လူနာ၊ လက်ကျိုးလူနာ၊ အူကျ လူနာနှင့် နံရိုးကျိုးလူနာများကိုလည်း အရေးပေါ် သွားရောက်ကုသပေးရသေးသည်။ အရန်သင့်တာဝန်ခန်းသို့ ပြန်ရောက် သောအခါ ခြေကုန်လက်ပန်းကျပြီး ကိုယ်လက်များကိုပင် မလှုပ်ချင်တော့။ ခေါက်ခုတင်ကလေးပေါ်တွင် ဝမ်းလျားထိုး ချလိုက်သည်။ မေးခနဲ အိပ်ပျော်သွားတုန်း တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ အိပ်ချင်မူးတူးဖြင့် တယ်လီဖုန်း ကို လှမ်းကိုင်လိုက်သည်။

"ဟဲလို"

"ဒေါက်တာတေလာ ... ကျွန်တော်တို့ စောင့်နေပါတယ်"

"ဘာ ... ဘယ်လို"

သူ အိပ်ရာပေါ်တွင် လှဲနေဆဲပင်။ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်းမသိ။

"မနက်ပိုင်း ရောင်းလှည့်ချိန်ရောက်နေပြီ ... ဒေါက်တာ"

"ဟင် ... ရောင်းလှည့်ချိန် ... ဟုတ်လား" *ဒါတော့ တမင်သက်သက် ညှဉ်းတာပဲ၊ သိပ်ရက်စက်လွန်းတယ်၊ လူတစ်ယောက်ကို ဒီလိုနှိပ်စက်လို့ ရမလို့လား။* သို့သော် သူတို့က သူ့ကိုစောင့်နေကြပြီ။

နောက်ဆယ်မိနစ်အကြာတွင် ပေ့ဂျ် ရောင်းလှည့်ရပြန်၏။ သို့သော် အိပ်ချင်မူးတူးဖြင့် ... တစ်ချိန်တွင် သူ ဒေါက်တာရက်နားကိုယ်ပေါ်သို့ ငိုက်ခနဲ ယိုင်လဲသွားသည်။

"ခွင့်လွှတ်ပါဆရာ၊ ကျွန်မ လုံးဝ မအိပ်ရသေးလို့ပါ"

ဒေါက်တာက ကြင်နာစွာဖြင့် ပခုံးကို လက်နှင့်အသာပုတ်ရင်း ...

"နောက်တော့ အကျင့်ရသွားမှာပါ"

တာဝန်ပြီးဆုံးတော့ ပေ့ဂျ်သည် ၂၄ နာရီလုံးလုံး အိပ်ပစ်လိုက်လေ၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန် ဖိအားပေးမှုနှင့် ပြစ်ဒဏ်ခတ်သလို အချိန်အကြာကြီး လုပ်ကိုင်ရခြင်းတို့ကြောင့် အချို့ အလုပ်သင် လက်ထောက်ဆရာဝန်တွေ ထွက်ပြေးသွားကြသည်။ *ငါတော့ အဲဒီလို အဖြစ်မခံနိုင်ဘူး*ဟု ပေ့ဂျ်က အဓိဋ္ဌာန်ပြုလိုက်၏။

ဖိအားပေးမှုကတော့ ရက်စက်လှသည်။ တစ်ကြိမ်တွင် ၃၆ နာရီ အလုပ်ချိန်ပြီးဆုံးသောအခါ ပေ့ဂျ်သည် သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း မသိသလောက် ခြေကုန်လက်ပန်းကျနေသည်။ ဓာတ်လှေကားသို့ ကယိုင်ကပါးလျှောက်လာပြီး ရပ်နေလိုက်သည်။ ဦးနှောက်က ထုံထိုင်းနေသည်။

သူ့အနီးသို့ တွမ်ချန်း ရောက်လာသည်။

"ခင်ဗျား နေမှကောင်းရဲ့လား"

"ကောင်း ... ကောင်းပါတယ်"

"ဒါပေမဲ့ ခင်ဗျားကြည့်ရတာ သိပ်ပြီးပင်ပန်းနေသလိုပဲ"

"ကျေးဇူးတင်ပါတယ်၊ သူတို့က ဒီလောက်တောင် ဘာလို့ ခိုင်းရတာလဲ"

တွမ်ချန်းက ပခုံးတွန့်လိုက်ပြီး ...

"ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ကို လူနာတွေနဲ့ မပြတ်နီးနီးကပ်ကပ် ရှိနေအောင်လို့ပဲ၊ ကျွန်တော်တို့ အိမ်ပြန်သွားရင် ကျွန်တော်တို့ မရှိတုန်း သူတို့ ဘာဖြစ်နေတယ်ဆိုတာ မသိနိုင်ဘူးတဲ့"

ပေ့ဂျ်က ခေါင်းညိတ်သည်။

"အင်း ... အဓိပ္ပာယ်တော့ ရှိပါတယ်" တကယ်တော့ လုံးဝ အဓိပ္ပာယ်မရှိ။ "ကျွန်မတို့ လျှောက်သွားရင်း အိပ်ပျော်နေရင် လူနာတွေကို ဘယ်လိုကြည့်ရှုနိုင်မှာလဲ"

တွမ်ချန်းက ပခုံးနှစ်ဖက် တွန့်လိုက်ပြန်သည်။

"ကျွန်တော်က စည်းကမ်းထုတ်တဲ့လူ မဟုတ်ဘူး၊ ဆေးရုံအားလုံး ဒီလိုပဲ လုပ်နေကြတာပဲ" သူက ပေ့ဂျ်အား အနီးကပ်ကြည့်ပြီး "ဒါကို ခင်ဗျား ခံနိုင်ရည်ရှိပါ့မလား"

"ခံနိုင်ပါတယ်" သူက မခံချင်စိတ်ဖြင့် ပြန်ပြောသည်။

"ဒါပေမဲ့ သတိတော့ထားပါ" ဟု ပြောပြီး တွမ်ချိန်း ပြန်ထွက်သွားသည်။

ပေ့ဂျ်သည် ဓာတ်လှေကားကို စောင့်နေသည်။ ဓာတ်လှေကား ရောက်လာတော့ သူက မတ်တတ်ကြီး အိပ်ပျော်နေ၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



•

နောက်နှစ်ရက်အကြာတွင် ပေ့ဂျ်သည် ကက်နှင့်အတူ နံနက်စာ စားနေသည်။

"အဖြစ်ကတော့ တော်တော်ဆိုးတာပဲ... ကက်" ပေ့ဂျ်က ရင်ဖွင့်သည်။ "တစ်ခါတလေ သူတို့က ကျွန်မကို နောက် ၄ နာရီမှာ အရေးပေါ်ခေါ်တယ်၊ ကျွန်မက သတိရတစ်ချက် မရတစ်ချက်နဲ့ အိပ်မှုန်စုံမွှား ပြေးလိုက်သွားတော့ လူနာတွေအားလုံး တံခါးပိတ်ပြီး တခေါခေါနဲ့ အိပ်ပျော်နေကြတယ်၊ ဒါနဲ့ ကျွန်မက ဒေါသထွက်ထွက်နဲ့ တံခါးကို အတင်းထုပြီး အော်နိုးရတယ်"

ကက်က လက်ကမ်းပေးလျက် ...

"ဒါဆို ကျွန်မအတိုင်းပဲပေါ့"

■

လူနာများသည် ပုံစံမျိုးစုံ၊ အရွယ်မျိုးစုံ၊ အရောင်မျိုးစုံဖြင့် ရောက်လာကြသည်။ သူတို့သည် ကြောက်ကြသည်။ သတ္တိရှိကြသည်။ တည်ငြိမ်ကြသည်။ မာနရှိကြသည်။ အကျပ်ကိုင်ကြသည်။ ကိုယ်ချင်းစာစိတ်ရှိကြသည်။ သူတို့သည် ဝေဒနာခံစားနေရသည့် လူသားတွေ ဖြစ်ကြ၏။

ဆရာဝန်တွေ အများစုကလည်း လူနာတွေကို ဂရုစိုက်ကြသည်။ အခြား လုပ်ငန်းများမှာလိုပင် ကောင်းတဲ့ဆရာဝန် လည်းရှိသည်။ ဆိုးတဲ့ဆရာဝန်လည်း ရှိသည်။ သူတို့သည် အသက်ငယ်ကြသည်။ အသက်ကြီးကြသည်။ အချို့က ပျော့အား ရိသဲ့သဲ့ လာလုပ်ကြသည်။ အချို့က သိမ်မွေ့ကြသည်။ အချို့က ရိုင်းစိုင်းကြသည်။

"ခင်ဗျား ... တစ်ယောက်တည်း အိပ်ရတာ မပျင်းဘူးလား"

"အလကား အချိန်ဖြုန်းမနေနဲ့၊ ကျွန်တော် အစွမ်းကုန် ကူညီပါရစေ"

"ကျွန်တော့်မိန်းမ ခရီးထွက်သွားတယ်ဗျ၊ ကျွန်တော့်မှာ ရှာမယ်နားမှာ အပန်းဖြေရိပ်သာရှိတယ်၊ အဲဒါ လိုက်ချင်ရင် အချိန်မရွေးပဲ"

ဒါတွေက ဆရာဝန်အချို့ရဲ့ ဖိတ်ခေါ်သံတွေ။ အချို့လူနာတွေကလည်း ထိုနည်းလည်းကောင်းပါပဲ။

"အိုး ... ခင်ဗျားက ကျွန်တော့် ဆရာဝန်ကိုး၊ ကျွန်တော့်ရောဂါက ရိုးရိုးဆေးနဲ့ ကုလို့မရဘူး ဒေါက်တာမလေးရယ်"

"လာစမ်းပါ၊ ခုတင်နားကပ်စမ်းပါဦး၊ ဒေါက်တာက စော်စော်ယို လှလွန်းလို့ပါ"

ပေ့ဂျ်က အံကြိတ်ပြီး လျစ်လျူရှုထားလိုက်သည်။ အယ်လ်ဖရက်နဲ့ ငါနဲ့ လက်ထပ်ပြီးရင် ဒါတွေ ရပ်သွားမှာပါ။

the bookhouse we bring you the world

www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူ အယ်လ်ဖရက်ကို သတိရမိတော့ စိတ်ကြည်လင်သွားသည်။ သူ *အာဖရိက က မကြာခင် ပြန်လာတော့မှာပါ၊ မကြာခင် ပြန်လာတော့မှာပါ။*

■

တစ်နေ့နံနက် ရောင်းမလှည့်ခင် ပေ့ဂျ်နှင့် ကက်တို့ စကားပြောဖြစ်ကြသည်။

"တချို့ ဆရာဝန်တွေက လူကြီးလူကောင်းတွေပါ၊ ဒါပေမဲ့ တချို့ကတော့ ငါတို့ကို သူတို့ရဲ့ အသုံးတော်ခံစရာတွေလို့ ထင်နေကြတယ်" ကက်က ပြောသည်။ "ဆရာဝန်တစ်ယောက်က ငါ့ပခုံးလာကိုင်ပြီး 'ကျွန်တော့်အခန်း လိုက်ခဲ့ပါလား၊ အရက်တွေလည်း အလျှံပယ်ရှိတယ်၊ ဟိုအခွေတွေလည်း အများကြီးပဲ'တဲ့၊ နောက်တဏှာရူးတစ်ယောက်ကလည်း 'ကျွန်တော်က ကြက်သားစားရင် အဖြူမကြိုက်ဘူးဗျ၊ အမည်းမှ ကြိုက်တယ်'တဲ့ "

ပေ့ဂျ် သက်မ ချလိုက်သည်။ "သူတို့က ငါတို့ကို လုပ်ဖော်ကိုင်ဖက် ဘဝတူ ဆရာဝန်တွေလို့ မထင်ဘူး၊ အချောင်ရမယ့် ဆန့်ကျင်ဘက် လိင်သတ္တဝါတွေလို့ပဲ ထင်နေကြတာ"

"တချို့က ငါတို့ရှိတာကိုတောင် မကြိုက်ကြဘူး၊ သူတို့ပဲ အထက်စီးနဲ့ လူတွင်ကျယ်လုပ်ချင်ကြတယ်၊ ငါတို့ကို ဆရာဝန်အလုပ်နဲ့ မတန်ဘူးထင်နေကြတယ်"

"အဲဒါက သူတို့က လူများစုဖြစ်နေလို့ပါ၊ တို့ဘက်က များများရှိရင် တို့ကလည်း သူတို့ကို အပေါ်စီးက ဆက်ဆံနိုင်တာပေါ့"

■

အာသာကိန်းအကြောင်းကို ပေ့ဂျ် ကြားဖူးသည်။ ဆေးရုံတစ်ခုလုံး သူ့အတင်းက ပြောမဆုံးပေါင် တောသုံးတောင်ပဲ။ သူ့ကို 'ဒေါက်တာ ၀၀၇' ဟု ခေါ်ကြသည်။ လူသတ်လိုင်စင်ရထားသူဟု ဆိုလို၏။ သူ၏ ဖြေရှင်းနည်းက ခွဲစိတ်ခြင်းပဲ။ သူက တခြားဆရာဝန်တွေထက် ခွဲစိတ်နှုန်း ပိုများသည်။ သေဆုံးနှုန်းကလည်း ပိုများ၏။

လူပုံပန်းက ထိပ်ပြောင်သည်၊ အရပ်ပုသည်။ နှာခေါင်းက သိမ်းငှက်နှာခေါင်း၊ သွားတွေမှာ ဆေးလိပ်ချေးကပ်နေသည်၊ ဝလည်း အလွန်ဝသည်။ ဒါပေမဲ့ သူ့ကိုယ်သူ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဟု ယူဆထားသည်။ သူက သူနာပြု ဆရာမအသစ်ကလေးများနှင့် အလုပ်သင်ဆရာဝန်မကလေးများကို 'လတ်လတ်ဆတ်ဆတ် စားစရာတွေ' ဟု ပြောတတ်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ပေ့ဂျ်လည်း လတ်လတ်ဆတ်ဆတ် စားစရာဖြစ်သည်။ သူက နားနေခန်းတွင် ပေ့ဂျ်အားမှာ မခေါ်ပင့်ဘဲ ဘာထိုင်သည်။

“မင်းကို ငါ စိတ်ဝင်စားနေတာ ကြာပြီ”

“တောင်းပန်ပါတယ်ရှင်”

“ကျွန်တော် ဒေါက်တာကိန်းပါ၊ မိတ်ဆွေတွေကတော့ အာသာလို့ပဲ ခေါ်ပါတယ်၊ ဒီမှာလုပ်ရတာ အဆင်ပြေရဲ့လား”

“ပြေ ... ပြေပါတယ်”

သူက ရှေ့ကိုကိုင်းပြီး ...

“ဒီဆေးရုံက အကြီးကြီးပဲ၊ လွယ်လွယ်နဲ့ ပျောက်သွားနိုင်တယ်၊ ငါပြောတာ သဘောပေါက်ရဲ့လား”

“မပေါက်ပါဘူး”

“မင်းက သိပ်လှနေတယ်၊ တစ်နေရာသွားချင်ရင် တစ်ယောက်ယောက် အကူအညီလိုအပ်တယ်”

“ဒီတော့ ဒေါက်တာက ကျွန်မကို ကူညီချင်တယ်ပေါ့”

“ဟုတ်တယ်၊ ဒီကိစ္စ ညစာ စားရင်း ဆွေးနွေးကြရအောင်လား”

“ဆွေးနွေးစရာ မလိုပါဘူး ဒေါက်တာကိန်း၊ ကျွန်မ လုံးဝ စိတ်မဝင်စားလို့ပါ”

ပေ့ဂျ် ထိုင်ရာမှထ ပြန်သွားသည်။ ဒေါက်တာကိန်း မျက်နှာပုပ်သိုးသိုးဖြင့် ထိုင်ကျန်ရစ်၏။

■

ပထမနှစ် ခွဲစိတ်မှုဆိုင်ရာ အလုပ်သင်လက်ထောက် ဆရာဝန်များသည် ဝမ်းဆွဲပညာ၊ အရိုးကုပညာ၊ ဆီးရောဂါ ပညာနှင့် ခွဲစိတ်မှုပညာ စသည်ဖြင့် နှစ်လစီ အလှည့်ကျလေ့လာကြရသည်။

နွေရာသီဆိုလျှင် အသည်းအသန်ရောဂါများကို ခွဲစိတ်ကုသရသည်မှာ အလွန်အန္တရာယ်များသည်။ အဘယ်ကြောင့် ဆိုသော် ဆရာဝန်အများစုသည် အပန်းဖြေခရီး ထွက်သွားကြသောကြောင့် ဖြစ်၏။ ထိုအချိန်မျိုးတွင် လူနာများမှာ အတွေ့အကြုံမရှိသော အလုပ်သင်များ၏ လက်တည့်စမ်းခြင်းကို ခံကြရတော့သည်။

ခွဲစိတ်ခန်းထဲတွင် တေးသီချင်း ဖွင့်ထားခြင်းကို ဆရာဝန်တိုင်းလိုလို နှစ်သက်ကြ၏။ ဆရာဝန်တစ်ယောက်ကို “ခွဲစိတ်” ဟု နာမည်ပေးထားပြီး အခြားတစ်ယောက်ကိုတော့ ‘အက်ဖယ်ရီ့စ်’ ဟု ပေးထားကြသည်။ သူတို့က တေးဂီတကို အလွန်ဝါသနာကြီးသောကြောင့် ဖြစ်၏။

ဘာကြောင့်မှန်းမသိ၊ ခွဲစိတ်နေစဉ်တွင် ဆရာဝန် ဆရာမတွေ အလွန်ဗိုက်ဆာတတ်ကြသည်။ အစားအစာအကြောင်း

www.burmeseclassic.com



ကိုပဲ ပြောနေတတ်ကြသည်။ ဆရာဝန်တစ်ယောက်ဆိုလျှင် လူနာ၏ ပျက်စီးနေသည့် သည်းခြေအိတ်ကို ခွဲထုတ်နေရင်းမှ ''ဒါနဲ့ မနေ့ညက ဘာဒေလီဆိုင်မှာ ညစာ စားရတာ သိပ်ကောင်းပဲဗျ၊ ဆန်ဖရန်စစ္စကိုမှာတော့ အကောင်းဆုံး အီတာလျံ အစားအစာပဲ'' ဟု ပြောသည်။

''ဆိုက်ပရပ်ကလပ်က ကဏန်းကိတ်ရော စားဖူးပြီလား''

''အမဲသားကောင်းကောင်းစားချင်ရင်တော့ ဗန်နက်လမ်းက ပရိုင်းရစ်ရိပ်သာကိုသာ သွားကြဗျို့''

ထိုအချိန်တွင် သူနာပြုဆရာမတစ်ယောက်က လူနာ၏ သွေးကို နုတ်ယူနေ၏။

■

မနက် ၃ နာရီတွင် ပေ့ဂျ် အိပ်ပျော်နေစဉ် တယ်လီဖုန်းသံကြောင့် လန့်နိုးလာသည်။

''ဒေါက်တာတေလာ ... အခန်း (၄၁၉) ... နှလုံးရောဂါလူနာ ... အမြန် အမြန်''

ခုတင်စွန်းတွင် ထ ထိုင်လိုက်သည်။ အိပ်ချင်မူးတူးဖြင့် စကြံအတိုင်း ပြေးလာခဲ့သည်။ ဓာတ်လှေကား စောင့်နေ ချိန်မရတော့။ အပေါ်ထပ်ပြေးတက်လာသည်။ စတုတ္ထထပ်မှ အခန်း (၄၁၉) သို့ ပြေးလာခဲ့သည်။ ရင်တလှပ်လှပ် တုန်နေသည်။ တံခါးဆွဲဖွင့်ပြီး အံ့အားသင့်နေမိသည်။

ထိုအခန်းမှာ ပစ္စည်းသိုလှောင်ခန်း ဖြစ်နေ၏။

■

ကက်ဟန်းတားသည် ဒေါက်တာရစ်ချက် ဟတ်တန်နှင့်အတူ ရောင်းလှည့်နေသည်။ ဟတ်တန်မှာ အသက် လေးဆယ်ကျော် ငါးဆယ်နီးပါးရှိပြီ။ ပြတ်သည်၊ မြန်သည်။ လူနာတစ်ယောက်လျှင် နှစ်မိနစ်၊ သုံးမိနစ်ခန့်သာ အချိန်ဖြုန်း သည်။ ဆေးကုမှတ်တမ်းကတ်ကို ကြည့်ပြီးနောက် အလုပ်သင်ဆရာဝန်များအား စစ်သေနတ်ပစ်သလို အဆက်မပြတ် ညွှန်ကြားချက်ပေးတော့သည်။

''လူနာရဲ့ ဟီမိုဂလိုဘင်ကို စစ်ဆေး၊ ပြီးရင် မနက်ဖြန် ခွဲမယ်''

''သူ့ရဲ့ ကိုယ်ပူချိန်ကို သတိထားကြည့်''

''ဒီလူနာကို သွေး လေးပုလင်း သွင်း''

''သူ့ကို ချုပ်ရိုးဖြေလိုက်တော့''

''သူ့ကို ရင်ဘတ်ဓာတ်မှန်ရိုက်''

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အပြင်းဖျားနေသည့် လူနာတစ်ယောက်ကို စစ်ဆေးပြီး ပြန်ထွက်လာသည်။

"အဲဒီလူနာ ဘာဖြစ်နေသလဲ" ကက်က မေးသည်။

"ဂျီအိုကေကျော့စ်ပါ" ဝါရင့်ဆရာဝန်က ပြောသည်။ "အိပ်(စ်)ရေးလည်း ရိုက်ပြီးပြီ၊ ကက်စကင်းလည်း လုပ်ပြီးပြီ၊ သွေးလည်း စစ်ဆေးပြီးပြီ၊ အားလုံးလုပ်ပြီးပြီ၊ ဒါပေမဲ့ ဘာရောဂါဆိုတာ အတိအကျ မသိရသေးဘူး"

ထို့နောက် လူငယ် လူနာတစ်ယောက်ဆီ ရောက်လာသည်။ ခွဲစိတ်ပြီးနောက် ဦးခေါင်းကို ပတ်တီးစည်းထားသည်။ သူ အိပ်ပျော်နေ၏။ ဒေါက်တာ ဟတ်တန်က ပတ်တီးကို ဖြေသည်။ လူနာ နိုးလာသည်။

"ဘာ ... ဘာလုပ်တာလဲ" လူနာက အလန့်တကြား မေးသည်။

"ထိုင်စမ်းပါ" ဒေါက်တာက ဟောက်လိုက်၏။ လူနာ ခိုက်ခိုက်တုန်နေသည်။

*ငါဆိုရင် လူနာတွေကို ဒီလို ဘယ်တော့မှ မဆက်ဆံပါဘူးဟု* ကက်က ဆုံးဖြတ်လိုက်သည်။

နောက်တစ်ယောက် အသက်ရှစ်ဆယ်ခန့်ရှိပြီ။ ကျန်းကျန်းမာမာအသွင် ပေါ်လွင်နေသည်။ သူ့အနီးသို့ ဒေါက်တာ ဟတ်တန် ရောက်သွားတော့ တအား အော်လွှတ်သည်။

"သွားစမ်းပါ၊ ခင်ဗျားကို ကျုပ်တရားစွဲမယ်၊ အလကား အစုတ်ပလုတ် ဒေါက်တာ"

"ဒီမှာ ... မစ္စတာ စပါရိုလီနီ"

"ကျုပ်ကို မစ္စတာစပါရိုလီနီလို့ မခေါ်ပါနဲ့၊ ခင်ဗျားက ကျုပ်ကို သင်းကွပ်ယောက်ျား လုပ်တယ်"

"လူကြီးမင်းက သဘောတူလို့"

"ကျုပ်မိန်းမရဲ့ စနက်ပါ၊ ဒီတိရစ္ဆာန်မ၊ အိမ်ပြန်ရောက်မှ တွေ့မယ်"

သူတို့ ထွက်လာခဲ့ကြသည်။ လူနာက ကိုန်ဆဲကျန်ရစ်သည်။

"သူက ဘာဖြစ်တာလဲ" အလုပ်သင်တစ်ယောက်က မေးသည်။

"အလကား ဆိတ်အိုကြီးပါ၊ သူ့မယားကလေးက ကလေးခြောက်ယောက်မွေးပြီးပြီ၊ နောက်ထပ် မလိုချင်တော့ဘူး"

■

နောက်တစ်ယောက်က ဆယ်နှစ်အရွယ် မိန်းကလေး၊ ဒေါက်တာဟတ်တန်က သူ့မှတ်တမ်းကတ်ကို ကြည့်ပြီး...

"ရောဂါပိုးတွေ သေသွားအောင် ဆေးထိုးပေးတယ်"

သူနာပြုဆရာမက ဆေးထိုးပိုက်ကိုင်ပြီး အနားကပ်လာသည်။

"မလုပ်ပါနဲ့" မိန်းကလေးက အတင်းအော်သည်။ "နာလိမ့်မယ်၊ နာလိမ့်မယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မနာပါဘူး ကလေးရယ်" ဆရာမက ပြောလိုက်၏။

■

ကက်၏ နားထဲတွင် ထိုစကား ပဲ့တင်ရိုက်ခတ်နေသည်။

"*မနာပါဘူး ကလေးရယ်*" ဤစကားကို ညမှောင်ကြီးမည်းကြီးထဲတွင် သူ့ပထွေးကလည်း ပြောခဲ့ဖူး၏။ ထိုစဉ်က သူ ၁၃ နှစ်သမီးအရွယ်၊ ပထွေးယုတ်၏ အဓမ္မပြုကျင့်ခံခဲ့ရသည်။

ကက်သည် သူ့ဖအေအရင်းကို လုံးဝမသိ။ သူ့အမေက အင်ဒီယားနားပြည်နယ်၊ ဂယ်ရီမြို့ရှိ သူတို့တိုက်ခန်းနားက ကုမ္ပဏီတစ်ခုတွင် ညဆိုင်း သန့်ရှင်းရေးသမား လုပ်သည်။ သူ့ပထွေးက ရောမလူသန်ကြီး။ သံမဏိစက်ရုံတွင် လုပ်ရင်း ဒဏ်ရာ ရထားသည်။ တစ်နေ့လုံး အိမ်သို့မကပ်၊ အရက်ပဲ သောက်နေ၏။ ညပိုင်း ကက်၏ အမေ အလုပ်ဆင်းသွားတော့မှ အိမ်သို့ပြန်လာသည်။

"ဒီကိစ္စ မင်းအမေကိုရော၊ မင်း မောင်ကိုရော ပြန်ပြောရင်တော့ အဲဒီအကောင်ကို ငါသတ်ပစ်မယ်"

သူ့မောင်လေးက သူ့ထက် ငါးနှစ်ငယ်သည်။ သူက မောင်လေးကို အလွန်ချစ်သည်။ သူကပဲ မိခင်သဖွယ် ပြုစုစောင့်ရှောက်လာခဲ့ခြင်း ဖြစ်သည်။

တစ်နေ့မနက်တွင် ဖြစ်ကြောင်းစုံလင်ကို ကက် က သူ့အမေကို ဖွင့်ပြောသည်။ သူ့အမေက သူ့ကို ပါးပိတ်ရိုက်ပြီး...

"အမိုက်မ၊ အဲဒီလို ငါ့ကိုမညာနဲ့"

ထိုနေ့မှစ၍ ကက်က သည်ကိစ္စကို လုံးဝမပြောတော့။ သူအိမ်တွင် ဆက်နေရခြင်းမှာ သူ့မောင်လေး မိုက်ခ်ကြောင့်ဖြစ်၏။ *ငါမရှိရင် သူလေလွင့်သွားလိမ့်မယ်။* သို့သော်လည်း သူ့မှာ ကိုယ်ဝန်ရှိနေပြီဆိုတာ သိရသည့်နေ့မှာတော့ ကက်သည် မင်နီယားပိုလစ်မြို့ရှိ သူ့ဒေါ်လေးဆီသို့ ပြေးလာခဲ့တော့သည်။ ထိုအချိန်မှစ၍ သူ့ဘဝလည်း လုံးဝ ပြောင်းလဲခဲ့လေ၏။

"ဘာဖြစ်လာတယ်ဆိုတာ အန်တီ့ကို သမီး ပြောစရာမလိုဘူး" သူ့ဒေါ်လေး ဆိုဖီက နှစ်သိမ့်သည်။ "ဟိုသီချင်းကို သမီးကြားဖူးတယ် မဟုတ်လား၊ 'အမြဲတမ်း စိမ်းနေဖို့ မလွယ်ပါ' ဆိုတာလေ။ အဲဒါပဲ သမီး၊ အမြဲတမ်း လူမည်းဖြစ်နေဖို့လည်း မလွယ်ပါဘူး၊ အဲဒီတော့ သမီး ရွေးစရာ နှစ်လမ်းပဲရှိတယ်၊ ကိုယ့်ပြဿနာအတွက် လောကကြီးကို ကျိန်ဆဲပြီး တစ်နေရာကို ပြေးသွားပုန်းရှောင်နေမလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ထူထောင်ပြီး လူတစ်လုံးသူတစ်လုံး ဖြစ်အောင် ကြိုးစားမလား"

"ဒီတော့ ကျွန်မ ဘယ်လိုလုပ်ရမှာလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် အရေးပါသူတစ်ယောက်အဖြစ် ယုံကြည်ရမယ်၊ ပထမ ငါ ဘာဖြစ်ချင်လဲဆိုတာ ပုံဖော်ရမယ်၊ ဒုတိယ အဲဒီလိုဖြစ်လာအောင် ကြိုးစားရမယ်"

"ကျွန်မ ဒီကလေးကို မလိုချင်ဘူး ဒေါ်လေး"

ထိုကိစ္စကို သူ့ဒေါ်လေးက တစ်ပတ်အတွင်း ဝမ်းဆွဲဆရာမတစ်ယောက်နှင့် စီစဉ်လိုက်သည်။ ကိစ္စပြီးသွားသော အခါ ကက်က သူ့ကိုယ်သူ အဓိဋ္ဌာန်ပြုလိုက်၏။

*"ငါ ဘယ်တော့မှ ယောကျ်ားဆို ယင်ဖိုတောင် အနားမခံတော့ဘူး"*

■

ကက်အဖို့ မင်နီယာပိုလစ်မြို့မှာ နတ်ပြည်ဖြစ်နေသည်။ အိမ်တိုင်းနှင့် မနီမဝေး နေရာတိုင်းမှာ ရေကန်တွေ၊ စမ်းချောင်းတွေ၊ မြစ်တွေ ရှိနေသည်။ ကေရှစ်ထောင်ကျော် ကျယ်ဝန်းသည့် ရှခင်းသာပန်းဥယျာဉ်ကြီးကလည်း လှလိုက်ပါဘိခြင်း။ သူသည် ရေကန်ထဲတွင် ရွက်လွှင့်ပြီး မစ္စစ္စပီမြစ်ထဲတွင် အပျော်တမ်း လှေစီးသည်။

ပြီးတော့ ဒေါ်လေးနှင့်အတူ တိရစ္ဆာန်ရုံသို့ သွားသည်။ တနင်္ဂနွေနေ့များတွင် ဗယ်လီဖဲယားပန်းခြံကြီးထဲတွင် ပျော်ပွဲစားကြသည်။

"ရှာကိုပီး ရီးနေးဆန်းပွဲတော်" တွင် ရှေးခေတ်သူရဲကောင်းများ၏ စီးချင်းထိုးပွဲကို ကြည့်ကြသည်။

*"သူ့ခမျာ ကလေးဘဝကို ပြည့်ပြည့်ဝဝ မရခဲ့ရှာဘူး"* ဟု ဒေါ်လေးဆိုဖီက ကက်ကိုကြည့်ပြီး ကရုဏာပွားမိ၏။

ကက်သည် ကျောင်းတွင် မိတ်ဆွေဖွဲ့သည်။ သို့သော် ယောကျ်ားကလေးတွေနှင့်တော့ လုံးဝမပေါင်း။ သူ့မိတ်ဆွေ မိန်းကလေးတွေက အတွဲကိုယ်စီရှိကြသည်။ သို့သော် သူက လုံးဝ အတွဲမထား၊ တစ်ယောက်တည်း နေသည်။ ဘာကြောင့်လဲလို့ မေးကြတော့လည်း သူက လုံးဝ မပြော၊ သူသည် ဒေါ်လေးကို အလွန်လေးစားသည်။ ဒေါ်လေးကလည်း သူ့ကို သမီးအရင်းပမာ အလွန်ချစ်သည်။

ကက်က ကျောင်းကိုလည်း စိတ်မဝင်စား၊ စာဖတ်တာကိုလည်း ဝါသနာ မပါ။ သို့သော်လည်း ယင်းအခြေအနေကို ဒေါ်လေးက အားလုံးပြောင်းလဲပစ်လိုက်သည်။ စာအုပ်တွေ အများကြီးဝယ်သည်။ သူကိုယ်တိုင်လည်း စာအလွန်ဖတ်သည်။ နောက်တော့ ထိုအလေ့အထသည် ကက်ဆီသို့ပါ ကူးစက်သွားတော့သည်။

"စာအုပ်တွေထဲမှာ အံ့ဖွယ်ဘဝတွေရှိတယ် သမီး" ဒေါ်လေးက ပြောသည်။ "စာဖတ်စမ်းပါ၊ သမီး ဘယ်ကလာတယ်၊ ဘယ်ကိုသွားမယ်ဆိုတာ သိရလိမ့်မယ်၊ သမီးဟာ တစ်နေ့မှာ နာမည်ကျော်တစ်ယောက် ဖြစ်လာမယ်လို့ ဒေါ်လေး ယုံကြည်တယ်၊ ဒါပေမဲ့ ပထမဆုံး ပညာသင်ရလိမ့်မယ်၊ ဒါဟာ အမေရိက၊ သမီးဖြစ်ချင်တဲ့ ဘဝမျိုးဖြစ်နိုင်တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမီးဟာ လူမည်းဆင်းရဲသား ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ တချို့ လွတ်တော်အမတ်တွေ၊ ရုပ်ရှင်ဇာတ်လိုက်တွေ၊ သိပ္ပံပညာရှင်တွေ၊ အားကစားသမားတွေလည်း အတူတူပါပဲ၊ တစ်နေ့မှာ တို့ရဲ့ လူမည်းသမ္မတတောင် ဖြစ်လာနိုင်တာပဲ၊ သမီးဖြစ်ချင်တာ ဖြစ်နိုင်ပါတယ်၊ အဲဒါ သမီးအပေါ်မှာ တည်တယ်''

ဤသည်ပင်လျှင် ကက်၏ ဘဝသစ် အစ ဖြစ်လေသည်။

■

ကက်သည် အတန်းထဲတွင် အတော်ဆုံးကျောင်းသူ ဖြစ်လာသည်။ စာလည်း အရမ်းဖတ်သည်။ တစ်နေ့တွင် ကျောင်းစာကြည့်တိုက်၌ ဆင်ကလဲလူးဝစ္စ၏ ''အဲရိုးစမစ်'' ဝတ္ထုကို တွေ့သည်။ ဇာတ်လိုက်ဆရာဝန်ကလေးကို အလွန်အားကျမိ၏။ အဂ္ဂနက်(စ်)ကူးပါး၏ ''*စောင့်ထိန်းရမည့် ကတိ*'' နှင့် ဒေါက်တာအဲလ်စ်ရိုး၏ ''*မိန်းမဆရာဝန်*'' စာအုပ်များကိုလည်း ဖတ်ဖြစ်သည်။ သူသည် ကမ္ဘာသစ်တစ်ခုသို့ ရောက်သွားသလို ခံစားရ၏။ ဤလောကတွင် တခြား လူများအား ကူညီရန်၊ အသက်ကို ကယ်တင်ရန် မိမိတို့၏ တစ်ဘဝလုံးကို ပေးအပ်ထားသည့် ပုဂ္ဂိုလ်များရှိကြောင်း ကက် သိရှိရ၏။

တစ်နေ့ ကျောင်းမှ ပြန်ရောက်လာတော့ ကက်က ဒေါ်လေး ဆိုဖီအား ပြောလိုက်၏။

''ဒေါ်လေး ... သမီး ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်၊ နာမည်ကျော် ဆရာဝန်မကြီး ဖြစ်ရမယ်''။ ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၄-

တနင်္လာနေ့ နံနက်တွင် ပေ့ဂျ် တာဝန်ယူရသည့် လူနာသုံးဦး၏ ဆေးကုမှတ်တမ်းကတ်များ ပျောက်နေသည်။ ပေ့ဂျ်အပေါ် လုံးဝ တာဝန်ကျသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် အရန်သင့်တာဝန်ခန်း၌ ဖုန်းသံကြောင့် နိုးလာသည်။ အိပ်မှုန်စုံမွှားဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာ တေလာပါ"

တစ်ဘက်မှ တိတ်ဆိတ်နေသည်။ ဘာသံမှ ပေါ်မလာ။

"ဟဲလို ... ဟဲလို"

တစ်ဘက်မှ အသက်ရှူသံကို ကြားရသည်။ ထို့နောက် ဠပ်ခနဲ ဖုန်းပြန်ချသွားသည်။

မိုးစင်စင်လင်းသည်အထိ လုံးဝ အိပ်မပျော်တော့။

မိုးလင်းတော့ ပေ့ဂျ်က ကက်ကို ပြန်ပြောပြသည်။

"ငါ သံသယလွန်နေတာလည်း ဖြစ်မယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ငါ့ကို မုန်းနေတာလည်း ဖြစ်မယ်"

"တစ်ခါတလေ လူနာတွေက ဆရာဝန်တွေကို အငြိုးထားတာလည်း ရှိတတ်တယ်၊ သံသယဖြစ်စရာ တစ်ယောက်ယောက်များ တွေးမိသလား"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က သက်မကြီးချလိုက်ပြီးတော့မှ …

"တစ်ဒါဇင်လောက်ရှိတယ်"

"ဒါပေမဲ့ စိုးရိမ်စရာတော့ မရှိနိုင်ပါဘူး"

*ပေ့ဂျ်ကလည်း စိုးရိမ်စရာ မရှိဘူးလို့ပဲ ယုံချင်ပါသည်။*

■

နွေရာသီနှောင်းပိုင်းတွင် ပေ့ဂျ် ထံ သံကြိုးစာတစ်စောင် ရောက်လာသည်။

"တနင်္ဂနွေနေ့ခင်း ဆန်ဖရန်စစ္စကို ရောက်မည်။ အရမ်းတွေ့ချင်နေပြီ။ အချစ် … အယ်လ်ဖရက်"

သူ တကယ်ပြန်လာခဲ့ပြီ။ ပေ့ဂျ်သည် သံကြိုးစာကို ထပ်ကာ ထပ်ကာ ဖတ်နေမိသည်။ စိတ်လှုပ်ရှားမှုက ပို၍ ပို၍ ပြင်းထန်လာသည်။ အယ်လ်ဖရက် … နာမည်သည် ပေ့ဂျ်၏ မှတ်ဉာဏ်ရုပ်စုံမှန်ပြောင်းထဲတွင် အဆက်မပြတ် လည်ပတ်နေ၏။

■

ပေ့ဂျ်နှင့် အယ်လ်ဖရက်တို့သည် အတူတကွ ကြီးပြင်းလာခဲ့ကြသည်။ သူတို့၏ အဖေများမှာ "ကမ္ဘာ့ကျန်းမာရေးအဖွဲ့"၏ အမှုထမ်းများအဖြစ် တတိယကမ္ဘာ့နိုင်ငံများတွင် ကပ်ရောဂါ အမျိုးမျိုးကို တိုက်ခိုက်ရန် အမှုထမ်းခဲ့ကြရသည်။ ပေ့ဂျ်တို့ သားအမိနှစ်ယောက်မှာ သူ့အဖေ ဒေါက်တာကတ်တေလာ သွားလေရာသို့ လိုက်ပါနေကြရ၏။

ပေ့ဂျ်နှင့် အယ်လ်ဖရက်တို့၏ ငယ်ဘဝသည် ပျော်စရာအတိတ်ဖြစ်သည်။ အိန္ဒိယတွင် ပေ့ဂျ် က ဟိန္ဒူစကား သင်သည်။ နှစ်နှစ်သမီးအရွယ်မှစ၍ သူသည် "ဘာရှာ" (ဝါးတဲအိမ်)၊ "ဂိုရာရှဲဘ်" (လူဖြူ)၊ "နာနီ" (ညီမလေး) စသည့် ဟိန္ဒူစကားများကို နားလည်နေပြီ။ အိန္ဒိယလူမျိုးတွေက ပေ့ဂျ်၏ အဖေကို "အဘာခန်" (ခေါင်းဆောင်ကြီး) သို့မဟုတ် "ဘာဘာ" (ဖခင်) ဟူ၍ ခေါ်ကြသည်။

အိန္ဒိယပြီးတော့ အာဖရိကသို့ ရောက်လာကြသည်။ စွန့်စားမှုသစ်နှင့် ကြုံကြရပြန်၏။

ပေ့ဂျ်နှင့် အယ်လ်ဖရက်တို့သည် မိကျောင်းနှင့် ရေမြင်းရှိသည့် မြစ်များတွင် ငါးမျှားကြ၊ ရေချိုးကြသည်။ သူတို့သည် မြင်းကျားကလေးများ၊ ကျားသစ်ကလေးများ၊ မြွေများနှင့် ယဉ်ပါးလာကြသည်။ ဤသို့ဖြင့် ကြမ်းပြင်များ ညစ်ပတ်ပေရေပြီး ရွှံ့စေးဖြင့် ဆောက်လုပ်ထားသည့် ကတော့ချွန်းပုံစံ တဲအိမ်ကလေးများတွင် နေထိုင်ရင်း အရွယ်ရောက်လာခဲ့ကြသည်။ *တစ်နေ့ကျတော့ ငါ အိမ်ကောင်းကောင်းနဲ့ နေရမယ်၊ မြက်ခင်းစိမ်းနဲ့ ခြံစည်းရိုးနဲ့ အိမ်လှလှကလေး ဖြစ်ရမယ်*ဟု ပေ့ဂျ်က စိတ်ကူးယဉ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်များနှင့် သူနာပြုများ၏ဘဝသည် ခက်ခဲကြမ်းတမ်းပြီး စိတ်ပျက်စရာဘဝဖြစ်သည်။ ကလေးတွေအဖို့တော့ မြသော့၊ သစ်ကုလားအုပ်နှင့် ဆင်တွေပေါသည့် နိုင်ငံတွင် နေရသည်မှာ စွန့်စားစရာ အသစ်အဆန်းတစ်မျိုး ဖြစ်နေ၏။ သူတို့သည် ရှေးခေတ် အညံ့စားအုတ်ဖြင့် ဆောက်လုပ်ထားသည့် စာသင်ကျောင်းများတွင် သင်ကြားရသည်။ ကျောင်းမရှိသည့်နေရာတွင် အလွတ်ဆရာငှား၍ သင်ကြ၏။

ပေ့ဂျ်သည် ဉာဏ်ထက်သည်။ သူ့ဦးနှောက်က ရေမြှုပ်နှင့်တူသည်။ အရာရာကို စုပ်ယူသည်။ အယ်လ်ဖရက်က ပေ့ဂျ်ကို မြတ်မြတ်နိုးနိုး ချစ်သည်။

"တစ်နေ့မှာ မင်းကို ငါလက်ထပ်မယ် ပေ့ဂျ်" ဟု သူက ပြောသည်။ ထိုအချိန်က သူက ၁၄ နှစ်သားအရွယ်၊ ပေ့ဂျ်က ၁၂ နှစ်သမီးအရွယ်။

နှစ်ဦးစလုံး ခံယူချက်ရှိကြသည်။ နှစ်ယောက်သား ရိုးမြေကျ ပေါင်းသင်းသွားရန် ဆုံးဖြတ်ထားကြ၏။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့"မှ ဆရာဝန်များသည် ဘဝကို အလုပ်တွင် မြှုပ်နှံထားသည့် ကိုယ်ကျိုးစွန့် အမျိုးသား၊ အမျိုးသမီးများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ လုံးဝမဖြစ်နိုင်သည့် အခြေအနေမျိုးတွင် ခက်ခက်ခဲခဲ လုပ်ကိုင်ကြရ၏။ အာဖရိကတွင် "ဗိုဂျော" ခေါ် တိုင်းရင်းဆေးဆရာများနှင့် ယှဉ်ပြိုင်ကြရသည်။ တိုင်းရင်းဆေးများမှာ မျိုးရိုးစဉ်ဆက် အဖေမှ သားသို့ လက်ဆင့်ကမ်းလာသည့် ဆေးများဖြစ်ပြီး အများအားဖြင့် သေဆုံးရသည်အထိ အန္တရာယ်ကြီးသည်။ "မာဆိုင်း" လူမျိုးစု၏ "အိုလ်ကီလိုရီတေး" ခေါ် တိုင်းရင်းဆေးကို တိရစ္ဆာန်သွေး၊ အမဲသားစိမ်းနှင့် ဆေးမြစ်တစ်မျိုးဖြင့် ဖော်စပ်ထားပြီး ထိခိုက်ရှနာဒဏ်ရာများအတွက် သုံးသည်။

ကျောက်ရောဂါအတွက် "ကီကုယု" လူမျိုးစု တိုင်းရင်းဆေးကတော့ ကလေးတွေက ရောဂါကို တုတ်ဖြင့် မောင်းနှင်ရိုက်ထုတ်ခြင်း ဖြစ်၏။

"အဲဒီဆေးတွေကို မသုံးပါနဲ့တော့၊ မထိရောက်ဘူး" ဟု ဒေါက်တာကတ်တေလာ က ပြောတော့ "အသားထဲ အပ်ချုန်နဲ့ ထိုးတာထက် ပိုကောင်းတယ်" ဟု တိုင်းရင်းသားတွေက ပြန်ပြောသည်။

ဆေးခန်းဆိုသည်မှာ ခွဲစိတ်ရန်အတွက် သစ်ပင်ရိပ်တွင် တန်းစီချထားသည့် စားပွဲများဖြစ်သည်။ ဆရာဝန်များက တစ်နေ့လျှင် လူနာ ရာပေါင်းများစွာ စမ်းသပ်ကုသပေးရသည်။ အနာကြီးရောဂါသည်၊ အဆုတ်ရောဂါသည်၊ ကြက်ညှာချောင်းဆိုးရောဂါသည်၊ ကျောက်ရောဂါသည်နှင့် ဝမ်းကိုက်ရောဂါသည်များ တန်းစီနေသည်မှာ မျက်စိတစ်ဆုံး ရှည်လျားသည်။

ပေ့ဂျ်နှင့် အယ်လ်ဖရက်တို့သည် ဘယ်တော့မှ မခွဲစတမ်း စုံတွဲဖြစ်သည်။ သူတို့နှစ်ယောက် တစ်မိုင်ခရီးလျှောက်၍ ဈေးဝယ်သွားကြသည်။ သူတို့၏ အနာဂတ်ဘဝစီမံကိန်းများကို တစ်လမ်းလုံး ဆွေးနွေးသွားကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာသည် ပေ့ဂျ်၏ ငယ်ဘဝအစိတ်အပိုင်း တစ်ခုဖြစ်သည်။ သူသည် လူနာပြုစုနည်း၊ ဆေးထိုးနည်း၊ ဆေးပေးနည်းတို့ကို သင်ယူပြီး အဖေ့အလုပ်ကို ကူညီသည်။

ပေ့ဂျ်က အဖေကို အလွန်ချစ်သည်။ သူ့အဖေသည် စေတနာကောင်းသည်။ ကိုယ်ကျိုးစွန့်သည်။ လူတွေကို နှလုံးသားမေတ္တာဖြင့် ကူညီသည်။ ဤစိတ်ဓာတ်ကို ပေ့ဂျ် အမွေရခဲ့၏။ သူသည် ဘယ်လောက်ပင် အလုပ်များများ သမီးကလေးအတွက် အချိန်ရအောင် ယူသည်။

ပေ့ဂျ်နှင့် သူ့အမေတို့ ဆက်ဆံရေးကတော့ တစ်မျိုးတစ်ဖုံ ဖြစ်သည်။ သူ့အမေက ရုပ်ချောသည်။ မိဘ ချမ်းသာသည်။ အေးစက်စက်နှင့် တသီးတခြားနေတတ်သောကြောင့် ပေ့ဂျ်နှင့် အလှမ်းဝေးပြီး စိမ်းနေသည်။ ရုပ်ဝေး၊ မြေခြားသို့ သွား၍ အမှုထမ်းရသော ဆရာဝန်နှင့် လက်ထပ်တော့ သူ့အဖို့ သိပ်စိတ်ဝင်စားစရာ ဖြစ်ခဲ့သည်။ သို့သော်လည်း ဘဝကြမ်းဒဏ်ကို ကြာကြာ မခံနိုင်။ လင်တော်မောင်ကို ခဏခဏ ဂျီတိုက်ခဲ့သည်။

"ဘုရားမကြိုက်တဲ့ ဒီနေရာကိုမှ ဘာဖြစ်လို့ လာလုပ်ရတာလဲ"၊ "ဒီက လူတွေက တိရစ္ဆာန်နဲ့ အတူတူပဲ၊ ဒီအတိုင်းသာဆို ကျွန်မတို့ကို သူတို့ရောဂါတွေ ကူးတော့မှာပဲ"၊ "အမေရိကန်ပြန်ပြီး လုပ်ပါလား၊ တခြားဆရာဝန်တွေ သူဌေး ဖြစ်ကုန်ကြပြီ" စသည်ဖြင့် အမြဲလိုလို ပူပူဆာဆာ လုပ်သည်။

သူ့အမေက သူ့အဖေကို ယင်းသို့ နားပူနားဆာလုပ်လေလေ ပေ့ဂျ်က သူ့အဖေကို ပိုချစ်လေလေ ဖြစ်၏။

ပေ့ဂျ် ၁၅ နှစ်အရွယ် ရောက်သောအခါ သူ့အမေသည် ဘရာဇီးလ်မှ ကိုကိုးခြံသူဌေးကြီးနှင့် လိုက်ပြေးသွားလေသည်။

"သူ ပြန်လာဦးမှာလား ဖေဖေ"

"ဟင့်အင်း ... ပြန်မလာတော့ဘူး၊ စိတ်မကောင်းစရာပဲ သမီးရယ်"

"သမီးတော့ စိတ်မကောင်းမဖြစ်ဘူး၊ စိတ်ချမ်းသာတယ်"

သူက ထိုစကားကို မပြောချင်။ သို့သော်လည်း သူ့အဖေကို မချစ်၍ ပစ်ပြေးသွားသောကြောင့် သူ့အမေကို သူ အလွန် စိတ်နာမိ၏။

ဒါကြောင့်လည်း သူက အယ်လ်ဖရက်တန်နာအပေါ် ပို၍ သံယောဇဉ်တွယ်မိခြင်း ဖြစ်သည်။ သူတို့နှစ်ယောက် အတူတကွ ကစားကြသည်။ ခရီးထွက်ကြသည်။ စိတ်ကူးယဉ်ကြသည်။

"ငါ ကြီးလာရင် ဆရာဝန်လုပ်မယ်" အယ်လ်ဖရက်က ပြောသည်။

"ပြီးတော့ တို့ လက်ထပ်ကြမယ်၊ အတူတူ အလုပ် လုပ်ကြမယ်"

"ဒါဆို ကလေးတွေ အများကြီးရလာမှာပေါ့"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... မင်းသဘောတူရင်ပေါ့"

နှစ်ယောက်သား ရွှင်မြူးစွာ ရယ်လိုက်ကြ၏။

■

ပေ့ဂျ်၏ ၁၆ နှစ်ပြည့် မွေးနေ့ညမှာတော့ နှစ်လရှည်ကြာ ထိန်းသိမ်းထားခဲ့သည့် သူတို့၏ "အချစ်ဖုံး" ဝုန်းခနဲ ပေါက်ကွဲပါလေတော့သည်။ အရှေ့အာဖရိက ကျေးရွာကလေးတွင် အရေးပေါ်ကိစ္စကြောင့် ဆရာဝန်များ မကြာခဏဆိုသလို အပြင်ထွက်၍ ကုသကြရ၏။ ထိုနေ့ညတွင် သူတို့၏ တဲစခန်း၌ ပေ့ဂျ်ရယ်၊ အယ်လ်ဖရက်ရယ်၊ ထမင်းချက်သမားရယ် တို့သာ ကျန်ရစ်ခဲ့ကြသည်။

သူတို့နှစ်ယောက် ပျော်ပျော်ပါးပါး ညစာစားကြပြီးတော့ အသီးသီး အိပ်ရာဝင်ခဲ့ကြသည်။ သန်းခေါင်လောက်ကျတော့ တောရိုင်းတိရစ္ဆာန်အော်သံတွေကြောင့် ပေ့ဂျ် လန့်နိုးလာသည်။ သူအိပ်ရာထဲမှာ လှဲနေသည်။ တော်တော်ကြာတော့ အော်သံတွေ ပို၍ နီးလာသည်။ သူကြောက်လာသည်။ အသက်ရှူ မြန်လာသည်။ သူ့အဖေနှင့် အခြားဆရာဝန်တွေ ဘယ်တော့မှ ပြန်လာကြမည်မသိ။

သူ အိပ်ရာပေါ် ထ ထိုင်သည်။ အယ်လ်ဖရက်တို့၏ တဲအိမ်က သိပ်မဝေး။ ပေ့ဂျ်သည် ရုတ်တရက် ထ ပြီး တဲအိမ်အကာကို မ ၍ဖွင့်သည်။ ပြီးနောက် အယ်လ်ဖရက်တို့၏ အိမ်သို့ ပြေးလာခဲ့တော့သည်။

အယ်လ်ဖရက် အိပ်ပျော်နေသည်။

"အယ်လ်ဖရက်" ခပ်ကျယ်ကျယ်ဟု ခေါ်လိုက်သည်။

အယ်လ်ဖရက် ချက်ချင်းနိုးလာသည်။

"ဟင် ... ပေ့ဂျ်၊ ဘာဖြစ်လာတာလဲ"

"ကျွန်မကြောက်လို့၊ တိရစ္ဆာန်အော်သံတွေ ကြားရတယ်၊ ကျွန်မ ဒီမှာ ခဏနေပါရစေ"

"ရပါတယ်၊ နေပါ"

ချုံတောထဲ တိရစ္ဆာန်များ တိုးသွားသံတွေကို နားစွင့်ရင်း နှစ်ယောက်သား ကွပ်ပျစ်ခုတင်ပေါ်တွင် ဘေးချင်းကပ် ထိုင်နေကြသည်။ အတန်ကြာတော့ တိရစ္ဆာန်အသံတွေ ဝေးသွားသည်။

အယ်လ်ဖရက်သည် ပေ့ဂျ်၏ နွေးထွေးသည့် ကိုယ်ငွေ့ကြောင့် စိတ်ထဲ မရိုးမရွ ခံစားနေရသည်။

"ပေ့ဂျ် ... မင်းတို့တဲကို ပြန်ပါတော့လား"

"အယ်လ်ဖရက်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အင် ..."

"တို့နှစ်ယောက် လက်ထပ်ကြမယ်ဆို"

"ဟုတ်တယ်လေ"

"ဟုတ်ရင် ပြီးပြီပေါ့"

ပေ့ဂျ်သည် မနက်အရုဏ်တက်ချိန်မှ သူတို့တဲသို့ ပြန်လာခဲ့၏။

■

သူ့ဖခင် ကတ်တေလာသည် ပေ့ဂျ်အား အမေရိကန်သို့ ပြန်ပြီး ရှိကာဂိုမြို့မြောက်ပိုင်း ဒီယားဖီးမြို့နယ်ရှိ သူ့ဘကြီး၏ အိမ်ကြီးရခိုင်တွင် သွားနေဖို့ မကြာခဏ တိုက်တွန်းသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"သမီး ဗိုင်းကောင်းကျောင်းဖိ အမျိုးသမီးတစ်ယောက် ဖြစ်လာအောင်လို့ပေါ့"

"အခုရော သမီး ဘာဖြစ်နေလို့လဲ"

"ဣန္ဒြေရှိတဲ့ အမျိုးသမီးဆိုတာ မျောက်ရိုင်းတွေကို မစဘူး၊ မြင်းကျားလေးတွေကို မစီးဘူး"

သို့သော်လည်း ပေ့ဂျ်၏ အဖြေကတော့ အမြဲတမ်း အတူတူပင်။

"သမီး ဖေဖေ့ကို မခွဲနိုင်ဘူး"

■

ပေ့ဂျ် အသက် ၁၇ နှစ်ပြည့်သောအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆရာဝန်များသည် တိုက်ဖွိုက်ရောဂါ နှိမ်နင်းရေးအတွက် တောင်အာဖရိက တောတွင်းကျေးရွာတစ်ရွာသို့ ထွက်သွားကြသည်။ ဆရာဝန်တွေ ရောက်သွားပြီးနောက် မကြာမီတွင် အခြေအနေမှာ ကပ်ရောဂါထက် ပိုဆိုးလာသည်။ တိုင်းရင်းသားလူမျိုးစု နှစ်စုတို့ စစ်ဖြစ်ပွားခြင်းကြောင့် ဖြစ်၏။ ဒေါက်တာ ကတ်တေလာ အပါအဝင် ဆရာဝန်များအား ပြန်သွားရန် ရပ်မိ ရပ်ဖများက တိုက်တွန်းကြသည်။

"ကျုပ်တို့ မပြန်နိုင်ဘူး၊ ပြန်သွားရင် လူနာတွေ အကုန်သေကုန်လိမ့်မယ်"

နောက် လေးရက်အကြာတွင် ရွာကို ဝင်စီးသည်။ ပေ့ဂျ်တို့ သားအဖနှစ်ယောက် တဲကလေးထဲတွင် ကုပ်နေရင်း အော်ဆဲသံများနှင့် သေနတ်သံများကို နားစွင့်နေကြသည်။

ပေ့ဂျ်မှာ ကြောက်စိတ်ကြောင့် ဆတ်ဆတ် တုန်နေ၏။

"သမီးတို့ကို သူတို့ သတ်ကြတော့မယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီးက သမီးငယ်ကို ဖက်ထားရင်း ...

"သူတို့ တို့ကို မသတ်ပါဘူး သမီးရယ်၊ တို့က သူတို့ကို ကူညီနေတာ၊ တို့ဟာ မိတ်ဆွေတွေဆိုတာ သူတို့ သိပါတယ်"

သူပြောတာ မှန်ပါသည်။ လူမျိုးစု ခေါင်းဆောင်တစ်ယောက် လက်နက်ကိုင် နောက်လိုက်တွေနှင့် တဲထဲသို့ ဝင်လာသည်။

"ဘာမှ မကြောက်နဲ့၊ ခင်ဗျားတို့ကို ကျုပ်တို့ စောင့်ရှောက်မယ်"

မှန်ပါသည်။ သူတို့ တကယ်ပင် စောင့်ရှောက်ကြသည်။

နောက်ဆုံးတွင် တိုက်ပွဲ ပြီးသွားသည်။

သို့သော်လည်း မနက်မိုးလင်းတော့ ကတ်တေလာ က ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။ သူ့အစ်ကိုထံသို့ သံကြိုး ရိုက်လိုက်သည်။

*"လာမည့် လေယာဉ်တွင် ပေ့ဂျ် ပါလာမည်။ အသေးစိတ်ကို သံကြိုးထပ်ရိုက်မည်။ သူ့ကို လေဆိပ်မှာ ကြိုပါ"*

■

သည်ကိစ္စသိရတော့ ပေ့ဂျ် အကြီးအကျယ် ဒေါသထွက်သည်။ ငိုယိုရင်းနှင့်ပင် လေယာဉ်ကွင်းသို့ လိုက်ပါလာသည်။ လေယာဉ်ကွင်းကလေးတွင် ဖုန်တထောင်းထောင်း ထနေသည်။ ဂျိုဟန်နက်စဘတ်မြို့သို့သွားပြီး နောက်ထပ် လေယာဉ်စီး ရဦးမည်။

"ဖေဖေက သမီးကို မောင်းထုတ်ချင်လို့ အခုလိုပို့တာ မဟုတ်လား"

ပေ့ဂျ် ငိုနေသည်။

အဖေက သမီးကို ဖက်ထားရင်း ...

"ဖေဖေ့မှာ သမီးထက်အပြင် ချစ်စရာ မရှိပါဘူးကွယ်၊ သမီးကို ဖေဖေ အမြဲသတိရနေမှာပါ၊ ဒါပေမဲ့ မကြာခင် မှာ ဖေဖေလည်း ပြန်လာခဲ့ပါ့မယ်၊ အဲဒီတော့မှ တို့သားအဖ အတူတူနေကြတာပေါ့နော်"

"ဖေဖေ တကယ်ကတိပေးတာလား"

"တကယ် ကတိပေးတာ"

အယ်လ်ဖရက်ကလည်း လိုက်ပို့သည်။

"ဘာမှမပူနဲ့၊ ငါ ပြန်လာခဲ့မယ်၊ မင်းကို လက်ထပ်မယ်၊ မင်း စောင့်နေမှာလား"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နောက်ပိုင်းမှာ ထိုမေးခွန်း အလကား ဖြစ်သွားခဲ့သည်။

"စောင့်မှာပေါ့"

■

နောက်သုံးရက်အကြာတွင် ရှီကာဂိုမြို့ အိုဟဲယားလေဆိပ်သို့ ရောက်လာသည်။ ပေ့ဂျ်၏ ဘကြီး ရစ်ချက်တေလာ လာကြိုနေသည်။ သူ့ကို ပေ့ဂျ် တစ်ခါမှ မမြင်ဘူး၊ အလွန်ချမ်းသာသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ဇနီးဆုံးသွားတာ ကြာပြီဖြစ်ကြောင်းလောက်သာ သိထား၏။ "မိသားစုထဲမှာ သူက အအောင်မြင်ဆုံးပဲ" ဟု ပေ့ဂျ်၏အဖေ အမြဲပြောလေ့ ရှိသည်။

ဘကြီး၏ ပထမဆုံးစကားကြောင့် ပေ့ဂျ် လန့်ဖျပ်သွားသည်။

"ပြောရမှာ စိတ်မကောင်းဘူး သမီးရယ်၊ ငါ အခုပဲ သတင်းရတယ်၊ တိုင်းရင်းသားချင်းတိုက်ပွဲမှာ သမီးအဖေ အသတ်ခံသွားရပြီ"

ပေ့ဂျ်၏ ဘဝတစ်ခုလုံး အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားသည်။ ခံစားရသည့် ဝေဒနာက အလွန်ပြင်းထန်လှသည်။ တာရှည်ခံနိုင်ရည်ရှိပါ့မလားလို့တောင် တွေးမိသည်။

■

ပေ့ဂျ် အသက် ၂၁ နှစ်တွင် အထက်တန်းပညာရေး ပြီးဆုံးသွားသည်။ ဆေးကျောင်း ဆယ်ကျောင်းကို လျှောက်ထားရာ အားလုံးက လက်ခံသည်။ သူက ဘော့စတွန်ကကျောင်းကို ရွေးလိုက်၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် အချိန်ပိုင်းဝင်လုပ်ရင်း ဇိုင်ယာနိုင်ငံသို့ ရောက်နေသည့် အယ်လ်ဖရက်နှင့် ဖုန်းဆက်ရန် နှစ်ရက်တိတိ ကြိုးစားရသည်။

ပေ့ဂျ်က သူ့အကြောင်း ပြောပြလိုက်သည်။

"သိပ်ဝမ်းသာတယ် ဒါလင်၊ ကိုယ်လည်း ဆေးသင်တန်း ဆင်းခါနီးပါပြီ၊ ပြီးရင် ဒီမှာ ခဏတော့ နေရဦးမယ်၊ ပြီးတော့ နောက် နှစ်နှစ်၊ သုံးနှစ်ဆိုရင် ကိုယ်တို့နှစ်ယောက် ဆေးကုစားလို့ရပြီ၊ မင်းကို ကိုယ် သိပ်ပြီး တွေ့ချင်တယ်၊ ကိုယ် သုံးလေးရက်လောက် ခွင့်ရရင် မင်းက ဟာဝိုင်ယီမှာ လာတွေ့နိုင်မလားဟင်"

ပေ့ဂျ်က မဆုတ်မယုတ်ပင် ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"လာတွေ့မယ်"

■

သူတို့နှစ်ယောက် ကြံဖန်စီစဉ်ကြသည်။ အယ်လ်ဖရက်အနေဖြင့် သည်ခရီးရှည်ကြီးကို သွားနိုင်ဖို့အတွက် တော်တော်ခက်ခက်ခဲခဲ စီစဉ်ခဲ့ရသည်။ ဒါကို ပေ့ဂျ်က မမေးဘဲနှင့် မှန်းကြည့်ပြီး သိသည်။ အယ်လ်ဖရက်ကလည်း သည်အကြောင်း ထုတ်မပြော။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့သည် ဟာဝိုင်ယီသို့ ရောက်လာပြီး "ဆန်းနီးကော့ဗ်" ဟိုတယ်မှာ တည်းကြသည်။ ပေ့ဂျ်က အယ်လ်ဖရက်အား ဘော့စတွန်သို့ ပြန်လိုက်စေချင်သည်။ သို့သော်လည်း သူ့အနေဖြင့် အတွေ့ဆန်လွန်းမည်ကို စိုးစားမိ၏။ အယ်လ်ဖရက်၏ အလုပ်က ပို၍အရေးကြီးသည် မဟုတ်လား။

နောက်ဆုံးနေ့တွင် အဝတ်အစားလဲရင်း ပေ့ဂျ် က မေးသည်။

"သင်တန်းပြီးရင် ရှင် ဘယ်ကိုသွားရမလဲ"

"ဂမ်ဘီယာ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်"

*သူ့ကို သိပ်ပြီး လိုအပ်နေတဲ့ လူတွေကို ကူညီဖို့၊ သူတို့ရဲ့ အသက်ကို ကယ်ဖို့ ...*

ပေ့ဂျ်က အယ်လ်ဖရက်ကို တင်းတင်းဖက်ပြီး မျက်လုံးတွေ မှိတ်ထားသည်။ သူ့ချစ်သူကို ဘယ်ကိုမှ မသွားစေချင်တော့။

အယ်လ်ဖရက်က ပေ့ဂျ်၏ အတွင်းစိတ်ကို သိသည့်အလား ...

"ငါ မင်းကို ဘယ်တော့မှ ခွဲမသွားပါဘူး အချစ်ရယ်"

■

ပေ့ဂျ် ဆေးကျောင်း စ တက်သည်။ သူနှင့် အယ်လ်ဖရက်တို့ စာအဆက်အသွယ် ပုံမှန်ရှိနေသည်။ အယ်လ်ဖရက် ဘယ်နေရာပဲရောက်နေနေ ပေ့ဂျ်၏ မွေးနေ့နှင့် ခရစ္စမတ်နေ့တိုင်း ဖုန်းဆက်သည်။ ခရစ္စမတ်နေ့မတိုင်မီ ပေ့ဂျ် ဒုတိယနှစ် ရောက်တွင် အယ်လ်ဖရက် ဖုန်းဆက်သည်။

"ပေ့ဂျ်"

"ဒါလင် ... အခု ဘယ်ရောက်နေလဲဟင်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



''ဆီနီဂေါ ရောက်နေတယ်၊ 'ဆန်းဒီးကောဒ်' ဟိုတယ်ကဆိုရင် မိုင်ပေါင်း ၈၈၀၀ လောက် ဝေးလိမ့်မယ်''

''အဲဒီတော့ ... ''

''နှစ်သစ်ကူးပွဲတော်အတွင်း ဟာဝိုင်ယီကို လာခဲ့ပါလား''

''ရတယ်၊ လာခဲ့မယ်''

အယ်လ်ဖရက်သည် ပေ့ဂျ်နှင့် တွေ့ဆုံရန် ကမ္ဘာတစ်ဝက် ခရီးထွက်ခဲ့ရ၏။ သည်အကြိမ်တွင် ပို၍ ပျော်ကြရသည်။ သူတို့အတွက် အချိန်စက်ယန္တရားသည် မရွေ့လျားဘဲ ရပ်တန့်နေသလို ထင်ရ၏။

''နောက်နှစ်ဆိုရင် ကိုယ်တို့အုပ်စုမှာ ကိုယ်က ခေါင်းဆောင် ဖြစ်လာမယ်၊ မင်းကျောင်းပြီးရင် ငါ လက်ထပ်ချင်တယ်''

■

*''ဆန်ရန်စစ္စကိုသို့ လာနေပြီ''*

ပေ့ဂျ်သည် အယ်လ်ဖရက်၏ သံကြိုးစာကို ငါးခေါက်တိတိ ဖတ်သည်။

ကက်နှင့် ဟန်နီတို့က သူတို့ အိပ်ခန်းအသီးသီးတွင် အိပ်ပျော်နေကြသည်။ ပေ့ဂျ်က သူတို့ကို အတင်းလှုပ်နိုးသည်။

''ဟေ့ ... ထထ၊ ထကြ၊ အယ်လ်ဖရက် လာတော့မယ်၊ သူလာတော့မယ်၊ တနင်္ဂနွေနေ့ ရောက်မယ်တဲ့''

''ဟယ် ... ဝမ်းသာစရာပဲ'' ကက်က ပြောသည်။ ''အဲဒီနေ့ကျ တို့ပါ လိုက်ကြိုမယ်''

ဟန်နီက ပိုကဲနေသည်။

''အတော်ပဲ၊ ငါလည်း သူ့ကို သိပ်တွေ့ချင်နေတယ်၊ မင်းတို့ မတွေ့တာ ဘယ်လောက်ကြာပြီလဲ''

''နှစ်နှစ်၊ ဒါပေမဲ့ အမြဲတမ်း အဆက်အသွယ်ရှိနေတယ်''

''မင်း သိပ်ကံကောင်းတာပဲ ... ပေ့ဂျ်'' ကက်က သက်မတစ်ချက်ချပြီး ပြောသည်။

''တို့ အိပ်ပျက်သွားပြီ၊ ငါ ကော်ဖီဖျော်လိုက်မယ်''

သုံးယောက်သား မီးဖိုခန်းစားပွဲမှာ ထိုင်ကြသည်။

''အယ်လ်ဖက် ရောက်တဲ့နေ့မှာ ပါတီပွဲပေးရင် မကောင်းဘူးလား'' ဟန်နီက အကြံပြု၏၊ ''သတို့သား ကြိုဆိုပွဲပေါ့''

*''သိပ်ကောင်းတဲ့ စိတ်ကူးပဲ'' ကက်က ထောက်ခံသည်။*

တနင်္ဂနွေနေ့ရောက်ရန် လေးရက်လိုသေး၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့တွင် သူတို့သုံးယောက်စလုံး အာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

 

သည်။

စနေနေ့တွင် ပေ့ဂ့်ျအလှပြင်ဆိုင်သွားသည်။ ဈေးဝယ်သည်။ ဝတ်စုံသစ်ဝယ်သည်။

"ငါ လှရဲ့လား ကြည့်ပါဦး၊ သူ ကြိုက်ပါ့မလားဟင်"

"အမယ်လေး ... စက်စက်ယို ... လှမှလှ၊ သူ အရမ်းကြိုက်မှာပဲ"

ပေ့ဂ့်ျမှာ အပျော်လုံး ဆို့နေတော့သည်။

■

တနင်္ဂနွေနေ့ရောက်တော့ နေ့လယ်စာကို အပြင်မှ မှာယူပြီး စားသောက်ခန်းတွင် တခမ်းတနား ပြင်ဆင်ထားကြသည်။ ရေခဲစိမ် ရှန်ပိန်တစ်ပုလင်းလည်း တင်ထားသည်။ သူငယ်ချင်းမသုံးယောက်တို့သည် အယ်လ်ဖရက်အလာကို စောင့်ရင်း ဂနာမငြိမ် အလွန် စိတ်လှုပ်ရှားနေကြသည်။

နှစ်နာရီတွင် လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ ပေ့ဂ့်ျ တံခါးဆီသို့ ပြေးလိုက်သွားသည်။ အယ်လ်ဖရက် ရောက်လာပြီ။

ခရီးပန်းလာပုံရပြီး ပိန်လည်း နည်းနည်းပိန်သွားသည်။ သို့သော် အယ်လ်ဖရက်ကတော့ အယ်လ်ဖရက်ပါပဲ။ သူ့နောက်က အသားညိုညို ဆံပင်နက်နက်နှင့် အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ယောက်လည်း ပါလာ၏။

"ပေ့ဂ့်ျ... " အယ်လ်ဖရက်က ခေါ်လိုက်သည်။

ပေ့ဂ့်ျက သူ့ကို ပြေးဖက်လိုက်၏။ ပြီးတော့ ဟန်နီနှင့် ကက်တို့ဘက်လှည့်ပြီး ဂုဏ်ယူစွာ ပြောလိုက်သည်။

"ဒါ အယ်လ်ဖရက်တန်နာလေ၊ အယ်လ်ဖရက် ... ဒါက ကျွန်မရဲ့ တစ်ခန်းတည်းနေ မိတ်ဆွေတွေပဲ၊ ဟန်နီတပ်ပ်နှင့် ကက်ဟန်တာ"

"တွေ့ရတာ ဝမ်းသာပါတယ်" သူ့ဘေးက အမျိုးသမီးဘက်လှည့်ပြီး "သူက ကာရင်တာနာ၊ ကျွန်တော့် ဇနီးပဲ"

ပေ့ဂ့်ျက အသံမပွင့်တပွင့်ဖြင့် ...

"*ဟင် ... ဒါဆို ရှင်လက်ထပ်လိုက်ပြီပေါ့*"

"ဟုတ်တယ်၊ ဒါနဲ့ မင်း ငါ့စာ မရဘူးလား"

"ဘာစာလဲ"

"ငါပို့လိုက်တာ တော်တော်ကြာပြီ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဘာစာမှ မရဘူး"

"ဟာ ... ငါ အရမ်းစိတ်မကောင်းပါဘူးကွာ၊ စာထဲမှာ ငါ အကြောင်းစုံရှင်းပြထားတယ်" သူ့အသံ ပျော့သွားသည်။ "ငါ တကယ်ဝမ်းနည်းပါတယ် ... ပေ့ဂျ်၊ မင်းနဲ့ ငါနဲ့က သိပ်ပြီး အလှမ်းဝေးနေကြတာကိုး၊ အဲဒီမှာ ငါ ကာရင်နဲ့ တွေ့တယ်၊ ဒီလိုအခြေအနေကို မင်း နားလည်ပါလိမ့်မယ်"

"ကျွန်မ နားလည်ပါတယ်" သူ့အသံ ဝါးနေသည်။ ကာရင် ဘက်သို့ လှည့်ပြီး ပြုံးရင်း "ရှင် ... ရှင်တို့နှစ်ယောက် သိပ်ပြီး ပျော်ကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

တစ်ခန်းလုံး ပိတ်ပိတ်သား တိတ်ဆိတ်နေသည်။ ထို့နောက် ကာရင်က ပြောလိုက်သည်။

"ဒါလင် ... ကျွန်မတို့ ပြန်ဖို့ ကောင်းပါပြီ"

"ဟုတ် ... ဟုတ်ကဲ့"

အယ်လ်ဖရက်က ဆံပင်ကို လက်နှင့် ထိုးဖွရင်း ...

"ငါ တကယ် စိတ်မကောင်းပါဘူး ပေ့ဂျ်... ငါ ... အဲ ... ကဲ ... ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ကြင်စဦး ဇနီးမောင်နှံ ပြန်ထွက်သွားသည်ကို မိန်းမသားသုံးယောက် ငေးကြည့်ကျန်ရစ်ခဲ့ကြသည်။

"ခွေးမသား" ကက်က ကျိန်ဆဲလိုက်သည်။ "သစ္စာမဲ့တဲ့ သူယုတ်မာ"

ပေ့ဂျ်၏ မျက်လုံးများတွင် မျက်ရည်တွေ ရွှန်းဝေ့လာသည်။

"သူ ... သူ ... သူ့စာထဲမှာတော့ အကြောင်းစုံ ရှင်းပြထားမှာ သေချာပါတယ်"

ဟာန်နီက သူ့ သူငယ်ချင်းမကို လှမ်းဖက်လိုက်ပြီး ...

"ငါသာ အစိုးရဆိုရင် ဒီလိုယောကျ်ားတွေအားလုံး သင်းကွပ်ပစ်လိုက်မယ်"

"ငါတော့ ဒီအတွက် အရက်သောက်မှာပဲ" ဟု ကက်က ပြောလိုက်သည်။

"ငါ့ကို ခွင့်လွှတ်ကြပါ"

ပေ့ဂျ်သည် အိပ်ခန်းသို့ ပြေးဝင်သွားပြီးနောက် တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်၏။

သူသည် ထိုနေ့ တစ်နေ့လုံး အပြင်သို့ လုံးဝ မထွက်တော့။ ။

■

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း နှစ်လ၊ သုံးလအတွင်း ပေ့ဂျ်သည် ကက်နှင့် ဟန်နီတို့ကို မတွေ့ရသလောက်ဖြစ်သည်။ တွေ့ပြန်တော့လည်း ဆေးရုံစားသောက်ဆိုင်မှာ သုတ်သီးသုတ်ပျာ နံနက်စာစားရင်း ခဏဆုံကြရုံသာ ရှိသည်။ စင်္ကြံလမ်းတွင် ဖြတ်သွားဖြတ်လာ ဆုံကြပြန်တော့လည်း အရေးပေါ်လူနာကြောင့် စကားပြောချိန်ပင် မရကြ။

သို့ဖြင့် သူတို့သည် တိုက်ခန်းတွင် စာတိုကလေးများ ရေးထားခဲ့ခြင်းဖြင့်သာ အချင်းချင်း ဆက်သွယ်နေကြရ၏။

"ရေခဲသေတ္တာထဲမှာ ညနေစာ ထည့်ထားခဲ့တယ်"

"မိုက္ကရိုဝေ့ဖ် ပျက်နေတယ်"

"ဆောရီး ... သန့်ရှင်းရေးလုပ်ချိန် မရခဲ့ဘူး"

"စနေနေ့ညမှာ တို့သုံးယောက် ညစာ အပြင်ထွက်စားရင် ဘယ့်နှယ်လဲ"

အခန်း-၅- နားချိန်မရသည့် အလုပ်တာဝန်က အပြစ်ပေးသလို ဖြစ်နေသည်။

အလုပ်သင် လက်ထောက်ဆရာဝန်များ၏ ခံနိုင်ရည်ကို စမ်းသပ်နေပုံရ၏။

ပေ့ဂျ်ကတော့ အလုပ်တာဝန် ဖိစီးနေတာကို သဘောကျနေသည်။ သူ့အဖို့ အယ်လ်ဖရက်အကြောင်း စဉ်းစားချိန်မရတော့

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အယ်လ်ဖရက်ကို သူ မေ့လို့မရ။ သူ့ကြောင့် ခံစားနေရသည့် ဝေဒနာက ပြင်းထန်လှ၏။ ကုစား၍ မရနိုင်သေး။ "တကယ်လို့ ... ဖြစ်ခဲ့လျှင် ..." ဟူသော အဓိပ္ပာယ်မရှိသည့် ကစားနည်းဖြင့် သူ့ကိုယ်သူ နှိပ်စက်နေတုန်း ပင်။

တကယ်လို့ ငါသာ အာဖရိကမှာ သူနဲ့ အတူတူ ရှိနေဖြစ်ခဲ့ရင် ...

တကယ်လို့ သူသာ ရှီကာဂိုကို ငါနဲ့ လိုက်လာဖြစ်ခဲ့ရင် ...

တကယ်လို့ သူသာ ဟိုမိန်းမနဲ့ မဆုံဖြစ်ခဲ့ရင် ...

တကယ်လို့ ...

■

စနေနေ့ တစ်နေ့တွင် ပေ့ဂျ်သည် ဓာတ်ခွဲခန်းဝတ်စုံလဲရန် အဝတ်လဲခန်းသို့ လာခဲ့သည်။

ဝတ်စုံပေါ်မှာ ဆော့ပင်အနက်ဖြင့် "ခွေးစုတ်မ" ဟူ၍ ရေးထားတာ တွေ့ရ၏။

■

နောက်နေ့တွင် ပေ့ဂျ်သည် မှတ်စုစာအုပ်ယူရန် လာခဲ့သည်။ မရှိတော့။

သူ၏ မှတ်စုစာအုပ်တွေအားလုံး ပျောက်နေ၏။ *ငါ အထားမှားတာ ဖြစ်မှာပါဟု* တွေးမိသေး၏။

သို့သော်လည်း သူ့အတွေးကို သူ မယုံနိုင်ဖြစ်နေ၏။

■

ဆေးရုံအပြင်လောကအကြောင်း မေ့သလောက်ဖြစ်နေ၏။ အီရတ်က ကူဝိတ်ကို ကျူးကျော်တိုက်ခိုက်ကြောင်း ကိုတော့ ပေ့ဂျ်သိသည်။ သို့သော်လည်း သူ့အဖို့ သွေးကင်ဆာဖြင့် သေခါနီး ၁၅ နှစ်အရွယ် လူနာက ပို၍ အရေးကြီး နေ၏။ အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ပြန်လည်ပေါင်းစည်းသည့်နေ့တွင် ပေ့ဂျ်သည် ဆီးချိုရောဂါရှင် လူနာ၏ အသက်ကို လုရင်း အလွန်အလုပ်များနေ၏။ ဗြိတိန်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ် မာဂရက်သက်ချာ ရာထူးမှ နုတ်ထွက် သွားသည်။ သို့သော်လည်း အဆောင် (၂၁၄) မှ လူနာ ပြန်လည် လမ်းလျှောက်နိုင်ရေးက ပို၍ အရေးကြီး၏။

ပေ့ဂျ်အနေဖြင့် ဖြေသာသည့်အချက်မှာ သူနှင့်အတူ တွဲလုပ်ရသည့် ဆရာဝန်များပင် ဖြစ်သည်။ ခြွင်းချက်အနေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယ်မှတ်စ်ပါး ဆရာဝန်အများစုသည် လူနာများအား ကုသခြင်း၊ အသက်ကယ်ခြင်းအလုပ်တွင် ကိုယ်နှင့် စိတ်ကို မြှုပ်နှံ ထားကြသည်။ သူတို့၏ အံ့ဖွယ်စွမ်းဆောင်မှုတွေကို နေ့တိုင်း မျက်မြင်ကိုယ်တွေ့၊ သူတို့အတွက် ပေ့ဂျ် အလွန် ဂုဏ်ယူမိ၏။

စိတ်ရော၊ ကိုယ်ရော ဖိစီးမှုအများဆုံးကတော့ အရေးပေါ်ခန်းတွင် လုပ်ကိုင်ရခြင်း ဖြစ်သည်။ အမျိုးအမည်မသိ ရောဂါနံ့ဖြင့် ရောက်လာကြသည့် လူနာတွေ ပြည့်ကျပ်နေ၏။

ဆေးရုံတွင် အချိန်အကြာကြီး လုပ်ကိုင်ရခြင်းနှင့် အရေးတကြီးလုပ်ကိုင်ရခြင်းတို့ကြောင့် ဆရာဝန်နှင့် သူနာပြု တွေအဖို့ အကြီးအကျယ် ကိုယ်စိတ်ဖိစီးမှု ခံစားကြရသည်။ လင်မယား ကွာရှင်းမှုနှုန်းကလည်း ကြောက်ခမန်းလိလိ မြင့်မား၏။ အမြှောင်ထားခြင်းဆိုသည်မှာ ထမင်းစား ရေသောက်အလုပ်လို ဖြစ်နေပြီ။

တွမ်ချန်းလည်း ယင်းပြဿနာနှင့် ရင်ဆိုင်နေရသည်။ သူက ကော်ဖီသောက်ရင်း ပေ့ဂျ်အား ရင်ဖွင့်သည်။

"အလုပ်ချိန်ကြာတာကို ကျွန်တော်ခံနိုင်ရည်ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မိန်းမက မခံနိုင်ဘူး၊ သူက ပြောတယ်၊ ကျွန်တော့်ကို သူ မတွေ့ရသလောက်ပဲတဲ့၊ သမီးလေးကလည်း အဖေ့ကို သူစိမ်းတစ်ရံဆံ လို ထင်နေပြီတဲ့၊ သူပြောတာ မှန်ပါတယ်၊ အဲဒါ ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်"

"ရှင့်မိန်းမ ဆေးရုံလာဖူးသလား"

"ဟင့်အင်း"

"နေ့လယ်စာ စားဖို့ ရှင်ဘာကြောင့် မခေါ်လာသလဲ၊ ရှင် ဒီမှာ ဘာလုပ်နေတယ်ဆိုတာ သူကိုယ်တိုင် မြင်ရတာပေါ့၊ ရှင့်အလုပ် ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိရတာပေါ့"

ချန်း မျက်နှာ လင်းသွားသည်။ "သိပ်ကောင်းတဲ့ စိတ်ကူးပဲ၊ ကျေးဇူးပဲ ပေ့ဂျ်၊ ကျွန်တော် ကြိုးစားကြည့်မယ်၊ ခင်ဗျားနဲ့လည်း မိတ်ဆက်ပေးမယ်၊ ဒီတော့ ကျွန်တော်တို့နဲ့ နေ့လယ်စာ လာစားပါလား"

"သိပ်ကောင်းပေါ့ရှင်"

■

ချန်း၏ဇနီး ဆိုင်းသည် ချစ်စရာကောင်းသော အလှပိုင်ရှင်မိန်းကလေး ဖြစ်၏။ ချန်းက သူ့ကို ဆေးရုံအတွင်း အနှံ့လိုက်ပြသည်။ ထို့နောက် စားသောက်ဆိုင်မှာ ပေ့ဂျ်နှင့်အတူ နေ့လယ်စာ စားကြသည်။

ဆိုင်းက ဟောင်ကောင်ဇာတိ ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဆန်ဖရန်စစ္စကိုကို ဘာကြောင့် ကြိုက်တာလဲ" ဟု ပေ့ဂျ်က မေးသည်။

"စိတ်ဝင်စားဖို့ကောင်းလို့" ဆိုင်းက ပြုံးပြီးပြောသည်။ စကားပြောလည်း ယဉ်ကျေးသည်။ "ဒါပေမဲ့ ဒီမှာနေရတာ ကျွန်မ သူစိမ်းတစ်ရံဆံလိုဖြစ်နေတယ်။ မြို့ကြီးက သိပ်ပြီးကြီးတယ်၊ သိပ်ပြီး ဆူတယ်"

"ဟောင်ကောင်ကလည်း ကြီးပြီး ဆူညံတာပဲ"

"ကျွန်မက တောသူပါ၊ ဟောင်ကောင်ကို တစ်နာရီလောက်လာရတယ်၊ တောမှာက မဆူမညံဘူး၊ မော်တော်ကားမရှိဘူး၊ လူတိုင်း ကိုယ့်အိမ်နီးချင်းနဲ့ ရင်းနှီးတယ်" သူ့ယောက်ျားကိုကြည့်လျှက် ... "ကျွန်မတို့ သားအမိ၊ သားအဖသုံးယောက် အဲဒီမှာသိပ်ပြီး စိတ်ချမ်းသာကြတယ်၊ "လန်းမား" ကျွန်းကလည်း လှမှလှပဲ၊ သဲသောင်ဖွေးဖွေးနဲ့ စိုက်ခင်းတွေရှိတယ်၊ အနီးအနားမှာ တံငါရွာလေးလည်းရှိတယ်။ "ဆက်ကျူဝန်" တဲ့၊ သိပ်ပြီး အေးချမ်းတာပဲ" သူ့အသံတွင် အတိတ်ကို တတမ်းတတလွမ်းဆွတ်သံပါသည်။ "အဲဒီမှာတုန်းက ကျွန်မတို့ လင်မယား အတူတူနေဖို့အချိန်တွေ အများကြီးရတယ်၊ မိသားစုတွေဆိုတာ အဲဒီလိုပဲ ရှိရမယ်မဟုတ်လား၊ ဒါပေမဲ့ ဒီမှာတော့ ကျွန်မ သူ့ကို မတွေ့ရသလောက်ပဲ"

"မစ္စက်ချန်း" ပေ့ဂျ် က ပြောသည်။ "အခုလောလောဆယ် ရှင့်အနေနဲ့ အနေရခက်တာ မှန်ပါတယ်၊ ဒါပေမဲ့နောက်တစ်နှစ်၊ နှစ်နှစ်ဆိုရင် တွမ်က ကိုယ်ပိုင်ဆေးခန်း ဖွင့်နိုင်မှာပါ၊ အဲဒါဆိုရင် သူ အချိန်ပိုတွေ အများကြီး ရလာမှာပဲ"

တွမ်ချန်းက သူ့မိန်းမလက်ကို ဆုပ်ကိုင်ရင်း ...

"အဲဒါပဲပေါ့၊ အားလုံး အဆင်ပြေသွားမှာပါ ... ဆိုင်း၊ သည်းခံပြီးသာ စောင့်ပါ"

"ကျွန်မ နားလည်ပါတယ်"

ဒါပေမဲ့ သူ့အသံတွင် ယုံကြည်မှု မပါ။

သူတို့ စကားပြောနေတုန်း စားသောက်ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ သူ တံခါးဝတွင် ရပ်နေစဉ်သူ့ဦးနောက်နောက်ပိုင်းကိုသာ ပေ့ဂျ်မြင်ရ၏။ ပေ့ဂျ် ရင်ခုန်သွားသည်။ ထိုလူ လှည့်ကြည့်သည်။ သူစိမ်းတစ်ယောက်ဖြစ်သည်။

ချန်းက ပေ့ဂျ်ကိုကြည့်ပြီး "ဘာဖြစ်လို့လဲ ... ပေ့ဂျ်"

"ဘာမှ မဖြစ်ပါဘူး" သူ လိမ်ပြောလိုက်သည်။ *သူ့ကို မေ့ပစ်ရမယ်၊ ပြီးသွားပြီပဲ။* သို့သော် ... လွန်ခဲ့သည့်နှစ်များအတွင်း ကြုံခဲ့ရသည့် ပျော်စရာ၊ စိတ်လှုပ်ရှားစရာ၊ လွမ်းစရာတွေကို ဘယ်လိုလုပ်ပြီး လွယ်လွယ်နှင့် မေ့နိုင်ပါမည်နည်း။ *ငါ ဘယ်လို မေ့လို့ရမလဲ၊ ဆရာဝန်တစ်ယောက်ကို ငါ့ဦးနှောက်တစ်ရှူးတွေ ခွဲစိတ်ခိုင်းရမလား။*

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်သည် စင်္ကြံလမ်းတွင် ဟန်နီနှင့် ဆုံသည်။ ဟန်နီသည် မောကြီး ပန်းကြီးနှင့် စိတ်ညစ်နေပုံရသည်။

"နေကောင်းရဲ့လား သူငယ်ချင်း" ပေ့ဂျ်က မေးသည်။

ဟန်နီက ယဲ့ယဲ့ပြုံးပြီး "အေး ... ကောင်းပါတယ်"။ ထို့နောက် သူ ပျာပျာသလဲ လျှောက်ထွက်သွားသည်။

ဟန်နီ့ကို မကြာသေးမီက ဒေါက်တာချားအစ္စလာနှင့် တွဲဖက်တာဝန်ချထားခဲ့သည်။ ဒေါက်တာအစ္စလာသည် ညေးကမ်းကြီးသူအပြင် နာမည်ကြီးသည်။ ပထမဆုံး လူနာရောင်းလှည့်သည့်နေ့တွင် သူကပြောသည်။

"ငါက မင်းနဲ့ တွဲလုပ်ရဖို့ကို မျှော်နေတာ၊ မင်း ဆေးကျောင်းမှာ ထူးချွန်ခဲ့ကြောင်း ဆေးရုံအုပ်ကြီးပြောလို့ သိရတယ်၊ ဒါနဲ့ မင်းက အတွင်းပိုင်းခန္ဓာဗေဒ ယူတယ်နော်"

"ဟုတ်ပါတယ်"

"ကောင်းတယ်၊ ဒါဆို ဒီမှာ တို့နဲ့အတူ နောက်ထပ်သုံးနှစ်တော့ နေရတော့မှာပေါ့"

သူတို့ စတင် ရောင်းလှည့်ကြသည်။

ပထမဆုံး လူနာမှာ မက်ဆီကန်လူငယ်ဖြစ်သည်။ ဒေါက်တာအစ္စလာက ဟန်နီ့ဘက်သို့ လှည့်လျက် ...

"ဒီကေ့စ်ကို မင်းစိတ်ဝင်စားလိမ့်မယ်၊ ဒီလူနာက လက္ခဏာတွေစုံတယ်၊ ခံတွင်းပျက်တယ်၊ သွေးအားနည်းတယ်၊ [illegible]တယ်၊ ကိုယ်အလေးချိန်ကျတယ်၊ ဒေါသကြီးတယ်၊ သွေးထဲမှာ သတ္တုဓာတ်တွေ့တယ်၊ ဘာရောဂါလို့ ဆုံးဖြတ်မလဲ"

[illegible] မျှော်လင့်ချက်ဖြင့် ပြုံးနေသည်။

"ဟုတ်ကဲ့ ... ဒါကတော့ အမျိုးမျိုးဖြစ်နိုင်တာပဲ"

ဒေါက်တာအစ္စလာ အံ့အားသင့်သွားပြီး "ဒါက ရှင်းနေ... "

အခြားအလုပ်သင်ဆရာဝန်တစ်ယောက်က ကြားဖြတ်ပြီး ...

"*ခဲဆိပ်သင့်တာ မဟုတ်လား*"

"မှန်တယ်"

ဟန်နီက ပြုံးလျက် "ဟုတ်ပါတယ်၊ ခဲဆိပ်သင့်တာပါ"

ဒေါက်တာက သူ့ကိုကြည့်ပြီး "ဒါဆို ဘယ်လို ကုမလဲ"

"အင်း ... ကုနည်းတွေကတော့ အမျိုးမျိုးရှိတာပေါ့နော်"

နောက်တစ်ယောက်ဖြစ်၍ "လူနာဟာ ဒီလိုပဲ တာရှည်နေမယ်ဆိုရင် ဦးနှောက်ခွဲစိတ် ကုရမှာပဲ"

ဒေါက်တာအစ္စလာက ဦးခေါင်းညိတ်လျက် "မှန်တယ်၊ အဲဒီလိုပဲ လုပ်ရမယ်၊ ဒီဟိုက်ဒရေးရှင်းနဲ့ အီလက်ထရိုလိုက် [illegible]တာဘန့်ခက်စ်တွေကို ပြုပြင်ပြီး ချီလေးရှင်း သာရာဗီ ပေးရမယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူက ဟန်နီ့ကို ကြည့်လိုက်သည်။ ဟန်နီက ခေါင်းညိတ်ပြသည်။

နောက်လူနာတစ်ယောက်က အသက်ရှစ်ဆယ်ကျော် အဘိုးကြီး၊ မျက်လုံးတွေ နီရဲနေသည်။ မျက်ခွံတွေက ပိတ်လုနီးပါး ဖြစ်နေ၏။

"နေလို့ကောင်းရဲ့လား အဘ"

"အင်း ... လူအိုတစ်ယောက်အဖို့တော့ နေကောင်းတယ်လို့ ဘယ်ရှိပါ့မလဲ"

ဒေါက်တာက စောင်ကို လှပ်လိုက်သည်။ လူနာ၏ ဒူးဆစ်နှင့် ခြေချင်းဝတ်များ ရောင်းရမ်းနေသည်။ ခြေဖဝါးတွင် ဒဏ်ရာအနာတွေနှင့်။

"ရောင်တာက အဆစ်ရောင်ရောဂါကြောင့်ဖြစ်တာ" ဒေါက်တာက ဟန်နီ့ဘက်လှည့်၍ "ခြေဖဝါးက အနာတွေနဲ့ မျက်မေးရောင်တာတွေ ကြည့်ပြီး ဘာရောဂါလို့ ပြောမလဲ"

"အင်း ... ဖြစ်နိုင်တာက ... သိတဲ့အတိုင်း ... "

"အဲဒါ ရိုက်တာလက္ခဏာစု ရောဂါပေါ့" အလုပ်သင်တစ်ယောက်က ဝင်ထောက်လိုက်သည်။ "ဖြစ်ရတဲ့ အကြောင်းရင်းတော့ မသိရသေးဘူး၊ အများအားဖြင့် အဖျားဝင်တတ်တယ်"

ဒေါက်တာအစ္စလာက ခေါင်းညိတ်သည်။ "အဲဒါပဲတဲ့ ဟုတ်တယ်" ဟန်နီ့ဘက်လှည့်လျက် "ကြိုတင်ခန့်မှန်းချက်က ဘာလဲ"

"ကြိုတင် ခန့်မှန်းချက်လား"

နောက်တစ်ယောက်က ဖြတ်ပြီး "ကြိုတင်ခန့်မှန်းလို့ မရဘူး၊ ကုသချက်ကတော့ အရောင်အရမ်းကျတဲ့ ဆေးတွေ ပေးရမယ်"

"သိပ်ကောင်းတယ်" ဒေါက်တာအစ္စလာက ပြောလိုက်၏။

■

လူနာ တစ်ခါဇင်ကျော်ကျော် ရောင်းလှည့်စစ်ဆေးပြီးသောအခါ ဟန်နီက ဒေါက်တာအစ္စလာကို မေးသည်။

"ဆရာ့ကို ကျွန်မ တစ်ယောက်တည်း တွေ့ချင်ပါတယ် ဆရာ"

"ဟုတ်ပြီ၊ ရုံးခန်းကိုလာခဲ့"

သူတို့ ရုံးခန်းထဲမှာ ထိုင်ကြပြီးသည့်နောက် ဟန်နီက ပြောသည်။

"ဆရာတော့ ကျွန်မကို တော်တော်စိတ်ပျက်သွားမှာပဲ ထင်တယ်"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အမှန်အတိုင်းပြောရရင် အံ့တော့ အံ့သြသွားမိတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မ သတိထားမိပါတယ်၊ အဖြစ်က ဒီလိုပါ ဆရာ၊ ကျွန်မ ညတုန်းက လုံးဝအိပ်မပျော်ခဲ့ဘူး၊ အမှန်ကိုပြောရရင် ဆရာနဲ့ တွဲလုပ်ရမှာကို ကျွန်မ သိပ်ပြီးစိတ်လှုပ်ရှားနေမိခဲ့ပါတယ်၊ အဲဒါ ... အဲ့ဒါကြောင့် ကျွန်မ အိပ်မပျော်ခဲ့ဘူး"

ဒေါက်တာအစ္စလာ အလွန်အံ့သြသွားမိ၏။

"သြော် ... ဟုတ်ပြီ၊ သဘောပေါက်တယ်၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်လို့ ငါတွေးမိတယ်၊ မင်းရဲ့ ဆေးကျောင်းမှတ်တမ်းက သိပ်ကောင်းနေတာကိုး၊ ဒါနဲ့ မင်း ဘာကြောင့် ဆရာဝန်ဖြစ်လာတာလဲ"

ဟန်နီသည် ခဏခေါင်းငုံ့ပြီး ငြိမ်နေ၏။ ပြီးတော့မှ ...

"ကျွန်မမှာ မောင်လေးတစ်ယောက် မတော်တဆ အန္တရာယ်ဖြစ်တယ်ဆရာ၊ ဆရာဝန်တွေကလည်း အစွမ်းကုန်ကြိုးစား ကုကြတာပဲ၊ ဒါပေမဲ့ မောင်လေး ဆုံးသွားရှာတယ်၊ ကြာတော့ ကြာခဲ့ပါပြီ၊ ကျွန်မ တော်တော်ခံစားခဲ့ရပါတယ်၊ ဒါနဲ့ နောက်တော့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်၊ ငါ ဆရာဝန် ဖြစ်အောင် ကြိုးစားမယ်၊ လူတွေရဲ့ အသက်ကို ကယ်တင်မယ်လို့" သူ့မျက်လုံးများတွင် မျက်ရည်တွေ အိုင်ထွန်းနေ၏။

*အင်း ... တော်တော် စိတ်ပျော့တဲ့ ကလေးမပဲ၊* ဒေါက်တာအစ္စလာက တွေးလိုက်မိသည်။

"အခုလို စကားပြောဖြစ်တာ ငါ ဝမ်းသာပါတယ်"

ဟန်နီက ဒေါက်တာ့ကိုကြည့်ပြီး တွေးမိသည်။ ... *'သူ ငါ့ကို ယုံသွားပြီ'* ။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၆-

စာနယ်ဇင်းပေါင်းစုံမှ သတင်းထောက်များနှင့် ရုပ်မြင်သံကြား ဆရာများသည် တရားရုံးဂိတ်ဝကို မျက်ခြည်မပြတ် စောင့်ကြည့်ရင်း ဂနာမငြိမ် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ မကြာမီတွင် လူဒီနက်တို သည် ဘေးဘီမှ လူများအား အပြုံးမျက်နှာဖြင့် လက်ကို ဟန်ပါပါ ဝှေ့ယမ်းနှုတ်ဆက်ရင်း တရားရုံးမှ ထွက်လာသည်။ သူ့ဘေးတွင် ကိုယ်ရံတော်နှစ်ယောက်ပါသည်။ ပိန်ပိန်ရှည်ရှည်လူက ရှဲဒိုး၊ ဝဝ တောင့်တောင့် လူသန်ကြီးက ရီနိုး။ လူဒီနက်တိုသည် သူအမြဲ ဝတ်နေကျအတိုင်း တန်ဖိုးကြီးပြီး အချိုးကျသည့် ရှပ်အင်္ကျီအဖြူ၊ လည်စည်းအပြာနှင့် မီးခိုးရောင် ပိုးဝတ်စုံကိုဝတ်ပြီး မိကျောင်းသား ရေ ရှူးဖိနပ်ကို စီးထားသည်။ သူက အရပ်ပုပျပ်ပျပ်နှင့် ခြေထောက် ခွင်သည်။ ထို့ကြောင့် ခန့်ညားသည့် အသွင်ပေါ်အောင် သူ့အဝတ် အစားများကို အော်ဒါအပ်၍ အထူးစပါယ်ရှယ် ချုပ်ခိုင်းသည်။

သူသည် အမြဲလိုလို ပြုံးနေတတ်ပြီး သတင်းထောက်များ၏ မေးခွန်းကို ဟာသနှော၍ ဒက်ခနဲ လက်ခနဲ ဖြေတတ်သည်။ သတင်းစာတွေက သူ့စကားကို အရေးတယူ ဖော်ပြကြသည်။ သူသည် မီးရှို့မှု၊ မှောင်ခိုကုန်ကူးမှုနှင့် လူသတ်မှုတို့ဖြင့် သုံးကြိမ် သုံးခါ ရုံးတင် စစ်ဆေးခဲ့ရသည်။ သုံးကြိမ်စလုံး တရားသေ ကွင်းလုံးကျွတ် လွတ်မြောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု တရားရုံးက ထွက်လာတော့ သတင်းထောက် တစ်ယောက်က အော်၍ မေးလိုက်သည်။

''မစ္စတာဒီတက်တိုခင်ဗျား၊ ဒီအမှုမှာ တရားသေလွှတ်မယ် ဆိုတာ အရင်ကတည်းက သိထားလား''

ဒီနက်တိုက ရယ်လျက် ...

''ဒါပေါ့၊ သိထားတာပေါ့၊ ကျုပ်က အပြစ်ကင်းတဲ့ စီးပွားရေးသမားတစ်ယောက်ပါ၊ အစိုးရက ဘာမှလုပ်စရာ ရှိတော့ ကျုပ်ကို နှိပ်ကွပ်ဖို့ပဲ လုပ်နေတယ်၊ ဒါကြောင့်မို့လည်း အခွန်အကောက်တွေ သိပ်ပြီးတိုးမြင့်ကုန်တာပေါ့''

ရုပ်သံကင်မရာက သူ့ကို ချိန်လိုက်သည်။ သူရပ်ပြီး ပြုံးကြည့်နေသည်။

''မစ္စတာ ဒီနက်တိုခင်ဗျား ... အခု လူသတ်မှု စစ်ဆေးတာမှာ တရားခံ သက်သေနှစ်ဦး ပေါ်မလာတာ ဘယ်လိုပြောမလဲ''

''အဲဒါတော့ ကျုပ်မသိဘူး၊ သူတို့က ရိုးသားတဲ့ပြည်သူတွေဖြစ်လို့ ကျမ်းကျိန်ပြီး မုသားမပြောချင်တာလည်း ဖြစ်မှာပေါ့''

''အစိုးရကပြောတယ်၊ မစ္စတာဒီနက်တိုဟာ အနောက်ဘက်ကမ်းခြေ ဆူပူမှုမှာလည်း အဓိကခေါင်းဆောင်လို့ ဆိုတယ်၊ ပြီးတော့ ဟိုအရေးအခင်းကို စီမံတာလည်း ...''

''ကျုပ်က ကျုပ်စားသောက်ဆိုင်ကိုလာတဲ့ လူတွေကိုပဲ သင့်တော်သလို နေရာထိုင်ခင်း စီမံပေးတာပါ၊ သူတို့ စိတ်ချမ်းသာအောင် လုပ်ပေးတာပါ''၊ သူက သတင်းထောက်များကို ပြုံးကြည့်ရင်း၊ ''ဒါနဲ့ ဒီနေ့ည ခင်ဗျားတို့အားလုံးကို ဖိတ်ပါတယ်၊ ကျုပ်စားသောက်ဆိုင်ကို ကြွခဲ့ပါ၊ ညစာနဲ့ ယမကာ ကြိုက်သလောက် အခမဲ့ သုံးဆောင်နိုင်ပါတယ်''

ထို့နောက် သူသည် အနက်ရောင် ဇိမ်ခံကားကြီး ရပ်ထားသည့်နေရာသို့ လျှောက်လာခဲ့၏။

''မစ္စတာ ဒီနက်တို''

''မစ္စတာ ဒီနက်တို''

''မစ္စတာ ဒီနက်တို''

''မောင်တို့၊ မယ်တို့အားလုံး ကျုပ်ဆိုင်ကိုသာ လာခဲ့ကြပါ''

လူဒီနက်တို ကားပေါ်တက်ထိုင်သည်။ ပြုံးပြီး လက်ပြနှုတ်ဆက်သည်။ ရီနိုးက ကားတံခါးပိတ်ပြီး ရှေ့ထိုင်ခုံတွင် ဝင်ထိုင်သည်။ ရှဲဒိုးက လက်ကိုင်ခွေနောက်တွင် ဝင်ထိုက်လိုက်သည်။

''သိပ်ကောင်းတယ်ဆရာ'' ရီနိုးက ပြောသည်။ ''ဆရာက ဒီငနဲတွေကို ကောင်းကောင်းကိုင်တတ်တယ်''

''ဘယ်ကိုလဲ ဆရာ'' ရှဲဒိုးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုမောင်း၊ ငါ ရေမိုးချိုးပြီး ကောင်းကောင်း အနားယူမယ်"

ကားမောင်းထွက်လာခဲ့သည်။

"သက်သေတွေကိုစွမေးတဲ့ မေးခွန်း ငါ မကြိုက်ဘူး" ဒီနက်တိုက ပြောသည်။ "မင်းလုပ်တာ သေချာရဲ့လား"

"သေချာပါတယ် ဆရာ၊ သူတို့ ရေအောက်မှာ စကားမပြောနိုင်တော့ပါဘူး"

ဒီနက်တိုက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ကားသည် ဖစ်လ်မိုးလမ်းအတိုင်း အရှိန်နှင့် ပြေးနေသည်။

"တရားသူကြီးက ငါ့ကို လွှတ်လိုက်တော့ ခရိုင်အစိုးရရှေ့နေကြီး မျက်နှာပျက်သွားတာကို မင်းတို့မြင် ..."

ထိုအခိုက် ခွေးကလေးတစ်ကောင် တစ်နေရာမှ ပြေးထွက်လာပြီး ကားရှေ့မှ အတင်းဖြတ်ကူးသည်။ ရှဲဒိုးက ကားကို ရုတ်တရက် ဘေးသို့ ရှောင်လိုက်ရာ ဓာတ်တိုင်ကို ဒက်ထိ ဝင်တိုက်သည်။

ရီနီး ရှေ့သို့ ငိုက်ခနဲ ဖြစ်သွားပြီး လေကာမှန်ကို ခေါင်းနှင့် ဒုန်းခနဲ ဆောင့်မိသည်။

"ဟဲ့ ... ဟော့ ... ခွေးမသား၊ မင်းဘယ်လို လုပ်လိုက်တာလဲ"

ဒီနက်တိုက အော်ဆဲလိုက်သည်။ "မင်းက ငါ့ကို သတ်ဖို့ ကြံတာလား"

ရှဲဒိုးက နိုက်နိုက်တုန်လျက် "ခွင့်လွှတ်ပါဆရာ၊ ခွေးတစ်ကောင် ကားရှေ့ဝင်ပြေး ..."

"ငါ့အသက်ထက် ခွေးအသက်က ပိုပြီး တန်ဖိုးရှိသလားကွ ... ခွေးမသားရဲ့"

ရီနီးက တအင့်အင့် အော်ညည်းနေသည်။ သူ့နဖူးမှ သွေးတွေ စီးကျနေသည်။

"ဟော့ကောင် ... မင်းလုပ်လိုက်တာ ဟိုမှာ ကြည့်လိုက်စမ်း"

ဒီနက်တိုက ရှဲဒိုးကို လှမ်းပြောလိုက်သည်။

"ရ... ရပါတယ်ဆရာ၊ သိပ်မများပါဘူး" ရီနီးက ခပ်ဝါးဝါးပြောသည်။

"ဘာ မများရမလဲကွ၊ ဟော့ ... ဆေးရုံတန်းမောင်း"

ရှဲဒိုးက ကားကို ပြန်ဆုတ်သည်။

"အင်ဘာကေဒရို က နှစ်ပြလောက်ပဲဝေးတာ၊ ဒီကောင့်ကို အရေးပေါ်ဌာန သွားပြရမယ်"

"ကောင်းပါပြီ ဆရာ"

ဒီနက်တိုသည် ထိုင်ခုံတွင် နောက်မှီထိုင်ချရင်း ပြောလိုက်သည်။

"သောက်ကမြင်းမခွေးစုတ်ကြောင့် ဒီလိုဖြစ်ရတာ"

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒီနက်တို၊ ရှဲဒိုးနှင့် ရီနိုးတို့ ဝင်လာချိန်တွင် ကက်က အရေးပေါ်ခန်းတွင် ရှိနေသည်။ ရီနိုး၏ နဖူးမှ သွေးတွေ အရမ်းထွက်နေသည်။

ဒီနက်တိုက လှမ်းခေါ်လိုက်သည်။

"ဟေး ... ဒီမှာ"

ကက်က မော့ကြည့်လျက် ...

"ကျွန်မကို ခေါ်တာလား"

"ဘယ်သူ့ကို ခေါ်တယ် ထင်လို့တုံး၊ ဒီလူ သွေးသိပ်ထွက်နေတယ်၊ အခု ချက်ချင်း ကြည့်လုပ်ပေးပါ"

"သူ့ရှေ့မှာ ဒါဇင်ဝက်လောက် ရှိသေးတယ်" ကက်က တည်ငြိမ်စွာ ပြောလိုက်၏။ "သူ့အလှည့် စောင့်ရမယ်"

"မစောင့်နိုင်ဘူး၊ ခုချက်ချင်း ကုပေးပါ"

ကက်က ရီနိုးကို စစ်ဆေးကြည့်သည်။ ပတ်တီးစတစ်စ ယူပြီး ဒဏ်ရာပေါ် ဖိကပ်သည်။ "ဒါကို ဖိကပ်ထား၊ ကျွန်မ ပြန်လာခဲ့မယ်"

"ခုချက်ချင်း ကုပေးပါလို့ ကျုပ်ပြောနေတယ်"

ကက်က ဒီနက်တိုကို လှည့်ကြည့်လျက် ...

"ဒါ အရေးပေါ် ဆေးကုခန်း၊ ကျွန်မက တာဝန်ခံဆရာဝန်၊ အဲဒီတော့ ငြိမ်ငြိမ်နေပါ၊ မနေရင် ထွက်သွားပါ"

"ဒေါက်တာ ... " ရှဲဒိုးက ဝင်ပြောသည်။ "ဒီပုဂ္ဂိုလ် ဘယ်သူဆိုတာ ခင်ဗျားမသိဘူး၊ သူပြောသလိုသာ ယုံပါ၊ မစ္စတာ လူဒီနက်တိုဆိုတာ ဒီပုဂ္ဂိုလ်ပဲ"

"ကဲ ... မိတ်ဆက်တာ ပြီးသွားပြီ" ဒီနက်တိုက စိတ်မရှည်ဟန်ဖြင့် "သူ့ကိုသာ အမြန်ကုပေးစမ်းပါ"

"ရှင် နားမကောင်းဘူးထင်တယ်၊ ကျွန်မ ထပ်ပြောမယ်၊ ငြိမ်ငြိမ်နေရင်နေ၊ မနေရင် ဒီနေရာက ထွက်သွားပါ၊ ကျွန်မမှာ လုပ်စရာတွေ ရှိသေးတယ်"

ရီနိုးက "ခင်ဗျား အဲဒီလိုမပြော ... "

"ဟေ့ ... တိတ်စမ်း" ဒီနက်တိုက ဟောက်လိုက်၏။ သူက ကက်ကို ကြည့်ပြီး လေသံပြောင်းလျက် "ကျေးဇူး ပြုပြီး သူ့ကိုသာ တတ်နိုင်သမျှ မြန်မြန်လေးကြည့်ပေးပါ ဒေါက်တာ"

"ကျွန်မ အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်" ကက် က ရီနိုး အား ခုတင်ပေါ် ထိုင်ခိုင်းသည်။ "လှဲအိပ်ပါ၊ ကျွန်မ ချက်ချင်းပြန်လာခဲ့မယ်" သူက ဒီနက်တိုဘက်လှည့်ပြီး "ဟိုမှာ ထိုင်ခုံတွေ ရှိပါတယ်"

ကက် အခြားအရေးပေါ် လူနာများဆီသို့ လျှောက်ထွက်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ" ရှဲဒိုးက ပြောသည်။ "ဆရာ ဘယ်သူဆိုတာ သူ သဘောမပေါက်ဘူး"
"သဘောပေါက်လည်း ထူးမှာမဟုတ်ဘူးကွ၊ ဒီကလေးမက တော်တော်မာပုံရတယ်"

■

နောက် ၁၅ မိနစ်ခန့်အကြာတွင် ကက် ပြန်ရောက်လာသည်။ ရီနိုးအား ထပ်မံ စမ်းသပ်စစ်ဆေးသည်။
"ဦးနှောက် မထိခိုက်ဘူး၊ ကံကောင်းတယ်၊ နဖူးပြဲရုံလောက်ပါ"
ကက်က ဒဏ်ရာကို ကျွမ်းကျင် လျင်မြန်စွာ ချုပ်သည်။ ဒီနက်တိုက စိတ်ဝင်စားစွာ ကြည့်နေသည်။
"အနာပျောက်တော့လည်း သိသာမှာမဟုတ်ဘူး၊ ငါးရက်ကြာတော့ ပြန်လာခဲ့ပါ၊ ချုပ်ရိုးဖြေပေးမယ်"
ဒီနက်တို လျှောက်သွားပြီး ရီနိုး၏ နဖူးကို ကြည့်သည်။
"လက်ရာတော်တော် ကောင်းတာပဲ"
"ကျေးဇူးတင်ပါတယ်၊ ကဲ ... ကျွန်မကို ခွင့်ပြု ... "
"ခဏနေပါဦး" ဒီနက်တိုက လှမ်းခေါ်သည်။ ပြီးတော့ ရှဲဒိုးကို ပြောလိုက်၏။ "သူ့ကို တစ်ရွက်ပေးလိုက်ပါ"
ရှဲဒိုးက အင်္ကျီအိတ်ကပ်ထဲမှ ဒေါ်လာတစ်ရာထုတ်ပြီး ...
"ရော့ ... ဒီမှာ"
"ငွေကိုင် ရုံးခန်း အပြင်ဘက်မှာ ... "
"ဆေးရုံအတွက် မဟုတ်ဘူး၊ ဒေါက်တာ့အတွက်"
"နေပါစေ၊ ကျေးဇူးတင်ပါတယ်"
ကက် အခြားလူနာများဆီသို့ လျှောက်ထွက်သွား၏။
"နည်းလို့ထင်တယ် ဆရာ" ရှဲဒိုးက ပြောသည်။
ဒီနက်တိုက ဦးခေါင်း ခါယမ်းလိုက်သည်။
"သူက ပြတ်သားတဲ့ မိန်းမကွ၊ အဲဒါ ငါသဘောကျတယ်" သူ ခဏ တိတ်ဆိတ်နေသည်။ "ဒါနဲ့ ဒေါက်တာ အီဗန် ပင်စင်ယူသွားပြီးလား"
"ဟုတ်ကဲ့"
"ဟုတ်ပြီ၊ သူနဲ့ ပတ်သက်တာအားလုံး ငါသိချင်တယ်"
"ဘာလုပ်ဖို့လဲ ဆရာ"
"အားဖြည့်မလို့၊ သူက တို့အတွက် အသုံးဝင်နိုင်တယ်"

■

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံတွေကို သူနာပြုဆရာမတွေက အုပ်ချုပ်သည်။ သူနာပြုချုပ် မာဂရက်စပင်စာ သည် အင်ဘာကေဒရီ ခရိုင်ဆေးရုံတွင် လုပ်သက် ၂၀ ရှိပြီး သည့်ဆေးရုံအကြောင်း အပ်ကျတာမကျန် အကုန်သိသည်။ ဆရာမကြီးသည် ဆေးရုံတာဝန်ခံဖြစ်သည်။ ဤအချက်ကို သတိမထားသည့် ဆရာဝန်တွေအားလုံး ဒုက္ခရောက်ကြရ၏။ ဘယ်ဆရာဝန် ဆေးစွဲနေသည်။ ဘယ်သူက အရက်စွဲနေသည်။ ဘယ်သူက ကျွမ်းကျင်မှု မရှိ၊ ဘယ်သူက သူ့အကူအညီ လိုအပ်သည် စသည်ကို ဆရာမကြီး စပင်စာ အကုန်သိသည်။

သင်တန်းသူ သူနာပြုဆရာမများ၊ အလုပ်သင် သူနာပြုဆရာမများနှင့် ခွဲစိတ်ခန်း ဆရာမများအားလုံးကို သူအုပ်ချုပ်ရသည်။ ဘယ်သူက ဘယ်ဌာနမှာ ဘယ်တာဝန်ယူ ဆိုတာကိုလည်း သူကပဲ ဆုံးဖြတ်သည်။ သူနာပြု ဆရာမအားလုံးကို သူက ချုပ်ကိုင်ထားသောကြောင့် ဆရာဝန်များအနေဖြင့် သူ့ကိုပဲ အားထားရသည်။ သူနှင့် အဆင်ပြေအောင် ပေါင်းရသည်။ ရှုပ်ထွေးခက်ခဲသည့် ကျောက်ကပ် ခွဲစိတ်ခန်းအတွက် မကျွမ်းကျင်သည့် သန့်ရှင်းရေးဆရာမကို ပို့ပေးတာလည်း သူပဲ ဖြစ်၏။ သို့သော်လည်း သူက တာဝန်ခံဆရာဝန်ကို သဘောကျလျှင်တော့ သာမန်လည်ချောင်းခွဲစိတ်ခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အတော်ဆုံး အကူဆရာမကို ပို့ပေးတတ်သည်။ မာဂရက်စပင်စာသည် မိန်းမဆရာဝန်များနှင့် လူမည်းများကို အထူးမုန်းသည်။

ကက်ဟန်တာ မှာ လူမည်း မိန်းမဆရာဝန် ဖြစ်နေ၏။

■

ကက်သည် အခက်အခဲနှင့် ကြုံနေရသည်။ သို့သော်လည်း တိတိကျကျ ရေရေရာရာ ပြောလို့တော့ မရ။ သူတောင်းဆိုသည့် သူနာပြုများကို မပေး။ ပေးပြန်တော့လည်း မကျွမ်းကျင်သူ ဖြစ်နေ၏။ သူသည် ကာလသားရောဂါသည် ယောက်ျားလူနာများကို မကြာခဏ စမ်းသပ်စစ်ဆေးရသည်။ အစတုန်းကတော့ သာမန် လုပ်ရိုးလုပ်စဉ်ဟုပင် ထင်သည်။ နောက်တော့ တစ်နေ့တည်း ဒါဇင်ဝက်လောက် စမ်းသပ်စစ်ဆေးရသဖြင့် သံသယ ဝင်လာမိ၏။

နေ့လယ်စာ စားရင်း သူက ပေ့ဂျ် ကို မေးကြည့်သည်။

"မင်း ယောကျ်ားကာလသားရောဂါသည် အများကြီး စမ်းသပ်ရသလား"

"ပြီးခဲ့တဲ့အပတ်က တစ်ယောက်ပဲရှိတယ်"

"အင်း ... ဒီကိစ္စကို ငါ တစ်ခုခု လုပ်ရတော့မှာပဲ" ဟု ကက် တွေးလိုက်၏။

■

သူနာပြုချုပ် စပင်စာသည် ဒေါက်တာပေ့ဂျ်ဟန်တာကို စိတ်ညစ်အောင်လုပ်ပြီး မောင်းထုတ်ရန် ကြံစည်နေသည်။ သူက ပေ့ဂျ်၏ စေတနာနှင့် အရည်အချင်းကို ထည့်မတွက်ဘဲ အလုပ်ကထွက်သွားအောင် လုပ်ဖို့သာ စိတ်ကူးနေသည်။ သို့သော်လည်း ပေ့ဂျ်သည် တစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်းနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ထောက်ခံမှုကို ရရှိလာသည်။ သူသည် ပင်ကို အရည်အချင်းအရ လုပ်ဖော်ကိုင်ဖက်များကိုရော၊ လူနာများကိုပါ ဆွဲဆောင်နိုင်သည်။ သို့သော်လည်း ကက်အဖို့ တကယ့်အောင်မြင်မှုကြီးကတော့ နာမည်ကျော် ဝက်သွေးဓာတ်လမ်းပင် ဖြစ်၏။

တစ်နေ့မနက် ရောင်းလှည့်တော့ ကက်သည် ဝါရင့် လက်ထောက်ဆရာဝန် ဒေါက်တာဒန်းဒက်နှင့် ပူးတွဲ တာဝန်ကျသည်။ သူတို့သည် သတိမေ့နေသည့် လူနာတစ်ယောက်၏ ခုတင်ဘေးသို့ ရောက်လာကြသည်။

"မစ္စတာလီဗီးက မော်တော်ကားတိုက်မှုဖြစ်တာ" ဒန်းဒက်က အလုပ်သင် လက်ထောက်ဆရာဝန်များကို ပြောသည်။ "သွေးလွန်နေတယ်၊ သွေးသွင်းရမယ်၊ ဆေးရုံမှာ သွေး မရှိဘူး၊ သူ့မိသားစုကလည်း သွေးလှူဖို့ ငြင်းဆန်နေတယ်၊ အဲဒါ ပြဿနာပဲ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"သူ့မိသားစုက ဘယ်မှာလဲ" ကက်က မေးလိုက်၏။

"ဧည့်ခန်းမှာ" ဒေါက်တာ ဒန်းဒက်က ပြောသည်။

"ကျွန်မ သူတို့နဲ့ စကားပြောကြည့်ချင်တယ် ဆရာ"

"ထူးခြားမယ် မထင်ပါဘူး၊ ငါပြောကြည့်ပြီးပြီ၊ လုံးဝ လက်မခံဘူး"

ရောင်းလှည့်ပြီးသောအခါ ဧည့်ခန်းသို့ ကက် ဝင်လာခဲ့သည်။ လူနာ၏ မိန်းမနှင့် အရွယ်ရောက်ပြီးသည့် သားနှင့် သမီးတို့ ရောက်နေကြသည်။

"မစ္စက်လီဗီထင်ပါတယ်" ကက်က မေးလိုက်သည်။

သူက ထရပ်ပြီး ...

"ကျွန်မ ယောက်ျား အခြေအနေ ဘယ်လိုနေသလဲ ဒေါက်တာ၊ ခွဲစိတ်ကုသမှာလား"

"ဟုတ်ပါတယ်"

"ဒါဆို ကျွန်မတို့ဆီက သွေးလှူဖို့တော့ မတောင်းပါနဲ့၊ သိပ်ပြီး အန္တရာယ်ရှိတယ်၊ ကိုယ်ခံအားကျရောဂါတွေ ဘာတွေ ဝင်လာရင် ..."

"မစ္စက်လီဗီ ... သွေးလှူလို့ ကိုယ်ခံအားကျရောဂါ မဖြစ်ဘူး၊ အဲဒါ ..."

"မပြောပါနဲ့၊ ကျွန်မ သတင်းစာတွေမှာ ဖတ်ပြီးပါပြီ၊ ကျွန်မ သိပါတယ်"

ကက်က မစ္စက်လီဗီအား အကဲခတ်ကြည့်နေသည်။ ပြီးတော့ ...

"ဒါဆိုလည်း ဟုတ်ပြီလေ၊ ဆေးရုံမှာက သွေးမရှိဘူး၊ လက်ကျန်ပြတ်နေတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျွန်မတို့ ဒီပြဿနာ ရှင်းပြီးပါပြီ"

"အဲဒါဆို ကောင်းတာပေါ့"

"ကျွန်မတို့က ရှင့်ယောက်ျားကို ဝက်သွေးသွင်းဖို့ စီစဉ်ထားတယ်"

"ဘာ ..."

အမေနှင့် သားတို့က ကက်ကို အလန့်တကြား ကြည့်လိုက်ကြ၏။

"ဝက်သွေးလေ" ကက်က ပြုံးပြီး ပြောသည်။ "ဒါပေမဲ့ ဘာမှ အန္တရာယ်မရှိပါဘူး"

ကက် ထွက်သွားရန် ခြေလှမ်းပြင်သည်။

"နေပါဦး ... နေပါဦး" မစ္စက်လီဗီက တားသည်။

ကက်က ပြန်လှည့်ပြီး ...

bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ခဏစောင့်ပါဦးလား ဒေါက်တာ၊ ကျွန်မတို့ တိုင်ပင်ပါရစေဦး"

"ဟုတ်ကဲ့ ... ရပါတယ်"

နောက် ၁၅ မိနစ်ခန့်အကြာတွင် ကက်သည် ဒေါက်တာဒန်းဒက်၏ ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

"မစ္စက်လီဗီရဲ့ မိသားစုကိစ္စ ပူစရာမလိုတော့ဘူးဆရာ၊ သူတို့က သွေးလှူဖို့ သဘောတူလိုက်ပြီ"

ဤသတင်းသည် ဆေးရုံအတွင်း ချက်ချင်းပြန့်သွားသည်။ ယခင်က ကက်အား အရေးမစိုက်ဘဲ လျစ်လျူရှုထားခဲ့ကြသည့် ဆရာဝန်တွေနှင့် သူနာပြုတွေလည်း အရေးတယူ ဆက်ဆံလာကြတော့သည်။

■

နောက်သုံးလေးရက်အကြာတွင် ကက်သည် အရေပြားပြည်တည်နာ ဖြစ်နေသူ တွမ်လီယိုနတ်၏ သီးသန့်ခန်းသို့ ဝင်လာခဲ့သည်။ သူသည် ရှသာမြိန်စားသောက်ဆိုင်မှ ဝယ်လာသည့် နွေလယ်စာကို ပလုတ်ပလောင်း စားနေ၏။

"ဒါက ဘာလုပ်နေတာလဲ" ကက်က မေးလိုက်သည်။

သူက ပြုံးကြည့်လျက် ...

"အပြောင်းအလဲအနေနဲ့ နွေလယ်စာ ကောင်းကောင်း စားနေတာလေ၊ ဒေါက်တာ စားကြည့်ပါလား၊ အများကြီးပဲ"

ကက်က သူနာပြုဆရာမကို လှမ်းခေါ်လိုက်သည်။

"သူစားနေတာတွေ ပြန်သိမ်းလိုက်ပါ၊ မစ္စတာလီယိုနတ်က ဆေးရုံက သတ်မှတ်ပေးတဲ့ ဓာတ်စာပဲ စားနေရတာ၊ ဆရာမ သူ့ကတ်ပြားကို ဖတ်မကြည့်ဘူးလား"

"ဖတ်ကြည့်ပါတယ်၊ ဒါပေမဲ့ သူက အတင်း ... "

"ပြန်သိမ်းလိုက်ပါ"

"ဟေ့ ... နေပါဦး" မစ္စတာလီယိုနတ် က တားသည်။ "ဆေးရုံကပေးတဲ့ လူနာစာကို ကျုပ် စားလို့မဝင်ဘူး"

"ရောဂါပျောက်ချင်ရင် ပေးတာပဲ စားရမယ်၊ ဆရာမ ပြန်သိမ်းလိုက်ပါလို့ ကျွန်မ ပြောနေတယ်"

"ဟုတ်ကဲ့ ... ဒေါက်တာ"

နောက် နာရီဝက်ခန့်အကြာတွင် ကက် အား ဆေးရုံအုပ်ကြီးက ခေါ်တွေ့၏။

"ဆရာကြီး ... ကျွန်မကို ခေါ်တယ်ဆို"

"ထိုင်ပါ၊ တွမ်လီယိုနတ် က မင်းရဲ့လူနာ ဟုတ်သလား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူက မတည့်တဲ့ အစားအစာတွေကို အပြင်က ဝယ်ပြီး စားနေပါတယ်"

"အဲဒီတော့ မင်းက ပြန်သိမ်းလိုက်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့က ကိုယ်ကို ရှေ့သို့ကိုင်းလျက် ...

"မင်းက တွမ်လီယိုနတ်ဟာ ဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်တစ်ယောက်ဆိုတာ မသိသေးဘူးထင်တယ်၊ တို့က သူ စိတ်ချမ်းသာအောင် ထားရမယ်၊ ငါပြောတာ သဘောပေါက်ရဲ့လား"

"မပေါက်ပါဘူး"

"ဘာ ... "

"ကျွန်မကတော့ သူ့ကို ကျန်းမာလာအောင် ကုသဖို့သာ အဓိကလို့ ထင်ပါတယ်၊ အခုလို သူစားချင်တာတွေ လျှောက်စားနေရင် ဘယ်လိုလုပ်ပြီး ရောဂါကောင်းနိုင်မှာလဲ"

ဆေးရုံအုပ်ကြီးက ပြုံးလိုက်သည်။

"အဲဒါ သူ့ဟာသူ ဆုံးဖြတ်လို့ မရဘူးလား"

ကက် ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်မက သူ့ရဲ့ တာဝန်ခံ ဆရာဝန်ပါ၊ တခြားပြောစရာ ရှိပါသေးသလား"

"အင်း ... အား ... ဒါပါပဲ ... ဒါပါပဲ"

ကက် ပြန်ထွက်သွားသည်။

ဒေါက်တာဝါလေ့ အံ့အားသင့်ကျန်ရစ်၏။

တကယ့် *မိန်းမဆရာဝန်ပါလား။*

■

ကက် အရန်သင့်ခန်းတွင် ညဂျူတီကျနေစဉ် အရေးပေါ် တယ်လီဖုန်း ခေါ်သည်။

"ဒေါက်တာဟန်တာ ... အခန်း (၃၂၀) ကို အမြန်သွားစေချင်ပါတယ်"

"ကောင်းပါပြီ"

လူနာက မစ္စက်မော်လ္လိုင်း။ အသက်ရှစ်ဆယ်အရွယ် ကင်ဆာဝေဒနာရှင်၊ အနာဂတ်အခြေအနေ မကောင်း တံခါးနား ကက် ရောက်သွားတော့ အခန်းထဲမှ ပွက်စီပွက်စီ စကားပြောနေသံတွေ ကြားရသည်။ သူ အခန်းထဲ ဝင်သွား၏။

www.burmeseclassic.com



လူနာက ခုတင်ပေါ်မှာ ခန့်ခန့်ကြီးအိပ်ပျော်နေသည်။ စိတ်ငြိမ်ဆေး ခပ်ပြင်းပြင်း ပေးထားသည်။ အခန်းထဲတွင် သူ့သားနှင့် သမီးနှစ်ယောက် ရောက်နေကြသည်။

"ငါက ဒီခြံကြီးကို သုံးစိပ်ခွဲစေချင်တယ်" သားက ပြောနေသည်။

"အဲဒီလိုလုပ်လို့ မရဘူး" သမီးတစ်ယောက်က ပြောသည်။ "လိုရီနဲ့ ကျွန်မတို့နှစ်ယောက်သာ မေ့မေ့ကို ပြုစုရတာ၊ ဆေးကြောသုတ်သင်တာကအစ ထမင်းချက်ကျွေးတာအဆုံး အားလုံး ကျွန်မတို့ပဲ လုပ်ရတာ၊ ဒါကြောင့် မေမေ့ ပိုက်ဆံတွေကို ကျွန်မတို့ပဲ ရသင့်တာ"

"ငါလည်း မင်းတို့လို သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲကွ"

ကက်က ဒေါသထွက်လာပြီး ...

"ကဲ ... လူနာနားလာပြီး အော်ကြီးဟစ်ကျယ် ရန်တွေ့မနေကြပါနဲ့"

အမျိုးသမီးတစ်ယောက်က စောင်းကြည့်ပြီး ...

"ဆရာမ နောက်မှလာခဲ့ပါ၊ ကျွန်မတို့ အခု အလုပ်များနေလို့"

"ကျွန်မ သူနာပြု မဟုတ်ဘူး၊ ဒေါက်တာ၊ ဒါ ကျွန်မ လူနာ၊ ရှင်တို့အားလုံး ဆယ်စက္ကန့်အတွင်း ထွက်သွားကြ၊ ဧည့်ခန်းမှာ စောင့်နေနိုင်တယ်၊ ကဲ ... ထွက်သွားကြပါ၊ နို့မဟုတ်ရင် လုံခြုံရေးဝန်ထမ်းခေါ်ပြီး ဆွဲထုတ်ခိုင်းရလိမ့်မယ်"

အမျိုးသားက တစ်ခုခုပြောမလို့ လုပ်သည်။ သို့သော်လည်း ကက်၏ မျက်နှာထားကိုကြည့်ပြီး ပါးစပ်ပြန်ပိတ်သွား၏။ သူက သူ့ညီမတွေကို ကြည့်ပြီး ...

"လာ ... တို့အပြင်မှာ သွားပြောကြမယ်"

သူတို့ ထွက်သွားတော့ ကက်က မစ္စက်မော်လ္လိုင်း၏ နဖူးကို အသာအယာ ပွတ်ရင်း "သူတို့ အလကား လျှောက်ပြောနေကြတာပါ" ဟု ပြောလိုက်သည်။ ပြီးတော့ အဘွားကြီး၏ လက်ကို ဆုပ်ကိုင်ပြီး သူ့မျက်နှာကို စိုက်ကြည့်နေသည်။ အဘွားကြီး ငြိမ်သက်စွာ အိပ်ပျော်သွားသည်။

*ကျွန်မတို့အားလုံး တစ်နေ့မှာ သေကြရမှာပါ အဘွား၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြန်သွားကြရဖို့သာ အရေးကြီးပါတယ်။*

■

လူနာတစ်ယောက်ကို ကက် စမ်းသပ်စစ်ဆေးနေတုန်း အဆောင်ထဲသို့ အကူအမှုထမ်း ဝင်လာသည်။

"သူနာပြုစားပွဲမှာ ဒေါက်တာ့ဆီ အရေးပေါ် တယ်လီဖုန်း လာနေတယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကက်က မျက်ခုံးချီလိုက်ပြီး "ကျေးဇူးပါပဲ" လူနာကို ပြန်ကြည့်လိုက်သည်။ တစ်ကိုယ်လုံး သရိုးကိုင်ထားပြီး ခြေနှစ်ဘက်ကိုလည်း စက်သီးနှင့် ဆွဲထားသည်။ "ကျွန်မ ပြန်လာခဲ့ပါ့မယ်"

စကြံလမ်း သူနာပြုဆရာမများ စားပွဲမှ တယ်လီဖုန်းကို ကက် ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဟိုင်း ... မမ"

"ဟင် ... မိုက်" သူ့ အလွန်ဝမ်းသာသွားသည်။ သို့သော်လည်း ချက်ချင်း စိုးရိမ်သွားဟန်ဖြင့် "မိုက် ... ငါ့ကို ဒီဖုန်းနဲ့ ဘယ်တော့မှ မခေါ်ပါနဲ့လို့ ငါပြောထားတယ် မဟုတ်လား၊ ဆက်ချင်ရင် ငါ့တိုက်ခန်းက ဖုန်း ... "

"အေးပါ၊ ငါ တောင်းပန်ပါတယ်၊ ခုဟာက အရေးကြီးလို့ပါ၊ ငါ ပြဿနာကလေးတစ်ခု ဖြစ်နေလို့ပါ"

သူ ဘာဆက်ပြောမယ်ဆိုတာ ကက် ကြိုသိနေသည်။

"ငါ အရင်းအနှီးလုပ်မလို့ အသိတစ်ယောက်ဆီက ပိုက်ဆံနည်းနည်း ချေးထားတယ်"

"အရင်းအနှီး ပြုတ်သွားတယ် ဆိုပါတော့"

"ဟုတ်တယ်၊ အခု သူက ပိုက်ဆံ ပြန်တောင်းနေတယ်"

"ပိုက်ဆံက ဘယ်လောက်တောင်မို့လဲ"

"မမဆီက ငါးထောင်လောက်ပို့ပေးရင်တော့ ... "

"ဘာ ... "

စားပွဲမှ ဆရာမက ကက်ကို တအံ့တသြ မော်ကြည့်သည်။

*ခေါ်လာ ငါးထောင်ကြီးတောင်တဲ့လား၊ သူက အသံနိမ့်ပြီး ...*

"ငါ့မှာ အဲဒီလောက်များများ မရှိဘူး၊ လောလောဆယ် တစ်ဝက်ပဲ ပို့နိုင်မယ်၊ ကျန်တာ နည်းနည်းစောင့်ရမယ်၊ ဒါဆို ဖြစ်တယ်မဟုတ်လား"

"ဖြစ်နိုင်ပါတယ်၊ မမကို ငါ အနှောင့်အယှက် မပေးချင်ပါဘူး၊ ဒါပေမဲ့ အခုဟာက မမသိတဲ့အတိုင်းပဲ"

ကက် ကောင်းကောင်းသိပါသည်။ သူ့မောင်လေးသည် အသက် ၂၂ နှစ်ရှိပြီ။ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေနှင့် အမြဲတမ်း ပတ်သက်နေသည်။ ဘာကိစ္စတွေဆိုတာ ဘုရားမှ သိလိမ့်မည်။ သို့သော်လည်း ကက်ကတော့ သူ့မောင်လေးကို ချစ်လွန်းလို့ အမြဲတမ်း တာဝန်ယူနေရ၏။ *ဒါဟာ ငါ့အပြစ်တွေချည်းပါပဲ၊ ငါ့ကြောင့်ဖြစ်ရတာချည်းပဲ၊ ငါသာ အိမ်က ထွက်ပြေးမလာခဲ့ရင် ... သူ့ကို ပစ်မထားခဲ့ရင် ...*

www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာ အန္တရာယ်ကင်းအောင်နေပါ မောင်လေးရယ်၊ မင်းကို မမ သိပ်ပြီးချစ်ပါတယ်"

"ငါလည်း မမကို အများကြီးချစ်ပါတယ်"

*ဒီပိုက်ဆံရအောင် ငါ တစ်နည်းနည်းနဲ့ ရှာရမယ်၊ ငါ့မှာက ဒီလောကမှာ ဒီမောင်လေးတစ်ယောက်ပဲရှိတာ... ။*

■

ဒေါက်တာအစ္စလာသည် ဟန်နီနှင့် တွဲလုပ်ဖို့ ထပ်မံမျှော်လင့်နေသည်။ ဟန်နီ၏ အရည်အချင်း မပြည့်ဝမှုကို သူ ခွင့်လွှတ်သည်။ အမှန်ကတော့ ဟန်နီက သူ့ကို သဘောကျနေသည့်အတွက် သူက ကျေနပ်နေခြင်းဖြစ်၏။

သို့သော်လည်း ယခုတစ်ကြိမ်ထပ်၍ ရောင်းလှည့်သည့်အခါမှာတော့ ဟန်နီသည် အခြားသူတွေ နောက်ဆုံးမှသာ လိုက်ပါနေသည်။ ဒေါက်တာ အစ္စလာ၏ မေးခွန်းတွေကို လုံးဝ ဝင်ဖြေခြင်းမပြု။

ရောင်းလှည့်ပြီးနောက် နာရီဝက်ခန့်အကြာတွင် ဒေါက်တာအစ္စလာသည် ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့၏ ရုံးခန်းထဲ ဝင်လာသည်။

"ဆို ... ဘာပြဿနာရှိသလဲ"

"ဒေါက်တာဟန်နီတပ်ဖ်ကီစ္စပါ"

ဒေါက်တာဝါလေ့ အံ့သြသွားဟန်ဖြင့် ...

"ဒေါက်တာတပ်ဖ်ကီစ္စဟုတ်လား၊ ဘယ့်နှယ် ... သူက အကောင်းဆုံး ထောက်ခံချက်ရထားတဲ့လူပဲ"

"အဲဒါကြောင့် ကျွန်တော် အံ့သြနေတာပေါ့၊ အခြားလက်ထောက်ဆရာဝန် တချို့ဆီက တိုင်စာတွေ ကျွန်တော် ရထားတယ်၊ ဒီကလေးမက လူနာတွေကို တလွဲရောဂါ ဖော်ထုတ်နေတယ်၊ အမှားကြီးတွေ ကျူးလွန်နေတယ်၊ ဘယ်လို ဖြစ်နေလဲဆိုတာ ကျွန်တော် မစဉ်းစားတတ်အောင်ပဲ"

"ကျုပ်လည်း နားမလည်သလောက်ပဲ၊ သူက ဆေးကျောင်းအကောင်းစားတက်လာတဲ့သူလေ"

"ဆရာ့အနေနဲ့ အဲဒီဆေးကျောင်း ကျောင်းအုပ်ကြီးကို ဖုန်းဆက်ကြည့်ဖို့ ကောင်းတယ်"

"သူက ဂျင်ပီယာဆင်လေ၊ သဘောကောင်းပါတယ်၊ ကျုပ် သူ့ဆီ ဆက်ကြည့်မယ်"

မိနစ်အနည်းငယ်အကြာတွင် ဝါလေ့နှင့် ဂျင်ပီယာဆင်တို့ ဖုန်းအဆက်အသွယ် ရသည်။ ပဋိသန္ထာရစကားတွေ ပြောဆိုပြီးနောက် ဝါလေ့က ပြောသည်။

"ဘက်တီလူးတပ်ဖ်အကြောင်း ပြောချင်လို့ပါ"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့ပါလိမ့်"

"သူနဲ့ ပတ်သက်လို့ ပြဿနာ နည်းနည်းရှိနေတယ် ... ဂျင်၊ ခင်ဗျားရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့က သူ့ကို လက်ခံခဲ့တာပါ"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ ထောက်ခံချက် အခု ကျွန်တော့်ရှေ့မှာ ရှိနေတယ်၊ အဲဒီထဲမှာ အတော်ဆုံးကျောင်းသူအဖြစ် ထောက်ခံထားတယ်"

"မှန်ပါတယ်"

"ဆေးပညာလောကအတွက် ဂုဏ်ယူစရာလို့လည်း ဆိုထားတယ်"

"ဟုတ်ကဲ့"

"အဲဒီအချက်အလက်တွေနဲ့ ပတ်သက်လို့ ခင်ဗျားအနေနဲ့ နည်းနည်းလေးမှ သံသယမဝင်မိဘူးလား"

"မဝင်မိပါဘူး၊ လုံးဝ မဝင်မိပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူ နည်းနည်းစိတ်လှုပ်ရှားနေတာ ဖြစ်ပါလိမ့်မယ်၊ ဒီကလေးမက သိပ်ပြီး စိတ်လှုပ်ရှားလွယ်တယ်၊ သိပ်ပြီး စိတ်ထိခိုက်လွယ်တယ်၊ သူ့ကို သည်းခံပြီး စောင့်ကြည့်ပါ၊ အခွင့်အရေးသာ ပေးကြည့်ပါ။ သူတော်တာ တွေ့ရပါလိမ့်မယ်"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ... ဂျင်၊ ဒါပေမဲ့ ကျွန်တော်တို့ကလည်း သူ့ရနိုင်သမျှ အခွင့်အရေးတွေ ပေးကြည့်ပြီးပါပြီ၊ ကဲ ... ဒါပါပဲ"

"မဟုတ်သေး ... " လိုင်းပြတ်သွားသည်။

ဂျင်ပီယာဆင်သည် သူလုပ်ခဲ့မိတာတွေအတွက် သူ့ကိုယ်သူ အကြီးအကျယ် ရှုံ့မုန်းနေမိလေသည်။

*ဒါပေမဲ့ ငါ့မိန်းမနဲ့ ငါ့ကလေးတွေကို ငါ ဘယ်တော့မှ မမေ့ပါဘူး။* ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၈-

ဟန်နီတပ်ဖ်သည် ရည်မှန်းချက်ကြီးမားလွန်းသော မိသားစုမှ မွေးဖွားလာခြင်းမှာ ကံဆိုးသည်ဟု ဆိုနိုင်၏။ ရုပ်ချောသော သူ့အဖေသည် တင်နက်ဆီပြည်နယ်၊ မင်းဖစ်မြို့မှ ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုကို တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည်။ ချစ်စရာကောင်းသော သူ့အမေကတော့ မျိုးဗီဇ သိပ္ပံပညာရှင် ဖြစ်သည်။ ဟန်နီ၏ အမြွှာအစ်မနှစ်ယောက်မှာ ရုပ်ရည်ချောမောသလောက် ဉာဏ်လည်း ထက်ကြသည်။ မိဘများကဲ့သို့ပင် ရည်မှန်းချက်လည်း ကြီးကြသည်။ "တပ်ဖ်" မိသားစုသည် မင်းဖစ်မြို့တွင် အထင်ရှားဆုံး မိသားစုတစ်ခု ဖြစ်၏။

သူ့အစ်မတွေ အသက်ခြောက်နှစ်အရွယ်ရှိတော့မှ ဟန်နီက လူ့လောကသို့ ရောက်လာသည်။

"ဟန်နီက မလိုချင်ဘဲရတဲ့ ကလေးပဲ" သူ့အမေက မိတ်ဆွေတွေကို ပြောတတ်သည်။ "ကျွန်မက ကိုယ်ဝန်ဖျက်ချင်တယ်၊ ဒါပေမဲ့ ဖရက်က လုံးဝကန့်ကွက်တယ်၊ အခုတော့ သူစိတ်ညစ်နေရပြီ"

အစ်မတွေက ခေတ်ဆန်ပေမဲ့ ဟန်နီက ရိုးသည်။ သူတို့က ဉာဏ်ကောင်းကြသည်။ ဟန်နီကတော့ သာမန်ပဲ။ သူတို့က ကိုးလသမီးအရွယ်တွင် စကားစပြောကြသည်။ ဟန်နီကတော့ နှစ်နှစ်သမီးအရွယ်ရောက်မှ စကားစပြောသည်။

www.burmeseclassic.com



"ကျွန်တော်တို့က သူ့ကို 'ငတုံးမ' လို့ ခေါ်ကြတာ" သူ့အဖေက ရယ်ပြီးပြောသည်။ "ဟန်နီက မိသားစုထဲမှာ 'အရုပ်ဆိုးတဲ့ ဘဲမလေး' ပဲ၊ ဘဲငန်းမလေး ဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး"

ဟန်နီက ရုပ်လည်းမဆိုး၊ ၊ ရုပ်လည်းမချော၊ မျက်နှာသွယ်သွယ်၊ ဆံပင်ရွှေရောင်၊ ပုံမှန်ကိုယ်လုံးကိုယ်ပေါက်နှင့် သာမန်ရုပ်ရည်ပိုင်ရှင်ဖြစ်၏။ ဟန်နီနှင့် ပတ်သက်၍ ပြောပလောက်သည့် အချက်တစ်ချက်ကတော့ ထူးထူးခြားခြား ချိုသာရွှင်မြူးသည့် အမူအရာပင် ဖြစ်သည်။ သို့သော်လည်း အပြိုင်အဆိုင် လိုဘကြီးမားသည့် သူ့မိသားစုက ထိုအရည်အသွေးကို တန်ဖိုးမထားကြ။

ဟန်နီသည် ငယ်စဉ်ကစ၍ မိဘများနှင့် အစ်မများ ကျေနပ်အောင် အလွန် လုပ်ပေးချင်သည်။ သူတို့က သူ့ကို ချစ်စေချင်သည်။ သို့သော် အချည်းနှီးသာ ဖြစ်၏။ မိဘများမှာ အလုပ်ကိစ္စဖြင့် ပိနေသည်။ အစ်မများက အလှပြိုင်ပွဲနှင့် စကောလားရှစ် ရရှိရေးအတွက် အလုပ်များနေကြသည်။ ဟန်နီအဖို့ ပိုဆိုးတာကတော့ အလွန်အမင်း ရှက်တတ်ခြင်းဖြစ်၏။ သူ့မိသားစုက သိ၍ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ ဟန်နီ၏ နက်ရှိုင်းသော သိမ်ငယ်စိတ်ကို ဖန်တီးခဲ့တာကတော့ သေချာသည်။

အထက်တန်းကျောင်းတွင် ဟန်နီ့ကို "အဖော်မဲ့ကချေသည်" ဟု ခေါ်ကြသည်။ သူသည် ကျောင်းကပွဲများနှင့် ပါတီများကို တစ်ယောက်တည်း တက်သည်။ သူ့ဝေဒနာကို လူမမြင်အောင် အပြုံးနှင့်ဖုံးသည်။ သူတစ်ပါး၏ ပျော်ရွှင်မှုကို မထိခိုက်စေချင်သောကြောင့် ဖြစ်၏။ ကျောင်းတွင် ပေါ်ပြူလာအဖြစ်ဆုံး ကောင်ကလေးတွေက သူ့အစ်မ တွေကို အိမ်မှာ လာခေါ်သွားကြသည်။ ထိုအခါ သူသည် အိပ်ခန်းထဲဝင်ပြီး စာကိုသာ ဖိကျက်နေတော့သည်။ ပြီးတော့ မငိုမိအောင် အံကြိတ်ခံသည်။

စနေ၊ တနင်္ဂနွေနေ့များနှင့် ကျောင်းပိတ်ရက်များတွင် ဟန်နီသည် မုန့်ဖိုးပိုက်ဆံရအောင် ကလေးထိန်းသည်။ သူက ကလေးချစ်သည်။ ကလေးတွေကလည်း သူ့ကို ချစ်ကြသည်။

သူသည် အလုပ်မရှိသောအခါ မြို့ထဲ လျှောက်လည်သည်။ အဆိုကျော် အဲလ်ဗစ်ပရက်စလေ နေထိုင်ခဲ့သည့် "ဂရေ့စ်လင်း" ကျွန်းသို့ သွားလည်သည်။ နီဂရိုး "ဂျက်ဇ်" ဂီတပွဲများကို သွားသည်။ အမျိုးသားပြတိုက်နှင့် ငါးပြတိုက်များသို့ သွားသည်။

သူသည် အမြဲတမ်း အဖော်မဲ့ အထီးကျန် ဖြစ်နေ၏။

သူ့ဘဝသည် တစ်နေ့တွင် အကြီးအကျယ် ပြောင်းလဲသွားလိမ့်မည်ဆိုတာကို သူ လုံးဝ မတွေးမိခဲ့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီနှင့် အတန်းတူ မိန်းကလေးတွေအားလုံးလိုလို အတွဲကိုယ်စီ ထားကြသည်။ ကျောင်းမှာလည်း သည်ကိစ္စပဲ သူတို့တစ်တွေ မြိန်ရေရှက်ရေ ပြောနေတတ်ကြသည်။

ဟန်နီမှာ အားကျစိတ်ဖြင့် နားထောင်နေမိသည်။ သူတစ်ခါမှ မခံစားဖူးသော ခံစားမှုတစ်ခုသည် သူ့ရင်ထဲတွင် ပြည့်နှက်လာသည်။

*ငါ့ကိုကျတော့ တွဲမယ့်လူ တစ်ယောက်မှ မရှိပါလားနော်။*

■

သောကြာနေ့ တစ်ညတွင် ကျောင်းကပွဲသို့ ဟန်နီသွားသည်။ အခြားသူတွေ တပျော်တပါး ကနေစဉ် သူက တစ်ထောင့်တွင် တစ်ယောက်တည်း ထိုင်ကြည့်နေသည်။ ထိုအခိုက် ကျောင်းဘောလုံးအသင်းခေါင်းဆောင် ရော်ဂျာမာတန် ရောက်လာပြီး ဟန်နီနှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ သူ အရက်နည်းနည်း မူးနေသည်။

"မိတ်ဆွေဖြစ် အထိမ်းအမှတ်အနေနဲ့ အပြင်ဆိုင်မှာ တစ်ခုခု ကျွေးပါရစေလား" မာတန်က ဖိတ်ခေါ်သည်။ ပထမတွင် ဟန်နီက ဟန်ဆောင်ပြီး ငြင်းသေးသည်။ သို့သော်လည်း မာတန်က မရမက အတင်းခေါ်သဖြင့် နောက်ဆုံးတော့ အလိုလိုမှ ပါချင်ချင်ဖြစ်နေသည့် ဟန်နီက လက်ခံလိုက်၏။

ထိုနေ့မှစ၍ ဟန်နီသည် ပထမဆုံးအဖြစ် ယောကျာ်းကလေး "တွဲဖော်" ကို ရရှိခဲ့သည်။

ထိုအချိန်မှစ၍ ဟန်နီ၏ ဘဝလည်း လုံးဝပြောင်းလဲသွားခဲ့၏။ သူသည် သူ့ကို လာချဉ်းကပ်သည့် ယောကျာ်းကလေးတိုင်းနှင့် တွဲလာသည်။ ကိုယ့်ကိုယ်ကိုယ် အယုံကြည်လွန်ကာ အတင့်လည်း အလွန်ရဲလာ၏။ သူ၏ လွန်ကဲ ရဲရင့်မှုကို မိဘများနှင့် အစ်မများကပင် မယုံနိုင်အောင် အံ့သြနေကြ၏။

■

ဟန်နီသည် သင်္ချာဘာသာတွင် အလွန်ညံ့သည်။ အတန်းတင်စာမေးပွဲကြီးတွင် ကျဖို့သေချာနေသည်။ သူ့အခြေကို သိသောကြောင့် ဟန်နီသည် အတန်းပိုင် သင်္ချာဆရာ မစ္စတာဂျုန်ဆင် ဆီသွား၍ သူ့အဖြစ်ကို တင်ပြသည်။

လူပျိုကြီး သင်္ချာဆရာသည် ဟန်နီ၏ ရဲတင်းသော အညှအခရာ "ညှတ်ကွင်း" တွင် တစ်ချီတည်းနှင့် "ငြိ" လေတော့သည်။

ဟန်နီလည်း စာမေးပွဲအောင်လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ရောက်တော့လည်း ဟန်နီသည် အလွန် "ဆိုရှယ်" ကျသည်။ တစ်ကျောင်းလုံးတွင် "ပေါ်ပြူလာ" အဖြစ်ဆုံး ကျောင်းသူဖြစ်နေသည်။ တစ်နေ့တွင် ညစာစားရင်း သူ့အဖေက ပြောသည်။

"သမီး မကြာခင် ကျောင်းပြီးတော့မယ်၊ အနာဂတ်ဘဝ ရည်မှန်းချက်ကို ဆုံးဖြတ်ဖို့အချိန်ရောက်ပြီ၊ ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"သမီး သူနာပြုဆရာမလုပ်မယ် ဖေဖေ"

"ဟယ် ... ဆရာဝန်မလုပ်ဖူးလား"

"မလုပ်ချင်ဘူး ဖေဖေ"

"သမီးက တပ်ဖ်မိသားစုဝင်တစ်ယောက်၊ ဆေးပညာလိုင်းလိုက်ရင် ဆရာဝန်ပဲဖြစ်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ ... ဆရာဝန်လုပ်မယ် မဟုတ်လား"

"ဟုတ်ကဲ့ ... လုပ်ပါ့မယ် ဖေဖေ"

တကယ်တော့ ဟန်နီက သူနာပြုပဲ လုပ်ချင်တာအမှန်။ သူက လူနာတွေကို ပြုစုချင်သည်။ သည်အလုပ်က စေတနာနှင့် ဝါသနာပါလျှင် ဘာမှမခက်။ ဆရာဝန်အလုပ်ကျတော့ ခက်လည်းခက်သည်။ လူတွေ၏ အသက်ရှင်ရေးကိုလည်း တာဝန်ယူရသည်။ သို့သော်လည်း သူက အဖေစိတ်မချမ်းသာဖြစ်အောင် မလုပ်ချင်။

*သမီးက တပ်ဖ်မိသားစုဝင်တစ်ယောက် ... ဆရာဝန် ဖြစ်ကို ဖြစ်ရမယ်။*

■

ဟန်နီ၏ ကောလိပ်စာမေးပွဲရမှတ်က ဆေးကျောင်းတက်ရန် အဆင့်မမီ။ သို့သော်လည်း သူ့အဖေက အဆင့်မီသည်။ သူ့အဖေသည် တင်နက်ဆီပြည်နယ်၊ နော့ဗ်ဗီးလ်မြို့ ဆေးကျောင်းသို့ ပိုက်ဆံတွေ အများကြီးလှူခဲ့သည်။ တစ်နေ့တွင် သူသည် ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဂျင်ပီယာဆင်နှင့် သွားတွေ့သည်။

"မစ္စတာတပ်ဖ် အကူအညီတောင်းတော့လည်း ဖြစ်တဲ့နည်းနဲ့ ကူညီရမှာပေါ့ဗျာ၊ ဒါပေမဲ့ အစမ်းသဘောမျိုးပဲ ကျွန်တော်ခွင့်ပြုနိုင်မယ်၊ ခြောက်လကြာလို့မှ သူ့အနေနဲ့ အရည်အချင်း မမီရင်တော့ ကျောင်းက ထွက်ရမှာပဲ"

"ဒီအစီအစဉ် အလွန်ကောင်းပါတယ် ဒေါက်တာ၊ ကျွန်တော့် သမီးကလည်း ဒေါက်တာ အံ့သြရလောက်အောင် လုပ်ပြပါလိမ့်မယ်"

သူပြောတာ တကယ်လည်းမှန်၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟန်နီသည် နော့ဖ်ဗီးလ်မြို့ရှိ သူ့အဖေ၏မိတ်ဆွေ သိက္ခာတော်ရ ဒေါက်ကလပ်လစ်ပတန်၏ အိမ်မှနေ၍ ဆေးကျောင်း တက်ရသည်။ လစ်ပတန်သည် အသက် ၆၀ ကျော်ပြီ။ သူ့မိန်းမက သူ့ထက် ဆယ်နှစ်ငယ်သည်။ ဟန်နီရောက်လာတော့ လစ်ပတန်က အလွန်ဝမ်းသာ၏။

"သူရှိနေတာ တို့အိမ်တော့ တကယ့်ကို သီရိဂေဟာ ဖြစ်လာတာပဲ ဒါလင်" လစ်ပတန်က သူ့မိန်းမကို ပြောသည်။

သူ့မိန်းမကတော့ အင်းမလုပ်၊ အဲမလုပ်။

■

ဟန်နီသည် ဆေးကျောင်းတွင် "သတင်းကြီးသည့် ရွှေမင်းသမီး" ဖြစ်နေ၏။ အထူးသဖြင့် ဆရာဝန်တွေနှင့် ပလူးပလဲတွဲပြီး အခွင့်ကောင်းယူနေသည်ဟု ဝေဖန်ခံနေရသည်။ သို့သော် ဟန်နီကတော့ ဘယ်သူတွေ ဘာပြောပြော လုံးဝ မမှု၊ သူမှုတာက တစ်နှစ်တစ်တန်း မှန်မှန်တက်ဖို့ပဲ ဖြစ်သည်။

တက်လည်း အမှန်တက်၏။

■

ဟန်နီသည် ဒေါက်ကလပ်လစ်ပတန်၏ အိမ်တွင် အထူးအရေးပေးခံနေရ၏။ လစ်ပတန်၏ မိန်းမက အေးစက်သည်၊ အာထက်သည်၊ လင်ကို အမြဲလိုလို အပြစ်ရှာနေသည်။ ဟန်နီက ညက်ညောသည်။ ယုယသည်၊ သွက်လက်သည်။

တစ်နေ့မနက်တွင် ညီမအိမ် သွားလည်နေသည့် မစ္စက်လစ်ပတန် ရက်တိုတိုနှင့် ရုတ်တရက် ပြန်ရောက်လာသည်။ အိပ်ခန်းတံခါးက မဖွင့်သေး၊ မစ္စက်လစ်ပတန်က တံခါးကို ဆွဲဖွင့်လိုက်သည်။

သူ့ယောက်ျားနှင့် ဟန်နီတို့ကို အိပ်ရာထဲတွင် ပက်ပင်းတွေ့ရတော့သည်။ သူသည် ဘာမှမပြောဘဲ တရားခံ နှစ်ယောက်ကို စိမ်းစိမ်းကြီး ရပ်ကြည့်နေ၏။ ထို့နောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။

နောက် နှစ်နာရီခန့်အကြာတွင် မစ္စတာလစ်ပတန်သည် ကားဂိုဒေါင်ထဲ၌ သူ့ကိုယ်သူ သတ်သေသွား၏။

မြို့နယ်လုံခြုံရေးမှူး ရောက်လာပြီး မစ္စက်လစ်ပတန်အား မေးမြန်းစုံစမ်းသည်။ ပြီးတော့ ဟန်နီနှင့် တွေ့သည်။

"ကျုပ်တို့က မိသားစုဂုဏ်သိက္ခာကို လေးစားတဲ့အနေနဲ့ မစ္စတာလစ်ပတန်ရဲ့ သေဆုံးမှုကို 'အကြောင်းရှာမရတဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမှု'အဖြစ် စာရင်းသွင်းလိုက်တယ်၊ ဒါပေမဲ့ မင်းအနေနဲ့တော့ ဒီမြို့က မြန်နိုင်သမျှ မြန်မြန် ထွက်သွားစေချင်တယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဟန်နီသည် (နော့ဗ်ဗီးလ်ဆေးကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာဂျင်ပီယာဆင်၏ အထူးထောက်ခံချက်ဖြင့်) ဆန်ဖရန်စစ္စမြို့ အင်ဘာကောဒရိုဆေးရုံကြီးသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ပေ့ဂျ်အဖို့ ကာလယန္တရားသည် အဓိပ္ပာယ်ကင်းမဲ့နေသည်။ အစလည်းမရှိ၊ အဆုံးလည်းမရှိ ဖြစ်နေ၏။ နေ့နှင့် ညသည် ကာရန်မဲ့ကာ တစ်ခုမှ အခြားတစ်ခုသို့ စီးမျောကူးပြောင်းနေသည်။ ဆေးရုံသည်သာ သူမ၏ဘဝဖြစ်၏။ · အပြင်လောကသည် ဝေးလံစိမ်းကားသော ကမ္ဘာတစ်ခု ဖြစ်နေ၏။

ခရစ္စမတ်ပွဲတော် ရောက်လာသည်။ နှစ်သစ်စတင်သည်။ အပြင်လောကတွင် အမေရိကန်တပ်တွေက ကူဝိတ်ကို အီရတ်လက်မှ ကယ်တင်ပေးလိုက်သည်။

အယ်လ်ဖရက်ထံမှ ဘာသတင်းမှ မကြားရ။ *သူ အမှားကို လုပ်မိပြီဆိုတာ သူ နောင်တရပါလိမ့်မယ်၊ သူ ငါ့ဆီ ပြန်လာမှာပါ။*

■

အခန်း-၉-

ပေ့ဂျ်နှင့် ဟန်နီတို့က ကက်အတွက် စိုးရိမ်နေကြသည်။ ကက်သည် အလေးချိန်ကျလာသည်။ စိတ်ညစ်နေပုံလည်း ရသည်။ သူသည် စကားပြောနေရင်းမှလည်း ငေးကြောင်ကြောင် ဖြစ်လာ၏။ သူ့ဆီကို ဘယ်ကမှန်းမသိ ဖုန်းလည်း ခဏခဏ လာသည်။ နှုန်း ဆက်ပြီးတော့ သူ၏ အပူရှိန်က ပို၍ သိသာလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုဖြစ်နေတာလဲ ... ကက်" ပေ့ဂျ်က မေးသည်။ "မင်းကို တို့ ဘယ်လောက်ခင်တယ်ဆိုတာ မင်း သိပါတယ်၊ ပြဿနာရှိရင် ပြောပါ၊ တို့ ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ် ... သူငယ်ချင်းရယ်၊ ဒါပေမဲ့ ငါ့ပြဿနာက မင်းတို့လည်း မကူညီနိုင်ပါဘူး၊ ငွေရေး ကြေးရေး ပြဿနာဖြစ်နေတယ်"

ဟန်နီ အံ့အားသင့်သွားသည်။

"မင်းက ဘာအတွက် ငွေလိုနေလို့လဲ၊ ဘယ်မှလည်းမသွားဘူး၊ ဘာမှလည်း မဝယ်ဘူး၊ တို့ ... "

"ငါ့အတွက် မလိုပါဘူး၊ ငါ့မောင်လေးအတွက်ပါ"

"သူက ဆန်ဖရန်စစ္စကိုမှာ နေလို့လား" ပေ့ဂျ်က မေးသည်။

"မနေပါဘူး၊ သူက အရှေ့ဘက်မှာနေတာ၊ ဒက်ထရွိုက်မှာ... တစ်နေ့ကျ သူ့ကို မင်းတို့တွေ့ရမှာပါ"

"တွေ့ချင်ပါတယ်၊ ဒါနဲ့ သူက ဘာလုပ်သလဲ"

"စီးပွားရေးသမားဆိုပါတော့" ကက်က ခပ်ဝါးဝါးဖြေသည်။ "ခုတလော သူ ကံနိမ့်နေတယ်၊ ဒါပေမဲ့ မိုက်က ပြန်ထောင်လာမှာပါ၊ သူက အဲဒီလိုပဲ အမြဲတမ်းဖြစ်တတ်တယ်" *အင်း ... ဘုရားသိကြား မပြီး ငါပြောသလို ဖြစ်ပါစေ။*

■

ဒေါက်တာဟယ်ရီဘိုးမင်းသည် အိုင်အိုဝါပြည်နယ်မှ ပြောင်းလာသူဖြစ်သည်။ သူသည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ လူတိုင်းနှင့် ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံတတ်ပြီး မကြာခဏလည်း ဧည့်ခံကျွေးမွေးတတ်သူ ဖြစ်၏။

တစ်နေ့တွင် သူက ပေ့ဂျ် ကို ပြောသည်။

"ကျွန်တော် မနက်ဖြန်ညမှာ ပါတီပွဲကလေးတစ်ပွဲလုပ်ချင်လို့၊ ခင်ဗျားတို့ သူငယ်ချင်းသုံးယောက် အားရင် ဆက်ဆက်လာစေချင်တယ်၊ ပျော်စရာကောင်းမှာပါ"

"ကောင်းပါတယ်၊ ကျွန်မတို့ ဘာယူခဲ့ရမလဲ"

"ဘာမှ ယူလာစရာမလိုဘူး၊ ကျွန်တော့်တိုက်ခန်းကလေးထဲမှာ အစုံရှိတယ်"

ဘိုမင်း၏ "တိုက်ခန်းကလေး" မှာ သီးသန့်ခန်း ဆယ်ခန်းရှိသည့် ဇိမ်ခံ တိုက်ခန်းကြီးဖြစ်နေသည်။ ရှေးဟောင်း ပရိဘောဂများ ပြည့်နေ၏။

အမျိုးသမီးသုံးယောက်တို့ လျှောက်ဝင်လာပြီး အံ့အားကြီး သင့်နေကြသည်။

"ဘုရားရေ" ကက်က ရေရွတ်လိုက်သည်။ "ဒါတွေအားလုံး ဘယ်လို ရလာတာများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာတဲ့ အဖေကို ရခဲ့တာ ကျွန်တော်သိပ်ပြီး ကံကောင်းတယ်ဗျ၊ သူ့မှာ ရှိသမျှ ပိုက်ဆံတွေ ကျွန်တော့်ပေးခဲ့တာ"

"ရှင် တခြား ဘာလုပ်သေးလဲ" ကက်က စပ်စုလိုက်၏။

ဘိုးမင်းက ပြုံးပြီး "ကျွန်တော်က ဆရာဝန်လုပ်ရတာကိုပဲ သဘောကျတယ်"

ပါတီပွဲတွင် စားစရာတွေလည်း လိုလေသေးမရှိ၊ အလျှံပယ်။ စားသောက်ရင်း ရောက်တတ်ရာရာ စကားဖောင်ဖွဲ့ရတာ ပျော်စရာလည်း ကောင်းသည်။

ပြန်ခါနီးကျတော့ ပေ့ဂျ်က ...

"ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး"

"မသိရင်လည်း တင်မနေနဲ့တော့၊ ဒါနဲ့ ခင်ဗျားတို့ စနေနေ့ အားသလား"

"အားတယ်"

"ကျွန်တော့်မှာ စက်လှေကလေးရှိတယ်၊ အပျော်စီး ထွက်ကြရအောင်"

"သိပ်ကောင်းပေါ့ရှင်"

■

ဟယ်ရီဘိုးမင်း၏ လှေကလေးမှာ ပေ ၅၀ ရှည် အကောင်းစား မော်တော်ဘုတ်ကလေးဖြစ်သည်။

"ကြိုဆိုပါတယ်" ဘိုးမင်းက လှမ်းပြောသည်။ "လာပါ ... တက်ကြပါ"

လှေပေါ်ရောက်တော့ ပေ့ဂျ်က ပြောသည်။

"လှေကလေးက သိပ်လှတာပဲနော်"

သူတို့သည် ပင်လယ်အော်အတွင်း လှည့်ပတ်ပြီး သုံးနာရီကြာ စီးကြသည်။ နေခြည်ပွင့်ပြီး နွေးထွေးသည့်နေ့ဖြစ်၍ ကြည်နူးစရာကောင်းလှ၏။ အမျိုးသမီးဆရာဝန် သုံးယောက်အဖို့ ရက်သတ္တပတ်ပေါင်းများစွာအတွင်း ယခုအကြိမ်သည် ပထမဦးဆုံး အပန်းဖြေရသည့် အကြိမ် ဖြစ်၏။

သူတို့သည် "နတ်သမီးကျွန်း" အနီးတွင် ကျောက်ချပြီး နေ့လယ်စာ စားကြသည်။

ကက်က ပြောသည်။

"ဒါမှ တကယ့်ဘဝပဲ၊ ကမ်းကို ပြန်မတက်ပါနဲ့တော့"

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ" ဟန်နီက ထောက်ခံသည်။

သူတို့သည် လောလောဆယ်တွင် ပျော်စရာကောင်းလှသည့် သုခဘုံကလေးတစ်ခုသို့ ရောက်နေသလို တကယ်ပင် ခံစားကြရ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းကို ပြန်တက်တော့ ပေ့ဂျ်က ပြောသည်။

"ဘယ်လောက်အထိ ပျော်မိတယ်ဆိုတာ ပြောတောင် မပြောတတ်တော့ပါဘူး"

"ကြားရတဲ့စကားအတွက် ကျွန်တော်လည်း အရမ်းပျော်မိပါတယ်ဗျာ"

သူက ပေ့ဂျ်၏ လက်ကို အသာပုတ်ပြီး "နောက်ထပ် ပြန်ထွက်ကြရအောင်၊ ဘယ်အချိန်ပဲဖြစ်ဖြစ်ပေါ့၊ ခင်ဗျားတို့ သုံးယောက်စလုံးကို အမြဲတမ်း ကြိုဆိုနေပါတယ်"

ချစ်စရာကောင်းလိုက်တဲ့ လူရယ်၊ ပေ့ဂျ်က တွေးမိ၏။

■

ဟန်နီက သားဖွားဆောင်တွင် လုပ်ကိုင်ရသည်ကို နှစ်သက်သည်။ သားဖွားဆောင်သည် မျှော်လင့်ချက်သစ်နှင့် ဘဝသစ်တို့ဖြင့် ခြုံလွှမ်းနေသည်။ မွေးဖွားလာသည့် ကလေးငယ်၏ မိဘနှစ်ပါးတို့ ဝမ်းသာပျော်ရွှင်ကြရသလို ဆရာဝန်နှင့် သူနာပြုတွေလည်း ကြည်နူးဝမ်းသာ ဖြစ်ကြရ၏။ သားဦးမိခင်တွေက စိတ်အားထက်သန်ပြီး စိုးရိမ်နေကြသည်။ ဝါရင့် မိခင်တွေကတော့ မစောင့်နိုင်အောင် စိတ်စောနေကြ၏။

မွေးခါနီး မိခင်တစ်ယောက်က ဟန်နီ့ကို ပြောသည်။

"ဘုရားသခင် ကျေးဇူးပါပဲ၊ ကျွန်မ ခြေဖျားကလေးတွေကို ကျွန်မ ပြန်မြင်ရတော့မယ်"

■

တကယ်လို့ ပေ့ဂျ်သာ ဒိုင်ယာရီ (နေ့စဉ်မှတ်တမ်း) ဆောင်ခဲ့မယ်ဆိုလျှင် ဩဂုတ်လ ၁၅ ရက်နေ့ကို "အမှတ်တရနေ့" အဖြစ် ရေးမှတ်လိမ့်မည်။ ထိုနေ့သည် သူ့ဘဝထဲသို့ ဂျင်မီဖို့ ဝင်ရောက်လာသည့်နေ့ ဖြစ်၏။

ဂျင်မီက ဆေးရုံအကူဝန်ထမ်း၊ အမြဲတမ်းပြုံးပြီး အမြဲတမ်း ရွှင်နေသည်။ လူပုံက ပိန်သေးသေး၊ ၁၇ နှစ်အရွယ်လောက် ထင်ရသည်။ သို့ပေမယ့် သူ့အသက်က ၂၅ နှစ်ရှိပြီ။ သူသည် ဆေးရုံထဲတွင် မြူးရွှင်စွာဖြင့် အမြဲတမ်း ဈတ်ဖျတ်လတ်လတ် ကူးလူးသွားလာနေသည်။ သူ့အဖို့ ပူပန်စရာဆို၍ အလျဉ်းမရှိသည့် ပုံမျိုး။

သူက လူတိုင်းကို ကူညီသည်။ သူ့မှာ အဆင့်အတန်း ခွဲခြားမှုမရှိ။ ဆရာဝန်၊ သူနာပြု၊ အကူဝန်ထမ်း အားလုံးကို အတူတူပဲ ဆက်ဆံသည်။

ဂျင်မီက ရယ်စရာလည်း ပြောတတ်၏။

"တစ်ကိုယ်လုံး ကျောက်ပတ်တီးစည်းထားတဲ့ လူနာတစ်ယောက်အကြောင်း ကြားဖူးသလား၊ သူနဲ့ ဘေးချင်းကပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခုတင်က လူနာက ဘာအလုပ်လုပ်သလဲလို့ သူ့ကိုမေးတယ်၊ "အင်ပါယာ စတိတ်အဆောက်အအုံမှာ ပြတင်းပေါက် သန့်ရှင်းရေးသမားလုပ်တယ်" လို့ သူက ပြန်ဖြေတယ်။

"တခြားလူနာက 'အဲဒီတော့ ခင်ဗျား အလုပ်က ဘယ်တော့ထွက်လိုက်သလဲ' လို့ ထပ်မေးတော့ သူက 'အဆောက် အအုံ တစ်ဝက်က ပြုတ်ကျတဲ့အချိန်မှာ' လို့ ပြန်ပြောလိုက်သတဲ့"

ယင်းသို့ ပြောပြီးနောက် ဂျင်မီသည် အပြုံးမျက်နှာဖြင့် တစ်ယောက်ယောက်ကို ကူညီရန် လျှောက်ထွက်သွား တတ်၏။

သူက ပေ့ဂျ်ကို အလွန်ခင်သည်။

"ကျွန်တော်လည်း တစ်နေ့မှာ ဆရာဝန်ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး၊ ကျွန်တော်က ဒေါက်တာတို့ကို သိပ်ပြီး အားကျတာ"

သူက ပေ့ဂျ်အတွက် သကြားလုံးနှင့် ပုံသွင်းအရုပ်ကလေးတွေ စသည်ဖြင့် လက်ဆောင်ကလေးတွေ မကြာခဏ ယူလာတတ်သည်။ လက်ဆောင်တစ်ခုပေးရင်း ရယ်စရာတစ်ခုလည်း အမြဲတမ်း ပြောတတ်၏။

"ဟူစတန်မြို့ထဲမှာ လူတစ်ယောက်က လမ်းလျှောက်လာတဲ့ အခြားလူတစ်ယောက်ကို 'ဆေးရုံကိုသွားတဲ့ အနီးဆုံးလမ်း ဘာလမ်းလဲ' လို့ မေးတယ်။ ဟိုလူက ဘာပြန်ပြောလိုက်သလဲဆိုတော့ 'တက္ကဆက်ပြည်နယ်အကြောင်း တစ်ခုခု မကောင်းပြောလိုက်ပါ' တဲ့"

ဂျင်မီသည် ဆေးရုံသို့ ပေ့ဂျ်နှင့်အတူတူ ရောက်သည်။ သူက ပေ့ဂျ် ကို မော်တော်ဆိုင်ကယ်နှင့် တင်ခေါ်လာသည်။

"လူနာက မေးတယ် 'ကျွန်တော့်ခွဲစိတ်မှုက အန္တရာယ်ရှိသလား' တဲ့၊ အဲဒီတော့ ဆရာဝန်က ပြန်ပြောလိုက်တယ်၊ 'ဟင့်အင်း... ဒေါ်လာနှစ်ရာဆိုရင် အန္တရာယ် မရှိပါဘူး' တဲ့"

ထို့နောက် သူ လှည့်ထွက်သွား၏။

■

ကက်၏ အပုပ်နံ့တွေ တော်တော်ထွက်လာသည်။ ကက်နှင့် မတွေ့ဖူးသည့် ဆရာဝန်မရှိဟူ၍ပင် ပြောလာကြသည်။ အခိုးပြောရရလျှင် ကတ်အကြောင်းသိ၍ တချို့လူနာ ယောကျ်ားတွေကလည်း ကက်ကို ရိသဲ့သဲ့ဖြင့် ကထိကပါး စလာကြသည်။

သူ့အကြောင်း မကောင်းသတင်းတွေ ဘယ်လောက်ပင်ထွက်ထွက် ကက်ကတော့ အပြုံးမပျက် ခပ်တည်တည်ဖြင့် အခွင့်သာလျှင် သာသလို လူတိုင်းနှင့် တွဲနေဆဲ ... ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားသည့် တစ်နေ့မနက်ပိုင်းတွင် မိုက်ထံမှ ဖုန်းလာပြန်၏။

"ဟိုင်း ... မမ၊ နေကောင်းရဲ့လား"

နောက်ထပ် မိုက် ဘာပြောလာမည် ဆိုတာကို ကက် သိသည်။ သူစုထားသမျှ ပိုက်ဆံတွေကို မိုက်ဆီ ပို့ပေးခဲ့ပြီး ဖြစ်၏။ သို့သော်လည်း ဘယ်လောက်ပင် ပို့ပို့ ဘယ်တော့မှ လုံလောက်မည်မဟုတ်။

"မမကို အခုလို အနှောင့်အယှက်ပေးနေတာ ကျွန်တော်သိပ်ပြီး စိတ်မကောင်းပါဘူး၊ တကယ်ပြောတာပါ၊ ဒါပေမဲ့ ကျွန်တော့်မှာ ပြဿနာကလေးတစ်ခု ရှိနေလို့ပါ"

"ဘာပြဿနာလဲ"

"သိပ်ပြီး အရေးမကြီးပါဘူး၊ လူတစ်ယောက်ဆီက ပိုက်ဆံနည်းနည်း ချေးထားတာ အခု ပြန်တောင်းနေလို့ အဲဒါ ..."

"အေးလေ ... ငါ ရှာကြံပြီး ပို့လိုက်ပါ့မယ်"

"ကျေးဇူးပါပဲ မမရယ်၊ ကျွန်တော့်မှာ မမကလွဲပြီး အားကိုးစရာမရှိပါဘူး မမ၊ မမကို ကျွန်တော် အများကြီး ချစ်ပါတယ်"

"ငါလည်း မင်းကို ချစ်ပါတယ် မောင်လေးရယ်"

■

တစ်နေ့တွင် ကက်က ပေ့ဂျ်နှင့် ဟန်နီတို့ကို ပြောသည်။

"ဟေ့ ... ဒါနဲ့ ... လောလောဆယ် တို့အတွက် ဘာလိုအပ်နေသလဲ သိလား"

"တစ်လလောက် အိပ်ရေးဝဝ အိပ်ရဖို့ပေါ့"

"မဟုတ်ဘူး၊ အပန်းဖြေခရီးထွက်ဖို့ လိုအပ်တာ၊ ပါရီကိုသွားပြီး ရှန့်ဆယ်လာဆေးလမ်းမကြီးပေါ် လျှောက်လည်ကြမယ်၊ ပြီးတော့ ကုန်ပဒေသာတိုက်ကြီးတွေရဲ့ မှန်ပြတင်းပြခန်းတွေ လျှောက်ကြည့်မယ်"

"သိပ်ကောင်းပေါ့" ပေ့ဂျ်က တခစ်ခစ်ရယ်၏။ "ပြီးတော့ တစ်နေ့လုံး အိပ်၊ တစ်ညလုံး ကစားကြမယ်"

"စိတ်ကူးကတော့ နိပ်ပါ့" ဟု ဟန်နီက ရယ်သည်။

"မကြာခင်မှာ တို့အတွက် အပန်းဖြေရက်ရဖို့ ရှိတယ်" ပေ့ဂျ် က ပြောသည်။ "အဲဒီတော့ တို့သုံးယောက် တစ်နေရာ သွားရအောင်လေ"

"ကောင်းပါတယ်" ကက်ကပြောသည်။ "စနေနေ့ကျတော့ ခရီးသွားအေဂျင်စီ သွားစုံစမ်းကြရအောင်လား"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သုံးရက်အတွင်း ခရီးစဉ် ဆွေးနွေးကြ၏။

"ငါတော့ လန်ဒန်ကို သိပ်သွားချင်တာပဲ၊ ကံကောင်းရင် ဘုရင်မနဲ့တောင် ဝင်တိုးချင်း တိုးဦးမှာ"

"ငါကတော့ ပါရီကိုပဲ သွားချင်တာ၊ ပါရီဟာ ကမ္ဘာမှာ စိတ်ကူးယဉ်စရာ အကောင်းဆုံး မြို့ဆိုပဲ"

"ငါက ဗင်းနစ်မြို့က လရောင်အောက်မှာ ဂွန်ဒိုလာသမ္ဗန် စီးချင်တယ်"

*တို့လက်ထပ်ပြီးတော့ ဗင်းနစ်ကို ပျားရည်ဆမ်းခရီးထွက်မယ်၊* အယ်လ်ဖရက်၏ စကားကို ပေ့ဂျ် သွား၍ ကြားယောင်မိ၏။ *ဘယ့်နှယ်လဲ၊ မကြိုက်ဘူးလား။*

*အိုး ... ကြိုက်လှပါသတဲ့ ရှင်ရေ။*

အယ်လ်ဖရက်သည် သူ့ဇနီးသစ်ကလေး ကာရင် ကို ဗင်းနစ်မြို့သို့ ပျားရည်ဆမ်းခရီး ခေါ်သွားမှာပဲ ဟု ပေ့ဂျ် တွေးမိသည်။

■

စနေနေ့ မနက်တွင် သုံးယောက်သား ပိုဝဲလမ်းမှ "ကော်နီချေး" ခရီးသွားအေဂျင်စီသို့ သွားကြသည်။

ကောင်တာတွင် ထိုင်နေသည့် အမျိုးသမီးက ယဉ်ကျေးစွာ မေးသည်။

"ဘယ်လို ခရီးစဉ်မျိုး စိတ်ဝင်စားပါသလဲရှင်"

"ကျွန်မတို့က ဥရောပမြို့ကြီးတွေ သွားချင်တယ်၊ လန်ဒန်၊ ပါရီ၊ ဗင်းနစ် ဆိုပါတော့"

"သိပ်ကောင်းပါတယ်၊ ဒါဆိုရင် ကျွန်မတို့မှာ ဈေးသက်သာတဲ့ ခရီးစဉ် ရှိပါတယ်"

"အို ... မဟုတ်ဘူး၊ မဟုတ်ဘူး" ပေ့ဂျ်က ဟန်နီကို ပြုံးကြည့်ပြီး "ပထမတန်း ခရီးစဉ်ပဲ လိုချင်တယ်"

"ဟုတ်တယ်၊ ပထမတန်း လေယာဉ်ခရီးစဉ်ပေါ့" ကက်က ပြောသည်။

"ပြီးတော့ ပထမတန်းဟိုတယ်" ဟန်နီက ထပ်ဖြည့်၏။

"ကောင်းပါပြီ၊ ကျွန်မ ထောက်ခံချက်ပေးရမယ်ဆိုရင် လန်ဒန်မှာ ရစ်ဇ်ဟိုတယ်၊ ပါရီမှာ ခရစ်လွန်ဟိုတယ်၊ ဗင်းနစ်မှာ စီပရီယာနီဟိုတယ်"

"ဒါနဲ့ ကျွန်မတို့ကို ခရီးစဉ် စာရွက်စာတမ်းတွေ ပေးလို့ ဖြစ်ပါသလား" ပေ့ဂျ်က မေးသည်။ "ကျွန်မတို့ လေ့လာပြီး ဆုံးဖြတ်လို့ရတာပေါ့"

"ဟုတ်ကဲ့ ... ရပါတယ်"

ပေ့ဂျ်က ခရီးစဉ်စာရွက်ကို ဖတ်ကြည့်ပြီး ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ရွက်လှေရော စင်းလုံးငှား စီစဉ်ပေးနိုင်သလား"

"စီစဉ်ပေးနိုင်ပါတယ်"

"ဟုတ်ပြီ၊ ကျွန်မတို့ ရွက်လှေတစ်စင်း ငှားမယ်"

"သိပ်ကောင်းတာပေါ့" အေးချင်စီအမျိုးသမီးက လက်ကမ်း ခေါက်ချိုးစာရွက်တွေ တစ်ထပ်ကြီး ပေ့ဂျ်ကို ကမ်းပေးသည်။ "အဆင်သင့်ဖြစ်တဲ့အခါ ကျွန်မဆီ ဖုန်းဆက်လိုက်ပါ၊ ကျွန်မတို့ဘက်က အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်မတို့ အကြောင်းကြားပါ့မယ်" ဟန်နီက ကတိပေးသည်။

အပြင်ဘက်ရောက်တော့ ကက်က ဟက်ဟက်ပက်ပက် ရယ်ပြီး ...

"စိတ်ကူးယဉ်ရင်လည်း အဲဒီလို ကြီးကြီးကျယ်ကျယ် ယဉ်ရတယ်၊ ဟုတ်တယ်မဟုတ်လား"

"မပူပါနဲ့" ပေ့ဂျ်က အားပေးသည်။ "တစ်နေ့ကျရင် တို့သုံးယောက် အဲဒီနေရာတွေအားလုံး ရောက်အောင်သွားနိုင်မှာပါ" ။ ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁၀-

အင်ဘာကောဒရှိ ဆေးရုံကြီး၏ ဆေးဘက်ဆိုင်ရာဌာနမှူး ဆေးမိုးဝီလဆင် သည် မဖြစ်နိုင်သည့် လုပ်ငန်းကြောင့် အကြီးအကျယ် စိတ်ပျက်နေ၏။ လူနာတွေက အလွန်များပြီး ဆရာဝန်နှင့် သူနာပြုတွေ က အလွန်နည်းနေသည်။ ထို့ပြင် တစ်နေ့တာ အလုပ်ချိန်နာရီက အလွန်နည်းနေသည်။ သူ့အဖြစ်က နစ်မြုပ်တော့မည့် သင်္ဘော၏ ရေဝင်ပေါက်တွေကို လိုက်ပိတ်ရန် အချည်းနှီး ကြိုးစားနေသည့် မာလိန်မှူးနှင့် တူနေ၏။

ဒေါက်တာဝီလဆင်၏ လောလောဆယ် ပြဿနာမှာ ဟန်နီတပ်ပ်ဖ် ဖြစ်သည်။ သူ့ကို အချို့ဆရာဝန်တွေက အလွန်သဘောကျသလောက် ယုံကြည်အားကိုးလောက်သည့် လက်ထောက်ဆရာဝန်များနှင့် သူနာပြု တွေက သူသည် အလုပ်ကျွမ်းကျင်မှု မရှိကြောင်း ဒေါက်တာဝီလဆင် အား တိုင်တောကြသည်။

နောက်ဆုံးတွင် ဒေါက်တာဝီလဆင်သည် ဆေးရုံအုပ်ကြီး ဒေါက်တာဘင်ဝါလေ့နှင့် သွားတွေ့၏။

"ဆရာဝန်မ တစ်ယောက်ကို ကျွန်တော် ထုတ်ပစ်ချင်တယ် ဆရာ၊ သူ အလုပ်မကျွမ်းကျင်ဘူးလို့ သူနဲ့အတူ ရောင်းလှည့်တဲ့ ဆရာဝန်တွေက ကျွန်တော့်ကို တိုင်ကြတယ်"

ဝါလေ့က ဟန်နီကို ချက်ချင်းသတိရလိုက်သည်။ ဟန်နီက အထူးထောက်ခံချက်ဖြင့် ရောက်လာသူ။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်နေပြီ၊ တစ်ခုခုတော့ မှားနေပြီထင်တယ်" သူ ခဏစဉ်းစားနေသည်။ ပြီးတော့မှ "ဒါဆို ဒီလို လုပ်ကြရင် ကောင်းမယ်၊ ခင်ဗျားလူတွေထဲမှာ အရက်စက်ဆုံး ဒေါက်တာ ဘယ်သူရှိသလဲ"

"တက် အေလီဆန်"

"ဟုတ်ပြီ၊ မနက်ဖြန် မနက်မှာ ဟန်နီတပ်ဖ် ကို ဒေါက်တာအေလီဆန်နဲ့ တွဲပြီး ရောင်းလှည့်ခိုင်းလိုက်၊ ပြီးတော့ ဟန်နီ့အခြေအနေကို အစီရင်ခံစာတင်ခိုင်း၊ အဲဒီတော့မှ သူ တကယ်အရည်အချင်းမရှိဘူးဆိုရင် ကျုပ် သူ့ကို ထုတ်ပစ်မယ်"

"ကောင်းပါပြီဆရာ၊ ကျေးဇူးတင်ပါတယ်"

■

ထိုနေ့ နေ့လယ်စာ စားချိန်တွင် ဟန်နီက နောက်နေ့မနက် သူ့ကို ဒေါက်တာ အေလီဆန်နှင့်တွဲပြီး ရောင်းလှည့်ရန် တာဝန်ချကြောင်း ပေ့ဂျ် ကို ပြောပြသည်။

"သူ့ကို ငါသိပါတယ်" ပေ့ဂျ်က ပြောသည်။ "နာမည်ပျက် ရှိတဲ့လူပဲ"

"ငါလည်းကြားဖူးတယ်" ဟန်နီက ပြန်ပြော၏။

ထိုအချိန်တွင် ဆေးရုံကြီး၏ အခြားတစ်နေရာ၌ ဒေါက်တာဆေးမိုးဝီလဆင်နှင့် ဒေါက်တာတက်အေလီဆန်တို့ ခေါင်းချင်းဆိုင်နေကြသည်။ အေလီဆန်မှာ အသက် ၂၅ နှစ်အရွယ် စစ်မှုထမ်းဟောင်းဖြစ်၏။ ရေတပ်တွင် ဆေးဘက်ဆိုင်ရာ အရာရှိအဖြစ် အမှုထမ်းခဲ့သည်။

ဆေးမိုးက ပြောသည်။

"ဟန်နီတပ်ဖ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ပါ၊ သူ အသုံးမကျရင် ထုတ်ပစ်မယ်၊ ကျုပ်ပြောတာ နားလည်ရဲ့လား"

"နားလည်ပါတယ် ဆရာ"

အေလီဆန်က သည်လိုအလုပ်မျိုးကို အလွန်နှစ်သက်သည်။ ဆေးမိုးဝီလဆင်လိုပဲ သူကလည်း အရည်အချင်းမရှိသည့် ဆရာဝန်တွေကို အလွန်ရွံ့မုန်းသည်။ မိန်းမတွေအနေဖြင့် ဆေးဘက်ဆိုင်ရာလုပ်ငန်း လုပ်ချင်လျှင် သူနာပြုပဲ လုပ်သင့်သည်ဟု အလေးအနက် ခံယူထားသူဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေးသည် ကမ္ဘာကျော် သူနာပြုတစ်ယောက်ဖြစ်ခဲ့သည်မဟုတ်ပါလား။

■

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နံနက် ၆ နာရီတွင် ရောင်းလှည့်ရန် လက်ထောက်ဆရာဝန်တွေ စကြိုတွင် ဆုံကြသည်။ ထိုအုပ်စုတွင် အုပ်စုခေါင်းဆောင် ဒေါက်တာ အေလီဆန်၊ သူ့လက်ထောက် တွမ်ဘင်ဆင်နှင့် ဟန်နီတပ်ဖ် အပါအဝင် လက်ထောက် ဆရာဝန် ငါးဦး ပါဝင်သည်။

အေလီဆန်က ဟန်နီ့ကို ကြည့်ပြီး ကဲ ... *မိန်းကလေး၊ မင်း ဘယ်လောက်စွမ်းတယ်ဆိုတာ ကြည့်ရသေးတာပေါ့* ဟု တွေးလိုက်သည်။ ထို့နောက် သူက "လာ ... သွားကြစို့"

ပထမဦးဆုံးလူနာမှာ အရွယ်မရောက်သေးသည့် မိန်းကလေးဖြစ်သည်။ သူသည် စောင်အထပ်ထပ်ခြုံကာ အိပ်ပျော် နေ၏။

"သူ့မှတ်တမ်းကတ်ကို ယူကြည့်ကြ" ဒေါက်တာအေလီဆန် က ပြောလိုက်သည်။

လက်ထောက်ဆရာဝန်တွေက ကတ်ကို ယူ၍ ဝိုင်းကြည့်နေကြသည်။ ဒေါက်တာအေလီဆန်က ဟန်နီ့ဘက် လှည့်လျက်...

"ဒီလူနာက အဖျားရှိတယ်၊ တုန်တယ်၊ မအီမသာဖြစ်တယ်၊ ခံတွင်းပျက်တယ်၊ ချောင်းဆိုးတယ်၊ အဆုတ်ရောင် တယ်၊ အဲဒီတော့ သူ့ရောဂါ ဘာလဲ"

ဟန်နီက မျက်ခုံးချီလိုက်ပြီး အသံတိတ်ရပ်နေ၏။

"ပြောပါ"

"ဟုတ်ကဲ့" သူက စဉ်းစားနေဟန်ဖြင့် "ကျွန်မတော့ ပစ်တာကိုဆစ်ငှက်ရောဂါ ကြက်တူရွေးအဖျားရောဂါလို့ ပြောချင်တယ်"

ဒေါက်တာ အေလီဆန် အံ့အားသင့်သွားဟန်ဖြင့် ...

"ဘာ ... ဘာကြောင့် အဲဒီလို ပြောတာလဲ"

"သူ့လက္ခဏာတွေက ငှက်ရောဂါပုံစံမျိုးဖြစ်နေတယ်။ သူအိမ်မွေးတိရစ္ဆာန်ရောင်းတဲ့ဆိုင်မှာ အလုပ်လုပ်တာလို့ ကျွန်မ သိရတယ်၊ ဒါကြောင့် ကြက်တူရွေးတွေဆီက ရောဂါကူးစက်တာ"

ဒေါက်တာ အေလီဆန်က ခေါင်းတညိတ်ညိတ်ဖြင့် ...

"အဲဒါမှန်တယ်၊ သိပ်မှန်တယ်၊ ဒါဖြင့် ဘယ်လိုကုသမှာလဲ"

"တက်ထရာဆိုက်ကလင်း ဆေးရက်ပေးမယ်၊ အိပ်ရာထဲမှာ ကောင်းကောင်း နားခိုင်းပြီး အရည်အများကြီး တိုက်မယ်"

"အားလုံး ကြားကြတယ်မဟုတ်လား၊ ဒေါက်တာတပ်ဖ်ပြောတာ သိပ်မှန်တယ်"

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်လူနာတစ်ယောက်ဆီသို့ လာခဲ့ကြသည်။

"သူ့ကတ်ကိုကြည့်ရင်း ..." ဒေါက်တာက ပြောသည်။ "မက်ဆိုသီလျှမ် အသားပိုရယ်၊ ဘလပ်ဒီးအက်ဖျူးရှင်းရယ်၊ ပြီးတော့ မောပန်းတာရယ် တွေ့ရမယ်၊ ရောဂါအမည်ဖော်ပါ"

တစ်ယောက်က "အဆုတ်ရောင်နာတစ်မျိုးလို့ ထင်ပါတယ်"

နောက်တစ်ယောက် "ကင်ဆာဖြစ်နိုင်ပါတယ်"

ဒေါက်တာက ဟန်နီ့ကို ကြည့်လိုက်ပြီး ...

"ဘာရောဂါလဲ"

ဟန်နီက ခဏစဉ်းစားနေပြီးနောက် ...

"ဖုန်စွဲအဆုတ်နာဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ကော်ဇောစက်ရုံမှာ လုပ်တယ်လို့ ကတ်မှာ ရေးထားတယ်"

"သိပ်တော်တယ်၊ သိပ်တော်တယ်၊ အဲဒီတော့ သူ့ကို ဘယ်လိုကုမလဲ"

"အတိအကျကုထုံးတော့ မရှိသေးဘူး"

ဒေါက်တာအေလီဆန် အလွန်ကျေနပ်သွားပုံရသည်။

ရောင်းလှည့်ပြီးသောအခါ သူက ဟန်နီအား လက်ဆွဲနှုတ်ဆက်ရင်း ...

"ငါက လွယ်လွယ်နဲ့ ကျေနပ်တဲ့လူ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းရဲ့ အနာဂတ် သိပ်ကောင်းတယ်"

ဟန်နီ မျက်နှာ နီမြန်းသွားပြီး ...

"ကျေးဇူးတင်ပါတယ် ဆရာ"

"ငါ ဆေးရုံအုပ်ကြီးကိုလည်း အဲဒီလို ပြောပြလိုက်ပါ့မယ်"

သူ လျှောက်ထွက်သွားသည်။

ဒေါက်တာ အေလီဆန်၏ ဝါရင့်လက်ထောက် တွမ်ဘင်ဆင်က ဟန်နီ့ကို ပြုံးပြပြီး ...

"နောက် နာရီဝက်အတွင်း ငါ မင်းနဲ့တွေ့မယ်"

■

ပေ့ဂျ် သည် "၀၀၇" နာမည်ရ ဒေါက်တာ အာသာကိန်းနှင့် မဆုံမိအောင် တမင်ရှောင်နေသည်။ သို့သော်လည်း မရှောင်သာ၍ ဆုံမိတိုင်း ခွဲစိတ်ခန်းတွင် သူ့ကို ကူရန် အမြဲတမ်း မေတ္တာရပ်ခံသည်။ ပြီးတော့ အမျိုးမျိုး အတွေးပွားထိုင်သည်။ အမျိုးမျိုး စသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းက ငါနဲ့ အပြင်မလိုက်ချင်လို့လား၊ အတွဲရှိနေတယ်ပေါ့လေ" ဟု တစ်မျိုး၊ "ငါက အရုပ်သာပုတာပါ ကလေးမရယ်၊ ဒါပေမဲ့ တခြားဟာတွေတော့ မတိုပါဘူး၊ ငါပြောတာ မင်းသဘောပေါက်ပါလိမ့်မယ်နော်" စသည်ဖြင့် တစ်ဖုံ၊ နည်းအမျိုးမျိုးဖြင့် ကရိကပါး လုပ်တတ်သည်။

ထို့ကြောင့် ပေ့ဂျ်က သူနှင့် တွဲလုပ်ရမှာ အလွန်ကြောက်သည်။ ဒေါက်တာကိန်းသည် လူနာများကို မလိုအပ်ဘဲ ခွဲစိတ်ကုသပြီး မလိုအပ်ဘဲနှင့် အင်္ဂါအစိတ်အပိုင်း အကောင်းများကို အကြိမ်ကြိမ် အခါခါ ဖြတ်ထုတ်ပစ်သည်ကို ပေ့ဂျ် မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

တစ်နေ့တွင် ပေ့ဂျ်နှင့် ဒေါက်တာကိန်းတို့ ခွဲစိတ်ခန်းသို့ လျှောက်လာရင်း ပေ့ဂျ်က မေးသည်။

"ကျွန်မတို့ ဒီနေ့လူနာကို ဘာခွဲစိတ်မလဲ ဆရာ"

"သူ့ပိုက်ဆံအိတ် ခွဲမယ်" ပေ့ဂျ် မျက်နှာ ပျက်သွားသည်ကို မြင်လိုက်တော့မှ ...

"ငါ အလကားနောက်တာပါ ကလေးမ ... ရာ"

■

နောက်ပိုင်းတွင် ကက်နှင့်တွေ့တော့ ပေ့ဂျ် က စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောပြသည်။

"ဒီလူ ဆရာဝန်လုပ်ဖို့ မကောင်းဘူး၊ သားသတ်ရုံမှာပဲ လုပ်ဖို့ကောင်းတယ်၊ သူ့မှာ လူနာတွေ ခွဲစိတ်ဖို့ အခွင့်အရေး လုံးဝမရှိဘူး"

တစ်ခါကလည်း လူနာတစ်ယောက်ကို အသည်း ခွဲစိတ်ပြီးနောက် ဒေါက်တာကိန်းက ပေ့ဂျ်ဘက်လှည့်ကာ ခေါင်းတယမ်းယမ်းနှင့် "အခြေအနေက တော်တော်ဆိုးတာပဲ၊ ငါတော့ ဒီလူနာ ဒီတောင်က ကျော်နိုင်မယ် မထင်ဘူး" ဟု မညှာမတာ တုံးတိကြီး ပြောချလိုက်သေး၏။

ဒါကြောင့်လည်း ပေ့ဂျ် က ဒေါသလည်း ထွက်၊ မုန်းလည်း အလွန်မုန်းသွား၏။ နောက်ပိုင်း တွမ်ချမ်းနှင့်တွေ့တော့ သူ့ဒေါသကို ရင်ဖွင့်သည်။

"ဒီဒေါက်တာကိန်းကိစ္စ တစ်ယောက်ယောက်က တိုင်စာပို့ရင် သိပ်ကောင်းမယ်၊ သူက လူနာတွေကို ဆေးကုနေတာ မဟုတ်ဘူး၊ သတ်နေတာ"

"အေးအေးနေစမ်းပါ ပေ့ဂျ်ရာ"

"ကျွန်မ မနေနိုင်ဘူး၊ ဒီလူကို ဒီအတိုင်း လွှတ်ပေးထားဖို့ မသင့်ဘူး၊ သူလုပ်နေတာက ရာဇဝတ်မှုကြီး၊ ခုံရုံးဖွဲ့ပြီး စစ်ဆေးသင့်တယ်"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လုပ်တော့ကော ဘာကောင်းလာမှာမို့လဲ၊ သူ မကောင်းကြောင်း တခြားဆရာဝန်တွေက သက်သေထွက်ဆိုရမယ်၊ ဘယ်သူကမှ အဲဒီလို လုပ်ချင်မှာ မဟုတ်ဘူး၊ ဒီဆေးရုံက မိသားစု ဆေးရုံလို ဖြစ်နေတာ၊ ကျွန်တော်တို့ အားလုံး ရင်းရင်းနှီးနှီးနဲ့ စုစုစည်းစည်းနေကြတယ်၊ အဲဒီတော့ ဆရာဝန်တစ်ယောက်က အခြားဆရာဝန်တစ်ယောက်ကို မကောင်းပြောရမယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ၊ ကျွန်တော်တို့အလုပ်က တစ်ယောက်အကူအညီ တစ်ယောက်ယူပြီး ရပ်တည်နေကြရတာ၊ စိတ်ကိုလျှော့ပါ ပေ့ဂျ် ရာ၊ ကဲ ... လာပါ ကျွန်တော်တို့ အပြင်သွားကြရအောင်၊ ခင်ဗျားကို နေ့လယ်စာ ကျွေးမယ်"

ပေ့ဂျ် က ဟင်းခနဲ သက်မကြီး ချလိုက်သည်။

"ကောင်းပြီလေ၊ ဒါပေမဲ့ ကျွန်မကတော့ ဒီလုပ်ရပ်ကို လုံးဝ မကြိုက်ဘူး"

■

နေ့လယ်စာ စားရင်း ပေ့ဂျ် က မေးသည်။

"ဒါနဲ့ ရှင်နဲ့ဆိုင်းတို့ ပြဿနာက ဘယ်လိုလဲ"

တွမ်ချန်းက ခဏတွေနေပြီးတော့မှ "ပြဿနာက မပြီးသေးဘူး၊ တန်းလန်းပဲ၊ ကျွန်တော့်အလုပ်က အိမ်ထောင်ရေးကို ဖျက်ဆီးသလိုဖြစ်နေတယ်၊ အဲဒါ ကျွန်တော် ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"နောက်တော့ ပြေလည်သွားပါလိမ့်မယ်"

"ကျွန်တော်တော့ မထင်ဘူး၊ တကယ်လို့ ကျွန်တော့်ကို သူပစ်သွားရင် ကျွန်တော့်တော့ သတ်သေမှာပဲ"

■

နောက်တစ်နေ့ မနက်တွင် အာသာကိန်းသည် ကျောက်ကပ်ခွဲစိတ်ရန် တာဝန်ကျသည်။ ခွဲစိတ်ကုသမှု ဌာနမှူးက ပေ့ဂျ် ကို ပြောသည်။

"ဒေါက်တာကိန်းက ခွဲစိတ်ဆောင် (၄) မှာ သူ့ကိုကူညီဖို့ တောင်းနေတယ်"

ပေ့ဂျ်သည် ရုတ်တရက် အာခေါင်ခြောက်သွားသလို ထင်လိုက်မိသည်။ ဒေါက်တာကိန်းအနားကပ်ရှောင်ကို သူ အလွန်ရွံမုန်းနေသည်။

သို့ဖြင့် သူက ပြန်ပြောလိုက်သည်။

"နောက်တစ်ယောက် အစားထိုးပေးလို့ မရဘူးလား ဆရာ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ သူ မင်းကိုစောင့်နေတယ်"

ပေ့ဂျ်မှာ ဘာမှ ပြန်ပြောခွင့်မရဘဲ သက်မကိုသာ ချလိုက်မိလေသည်။

ပေ့ဂျ် ခွဲစိတ်ခန်းအဝတ်အစားလဲပြီးချိန်တွင် ခွဲစိတ်မှုက စတင်နေပြီ။

"ငါ့ကို လာကူပါဦး ကလေးမရယ်"

ဒေါက်တာကိန်းက ပေ့ဂျ်ကို ပြောလိုက်သည်။

လူနာ၏ ဝမ်းဗိုက်ကို အိုင်အိုဒင်းဖြင့် အမှတ်အသားလုပ်ပြီး ဝမ်းဗိုက်လက်ယာဘက်အပေါ်ခြမ်းက ခွဲစိတ်ထားသည်။ *အင်း ... လောလောဆယ်တော့ မဆိုးသေးဘူး*ဟု ပေ့ဂျ်က တွေးလိုက်မိ၏။

"ဓား"

သူနာပြု ဆရာမက ဒေါက်တာကိန်းအား ခွဲစိတ်ဓားကို လှမ်းပေးလိုက်သည်။ ဒေါက်တာက ခေါင်းမော့ကြည့်ပြီး ...

"သီချင်းတစ်ပုဒ်လောက် ဖွင့်စမ်းပါ"

ခဏကြာတော့ ကက်ဆက်မှ သီချင်းသံ ပေါ်ထွက်လာသည်။

ဒေါက်တာကိန်းက ဆက်လက်ခွဲစိတ်နေသည်။ ပေ့ဂျ်ကို မော့ကြည့်ပြီး ...

"သံပူပေး ကလေးမ"

ပေ့ဂျ်က အံကြိတ်ပြီး လျှပ်စစ်သံပူကိရိယာကို ကောက်ယူကာ အာရုံကြောများကို သံပူပေးသည်။ ဝမ်းဗိုက်အတွင်းရှိ သွေးများ လျော့နည်းသွားရန်ဖြစ်သည်။ ယခုအချိန်အထိ ခွဲစိတ်မှုမှာ အဆင်ချောလျက်ရှိသည်။

ပေ့ဂျ်က "ဘုရားသခင်ကျေးဇူးပါပဲ" ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။

"ရေမြှုပ်ပေး"

သူနာပြုဆရာမက ဒေါက်တာကိန်းအား ရေမြှုပ်ကမ်းပေးသည်။

"ဟုတ်ပြီ၊ နည်းနည်းစုပ်လိုက်ဦးမယ်"

ကျောက်ကပ်ပေါ်လာသည်အထိ ခွဲထုတ်သည်။ "အင်း ... ငနဲလေးတော့ ပေါ်လာပြီ၊ ထပ်စုပ်ဦး၊ ထပ်စုပ်ဦး" ကျောက်ကပ်ကို ညှပ်နှင့် ဆွဲမလိုက်သည်။ "ဟုတ်ပြီ၊ တို့ ဒါပြန်ချုပ်ရမယ်"

သည်လိုနှင့် ခွဲစိတ်မှု အဆင်ပြေနေသည်။ သို့သော်လည်း ပေ့ဂျ်ကတော့ တစ်ခုခုကို သံသယ ဖြစ်နေ၏။ သူက ကျောက်ကပ်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ရောဂါရှိသော ကျောက်ကပ်မဟုတ်ဘဲ ကျောက်ကပ်အကောင်း ဖြစ်နေသည်။ သူ အံ့အားကြီး သင့်သွားမိ၏။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကိန်းက ကျောက်ကပ်ကို ပြန်ချုပ်နေတုန်း ဓာတ်မှန်ရှိရာ အလင်းရောင်ပေးထားသည့် နံရံဆီသို့ ပြေးလာခဲ့သည်။ ဓာတ်မှန်ကို ခေတ္တကြည့်ပြီးနောက် သူ တိုးတိုးကလေး ရေရွတ်လိုက်မိ၏။

"အို ... ဘုရား ... ဘုရား"

*ဓာတ်မှန်ကို ပြောင်းပြန်တပ်ထားသည်။ ဒေါက်တာကိန်းက ကျောက်ကပ်ကို မှားထုတ်မိခဲ့ပြီကော။*

■

နောက် နာရီဝက်ခန့်ကြာတော့ ပေ့ဂျ်သည် ဆေးရုံအုပ်ကြီး ရုံးခန်းထဲ ရောက်နေပြီ။

"သူက ကျောက်ကပ်အကောင်းကို ထုတ်ပြီး ရောဂါရှိတဲ့ ကျောက်ကပ်ကို ချန်ထားခဲ့တယ် ဆရာ" သူ့အသံသည် တုန်နေသည်။ "သူ့ကို တရားစွဲသင့်တယ် ဆရာ"

ဆေးရုံအုပ်ကြီးက လေသံ အေးအေးဖြင့် ...

"ဒီကိစ္စဟာ သိပ်ပြီး ဝမ်းနည်းစရာကောင်းတယ်ဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ ဒါဟာ သူတမင်လုပ်တာ မဟုတ်ပါဘူး၊ မှားသွားတာပါ၊ အဲဒီတော့ ... "

"အို ... မှားသွားတာ ... ဟုတ်လား၊ ဒီအတိုင်းဆိုရင် ဒီလူနာဟာ တစ်သက်လုံး ကျောက်ကပ်ဆေးပေးနေရတော့မှာပေါ့၊ အဲဒီအတွက် ကုန်ကျစရိတ်ကို တာဝန်ရှိတဲ့လူက ကျခံသင့်တယ်"

"ဒီကိစ္စအတွက် မပူပါနဲ့၊ တို့ ပြန်ပြီးစစ်ဆေးကြည့်ပါဦးမယ်"

သူတို့ ဘာလုပ်မည်ဆိုတာကို ပေ့ဂျ် ကြိုသိထားပြီးဖြစ်သည်။ ဆရာဝန်ကြီးတွေ ကော်မတီဖွဲ့ပြီး ဆွေးနွေးကြမည်။ သို့သော် သူတို့၏ တံခါးပိတ်ဆွေးနွေးချက်ကို သူတို့မှတစ်ပါး မည်သူမျှ သိရမည်မဟုတ်။

"ဒီမှာ ... ဆရာကြီး"

"ငါပြောမယ် ပေ့ဂျ်၊ တို့တစ်တွေဟာ ဘောလုံးသမားနဲ့ တူတယ်၊ အသင်းလိုက် ညီညွတ်မှုမျိုးနဲ့ လုပ်နေတဲ့ သူတွေပါ၊ အဲဒီတော့ မင်းကလည်း အသင်းသားစိတ်ဓာတ်မျိုး ရှိသင့်တယ်"

"ဒါပေမဲ့ သူ့အနေနဲ့ ဒီဆေးရုံမှာ လုံးဝ မလုပ်သင့်ဘူးလို့ ကျွန်မ ထင်တယ်၊ အို ... တခြား ဘယ်ဆေးရုံမှာမှလည်း မလုပ်သင့်ပါဘူး"

"မင်းအနေနဲ့ ဖြစ်ရပ်တစ်ခုလုံးရဲ့ အလားအလာကို မြင်အောင်ကြည့်သင့်တယ်၊ သူ့ကို ထုတ်လိုက်ရင် သတင်းတွေ ပြန့်သွားပြီး တို့ဆေးရုံရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ်၊ ပြီးတော့ မှားယွင်းကုသမှုတွေအတွက် တရားစွဲဆိုမှုတွေ အများကြီး ပေါ်လာနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုဆို လူနာတွေကို လုံးဝ မငဲ့တော့ဘူးလား''

''မပူပါနဲ့၊ ဒေါက်တာကိန်းကို တို့ အနီးကပ် စောင့်ကြည့်နေပါ့မယ်'' သူက ရှေ့သို့ ကိုင်းရင်း ... ''မင်းကို ငါတစ်ခု အကြံပေးချင်တယ်၊ အကယ်၍ မင်းကိုယ်ပိုင်ဆေးခန်းဖွင့်ပြီး ဆေးကုစားတော့မယ်ဆိုရင် မင်းရဲ့လုပ်ရပ်အတွက် အခြား ဒေါက်တာတွေရဲ့ စိတ်စေတနာကောင်းထားရှိမှုကို လိုအပ်လိမ့်မယ်၊ အဲဒါ မရရင် မင်း ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူး၊ မင်းက ခုလို ခေါင်းမာမာနဲ့ ဘဝတူ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေကို ဆန့်ကျင်မယ်ဆိုရင် မင်းအနေနဲ့ ဘာထောက်ခံချက်မှ ရနိုင်မှာ မဟုတ်ဘူး၊ အဲဒါကတော့ ကျိန်းသေ ပဲ''

ပေ့ဂျ် ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ သံပြတ်နှင့် မေးလိုက်၏။

''ဒီလိုဆို ဆရာတို့က ဘာမှ မလုပ်တော့ဘူးပေါ့''

''မင်းကို ငါပြောပြီးပါပကော၊ တို့ပြန်ပြီး စစ်ဆေးကြည့်မယ် ... လို့''

''အဲဒီတော့ ... ဒါပဲလား''

''ဒါပဲလေ''

■

''ဒါ လုံးဝမတရားဘူး''

ပေ့ဂျ်က ဒေါသဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်မိသည်။

သူသည် ကက်နှင့် ဟန်နီတို့နှင့်အတူ စားသောက်ဆိုင်မှာ နေ့လယ်စာ စားနေသည်။

ကက်က ခေါင်းကို ခါယမ်းရင်း

''လူ့ဘဝဟာ တရားမျှတတယ်လို့လည်း ဘယ်သူမှ မပြောခဲ့ပါဘူး ... သူငယ်ချင်းရာ''

ပေ့ဂျ်က ရောဂါပိုးသတ် ကြွေပြားကာထားသော အခန်းကြီးကို မျက်လုံးဝေ့ကြည့်လိုက်ပြီးနောက် ...

''ဒီနေရာကြီးတစ်ခုလုံး စိတ်ပျက်စရာကြီးပဲ ... လူတိုင်း ရောဂါသည် ဖြစ်နေကြတယ်''

''ဒါကြောင့်မို့လို့လည်း ဒီနေရာကို ရောက်လာကြတာပေါ့'' ကက်က ဝင်ထောက်လိုက်သည်။

''ဒါနဲ့ ပါတီပွဲလေးတစ်ခု လုပ်ကြရင် မကောင်းဘူးလား'' ဟန်နီက အကြံပေးသည်။

''ဘာ ... ပါတီပွဲ ... ဟုတ်လား၊ မင်း ဘာစကားတွေ ပြောနေတာလဲ''

''သြော် ... ငါပြောချင်တာက ဒီလိုပါ၊ တို့ အစားအသောက်ကောင်းကောင်းမှာပြီး ပျော်ပွဲလေးတစ်ခု လုပ်ချင်လို့ပါ၊ အဲဒါဆိုရင် တို့အားလုံး အပြောင်းအလဲဖြစ်ပြီး ပျော်ကြရမယ် ထင်လို့ပါ''

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က ခဏ စဉ်းစားနေပြီးတော့မှ ...

"ဟုတ်တယ်၊ ဒီအကြံမဆိုးဘူး၊ တို့ လုပ်ကြရအောင်"

"ဒါဆို ငါကြည့်စီစဉ်လိုက်မယ်" ဟန်နီက တာဝန်ယူသည်၊ "မနက်ဖြန် ရောင်းလှည့်ပြီးတာနဲ့ လုပ်ကြမယ်"

■

အာသာကိန်းသည် စင်္ကြံလမ်းတွင် ပေ့ဂျ်နှင့် ဆုံသည်။ သူက အေးစက်စက် အသံနှင့်ပြောသည်။

"မင်း တော်တော်နောက်တဲ့ ကလေးမပဲ၊ တစ်ယောက်ယောက်က မင်းပါးစပ် ပိတ်းသွားအောင် သင်ခန်းစာပေးဖို့ ကောင်းတယ်"

သူ လှည့်ထွက်သွားသည်။

ပေ့ဂျ်က မယုံကြည်နိုင်စွာဖြင့် သူ့ကို လှမ်းကြည့် ကျန်ရစ်သည်။

*ဆေးရုံအုပ်ကြီးက သူ့ကို ပြောပြီးတာဖြစ်လိမ့်မယ်၊ ဒါတော့ သူ လုံးဝ မပြောသင့်ဘူး၊* "မင်းက ခုလို ခေါင်းမာတဲ့ ဘဝတူ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေကို ဆန့်ကျင်မယ်ဆိုရင်" *ဒါဆို ငါ နောက်ဆုတ်ရမလား၊ ဆုတ်ဘူး — လုံးဝ မဆုတ်ဘူး၊ ဆက်ကိုလုပ်မယ်။*

■

ပါတီပွဲသတင်းက တစ်မုဟုတ်ချင်း ပြန့်သွားသည်။ လက်ထောက်ဆရာဝန်လေးတွေအားလုံး တက်ရောက်ကြသည်၊ အစားအသောက်များကို နာမည်ကျော် "အာနီ" စားတော်ဆက်မှ မှာယူသည်။ ပါတီပွဲကို ညနေ ၅ နာရီတွင် ဆရာဝန်များ နားနေခန်း၌ ကျင်းပသည်။ ၄ နာရီခွဲတွင် အစားအသောက်များ ရောက်လာသည်၊ ကုန်းဆာ ရေခဲ ရှိသည်၊ တကယ့်ပွဲကြီး ပွဲကောင်း တစ်ခုဖြစ်၏။ ၅ နာရီ ၁၅ မိနစ်တွင်မှ ကက်၊ ပေ့ဂျ်နှင့် ဟန်နီတို့ ရောက်လာကြသည်၊ ထိုအချိန်တွင် လက်ထောက်ဆရာဝန်၊ အလုပ်သင်ဆရာဝန်တွေနှင့် သူနာပြုတွေ တရှုန်းရှုန်းနှင့် ထုတ်သောက် စားသောက် နေကြပြီ။

ပေ့ဂျ်က ဟန်နီ့ကို ပြောလိုက်သည်။

"မင်းစီစဉ်တာ သိပ်ကောင်းတာပဲ၊ တကယ့် ပွဲကြီး ပွဲကောင်းပဲ"

"ကျေးဇူးပါပဲ သူငယ်ချင်း"

ထိုအချိန်တွင် အသံချဲ့စက်မှ ခေါ်သံ ပေါ်ထွက်လာသည်။

the bookhouse we bring your ...
www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဖင်လေနှင့် ဒေါက်တာကတ်တလာတို့ အရေးပေါ်ခန်းကို မြန်မြန်သွားကြပါ"

ပုစွန်တုပ်ကြီးကို အားရပါးရ လွေးနေသော ဆရာဝန်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်မချလိုက်ကြသည်။ ထို့နောက် အခန်းထဲမှ ကမန်းကတန်း ထွက်သွားကြသည်။

တွမ်ချန်း ပေ့ဂျ်နား လျှောက်လာသည်။

"ဒီအစီအစဉ် သိပ်ကောင်းတယ်၊ အပတ်တိုင်း လုပ်သင့်တယ်"

"ဟုတ်တာပေါ့၊ ဒါမှ ... "

အသံချဲ့စက်မှ ကြားရပြန်သည်။

"ဒေါက်တာချန်း ... အခန်း (၃၁၇)၊ ဒေါက်တာချန်း ... အခန်း (၃၁၇)"

နောက်တစ်မိနစ်ခန့်ကြာပြန်တော့ ...

"ဒေါက်တာစမိုက် ... အရေးပေါ် (၂)၊ ဒေါက်တာစမိုက် ... အရေးပေါ် (၂)"

သည်လိုနှင့် အသံချဲ့စက်သံက ရပ်နားချိန်ပင်မရတော့ ... မိနစ် ၃၀ အတွင်း အခန်းထဲရှိ ဆရာဝန်တွေ၊ သူနာပြုတွေ အားလုံးလိုလို အရေးပေါ် ပြေးကုန်ကြပြီ၊ ဟန်နီကို ခေါ်သံကြားရသည်။ တစ်ဆက်တည်းမှာပင် ပေ့ဂျ်နှင့် ကက်တ်ကိုလည်း ဆက်ခေါ်သည်။

"ဘာတွေဖြစ်နေတယ်ဆိုတာ ငါတော့ မယုံနိုင်လောက်အောင်ပဲ၊ ကိုယ်စောင့်နတ်အကြောင်း လူတွေပြောနေကြတာ ကြားဖူးတယ်မဟုတ်လား၊ တို့သုံးယောက် ကိုယ်စောင့်နတ်မဟုတ်ဘဲ မိစ္ဆာနတ်ဆိုး အညို့ခံနေရပြီ ထင်ပါရဲ့"

သူ့စကားသည် တကယ်လည်း ကြိုတင်ဟောကိန်း ဖြစ်နေ၏။

■

နောက်တစ်နေ့ တနင်္လာနေ့ မနက်တွင် ပေ့ဂျ် အလုပ်နားခွင့်ရသည်။ အပြင်ထွက်မလို့ သူကားပေါ်တက်လိုက်တော့ တာယာနှစ်လုံး ပေါက်နေသည်။ လေ လုံးဝမရှိတော့ပေ။ သူအံ့အားကြီးသင့်ပြီး တာယာတွေကို ငေးကြည့်နေမိသည်။

*တစ်ယောက်ယောက်က မင်းပါးစပ်ပိတ်သွားအောင် သင်ခန်းစာပေးဖို့ ကောင်းတယ်။*

သူ တိုက်ခန်းပြန်ရောက်တော့ ကက်နှင့် ဟန်နီတို့ကို ပြောသည်။

"အသာကိန်းကို သတိထား၊ ဒီလူက သောက်ရူးပဲ"။ ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁၁-

တယ်လီဖုန်းခေါ်သံကြောင့် ကက် လန့်နိုးလာသည်။ မျက်လုံးကို မဖွင့်ဘဲ ဖုန်းကို လှမ်းယူပြီး နားထောင်လိုက်သည်။

"ဟဲလို ... "

"မမလား ... ကျွန်တော် မိုက်ပါ"

ကက် ထထိုင်သည်။ သူ့နှလုံးသား တဖျပ်ဖျပ်ခုန်နေသည်။ "မိုက် ... နင် အဆင်ပြေရဲ့လား" တစ်ဘက်မှ ရယ်သံကြားရသည်။

"ဘယ်တုန်းက အဆင်ပြေဖူးလို့လဲ မမရယ်၊ မမနဲ့ မမ သူငယ်ချင်းကို ကျွန်တော် ကျေးဇူးအရမ်းတင်တယ်"

"ငါ့သူငယ်ချင်းဟုတ်လား ... ဘယ်သူပါလိမ့်"

"မစ္စတာ ဒီနက်တိုလေ"

"ဘယ်သူ" သူအာရုံကို စူးလိုက်လိုက်သည်။ အိပ်ချင်မူးတူး ဖြစ်နေသည်။

"မစ္စတာ ဒီနက်တိုလေ၊ ကျွန်တော့်အသက်ကို သူကယ်လိုက်တာ မမရဲ့"

ကက်က ယခုအထိ သူ့မောင် ဘာပြောနေမှန်း လုံးဝ နားမလည်သေး။

"ဟော ... မိုက်"

"ကျွန်တော် ပိုက်ဆံပေးစရာရှိတဲ့ လူတွေအကြောင်း မမ

www.burmeseclassic.com

www.burmeseclassic.com



သိတယ်မဟုတ်လား။ အဲဒါ မစ္စတာဒီနက်တိုက စိုက်ပြီး ဆပ်ပေးတယ်၊ တကယ့်လူကြီးလူကောင်း စေတနာရှင်ကြီးပါပဲ မမရယ်''

ယခုမှ ကက်က မစ္စတာဒီနက်တိုကို မြင်ယောင်လာမိသည်။ သူ တပည့်ပြောခဲ့သော စကားကိုလည်း ကြားယောင်လာသည်။

*ဒီမှာ ဆရာမ၊ ခု ခင်ဗျားစကားပြောနေတဲ့လူ ဘယ်သူဆိုတာ မသိဘူးလား၊ သူပြောတဲ့အတိုင်းသာ လုပ်ပါ၊ ဒါ မစ္စတာ လူဒီနက်တို ဆိုတာပဲဗျ။*

မိုက်က ဖုန်းထဲမှ ဆက်ပြောနေသည်။

''မမဆီကို ကျွန်တော် ပိုက်ဆံနည်းနည်း ပြန်ပို့လိုက်မယ်၊ မမရဲ့ မိတ်ဆွေက ကျွန်တော့်ကို အလုပ်ရှာပေးတယ်၊ လခလည်း တော်တော်ကောင်းတယ်''

မမရဲ့ မိတ်ဆွေ… ကက် ပျာယီးပျာယာ ဖြစ်သွားသည်။ ''မိုက် … မမစကားကို နားထောင်ပါ၊ နှင် အဲဒီလူကို ကြပ်ကြပ်သတိထား''

တစ်ဘက်မှ ရယ်သံကြားရပြန်သည်။

''ကျွန်တော့်အတွက် မပူပါနဲ့၊ မမကို ကျွန်တော် ပြောပြီးသားပဲ၊ တစ်နေ့မှာ အားလုံးအဆင်ပြေလာမှာပါ၊ ဒါပဲနော် မမ''

''မိုက် … သတိထားပါ ငါ့မောင်၊ သတိထား''

တစ်ဘက်မှ ဖုန်းချသွားသည်။

ကက် လုံးဝ အိပ်မပျော်တော့။

*ဒီနက်တို… သူ မိုက် အကြောင်း ဘယ်လိုလုပ် သိသွားပါလိမ့်၊ သူ မိုက် ကို ဘာဖြစ်လို့ ကူညီတာပါလိမ့်။*

■

နောက်တစ်နေ့ညတွင် ဆေးရုံက ကက် ပြန်ထွက်လာတော့ အနက်ရောင် ဇိမ်ခံကားတစ်စီး ရပ်ထားတာ တွေ့ရသည်။ ရှဲဒိုးနှင့် ရီနိုးတို့နှစ်ယောက် ကားဘေးမှာ ရပ်နေကြသည်။

ကက်က သူတို့ကို ကျော်သွားမယ်လုပ်တော့ ရီနိုးက လှမ်းပြောသည်။

''ကားပေါ်တက်ပါ ဒေါက်တာ၊ မစ္စတာဒီနက်တိုက ခင်ဗျားကို တွေ့ချင်လို့တဲ့''

ကက်က ရီနိုး ကို ခဏစိုက်ကြည့်နေသည်။ သူ့ရုပ်က ကြောက်စရာကောင်းသည်။ သို့သော်လည်း ရှဲဒိုးက

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်ပို၍ ကြောက်ဖို့ကောင်းသည်။ ခပ်တည်တည်ကြည့်နေပုံကိုက ကြက်သီးထစရာကြီး။ တခြား အခြေအနေမျိုးဆိုလျှင် ကက်သည် ကားပေါ်ကို လုံးဝ တက်မည်မဟုတ်။ သို့သော်လည်း ယခုတော့ သူ့မောင် တယ်လီဖုန်းဆက်ထားတာကြောင့် သူ တစ်ခုခုကို စိုးရိမ်နေမိသည်။

သူ့ကို ကားပေါ်တင်ပြီး မြို့ပြင်မှ တိုက်ခန်းလေးတစ်ခုသို့ ခေါ်လာကြသည်။ ဒီနက်တိုက အဆင်သင့် စောင့်နေသည်။

"ခုလို လိုက်လာတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျုပ် ဝမ်းလည်းသာပါတယ်၊ ကိစ္စက ဒီလိုပါ၊ ကျုပ် မိတ်ဆွေတစ်ယောက် မတော်တဆ အန္တရာယ်ကြုံနေရလို့ အဲဒါ ဒေါက်တာ ကျေးဇူးပြုပြီး ကြည့်ပေးပါ"

"ဒါနဲ့ ရှင်က မိုက်နဲ့ ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး၊ သူ့အခက်အခဲလေးတစ်ခု တွေ့နေတယ်လို့ ကျုပ်ကြားရတယ်၊ ဒါနဲ့ ကျုပ်ကူညီလိုက်တာပါ"

"ရှင် သူ့ကို ... သူ့ကို ဘယ်လိုလုပ် တွေ့တာလဲ၊ ကျွန်မပြောချင်တာက မိုက်ဟာ ကျွန်မ မောင်လေးပါ၊ ပြီးတော့ ... "

ဒီနက်တိုက ပြုံးလိုက်ပြီး ...

"ကျုပ်လုပ်ငန်းမှာ အားလုံး မိတ်ဆွေတွေချည်းပါပဲ၊ ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် ကူညီတယ်၊ မိုက်က လူမိုက်ကလေးတချို့နဲ့ သွားရောမိတာကိုး၊ အဲဒါကြောင့် ကျုပ် ကူညီလိုက်ရတာ၊ ခင်ဗျား ကျေးဇူးတင်ဖို့ ကောင်းတယ်"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်မ ကျေးဇူးတင်ပါတယ်"

"ကောင်းတယ်၊ ဟိုစကားပုံကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား 'လက်တစ်ဘက်က တခြားလက်တစ်ဘက်ကို ဆေးသည်' ဆိုတာလေ"

ကက်က ခေါင်းကို ခါယမ်းရင်း ...

"ကျွန်မကတော့ တရားမဝင်တဲ့အလုပ်ဆို ဘာမှမလုပ်ဘူး"

"တရားမဝင်တဲ့အလုပ် ... ဟုတ်လား" သူ တော်တော်နာသွားပုံရသည်။ "ကျုပ်က ခင်ဗျားကို အဲဒီလို လုပ်ဖို့ ပြောနေတာ မဟုတ်ဘူး၊ ခု ကျုပ်မိတ်ဆွေက မတော်တဆ အန္တရာယ်လေးတစ်ခုဖြစ်တာ ... သူက ဆေးရုံကို ကြောက်တယ်၊ အဲဒါ ခင်ဗျား ကြည့်ပေးမှာလား"

"ကောင်းပါပြီ"

"သူ အိပ်ခန်းထဲမှာ ရှိတယ်"

ဒီနက်တို၏ မိတ်ဆွေသည် ပြင်းပြင်းထန်ထန် အရိုက်ခံထားရသည်။ သူ ခုတင်ပေါ်တွင် သတိမေ့နေသည်။

"သူ ဘာဖြစ်တာလဲ"

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒီနက်တိုက ကက် ကို မော့ကြည့်ပြီး ...

"သူ လှေကားပေါ်က လိမ့်ကျတာ"

"သူ့ကို ဆေးရုံတင်ရလိမ့်မယ်"

"ကျုပ်ပြောပြီးပြီပဲ၊ သူ ဆေးရုံမတက်ချင်ဘူး၊ ခင်ဗျားလိုချင်ရင် ဆေးရုံပစ္စည်း အပြည့်အစုံ ကျုပ်ရှာပေးမယ်၊ ကျုပ်မိတ်ဆွေတွေကို အမြဲတမ်း ကြည့်ပေးနေတဲ့ ဆရာဝန်တစ်ယောက်ရှိတယ်၊ လောလောဆယ် သူလည်း မတော်တဆ အန္တရာယ်ကြုံနေရလို့"

ကြားရသည့်စကားကြောင့် ကက် ကျောစိမ့်သွားမိ၏။ ဖြစ်နိုင်လျှင် အိမ်သို့သာ တန်းပြေးသွားချင်တော့သည်။ ဒီနက်တို၏ နာမည်ကို နောက်ထပ် လုံးဝ မကြားချင်တော့။ သို့သော်လည်း လူ့ဘဝမှာ ကိုယ်လုပ်ချင်တာ လွတ်လွတ်လပ်လပ် လုပ်နိုင်ဖို့ အခက်သားကလား။ အယူရှိရင် အပေးရှိရမယ်၊ ကက်သည် အပေါ်အင်္ကျီကိုချွတ်ပြီး လုပ်ငန်းစတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁၂-

ပေ့ဂျ်သည် စတုတ္ထနှစ်အစပိုင်း ရောက်ချိန်တွင် ခွဲစိတ်မှုပေါင်းရာပေါင်းများစွာကို ပါဝင်ကူညီခဲ့ဖူးပြီ။ ယင်းတို့သည် သူ့အဖို့ ဒုတိယသဘာဝလို ဖြစ်နေသည်။ သူသည် သည်းခြေအိတ်၊ သရက်ရွက်၊ အသည်း၊ အူအတက် စသည့် ခွဲစိတ်မှုများနှင့် ကောင်းကောင်းယဉ်ပါးနေပြီ။ အထူးသဖြင့် သူစိတ်လှုပ်ရှားရဆုံးကတော့ နှလုံးခွဲစိတ်မှုပင်ဖြစ်၏။ သို့သော်လည်း သူကိုယ်တိုင် ခွဲစိတ်ခြင်း မလုပ်ရသောကြောင့် တော်တော်စိတ်ပျက်မိသည်။ ဆေးရုံသို့ ဝင်ရောက်စကဆေးရုံအုပ်ကြီးပြောခဲ့သည့် "တစ်ယောက်ကို စောင့်ရှောက်ပါ၊ တစ်ခုကိုလုပ်ပါ၊ တစ်ယောက်ကို သင်ပြပါ" ဟူသော စကားကို သတိရမိ၏။

ခွဲစိတ်ဌာနမှူး ဂျော့အင်္ဂလန်က သူ့ကို ခေါ်တွေ့သောအခါမှ ထိုစကား၏ အဖြေ ပေါ်လာသည်။

"မနက်ဖြန်မနက် ၇ နာရီမှာ ခွဲစိတ်ခန်း (၃) မှာ အူကျလူနာ ခွဲစရာရှိတယ်"

ပေ့ဂျ်က လိုက်မှတ်သည်။

"ဒါနဲ့ ဘယ်သူခွဲမှာလဲ ဆရာ"

"မင်းခွဲရမှာပေါ့"

"ဟုတ်... ဟုတ်ကဲ့" သူ ဆက်ပြော၍ မရတော့။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြဿနာရှိသလဲ"

ပေ့ဂျ်၏ အပြုံး တစ်ခန်းလုံး လင်းသွား၏။

"မ ... မရှိပါဘူး ဆရာ၊ ကျွန် ... ကျွန်မ ကျေးဇူးတင်ပါတယ် ဆရာ"

"မင်းက အဲဒီအလုပ်အတွက် အသင့်ဖြစ်နေပြီ၊ မင်းနဲ့ ခွဲရတာ လူနာ ကံကောင်းတာပဲ၊ သူ့နာမည် ဝေါလ်တာ ဟားဇော့၊ အခန်း ၃၁၄"

"ဟုတ်ကဲ့ ဆရာ၊ ဟားဇော့၊ အခန်း ၃၁၄"

ထို့နောက် ပေ့ဂျ် ပြန်ထွက်လာခဲ့သည်။

■

ပေ့ဂျ်သည် တစ်ခါမှ ယခုလောက် စိတ်မလှုပ်ရှားစဖူး။

*ငါ့ရဲ့ ပထမဆုံးအကြိမ် ခွဲစိတ်မှုကို လုပ်ရတော့မယ်၊ လူသားတစ်ယောက်ရဲ့ အသက် ငါ့လက်ထဲ ရောက်လာတော့မယ်၊ ငါ မကျွမ်းကျင်ခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ငါ အမှားလုပ်မိရင် ဘယ်လိုလုပ်မလဲ၊ အားလုံး တလွဲတချော်ဖြစ်ကုန်နိုင်တယ်၊ ဒါဟာ မာဖီရဲ့ ဥပဒေသပဲ။*

သူသည် ကိုယ့်အတွေးနှင့်ကိုယ် ပူပန်ရင်း ဆောက်တည်ရာမရ ဖြစ်လာ၏။

သို့ဖြင့် စားသောက်ဆိုင်သို့ လာခဲ့သည်။ ကော်ဖီကြမ်းတစ်ခွက် မှာလိုက်သည်။

*အားလုံး အဆင်ပြေမှာပါ။ အကျွလူနာ ခွဲစိတ်မှုတွေ အများကြီးမှာ ငါ ကူညီခဲ့ဖူးတာပဲ၊ ဘာမှ ခက်ခဲစရာမရှိပါဘူး၊ ငါနဲ့ကျတာ လူနာကံကောင်းပါတယ်။*

ကော်ဖီတစ်ခွက် သောက်ပြီးသွားချိန်မှာတော့ သူသည် သူ၏ ပထမဆုံး ခွဲစိတ်မှုအတွက် လုံလောက်သည့် တည်ငြိမ်မှုကို ရနေပြီဖြစ်၏။

ဝေါလတာ ဟားဇော့သည် အသက် ၆၀ ကျော်ပြီ။ ပိန်ပိန်ပါးပါးနှင့် ထိပ်ပြောင်သည်။ ပေ့ဂျ်က ပန်းစည်းကိုင်၍ အခန်းထဲဝင်လာသောအခါ သူက ပေါင်ခြံထဲ လက်သွင်းပြီး ခုတင်ပေါ်တွင် လှဲအိပ်နေ၏။ သူက ပေ့ဂျ်ကို ကြည့်ပြီး...

"ဘာပြောတယ်"

"ဘာမှ မပူပါနဲ့၊ အဘက ဆရာဝန်ကောင်းနဲ့ တွေ့ပြီပဲ"

ပေ့ဂျ်က လူနာမှတ်တမ်းကို ယူကြည့်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေရေးထားလဲ" လူနာက စိုးရိမ်တကြီး မေးသည်။ *သူက ငါ့ကို ဘာလို့ ဖန်းစည်းပေးရတာလဲ။*

"အခြေအနေ ကောင်းတယ်လို့ ရေးထားတယ်"

"ဒေါက်တာက တကယ်ခွဲစိတ်မှာလား"

"ဒါပေါ့"

"ဒေါက်တာက သိပ်ပြီး ငယ်သေးတယ်၊ သိပ်ပြီး ငယ်သေးတယ်"

ပေ့ဂျ်က သူ့လက်ကို အသာပုတ်လိုက်ပြီး ...

"ကျွန်မကြောင့် လူနာတစ်ယောက်မှ မဆုံးဖူးသေးပါဘူး" သူက ဘေးဘီ လှည့်ကြည့်လိုက်ပြီး "အဘ နေရတာ အဆင်ပြေရဲ့လား၊ ဖတ်စရာ တစ်ခုခု ယူမလား၊ စာအုပ်ဖြစ်ဖြစ်၊ မဂ္ဂဇင်းဖြစ်ဖြစ်ပေါ့"

"နေပါစေ၊ မယူပါဘူး၊ ကျုပ် အဆင်ပြေပါတယ်" *သူက ငါ့အပေါ် ဘာလို့ ဒီလောက်ကောင်းနေရတာလဲ၊ သူ ပြောချင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုများ ရှိလို့လား။*

"ဒါဆိုလည်း ကောင်းပါပြီ၊ မနက်ကျတော့မှ ကျွန်မ လာကြည့်ဦးမယ်"

ပေ့ဂျ်က စာရွက်တွင် တစ်စုံတစ်ရာ ကောက်ရေးပြီး ကမ်းပေးသည်။

"ဒါ ကျွန်မအိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ပါ၊ ညပိုင်းမှာ လိုအပ်ရင် ကျွန်မဆီ ဖုန်းဆက်ပါ"

ပေ့ဂျ် ပြန်ထွက်သွားသောအခါ ဝေါလတာဟားဗေ့သည် အကြီးအကျယ် စိတ်လှုပ်ရှား ကျန်ရစ်၏။

■

နောက် မိနစ်အနည်းငယ်အကြာတွင် နားနေခန်း၌ ဂျင်မီနှင့် ပေ့ဂျ်တို့ ဆုံကြသည်။ ဂျင်မီက အားရပါးရပြုံးပြီး ပြောသည်။

"ဂုဏ်ယူပါတယ် ပေ့ဂျ်၊ ခင်ဗျား ခွဲစိတ်တာဝန်ပေးခံရတယ်လို့ သိရတယ်"

*သတင်းပြန့်တာက မြန်လှချည်လား၊* "ဟုတ်ပါတယ်"

"အဲဒီလူနာတော့ ကံကောင်းတာပဲ" ဂျင်မီကပြောသည်။ "ကျွန်တော် တစ်ခုခုဖြစ်ရင်လည်း ခင်ဗျားကိုပဲ ခွဲစိတ်ခိုင်းရမှာပဲ"

"ကျေးဇူးတင်ပါတယ် ဂျင်မီ"

ထို့နောက် ဂျင်မီက သူ့ဝသီအတိုင်း ရယ်စရာ ပြောသည်။

"ခြေဆစ်နာတဲ့ လူတစ်ယောက်အကြောင်း ကြားဖူးသလား၊ သူက ဆရာဝန်ဆီသွားပြဖို့ ပိုက်ဆံ သိပ်နှမြောနေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါနဲ့ တစ်နေ့မှာ သူ့လိုပဲ ဖြစ်နေတဲ့ မိတ်ဆွေတစ်ယောက်နဲ့တွေ့တော့ 'ခင်ဗျား ဆရာဝန်ဆီ မြန်မြန်သွားပြပါ၊ ပြီးတော့ သူပြောတာကို ကျွန်တော့်ကို အတိအကျ ပြန်ပြောပြပါ' လို့ ပြောတယ်။

"နောက်တစ်နေ့ကျတော့ သူ့မိတ်ဆွေ သေဆုံးကြောင်း သိရတယ်၊ သူက ဆေးရုံပြေးသွားပြီး ဒေါ်လာငါးထောင်တန် ဆေးစစ်ခံတယ်၊ ဒါပေမဲ့ ဘာရောဂါမှ မတွေ့ရဘူး၊ ဒါနဲ့ သူ့မိတ်တွေရဲ့ ဇနီးဆီ ဖုန်းလှမ်းဆက်တယ်။ "ခင်ဗျားယောက်ျား မဆုံးခင် တော်တော်ခံစားသွားရသလား" လို့ မေးကြည့်တယ်၊ ဒီတော့ ဟိုမိန်းမက ပြန်ပြောတာက "ဘာမှ မခံစားရပါဘူး၊ သူ့ကို ကားကြီးဝင်တိုက်တာတောင် သူ့ခမျာ မြင်မသွားရရှာပါဘူး" တဲ့။

ထို့နောက် ဂျင်မီ ပြန်ထွက်သွား၏။

■

ပေ့ဂျ်သည် ညနေစာ စားရန်ပင် သတိမရလောက်အောင် စိတ်လှုပ်ရှားနေ၏။ သူသည် တစ်ညနေလုံး ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများ ယှက်နွယ်ဖွဲ့စည်းပုံကို လေ့လာရင်း အလုပ်များနေသည်။ *ငါ ဒီည အိပ်ရေးဝအောင် အိပ်ရမယ်၊ ဒါမှ မနက်မှာ လန်းလန်းဆန်းဆန်းရှိမယ်။*

သူ တစ်ညလုံး အိပ်မပျော်၊ စိတ်ကူးဖြင့် ထပ်ကာထပ်ကာ ခွဲစိတ် လေ့ကျင့်နေ၏။

အူကျရောဂါ သုံးမျိုးရှိသည်။ ပထမတစ်မျိုးက အူကို နေရာတကျ ပြန်ထားနိုင်သည့် အူကျရောဂါ၊ ဒုတိယအမျိုးက နေရာတကျ ပြန် မထားနိုင်သည့် အူကျရောဂါနှင့် တတိယအမျိုးက အူညပ်နေသည့် အူကျရောဂါဖြစ်သည်။ တတိယ တစ်မျိုးသည် သွေးဖြတ်မစီးဘဲ ပိတ်ဆို့နေသောကြောင့် အူကို ပျက်စီးစေနိုင်၏။ ယခု ဝေါလတာဟာဇေ့၏ ရောဂါမှာ ပထမအမျိုးအစား ဖြစ်သည်။

■

နံနက် ၆ နာရီတွင် ဆေးရုံကားရပ်ကွက်လပ်သို့ ပေ့ဂျ် မောင်းဝင်လာသည်။ အနီရောင် "ဖာရာရီ" ကားသစ် တစ်စီးကို သူ့ကားနေရာဘေးတွင် ရပ်ထား၏။ ဘယ်သူပိုင်တဲ့ ကားပါလိမ့် ဟု ပေ့ဂျ် အမှတ်မထင် တွေးမိသည်။ ဘယ်သူပဲပိုင်ပိုင် ထိုသူသည် သူဌေးတစ်ယောက်ဖြစ်သည်ကတော့ သေချာ၏။

■

နံနက် ၇ နာရီတွင် ပေ့ဂျ် သည် ဝေါလတာဟားဇေ့အား အပြာရောင်ဆေးရုံဝတ်စုံ လဲပေးသည်။ သူ့ကို ခွဲစိတ်ခန်းသို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွန်းခေါ်သွားမည့် လက်တွန်းခုတင်ကို စောင့်ဆိုင်းနေတုန်း နေသာထိုင်သာရှိစေရန် စိတ်ငြိမ်ဆေး ပေးထားသည်။

"ဒါ ကျုပ် ပထမဆုံး ခွဲစိတ်ခံတာပဲ" ဝေါလတာ ဟာဇော့ က ပြောသည်။

*ကျွန်မလည်း အတူတူပါပဲ* ဟု ပေ့ဂျ် က တွေးလိုက်၏။

တွန်းခုတင်ရောက်လာသည်။ ဝေါလတာ ဟာဇော့အား ခွဲစိတ်ခန်း (၃) သို့ ခေါ်လာကြသည်။ ပေ့ဂျ်က သူ့ဘေးမှ ကပ်၍ စကြံတစ်လျှောက် လမ်းလျှောက်လိုက်ပါလာသည်။ သူ့နှလုံး တဒုန်းဒုန်း ခုန်နေသည်။ နှလုံးခုန်သံကြားရသမျှကို အလွန်ကြောက်နေသည်။

■

ခွဲစိတ်ခန်း (၃) သည် နှလုံးဆေးစက်၊ နှလုံး၊ အဆုတ်စက်နှင့် ခွဲစိတ်ခန်းသုံး အခြားစက်ကိရိယာမျိုးစုံရှိသော အခန်းကျယ်ကြီး ဖြစ်သည်။ အခန်းထဲသို့ ပေ့ဂျ် ဝင်လာသောအခါ အခြားတာဝန်ကျ ဝန်ထမ်းများက ပစ္စည်းကိရိယာများကို အသင့်ပြင်ဆင်လျက် ရှိနေကြပြီ။ တာဝန်ခံ ဆရာဝန်တစ်ယောက်၊ မေ့ဆေးဆရာဝန်တစ်ယောက်၊ လက်ထောက်ဆရာဝန် နှစ်ယောက်၊ သန့်ရှင်းရေး သူနာပြုတစ်ယောက်နှင့်အတူ ဆရာမနှစ်ယောက် ပါဝင်သည်။

အခြားဝန်ထမ်းများက ပေ့ဂျ်၏ လှုပ်ရှားမှုကို အကဲခတ်စောင့်ကြည့်နေကြသည်။ သူ၏ ပထမဆုံး ခွဲစိတ်ကုသမှုကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကို စိတ်ဝင်တစား အာရုံစိုက်နေကြသည်။

ခွဲစိတ်စားပွဲသို့ ပေ့ဂျ် လျှောက်လာသည်။ ဝေါလတာဟာဇော့၏ ပေါင်ခြံကို မန်းဆေးလိမ်းပေးသည်။ ခွဲစိတ်မည့် နေရာတစ်ဝိုက်ကို ပိုးသတ်ဆေးစိမ် အဝတ်စဖြင့် ဖုံးအုပ်သည်။

ဟာဇော့က ပေ့ဂျ်ကို မော့ကြည့်ပြီး အိပ်ချင်မူးတူးဖြင့် ...

"ကျုပ်ကို သေအောင်တော့ မလုပ်လိုက်ပါနဲ့ ဒေါက်တာရယ်"

ပေ့ဂျ်က ပြုံးပြီး ...

"ဘယ့်နှယ် ... ကျွန်မ နာမည်ပျက်ခံနိုင်ပါ့မလဲ"

ထို့နောက် မေ့ဆေး ဆရာဝန်က ခါးအောက်ပိုင်းကို ထုံဆေး ထိုးသည်။ ပေ့ဂျ်က သက်မတစ်ချက်ချပြီး ခေါင်းညိတ်သည်။

ခွဲစိတ်မှု စတင်ပြီ။

"ဓား"

ပေ့ဂျ်က အရေပြားကို ပထမဆုံး စခွဲမလို့ လုပ်တော့ အကူသူနာပြု ဆရာမက တစ်စုံတစ်ရာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ"

"သီချင်းဖွင့်မလားလို့ ပြောတာပါ"

သူ ပထမဆုံးအကြိမ် အမေးခံရသော မေးခွန်းဖြစ်၏။

သူက ပြုံးလျက် ...

"ဂျင်မီဘူးဖေးသီချင်း ဖွင့်ပါ"

ပေ့ဂျ် စတင်ခွဲစိတ်သည့်အချိန်တွင် ဂနာမငြိမ် စိတ်လှုပ်ရှားမှုတွေ အားလုံးပျောက်ပြယ်သွားကြသည်။ သူ လုပ်နေကျ အလုပ်လို ဖြစ်သွားသည်။ သူသည် ပထမအဆီလွှာနှင့် ကြွက်သားများကို အူကျွံနေသည့် နေရာအထိ ခွဲစိတ် သည်။ တစ်ချိန်လုံးတွင် ကြားနေကျ အသံများက တစ်ခန်းလုံးကို ပဲ့တင်ရိုက်ခတ်နေသည်။

"ရေမြှုပ်"

"သံပူ"

"ဒီမှာ"

"အချိန်မီခွဲစိတ်ရလို့ မဆိုးဘူး"

"ညှပ်"

"ခဏစုပ်လိုက်ပါ"

ပေ့ဂျ်သည် သူ့အလုပ်တွင် နစ်မြုပ်နေသည်။ အူကျအိတ်ကိုရှာ ... ဖြေ၊ ဗိုက်ခေါင်းထဲ ပြန်ထည့်၊ အိတ်အောက်ပိုင်း ချည်၊ ကျန်တာတွေ ဖြတ်ထုတ်၊ ပေါင်ခြံ ပြန်ချုပ်။

တစ်နာရီနှင့် မိနစ်နှစ်ဆယ်အတွင်း ခွဲစိတ်မှု ပြီးစီးသွားသည်။ ပေ့ဂျ်တော်တော် မောပန်းသွားသည်။ သို့သော်လည်း အရမ်းဝမ်းသာနေ၏။

အပြီးသတ် ပြန်ချုပ်ပြီးသွားသည့်အခါ သန့်ရှင်းရေး ဆရာမက ...

"ဒေါက်တာ"

"ဘာပါလိမ့်"

ဆရာမက ပြုံးလျက် ...

"လက်ရာက သိပ်လှတာပဲ ဒေါက်တာ"

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ဖြစ်သည်။ ဆရာဝန်သုံးယောက်စလုံး နားခွင့်ရသည်။

"ဒီနေ့ တို့ဘာလုပ်ကြမလဲ" ကက်က မေးသည်။

"သစ်တောဥယျာဉ်ကို ပျော်ပွဲစားထွက်ရင် မကောင်းဘူးလား" ပေ့ဂျ်က အကြံပြုသည်။ "အဲဒီမှာ နေ့လယ်စာ စားကြမယ်လေ"

"အခုပဲ သွားကြစို့" ဟန်နီက တိုက်တွန်းသည်။

တယ်လီဖုန်းသံ ပေါ်ထွက်လာ၏။ သုံးယောက်သား တယ်လီဖုန်းကို ကြောင်ကြောင်ကြီး ငေးကြည့်နေမိကြသည်။

"ဒုက္ခပါပဲ" ကက်က ပြောသည်။ "ဖုန်းကို သွားမကိုင်နဲ့၊ ဒါ တို့ အားလပ်တဲ့ရက်"

"တကယ်တော့ တို့မှာ ရက်အားဆိုတာ ရှိလို့လား" ပေ့ဂျ်က ပြောသည်။

ကက်က ထသွားပြီး ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဒေါက်တာ ဟန်တာပါ" သူက ဖုန်းကို ပေ့ဂျ်ဆီ ကမ်းပေးသည်။

"ဟုတ်ကဲ့ ... ဒေါက်တာတေလာပါ၊ ဟဲလို ... ဩော် ... တွမ်လား၊ ဘာ ... မဖြစ်ဘူး၊ အခု ကျွန်မတို့ အပြင် သွားတော့မလို့ ... ဩော် ... ဟုတ်လား၊ ကောင်းပြီလေ၊ ကျွန်မ ၁၅ မိနစ်အတွင်း ရောက်လာမယ်" သူက ဖုန်းကို ပြန်ချလိုက်သည်။

"ဘာလဲ၊ သတင်းဆိုးလား" ဟန်နီက မေးလိုက်၏။

"ဟုတ်တယ်၊ လူနာတစ်ယောက် သေတော့မလို့တဲ့၊ ကဲ ... ငါသွားမယ်၊ ဒီည ညစာပြန်စားနိုင်အောင် ကြိုးစားမယ်"

ပေ့ဂျ်သည် ဆရာဝန်များ ကားရပ်ကွက်လပ်တွင် ကားကို ထိုးရပ်လိုက်သည်။ ယခင် အနီရောင် "ဖာရာရီ" စိမ်ခံကားလေးက အလျှင်ရောက်နေပြီ။

*ဒီကားမျိုး စီးနိုင်လောက်အောင် ခွဲစိတ်မှုတွေ ဘယ်လောက်များ လုပ်ခဲ့သလဲ မသိဘူး။*

ဆယ်မိနစ်ခန့်အကြာတွင် ဧည့်သည်ခန်းသို့ ပေ့ဂျ် ဝင်လာသည်။ အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက် ကုလားထိုင်တွင် ထိုင်ကာ ပြတင်းပေါက် အပြင်ဘက်သို့ ငေးကြည့်နေ၏။

"မစ္စတာ နယ်ပူတန်ပါလား"

"ဟုတ်ပါတယ်" သူ ထရပ်လိုက်သည်။

"ကျွန်မ ဒေါက်တာတေလာပါ၊ ရှင့်သားကလေးကို ကျွန်မ အခုပဲ ကြည့်မလို့ လာတာပါ၊ သူက ဗိုက်သိမ်ပြီး နာနေပါတယ်"

"ဟုတ်ပါတယ်၊ သူ့ကို အိမ်ပြန်ခေါ်သွားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်သွားလို့ မဖြစ်ပါဘူး၊ ပီတာလေးက သရက်ရွက်ပေါက်ပြနေတယ်၊ ချက်ချင်းသွေးသွင်းပြီး ခွဲစိတ်ရမှာ၊ မဟုတ်ရင် သေသွားလိမ့်မယ်"

မစ္စတာ နယူတန်က ခေါင်းကိုခါယမ်းလျက် ...

"ကျွန်တော်တို့ဟာ ဂျေဟိုဗာဘုရားသခင်ရဲ့ သက်သေတွေပါ၊ ဘုရားသခင်က သူ့ကို သေခွင့်မပြုပါဘူး၊ သူ့ကို တခြားလူရဲ့သွေးလည်း မသွင်းရဘူး၊ သူ့ကို ကျွန်တော့်မိန်းမက ဒီကိုခေါ်လာတာ၊ အဲဒီအတွက် ဒဏ်ခတ်ခံရမှာပါ"

"ဒီမှာ မစ္စတာနယူတန်၊ အခြေအနေ ဘယ်လောက်ဆိုးတယ်ဆိုတာ ရှင်သိတယ်လို့ ကျွန်မ မထင်ဘူး၊ မြန်မြန် မခွဲရင် ရှင့်သားလေး မြန်မြန်သေလိမ့်မယ်"

မစ္စတာ နယူတန်က ပြုံးလျက် ...

"ဒေါက်တာက ဘုရားသခင်ရဲ့ နည်းလမ်းတော်တွေကို မသိသေးဘူးထင်တယ်"

ပေ့ဂျ် စိတ်ဆိုးသွားပြီး ...

"ကျွန်မ ဘုရားသခင်အကြောင်း သိချင်မှ သိမယ်၊ ဒါပေမဲ့ သရက်ရွက်ပေါက်ပြနေတာကိုတော့ အများကြီး သိတယ်" သူက စာရွက်တစ်ရွက် ကောက်ယူပြီး "ခွဲစိတ်တာက မကြာပါဘူး၊ အဲဒီတော့ စာရွက်မှာ သဘောတူကြောင်း လက်မှတ်ထိုးပေးပါ"

"မထိုးဘူးဆိုရင်"

"ဘာဖြစ်လို့လဲ၊ အဲဒါဆိုရင် ကျွန်မတို့ မခွဲစိတ်နိုင်ဘူး"

မစ္စတာနယူတန်က ခေါင်းညိတ်လိုက်ပြီး ...

"ဒေါက်တာရဲ့အစွမ်းက ဘုရားသခင်ရဲ့ အစွမ်းထက် ပိုထက်သလား"

"ရှင် လက်မှတ်မထိုးဘူးလား"

"မထိုးဘူး၊ ခင်ဗျားတို့ထက် အစွမ်းထက်တဲ့ ဘုရားသခင်က ကျွန်တော့်သားလေးကို ကယ်တင်လိမ့်မယ်၊ စောင့်သာကြည့်နေပါ"

ပေ့ဂျ်သည် လူနာဆောင်သို့ လျှောက်လာခဲ့သည်။ ခြောက်နှစ်သားအရွယ် ပီတာကလေးသည် ခုတင်ပေါ်တွင် လုံးဝ မေ့မြောနေ၏။

"မရတော့ဘူးထင်တယ်" ဒေါက်တာချန်းက ပြောသည်။ "သွေးသိပ်လွန်နေတယ်၊ ခင်ဗျား ဘာလုပ်ချင်သလဲ"

ပေ့ဂျ် ဆုံးဖြတ်ချက် ချလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ခွဲစိတ်ခန်း (၁) ကို ချက်ချင်းပို့ပါ"

ဒေါက်တာချန်း အံ့အားသင့်သွားသည်။

"သူ့အဖေ စိတ်ပြောင်းသွားပြီလား"

ပေ့ဂျ်က ခေါင်းညိတ်ပြီး ...

"ဟုတ်တယ်၊ သူ စိတ်ပြောင်းသွားပြီ၊ ကဲ ... စကြရအောင်"

"ခင်ဗျား သိပ်တော်တယ်၊ ကျွန်တော် တစ်နာရီလောက် စည်းရုံးတာ လုံးဝအလျှော့မပေးဘူး၊ သူက ပြောတယ်၊ ဘုရားသခင်စောင့်ရှောက်လိမ့်မယ်တဲ့"

"ဟုတ်တယ်၊ ဘုရားသခင် စောင့်ရှောက်ပါစေ"

■

နှစ်နာရီကြာ သွေးလေးပုလင်းသွင်းပြီးနောက် ခွဲစိတ်မှု အောင်မြင်စွာ ပြီးစီးသွား၏။ ကလေးငယ်၏ အဓိက လက္ခဏာအားလုံး ကောင်းမွန်သန်စွမ်းနေသည်။

ပေ့ဂျ်က ကလေး၏ နဖူးပြင်ကို အသာအယာ ပွတ်သပ်ရင်း ...

"သူ ကောင်းသွားမှာပါ"

အကူလုပ်သားတစ်ယောက် ခွဲစိတ်ခန်းထဲ ပြေးဝင်လာသည်။

"ဒေါက်တာတေလာရှိပါသလား၊ ဆေးရုံအုပ်ကြီးက ချက်ချင်းတွေ့ချင်လို့တဲ့"

■

ဆေးရုံအုပ်ကြီး ဒေါက်တာ ဘင်ဂျမင်ဝါလေ့သည် အလွန်စိတ်ဆိုးနေ၏။ အသံပင် ပုံမှန်မဟုတ်ဘဲ အက်ကွဲနေ၏။

"အခုလို ရိုင်းစိုင်းတဲ့အလုပ်ကို မင်းဘာကြောင့် အတင်းအကျပ်လုပ်ရတာလဲ၊ ဒါ ဥပဒေကို ချိုးဖောက်တာပဲ"

"ကလေးအသက်ကို ကျွန်မ ကယ်လိုက်တာပါ"

ဆေးရုံအုပ်ကြီးက သက်မချလိုက်ပြီး ...

"မခွဲစိတ်ခင် မင်း တရားရုံးအမိန့် ယူသင့်တယ်"

"အချိန်မရှိတော့ဘူး၊ နောက်ဆယ်မိနစ်ဆိုရင် ကလေးသေတော့မယ်၊ ဘုရားသခင်က တစ်နေရာမှာ အလုပ်များနေပါတယ်"

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအုပ်ကြီးသည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။
"အဲဒီတော့ အခု တို့ ဘာလုပ်ကြမလဲ"
"တရားရုံးအမိန့် ယူရမှာပေါ့"
"ဘာဖြစ်လို့လဲ၊ မင်းက ခွဲစိတ်ပြီးနေပြီ"
"တရားရုံးအမိန့်ကို ကျွန်မ တစ်နေ့ နောက်ဆုတ်ပြောင်းလိုက်မယ်၊ ဘယ်သူမှ မသိပါဘူး"
ဆေးရုံအုပ်ကြီးက ပေ့ဂျ်ကို စေ့စေ့ကြည့်လိုက်သည်။ သူ အသက်ရှူပြင်းလာသည်။
"ဘုရား ... ဘုရား" မျက်ခုံးကို ပွတ်သပ်ရင်း "ဒါဆို ငါ အလုပ်ပြုတ်တော့မှာပါ"
ပေ့ဂျ်က သူ့ကို အကြာကြီး ကြည့်နေသည်။ ထို့နောက် ဇတ်ခနဲ ထရပ်ပြီး တံခါးဆီသို့ ခြေလှမ်းပြင်လိုက်သည်။
"ပေ့ဂျ်"
"ရှင်" သူ ခြေလှမ်းရပ်သွား၏။
"ဒီအလုပ်မျိုး နောက်ထပ် ဘယ်တော့မှ မလုပ်ပါနဲ့တော့လားကွယ်"
"လုပ်သင့်မှသာ လုပ်ပါ့မယ် ဆရာ" ။ ။

■

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံတိုင်းတွင် ဆေးဝါးခိုးဝှက်မှု ရှိကြသည်။ ဥပဒေအရ ဆေးဆိုင်၊ ဆေးခန်း၊ ဆေးရုံတိုင်းမှ ဝယ်ယူသော ထုတ်ပေးသော မူးယစ်စေတတ်သည့် ဆေးဝါးဟူသမျှကို လက်မှတ်ထိုး၍ ယူရမည် ဖြစ်သည်။ သို့သော်လည်း မည်မျှပင် လုံခြုံရေးတင်းကျပ်စေကာမူ မူးယစ်ဆေးဝါးစွဲနေသူများအနေဖြင့် တစ်နည်းနည်းဖြင့် ဥပဒေကို ရှောင်လွှဲနိုင်ကြသည်ချည်းပင်။

အင်ဘာကောဒရှိဆေးရုံတွင်လည်း သည်ကိစ္စနှင့်ပတ်သက်၍ ပြဿနာကြီး ကြုံနေရ၏။ ထို့ကြောင့် သူနာပြုချုပ် မာဂရက်စပင်စာသည် ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့အား သွားရောက်တိုင်တန်းသည်။

"ကျွန်မတော့ ဘာလုပ်ရမှန်း မသိတော့ဘူး ဆရာ၊ ဖင်တာနိုင်းဆေးတွေ ခဏခဏ ပျောက်နေတာ တွေ့ရတယ်"

ဖင်တာနိုင်းဆေးမှာ အဆင့်မြင့် မူးယစ်ထုံထိုင်းဆေးဖြစ်၏။

အခန်း-၁၃-

"ဘယ်လောက်ပျောက်နေလို့လဲ"

"အများကြီးပဲ၊ သုံးလေးပုလင်းလောက်ဆိုရင် မပြောလောက်ပါဘူး၊ အခုဟာက ခဏခဏ ပျောက်နေတယ်၊ တစ်ပတ်မှာ တစ်ခါ ဇင်ကျော်ကျော် ပုံမှန် ပျောက်နေတယ်"

"အဲဒီတော့ ဘယ်သူ ယူနေတယ်ဆိုတာ ထင်ကြေးပေးနိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"မပေးနိုင်ဘူးဆရာ၊ လုံခြုံရေးဌာန မေးကြည့်တော့လည်း သူတို့က ဘယ်လိုမှ အထောက်အထား ရှာမပေးနိုင်ဘူး"

"ဆေးခန်းကို ဘယ်သူတွေ အသုံးချသလဲ"

"အဲဒါ ပြဿနာပဲ၊ ဆရာဝန်တွေရော၊ သူနာပြုတွေရော အကုန် လွတ်လွတ်လပ်လပ် ယူသုံးနေကြတာပဲ"

"ကျေးဇူးပဲ ဆရာမကြီး၊ ကျုပ် သတိထားပြီး ကြည့်လိုက်ပါ့မယ်"

*သူနာပြုချုပ် ပြန်ထွက်သွား၏။*

ဆေးရုံအုပ်ကြီး တော်တော်စိတ်မချမ်းသာ ဖြစ်သွားသည်။ ဒေါသလည်း အလွန်ထွက်မိ၏။

မကြာခင်မှာ ဆေးရုံကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပရန်ရှိသည်။ သည်ကိစ္စကို ထိုအချိန်တွင်မှ တင်ပြတော့မည်။ ဆေးရုံအုပ်ကြီးသည် အခြေအနေအရပ်ရပ်ကို လေ့လာသိရှိသူဖြစ်သည်။ အမေရိကန်တွင် ဆရာဝန် ဆယ်ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါး စွဲနေကြသည်။ တချို့က ဘိန်းဖြူစွဲသည်။ တချို့က အရက်စွဲသည်။ သူတို့ လုပ်ရပ်က လွယ်လွယ်ကလေး၊ ဆေးဗီရိုဖွင့်ပြီး သွေးကြောထိုးပတ်တီးနှင့် ဆေးထိုးပိုက်တို့ကို ယူ၍ ထိုးသွင်းလိုက်ရုံသာ ဖြစ်၏။ မူးယစ်ဆေးစွဲနေသူ တစ်ယောက်သည် နှစ်နာရီကြာတိုင်း တစ်ကြိမ်စီ သုံးစွဲရန် လိုအပ်၏။

ယခုအခါ ထိုဖြစ်ရပ်သည် အင်ဘာကောဒရိုဆေးရုံတွင် ဖြစ်ပေါ်နေပြီ။ ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးမကျင်းပမီ ဤကိစ္စနှင့် ပတ်သက်ပြီး တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ *အဲဒီလိုမှ မလုပ်ရင် ငါ့ဘဝသမိုင်းမှာ အမည်းစက်ကြီး ထင်တော့မယ်။*

တရားခံကို ရှာဖွေဖော်ထုတ်ရန် ဘယ်သူ့ကို အားကိုးရမည်ဆိုတာကို ဆေးရုံအုပ်ကြီး မသေချာ မရေရာ ဖြစ်နေ၏။ သူ့အနေဖြင့် သတိတော့ထားရမည်။ ဒေါက်တာတေလာနှင့် ဒေါက်တာဟန်တာတို့ ပါဝင်ပတ်သက်မှု မရှိနိုင်ဆိုတာကိုတော့ သူ အလေးအနက် ယုံသည်။

ထို့ကြောင့် သူ အကြိတ်အနယ်စဉ်းစားပြီးနောက် သူတို့နှစ်ယောက်ကို အသုံးချရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် အချိန်ဆွဲမနေတော့ဘဲ သူတို့နှစ်ယောက်ကို ချက်ချင်းခေါ်ပြီး သူက ပြောသည်။

"မင်းတို့ဆီက ငါ အကူအညီတစ်ခု လိုချင်တယ်" ဟု နိဒါန်းချီပြီးတော့ ဖင်တာနိုင်းဆေး မကြာခဏ ပျောက်ဆုံးနေကြောင်းကို ရှင်းပြသည်။ "အဲဒါကို မင်းတို့နှစ်ယောက်က မျက်စိရှင်ရှင်နဲ့ စောင့်ကြည့်စေချင်တယ်၊ မင်းတို့နဲ့ တွဲလုပ်တဲ့ ဆရာဝန်တစ်ယောက်ယောက် ခွဲစိတ်ရင်းမတ်တတ် ခွဲစိတ်ခန်းက ခဏဆိုပြီး ထွက်သွားတာတွေ့ရင်၊ ဒါမှမဟုတ် မူးယစ်ဆေးသုံးစွဲနေတဲ့ လက္ခဏာတွေ့ရင် ငါ့ကို ချက်ချင်းအသိပေးပါ။ ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲတာကို သတိထား အကဲခတ်ပါ။ စိတ်ဓာတ်ကျနေသလား၊ ထိုင်းမှိုင်းတွေဝေနေသလား၊ ဒါမှမဟုတ် လုပ်ငန်းဆောင်ရွက်ရာမှာ နှေးကွေးနေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သလား၊ ပျက်ကွက်နေသလား၊ အဲဒါတွေကို စောင့်ကြည့်ပါ။ ဒီကိစ္စကို အထူးလျှို့ဝှက်ချက်အဖြစ် နှုတ်လုံကြဖို့တော့ သတိပေးပါရစေ"

သူတို့နှစ်ယောက် ပြန်ထွက်လာတော့ ကက်က ပြောသည်။

"ဒီဆေးရုံက ဧရာမဆေးရုံကြီး၊ တရားခံကို ထောက်လှမ်းဖို့ မလွယ်ဘူး၊ ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ဟုမ်းတို့ ငှားရလိမ့်မယ်ထင်တယ်"

"ရှားလော့ဟုမ်းကို ငှားစရာမလိုပါဘူး" ပေ့ဂျ်က မျက်နှာညှိုးညှိုးဖြင့် ပြောသည်။ "အဲဒီလူ ဘယ်သူဆိုတာ ငါ သိပါတယ်"

■

မစ်ချ်ကင်းဘဲ သည် ပေ့ဂျ် အလေးစားဆုံး ဆရာဝန်တစ်ယောက် ဖြစ်သည်။ ဒေါက်တာကင်းဘဲသည် ဆံပင်ဖြူဖြူနှင့် အသက် ၅၀ ကျော်ပြီ။ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ သူသည် အတော်ဆုံး ဆရာဝန်တစ်ယောက် ဖြစ်၏။

နောက်ပိုင်းကျတော့ ပေ့ဂျ် သတိထားမိသလောက် ဒေါက်တာကင်းဘဲသည် ခွဲစိတ်မှုလုပ်တိုင်း မိနစ်အနည်းငယ်ခန့်စီ အမြဲတမ်း နောက်ကျတတ်သည်။ သူ့လက်တွေလည်း သိသိသာသာ တုန်နေသည်။ သူသည် ခွဲစိတ်ရာတွင် သူ့အကူလက်ထောက်အဖြစ် ပေ့ဂျ် ကိုသာ အမြဲလိုလို ခိုင်းလေ့ရှိသည်။ ခက်ခဲသည့် ခွဲစိတ်မှုအပိုင်းများကိုလည်း ပေ့ဂျ်အား အမြဲတမ်း လွှဲပေးတတ်သည်။ ခွဲစိတ်ရင်းတန်းလန်းနဲ့ သူ့လက်တွေ တုန်လာသောအခါ ခွဲစိတ်ဓားကို ပေ့ဂျ်အား ပေးပြီး "ငါ သိပ်နေမကောင်းချင်သလိုပဲ၊ မင်းဆက်လုပ်လိုက်ပါ" ဟု ပြောကာ ခွဲစိတ်ခန်းမှ ထွက်သွားလေ့ရှိသည်။

သူ ဘာများဖြစ်နေပါလိမ့်ဆိုပြီး ပေ့ဂျ် စိုးရိမ်မကင်းဖြစ်နေမိခဲ့သည်။ ယခုတော့ အဖြစ်မှန်ကို သိရပြီ။ ပေ့ဂျ် ဦးနှောက်ခြောက်သွားသည်။ သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သည်ကိစ္စကို ဆေးရုံအုပ်ကြီးအား တိုင်လိုက်လျှင် ဒေါက်တာကင်းဘဲ အဖြုတ်ခံရတော့မည်။ ယင်းထက်ပိုဆိုးတာက သူ့ဘဝပျက်တော့မည်။ မတိုင်ပြန်လျှင်လည်း လူနာများ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ရသည်။ *ငါ သူ့ကိုပြောကြည့်တာ ကောင်းလိမ့်မယ်၊ သူ့အဖြစ်ကို ငါသိကြောင်း ပြောပြီး ဆေးကုခံဖို့ တိုက်တွန်းမယ်။*

ပေ့ဂျ်သည် သည်ကိစ္စကို ကက်နှင့် တိုင်ပင်သည်။

"တကယ့်ပြဿနာကြီးပဲ" ကက်က ပြောသည်။ "ဒီဆရာက စိတ်ကောင်းရှိတယ်၊ တော်လည်းတော်တယ်၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မင်းက ဝီစီမှုတ်လိုက်ရင် သူ အလုပ်ပြုတ်မယ်၊ မမှုတ်ပြန်ရင်လည်း သူ့ကြောင့် ဖြစ်လာမယ့် အန္တရာယ်တွေကို ထည့်တွက်ရလိမ့်မယ်၊ သူနဲ့ ရင်ဆိုင်ရင် ဘယ်လိုနေမယ်လို့ မင်းထင်သလဲ"

"သူကတော့ ငြင်းမှာပဲ ကက်၊ ဒါ ကျိန်းသေပဲ"

"ဟုတ်တယ်၊ တော်တော်ဘေးကျပ်နံကျပ်နိုင်တဲ့ ပြဿနာကြီးပါလား"

■

နောက်တစ်နေ့တွင် ပေ့ဂျ်သည် ဒေါက်တာကင်းဘဲနှင့်အတူ ခွဲစိတ်ရန် တာဝန်ကျသည်။ *ငါထင်တာတွေ မှားပါစေ* ပေ့ဂျ်ကျိတ်ပြီး ဆုတောင်းသည်။ *သူနောက်မကျပါစေနှင့်၊ ခွဲစိတ်နေတုန်းမှာလည်း ထွက်မသွားပါစေနှင့် ...* ။

ကင်းဘဲ ခွဲစိတ်ခန်းထဲဝင်လာသည်။ ၁၅ မိနစ် နောက်ကျသည်။ တစ်ဝက်လောက် ခွဲစိတ်ပြီးသောအခါ သူက ပြောသည်။

"မင်း ဆက်ကိုင်လိုက်ပါ ပေ့ဂျ်၊ ငါ ချက်ချင်းပြန်လာခဲ့မယ်"

*သူ့ကို ဖွင့်ပြောမှ ဖြစ်တော့မယ်၊ ပေ့ဂျ် ဆုံးဖြတ်ချက် ချလိုက်၏။ သူ့အလုပ်နဲ့ဘဝကို ငါ မဖျက်ရဲဘူး။*

■

နောက်နေ့နံနက်တွင် ပေ့ဂျ်နှင့် ဟန်နီတို့ ဆရာဝန်များ ကားရပ်ကွက်လပ်ထဲ မောင်းဝင်လာတော့ ဟယ်ရီဘိုးမင်းက အနီရောင် "ဖာရာရီ" ကားကို သူတို့ကားဘေးထိုးရပ်လိုက်၏။

"ကားက သိပ်လှတာပဲ" ဟန်နီကပြောသည်။ "ဘယ်လောက်ပေးရသလဲ"

ဘိုမင်းက ရယ်လိုက်ပြီး

"ဈေးနှုန်းသိလဲ ခင်ဗျား မဝယ်နိုင်ပါဘူး"

ပေ့ဂျ်က သူပြောတာကို ဂရုမစိုက်၊ သူ့ကားကိုသာ ငေးကြည့်နေသည်။ ဘိုးမင်း၏ ဇိမ်ခံတိုက်ခန်း၊ ကိုယ်ပိုင် အပျော်စီးလှေနှင့် အလျှံပယ် သုံးဖြုန်းသည့် ပါတီပွဲတွေကို မြင်ယောင်လာမိ၏။ *လီမှာတဲ့ အဖေကို ရခဲ့တာ ကျွန်တော် သိပ်ပြီး ကံကောင်းတယ်ဗျ။ သူ့မှာ ရှိသမျှ ပိုက်ဆံတွေ ကျွန်တော့်ပေးခဲ့တာ။* သို့သော်လည်း ဘိုးမင်းက ခရိုင်ဆေးရုံမှာသာ လာလုပ်သည်။ ဘာကြောင့်လဲ။

နောက် ဆယ်မိနစ်ခန့်အကြာတွင် ပေ့ဂျ်သည် ဝန်ထမ်းရေးရာဌာနသို့ လာခဲ့သည်။ မှတ်တမ်းတာဝန်ခံ စာရေးမ ကာရင့်ကို ပြောသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုလောက်ကူညီပါ ကာရင်၊ ပုဂ္ဂိုလ်ရေးသက်သက်ပါ၊ ဒေါက်တာ ဘိုးမင်းက ကျွန်မကို သူ့နဲ့ အပြင်ထွက်ဖို့ ခဏခဏ ခေါ်နေတယ်၊ ကျွန်မက သူ့မှာ အိမ်ထောင်ရှိတယ်လို့ ထင်နေတယ်၊ သူ့ကိုယ်ရေးမှတ်တမ်းဖိုင်ကို ခဏ ကြည့်ပါရစေနော်"

"အို ... ရပါတယ်ဒေါက်တာ၊ ဒီငပွေငရှုပ်တွေ၊ ရမယ်ဆိုရင် ကြွက်တွင်းတောင် ရှောင်မယ့်သူတွေ မဟုတ်ဘူး၊ ခဏစောင့်ပါနော်"

ထို့နောက် သံဗီရိုကြီးဆီ လျှောက်သွားပြီး မှတ်တမ်းကို ယူထုတ်လာသည်။

ပေဂျီက ခပ်မြန်မြန် လှန်ကြည့်လိုက်သည်။ ဘိုးမင်း၏ အလုပ်လျှောက်လွှာတွင် ဖော်ပြထားချက်အရ သိရသည်မှာ သူသည် အနောက်အလယ်ပိုင်း တက္ကသိုလ်လေးတစ်ခုမှ လာခဲ့သူဖြစ်ကြောင်း၊ ကိုယ့်ထူးကိုယ်ချွန် ကြိုးစား၍ ဆေးကျောင်း တက်ခဲ့ကြောင်း၊ သူသည် မွေးဆေး ဆရာဝန်ဖြစ်သည်။

သူ့ဖခင်ကတော့ ဆံပင်ညှပ်ဆရာ။

■

အင်ဘာကေဒရိုဆေးရုံတွင် ဟန်နီတပ်ဖ်သည် ဆရာဝန်အများစုအဖို့ "လျှို့ဝှက်ဆန်းကြယ်" လူသားတစ်ယောက် ဖြစ်နေ၏။ မနက်ပိုင်း ရောင်းလှည့်ချိန်တွင် သူသည် သာမန်သူလိုငါလိုဖြစ်၏။ သို့သော် နေ့လယ်ပိုင်းရောင်းလှည့်ချိန်ကျတော့ တစ်မျိုးတစ်ဘာသာ ဖြစ်သွား၏။ သူသည် အံ့သြရလောက်အောင် လူနာတိုင်းကို သိနေသည်။ သွက်လက်သည်၊ ရောဂါဖော်ထုတ်ရာတွင် ကျွမ်းကျင်သည်။

ဝါရင့် လက်ထောက်ဆရာဝန်တစ်ယောက်က ဟန်နီအကြောင်းကို တခြားလုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် ဆွေးနွေးသည်။

"ကျွန်တော်တော့ နားကိုမလည်တော့ပါဘူးဗျာ၊ မနက်ပိုင်းမှာ သူ့နဲ့ ပတ်သက်ပြီး တိုင်တောတာတွေ တစ်ပုံကြီးပဲ၊ သူက အမှားတွေ လျှောက်လုပ်တယ်၊ ဟိုပြက်လုံး ခင်ဗျား သိသလား၊ အမှားတွေချည်းလျှောက်လုပ်တဲ့ သူနာပြု ဆရာမအကြောင်းလေ၊ ဆရာဝန်တစ်ယောက်က အခန်း (၄) က လူနာကို ဆေးသုံးလုံးပေးဖို့ ဆရာမကိုပြောတယ်၊ အဲဒီလိုပြောနေတုန်း ဆရာမက ရေနွေးဇလုံကိုင်ပြီး ကိုယ်တုံးလုံး လူနာတစ်ယောက်ဆီကို ပြေးလိုက်သွားတယ်၊ အဲဒီမှာ ဆရာဝန်က လှမ်းပြောလိုက်တာက "ဟိုမှာကြည့်ကြပါဗျို့၊ ကျွန်တော်က ဆရာမကို လူနာကို ရေနွေးနဲ့လောင်းဖို့ ပြောလိုက်တာ" တဲ့

အဖော်ဆရာဝန်က ရယ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီကလည်း အဲဒီလို အမျိုးအစားပဲဗျ၊ ဒါပေမဲ့ နေ့လယ်ပိုင်းကျတော့ သိပ်တော်နေပြန်ရော့ဗျ၊ ရောဂါ ဖော်ထုတ်တာမှန်တယ်၊ သူ့မှတ်ချက်တွေ သိပ်ပြည့်စုံတယ်၊ တော်တာမှ ရက်ရက်စက်စက်တော်တာ၊ ဆေးပေးတော့လည်း ဖိဝကတောင် လက်မြှောက်ရမလောက်ပဲဗျို့"ဟု သူက ခေါင်းကုတ်ရင်း "ကျုပ် ဦးနှောက်ခြောက်နေတာ အဲဒါပဲဗျ"

■

ဒေါက်တာ နာသန်ရစ်တားသည် စာအုပ်ကြီးအတိုင်း နေထိုင်ကျင့်ကြံသူ ဖြစ်သည်။ သူသည် ထူးထူးချွန်ချွန် တော်သူ မဟုတ်သော်လည်း အရည်အချင်း ရှိသည်။ သူ့အလုပ်ကို ချစ်မြတ်နိုးသည်။ အခြားသူများကိုလည်း သူလိုပဲ ဖြစ်စေချင်သည်။

သူ့အဖွဲ့တွင် တာဝန်ကျတာ ဟန်နီအဖို့ ကံဆိုးသည်။

သူတို့အဖွဲ့ ပထမဆုံးဝင်သည့် အဆောင်တွင် လူနာတစ်ဒါဇင်လောက်ရှိသည်။ လူနာတစ်ယောက် နံနက်စာ စားနေ၏။ ဒေါက်တာရစ်တားက မှတ်တမ်းကတ် ယူကြည့်ပြီး ...

"ဒေါက်တာတပ်ဖ်၊ ဒါ မင်းလူနာဆိုပါလား"

"ဟုတ်ပါတယ် ဆရာ"

"ဒီနေ့မနက် အဆုတ်ပြွန် စစ်ဆေးရမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒါဖြင့် မင်းက သူ့ကို ဘာကြောင့် အစာစားခိုင်းရတာလဲ" ဒေါက်တာက ခပ်မာမာပြောသည်။ "အဆုတ်ပြွန် မစစ်ခင် ဘာမှ မစားရဘူးဆိုတာ မသိဘူးလား"

"သူ့ခမျာ ဘာမှ မစားရတာ"

ဒေါက်တာရစ်တားက သူ့လက်ထောက်ဆရာဝန်ဘက်လှည့်ပြီး ...

"ဒီအစီအစဉ် ဖျက်လိုက်တော့" သူက ဟန်နီကို အတန်ကြာစိုက်ကြည့်နေသည်။ ပြီးတော့မှ စိတ်ကိုထိန်းလိုက်ပြီး "ကဲ ... ဆက်လှည့်ရအောင်"

နောက်လူနာမှာ ပြူတိုရီကန်နိုင်ငံသားဖြစ်သည်။ သူ အသည်းအသန် ချောင်းဆိုးနေ၏။ ဒေါက်တာရစ်တားက စမ်းသပ်ကြည့်သည်။

"ဒါ ဘယ်သူ့လူနာလဲ"

"ကျွန်မလူနာပါ" ဟန်နီက ပြောသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက မျက်ခုံးချီလိုက်ပြီး ...

"သူ့အနာကို ကြိုတင်ရှင်းထားပြီးဖြစ်ရမယ်" မှတ်တမ်းကတ်ကို ယူကြည့်လျက်" မင်းက သူ့ကို အင်ပီဆလင် ၅၀ မီလီဂရမ် တစ်နေ့လေးကြိမ် ပေးထားတယ်"

"ဟုတ်ပါတယ် ဆရာ"

"မဟုတ်ဘူး၊ မှားတယ် ၅၀၀ မီလီဂရမ် တစ်နေ့လေးကြိမ် ပေးရမှာ၊ မင်းက သုညတစ်လုံး ချန်ပစ်ခဲ့တာ"

"ကျွန်မ မှားသွားပါတယ်ဆရာ"

"လူနာအခြေအနေ ဘာမှ တိုးတက်လာမှာမဟုတ်ဘူး၊ အဲဒါကို ချက်ချင်း ပြောင်းပစ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"သူ့ကို ကိုလိုနိုစကိုပီ လုပ်ဖို့ စီစဉ်ထားတယ်၊ ဘယ်မှာလဲ ဓာတ်မှန်စစ်ဆေးချက်"

"ဟင် ... ဓာတ်မှန်စစ်ဆေးချက်လား ... ဟာ ကျွန်မ ရိုက်နိုင်းဖို့ မေ့သွားပါတယ် ဆရာ"

ဒေါက်တာရစ်တားက ဟန်နီ့ကို အကြာကြီး စိုက်ကြည့်နေသည်။ ဟန်နီ မျက်နှာမထားတတ်အောင် ဖြစ်နေ၏။ နောက်လူနာသည် မျက်ရည်စက်လက်ဖြင့် ငိုညည်းနေသည်။

"အရမ်းနာတယ် ဒေါက်တာ၊ ကျွန်တော် ဘာဖြစ်နေတာလဲ ဒေါက်တာ"

"ကျွန်မတို့လည်း မသိရသေးဘူး" ဟန်နီက ပြောလိုက်သည်။

ဒေါက်တာရစ်တားက ဟန်နီကိုကြည့်ပြီး "မင်း အပြင်ခဏထွက်လိုက်ခဲ့ပါ"

စင်္ကြံလမ်းတွင် ဒေါက်တာက ပြောသည်။

"လူနာရှေ့မှာ မသိဘူးဆိုတာ ဘယ်တော့ ... ဘယ်တော့မှ မပြောနဲ့၊ မင်းက သူ့ကို ကူညီရမယ့်လူ၊ လူနာ စိတ်ချမ်းသာအောင် လုပ်ရမယ့်လူ၊ သူမေးတာ အဖြေမသိရင် ကြံဖန်လုပ်ပြီး ဖြေလိုက်ပါ၊ ငါပြောတာ နားလည်ရဲ့လား"

"ဒါကတော့ ... မမှန်ဘူးထင် ... "

"ငါမေးတာ အဲဒါမဟုတ်ဘူး၊ ငါပြောသလိုလုပ်"

လူနာ နှစ်ဒါဇင်လောက် စစ်ဆေးပြီးနောက် ဒေါက်တာရစ်တားသည် ဆေးရုံအုပ်ကြီး ရုံးခန်းသို့ လာခဲ့၏။

"ပြဿနာတစ်ခုရှိလို့ပါ ဆရာ"

"ဘာပြဿနာလဲ"

"လက်ထောက်ဆရာဝန်တစ်ယောက်ပါ၊ ဟန်နီတပ်ဖ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟ ... လာပြန်ပြီလား။ "သူ ... ဘာဖြစ်သလဲ"

"သူက အန္တရာယ်ပဲ"

"သူက အထူးထောက်ခံချက်နဲ့ လာတဲ့သူပဲ"

"ဆေးရုံနာမည် မပျက်ခင် သူ့ကို အချိန်မီသာ ထုတ်ပစ်လိုက်ပါဆရာ၊ နို့မဟုတ်ရင် သူ့ကြောင့် လူနာတွေ သေကုန်လိမ့်မယ်"

ဆေးရုံအုပ်ကြီးက ခဏစဉ်းစားနေသည်။ ပြီးတော့မှ ...

"ဟုတ်ပြီလေ ... သူ့ကို ထုတ်ပစ်လိုက်ပါ့မယ်"

■

ပေ့ဂျ်သည် တစ်မနက်လုံး ခွဲစိတ်ခန်းတွင် အလုပ်များနေ၏။ သူတာဝန်ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ဆေးရုံအုပ်ကြီး ရုံးခန်းသို့ တန်းလာခဲ့၏။ သူက မူးယစ်ထုံထိုင်းဆေးဝါးများ ပျောက်ဆုံးမှုအတွက် ဟယ်ရီဘိုးမင်းကို သင်္ကာမကင်း ဖြစ်နေသည်။

"ဘိုးမင်း ... ဟုတ်လား၊ သေချာရဲ့လား၊ ငါ ပြောတာက သူ့ပုံကြည့်ရတာ ဆေးစွဲနေတဲ့ရုပ်မျိုး မဟုတ်ပါဘူး"

"သူက ဆေးမသုံးဘူး ... ဆရာ၊ ဆေးရောင်းတာ၊ သူက လက်ထောက်ဆရာဝန်လစာနဲ့ သန်းကြွယ်သူဌေးကြီးလို နေနေတာ"

"ကောင်းပြီ၊ ငါကြည့်လိုက်မယ်၊ ကျေးဇူးပဲ ပေ့ဂျ်"

ဆေးရုံအုပ်ကြီးသည် လုံခြုံရေးမှူး ဘရုစ်အင်ဒါဆင် ကို ခေါ်လိုက်၏။

"မင်း ဒေါက်တာဘိုးမင်းကို မျက်ခြည်မပြတ် စောင့်ကြည့်ပါ၊ သူဆေးရုံက ဆေးတွေ ခိုးနေတယ်လို့ တို့ သံသယဖြစ်နေတယ်"

"ဒေါက်တာဘိုးမင်း ... ဟုတ်လား"

အင်ဒါဆင်က အံ့ဩမှုကို ဟန်ဆောင်ဖုံးကွယ်ထား၏။ ဘိုးမင်းသည် လုံခြုံရေးဝန်ထမ်းများအား ကျူးဘားဆေးပြင်း လိပ်တွေနဲ့ တခြားလက်ဆောင်တွေ မကြာမကြာ ပေးတတ်သည်။ လုံခြုံရေး အမှုထမ်းတွေ အားလုံးက သူ့ကို ခင်ကြ၏။

"သူ ဆေးပစ္စည်းခန်းကိုဝင်ရင် အထွက်မှာ သေသေချာချာ စစ်ပါ"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဘိုးမင်းသည် ဆေးပစ္စည်းခန်းသို့ ဦးတည်လျှောက်လာသည်။ သူ့မှာ ဖြည့်ဆည်းပေးရမည့် အမှာစာတွေ ပါလာသည်။ အများကြီး ပါလာသည်။ ဖြစ်ရပ်က "ကံကော်၍ ချုပေါ်ရောက်" သလို ဖန်လာခဲ့၏။ သူသည် အိုင်အိုဝါ ပြည်နယ်၊ အေမက်စ်မြို့မှ ဆေးရုံကလေးတစ်ရုံတွင် မဖြစ်စလောက် လခကလေးနှင့် ရုန်းကန်နေရသည်။

တစ်နေ့မနက်တော့ သူ့အတွက် "ကံ" ပေါ်လာသည်။

ဆေးရုံမှ ဆင်းထားသည့် လူနာတစ်ယောက်က သူ့ဆီ ဖုန်းဆက်သည်။

"ဒေါက်တာ ... ကျွန်တော် မခံမရပ်နိုင်အောင် နာနေတယ်၊ အဲဒါ မနာအောင် တစ်ခုခုလုပ်ပေးပါ ဒေါက်တာ"

"ဆေးရုံ ပြန်တက်ချင်သလား"

"မတက်ချင်ဘူး၊ သင့်တော်တဲ့ ဆေးတစ်မျိုးမျိုးသာ ယူလာခဲ့ပါ ဒေါက်တာ"

ဘိုးမင်း ခေတ္တစဉ်းစားနေသည်။

"ကောင်းပြီလေ၊ ကျွန်တော် အိမ်ပြန်ရင်း ဝင်လာခဲ့မယ်"

သူ ဖင်တာနိုင်း တစ်ပုလင်းယူပြီး လူနာ့အိမ်လိုက်သွားသည်။

လူနာက ဆေးပုလင်းကို အငမ်းမရ လှမ်းယူပြီး ...

"ဟာ ... ဘုရားမတာပဲ" သူက ပိုက်ဆံတစ်ထပ်ကြီး ထိုးပေးရင်း "ရော့ ... ယူပါ"

ဘိုးမင်းက အံ့အားကြီးသင့်လျက် ...

"ဒီအတွက် ပိုက်ဆံပေးစရာ မလိုပါဘူး"

"ဒေါက်တာ နောက်နေတာလား၊ ဒီဆေးက ရွှေလောက်တန်ဖိုးရှိတယ်၊ ဆရာ ယူလာရင် ပိုက်ဆံတွေ အများကြီးပေးမယ့် ကျွန်တော့် မိတ်ဆွေတွေ တစ်ပုံကြီးရှိတယ်"

အဖြစ်က အဲသည်လို စတင်ခဲ့၏။ နှစ်လအတွင်း ပိုက်ဆံတွေ အောတိုက်ဝင်လာသည်။ ဒေါက်တာဘိုးမင်းအနေဖြင့် သည်လောက်များသည့် ပိုက်ဆံကို အိပ်မက်ပင် မမက်ဖူးခဲ့။ ကံဆိုးချင်တော့ ဤကိစ္စကို တစ်နည်းနည်းဖြင့် ဆေးရုံအုပ်ကြီး သိသွား၏။ သို့ဖြင့် ဘိုးမင်းကို ခေါ်၍ပြောသည်။

"မောင်ရင့် ကိုယ်ရေးမှတ်တမ်းမှာ ဘာမှမဖြစ်စေချင်ရင် ဒီမြို့က တိတ်တဆိတ်ထွက်သွားတာ အကောင်းဆုံးပဲ"

*ထွက်သွားရမှာကို ငါပျော်တယ်။ ဘိုးမင်းက တွေးမိသည်။ ဆန်ဖရန်စစ္စကိုမြို့က ဈေးကွက်ပိုကြီးတယ်။*

ဘိုးမင်းသည် ဆေးပစ္စည်းခန်းသို့ ရောက်လာသည်။ လုံခြုံရေးမှူး ဘရုစ်အင်ဒါဆင် အပြင်ဘက်မှာ ရပ်နေသည်။ ဘိုးမင်းက သူ့ကို ခေါင်းညိတ်ပြသည်။

"ဟိုင်း ... ဘရုစ်"

bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာ ညနေခင်းပါ ဒေါက်တာ"

နောက်ငါးမိနစ်ခန့်တွင် ဆေးပစ္စည်းခန်းထဲမှ ဘိုးမင်း ပြန်ထွက်လာသည်။ ဘရုစ်အင်ဒါဆင်က ဆီးပြောသည်။

"အားတော့နာပါတယ် ဒေါက်တာ၊ ကျွန်တော် ရှာချင်လို့ပါ"

ဘိုးမင်း အံ့အားသင့်သွားပြီး ...

"ဟင် ... ကျုပ်ကို ရှာမယ်ဟုတ်လား၊ ခင်ဗျား ဘာတွေပြောနေတာလဲ ဘရုစ်"

"ဝမ်းနည်းပါတယ် ဒေါက်တာ၊ ဆေးပစ္စည်းခန်းထဲ ဝင်တဲ့လူတိုင်းကို ရှာဖို့ အမိန့်ရထားလို့ပါ" အင်ဒါဆင် ညာပြောလိုက်၏။

ဘိုးမင်းက ဒေါသထွက်လျက် ...

"ဒီလိုလုပ်ရပ်မျိုး တစ်ခါမှ မကြားဖူးပါဘူး၊ ကျုပ် လုံးဝသဘောမတူဘူး"

"ဒါဆိုရင် ကျွန်တော်နဲ့အတူ ဆေးရုံအုပ်ကြီးဆီ လိုက်ခဲ့ပါ"

ဘိုးမင်း ဆေးရုံအုပ်ကြီးရုံးခန်းထဲသို့ ပျာပျာသလဲ ဝင်လာသည်။

"ဘာတွေဖြစ်နေတာလဲ ဆရာ၊ ဒီလူက ဘာမှအကြောင်းမရှိဘဲ ကျွန်တော့်ကို ရှာမလို့တဲ့"

"ဒီတော့ မောင်ရင်က ငြင်းသလား"

"ငြင်းတာပေါ့"

"ကောင်းပြီ" ဆေးရုံအုပ်ကြီးက တယ်လီဖုန်း လှမ်းကိုင်ပြီး "ကျုပ် ဆန်ဖရန်စစ္စကို ရဲစခန်း ဆက်လိုက်မယ်" သူ နံပါတ်လှည့်သည်။ ဘိုးမင်း သွေးရူးသွေးတန်းဖြစ်သွားပြီး ...

"နေ ... နေပါဦးဆရာ၊ အဲဒါ မလိုအပ်ပါဘူး" သူ့မျက်နှာ ကြည်သွားပြီး "သြော် ... ကျွန်တော်သတိရပြီ" အင်္ကျီအိတ်ထဲမှ ဖင်တာနိုင်းဆေးပုလင်း နှိုက်ယူလိုက်ပြီး "ကျွန်တော် ဒါကလေး ခွဲစိတ်တာမှာ သုံးမလို့ ယူလာ ..."

"အင်္ကျီအိတ်ထဲမှာရှိသမျှ ထုတ်လိုက်ပါ" ဆေးရုံအုပ်ကြီးက အေးဆေးစွာ ပြောသည်။

"ဟာ ... မဟုတ်တာပဲ"

"ထုတ်သာ ထုတ်လိုက်စမ်းပါ"

နောက်နှစ်နာရီခန့်ကြာတော့ ဘိုးမင်းက သူ၏ ဖြောင့်ချက်နှင့် သူမှူးယစ်ဆေးဝါးရောင်းချခဲ့သည့် ဖောက်သည်များ၏ အမည်စာရင်းကို ဆန်ဖရန်စစ္စကို မူးယစ်ဆေးဝါးတားဆီးရေးရုံး၌ လက်မှတ်ထိုးပေးသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းကို ပေ့ဂျ်ကြားတော့ ဒေါက်တာ မစ်ချိုကင်းဘဲထံသို့ လာခဲ့သည်။ သူ ရုံးခန်းထဲတွင် ထိုင်၍ အနားယူနေ၏။ ပေ့ဂျ်ဝင်လာတော့ သူ့လက်တွေကို စားပွဲပေါ် တင်ထားသည်။ လက်တွေ ဂနာမငြိမ် လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို ပေ့ဂျ် သတိပြုမိသည်။

သူက လက်နှစ်ဖက်ကို ကမန်းကတန်း ပြန်ရုပ်ပြီး ပေါင်ပေါ် တင်ထားလိုက်သည်။

"ဟာ ... ပေ့ဂျ်ပါလား၊ ဘယ်လိုလဲ၊ အခြေအနေကောင်းရဲ့လား"

"ကောင်းပါတယ် ဒေါက်တာ၊ ကျွန်မ ဆရာနဲ့ စကားနည်းနည်းပြောချင်လို့ပါ"

"ထိုင်ပါ"

ပေ့ဂျ်က မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"ဆရာ ဒီလိုလက်တွေ တုန်နေတာ ဘယ်လောက်ကြာပြီလဲ"

ဒေါက်တာ့မျက်နှာ ရုတ်တရက် သွေးဆုတ်သွားသည်။

"ဘာ ..."

"အဲဒါပဲပေါ့၊ ဆရာ ဖုံးမထားပါနဲ့၊ ကျွန်မကို အမှန်အတိုင်း ဖွင့်ပြောပါ" တော်တော်ကြာကြာ တိတ်ဆိတ်သွားသည်။

"ငါ ... ငါ ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ ... ငါ ဆရာဝန်အလုပ်က မထွက်နိုင်ဘူး၊ ဘယ်လိုမှ ထွက်လို့မရဘူး၊ ဒီအလုပ်က ငါ့ဘဝတစ်ခုလုံးပဲ"

ပေ့ဂျ်သည် ကိုယ်ကို ရှေ့သို့ကိုင်း၍ အားတက်သရောဖြင့် ...

"ဆရာဝန်ဘဝကို စွန့်လွှတ်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ ဒီအတိုင်းသာဆိုရင် ခွဲစိတ်တဲ့အလုပ်ကိုတော့ စွန့်လွှတ်ရလိမ့်မယ်"

သူ့မျက်နှာ ရုတ်တရက် အိုစာသွားသည်။

"ငါသိပါတယ်၊ ငါ မနှစ်ကတည်းက ဖြတ်မလို့ပါ၊ ဒါပေမဲ့ မရခဲ့ဘူး" ယဲ့ယဲ့ကလေးပြုံးလျက် "ခု ငါဖြတ်တော့မယ်၊ ဖြတ်ကို ဖြတ်တော့မယ်၊ ဘာလဲ မင်းက ဆေးရုံအုပ်ကြီးကို သွားပြောဦးမလို့လား"

"ဟင့်အင်း ... မပြောပါဘူး"

သူက ညင်သာစွာဖြင့် "ဆရာ့ဘာသာ ဆရာသွားပြောပါ"

■

စားသောက်ဆိုင်တွင် ပေ့ဂျ် နေ့လယ်စာ စားနေစဉ် တွမ်ချန်း ရောက်လာသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြားပြီးပြီ၊ ဘိုးမင်းအကြောင်း ကျွန်တော် ကြားပြီးပြီ၊ မယုံနိုင်လောက်အောင်ပဲ၊ ဒါပေမဲ့ သူ့လုပ်ရပ်က နိပ်တော့ တော်တော်နိပ်တယ်နော်"

ပေ့ဂျ်က ဦးခေါင်းကို ခါယမ်းရင်း ...

"ကျွန်မ လူပေါင်း မှားခဲ့တယ်"

ထို့နောက်တွင် တွမ်ချုန်းသည် စကားတစ်ခွန်းမှ မဟဘဲ ငူငူကြီး ထိုင်နေသည်။

"ဘာလဲ နေမကောင်းဘူးလား တွမ်"

"ခင်ဗျားက ကျွန်တော် နေကောင်းပါတယ်ဆိုတဲ့ စကားကို ကြားချင်တာလား၊ ဒါမှမဟုတ် အဖြစ်မှန်ကို ကြားချင်တာလား"

"ကျွန်မတို့က မိတ်ဆွေတွေပါ၊ အဖြစ်မှန်ကိုပဲ ကြားချင်ပါတယ်"

"ကျွန်တော်တို့ အိမ်ထောင်ရေးတော့ မြောင်းထဲရောက်သွားပြီး ပေ့ဂျ်" ယောက်ျားကြီးတန်မဲ့ သူ မျက်ရည်ဝဲလာသည်။ "ဆိုင်း ကျွန်တော့်ကို ပစ်သွားပြီ၊ သူ သူ့ဇာတိ ပြန်သွားပြီ"

"ကျွန်မ စိတ်မကောင်းပါဘူး"

"တကယ်တော့ သူ့အပြစ်မဟုတ်ပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်က အိမ်ထောင်ကျပေမဲ့ အိမ်ထောင်သည်ဘဝ အရသာကို မခံစားခဲ့ရပါဘူး၊ သူကပြောတယ်၊ ကျွန်တော်ဟာ သူနဲ့ လက်ထပ်တာမဟုတ်ဘူး၊ ဆေးရုံနဲ့ လက်ထပ်တာတဲ့၊ သူပြောတာ မှန်ပါတယ်၊ ကျွန်တော်က ကိုယ်ချစ်တဲ့ လူတွေကို ဂရုစိုက်ရမယ့်အစား သူစိမ်းတွေကို ဂရုစိုက်ရင်း ကျွန်တော့်ဘဝကို ဒီဆေးရုံမှာပဲ မြှုပ်နှံထားခဲ့တာကိုး"

"သူပြန်လာမှာပါ၊ ပြန်လာပါလိမ့်မယ်" ပေ့ဂျ်က နှစ်သိမ့်စကားဆိုသည်။

"ဟင့်အင်း ... ပြန်မလာတော့ပါဘူး၊ ဒီတစ်ကြိမ်တော့ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး"

"ဒါနဲ့ ရှင်တို့ အရင်တုန်းက အိမ်ထောင်ရေးအကြံပေး ပါရဂူတွေ ဘာတွေနဲ့ မတိုင်ပင်ခဲ့ဘူးလား"

"ကျွန်တော်က တိုက်တွန်းပါတယ်၊ ဒါပေမဲ့ သူက လက်မခံဘူး"

"ကျွန်မ စိတ်မကောင်းပါဘူး တွမ်၊ ကျွန်မကူညီနိုင်တာ တစ်ခုခု ... "

ထိုအခိုက် အသံချဲ့စက်မှ သူ့နာမည်ခေါ်သံ ကြားလိုက်ရ၏။

"ဒေါက်တာတေလာ ... အခန်း (၄၀၁) မြန်မြန် ... မြန်မြန်"

ပေ့ဂျ် ရုတ်တရက် အလန့်တကြား ဖြစ်သွားမိသည်။

"ကျွန်မ သွားရတော့မယ်"

အခန်း (၄၀၁)၊ ဆမ်ဘန်စတိန်း၏ အခန်းဖြစ်သည်။ ပေ့ဂျ်၏ လက်ရွေးစင် လူနာတစ်ယောက် အသက် (၇၀)ခန့်

the bookhouse
We bring your future

www.burmeseclassic.com

www.burmeseclassic.com



များကြီးလှကောင်း၊ ခွဲစိတ်၍ မဖြစ်သော အစာအိမ်ကင်ဆာနှင့် ဆေးရုံတက်လာသူ။

ဆေးရုံတွင် အများအားဖြင့် လူနာတွေက မကြာခဏ ညည်းညူတတ်ကြသည်။ မကြာခဏ အမျိုးမျိုးတောင်းဆိုတတ်ကြသည်။ သို့သော် ယင်းတို့အထဲတွင် ဆမ်ဘန်စတိန်းမပါ၊ ပေ့ဂျ်က သူ၏ သတ္တိနှင့် ဂုဏ်သိက္ခာကို လေးစားသည်။ သူ့မှာ ဇနီးနှင့် အရွယ်ရောက်ပြီး သားနှစ်ယောက်ရှိပြီး ဆေးရုံသို့ မှန်မှန်လာကြည့်ကြသည်။ ပေ့ဂျ်က သူတို့ကိုလည်း ခင်မင်သည်။

ဆမ်ဘန်စတိန်းအား အသက်ဆက်စနစ်ဖြင့် ကုသနေရသည်။ သူ့မှတ်တမ်းကတ်တွင် "ဒီ အင်န် အာ (DNR)" ဟု ရေးထားသည်။ အဓိပ္ပာယ်မှာ နှလုံးခုန်ရပ်သွားရင် အသက်ပြန်ရှင်အောင် မလုပ်ပါနဲ့ ဟူ၍ဖြစ်သည်။

ပေ့ဂျ် အခန်းထဲဝင်လာတော့ သူနာပြုဆရာမက လူနာခုတင်ဘေးမှာ ထိုင်နေသည်။ သူက ပေ့ဂျ်ကို မော့ကြည့်ပြီး "သူ ဆုံးသွားပြီ ဒေါက်တာ၊ ကျွန်မ အရေးပေါ်အစီအစဉ်တွေ ဘာမှ မလုပ်လိုက်ရဘူး၊ ဘာဖြစ်လို့လဲဆိုတော့" ဆရာမ အသံတိမ်ပြီး ရပ်သွားသည်။

"ဆရာမ မလုပ်တာမှန်ပါတယ်" ပေ့ဂျ်က ဖြည်းဖြည်းပြောသည်။ "ကျေးဇူးပါပဲ ဆရာမ"

"ကျွန်မ ဘာလုပ်ပေး ... "

"ရပါတယ်၊ ကျွန်မပဲ ကြည့်စီစဉ်လိုက်ပါ့မယ်"

ပေ့ဂျ်သည် လူနာခုတင်ဘေးတွင် ရပ်လျက် အလောင်းကောင်ကို စိုက်ကြည့်နေသည်။ တစ်ချိန်တုန်းက ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေတတ်သော သက်ရှိလူသား၊ မိသားစုနဲ့ မိတ်ဆွေအပေါင်းအသင်းတွေရှိပြီး အလုပ်ကြိုးစားခဲ့သော လူသား၊ သားမယားအပေါ် ချစ်ခင်မြတ်နိုးသော လူသား၊ ထိုလူသား ယခု သေဆုံးသွားပြီ၊ အသက်မရှိတော့။

ပေ့ဂျ်သည် လူနာစားပွဲသို့ သွားပြီး အံဆွဲကို ဖွင့်လိုက်သည်။ တန်ဖိုးမရှိသော နာရီတစ်လုံး၊ သော့တွဲတစ်စုံ၊ ဒိုက်ဆံ ၁၅ ဒေါ်လာ၊ အံပုံသွားတစ်ခုနှင့် သူ့မိန်းမထံ ရေးထားသည့် စာတစ်စောင်၊ သေဆုံးသွားသော လူတစ်ယောက်မှာ ဒါကလေးပဲ ကျန်ရစ်ခဲ့ပါတကား။

■

ပေ့ဂျ်သည် ကွယ်လွန်လေသူအတွက် ပူဆွေးစိတ်ကို ဖြေသိမ့်၍ မရအောင် ခံစားလိုက်ရသည်။

"သူက သိပ်ခင်ဖို့ကောင်းတာ၊ သိပ်စိတ်ကောင်းရှိတဲ့ လူ"

"ပေ့ဂျ် ... မင်း လူနာတွေအပေါ်မှာ ဒီလောက်တောင် သံယောဇဉ်မကြီးသင့်ဘူး" ကက်က နှစ်သိမ့်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းသာဆိုရင် မင်း ကိုယ့်ကိုယ်ကိုယ် ဖိထောင်းနေသလို ခံရလိမ့်မယ်"

"ငါ သိပါတယ်၊ မင်းပြောတာ မှန်ပါတယ် ကက်ရယ်၊ ဒါပေမဲ့ ငါ့မျက်စိအောက်မှာ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားတော့ တွေးမိတိုင်း စိတ်မချမ်းသာဘူး၊ မနက်က သူနဲ့ငါ စကားပြောခဲ့ကြသေးတယ်၊ မနက်ဖြန်မှာ သူ့အသုဘ ချလိမ့်မယ်"

"သူ့ အသုဘကို မင်း မသွားသင့်ဘူး"

"မသွားလို့ မဖြစ်ဘူး"

အသုဘအခမ်းအနားကို "ထာဝရ" သုသာန် တောင်ကုန်းပေါ်တွင် ပြုလုပ်သည်။

ဂျူးဘာသာရေး ထုံးတမ်းအရ သေပြီး ချက်ချင်းသင်္ဂြိုဟ်ရသည်။ နောက်နေ့တွင်မှ သရဏဂုံတင်သည်။

ဆမ်ဘန်စတိန်း၏ အလောင်းကို အဝတ်ဖြူ အုပ်ထားသည်။ မိသားစုက တွင်းဘေးတွင် ရပ်နေကြသည်။ ဓမ္မဆရာက ဂျူးဘာသာဖြင့် တရားစာ ရွတ်ဖတ်သည်။

ပေ့ဂျ်ဘေးတွင် ရပ်နေသူတစ်ယောက်က ပေ့ဂျ်၏ မျက်နှာအမူအရာကို သတိထားမိပြီး ဘာသာပြန်ပြသည်။

"ဘုရားသခင်သည် ဇီယွန်တောင်တော်မြတ်နှင့် ဂျေရုဆလင်မြို့တော်မှ အားလုံးသော ဝမ်းနည်းကြေကွဲသူများနှင့်အတူ သင့်အား နှစ်သိမ့်တော်မူပါစေ"

ထို့နောက် မိသားစုဝင်များသည် အဝတ်အစားများကို ဆွဲဖြဲရင်း ဂျူးဘာသာဖြင့် သံပြိုင်ရွတ်ဆိုနေကြပြန်သည်။

"ဘာရွတ်တာလဲ"ပေ့ဂျ်က တိုးတိုးမေးလိုက်သည်။

သူ့ဘေးမှလူက လေသံဖြင့် ...

"ကွယ်လွန်သူကို လေးစားတဲ့အနေနဲ့ ရွတ်တာ" အဓိပ္ပာယ်က "သင်သည် ဖုန်မှုန့်မှ လာခဲ့ပြီးနောက် ဖုန်မှုန့်သို့ပင် ပြန်သွားခဲ့ပြီ၊ သို့တစ်မူ သင့်ဝိညာဉ်ကား ဘုရားသခင်ထံသို့ ပြန်သွားလေပြီ"

ဤတွင် အသုဘအခမ်းအနား ပြီးဆုံးသွားလေ၏။

■

နောက်တစ်နေ့ မနက်တွင် ကက်နှင့် ဟန်နီတို့ စင်္ကြံလမ်း၌ ဆုံမိကြသည်။ ဟန်နီ့ပုံက မျက်ကလူးဆန်ပျာ ဖြစ်နေသည်။

"ဘာများဖြစ်နေလို့လဲ" ကက်က မေးသည်။

"ဆေးရုံအုပ်ကြီး ခေါ်လို့ နှစ်နာရီ သူ့ရုံးခန်းကို လာပါတဲ့"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ခေါ်လဲ သိသလား"

"တစ်နေ့က ရောင်းလှည့်တဲ့ ကိစ္စပဲထင်တယ်၊ ဒေါက်တာရစ်တားကတော့ နတ်ဆိုးပဲ"

"အဲဒါ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ မပူပါနဲ့ အဆင်ပြေသွားပါလိမ့်မယ်"

"ငါလည်း အဲဒီလို မျှော်လင့်တာပဲ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်"

■

ဟန်နီသည် နှစ်နာရီတိတိတွင် ဆေးရုံအုပ်ကြီး ရုံးခန်းသို့ ရောက်သွားသည်။ အတွင်းရေးမှူး စာရေးမက နေ့လယ်စာ စားနေသည်။ ဆေးရုံအုပ်ကြီး၏ ရုံးခန်းတံခါးကို ဖွင့်ထားသည်။

"ဝင်ခဲ့ပါ"

ဟန်နီ ဝင်လာခဲ့သည်။

"တံခါး ပြန်ပိတ်ထားလိုက်ပါ"

ဟန်နီ ပြန်ပိတ်လိုက်သည်။

"ထိုင်ပါ"

ဆေးရုံအုပ်ကြီးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ သူ့တစ်ကိုယ်လုံး တုန်နေသလို ခံစားရသည်။

ဆေးရုံအုပ်ကြီးက ဟန်နီ့မျက်နှာကို အကြာကြီး စိုက်ကြည့်နေပြီးတော့မှ လေအေးအေးနှင့် ဖြည်းဖြည်းသက်သာ ပြောသည်။

"မင်းနဲ့ ပတ်သက်ပြီး သတင်းဆိုးတွေ ငါ့ဆီ ရောက်လာတယ်"

■

နောက်တစ်နာရီအကြာတွင် ဟန်နီသည် နေဆာလုံ့ရိပ်သာ၌ ကက်နှင့် တွေ့သည်။ ဟန်နီက ကက်ဘေးမှ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ သူ့မျက်နှာက ပြုံးပြုံးကြီး ...

"မင်း ဆေးရုံအုပ်ကြီးနဲ့ တွေ့ခဲ့ပြီလား" ကက်က မေးသည်။

"အင်း ... တွေ့ခဲ့ပြီ၊ တို့နှစ်ယောက် စကားပြောနေတာ အကြာကြီးပဲ၊ ဒါနဲ့ သူ့မိန်းမ လွန်ခဲ့တဲ့ စက်တင်ဘာလထဲ ထွက်သွားတာ မင်း သိပြီလား၊ သူတို့ လက်ထပ်တာ ၁၅ နှစ်တောင်ရှိပြီ၊ ဆရာကြီးမှာ ပထမအိမ်ထောင်နဲ့ အရွယ်ရောက် ပြီး သမီးနှစ်ယောက်တောင် ရှိတယ်၊ ဒါပေမဲ့ သူက သူ့သားသမီးတွေကို မတွေ့ရသလောက်ပဲ၊ အချစ်တော် ဆရာကြီးအနာ

www.burmeseclassic.com
bookhouse

www.burmeseclassic.com



အထီးကျန်ဘဝ ရောက်နေရတယ်၊ သိပ်သနားစရာ ကောင်းတာပဲနော်။ ။

■

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ဟောင်း၍ တစ်နှစ်ပြောင်းခဲ့ပြန်ပြီ။ ကက်၊ ပေ့ဂျ်နှင့် ဟာန်နီတို့လည်း အင်ဘာကေဒရီဆေးရုံတွင် လုပ်ကိုင်ရင်း ၁၉၉၄ ခုနှစ်ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ လူနာများ၏ နာမည်တွေသာ ပြောင်းလဲပြီး သူတို့ သူငယ်ချင်းမ သုံးယောက်တို့၏ ဘဝတွင် ဘာမှ အပြောင်းအလဲမရှိသလို ထင်မှတ်ရ၏။

■

ပေ့ဂျ်သည် ကားရပ်ကွက်လပ်သို့ လျှောက်သွားရင်း ဟယ်ရီ ဘိုးမင်းနှင့် သူ၏ အနီရောင် "ဖာရာရီ" ကားကလေးကို သတိရမိသည်။ *ဘိုးမင်း ရောင်းခဲ့တဲ့ အဆိပ်ဆေးကြောင့် လူ့အသက်ပေါင်း ဘယ်လောက်များ ဆုံးရှုံးခဲ့မလဲမသိဘူး*ဟု တွေးပြီး ကြက်သီးထမိ၏။ မူးယစ်ဆေးဝါးများသည် ဖြားယောင်း ဆွဲဆောင်တတ်သည်။ နောက်ဆုံးတွင် အသက်ဆုံးရှုံးစေသည်။

■

## အခန်း-၁၄-

ဂျင်မီဖို့သည် ပန်းစည်းကလေးတစ်စည်းကိုင်လျက် ပေ့ဂျ်ဆီသို့ ရောက်လာသည်။

"ဒါက ဘာအတွက်လဲ ဂျင်မီ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို တမင်ပေးချင်လို့ပါ၊ ကျွန်တော်က လက်ထပ်တော့မယ်လေ"

"ဪ ... ဟုတ်လား၊ ဝမ်းသာစရာပဲ၊ ဒါနဲ့ ကံကောင်းတဲ့ သတို့သမီးက ဘယ်သူလဲ"

"သူ့နာမည်က ဘက်စီတဲ့၊ အထည်ဆိုင်မှာလုပ်တယ်၊ ကျွန်တော်တို့ ကလေးတွေ ဒါဇင်ဝက်လောက်မွေးမယ်၊ ပထမဆုံးမွေးတဲ့ သမီးလေးကို 'ပေ့ဂျ်' လို့ နာမည်ပေးမယ်၊ ခင်ဗျား စိတ်မဆိုးပါဘူးနော်"

"စိတ်မဆိုးတဲ့အပြင် ဘဝင်တောင် မြင့်လိုက်ပါသေးသတဲ့တော်"

'ဒါနဲ့ ခင်ဗျား ဟိုပြက်လုံးကလေး ကြားဖူးပြီလား' 'ဒီလိုပါ ... ဆရာဝန်က လူနာကို အသက်ရှင်နေဖို့ နှစ်ပတ်ပေးတယ်၊ ဒီတော့ လူနာက ဒေါက်တာ့ကို ကျွန်တော် လောလောဆယ် ပိုက်ဆံမပေးနိုင်သေးပါဘူး' လို့ပြောတယ်၊ အဲဒီမှာ ဆရာဝန်က ပြန်ပြောလိုက်တာက 'ကောင်းပြီ၊ ခင်ဗျားကို ကျုပ် နောက်ထပ် နှစ်ပတ်ထပ်ပေးဦးမယ်တဲ့'

ထို့နောက် ဂျင်မီ ပြန်ထွက်သွား၏။

■

ပေ့ဂျ်သည် တွမ်ချန်းအတွက် စိုးရိမ်နေသည်။ တွမ်ချန်းသည် သူ့မိန်းမ ထွက်သွားပြီးကတည်းက တော်တော် စိတ်ဓာတ်ကျနေပုံရသည်။ စိတ်အခြေအနေလည်း ပုံမှန်မဟုတ်သလို ထင်ရသည်။

တစ်နေ့မနက်တုန်းက ပေ့ဂျ်နှင့်ဆုံတော့ သူက ပြောသည်။

"ဒီဆေးရုံက လူနာတွေ အများစုဟာ ကျွန်တော်တို့ မရှိရင် သေကုန်မှာပဲဗျ၊ ကျွန်တော်တို့မှာက သူတို့ရောဂါကို ပျောက်အောင်ကုပေးပြီး အသက်ရှည်စေနိုင်တဲ့ တန်ခိုးစွမ်းအားရှိတယ်"

နောက်တစ်နေ့ကျတော့ သူက ပြန်ပြော၏။

"ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် ညာနေကြတာဗျ၊ ကျွန်တော်တို့ မရှိရင်လည်း လူနာတွေ ပိုပြီးတောင် မြန်မြန် ရောဂါပျောက်ကင်းလိမ့်ဦးမယ်၊ ကျွန်တော်တို့က ငါတို့အနေနဲ့ ပြဿနာအားလုံး ဖြေရှင်းနိုင်ပါတယ် ဆိုပြီး ဟန်ဆောင်နေကြတဲ့ လူလိမ်တွေ ဖြစ်နေတယ်"

ပေ့ဂျ်က သူ့ကို တော်တော်ကြာကြာ စိုက်ကြည့်လေ့လာနေသည်။ ပြီးတော့မှ ...

"ဒါနဲ့ ဆိုင်း ဆီက ဘာသတင်းကြားသေးသလဲ"

"မနေ့က သူ့ကို ကျွန်တော် ဖုန်းဆက်တယ်၊ သူ ပြန်မလာတော့ဘူး၊ ကွာရှင်းပြတ်စဲမယ်တဲ့"

ပေ့ဂျ်က သူ့လက်မောင်းပေါ် လက်တင်လိုက်ပြီး ...

"ကျွန်မ စိတ်မကောင်းပါဘူး တွမ်"

www.burmeseclassic.com

www.burmeseclassic.com



တွမ်ချန်းက ပခုံးတွန့်လိုက်သည်။

"ဘာဖြစ်လို့လဲ၊ ကျွန်တော်တော့ ဘာမှမဖြစ်ပါဘူး၊ နောက်လည်း ဘာမှ မဖြစ်တော့ပါဘူး၊ နောက်တစ်ယောက် ရှာယူမယ်" သူက ပြုံးပြီး "ကလေးတစ်ယောက် ထပ်မွေးမယ်၊ ခင်ဗျား ကြည့်နေ"

တွမ်ချန်း မူမမှန်တော့၊ တောင်ရောက်မြောက်ရောက် စိတ်ကူးပေါ်ရာ လျှောက်ပြောနေသည်။

ထိုနေ့ည ပေ့ဂျ်က ကက်ကို ပြောသည်။

"ကျွန်မ တွမ်ချန်းအတွက် စိုးရိမ်မိတယ်၊ မင်း သူနဲ့ စကားပြောဖြစ်သေးလား"

"ပြောဖြစ်တယ်"

"သူ ပုံမှန်အနေအထား ရှိတယ်ထင်လား"

"ကျွန်မတော့ ဘယ်ယောက်ျားမှ ပုံမှန်အနေအထား မရှိဘူးလို့ထင်တယ်"

ပေ့ဂျ် ပို၍ စိုးရိမ်သွား၏။

"မနက်ဖြန်ည သူ့ခေါ်ပြီး အပြင်ထွက် ညစာ စားကြရအောင်"

"ကောင်းတယ်"

■

နောက်နေ့မနက် ပေ့ဂျ် ဆေးရုံရောက်တော့ သတင်းဆိုးနှင့် တိုးတော့သည်။ အောက်ထပ်ပစ္စည်းသိုလှောင်ခန်းထဲတွင် တွမ်ချန်း၏ အလောင်းကို သန့်ရှင်းရေးလုပ်သားက တွေ့ရှိရသည်။ အိပ်ဆေးတွေ အလွန်အကျွံ သောက်ပြီး သေဆုံးခြင်း ဖြစ်၏။

ပေ့ဂျ် အကြီးအကျယ် တုန်လှုပ်သွားသည်။ "သူ့ကို ကျွန်မ ကယ်ခဲ့ဖို့ကောင်းတယ်" သူ ပြောရင်း ငိုနေသည်။ "သူက တချိန်လုံး အကူအညီလိုနေတာ၊ အဲဒါကို ကျွန်မ သတိမပြုမိခဲ့ဘူး"

"သူ့ကို မင်းလည်း မကယ်နိုင်ပါဘူး ပေ့ဂျ်" ကက်က ပြောသည်။ "မင်းက ပြဿနာလည်း မဟုတ်ဘူး၊ အဖြေလည်း မဟုတ်ဘူး၊ သူက မိန်းမနဲ့ ကလေးမရှိရင် လူ့ပြည်မှာ မပျော်တော့တာ၊ အဲဒါ ရှင်းနေတာပဲ"

ပေ့ဂျ် မျက်ရည်သုတ်သည်။

"တရားခံက ဒီဆေးရုံ ... ဒီဆေးရုံပဲ၊ ဖိအားတွေ အလုပ်ချိန်တွေ မများရင် သူ့မိန်းမ သူ့ကို ပစ်သွားမှာ မဟုတ်ဘူး"

the bookhouse
we bring your future

www.burmeseclassic.com

"ဒါပေမဲ့ ပစ်သွားတာပဲ" ကက်က တည်ငြိမ်စွာ ပြော၏။ "အို ... ဒီအကြောင်း တွေးမနေပါနဲ့တော့၊ ပြီးသွားပြီပဲ ဗျာ"

■

ပေ့ဂျ်သည် တရုတ်အသုဘသို့ ယခင်က တစ်ခါမှ မတက်ရောက်ခဲ့ဖူး၊ ထူးထူးဆန်းဆန်း မြင်ကွင်းတစ်ခုပါပဲ။ တရုတ်တန်းရှိ မြစိမ်းရောင်လမ်း ရေခဲတိုက်တွင် နံနက်စောစော အသုဘအခမ်းအနား စတင်သည်။ အသုဘရှု ပရိသတ်များ အပြင်ဘက်တွင် စုရုံးနေကြသည်။ ရှေ့ဆုံးမှ တွမ်ချန်း၏ ဓာတ်ပုံကြီးကို ကိုင်ဆောင်ချီတက်သည်။ ယင်းနောက်မှ တီးဝိုင်းအဖွဲ့လိုက်ပြီး နောက်ဆုံးက အသုဘယာဉ်လိုက်သည်။

ဆန်ဖရန်စစ္စကိုမြို့ လမ်းမများတစ်လျှောက် တီးဝိုင်းအဖွဲ့က မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ချီတက်လာသည်။ အသုဘရှု ပရိသတ်အများစုက ခြေလျင်လျှောက်၍ လိုက်လာကြသည်။ သက်ကြီးရွယ်အိုတွေကတော့ ကားနှင့်လိုက်လာကြသည်။

အသုဘအခမ်းအနား တီးဝိုင်းသည် မြို့ကိုပတ်၍ ကြံရာကျပန်း ချီတက်နေသလို ထင်ရသည်။

"သူတို့ ဘယ်ကိုသွားနေကြတာလဲဟင်" ကက်က အနီးမှ လူတစ်ယောက်ကို မေးကြည့်သည်။

ထိုသူက မသိသာ ဦးညွှတ်လျက် ...

"ကျွန်တော်တို့ ထုံးစံအတိုင်း ကွယ်လွန်သူရဲ့ဘဝမှာ အရေးပါတဲ့နေရာတချို့ သွားရောက်ရတယ်၊ ဥပမာ ... သွားစားနေကျ စားသောက်ဆိုင်၊ သူဝယ်နေကျ ဈေးဆိုင်၊ သူသွားလည်တဲ့ နေရာတွေ"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

နောက်ဆုံး၌ အသုဘလူတန်းသည် အင်ဘာကေဒရိုဆေးရုံရှေ့တွင် ရပ်လိုက်၏။

စောစောကလူက ပေ့ဂျ်ဘက် လှည့်ပြီး ...

"ဒါက တွမ်ချန်း အလုပ်လုပ်ခဲ့တဲ့နေရာ၊ သူ စိတ်ချမ်းသာမှုရခဲ့တဲ့နေရာ"

*အဲဒါ မဟုတ်ဘူး၊ ပေ့ဂျ်က တွေးလိုက်သည်။ ဒီနေရာက သူ စိတ်ဆင်းရဲခဲ့ရတဲ့နေရာ။*

■

တစ်နေ့မနက် ဈေးလမ်းအတိုင်းလျှောက်တော့ အယ်လ်ဖရက်တန်နာကို ပေ့ဂျ် အမှတ်မထင် သွားတွေ့သည်။ သူ ရင်တွေပန်းတွေ တုန်နေသည်။ အယ်လ်ဖရက် ကို သူ မမေ့နိုင်သေး။ အယ်လ်ဖရက်သည် အချက်ပြမီးအပြောင်းတွင်

www.burmeseclassic.com
the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လမ်းကို ဖြတ်ကူးသည်။ ပေ့ဂျ် လမ်းထောင့်ရောက်တော့ မီးနီသွားသည်။ သူပြေးလိုက်သွားသည်။ ကားဟွန်းသံနှင့် ကားဆရာများ၏ ကျိန်ဆဲသံများကိုပင် ဂရုမစိုက်နိုင်တော့။

လမ်းတစ်ဘက်ရောက်တော့ အယ်လ်ဖရက်ကို မှီသည်။ ပေ့ဂျ်က သူ့လက်မောင်းကို ဖမ်းဆုပ်လိုက်ပြီး ...

''အယ်လ်ဖရက်''

တစ်ဘက်လူက ပြန်လှည့်ကြည့်သည်။ သူစိမ်းတစ်ယောက် ဖြစ်နေ၏။

''အို ... လူမှားသွားလို့ပါရှင်၊ တောင်းပန်ပါတယ်''

■

ယခုအခါ ပေ့ဂျ်နှင့် ကက်တို့သည် လုပ်သက်ကာလ လေးနှစ်တာရှိခဲ့ပြီ။ ခွဲစိတ်ကုသမှုကို ပုံမှန်ပြုလုပ်နေကြရပြီ။

ကက်က အများအားဖြင့် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုကို ပြုလုပ်၏။ ဦးခေါင်းခွံအတွင်း၌ ''နျူထရွန်'' ဟု ခေါ်သည့် ဒစ်ဂျစ်တယ်ကွန်ပျူတာ ကလေးပေါင်း ဘီလျံရာပေါင်းများစွာ ကွန်ရက်ဆက်တည်ရှိနေကြသည်ကို တွေ့ရသောအခါ ကက်အဖို့ အံ့သြမဆုံးနိုင်အောင် ဖြစ်ရသည်။ အလွန်စိတ်ဝင်စားမိသည်။

ကက်သည် အတူတွဲလုပ်သည့် ဆရာဝန် အများစုကို လေးစားကြည်ညိုသည်။ သူတို့က အလွန်တော်၊ အလွန်ကျွမ်းကျင်ကြ၏။ သို့သော်လည်း တချို့ဆရာဝန်တွေကတော့ ရမ္မက်မျက်လုံးဖြင့် ကြည့်ကြသည်။ သူတို့နှင့် 'တွဲ' ဖို့ စည်းရုံးကြသည်။ ကက်က ခေါင်းမာစွာ ငြင်းဆန်လေလေ သူတို့က ပို၍ 'သဲ' လေလေ ဖြစ်၏။

ဆရာဝန်တစ်ယောက်ကဆိုလျှင် ''ဟေး ... ဟိုမှာလာနေပြီ၊ သံမဏိဘောင်းဘီမ''ဟုတောင် မကြားတကြား ပြောလိုက်သေးသည်။

သူသည် တစ်ခါတစ်ရံတော့ ဆရာဝန်တွေနှင့် အပြင်ထွက်လည်တတ်သည်။ သို့ပေမဲ့ သူတို့နှင့် မချစ်မိအောင်တော့ အလွန်သတိထား၏။

အယ်လ်ဖရက်တန်နာသည် သူ့ကို အသည်းခွဲသွားခဲ့သည်။ ထို့နောက် နောက်တစ်ကြိမ် ထပ်ပြီး အခွဲမခံနိုင်တော့။

အများအားဖြင့် နေ့ရော၊ ညပါ ဆေးရုံ၌သာ အချိန်ကုန်သည်။ အလုပ်က လက်မလည်အောင် များသည်။ သူသည် များသောအားဖြင့် ခွဲစိတ်ကုသမှု လုပ်ရသည်။ သို့သော်လည်း သူ့အလုပ်တွင် သူပျော်နေ၏။

■

နောက်တစ်နေ့ မနက်တွင် ပေ့ဂျ်သည် ဒေါက်တာလောရင့်ဘာကာနှင့် တွဲဖက်၍ ရောင်းလှည့်ရန် တာဝန်ကျသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဘာကာ ကို လူတိုင်းသိသည်။ သူက ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး နှလုံးနှင့် သွေးကြောပါရဂူ တစ်ယောက်။ ဆော်ဒီအာရေဗျဘုရင်ကို ခွဲစိတ်ကုသပြီးနောက် ပြန်ရောက်လာသည်မှာ ရက်ပိုင်းသာရှိသေး၏။ သူသည် အင်ဘာကေဒရီဆေးရုံအုပ်ကြီး ဘင်ဂျာမင်ဝါလေ့၏ မိတ်ဆွေလည်းဖြစ်ပြီး တစ်ပတ်မှာ သုံးရက် လာကူညီရန် သဘောတူ သည်။

ပေ့ဂျ်သည် ကမ္ဘာကျော် သမားတော်ကြီးနှင့် တွဲလုပ်ရမည်ကို အလွန်ဝမ်းသာနေသည်။ စိတ်လည်း အလွန်လှုပ် ရှားနေ၏။

ပေ့ဂျ်တို့အုပ်စုသည် ဝါရင့်လက်ထောက်ဆရာဝန် ဂျိုးဖိလစ်နှင့်အတူ ဒုတိယထပ်စင်္ကြံတွင် ရပ်စောင့်နေကြသည်။

မကြာမီမှာပင် အရပ်ပုပု၊ မျက်နှာပေါက်ဆိုးဆိုးနှင့် လူတစ်ယောက် လျှောက်လာသည်။ သူတို့အနားရောက်တော့ သူက ...

"မင်းတို့ ဘာလို့ ရပ်နေကြတာလဲ၊ လာ ... သွားမယ်" သူက ရှေ့မှ လျှောက်သွားရင်း "မင်းတို့ တစ်နေ့ကို လူနာသုံးဆယ်၊ သုံးဆယ့်ငါးယောက်လောက် ရောင်းလှည့်ရမယ်၊ တစ်ယောက်စီအကြောင်းကိုလည်း မှတ်ချက်အပြည့်အစုံ ရေးရမယ်"

ပထမဆုံးလူနာမှာ အသက်လေးဆယ်အရွယ် ဖြစ်သည်။ ဒေါက်တာ ဘာကာက လူနာ၏ ပခုံးပေါ် လက်တင်ရင်း

"ဒီနေ့မနက် ဘယ်လိုနေသလဲ"

"ရင်ဘတ်တွေ အောင့်နေတယ်ဆရာ"

ဒေါက်တာဘာကာက မှတ်တမ်းကတ် ယူကြည့်ပြီးနောက် ဒေါက်တာ ဖိလစ်ဘက်လှည့်၍ ...

"သူ့ ဓာတ်မှန်မှာ ဘာပြသလဲ"

"အပြောင်းအလဲမရှိဘူးဆရာ၊ အခြေအနေ တဖြည်းဖြည်း တိုးတက်နေပါတယ်"

"နောက်တစ်ကြိမ် 'စီဘီစီ' ထပ်လုပ်ဦး"

ဒေါက်တာဖိလစ်က လိုက်မှတ်သည်။

ဒေါက်တာဘာကာက လူနာ၏ လက်မောင်းကို ပုတ်ကာ ပြုံးရင်း ...

"နေကောင်းသွားမှာပါ၊ တစ်ပတ်အတွင်း ဆင်းရတော့မယ်"

နောက်တစ်ယောက်မှာ အလွန်ဝသည့် မိန်းမကြီးဖြစ်၏။ သူ့ကို လျှပ်စစ်နှလုံးထိန်းစက် တပ်ပေးထားသည်။

ဒေါက်တာဘာကာက မှတ်တမ်းကတ်ကြည့်ပြီးနောက် ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မစွက်ရှယ်ဘီ ... နေကောင်းရဲ့လား၊ ကျွန်တော် ဒေါက်တာ ဘာကာပါ"

"ဒေါက်တာက ကျွန်မကို ဒီနေရာမှာ ဘယ်လောက်ကြာကြာ ထားဦးမှာလဲ"

"ခင်ဗျားက ရုပ်ချောတော့ ကျွန်တော်က ခင်ဗျားကို အကြာကြီးထားချင်တာပေါ့၊ ဒါပေမဲ့ ခက်တာက ကျွန်တော့်မှာ မိန်းမရှိနေတယ်"

မစွက်ရှယ်ဘီက သဘောကျပြီး တခစ်ခစ် ရယ်သည်။

"ဒေါက်တာ့မိန်းမက သိပ်ကံကောင်းတာပဲ"

ဒေါက်တာဘာကာက ကတ်ကို ပြန်ကြည့်ပြီး ...

"ဆေးရုံကဆင်းဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ ဒါပေမဲ့ ညနေကျတော့ ကျွန်တော် တစ်ကြိမ် လာကြည့်ပါဦးမယ်"

တတိယလူနာကတော့ တစ်ဝက်သီးသန့်ခန်းမှ ဗွာတီမာလာနိုင်ငံသားကလေး ဖြစ်သည်။ မိသားစုပါ ရှိနေကြသည်။

"နေကောင်းရဲ့လား ယွှန်"

"ဟုတ်ကဲ့ ကောင်းပါတယ်"

ဒေါက်တာဘာကာမှ ဒေါက်တာဖိလစ်ဘက် လှည့်၍ ...

"အီလက်ထရိုလိုက်မှာ အပြောင်းအလဲရှိသလား"

"မရှိဘူးဆရာ"

"ကျွန်မ သားလေး ဘယ်တော့လောက် နေကောင်းပါ့မလဲ ဒေါက်တာ"

အမေဖြစ်သူက စိုးရိမ်တကြီးနှင့် မေးသည်။ ဒေါက်တာ ဘာကာက ပြုံးလျက် ...

"သိပ်မကြာနိုင်ပါဘူး၊ ကျွန်တော်တို့ ကြိုးစားပြီး ကုနေပါတယ်"

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်"

ပြန်ထွက်လာတော့ စင်္ကြံလမ်းတွင် ရယ်လျက် ဒေါက်တာဘာကာက ပြောသည်။

"ဒီကလေးက နှလုံးရောင်တယ်၊ မကြာခဏ တုန်ဖျား ဖျားတယ်၊ ခေါင်းကိုက်တယ်၊ ဖောရောင်တယ်၊ ကဲ မင်းတို့ လူတော်တွေ ဘာရောဂါလဲဆိုတာ ပြောကြစမ်း"

အားလုံး တိတ်ဆိတ်နေကြသည်။ ပေ့ဂျ်က မရဲတရဲဖြင့် ...

"ဝမ်းတွင်းပါ မျိုးဆက်ရောဂါလို့ ထင်ပါတယ်"

ဒေါက်တာဘာကာက ခေါင်းညိတ်သည်။

bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က ဆက်ပြီး "သူ ... သူက မျိုးဆက်တစ်ဆက်ကျော် ... ကျော်ပြီး မိခင်ရဲ့ မျိုးဗီဇကြောင့် ပြန့်ပွားသွားတယ်"

ဒေါက်တာဘာကာက ပေ့ဂျ်ကို စိုက်ကြည့်လိုက်ပြီး ...

"သောက်တလွဲပဲ၊ ဒါက ရှုဂါရောဂါလို့ခေါ်တယ်၊ လက်တင်အမေရိကနိုင်ငံတွေမှာဖြစ်တာ၊ ဒါနဲ့ မင်းကို ဆရာဝန်လို့ ဘယ်သူက ပြောတာလဲ" သူ့မျက်နှာက တင်းမာလျက် ... ။ ပေ့ဂျ် မျက်နှာ နီရဲသွားသည်။

နောက်ထပ် ရောင်းလှည့်တာတွေကို ပေ့ဂျ် လုံးဝစိတ်မဝင်စားတော့။ ဒေါက်တာဘာကာက သူ့တစ်ယောက်တည်း ကိုသာ မဲပြီး တုမင်နှိမ်နေသလား ထင်ရ၏။ ပေ့ဂျ်က အမှန်ဖြေတော့ ဒေါက်တာက ဘာမှမပြော၊ အမှားဖြေတော့ အားအော်ဟောက်သည်။ တစ်နေရာတွင် ပေ့ဂျ် မှားသွားသည်။ ဒေါက်တာက အော်ပြောသည်။

"ဒီအတိုင်းဆိုရင် ငါ့ခွေးကိုတောင် မင်းကို ခွဲခိုင်းလို့ မဖြစ်ဘူး"

နောက်ဆုံး ရောင်းလှည့်ပြီးသွားတော့ ဝါရင့်လက်ထောက်ဖိုလစ်က ပြောသည်။

"တို့အားလုံး နှစ်နာရီထပ်ပြီး ရောင်းလှည့်မယ်၊ မှတ်စုစာအုပ်တွေ ယူလာခဲ့ကြ၊ လူနာတစ်ယောက်စီ အသေးစိတ် ရေးမှတ်၊ ဘာမှ မကျန်စေနဲ့"

သူက ပေ့ဂျ်အား ကြင်နာမျက်လုံးဖြင့်ကြည့်ပြီး တစ်ခုခုပြောမလို့ လုပ်ပြီးမှ ပြန်လှည့်၍ ဒေါက်တာဘာကာနောက် ပြေးလိုက်သွား၏။

*အဲဒီ သရဲကြီးကို နောက်ထပ် လုံးဝ မြင်တောင် မမြင်ချင်တော့ဘူးဟု ပေ့ဂျ်က တွေးမိသည်။*

■

နောက်နေ့ညတွင် ပေ့ဂျ်ကို အရေးပေါ်ခေါ်သည်။ သူသည် အရေးပေါ်အခန်းတွင် တင်းကျပ်းပြည့်နေသည့် လူနာများအား တစ်ယောက်ပြီးတစ်ယောက် မနားတမ်း စမ်းသပ်စစ်ဆေးခဲ့ရ၏။

နံနက်တစ်နာရီတွင် သူ တုံးခနဲ အိပ်ပျော်သွားသည်။ ဆေးရုံအရေးပေါ်ဌာနရှေ့သို့ လူနာတင်ယာဉ် ဥသြသံပေး၍ ဆူဆူညံညံ ဝင်လာသံကို သူမကြား။ ရှေးဦးသူနာပြုနှစ်ယောက်က လူနာကို လူနာတင်ယာဉ်မှ လက်တွန်းခုတင်ပေါ်သို့ ပြောင်းတင်လိုက်ကြသည်။ ထို့နောက် အရေးပေါ်ဌာနသို့ အပြေးတွန်းလာခဲ့ကြ၏။

ရေဒီယိုတယ်လီဖုန်းဖြင့် ကြိုတင်သတင်းပေးထားပြီးဖြစ်၍ အရေးပေါ် ဝန်ထမ်းများက အရန်သင့်စောင့်နေကြပြီး ဖြစ်သည်။ လူနာကို တစ်မိနစ်အတွင်း စမ်းသပ်စားပွဲပေါ်သို့ ပြောင်းတင်လိုက်သည်။

လူနာမှာ လူငယ်ဖြစ်သည်။ သို့သော်လည်း တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံနေသောကြောင့် ရုပ်ရည်ကို ခန့်မှန်း၍မရ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူနာပြု ဆရာမတစ်ယောက်က လူနာ၏ အဝတ်အစားများကို ကတ်ကြေးကြီးဖြင့် ညှပ်ဖွင့်လိုက်သည်။

"တစ်ကိုယ်လုံး ကျိုးပဲ့နေသလိုပဲ"

"သွေးတွေလည်း အရမ်းလွန်နေတယ်"

"သွေးခုန်နှုန်းလည်း စမ်းလို့မရဘူး"

"တာဝန်ကျဆရာဝန် ဘယ်သူလဲ"

"ဒေါက်တာတေလာ"

"အမြန်ခေါ်ပါ၊ သူမြန်မြန်လာမှ လူနာအသက်ရှင်မယ်"

■

"ကလင် ... ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းသံကြောင့် ပေ့ဂျ် နိုးလာသည်။

"ဟဲလို"

"အရေးပေါ်အခန်း (၁)၊ အသည်းအသန်လူနာ၊ အမြန်လာပါ"

တစ်မိနစ်အကြာတွင် ပေ့ဂျ်ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ"

"မော်တော်ဆိုင်ကယ်တိုက်တာ၊ သူ့ကို ကားက ဝင်တိုက်တာ၊ သူ့မှာ ဦးထုပ် မပါဘူး"

ပေ့ဂျ်သည် မေ့မြောနေသည့် လူနာနားသို့ ကပ်လာသည်။ လူနာ့မျက်နှာကို မမြင်ရသေးဘဲနှင့် သူက တစ်ခုခုကို သိလိုက်ပြီ။

သူ ချက်ချင်းသတိဝင်လာသည်။

"သွေးသွင်း၊ အောက်ဆီဂျင်ပေး၊ သွေးစစ်၊ မြန်မြန်လုပ်"

"သိတယ်" ပေ့ဂျ်က မနည်းအားတင်းပြီး ပြောရသည်။ "သူ့နာမည်က ဂျင်မီဖို့"

ပေ့ဂျ်သည် ဂျင်မီဖို့ကို ကယ်တင်နိုင်ရေးအတွက် နှစ်နာရီတိတိ အချိန်ပေး၍ လိုအပ်သမျှ လုပ်ပေးသည်။ ခေတ်မှန်တွင် ဦးခေါင်းခွံ အက်နေသည်။ ဦးနှောက်အတွင်း ကြေသွားသည်။ လက်မောင်းတစ်ဖက် ကျိုးသွားသည်။ စုတ်ပြတ်ပေါက်ပြဲဒဏ်ရာတွေ ပြည့်နှက်နေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နံနက် ၃ နာရီခွဲတွင် လူနာအတွက် လုပ်သင့်သမျှ အစွမ်းကုန်လုပ်ပြီးပြီဟု ပေ့ဂျ် ဆုံးဖြတ်လိုက်သည်။ လူနာ အသက်ရှူနေသည်။ သွေးခုန်နှုန်းလည်း ကောင်းသည်။ မေ့မြောနေသည့် လူနာကို ပေ့ဂျ် ငုံ့ကြည့်လိုက်သည်။

*ကျွန်တော်တို့ ကလေးတွေ ဒါဇင်ဝက်လောက်မွေးမယ်၊ ပထမဆုံးမွေးတဲ့ သမီးလေးကို "ပေ့ဂျ်" လို့ နာမည် ပေးမယ်၊ ခင်ဗျား စိတ်မဆိုးပါဘူးနော်။*

"အပြောင်းအလဲ တစ်ခုခုရှိရင် ကျွန်မကိုခေါ်ပါ"

"မပူပါနဲ့ ဒေါက်တာ" သူနာပြုဆရာမတစ်ယောက်က ပြောသည်။ "သူ့ကို ကျွန်မတို့ အထူးဂရုစိုက်ပါ့မယ်"

■

ပေ့ဂျ်သည် အရန်သင့်တာဝန်ကျအခန်းသို့ ပြန်လာခဲ့သည်။ တစ်ကိုယ်လုံး ခွေနုံးနေသည်။ ဂျင်မီဖို့အတွက် စိုးရိမ်စိတ်ကြောင့် တစ်မှေးမှ အိပ်၍ မရခဲ့။

တယ်လီဖုန်းမြည်လာသည်။ ဖုန်းကို ကောက်ကိုင်နိုင်သည့် အင်အားပင် မရှိတော့သလို ထင်ရ၏။

"ဒေါက်တာ ... တတိယထပ်ကို အမြန်လာပါ၊ ဒေါက်တာဘာကာရဲ့ လူနာတစ်ယောက် နှလုံး ထနေပါတယ်"

"လာပါပြီ" ပေ့ဂျ်က ပြန်ပြောလိုက်သည်။ *ဒေါက်တာဘာကာရဲ့လူနာ၊* ပေ့ဂျ် သက်မ ချလိုက်၏။ ကမန်းကတန်း မျက်နှာသစ်ပြီး တတိယထပ်သို့ သုတ်ခြေတင်လာခဲ့သည်။

သီးသန့်ခန်း အပြင်ဘက်တွင် သူနာပြုဆရာမတစ်ယောက် စောင့်နေသည်။

"မစ္စက်ဟန်းတဲ့၊ နှလုံးရောဂါ ၊ ပြန်ထပုံရတယ်"

မစ္စက်ဟန်းမှာ အသက် ၅၀ ကျော်ပြီ၊ မျက်နှာတွင် တစ်ချိန်တုန်းက အလှတွေ ကျန်နေသေးသည်။ သူက ရင်ဘတ်ကို လက်နှင့်အုပ်ပြီး အော်ညည်းနေသည်။

"ကျွန်မ သေတော့မယ်၊ သေတော့မယ်၊ အသက်မရှူနိုင်တော့ဘူး"

"ကောင်းသွားမှာပါ" ပေ့ဂျ်က ပြောလိုက်သည်။ သူနာပြုဆရာမဘက်လှည့်၍ 'အီးကေဂျီ' လုပ်ပြီးပလား"

"သူက အထိမခံဘူး၊ သူ သိပ်ကြောက်နေတယ်တဲ့"

"အီးကေဂျီလုပ်ရမယ်"

"မလုပ်ပါနဲ့၊ ကျွန်မ မသေချင်ဘူး၊ ကျေးဇူးပြု၍ ကျွန်မကို သေအောင် မလုပ်ပါနဲ့"

"ဒေါက်တာဘာကာကို ခေါ်လိုက်ပါ၊ ခုချက်ချင်းလာခဲ့ဖို့ ပြောပါ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ ပြေးထွက်သွားသည်။

ပေ့ဂျ်က လူနာ၏ ရင်ဘတ်ကို နားကြပ်နှင့် စမ်းသပ်သည်။ နားထောင်ကြည့်သည်။ နှလုံးခုန်နှုန်းက ပုံမှန်ပင်၊ သို့သော်လည်း ပေ့ဂျ်က ဒေါက်တာဘာကာကိုကျော်၍ တစ်စုံတစ်ရာလုပ်ရန် မကြိုးစား။

"ဒေါက်တာဘာကာ မကြာခင်ရောက်လာမှာပါ၊ စိတ်ကိုလျှော့ပြီး သက်သာအောင်နေပါ"

"ကျွန်မ ဒီလောက် တစ်ခါမှ မခံစားရဖူးဘူး၊ ရင်ဘတ်က အရမ်းလေးနေတယ်၊ ကျွန်မကို ပစ်မသွားပါနဲ့ ဒေါက်တာ"

"စိတ်ချပါ၊ ပစ်မသွားပါဘူး"

ဒေါက်တာဘာကာအလာကို စောင့်ရင်း ပေ့ဂျ်က အသည်းအသန်လူနာခန်းသို့ ဖုန်းလှမ်းဆက်သည်။ ဂျင်မီဖို့၏ အခြေအနေက ပြောင်းလဲမှုမရှိ၊ သတိမေ့နေဆဲပင်။

နာရီဝက်ခန့်ကြာမှ ဒေါက်တာဘာကာ ရောက်လာ၏။ အဝတ်အစားကို ကမန်းကတန်း ဝတ်လာပုံပေါက်သည်။

"ဘာဖြစ်နေသလဲ"

"မစ္စက်ဟာန်းက နောက်ထပ်နှလုံးရောဂါ ပြန်ဖောက်တယ် ထင်ပါတယ် ဆရာ"

ဒေါက်တာက လူနာစုတင်နား ကပ်လာပြီး ...

"အီးကေဂျီ လုပ်ပြီးပလား"

"သူက အလုပ်မခံပါဘူး"

"သွေးခုန်နှုန်း ဘယ်လိုနေသလဲ"

"ပုံမှန်ပါပဲ၊ အဖျားလည်း မရှိပါဘူး"

ဒေါက်တာဘာကာက မစ္စက်ဟာန်း၏ ကျောကုန်းကို နားကြပ်နှင့် ထောက်ပြီး ...

"အသက်ပြင်းပြင်းရှူပါ"

မစ္စက်ဟာန်းက ပြင်းပြင်းရှူသည်။

"ထပ်ရှူပါဦး"

မစ္စက်ဟာန်းက အသံအကျယ်ကြီး လေချဉ်တက်သည်။ "ခွင့်လွှတ်ပါရှင်" သူက ပြုံးပြီး "အမယ်လေး ... နေလို့ကောင်းလိုက်တာ"

ဒေါက်တာဘာကာက အကဲခတ်ကြည့်နေသည်။ ပြီးတော့မှ ...

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ညစာ ဘာတွေစားသလဲ"

"ဟန့်ဘာဂါ တစ်ခုစားတယ်"

"တစ်ခုပဲလား၊ တစ်ခုပဲစားသလား"

"နှစ်ခု"

"တခြားကော ဘာတွေစားသေးသလဲ"

"ဩော် ... ဟုတ်ကဲ့၊ ကြက်သွန်ကြော်၊ ဖရန့်ချ်ဖရိုက်"

"သောက်ကော ဘာသောက်သလဲ"

"ချော့ကလက် မစ်ရှိတ်"

ဒေါက်တာက လူနာကိုကြည့်ပြီး ...

"ခင်ဗျား နှလုံးက ကောင်းပါတယ်၊ ကျွန်တော်တို့က ခင်ဗျား အစားများတာကိုသာ စိုးရိမ်တာ" မေ့ဂျ်ဘက်လှည့်၍ "ဒီကေ့စ်က ရင်ပူရင်ဆာနာပဲ၊ တို့ အပြင်မှာ တွေ့ကြရအောင်"

စင်္ကြံလမ်းရောက်တော့ ဒေါက်တာဘာကာက သဲကြီးမဲကြီး ကြိမ်းပါလေတော့သည်။

"မင်းကို မင်းတို့ဆေးကျောင်းက ဘာတွေသင်ပေးလိုက်သလဲ၊ နှလုံးရောဂါနဲ့ ရင်ပူရင်ဆာနာကိုတောင် ခွဲခြားမသိဘူးလား"

"ကျွန်မထင်တာက ... "

"ပြဿနာက မင်း အသုံးမကျတာပဲ၊ နောက်ကို ရင်ပူနာအတွက် ညသန်းခေါင်လောက်မှာ ငါ့ကို အိပ်ပျက်အောင် လုပ်ရင်တော့ မင်းမလွယ်ဘူးသာမှတ်၊ နားလည်လား"

မေ့ဂျ်က တောင့်တောင့်ကြီး ရပ်နေသည်။ သူ့မျက်နှာက တင်းမာလျက်။

"သူ့ကို အန်တာစစ်တိုက်လိုက်ပါ ဒေါက်တာ" ဒေါက်တာဘာကာက သရော်တော်တော်သံဖြင့် ပြောလိုက်သည်။ "အဲဒါဆို သူ့ရောဂါ ကောင်းသွားလိမ့်မယ်၊ ၆ နာရီ ရောင်းလှည့်ချိန် ပြန်ဆုံမယ်"

သူ ဝုန်းခနဲ ပြန်ထွက်သွားသည်ကို မေ့ဂျ် ငေးကြည့်ကျန်ရစ်၏။

မေ့ဂျ်သည် အရန်သင့်ခန်း ခေါက်ခုတင်ပေါ်တွင် ပစ်လှဲလိုက်သည်။

*ငါ သူ့ကို သတ်ချင်တယ်၊ ဖြည်းဖြည်းညှင်းသတ်မယ်၊ သူ့တစ်ကိုယ်လုံး အပ်တွေ တစ်ဒါလင်လောက် စိုက်ထားမယ်၊ ဝေဒနာကို အကြာကြီးခံစားရပြီးတော့မှ သေစေမယ်။*

■

the bookhouse we bring your leisure
www.burmeseclassic.com

www.burmeseclassic.com

ပေ့ဂျ်သည် ''သရဲကြီး'' ဟူ၍ နာမည်ပေးထားသည့် ဒေါက်တာလော့ရင့်ဘာကာနှင့် နောက်ပိုင်းတွင်လည်း မကြာမကြာ တွဲနေရသည်။ လူနာရောင်းလှည့်ရာတွင်သာမက ခွဲစိတ်ရာတွင်လည်း တွဲရ၏။ နှစ်မျိုးစလုံးတွင် ပေ့ဂျ်က အမှန်ပြော၊ အမှန်လုပ်ပေမဲ့ ဘာကာ က အကောင်းမမြင်။ တစ်နည်းနည်းဖြင့် အကြောင်းရှာပြီး အမြဲတမ်း ဆူပူကြိမ်းမောင်း၏။ အပြစ်တင်၏။ ကြာတော့ ပေ့ဂျ်မှာ သည်းမခံနိုင်တော့။ ဒေါသထွက်လာမိတော့သည်။ တစ်ခါတစ်ရံ ဒေါသစိတ်ကို မထိန်းနိုင်သည့်အခါ ''သေခြင်းဆိုးကြီး၊ မြန်မြန် သေပါစေ'' ဟုပင် ကျိန်ဆဲမိ၏။

သို့ပေမဲ့ ဒေါက်တာဘာကာ၏ အံ့ဘနန်း သမ္မာနှင့် ကျွမ်းကျင်မှုကိုတော့ ပေ့ဂျ် က အလေးအနက် လေးစားသည်။ သူ့ မျက်စိအောက်တွင် ဒေါက်တာဘာကာသည် လူနာ၏ ရင်ဘတ်ကို ဖွင့်ပြီး နှလုံးဟောင်းကို ထုတ်ယူသည်။ အလှူရှင်၏ နှလုံးသစ်ကို အစားထိုး ထည့်သွင်းသည်။ ထို့နောက် ခွဲစိတ်ဒဏ်ရာကို ပြန်ချုပ် သည်။ ငါးနာရီပင် မကြာလိုက်။ အောင်မြင်စွာ ခွဲစိတ်ပြီးစီးသွား၏။

*ဒါကြောင့်လည်း ဒေါက်တာဘာကာ ကမ္ဘာကျော်တာပေါ့။*

■

အခန်း-၁၅-

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေပိုင်း ရောင်းလှည့်တာဝန်ခံအဖြစ် ပေ့ဂျ်ဆောင်ရွက်ရသည်။ စင်္ကြံလမ်းတွင် ဝါရင့်လက်ထောက် ဆရာဝန် ကက်ပလန်နှင့် ဆုံသည်။ ကက်ပလန်က ပြုံးလျက် ...

"ဒီနေ့ မင်းကံကောင်းတဲ့နေ့ပဲ၊ ဆေးကျောင်းသားသစ်တစ်ယောက် ရောင်းလှည့်ဖို့ ရောက်နေတယ်"

"ဘယ်သူပါလိမ့်"

"ဆေးရုံအုပ်ကြီးရဲ့ တူတော်မောင်တဲ့၊ သူ့ကို နောက်ဆုံးနှစ်ကျောင်းက မောင်းထုတ်လိုက်တယ်၊ အဲဒါနဲ့ တို့ဆီ ရောက်လာတာ၊ ဒီနေ့ သူ့ကို မင်းနဲ့ တွဲဆင်းခိုင်းတယ်"

"ကျွန်မမှာ သူ့ကို သင်ပြနေဖို့ အချိန်မရှိဘူး"

"မရှိလို့မဖြစ်ဘူး၊ လိမ္မာစမ်းပါ၊ ဒေါက်တာဝါလေ့က မင်းကို အမှတ်ကောင်းကောင်း ပေးမှာပေါ့"

ကက်ပလန် လှည့်ထွက်သွားသည်။

ပေ့ဂျ်က သက်မတစ်ချက် ချလိုက်ပြီးတော့ ရောင်းလှည့်အလုပ်သင် ဆရာဝန်သစ်များရှိရာသို့ လျှောက်လာခဲ့သည်။ *ဘယ်မှာလဲ အဲဒီလူ။* ပေ့ဂျ်က နာရီကြည့်လိုက်သည်။ *သုံးမိနစ်နောက်ကျနေပြီ။ သူ့ကို တစ်မိနစ် အချိန်ပိုပေးဦး မယ်၊ အဲဒါမှ ရောက်မလာရင်တော့ မလွယ်ဘူး။*

သူလာနေပြီ၊ အရပ်မြင့်မြင့်၊ ခပ်နွဲ့နွဲ့ပုံစံနှင့်၊ သူ အမြန်ပြေးလာသည်။ မောကြီးပန်းကြီးနှင့် တောင်းပန်သည်။

"ခွင့်လွှတ်ပါ၊ ဦးကြီးက ကျွန်တော့်ကို ... "

"ရှင် နောက်ကျနေတယ်" ပေ့ဂျ်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ တောင်းပန်ပါတယ်၊ ကျွန်တော် ... "

"ကိစ္စမရှိပါဘူး၊ ရှင့်နာမည် ဘယ်သူလဲ"

"ဂျက်ဆင်ကာတစ်" သူ စပို့ရှပ်ဝတ်ထားသည်။

"ရှင့် ဝှိုက်ကုတ် ဘယ်မှာလဲ"

"ဟင် ... ကျွန်တော့်ဝှိုက်ကုတ် ... ဟုတ်လား"

"ရောင်းလှည့်ရင် ဝှိုက်ကုတ်ဝတ်ရတယ်ဆိုတာ ရှင့်ကို ဘယ်သူမှ မပြောဘူးလား"

"ဟင့်အင်း ... မပြောဘူး"

"ဒါဆို သူနာပြုချုပ်ရုံးကိုသွား၊ အဲဒီမှာတောင်း၊ မှတ်တမ်းစာအုပ်လည်း မပါဘူးလား"

"မပါဘူး"

"ကဲ ... ပြီးတော့ အဆောင် (၁) ကို လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်နှင့် အခြားသူများထွက်လာတော့ ဂျက်ဆင်ကာတစ် ရပ်ပြီး ငေးကြည့်ကျန်ရစ်၏။

တတိယလူနာကို ရောင်းလှည့်နေချိန်တွင်မှ သူအပြေးရောက်လာသည်။ ပို့က်ကုတ် ဝတ်လာသည်။ ထိုအချိန်တွင် ပေ့ဂျ်က "... နှလုံးအသားပိုဟာ ပရိုင်မရီလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ရှားတယ်၊ ဆက်ကင်းဒရီလည်း ဖြစ်နိုင်တယ်၊ ပိုပြီးအဖြစ်များတယ်" ဟု ရှင်းပြနေ၏။

သူက ကာတစ်ဘက်လှည့်ပြီး ...

"အသားပို သုံးမျိုးကို ပြောပြနိုင်မလား"

"ကျွန်တော် ... မ ... မ..."

"အက်ပီကာဒီယယ်၊ မိုကာဒီယယ်၊ အင်ဒိုကာဒီယယ် ဆိုပြီး သုံးမျိုးရှိတယ်"

ကာတစ်က ပြုံးပြီး ...

"တော်တော်စိတ်ဝင်စားစရာ ကောင်းတာပဲ"

*ဘုရားရေ ... ဒေါက်တာဝါလေ့တ္တူဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒီမောင်ကိုတော့ အမြန်ဆုံး မောင်းထုတ်ပစ်ရမှာပဲ။*

နောက်လူနာတစ်ယောက်ဆီသို့ ရောက်လာကြသည်။ ပေ့ဂျ်က စမ်းသပ်ကြည့်ပြီးနောက် အဖွဲ့ဝင်များအား စကြီ လမ်းသို့ ခေါ်လာသည်။

"ဒီလူနာက သိုင်းရွိုက်အကျိတ်ရောင်တယ်၊ အဖျားရှိတယ်၊ နှလုံးတုန်တယ်၊ ဒါက ခွဲစိတ်ပြီးမှဖြစ်တာ" ကာတစ်ဘက်လှည့်ပြီး "အဲဒါကို ဘယ်လို ကုသမလဲ"

ကာတစ်က ခဏစဉ်းစားနေပြီးတော့မှ ...

"ညင်ညင်သာသာ ကုသရပါမယ်"

ပေ့ဂျ်က စိတ်ကို မနည်းထိန်းပြီး ...

"ရှင်က သူ့အမေ မဟုတ်ဘူး၊ သူ့ဆရာဝန်၊ သူ့ကို အိုင်စီအိုင်အိုဒင်း သွင်းရမယ်၊ အန်တီသိုင်းရွိုက်ဆေးပေး ရမယ်၊ စိတ်ငြိမ်ဆေး ကျွေးရမယ်"

ကာတစ်က ခေါင်းညိတ်ပြီး "အဲဒါ မှန်ပါတယ်"

နောက်ထပ် ရောင်းလှည့်တော့လည်း အခြေအနေက ပိုပြီးသာဆိုးလာသည်။ ရောင်းလှည့်ပြီးသောအခါ ပေ့ဂျ်က ကာတစ်ကို ဘေးသို့ခေါ်ပြီး ...

"ကျွန်မ ပြောင်ပြောရင် ရှင် စိတ်ဆိုးမှာလား"

"မ ... မဆိုးပါဘူး၊ ကျွန်တော် လက်ခံပါတယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင် နောက်အလုပ်တစ်ခုရှာပါ"

ကာတစ်က မျက်ခုံးချီလိုက်ပြီး ...

"ဒေါက်တာက ကျွန်တော် ဒီအလုပ်နဲ့ မထိုက်တန်ဘူးလို့ ပြောချင်တာလား"

"ဟုတ်ပါတယ်၊ ရှင် ဒီအလုပ်ကို စိတ်မဝင်စားပါဘူး"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ လုပ်ရတာလဲ"

"အမှန်အတိုင်းပြောရရင် အတင်းလုပ်ခိုင်းလို့ပါ"

"ဒါဆို ရှင့်ဦးကြီး ဒေါက်တာဝါလေ့ကို ပြောလိုက်၊ သူလုပ်တာ မှားတယ်လို့၊ ရှင့်အနေနဲ့ သက်မွေးမှုအတွက် အခြားလုပ်ငန်းတစ်ခု ပြောင်းလုပ်သင့်တယ်"

"အခုလို စေတနာနဲ့ပြောပြတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဒီနေ့အားရင် ညစာကျွေးပါရစေလား၊ ထပ်ပြီး ဆွေးနွေးရအောင်လေ"

"ဘာမှ ထပ်ပြီး ဆွေးနွေးစရာမလိုဘူး၊ ရှင့်ဦးကြီးကိုသာ ကျွန်မ ပြောတာကို ပြောပြပါ"

ထိုအခိုက် ဒေါက်တာဝါလေ့ ပေါက်ချလာသည်။

"ဟော ... ဂျက်ဆင်၊ မင်းကို ငါလိုက်ရှာနေတာ" ပေ့ဂျ်ဘက်လှည့်ပြီး "မင်းတို့ချင်း တွေ့ပြီးပြီ ထင်တယ်"

"ဟုတ်ကဲ့ ... တွေ့ပြီးပါပြီ" ပေ့ဂျ်က ခပ်တည်တည် ပြောလိုက်၏။

"ကောင်းတယ်၊ ဂျက်ဆင်က ဆောက်လက်စ ဆေးရုံအဆောင်သစ်အတွက် ဒီဇိုင်းတာဝန်ခံ ဗိသုကာပဲ"

ပေ့ဂျ် ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

"ဘာ ... သူ ... ဗိသုကာ"

"ဟုတ်တယ်၊ မင်းကို သူ မပြောပြဘူးလား"

ပေ့ဂျ်မျက်နှာတစ်ပြင်လုံး နီရဲသွား၏။ *ရောင်းလှည့်ရင် ပွိုက်ကုတ်ဝတ်ရတယ်ဆိုတာ ရှင့်ကို ဘယ်သူမှ မပြောဘူးလား၊ ရှင် ဒီအလုပ်ကို စိတ်မဝင်စားပါဘူး၊ ဟုတ်ပါတယ်၊ ဒါဖြင့် ဘာဖြစ်လို့ လုပ်ရတာလဲ၊ အမှန်အတိုင်းပြောရရင် အတင်းလုပ်ခိုင်းလို့ပါ။*

ပေ့ဂျ် မြေခေါင်းထဲသာ တွားဝင်လိုက်ချင်တော့သည်။ တကယ်တော့ ဂျက်ဆင်က သူ့ကို အရူးလုပ်လိုက်ခြင်း ဖြစ်၏။

"ရှင် ဘာလုပ်တယ်ဆိုတာ ကျွန်မကို ဘာလို့မပြောတာလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူက စပ်ဖြဲဖြဲနှင့် ...

"ဒေါက်တာက ကျွန်တော့်ကို အခွင့်အရေးမှ မပေးတာဘဲ"

"သူက ဘာအခွင့်အရေးမပေးတာလဲ" ဒေါက်တာဝါလေ့က ဖြတ်မေးသည်။

"ကဲ ... ကျွန်မကို ခွင့်ပြုပါဦး"

"ညစာ ဘယ်လိုလဲ"

"မစားနိုင်ဘူး၊ အလုပ်များနေတယ်"

ပေ့ဂျ် လှည့်ထွက်သွားသည်။

ဂျက်ဆင်က တမက်တမော လှမ်းကြည့်ကျန်ရစ်ရာမှ ...

"တကယ့် အမျိုးသမီးပဲ"

"ဟုတ်တယ်ကွဲ့၊ တကယ့်အမျိုးသမီးပဲ၊ ကဲ ... ဒီဖိုင်းသစ်ကိစ္စပြောရအောင် ငါ့ရုံးခန်းသွားကြမယ်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

ဒါပေမဲ့ သူ့စိတ်ကတော့ ပေ့ဂျ် ဆီ ရောက်နေ၏။

■

ဇူလိုင်လ ဖြစ်သည်။ ဤလသည် အမေရိကန်တစ်ပြည်လုံးရှိ ဆေးရုံများအဖို့ ၁၂လမြောက် နှစ်ပတ်လည် လဖြစ်၏။ ဆရာဝန်စစ်စစ်ဖြစ်ရေးအတွက် လက်တွေ့သင်တန်းဆင်းရန် အလုပ်သင်ဆရာဝန်သစ်တွေ ရောက်လာကြသည်။

သူနာပြုဆရာမကလေးတွေက အလုပ်သင်ဆရာဝန်သစ်တွေကို မျှော်နေကြသည်။ ဖူးစာဆုံလျှင် ဆရာဝန်ချစ်သူသို့မဟုတ် ဆရာဝန်ချစ်လင် ရနိုင်သောကြောင့် ဖြစ်၏။ ယနေ့ အထူးစပါယ်ရှယ်နေ့မှာတော့ အသစ်ရောက်လာသည့် အလုပ်သင်ဆရာဝန်များအနက် ဒေါက်တာ ကင်မယ်လိုရီ အား အမျိုးသမီးတိုင်းက အထူးစိတ်ဝင်စားစွာ မျက်လုံးကျွတ်ထွက်မတတ် ကြည့်ကြသည်ကို တွေ့မြင်ရ၏။

ဝါရှင်တန်ဒီစီရှိ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံမှ ဆန်ဖရန်စစ္စကို အင်ဘာကေဒရီဆေးရုံသို့ ကင်မယ်လိုရီ ဘာကြောင့် ပြောင်းလာကြောင်း ဘယ်သူမှ မသိကြ၊ သူသည် ပဥ္စမနှစ်အထွေထွေရောဂါကု အလုပ်သင်ဆရာဝန်ဖြစ်သည်။ ကောလာဟလသတင်းအရ ကင်မယ်လိုရီသည် အောက်လွှတ်တော် အမတ်တစ်ဦး၏ ဇနီးကို 'ကြာခို' သောကြောင့် ဝါရှင်တန်မြို့မှ သုတ်ခြေတင် ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ နောက်ကောလဟာလသတင်းတစ်ခုကတော့ သူ့ကြောင့် သူနာပြုဆရာမတစ်ယောက် သတ်သေမှုကြောင့် ထွက်ပြေးလာခဲ့ရသည်ဟု ဆို၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အင်ဘာကေဒရီဆေးရုံမှ သူနာပြုဆရာမတွေအဖို့ သေချာသည့်အချက်ကတော့ ကင်မယ်လိုရီသည် သူတို့တွေ့ဖူးသမျှထဲတွင် အချောဆုံးဆိုသည့် အချက်ပင်ဖြစ်သည်။ အရပ်မြင့်မြင့်၊ အားကစားသမားကိုယ်ခန္ဓာ၊ ရွှေရောင်လှိုင်းတွန့်ဆံပင်နှင့် ရုပ်ရှင်ပိတ်ကားပေါ်တွင် အလွန်လှပမည့် မျက်နှာပိုင်ရှင်ဖြစ်သည်။

မယ်လိုရီသည် ဝါရင့်လူပျောင်းတစ်ယောက်ပမာ မကြာခင်မှာပင် ဆေးရုံလုပ်ငန်းများနှင့် အသားကျသွားသည်။ ညှို့ဓမ်းအားကောင်းသူဖြစ်သောကြောင့် စရောက်ကတည်းကပင် သူနာပြုဆရာမတွေက သူနှင့် နီးစပ်ရေးအတွက် အလုအယက် ဖြစ်နေကြတော့သည်။ တစ်ညပြီးတစ်ည သူနာပြုဆရာမလေးတွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်ထုတ်တွဲခုတ်နေသည်။ ဤသို့ဖြင့် "မြာစွံသူ"အဖြစ် ဆေးရုံတစ်ရုံလုံး သတင်းပြန့်ကုန်တော့သည်။

တစ်နေ့တွင် ကက်၊ ဟန်နီနှင့် ပေ့ဂျ်တို့က သူ့အကြောင်း ပြောဖြစ်ကြသည်။

"သူနာပြုဆရာမလေးတွေ သူ့ရင်ခွင်ထဲ တစ်ပြုံကြီး ပြေးဝင်ကြတာ၊ ငါတော့ မယုံပါဘူး" ကက်က ပြောသည်။

"မယုံမရှိနဲ့ အမိရေ၊ ဒီမောင်က လူမိန်းမ မပြောနဲ့ ရုပ်တုမိန်းမတောင် ကျလောက်တာ" ဟန်နီက အမွှမ်းတင်သည်။

"ဟင့်အင်း ... ငါတော့ လုံးဝ မယုံရေးချ ... မယုံပေါင်"

■

တစ်မနက်တွင် ဆရာဝန်များ အဝတ်လဲခန်း၌ အလုပ်သင်ဆရာဝန် ခြောက်ယောက်ခန့်ရှိနေစဉ် ကင်မယ်လိုရီ ဝင်လာ၏။

"ခင်ဗျားအကြောင်း ကျွန်တော်တို့ ပြောနေကြတာ" တစ်ယောက်က ပြောသည်။ "တော်တော် ခြေကုန်လက်ပန်း ကျလာပုံပါလား"

မယ်လိုရီက ပြုံးပြီး "ညတုန်းက အခြေအနေသိပ်မဆိုးပါဘူး"

သူ သူနာပြုဆရာမလေးနှစ်ယောက်နှင့် တွဲခဲ့သည်။

"ခင်ဗျား လုပ်ပုံက ကျွန်တော်တို့တစ်တွေ သင်းကွပ်ယောက်ျားတွေ ဖြစ်ကုန်ပြီဗျ" အလုပ်သင် ဒေါက်တာဂရန်ဒီက ပြောသည်။ "ဒါနဲ့ ဒီဆေးရုံမှာ ခင်ဗျားမတွဲဖူးတဲ့ အမျိုးသမီး ရှိသေးရဲ့လား"

မယ်လိုရီက ရယ်သည်။

"အဲဒါကတော့ သံသယရှိစရာပဲဗျ"

ဂရန်ဒီက ခဏစဉ်းစားနေပြီးတော့မှ ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တော့ ကျန်သေးတယ်ဆိုတာ ကျွန်တော် သောင်းရဲတယ်ဗျာ"

"တကယ်လား၊ ဘယ်သူပါလိမ့်"

"ဝါရင့် အလုပ်သင်ထဲကပါ၊ နာမည်က ကက်ဟန်တာတဲ့"

မယ်လိုရီက ခေါင်းညိတ်ပြီး ...

"ဩော် ... ဟို ... မဟုတ်ရာ ယမင်းရုပ်ကလေးလား၊ ကျွန်တော် သူနဲ့ တွေ့ပြီးပါပြီ၊ ဆွဲဆောင်မှု တော်တော်ရှိတယ်ဗျ၊ သူ့ကို ကျွန်တော် မစည်းရုံးနိုင်ဘူးလို့ ခင်ဗျားက ဘာကြောင့် ထင်ရတာလဲ"

"ဘာဖြစ်လို့လဲဆို ကျွန်တော်တို့အားလုံး လန်ထွက်လာလို့၊ သူက ယောက်ျားတွေကို မုန်းတီးပုံရတယ်ဗျ"

"ကြိုက်တာမတွေ့သေးလို့ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူးဗျ၊ သူ့အနား ဘယ်သူမှ အကပ်မခံဘူး၊ ခင်ဗျားလည်း ကပ်လို့ရမှာ မဟုတ်ဘူး"

မယ်လိုရီအား စိန်ခေါ်လိုက်ခြင်းဖြစ်၏။

"ဒါဆို ကျွန်တော် ရအောင်လုပ်မယ်၊ လောင်းမလား"

ဤသို့ဖြင့် အချေအတင်ပြောကြရင်း ဒေါ်လာငါးထောင်ဖြင့် အလောင်းအစား ဖြစ်သွားကြ၏။

"အချိန်ဘယ်လောက်ပေးမလဲ" မယ်လိုရီက မေးသည်။

"ရက်သုံးဆယ်၊ ဘယ့်နှယ်လဲ၊ တရားမျှတရဲ့လား" ဂရန့်ဒီက ပြန်မေးသည်။

"ပိုတောင် ပိုသေးတယ်၊ ကျွန်တော်က အဲဒီလောက် ရက်များများ မလိုပါဘူး"

"ဒါပေမဲ့ ခင်ဗျားက သက်သေခံ အထောက်အထားတွေ ပြရလိမ့်မယ်၊ အဲဒီအမျိုးသမီးကိုယ်တိုင်က ဟုတ်ပါတယ်လို့ ဝန်ခံဖွင့်ပြောရမယ်"

"ကြိုက်ပြီ၊ ဖြစ်ရမယ် စိတ်ချ"

■

နောက် ၁၅ မိနစ်အကြာတွင် ကက်တို့ သူငယ်ချင်းသုံးယောက် မနက်စာစားနေသည့် စားသောက်ဆိုင်သို့ ဂရန့်ဒီ လာခဲ့သည်။

သူက စားပွဲနားလျှောက်လာပြီး ...

"ကျွန်တော် စကားတစ်ခွန်းလောက် ပြောလို့ရမလား"

"ရပါတယ်" ပေ့ဂျ်က ပြောလိုက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဂရန့်ဒီက စားပွဲတွင် ဝင်ထိုင်ပြီး တောင်းပန်သံကလေးဖြင့် ...

"ပြောရမှာ အားတော့နာပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ပဲ ရူးနေပြီလား မသိဘူး၊ မပြောရ မနေနိုင်အောင်ဖြစ်နေလို့ပါ၊ ပြီးတော့ ခင်ဗျားတို့လဲ သိသင့်တယ် ထင်လို့ပါ"

"ဘာကို သိသင့်တာလဲ" ကက်က မေးသည်။

ဂရန့်ဒီက သက်မတစ်ချက်ချလိုက်ပြီး ...

"ဟို ... ဟို ... ဝါရင့်အလုပ်သင် ကယ်မယ်လိုရီဆိုတာလေ"

"အင်း ... သူ ဘာဖြစ်လို့လဲ"

"ပြော ... ပြောရတာ ရှက်စရာလည်း ကောင်းပါတယ်ဗျာ။ ခင်ဗျားရဲ့အချစ်ကို ရက်သုံးဆယ်အတွင်း ရအောင်ယူပြမယ်တဲ့"

ကက် မျက်နှာတည်သွားသည်။

"သူက အဲသလို တကယ်အလောင်းအစားလုပ်သလား"

ဂရန့်ဒီက မျက်နှာသေကလေးဖြင့် ...

"ခင်ဗျား စိတ်ဆိုးရင်လည်း ကျွန်တော် အပြစ်မတင်ပါဘူးဗျာ၊ ဒီသတင်းကြားရတော့ ကျွန်တော် တော်တော်ဒေါသထွက်သွားမိတယ်၊ ဒီတော့ ခင်ဗျား သတိထားပါ၊ သူက ခင်ဗျားကို အပြင်ခေါ်ထုတ်လိမ့်မယ်၊ အဲဒါပါ၊ ခင်ဗျား သိပိုင်ခွင့်ရှိတယ်ထင်လို့ ကျွန်တော် လာပြောတာပါ"

"ဟုတ်ကဲ့၊ အခုလို စေတနာနဲ့လာပြောတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော် တတ်နိုင်သလောက် ကူညီတာပါ"

ဂရန့်ဒီ ပြန်ထွက်လာခဲ့သည်။ စားသောက်ဆိုင်အပြင်ဘက် စင်္ကြံလမ်းတွင် အခြားအလုပ်သင်များက ရပ်စောင့်နေကြသည်။

"အခြေအနေ ဘယ်လိုလဲ" သူတို့က ဆီးမေးကြ၏။

ဂရန့်ဒီက ရယ်လျက် ...

"လုံးဝ ... လုံးဝ အောင်မြင်သွားပြီ၊ ဟို ခွေးမသားတော့ နှာခေါင်းကျည်ပွေ့တွေ့ပြီသာ မှတ်ပေတော့"

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေရင်း ဟန်နီက ပြောသည်။

"ဒီကိစ္စ ပြောသလောက် မလွယ်ဘူး၊ တော်တော် ကြောက်စရာကောင်းတယ်"

ကက်က ခေါင်းညိတ်သည်။

"အဲဒီ ခွေးမသားကို တစ်ယောက်ယောက်က နှစ်ခြမ်းခွဲပစ်သင့်တယ်၊ ဟိုတခြား အကောင်တွေကတော့ သူနဲ့ငါ အပြင်တွဲမထွက်ခင် ငရဲပြည်မှာ စကိတ်စီးနေကြလိမ့်မယ်"

ပေ့ဂျ်က စဉ်းစားနေသည်။ အတန်ကြာတော့မှ ...

"ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာတော့ ကောင်းမယ် ကက်"

ကက်က အံ့သြဟန်ဖြင့် "ဘာ ... ဘာပြောတာလဲ"

"ဪ ... ငါက ဒီလိုတွေးမိတာပါ၊ အဲဒီကောင်က ဒီပွဲကို တကယ်ကစားချင်ရင် စမ်းကြည့်ပါစေလား၊ တို့က ကူညီကြရအောင်၊ ပရိယာယ်သုံးပြီး သူ့ကို အရှက်ခွဲရအောင်"

ကက် စိတ်ဝင်စားလာသည်။

"ကဲ ... ဆက်ပြောပါဦး၊ ဘယ်လို ကစားမလဲ"

"သူက ရက်သုံးဆယ်အတွင်းလို့ ပြောတယ်မဟုတ်လား၊ ဒီတော့ အပြင်ထွက်ဖို့ သူလာခေါ်ရင် ဟန်ဆောင်ပြီး လိုက်သွားပေါ့၊ ချစ်ဟန်ဆောင်ပေါ့၊ ဒါပေမဲ့ မင်းအနေနဲ့ သူ့ကို တကယ်မချစ်မိအောင် သတိပြုရမယ်၊ ဒီနည်းနဲ့ သူ့ကို ငါးထောင်တန် သင်ခန်းစာပေးကြမယ်"

ကက်က သူ့ပထွေး လူယုတ်မာကြီးကို သွားသတိရသည်။

ဒါဟာ လူယုတ်မာတွေကို တန်ပြန်ကလဲ့စားချေခြင်း တစ်မျိုးပေါ့။

"ကောင်းတယ်၊ ငါသဘောတူတယ်"

"ဒါဖြင့် မင်း တကယ်လုပ်တော့မယ်ပေါ့လေ" ဟန်နီက မေးလိုက်၏။

"ဟုတ်တယ်၊ တကယ်လုပ်တော့မယ်"

ကက်က မစဉ်းမစားနှင့် စကားကို လွှတ်ခနဲ ပြောလိုက်မိ၏။ တကယ်တော့ သူ့သေမိန့်ကို သူလက်မှတ်ထိုးလိုက်ခြင်းပင် ဖြစ်တော့သည်။ ။

■

www.burmeseclassic.com

www.burmeseclassic.com

ဂျက်ဆင်ကာတစ်သည် ပေ့ဂျ်တေလာကို မေ့မရအောင် စွဲနေပြီဖြစ်၏။ သူက သူ့ဦးကြီး၏ အတွင်းရေးမှူး စာရေးမဆီ ဖုန်းဆက်သည်။

"ကျွန်တော် ဂျက်ဆင်ကာတစ်ပါ၊ ဒေါက်တာပေ့ဂျ်တေလာရဲ့ အိမ်ဖုန်းနံပါတ်ကို သိချင်လို့ပါ"

"ဟုတ်ကဲ့ ... ခဏစောင့်ပါရှင်"

ဖုန်းနံပါတ် ရှာပေးလိုက်သည်။ ဂျက်ဆင်က ဆက်သည်။ ဖုန်းကိုင်သူက ဟန်နီ။ "ဒေါက်တာ ဟန်နီတပ်ဖ်ပါ"

"ကျွန်တော် ဂျက်ဆင်ကာတစ်ပါ၊ ဒေါက်တာတေလာ ရှိပါသလား"

"မရှိပါဘူး၊ အရေးပေါ် တာဝန်ကျနေပါတယ်"

"ဟာ ... အဲဒါမှ သေတာပဲ"

"သိပ်ပြီး အရေးကြီးနေလို့လား"

"မ ... မကြီး ... မကြီးပါဘူး"

"ဒါဆို မှာထားခဲ့လေ၊ သူပြန်ရောက်ရင် ရှင့်ဆီ ပြန်ဆက်ဖို့ ပြောပေးပါမယ်"

"ကျေးဇူးပါပဲ"

သူက သူ့ဖုန်းနံပါတ် ပေးလိုက်၏။

■

အခန်း-၁၆-

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်အကြာတွင် ဂျက်ဆင်ကာတစ် ဖုန်းထပ်ဆက်သည်။

ပေ့ဂျ်နှင့် တိုက်ရိုက်တိုးသည်။

"ဒေါက်တာ ပေ့ဂျ်တေလာပါ"

"ကျွန်တော် ဒေါက်တာကာတစ်ပါ"

"ဒေါက်တာ ... ဟုတ်လား"

"ခင်ဗျား မမှတ်မိလို့ပါ၊ တစ်နေ့က ကျွန်တော် ခင်ဗျားနဲ့ ရောင်းလှည့်တယ်လေ၊ ကျွန်တော်က ညစာစားဖို့ ဖိတ်ခဲ့တယ်လေ၊ အဲဒါ ... "

"အဲဒါ ကျွန်မက မအားဘူးလို့ ပြောလိုက်တယ် မဟုတ်လား၊ အခုလည်း မအားပါဘူး၊ ဂွတ်ဘိုင် ... ဒေါက်တာကာတစ်"

သူ ဖုန်းပြချလိုက်သည်။

"ဘာပြောတာလဲ" ဟန်နီက မေးသည်။

"ဘာမှ မဟုတ်ဘူး"

■

နောက်နေ့မနက် ၆ နာရီတွင် ပေ့ဂျ် နှင့် အလုပ်သင်များ ရောင်းလှည့်ရန် လူစုနေစဉ် ဂျက်ဆင်ကာတစ် ပေါက်ချလာ၏။ သူ ဗိုက်ကုတ် ဝတ်ထားသည်။

"ကျွန်တော် နည်းနည်းနောက်ကျသွားတယ်" သူက မြူးမြူးရွှင်ရွှင်ပြောသည်။ "ဗိုက်ကုတ်ရှာနေရလို့၊ ဗိုက်ကုတ် မဝတ်ရင် ဒေါက်တာ စိတ်ဆိုးမယ်ဆိုတာ ကျွန်တော်သိတယ်"

ပေ့ဂျ်က ဒေါသဖြင့် သက်မချလိုက်ပြီး ...

"ဒီကိုလာခဲ့" သူ့ကို လူမရှိသည့် အဝတ်လဲခန်းသို့ ခေါ်လာခဲ့သည်။

"ရှင် ဒီမှာ ဘာလာလုပ်တာလဲ"

"အမှန်အတိုင်းပြောရရင် တစ်နေ့က တွေ့ခဲ့ရတဲ့ လူနာတွေနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော်စိုးရိမ်နေမိတယ်" သူက စိတ်အားထက်သန်စွာ ပြောသည်။ "အဲဒါ အခု အဲဒီလူနာတွေ အဆင်ပြေရဲ့လားလို့ ကျွန်တော် လာကြည့်တာ"

ပေ့ဂျ် ဒေါသထွက်သွားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ အပြင်သွားပြီး အဆောက်အအုံတစ်ခုခု မဆောက်တာလဲ"

"ကျွန်တော် ကြိုးစားနေပါတယ်" သူက ပွဲလက်မှတ်တွေ တစ်ထပ်ကြီးဆွဲထုတ်ပြီး "ဒီမှာကြည့်ပါ၊ ခင်ဗျား ဘာကြိုက်တယ်ဆိုတာ မသိလို့ ဒီညအတွက် ပြဇာတ်၊ ကပွဲ၊ ကစားပွဲ လက်မှတ်တွေ အစုံဝယ်လာခဲ့တယ်၊ ကြိုက်တာ ရွေးပါ"

"ရှင်က ဒီလိုပဲ အမြဲတမ်း ပိုက်ဆံတွေ ဖြုန်းပစ်နေသလား"

"ဒါက ချစ်သူအတွက်မို့လို့ပါ"

"ခဏနေ"

ဂျက်ဆင်က လက်မှတ်တွေကို အတင်းထိုးပေးသည်။

"ကြိုက်တာရွေးပါ"

ပေ့ဂျ်က လက်မှတ်အားလုံး ယူလိုက်သည်။ "ကျေးဇူးပဲ၊ ပြင်ပလူနာတွေကို ပေးလိုက်မယ်၊ သူတို့က ဒီပွဲမျိုးတွေ မကြည့်နိုင်ကြဘူး"

"ကောင်းပါတယ်၊ သူတို့ ပျော်ကြမှာပါ၊ ဒါနဲ့ ဒီည ညစာစားကြရအောင်"

"မစားချင်ဘူး"

"စားစမ်းပါ၊ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

သူ့ဆီက လက်မှတ်တွေ ယူထားပြီး၍ ပေ့ဂျ် အားနာသွားသည်။

"ကျွန်မက ဒါမျိုးတွေ သိပ်ပြီးဝါသနာမပါဘူး၊ ညကလည်း အရန်သင့်တာဝန် ယူခဲ့ရတာ"

"ခပ်စောစောသွားရင် ဖြစ်ပါတယ်"

"ကောင်းပါတယ်၊ ဒါပေမဲ့ ..."

"ကျေးဇူးပဲ၊ ဘယ်မှာ လာခေါ်ရမှာလဲ"

"၇ နာရီလောက်မှာ ဒီမှာရှိမယ်"

"ကျွန်တော် လာခေါ်မယ်၊ အခု အိမ်ပြန်ပြီးအိပ်မယ်၊ ဒါပေမဲ့ အိပ်ပျော်မှာ မဟုတ်ပါဘူး"

သူ ပြန်ထွက်သွားသည်။ ပေ့ဂျ်က ပြုံးပြီး ကြည့်ကျန်ရစ်၏။

ထိုနေ့ည ၇ နာရီတွင် ပေ့ဂျ်ကိုခေါ်ရန် ဆေးရုံသို့ ဂျက်ဆင်ရောက်လာတော့ တာဝန်ခံ သူနာပြုဆရာမက မေးသည်။

"ဒေါက်တာတေလာ အရန်သင့်အခန်းမှာ ရှိမယ်ထင်တယ်"

"ကျေးဇူးပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကြိုလမ်းအတိုင်း အရှန့်သင့်အခန်းသို့ လျှောက်လာခဲ့သည်။ အခန်းတံခါး ပိတ်ထားသည်။ တံခါးခေါက်သည်။ ဘာမှ မတုံ့ပြန်၊ ထပ်ခေါက်သည်။ ထို့နောက် တံခါးတွန်းဖွင့်ပြီး အထဲသို့ ကြည့်လိုက်သည်။ ပေ့ဂျ် ခေါက်ခုတင်ပေါ် အိပ်ပျော်နေသည်။ ဂျက်ဆင်က ခုတင်နားကပ်သွားပြီး ပေ့ဂျ်ကို အတော်ကြာကြာ စိုက်ကြည့်နေသည်။ *မင်းကို ငါ လက်ထပ်မယ် မိန်းကလေး ... ။*

ထို့နောက် အခန်းထဲမှ ခြေဖျားထောက်ထွက်လာပြီး အခန်းတံခါးကို အသာအယာ ပြန်ပိတ်လိုက်၏။

■

နောက်တစ်နေ့တွင် ဂျက်ဆင် အစည်းအဝေးတက်နေတုန်း အတွင်းရေးမှူး စာရေးမ ပန်းစည်းတစ်စည်းနှင့် ဝင်လာသည်။ ကတ်ပြားတွင် "စိတ်မကောင်းပါဘူး RIP" ဟူ၍ ရေးထားသည်။ ဂျက်ဆင်က ရယ်သည်။ ပေ့ဂျ်ထံ ဖုန်း လှမ်းဆက်သည်။

"ခင်ဗျားရဲ့ အတွဲဖော် ဆက်နေတယ်"

"မနေ့ညက အဖြစ်အတွက် တကယ်စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် မေးစရာတစ်ခုရှိတယ်"

"ဟုတ်လား"

"RIP ဆိုတာ Rest in Peace (ငြိမ်းချမ်းစွာ နားပါတော့) လို့ ပြောတာလား၊ Rip Van Winkle (ရစ်ဗန်ဝင်းကဲလ်) လို့ ပြောတာလား"

ပေ့ဂျ် က ရယ်သည်။ "ကြိုက်သလို ယူနိုင်တယ်"

"ကျွန်တော် ကြိုက်တာကတော့ ဒီည ညစာစားကြဖို့ပဲ၊ ဖြစ်နိုင်အောင် ကြိုးစားပါဦး"

ပေ့ဂျ်စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည်။

"ဟဲလို ... လူရှိနေသေးလား"

"ရှိပါတယ် ... တစ်ညလောက်ကတော့ ဘာမှ မဖြစ်နိုင်ပါဘူး"

"ဟုတ်ကဲ့၊ ညစာ သွားစားကြမယ်"

"ဟာ ... ဘုရားမတာပဲ"

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေ ပေ့ဂျ် အဝတ်အစားလဲနေတုန်း ကက်က ပြောသည်။

"အတွဲက အတွဲကြီးနဲ့တူတယ်၊ ဘယ်သူလဲ"

"ဆရာဝန်၊ ဗီသုကာ"

"ဘာ"

ပေ့ဂျ်က ဇာတ်လမ်းပြောပြလိုက်သည်။

"သူက အပျော်လုပ်နေပုံရတယ်၊ မင်းက စိတ်ဝင်စားလို့လား"

"စိတ်မဝင်စားပါဘူး"

■

ပျော်စရာတော့ တော်တော်ကောင်းသည်။ ဂျက်ဆင်က ဆက်ဆံရေးကောင်းသည်။ နှစ်ယောက်သား စကားတပြောပြောနှင့် အချိန်ကုန်လို့ ကုန်မှန်းပင် မသိတော့။

"မင်းအကြောင်း ပြောပြပါလား" ဂျက်ဆင်က ပြောသည်။ "ဘယ်မှာ ကြီးပြင်းလာခဲ့တာလဲ"

"ရှင် ယုံမှာ မဟုတ်ဘူး"

"ယုံပါတယ်"

"ကွန်ဂို၊ အိန္ဒိယ၊ မြန်မာ၊ နိုင်ဂျီးရီးယား၊ ကင်ညာ ..."

"ကိုယ် မယုံတော့ဘူး"

"တကယ်ပြောတာ၊ ကျွန်မအဖေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ လုပ်တာ၊ သူက ဆရာဝန်၊ ကျွန်မက အဖေနဲ့အတူ လိုက်ပြီး ငယ်ဘဝကို တတိယ ကမ္ဘာနိုင်ငံတွေမှာ ကုန်လွန်ခဲ့တာ"

"တော်တော်အခက်အခဲ တွေ့ရမှာပဲ"

"စိတ်လှုပ်ရှားစရာကောင်းတယ်၊ ဆိုးတာက တစ်နေရာမှာ ကြာကြာမနေရတော့ ဒေသခံတွေနဲ့ မရင်းနှီးခဲ့ဘူး၊ ဒါပေမဲ့ ဒေသန္တရစကားတွေ တော်တော်တတ်လာခဲ့တယ်၊ ဒေသန္တရဓလေ့ထုံးစံတွေ သိခဲ့ရတယ်"

"ဥပမာ ..."

"ဥပမာဆိုပါတော့၊ အိန္ဒိယလူမျိုးတွေက နောက်ဘဝကို ယုံကြည်ကြတယ်၊ နောက်ဘဝဟာ ဒီဘဝအပေါ်မှာ တည်နေတယ်၊ ဒီဘဝမှာ မကောင်းတာလုပ်ရင် နောက်ဘဝမှာ တိရစ္ဆာန်ဖြစ်မယ်"

"ကိုယ် မင်းအဖေကို တွေ့ဖူးချင်လိုက်တာ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူက သိပ်တော်တဲ့ ဆရာဝန်၊ ပတ်အဲဗင်းနယူးမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်ရင် လက်ဖျားငွေသီးနေမှာ၊ ဒါပေမဲ့ သူက ပိုက်ဆံမမက်ဘူး၊ လူတွေကို ကူညီရတာကိုပဲ ပျော်နေတယ်"

"အခု သူရှိသေးသလား"

"မရှိတော့ဘူး၊ လူမျိုးစုစစ်ပွဲမှာ အသတ်ခံသွားရတယ်"

"ကိုယ်စိတ်မကောင်းပါဘူး"

"ကျွန်မက သစ်ရွက်မိုး ရွှံ့တဲမှာနေပြီး ကြီးပြင်းလာခဲ့ရတာ၊ ကြွက်တွေ၊ လင်းနို့တွေနဲ့ အတူနေလာရတာ၊ ဒါကြောင့် တစ်နေ့မှာ ဝရန်တာတွေ၊ မြက်ခင်းတွေ၊ ဝင်းခြံတွေပါတဲ့ နှစ်ထပ်အိမ်ကြီးနဲ့ နေရပါစေလို့ ဆုတောင်းမိတယ်"

■

နောက်တစ်နေ့ မနက်စောစောတွင် လူတစ်ယောက် အထုပ်တစ်ထုပ် လာပို့သည်။

"ဒေါက်တာ တေလာပါလား"

"ဟုတ်ပါတယ်"

"ကျေးဇူးပြုပြီး ဒီမှာ လက်မှတ်ထိုးပေးပါ"

အထုပ်က တော်တော်လေးသည်။ ဧည့်ခန်းစားပွဲသို့ ယူလာပြီး ဖွင့်လိုက်သည်။ ပုံစံတူ နှစ်ထပ်အိမ်လှလှကလေး ဖြစ်နေသည်။ ဝရန်တာလည်း ပါသည်။ အိမ်ရှေ့တွင် မြက်ခင်းကလေးနှင့် ပန်းဥယျာဉ်ကလေးရှိသည်။ ခြံစည်းရိုးလည်း ခတ်ထားသည်။ *ဒီအိမ်ကလေးကို သူ တစ်ညလုံး လုပ်ရလိမ့်မယ်။*

ပူးတွဲပါ ကတ်ပြားကလေးတွင် ရေးထားတာကတော့ ...

*"ကျွန်မအိမ် [ ]*

*ကျွန်မတို့အိမ် [ ]*

*နှစ်သက်ရာ တစ်ခုကို အမှတ်ပေးပါ"*

ပေ့ဂျ် အကြာကြီးထိုင်ကြည့်နေမိသည်။ အိမ်ကတော့ အိမ်မှန်ဖြစ်သည်။ သို့သော် လူက လူမှန်မဟုတ်။

*သူက တော်တော့်တော်တယ်၊ ဆွဲဆောင်မှုလည်းရှိတယ်၊* သို့သော်လည်း ပြဿနာကို ပေ့ဂျ်သိသည်။ *သူက အယ်လ်ဖရက်မဟုတ်။*

တယ်လီဖုန်းမြည်လာသည်။ ဂျက်ဆင် ဆက်တာဖြစ်သည်။

"မင်းရဲ့အိမ်ကို ရပြီလား"

"သိပ်လှတာပဲ၊ ကျေးဇူးအများကြီးတင်ပါတယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မင်းကို တကယ့်အိမ်ဆောက်ပေးပါ့မယ်၊ မင်းက ကွက်လပ်ဖြည့်ပေးမလား"

"ဟင့်အင်း"

"ကိုယ်က စိတ်ရှည်တတ်တဲ့လူပါ၊ ဒီည ညစာစားကြရအောင်"

"ရပါတယ်၊ ဒါပေမဲ့ ကျွန်မ တစ်နေ့လုံး ခွဲစိတ်နေရတယ်၊ သိပ်ပြီး ပင်ပန်းနေတယ်"

"ဒါဖြင့် စောစောထွက်ကြမယ်လေ၊ ဒါထက် အခုအကြိမ်က ကိုယ့်မိဘအိမ်မှာ သွားစားမှာ"

"ဟုတ်လား"

"မင်းအကြောင်း ကိုယ်ပြောပြထားပြီးပြီ"

"ကောင်းတာပေါ့"

ဖြစ်ရပ်တွေက သိပ်ပြီး မြန်ဆန်နေသည်။ မေ့ဂျ် စိတ်လှုပ်ရှားနေသည်။

■

မေ့ဂျ် အလုပြင်နေတုန်း ကက်က မေးသည်။

"မင်းကြည့်ရတာ ခြေကုန်လက်ပန်းကျနေသလိုပဲ"

"ဟုတ်တယ်"

"ဒါဆို ဘာလို့ အပြင်ထွက်ရတာလဲ၊ အိပ်လိုက်ပါတော့လား၊ ဒါနဲ့ အခု သွားမှာက နောက်တစ်ယောက်နဲ့လား"

"မဟုတ်ဘူး"

"ဂျက်ဆင်နဲ့ပဲပေါ့"

"ဟုတ်တယ်၊ သူ့မိဘတွေနဲ့ သွားတွေ့မှာ"

"ဪ ..." ကက်က ခေါင်းကို ခါယမ်းနေသည်။

"ဒါပေမဲ့ ဘာမှ မဟုတ်သေးပါဘူး"

■

ဂျက်ဆင်၏ မိဘများသည် ပစိဖိတ်ကုန်းမြင့်တွင် လှပသော ရှေးဟောင်းအိမ်ကြီးရှိနိုင်နှင့် နေထိုင်ကြသည်။ အဖေက ခုနစ်ဆယ်ကျော်အရွယ် သူကောင်းမျိုးဆန်သည်။ မိခင်က ဖော်ရွေပြီး ပွင့်လင်းသည်။ သူတို့က မေ့ဂျ်ကို မိသားစုဝင် တစ်ယောက်လို ဆက်ဆံကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သမီးအကြောင်းကို သားပြောပြလို့ သိပြီးပြီ" မစ္စက်ကာတစ်က ပြောသည်။ "ဒါပေမဲ့ ဘယ်လောက်ချောတယ် ဆိုတာတော့ မပြောဘူး"

"ကျေးဇူးတင်ပါတယ် အန်တီ"

စာကြည့်တိုက်ခန်းထဲဝင်လာတော့ ဂျက်ဆင့်တို့သားအဖ ဒီဇိုင်းထုတ်ထားသည့် ပုံစံတူ အဆောက်အအုံကလေးတွေ အများကြီး တွေ့ရသည်။ ပုံစံတူတွေကို လျှောက်ကြည့်ပြီးတော့ ထမင်းစားခန်းသို့ လာခဲ့ကြသည်။

ထမင်းစားခန်းမှာ ပတ်ပတ်လည် ဝက်သစ်ချသားနံရံ ကာထားပြီး ရှေးဟောင်းပစ္စည်းများ၊ ပုံတူပန်းချီကားများ ပြည့်နှက်နေ၏။ အစားအသောက်များကို အိမ်ဖော်မိန်းကလေးက ပြင်ဆင်ပေးသည်။

"ဟိုပန်းချီကားက ဂျက်ဆင့်အဘိုးရဲ့ ပုံတူကားပေါ့" အဖေကပြောသည်။ "သူ ပုံစံထုတ်ခဲ့တဲ့ အဆောက်အအုံ တွေအားလုံး ၁၉၀၆ ခုနှစ် ငလျင်ကြောင့် ပျက်စီးကုန်တယ်၊ သိပ်နမြောစရာကောင်းတယ်၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုပဲ၊ ထမင်းစားပြီးတော့မှ ခါတ်ပုံတွေ ပြဦးမယ်"

ပေ့ဂျ် စားပွဲပေါ် ခေါင်းစိုက်ပြီး အိပ်ပျော်နေပြီ။

■

ကင်မယ်လိုရီ ပြဿနာကြုံနေရပြီ၊ ကက်နှင့်ပတ်သက်ပြီး အလောင်းအစားလုပ်ကြသည့် သတင်းသည် ဆေးရုံ တစ်ရုံလုံး ပြန့်သွားပြီး လောင်းကြေးမှာလည်း ဒေါ်လာတစ်သောင်းအထိ မြင့်တက်သွားသည်။ တကယ်တော့ သည်လောက် များသည့် ပိုက်ဆံကို မယ်လိုရီအနေဖြင့် ဘယ်နည်းနှင့်မျှ မတတ်နိုင်။ သို့သော်လည်း နိုင်ကိုနိုင်ရမည်ဟု သူ့ကိုယ်သူ အယုံအကြည်လွှန်နေသည်။

*ငါရှုံးရင်တော့ မြောင်းထဲ ဦးစိုက်ဆင်းရမှာပဲ၊ ဒါပေမဲ့ ငါ မရှုံးနိုင်ပါဘူး။ အချိန်က အများကြီးရတော့ နိုင်ကို နိုင်မှာပါ။*

ကက်တို့သုံးယောက် စားသောက်ဆိုင်တွင် နေ့လယ်စာ စားနေတုန်း မယ်လိုရီ ရောက်လာ၏။

"ကျွန်တော် ခဏဝင်ထိုင်လို့ ရပါသလား"

"ရပါတယ် ထိုင်ပါ" ကက် က ပြောလိုက်သည်။

"ကဲ ... ကျွန်မ သွားစရာရှိသေးတယ်" ပေ့ဂျ် က ပြောသည်။

"ငါလည်း သွားမယ်၊ နောက်မှ တွေ့ကြတာပေါ့"

ပေ့ဂျ်နှင့် ဟန်နီတို့ ထွက်သွားကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တော်တော်များတယ် ထင်တယ်"

မယ်လိုရီက ကိုယ်ချင်းစာမိသည့်ဟန်ဖြင့် ပြောသည်။

"လူတိုင်း အလုပ်များကြတာပါပဲ" ကက်က ပြုံးပြီး ပြောသည်။

မယ်လိုရီသည် သူ၏ မဟာဇာတ်ပြုဟာကို သေချာစွာ စီမံကိန်းချလာခဲ့ပြီး ဖြစ်သည်။ *ငါ သူ့ကို မိန်းမတစ်ယောက်အနေနဲ့ မဟုတ်ဘဲ လူတစ်ယောက်အနေနဲ့ စိတ်ဝင်စားတဲ့ပုံမျိုး ပြမယ်၊ သူတို့က ဖို၊ မကိစ္စအကြောင်းတွေ ပြောတာ မကြိုက်ဘူး၊ သူနဲ့ ဆေးပညာအကြောင်းပဲ ပြောမယ်၊ အချိန်ယူပြီး အေးအေးဆေးဆေး စည်းရုံးမယ်၊ ဒီနည်းနဲ့ တစ်လပြည့်တော့ ခါးပိုက်ထဲ ကောက်ထည့်လိုက်ရုံပဲပေါ့။*

"မစ္စက်တန်ဘောအလောင်းကို ရင်ခွဲတဲ့အကြောင်း ကြားပြီးပြီလား" မယ်လိုရီက စပြောသည်။ "သူ့ဗိုက်ထဲက ကိုကာကိုလာပုလင်း ထွက်လာသတဲ့၊ ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျား တွေးမိသလား"

ကက်က ရှေ့သို့ကိုင်းလျက် ...

"ဒါနဲ့ စနေနေ့မှာ ရှင် ဘာလုပ်စရာရှိသလဲ"

"ဘာ ... " မယ်လိုရီ အံ့အားသင့်သွား၏။

"ရှင် ကျွန်မကို ညစာစားဖို့ ခေါ်ချင်တယ် ထင်လို့ပါ"

မယ်လိုရီ အံ့အားသင့်ရပြန်သည်။ *ဘုရားရေ ... ဒီမိန်းမ ယောက်ျားလျာ မဟုတ်ပါဘူး၊ ဟိုကောင်တွေပြောတော့ သူ့အနား ကပ်လို့တောင်မရဘူးတဲ့၊ ကောင်းပြီး ငါကပ်မယ်၊ သူကကို တောင်းဆိုနေတာပဲ။*

စနေနေ့တွင် သူ သူနာပြုဆရာမလေး ဆယ်လီနှင့် ချိန်းထားသည်။

*ဒါပေမဲ့ ... ရမယ်၊ သူ စောင့်နိုင်ပါတယ်။*

"အရေးကြီးတာ မရှိပါဘူး။ ခင်ဗျားကို ကျွန်တော် ညစာ ကျွေးချင်ပါတယ်"

ကက် က သူ့လက်ကို မယ်လိုရီလက်ပေါ် တင်လျက် ...

"ဝမ်းသာစရာပဲ၊ ကျွန်မက မျှော်လင့်နေတာ"

မယ်လိုရီက ပြုံးလျက် ...

"ကျွန်တော်လည်း မျှော်လင့်နေတာ" *မင်းက ဘာမှမသိဘူး မိန်းကလေး၊ နည်းနည်းနောနောပိုက်ဆံ ပျောက်သွားပေါ်လာတစ်သောင်းကြီးတောင်မှ၊ တစ်သောင်းကြီးတောင်မှ။*

■

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ကက်က ပေ့ဂျ်နှင့် ဟန်နီတို့ကို ပြန်လည် အစီရင်ခံတင်ပြသည်။

''သူ့ပါးစပ်ကြီး ဟောင်းလောင်းကြီးကို ဖြစ်သွားတာ'' ကက်က ရယ်ပြီးပြောသည်။ ''သူ့မျက်နှာကို မင်းတို့ မြင်စေချင်လိုက်တာ၊ စာကလေးကိုမျိုထားတဲ့ ကြောင်ကျနေတာပဲ''

''ဒါပေမဲ့ သတိထားပါ'' ပေ့ဂျ်က ပြောသည်။ ''မင်းက ကြောင်၊ သူက စာကလေးပဲ ဖြစ်ရမယ်''

''စနေနေ့ညမှာ မင်းဘာလုပ်မလဲ'' ဟန်နီက မေးသည်။

''အစီအစဉ် ရှိသလား''

''ရှိတယ်''

ပေ့ဂျ်က ပြောသည်။

''ငါ ဒီလို စီစဉ်ထားတယ်''

■

စနေနေ့ညတွင် ကက်နှင့် ကင်မယ်လိုရီတို့သည် ပင်လယ်ကွေ့ပေါ်က ''အိမီလီယို'' စားသောက်ဆိုင်တွင် ညစာ စားကြသည်။ ကက် က မယ်လိုရီအကြိုက် ပန်းပေါ် အဖြူရောင်ဝတ်စုံကို ဝတ်လာသည်။

''မင်းက တကယ်ဆွဲဆောင်မှုရှိတာပဲ''

သူက ပစ်မှတ်ကိုရောက်အောင် စကားလုံးရွေး၍ ပြောသည်။ *အမွှမ်းတင်ပါ၊ ဒါပေမဲ့ မပိုစေနဲ့၊ မြတ်နိုးမှုကို ပြပါ၊ ဒါပေမဲ့ သိက္ခာ မမဲ့ပါစေနဲ့။*

''ရှင်က သိပ်တော်တဲ့ ဆရာဝန်လို့ လူတိုင်းပြောနေကြတယ်''

''ဆရာကောင်းတွေနဲ့ သင်ခဲ့ရလို့ပါ၊ ကိုယ်က လူနာတွေကို ဂရုစိုက်တယ်၊ သူတို့ဟာ ကိုယ့်အတွက် အရေးအကြီး ဆုံးပဲ'' သူ့အသံတွင် ရိုးသားမှု အပြည့်ပါသည်။

ကက် က မယ်လိုရီအပေါ် လက်တင်လိုက်ပြီး ...

''အဲဒါ မှန်ပါတယ်၊ ဒါနဲ့ ရှင်ဘယ်က လာတာလဲ၊ ရှင့်အကြောင်း ကျွန်မ အမှန်အတိုင်း သိချင်တယ်''

*ဘုရားရေ ... ဒါ ငါ သုံးနေတဲ့လိုင်းပဲ။* သူက မိန်းမကိစ္စတွင် ပါရဂူဖြစ်သည်။ သူတို့ပြသော အချက်ပြသင်္ကေတ အားလုံးကို သူ့ ရေဒါ က ဖမ်းမိသည်။ သူတို့က အကြည့်တစ်ချက်၊ အပြုံးတစ်ကွက်၊ အသံတစ်ခုဖြင့် ကိုယ့်ဘက်ပါလာ နိုင်သည်။ ကက်၏ အချက်ပြသင်္ကေတတွေက သူ့ရေဒါတွင် လာပေါ်နေပြီ။

ကက် က ကိုယ်ကို ရှေ့သို့ကိုင်းလျက် အသံခပ်မာမာဖြင့် ...

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အကြောင်းစုံ အကုန်သိချင်တယ်"

သူက စားသောက်ရင်းနှင့် သူ့အကြောင်းပြောပြသည်။ သူက တတ်နိုင်သမျှ စကားလွှဲပြောရန် ကြိုးစားသည်။ ကျွန်တော် က "ထပ်ပြောပါဦး" စိတ်ဝင်စားစရာ ကောင်းလို့ပါ" ဟု အတင်းတောင်းဆိုသည်။ သို့ဖြင့် သူက အကြောင်းရာပြီး ထပ်ပြောရ၏။

*အင်း ... သူတော့ ငါ့ကိုစွဲသွားပြီ၊ လောင်းကြေးထပ်မြှင့်ဖို့တောင် ကောင်းတယ်၊ကံကောင်းရင် ဒီညနဲ့တောင် ပွဲသိမ်းသွားနိုင်တယ်။*

ညစာ စားပြီးတော့ ကော်ဖီသောက်ကြသည်။ ပြန်ခါနီးကျတော့ ကျွန်တော်က ...

"ကျွန်မအခန်း လိုက်လည်ပါဦးလား"

"ဟာ ... သိပ်ကောင်းတာပေါ့"

နောက်နာရီဝက်ခန့်တွင် ကျွန်တော်၏ တိုက်ခန်းထဲ ဝင်လာခဲ့ကြသည်။

"အခန်းက အပျိုစားပဲ၊ မင်းတစ်ယောက်တည်းနေသလား"

"မဟုတ်ဘူး၊ ဒေါက်တာတေလာ၊ ဒေါက်တာတပ်ဖ်တို့နဲ့ အတူနေတာ"

"ဩော် ... ဟုတ်လား"

သူ့အသံ အားပျော့သွားသည်ကို ကျွန်တော် သတိပြုမိသည်။

ကျွန်တော်က ပြုံးလိုက်ပြီး ...

"ဒါပေမဲ့ သူတို့က တော်တော်နဲ့ ပြန်မလာသေးပါဘူး"

"အား ... ကောင်းတာပေါ့" သူ့မျက်နှာ ဝင်းလက်သွားသည်။

"ဒါနဲ့ ရှင် တစ်ခုခုသောက်မလား"

"ဝီစကီနဲ့ ဆိုဒါရရင် ကောင်းမယ်"

"ရပါတယ်"

ကျွန်တော် အရက်ခန်းသို့ လျှောက်သွားသည်။ *တော်တော်ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပဲ၊ ငါတော့ ဒီည ဒေါ်လာ တစ်သောင်း ပိုင်တော့မယ်။*

မယ်လိုရီက သူ့အတွေးနဲ့သူ သဘောကျပြီး အသံထွက်၍ ရယ်လိုက်သည်။

"ဘာများ ရယ်စရာတွေ့နေလို့လဲ"

မယ်လိုရီ ထိတ်ခနဲ လန့်သွားပြီး ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာမှ မဟုတ်ပါဘူး၊ အခုလို မင်းနဲ့ နှစ်ယောက်တည်းတွေ့ရတာ သိပ်ကံကောင်းတယ်လို့ တွေးမိလို့ပါ"

"ကံကောင်းတာက ကျွန်မပါ" သူက အရက်ခွက် ကမ်းပေးသည်။

မယ်လိုရီက အရက်ခွက် မြှောက်ကိုင်ရင်း ...

"ကဲ ... တို့နှစ်ယောက်အတွက်"

"ကျွန်မတို့ နှစ်ယောက်အတွက်"

"သီချင်းကလေးနဲ့ဆိုရင် သိပ်ကောင်းမှာပဲ"

ကက်က ကိုးလ်ပေါ်တာသီချင်း ဖွင့်ပေးသည်။ သူက လက်ပတ်နာရီကို တစ်ချက်စောင်းကြည့်လိုက်ပြီး

"ရှင် ကချင်သလား"

မယ်လိုရီက အနားပူးကပ်လာပြီး ...

"အဲဒါက ဘယ်သူနဲ့ ကမလဲဆိုတဲ့အပေါ်မှာ တည်တယ်၊ မင်းနဲ့ဆိုရင်တော့ ကချင်တယ်"

ကက်က သူ့ရင်ခွင်ထဲ ဝင်လိုက်သည်။ နှစ်ယောက်သား ဂီတသံစဉ်အလိုက် တွဲကကြသည်။

"မင်းက သိပ်ပြီး ချစ်စရာကောင်းတာပဲ၊ မင်းကို ကိုယ်မြင်မြင်ချင်း ချစ်မိခဲ့တယ်"

"ကျွန်မလည်း အတူတူပါပဲ"

မယ်လိုရီက ကက် ကို ကျစ်ကျစ်ပါအောင် ဖက်ပြီးတော့ နွေးထွေးသော အနမ်းကို ပေးလိုက်သည်။

"အိပ်ခန်းထဲ သွားကြရအောင်လား"

"သွားလေ"

နှစ်ယောက်သား လက်တွဲလျက် အိပ်ခန်းဘက် လျှောက်လာကြသည်။ ထိုအချိန်တွင် အိမ်ရှေ့ တိုက်ခန်းတံခါး ပွင့်သွားပြီး ပေ့ဂျ်နှင့် ဟန်နီတို့ ဝင်လာကြ၏။

"ဟိုင်း ... အို" ပေ့ဂျ် က မယ်လိုရီကို ကြည့်ပြီး အံ့အားသင့်လျက် "ဒေါက်တာ မယ်လိုရီ ရောက်နေတာကိုး ကျွန်မက လုံးဝ မမျှော်လင့်ဘူး"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်တော် ... "

"ကျွန်မတို့ ညစာ သွားစားကြတာလေ" ကက်က ဝင်ပြောလိုက်သည်။

မယ်လိုရီ့မျက်နှာ မည်းပုပ်နေသည်။ တော်တော်ဒေါသထွက်သွားပုံရ၏။ သူက စိတ်ကိုထိန်းကာ ကက် ဘက်လှည့် ရင်း ...

"ညဥ့်နက်နေပြီ၊ ကိုယ်သွားတော့မယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှင်ပြန်သွားတာ ကျွန်မ စိတ်တောင်မကောင်းပါဘူး"
"ရပါတယ်၊ မနက်ဖြန်ည ပြန်တွေ့ကြရအောင်လား"
"တွေ့ချင်ပါတယ်၊ ဒါပေမဲ့ ..."
"ဒါဆို သောကြာနေ့၊ ဘယ်လိုလဲ"
"သောကြာနေ့လည်း မအားဘူး"
မယ်လိုရီ စိတ်ပျက်သွား၏။ "စနေနေ့ရော"
ကက်က ပြုံးလျက် "စနေနေ့တော့ ဖြစ်ပါတယ်"
မယ်လိုရီမျက်နှာ လင်းကြည်သွားသည်။
"ကဲ ... ဌတ်နိုက် ... ဒါလင်"
"ဌတ်နိုက် ... ဒါလင်"
ကက်က မယ်လိုရီအား တံခါးအထိ လိုက်ပို့သည်။
"တကယ့်ပျော်စရာကောင်းတဲ့ အိပ်မက်ပဲ"
"ကျွန်မလည်း ရှင့်ကို အိပ်မက် မက်နေမှာပဲ"
မယ်လိုရီက ကက်၏လက်ကို ဆုပ်ညှစ်ထားသည်။
"ကိုယ်က အိပ်မက်ကို လက်တွေ့ဖြစ်လာအောင် လုပ်တတ်တယ်၊ စနေနေ့ညကျမှ လက်တွေ့အကောင်အထည် ဖော်ကြမယ်နော်"
"ကျွန်မက စောင့်တောင် မစောင့်နိုင်တော့ဘူး"

■

ထိုညတွင် ကက်သည် အိပ်ရာတွင်လှဲရင်း မယ်လိုရီအကြောင်း တွေးနေမိသည်။ ကက် က သူ့ကို မုန်းသည်။ ဒါပေမဲ့ သူနှင့်တွဲခဲ့တာကို ပျော်နေတာသိရတော့ ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိ၏။ သူတို့၏ ဇာတ်လမ်းမှာ အပျော်တမ်း လောင်းကစားပွဲသာဖြစ်လင့်ကစား မယ်လိုရီလည်း အလွန်ပျော်နေပုံရသည်။ *အပျော်တမ်း ကစားပွဲမဟုတ်ဘဲ တကယ့် ဖြစ်ရပ်သာဆိုရင် ဟု ကက် က တွေးကြည့်သည်။*

တကယ်တော့ ဤလုပ်ရပ်သည် အန္တရာယ်များသည့် လုပ်ရပ်ဖြစ်၏။ သို့ပေမဲ့ အဲဒါကို ကက် က လုံးဝ မတွေးမိ။

■

www.burmeseclassic.com
The bookhouse

www.burmeseclassic.com

## အခန်း-၁၇-

*ရာသီဥတုကြောင့်ဖြစ်မှာပါပဲ* ပေ့ဂျ် က စိတ်ပျက်လက်ပျက် တွေးမိသည်။ အပြင်ဘက်တွင် မြူနှင်းတွေဝေကာ အေးစက်နေသည်။ ပေ့ဂျ်သည် မနက် ၆ နာရီကတည်းက အလုပ်ဆင်းရသည်။ ပြဿနာတွေ ခဏခဏကြုံရသည်။ ဆေးရုံတွင် ရောဂါမရှိဘဲ အပျော်လာတက်သူတွေ ပြည့်နေသည်။ သူတို့ကပဲ တစ်ခုပြီးတစ်ခု သည်ဟာမကျေနပ်၊ ဟိုဟာတောင်းဆို လုပ်ကြသည်။ သည်တော့ သူနာပြုဆရာမတွေက စိတ်တိုလာပြီး ကရော်ကမည် တာဝန်ကျေ လုပ်လာကြသည်။ သူတို့က လူနာမှားပြီး သွေးယူကြသည်။ အရေးတကြီးလိုအပ်သည့် ဓာတ်မှန် ဘယ်ရောက်နေမှန်းမသိ။ လူနာတွေကိုအော်ဟာစ်ဟိန်းဟောက်။ သည်ကြားထဲ တုပ်ကွေးရောဂါ ကပ်ဆိုက်နေသောကြောင့် ဆေးရုံအမှုထမ်းကလည်း မူလထက် လျော့နည်းနေ၏။ သည်အဖြစ်မျိုးနှင့် နိစ္စဓူဝ ကြုံတွေ့နေရတော့ ပေ့ဂျ် အလွန်စိတ်ပျက်နေ၏။

ဂျက်ဆင်ကာတစ်ထံမှ ဖုန်းလာတော့ သူ တော်တော်ပျော်သွားသည်။

"ဟဲလို" ဂျက်ဆင် တော်တော် အူမြူးနေသည်။ ကိုယ်တို့လူနာတွေ ဘယ်လိုနေသလဲ၊ ကိုယ်တောင် လာကြည့်ဦးမလို့ စိတ်ကူးမိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ကျန်းကျန်းမာမာ ရှိကြပါတယ်"

"နေ့လယ်စာ စားဖို့ အချိန်ရသလား"

ပေ့ဂျ် က ရယ်လိုက်ပြီး ...

"ဘာ ... နေ့လယ်စာ ဟုတ်လား၊ ညနေ ၄ နာရီကျမှ ဆင်းဒဝစ်အသိုးစားရရင် ကံကောင်း၊ အလုပ်များလိုက်တာမှ ယားလို့တောင် မကုတ်အားဘူး"

"ဒါဖြင့်လဲ ကောင်းပြီလေ၊ ကိုယ်အကြာကြီး အောင့်မနေနိုင်တော့ဘူး၊ ကိုယ် ဖုန်းပြန်ဆက်ဦးမယ်နော်"

"ဟုတ်ပြီ" *ဒါလောက်နဲ့တော့ အဓိပ္ပာယ်မရှိနိုင်ပါဘူး။*

■

ပေ့ဂျ်သည် တစ်ချက်ကလေးမျှ မနားရဘဲ ညဉ့်နက်သန်းခေါင်အထိ အလုပ် လုပ်ရသည်။ အလုပ်ချိန်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် မသယ်ချင်လောက်အောင် ပင်ပန်းနေ၏။ ဆေးရုံမှာပဲ အိပ်လိုက်ရကောင်းမလားဟု စဉ်းစားနေသေးသည်။ သို့သော် ကိုယ့်အိမ်က နွေးထွေးသော အိပ်ရာကို တမ်းတမိသည်။ အဝတ်အစားလဲပြီးနောက် ဓာတ်လှေကားသို့ ကမန်းကတန်း လျှောက်လာခဲ့သည်။

လမ်းခုလတ်တွင် ဒေါက်တာပီတာဆင်နှင့် ဝင်တိုးသည်။-

"ဟေး ... ဒါကဘယ်လဲ၊ အိမ်ပြန်တာလား"

ပေ့ဂျ် ခေါင်းညိတ်ပြလိုက်သည်။

"မင်း ကံကောင်းတာပေါ့၊ ငါက ခုမှ အလုပ် စဝင်ရမယ်"

ဓာတ်လှေကားရောက်လာသည်။ ပေ့ဂျ်က အိပ်ချင်မူးတူးနှင့် ရပ်နေ၏။

ပီတာဆင်က ညင်သာစွာဖြင့် ...

"ပေ့ဂျ်... မင်းဒီပုံနဲ့ အိမ်ကို ကားမောင်းပြန်နိုင်ပါ့မလား"

"ရပါတယ်၊ အိမ်ရောက်ရင် ၂၄ နာရီ တစ်ကြောတည်း အိပ်ပစ်လိုက်မယ်"

ပေ့ဂျ် ကားရပ်ကွက်လပ်မှ မောင်းထွက်လာခဲ့သည်။

"ဟေး ... မူးနေရင် ကားမမောင်းနဲ့"

သူ့ကိုယ်သူ အားတင်းပြီး ထိန်းမောင်းလာသည်။ *ငါ အိပ်လို့ မဖြစ်ဘူး၊ အိပ်လို့မဖြစ်ဘူး၊* ရေဒီယိုကို အကျယ်ကြီး ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းရှေ့ရောက်တော့ ကားထဲတွင် အကြာကြီး ထိုင်နေသည်။ လှေကားတက်နိုင်အောင် မနည်းအားယူနေရ၏။

ကက်နှင့် ဟန်နီတို့ အိပ်ပျော်နေကြပြီ။ ပေ့ဂျ်က အိပ်ရာဘေးမှ နာရီကို ကြည့်လိုက်သည်။ နံနက် ၁ နာရီ၊ အိပ်ရာပေါ် ခြေတစ်လက်တစ် လှဲအိပ်လိုက်သည်။ အဝတ်ပင်မလဲနိုင်တော့ဘဲ တစ်ကြောတည်း အိပ်ပျော်သွားတော့သည်။

■

တယ်လီဖုန်းမြည်သံကြောင့် အိပ်ရာမှ နိုးလာသည်။ ဖုန်းသံမှာ အဝေးကြီးမှ အသံနှင့်တူသည်။ ပြန်အိပ်ရန် ကြိုးစားသည်။ သို့သော်လည်း ဖုန်းသံက နားထဲကို အပ်နှင့်ထိုးသလို ခံစားနေရသည်။ အိပ်မှုန်စုံမွှားနှင့် ထထိုင်ပြီး ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို — ဒေါက်တာတေလာပါ"

"ဒေါက်တာဘာကာက ခွဲစိတ်ခန်း (၄) အမြန်လာခဲ့ပါတဲ့"

"မှားနေပြီထင်တယ်"

"ကျွန်မ ခုနကပဲ အလုပ်ချိန်ပြီးလို့ ပြန်လာခဲ့တာ"

"ခွဲစိတ်ခန်း (၄)၊ သူ စောင့်နေတယ်"

တစ်ဘက်မှ ဖုန်းပြန်ချသွားသည်။

ပေ့ဂျ် အိပ်ချင်မူးတူးဖြင့် ခုတင်စွန်းတွင် ထိုင်နေသည်။ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ လေးနာရီ ဆယ့်ငါးမိနစ်၊ ဒီအချိန်ကြီးမှာ ဒေါက်တာဘာကာ က ဘာဖြစ်လို့ ခေါ်တာလဲ။ အဖြေက တစ်ခုတည်းသာရှိသည်။ သူ့လူနာ တစ်ယောက်ယောက် တစ်ခုခုဖြစ်လို့နေမှာပဲ။

ရေချိုးခန်းသို့ ယီးတီးယိုင်တိုင် ထလာသည်။ မျက်နှာသစ်သည်။ မျက်နှာကို နံရံကပ်မှန်တွင် ကြည့်လိုက်သည်။ *ဘုရားရေ ... ငါ့ရုပ်က အသက်ရှစ်ဆယ်လောက် ဖြစ်နေပါရောလား။*

နောက်ဆယ်မိနစ်ခန့်အကြာတွင် ဆေးရုံသို့ ထွက်လာခဲ့သည်။ လေးထပ်မှ ခွဲစိတ်ခန်းသို့ ဓာတ်လှေကားဖြင့် တက်လာတော့ အိပ်ငိုက်နေတုန်း ရှိသေးသည်။ အဝတ်လဲခန်းသို့ဝင်၍ ကမန်းကတန်း အဝတ်လဲသည်။ ပြီးနောက် ခွဲစိတ်ခန်းထဲ ဝင်လာခဲ့သည်။

ဒေါက်တာဘာကာနှင့်အတူ ဝါရင့်အလုပ်သင်တစ်ယောက်၊ သူနာပြုဆရာမနှစ်ယောက်တို့ ရောက်နေကြပြီ။ ဒေါက်တာဘာကာက ခရီးမဆိုက် ဆီးဟောက်သည်။

"ဟ ... မင်းက ဗိုက်ကုတ်ကြီး ဝတ်လာတယ်၊ ခွဲစိတ်ခန်းမှာ ဒါကြီးဝတ်ရတယ်လို့ မင်းအဖေက ပြောထားသလား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ် အံ့အားသင့်ပြီး လန့်နိုးသွားသည်။ ဒေါသလည်း ထွက်သွားသည်။

"ဆရာ သိထားဖို့က ကျွန်မ အလုပ်ချိန်ပြီးနေပြီ၊ အခုဟာက ဆရာ့ကို ကူညီဖို့ အိပ်ရာက အတင်းပတင်း ထလာရတာ"

"ငါ့ကို ပြန်မပြောနဲ့၊ ဟိုမှာ ရီထရက်တာ ကို သွားယူ"

ပေ့ဂျ် ခွဲစိတ်စားပွဲနား လျှောက်လာသည်။ လူနာကို ကြည့်လိုက်သည်။ သူစိမ်းဖြစ်နေသည်။ သူ *ငါ့ကို ခေါ်စရာ အကြောင်းမရှိဘူး၊ ငါ့ကို တမင်အလုပ်ဖြုတ်ချင်လို့ခေါ်တာ၊ ငါ ထွက်နိုင်တဲ့အခါ ထွက်မယ်၊* မျက်စောင်းတစ်ချက် ထိုးလိုက်ပြီးနောက် ရီထရက်တာ ကို ကောက်ယူပြီး အလုပ် စသည်။

ခွဲစိတ်မှုမှာ အရေးပေါ် နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်သည်။ ရင်ဘတ်အလယ်မှ ရင်ရိုးအထိ အရေပြားကိုခွဲ၊ လျှပ်စစ်လွှဖြင့် ရင်ရိုးကို ဖြတ်ထားပြီး ဖြစ်သည်။ နှလုံးနှင့် အဓိက သွေးကြောများ ပေါ်နေပြီ။

ပေ့ဂျ် က ရင်ရိုးဘေးမှ ဖြတ်ရာများအကြားတွင် ရီထရက်တာကိုသွင်းပြီး ဆွဲ ဟ သည်။ ဒေါက်တာဘာကာက နှလုံးအိတ်ကို ကျွမ်းကျင်စွာ ဖွင့်ပြီး နှလုံး ကို ဖော်ထုတ်သည်။

သူက နှလုံးသွေးကြောများကို ညွှန်ပြလျက် ...

"ပြဿနာက ဒါပဲ၊ အဲဒါကို တို့ ပြန်ဆက်ရမယ်"

ထို့နောက် သူက ခွဲစိတ်မှုပြီးစီးသည်အထိ အံ့ဘနန်း ကျွမ်းကျင်မှုဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွား၏။

ပေ့ဂျ် အဖို့ ကမ္ဘာကျော် နှလုံးရောဂါ ပါရဂူကြီးတစ်ဦး၏ ဂန္ထဝင်စံတင်ရမည့် စွမ်းဆောင်မှုကို မျက်ဝါးထင်ထင် မြင်တွေ့ရခြင်း ဖြစ်သည်။

ခွဲစိတ်ချိန် စုစုပေါင်း သုံးနာရီကြာ၏။ ဒေါက်တာဘာကာက ခွဲစိတ်ဝန်ထမ်းများကို ကြည့်ပြီး —

"မင်းတို့ အားလုံးကို ကျေးဇူးတင်ပါတယ်"

သို့သော်လည်း သူက ပေ့ဂျ်ကိုတော့ လုံးဝ လှည့်မကြည့်။

ပေ့ဂျ်သည် စကားတစ်ခွန်းမှ မပြောဘဲ ခွဲစိတ်ခန်းမှ ပြန်ထွက်ပြီး အပေါ်ထပ် ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့ ရုံးခန်းသို့ လာခဲ့သည်။

ဆေးရုံအုပ်ကြီးမှာ ရောက်ခါစ ရှိသေးသည်။

"မင်းကြည့်ရတာ တော်တော်ပင်ပန်းလာသလိုပဲ၊ နည်းနည်းအနားယူလိုက်ပါ"

ပေ့ဂျ်က ဒေါသကိုထိန်းပြီး ...

"ကျွန်မ တခြားခွဲစိတ်အဖွဲ့တစ်ခုကို ပြောင်းချင်ပါတယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



“မင်းကို ဒေါက်တာဘာကာအဖွဲ့မှာ တာဝန်ချထားတာပဲ”

“ဒါပေမဲ့ ...”

“ဘာပြဿနာရှိလို့လဲ”

“သူ့ကိုသာ မေးကြည့်တော့၊ သူ ကျွန်မကို မုန်းနေတယ်၊ ကျွန်မကို ထုတ်ပစ်ချင်နေတယ်၊ ကျွန်မ အခြားတစ်ယောက်နဲ့ပဲ တွဲလုပ်ပါရစေ၊ ဘယ်သူပဲဖြစ်ဖြစ် တွဲလုပ်ပါရစေ”

“ငါ သူနဲ့ ပြောကြည့်ပါဦးမယ်၊ စိတ်မစောပါနဲ့”

“ကျေးဇူးပါပဲ”.

ပေ့ဂျ် ပြန်ထွက်လာခဲ့သည်။ *ငါ့ကို သူနဲ့ ဝေးရာကိုပို့ရင် ကောင်းမယ်၊ သူ့ကို ပြန်မြင်ရရင် သတ်မိလိမ့်မယ်။*

■

ပေ့ဂျ် အိမ်ပြန်ပြီး နှစ်နာရီလောက် အိပ်ပစ်လိုက်၏။ တစ်ခုခု ထူးထူးဆန်းဆန်းဖြစ်ခဲ့သလို ခံစားမှုဖြင့် အိပ်ရာမှ နိုးလာခဲ့သည်။ ထို့နောက် သူ သတိရလာသည်။ *အဲဒီ သရဲကြီးဆီကို ငါ လုံးဝ မပြန်ချင်တော့ဘူး။*

လေကလေး တချွန်ချွန်ဖြင့် ဆေးရုံသို့ ကားမောင်းထွက်လာခဲ့သည်။

စင်္ကြံလမ်းရောက်တော့ အကူလုပ်သားတစ်ယောက် နောက်မှ လိုက်လာပြီး ...

“ဒေါက်တာ တေလာ”

“ဟုတ်ကဲ့”

“ဆေးရုံအုပ်ကြီးက သူ့ရုံးခန်းလာခဲ့ပါတဲ့”

“ကျေးဇူးပါပဲ”

*အသစ်တွဲရမယ့် ဆရာဝန်က ဘယ်သူဖြစ်ပါလိမ့်၊ ဘယ်သူပဲဖြစ်ဖြစ် အတွေ့အကြုံသစ်တော့ ရမှာပဲလေ။*

ပေ့ဂျ် ရုံးခန်းထဲဝင်လာသည်။

“တော်တော်လန်းသွားပုံပဲ”

“ဟုတ်ကဲ့ ... တော်တော်လန်းသွားပါပြီ”

“ငါ ဒေါက်တာဘာကာနဲ့ တွေ့ပြီးပြီ”

ပေ့ဂျ် ပြုံးလျက်

“ဟုတ်ကဲ့၊ ကျေးဇူးပါပဲ”

“သူက မင်းကို လက်မလွှတ်နိုင်ဘူးတဲ့”

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"သူက ပြောတယ်၊ မင်းကို သူ့အဖွဲ့မှာ တာဝန်ချထားတဲ့အတွက် သူနဲ့ပဲ တွဲလုပ်ရမယ်တဲ့"

"ဘာဖြစ်လို့လဲ၊ ကျွန်မ သူနဲ့ ဆက်မလုပ်နိုင်တော့ဘူး"

"ငါ စိတ်မကောင်းပါဘူး၊ မင်းအနေနဲ့ အလုပ်က မထွက်ချင်ရင် တခြားရွေးစရာ မရှိတော့ဘူး"

"ဟင့်အင်း ... ကျွန်မ မထွက်ဘူး၊ မထွက်ဘူး"

"ဒါဆို ကိစ္စပြတ်ပြီပဲ"

*ကောင်းပြီ၊ နေနှင့်ဦးပေါ့၊ အဲဒီ သရဲကြီးကို တစ်နည်းနည်းနဲ့ ငါပြန်ဆော်မယ်။*

■

ကင်မယ်လိုရီသည် ရောင်းလှည့်ထွက်ရန် အဝတ်လဲနေတုန်း ဂရန်ဒီနှင့် အခြားအလုပ်သင်ဆရာဝန် သုံးယောက် ဝင်လာကြသည်။

"ဟာ ... ကိုယ့်ဆရာပါလား" ဂရန်ဒီက ပြောသည်။ "ဘယ်နှယ့်လဲ၊ အခြေအနေကောင်းရဲ့လား"

"ကောင်းပါတယ်"

ဂရန်ဒီက အဖော်များဘက်လှည့်ပြီး "ဒီလူ အခြေအနေကောင်းပုံမရဘူးဗျ" မယ်လိုရီဘက် ပြန်လှည့်ရင်း "ခင်ဗျား ပိုက်ဆံသာ အဆင်သင့်ရှာထားတော့၊ ကျွန်တော်က ကားကလေးတစ်စီး လက်ငင်းပေးရမယ်လို့ စိတ်ကူးထားတာ"

နောက်တစ်ယောက်က "ကျွန်တော်ကတော့ ဝတ်ရုံအသစ်ချုပ်မယ်ဗျာ"

မယ်လိုရီက မျက်နှာရှုံ့မဲ့မဲ့ဖြင့် ...

"ကျုပ်က ဂရုမစိုက်ပါဘူး၊ ခင်ဗျားတို့သာ ကျုပ်ကိုပေးဖို့ ပိုက်ဆံရှာထားကြပါ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ" ဂရန်ဒီက မေးသည်။

"ကျုပ်စီမံကိန်း အောင်မြင်တော့မှာဗျ" မယ်လိုရီက အထက်စီးလေသံဖြင့် ပြောသည်။ "မနေ့ညကတောင် တစ်ချီတည်း ကိစ္စပြတ်တော့မလို့"

ဂရန်ဒီတို့လူစု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တော်တော်စိုးရိမ်သွားကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမဲ့ သူ မင်းရင်ခွင်ထဲတော့ မရောက်သေးဘူးမဟုတ်လား''

''ရောက်တော့မယ့် ဆဲဆဲပဲ၊ အိပ်ခန်းထဲ လျှောက်သွားကြတုန်းမှာ ဟို မိုင်းတာမနှစ်ယောက်က ဝင်နှောင့်လိုက်လို့၊ ဒါပေမဲ့ စနေနေ့ည ထပ်ချိန်းထားတယ်'' သူ အဝတ်လဲပြီးသွားသည်။ ''ကဲ ... ခွင့်ပြုပါဦး''

■

နောက်တစ်နာရီခန့်အကြာတွင် စင်္ကြံလမ်းတွင် ဂရန်ဒီ က ကက် အား လိုက်တွေ့ပြီး ...

''ကျွန်တော် ခင်ဗျားလိုက်ရှာနေတာ'' သူ စိတ်ဆိုးနေသည်။

''ဘာများ အရေးကြီးလို့လဲ''

''ဟိုကောင် မယ်လိုရီပေါ့၊ စနေနေ့ညမှာ မင်းကို အပြီးအပိုင် အနိုင်ယူမယ်ဆိုပြီး သူက လှည့်တိုင်းလိုက်ပြောနေတာ''

''မပူပါနဲ့၊ သူ ရှုံးမှာပါ''

■

စနေနေ့ညတွင် မယ်လိုရီက ကက် ကို လာခေါ်သည်။ ကက်က သူ၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ပေါ်အောင် စကတ်ဝတ်စုံတိုတို ဝတ်ထားသည်။

''အချစ်က အရမ်းမိုက်တာပဲ''

''အဲဒါ ရှင့်အတွက်ပေါ့''

မယ်လိုရီက ကက် အား အနမ်းလက်ဆောင် ပေးလိုက်သည်။

ထို့နောက် ''အိုင်ယန်ဟော့(စ်)'' စားသောက်ဆိုင်သို့ လာခဲ့ကြသည်။ အကောင်းဆုံး အစားအသောက်တွေမှာပြီး မြိန်မြိန်ရှက်ရှက် စားသောက်ကြသည်။ ကက်က အလွန်ပျော်နေသည်။ မယ်လိုရီသည် စွဲမက်စရာကောင်းသလောက် နှစ်သက်စရာလည်းကောင်းသည်။ သူက ကက်နှင့် ပတ်သက်သမျှ အကြောင်းအရာတွေကို စိတ်ဝင်စားစွာ ပြောသည်။ စိတ်ဝင်စားစွာ နားထောင်သည်။ သူ မြှောက်ပင့်ပြောနေမှန်း ကက် သိသည်။ သို့သော်လည်း တကယ်စိတ်ပါ၍ ပြောနေသလို ထင်ရသည်။

ကော်ဖီသောက်ပြီးသောအခါ မယ်လိုရီက ပြောလိုက်သည်။

''ကဲ ... ပြန်ကြရအောင်''

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ပြန်စို့"

သူတို့နှစ်ယောက် တက္ကစီငှားပြီး မယ်လိုရီ၏ အခန်းသို့ လာခဲ့ကြသည်။ သူ့အခန်းမှာ သာမန်လူပျိုခန်းကလေး ဖြစ်သည်။ တစ်ခန်းလုံး ပြန့်ကျဲ ရှုပ်ပွနေသည်။

"ဘာသောက်မလဲ" မယ်လိုရီက မေးသည်။

ကက်က လက်ပတ်နာရီကို တစ်ချက်စောင်းကြည့်လိုက်ပြီးတော့မှ ...

"ဖော်ဒဂါနဲ့ တိုနစ်"

မယ်လိုရီ အရက်ခန်းကလေးသို့ လျှောက်သွားပြီး အရက်နှစ်ခွက် စပ်ယူလာသည်။ နှစ်ယောက်သား အရက်ခွက် ကိုယ်စီ ကိုင်မြှောက်လိုက်ကြသည်။

"အတူတကွ..."

"အတူတကွ..."

ထိုအခိုက် ကက်၏ နှိုးစက်လက်ပတ်နာရီမှ အသံပေါ်ထွက်လာသည်။

"ဟင် ... ဒါကဘာလဲ" မယ်လိုရီက အလန့်တကြား ပြောလိုက်သည်။

"သူတို့ ကျွန်မကို ခေါ်နေပြီ၊ ရှင့်ဖုန်း ခဏသုံးပါရစေ"

"အခုလား"

"ဟုတ်တယ်၊ အရေးပေါ်ခေါ်တာဖြစ်မယ်"

"ခဏစောင့်နေလို့ မရဘူးလား"

"ဒါလင်ကလည်း ဆေးရုံဥပဒေကို သိလျက်သားနဲ့"

"ဒါပေမဲ့ ..."

ကက် တယ်လီဖုန်းစားပွဲသို့ လျှောက်လာသည်။ နံပါတ်ကို နှိပ်သည်။ "ကျွန်မ ဒေါက်တာ ဟန်တာပါ" သူ စိတ်ဝင်စားစွာ နားထောင်သည်။ "ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ခုချက်ချင်း လာခဲ့ပါ့မယ်"

မယ်လိုရီသည် ကက်ကိုကြည့်ပြီး အံ့အားကြီးသင့်နေသည်။

"ဘာ ... ဘာတွေဖြစ်နေလို့လဲ"

"ကျွန်မ ဆေးရုံပြန်သွားရမယ်"

"အခုချက်ချင်းလား"

"ဟုတ်တယ်၊ လူနာတစ်ယောက် အသည်းအသန်ဖြစ်နေလို့တဲ့"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက်နေပါဦးလား"

"မဖြစ်လို့ပါ၊ လူနာက အရေးကြီးပါတယ်၊ ကဲ ... နောက်ညမှ တွေ့ကြရအောင်နော်"

ကက် အလျင်အမြန် ပြန်ထွက်သွားသည်။ တံခါးပြန်ပိတ်သွားသည်။ မယ်လိုရီက အရက်ခွက်ကောက်ကိုင်ပြီး နံရံကို တစ်အားပစ်ပေါက်လိုက်၏။

"ခွေးမ ... ခွေးတိရစ္ဆာန်မ ... ခွေးစုတ်မ"

■

တိုက်ခန်းသို့ ကက် ပြန်ရောက်သွားတော့ မေ့ဂျ်နှင့် ဟန်နီတို့ ထိုင်စောင့်နေတာကို တွေ့ရသည်။

"ကဲ ... ပြောစမ်းပါဦး" မေ့ဂျ် က အလောတကြီးမေးသည်။

"အချိန်မီပဲ မဟုတ်လား"

ကက် က ရယ်ပြီး "မင်းတို့လုပ်လိုက်တာ ကွက်တိအချိန်ကိုက်ပါပဲ"

ထို့နောက် သူက မယ်လိုရီတစ်ယောက် လမ်းခုလတ်တွင် ဆတ်တငံ့ငံ့ကြီး ဖြစ်ကျန်ရစ်ပုံကို အသေးစိတ် ပြန်ပြောပြသည်။ သူငယ်ချင်းမ သုံးယောက်သား မျက်ရည်ထွက်အောင် တဟားဟား ရယ်ကြသည်။

■

ဒီနက်တို့၏ အနက်ရောင်ဖိမ်ခံကားသည် ဆေးရုံအပြင်ဘက်တွင် ကက် ကို စောင့်နေသည်။ သည်အကြိမ်တွင် ရှဲဒိုးတစ်ယောက်တည်း။ ရီနီးပါလာရင် သိပ်ကောင်းမှာပဲဟု ကက်က တွေးမိ၏။ ရှဲဒိုးကိုကြည့်ပြီး သူကြောက်သလိုလို ခံစားရသည်။ ရှဲဒိုးက ဘယ်တော့မှ မပြုံး၊ စကားလည်း ပြောခဲသည်၊ ပြောတော့လည်း ခြိမ်းခြောက်သည့် စကားကိုသာ ပြော၏။

"ကားပေါ်တက်" ရှဲဒိုးက ပြောသည်။

"ကျွန်မကို ဒီလိုခြိမ်းခြောက်အမိန့်ပေးနေလို့ မရဘူးဆိုတာ ရှင့်ဆရာကို ပြောလိုက်ပါ" ဟု ကက် က ရဲဆေးတင်၍ ပြောလိုက်သည်။ "ကျွန်မက သူ့ဆီမှာ အလုပ်လုပ်နေတာ မဟုတ်ဘူး၊ သူ့ကို ကျွန်မ အရင်တစ်ခါလည်း ကူညီပြီးပြီပဲ"

"တက်သာတက်ပါ၊ သူနဲ့တွေ့တော့ ခင်ဗျားကိုယ်တိုင်ပြောပြပေါ့"

ကက် စဉ်းစားနေသည်။ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွင် သူမပါဝင်ချင်၊ ပြန်လှည့်ထွက်သွားလျှင် ကောင်းလိမ့်မည်။ သို့သော်လည်း သည်ကိစ္စသည် မိုက်နှင့်လည်း ဆက်စပ်မှုရှိနိုင်သည်။ သူငြင်းလိုက်လျှင် မိုက် အတွက် တစ်စုံတစ်ရာ ထိခိုက်မှု ရှိနိုင်သည်။

the bookhouse
We bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်တက်ထိုင်လိုက်၏။

■

သည်တစ်ကြိမ် ဓားစာခံမှာ ချိန်းကြိုးနှင့် အပြင်းအထန် အရိုက်ခံထားရသူ ဖြစ်သည်။ သူ့အနီးတွင် ဒီနက်တို ရှိနေ၏။

ကျွန်တော် က လူနာကို တစ်ချက်ကြည့်လိုက်ပြီးနောက် ...

"သူ့ကို ချက်ချင်းဆေးရုံတင်မှဖြစ်မယ်"

"ဒေါက်တာ ... " ဒီနက်တိုက ပြောသည်။ "သူ့ကို ဒီမှာပဲ ကုပေးပါ"

"ဘာဖြစ်လို့လဲ"

ကျွန်တော် က ပြန်မေးလိုက်သည်။

သို့သော်လည်း အဖြေကို ကျွန်တော် သိပြီးသား၊ ဒီနက်တို၏ အန္တရာယ်ကို သူ တွေးကြောက်မိ၏။ ။

■

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၁၈-

ဆန်ဖရန်စစ္စကိုမြို့၏ သာယာသော နေ့တစ်နေ့ ဖြစ်သည်။ ယမန် နေ့ညတွင် ... လေက မိုးသားတိမ်လိပ်များကို တိုက်လွင့်ပစ်ခဲ့သောကြောင့် ယနေ့ တနင်္ဂနွေနေ့ နံနက်ခင်းသည် လတ်ဆတ်ကြည်လင်နေ၏။

ဂျက်ဆင် က ပေ့ဂျ် ကို တိုက်ခန်းသို့ ခေါ်ဖို့ ချိန်းထားသည်။ သူရောက်လာတော့ ပေ့ဂျ် အလွန်ဝမ်းသာသွားသည်။ ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩမိ၏။

"သိပ်လှနေပါလား" ဂျက်ဆင်က ပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"ဒီနေ့ ဘာလုပ်ချင်သလဲ"

"ဒါ ရှင့်မြို့ပဲ၊ ရှင် ခေါင်းဆောင်ပါ၊ ကျွန်မ နောက်က လိုက်မယ်"

"သိပ်ကောင်းတာပေါ့"

"ရှင် သဘောတူရင် ဆေးရုံကို ကျွန်မ ခဏတစ်ဖြုတ် ဝင်လိုက်ချင်တယ်"

"ဘာလဲ ... ဒီနေ့ ရက်အား မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ စိုးရိမ်နေတဲ့ လူနာတစ်ယောက် ရှိနေလို့"

"ဟုတ်ပြီ၊ ပြဿနာမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆင်က ကားကို ဆေးရုံသို့ မောင်းလာခဲ့သည်။

"ကျွန်မ သိပ်မကြာပါဘူး" ပေ့ဂျ် ကားပေါ်မှ ဆင်းသွားသည်။

"ကိုယ် ဒီကပဲ စောင့်နေမယ်"

ပေ့ဂျ် တတိယထပ်သို့ တက်လာပြီး ဂျင်မီဗို့ အခန်းသို့ လာခဲ့သည်။ ဂျင်မီသည် ပိုက်တွေတန်းလန်းနှင့် သတိမေ့နေဆဲ ရှိသေးသည်။

ပေ့ဂျ် ဝင်သွားတော့ သူနာပြုဆရာမတစ်ယောက်က ဆီးကြိုနှုတ်ဆက်သည်။

"ဘာအပြောင်းအလဲ ရှိသေးသလဲ" ပေ့ဂျ် က မေးလိုက်၏။

"ဘာမှ မပြောင်းလဲပါဘူး"

ပေ့ဂျ်က သွေးစမ်းကြည့်သည်။ နှလုံးခုန်သံကို နားထောင်ကြည့်သည်။

"ဒီအတိုင်းပဲ ရက်အတော်ကြာသွားပြီ" ဆရာမက ပြောသည်။ "ဒါပေမဲ့ ဘာမှ တိုးတက်မလာဘူး"

"သူပြန်ကောင်းလာမှာပါ" ပေ့ဂျ်က ပြန်ပြောသည်။ ပြီးတော့ ဂျင်မီ့ခုတင်နားကပ်သွားပြီး အသံကျယ်ကျယ်ဖြင့် "ဂျင်မီ ... ဘာမှ မပူနဲ့နော်၊ မကြာခင် ပြန်ကောင်းလာမှာပါ"

ဂျင်မီက ဘာမှ မတုံ့ပြန်။ ပေ့ဂျ်က မျက်လုံးအစုံမှိတ်ပြီး ဆုတောင်းနေသည်။

"အပြောင်းအလဲရှိရင် ကျွန်မကို ချက်ချင်းအကြောင်းကြားပါ"

"ဟုတ်ကဲ့ ... ဒေါက်တာ"

*သူ သေရတော့မယ်၊ သူ့ကို ငါ မကယ်နိုင်တော့ဘူး။*

■

ပေ့ဂျ် ပြန်ရောက်လာတော့ ဂျက်ဆင် ကားပေါ်မှ ဆင်းရပ်လိုက်သည်။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်" ပေ့ဂျ် က သူ့အပူကို ဂျက်ဆင် အား မျှဝေ မပေးချင်။

"ဒီနေ့ တို့နှစ်ယောက် ကမ္ဘာလှည့်ခရီးသည်အစစ်တွေလို လုပ်ကြမယ်၊ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ဥပဒေတစ်ခု ရှိတယ်၊ ခရီးသည်အားလုံး 'တံငါသည် ဆိပ်ခံတံတား' က စတင်ရမယ်တဲ့"

ပေ့ဂျ်က ပြုံးလျှက် ...

"ဒါဆို ကျွန်မတို့ အဲဒီဥပဒေကို လိုက်နာကြရအောင်"

■

www.burmeseclassic.com

www.burmeseclassic.com



"တံငါသည်ဆိပ်ခံတံတား" သည် "ကာနီဗယ်" လေဟာပြင်ပွဲတော်နှင့် တူနေသည်။ တစ်ကွင်းလုံးတွင် အသံတိတ် သရုပ်ဆောင်ဖြေဖျော်သူများ၊ လူရွှင်တော်များ၊ ကချေသည်များနှင့် တေးဂီတ အနုပညာသည်များ ပြည့်နှက်နေ၏။ ပုံကျစျေးသည်များကလည်း စားစရာမျိုးစုံ၊ ကစားစရာမျိုးစုံနှင့် တခြား ထွေရာကမာ ဖြုတ်စဗျင်းတောင်း ပစ္စည်းမျိုးစုံကို ဆူညံစွာ ဈေးခေါ်ရင်း ရောင်းချနေကြသည်။

"ကမ္ဘာမှာ ဒီလိုနေရာမျိုး မရှိဘူး" ဂျက်ဆင်က ပြောသည်။

သူ စိတ်အားထက်သန်နေတာကိုကြည့်ပြီး ပေ့ဂျ် ပျော်နေ၏။ သည်နေရာနှင့် ဆန်ဖရန်စစ္စကိုမြို့မှ အခြားနေရာတော်တော်များများကို ပေ့ဂျ် ရောက်ဖူးပြီး ဖြစ်သည်။ သို့သော်လည်း ဂျက်ဆင်၏ ပျော်ရွှင်မှုကို သူအနှောင့်အယှက် မပေးချင်။

"မင်း ကောင်းကင်ကား စီးဖူးသလား"

"မစီးဖူးဘူး" *ပြီးခဲ့တဲ့ အပတ်ကတည်းက။*

"လာ ... သွားစီးကြရအောင်"

သူတို့ ပါဝယ်လမ်းသို့လျှောက်လာပြီး ကောင်းကင်ကားပေါ် တက်စီးကြသည်။ သူတို့ အရှိန်မြင့်မြင့်စီးလာကြစဉ် ဂျက်ဆင်က ...

"ဒါကို 'ဟာလီဒီး၏ အရူးဈေးပန်းကား' လို့ ခေါ်ကြတယ်၊ ၁၈၇၃ ခုနှစ်က သူတည်ဆောက်ခဲ့တာ"

"ပြီးတော့ တာရှည်မခံပါဘူးလို့ လူတွေက ပြောခဲ့တယ်လေ"

ဂျက်ဆင်က ရယ်သည်။

"အဲဒါမှန်တယ်၊ ကိုယ် အထက်တန်းကျောင်းသားဘဝတုန်းက ရက်အားတွေမှာ ခရီးသွားလမ်းညွှန် လုပ်ခဲ့တယ်"

"ရှင်က တော်မှာပါ"

"အတော်ဆုံးပေါ့၊ ခရီးသွားလမ်းညွှန်တွေ ပြောတဲ့စကား နမူနာလေးတွေကိုရော ကြားချင်သလား"

"ကောင်းတာပေါ့"

သူက ခရီးသွားလမ်းညွှန်ဟန်ပန်လေသံဖြင့် ...

"ကမ္ဘာလှည့်ခရီးသည်များခင်ဗျား ... ဒေသန္တရဗဟုသုတအဖြစ် ပြောရမယ်ဆိုရင် ဆန်ဖရန်စစ္စကိုမြို့မှာ အသက်အကြီးဆုံးလမ်းက ဂရန့်အဲဗင်းနယူးလမ်း၊ အရှည်ဆုံးလမ်းက မစ်ရှင်လမ်း ဖြစ်ပါတယ်၊ ခုနစ်မိုင်ခွဲရှည်ပါတယ်၊ အကျယ်ဆုံးလမ်းက ဗန်နက်စ်အဲဗင်းနယူးလမ်း၊ ၁၂၅ ပေ ကျယ်ပါတယ်ခင်ဗျာ၊ အကျဉ်းဆုံးလမ်းကို သိရရင်တော့ အံ့သြသွားကြပါလိမ့်မယ်၊ အကျယ် လေးပေခွဲ ပဲရှိပါတယ်၊ အဲဒီလမ်းက ဒီဖောရက်စ်လမ်းပါ၊ ဓောက်အနက်ဆုံးလမ်းကတော့ ဖစ်လ်ဘတ်လမ်းပါ ခင်ဗျာ၊ သူက သုံးဆယ့်တစ်ပေခွဲ နက်ပါတယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူက ပေ့ဂျ်ကို ပြုံးကြည့်ရင်း...

"ဒါတွေကို ခုထိ မမေ့သေးတာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိတယ်"

သူတို့ ကောင်းကင်ကားပေါ်မှ ပြန်ဆင်းကြတော့ ပေ့ဂျ် က မေးသည်။

"နောက်တစ်ခုက ဘာလဲ"

"မြင်းရထား စီးကြမယ်"

နောက်ဆယ်မိနစ်ခန့်တွင် သူတို့နှစ်ယောက် မြင်းရထားစီးပြီး ဂီရာဒယ်လီပန်းခြံ နှင့် မြောက်ဘက်ကမ်းခြေသို့ လာခဲ့ကြသည်။ ဂျက်ဆင်က လမ်းခရီးတစ်လျှောက် စိတ်ဝင်စားစရာနေရာတွေကို ညွှန် ပြလာသည်။ ပေ့ဂျ် အလွန် ပျော်နေ၏။ *ပျော်တာတော့ ပျော်ပေါ့၊ ဒါပေမဲ့ သူ့ဘက် မျောပါမသွားအောင်တော့ သတိထား။*

ထို့နောက် "ကျိုက်ထိမ်မျှော်စင်" ပေါ်သို့ တက်ပြီး မြို့တော်ဝန်းကျင်ရှုခင်းကို ကြည့်ကြသည်။ ပြန်ဆင်းလာတော့ ဂျက်ဆင်က မေးသည်။

"မဆာဘူးလား"

"ဆာတာပေါ့"

"ဒါဆို အကောင်းဆုံး တရုတ်အစားအစာဆိုင်မှာ သွားစားကြမယ်၊ တွမ်မီတို့ဆိုင်းတဲ့"

ဆေးရုံက လူတွေပြောလို့ ထိုဆိုင်အကြောင်း ပေ့ဂျ် ကြားဖူးသည်။

■

အစားအစာတွေက တကယ့် မင်းပွဲစိုးပွဲပမာ စုံလင်လှသည်။ ပုစွန်ကင်၊ ပင်လယ်စာစွပ်ပြုတ်၊ ကြက်ကြော် နှင့် ထမင်းကြော် မှာစားကြသည်။ အချိုပွဲကတော့ မက်မုံသီးယို။

"ရှင် ဒီမှာ ခဏခဏ လာစားသလား"

ပေ့ဂျ်က မေးသည်။

"တတ်နိုင်တဲ့အခါတော့ လာပါတယ်"

"ဒါနဲ့ ရှင်က ဗိသုကာပဲ အမြဲတမ်းလုပ်တော့မှာလား"

"တခြား ရွေးစရာ မရှိတော့ဘူး၊ ကိုယ်က သိတတ်စ အရွယ်ကစပြီး အိမ်ဆောက်တမ်း ကစားခဲ့တာ၊ အဆောက် အအုံပုံစံတစ်ခု စိတ်ကူးနဲ့ ဒီဇိုင်းထုတ်ရတာ၊ ပြီးတော့ အဲဒီအဆောက်အအုံကြီး မြို့ထဲမှာ တကယ်ပေါ်ပေါက်လာတာကို မြင်ရတာတွေဟာ သိပ်ပြီး စိတ်လှုပ်ရှားစရာကောင်းတယ်"

*တစ်နေ့မှာ 'တပ်ဂျ်မဟာ' လို ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံကြီးတစ်ခု ငါ ဆောက်မယ်၊ အချိန် ကြာချင်သလောက် ကြာပါစေ။*

the bookhouse we bring your stars
www.burmeseclassic.com

www.burmeseclassic.com



“ပြောရရင် ကိုယ်က တော်တော်ကံကောင်းတယ် ပေ့ဂျ်၊ ကိုယ်ချစ်မြတ်နိုးတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းရတယ်၊ ဘယ်သူပြောတာပါလိမ့်၊ လူများစုဟာ ဘဝကို စိတ်ညစ်ပြီး ကုန်လွန်စေကြတယ် ဆိုတာလေ”

အင်း ... *ငါ့လူနာတွေ လေသံအတိုင်းပဲ* ဟု ပေ့ဂျ် တွေးမိ၏။

“ကိုယ်က တခြား ဘာအလုပ်မှ မလုပ်ချင်ဘူး၊ တခြားဘယ်နေရာမှာမှ မနေချင်ဘူး၊ ဒီမြို့က တကယ့်ကို ဆန်းကြယ်တဲ့ ဒဏ္ဍာရီမြို့တော်ပဲ၊ လိုချင်တာ အားလုံးရတဲ့ လောကနတ်ဘုံဆိုရင် မမှားနိုင်ဘူး”

“ဒါနဲ့ ရှင်တစ်ခါမှ လက်မထပ်ဖူးသေးဘူးလား”

ဂျက်ဆင်က ပခုံးတွန့်လိုက်ရင်း ...

“တစ်ခါတော့ ထပ်ဖူးတယ်၊ ကိုယ်တို့က သိပ်ငယ်ကြတယ်၊ အဆင်မပြေပါဘူး”

“ကျွန်မ စိတ်မကောင်းပါဘူး”

“ကိစ္စမရှိပါဘူး၊ သူက သိပ်ပြီးချမ်းသာတဲ့ အသားသွတ်လုပ်ငန်းရှင်ကြီးနဲ့ လက်ထပ်လိုက်တယ်၊ မင်းကရော လက်ထပ်ဖူးသလား”

*ငါလည်း ကြီးလာရင် ဆရာဝန်ပဲလုပ်မယ်၊ တို့လက်ထပ်ကြမယ်၊ အတူတူ အလုပ် လုပ်ကြမယ်။*

“မထပ်ဖူးပါဘူး”

■

သူတို့သည် “ရွှေတံခါး”နှင့် “ပင်လယ်အော်တံတား”အောက်တွင် အပျော်သင်္ဘောစီးကြသည်။ ဂျက်ဆင်၏ ခရီးသွားလမ်းညွှန်အသံ ပေါ်ထွက်လာပြန်၏။

“ကမ္ဘာ့လှည့်ခရီးသည်များခင်ဗျား ... အထပ်ပေါင်း များစွာပါတဲ့ ဟောဟို အဆောက်အအုံကြီးကိုတော့ ‘အယ်လ်ကာထရက်ဇ်’လို့ ခေါ်ပါတယ်၊ ကမ္ဘာကျော် ရာဇဝတ်ကောင်ကြီးတွေဖြစ်တဲ့ စက်သေနတ် ကယ်လီ၊ အယ်လ်ကပုန်းနဲ့ ‘ငှက်လူသား’ လို့ခေါ်တဲ့ ရောဘတ်စထရောက် တို့ နေထိုင်ခဲ့ကြတဲ့ ဘူမိနက်သန် အိမ်ကြီးပါပဲ၊ ‘အယ်လ်ကာထရက်ဇ်’ ဆိုတာ စပိန်စကား ဖြစ်ပါတယ်၊ ပီလီကန်ငှက်ပါ ခင်ဗျား၊ ဒီနေရာမှာ ပီလီကန်တွေ နေခဲ့တာကို အစွဲပြုပြီး မှည့်ခေါ်တာ ဖြစ်ပါတယ်၊ ဒီနေရာမှာ အကျဉ်းသားတွေကို နေ့တိုင်း ရေနွေးချည်း ချိုးခိုင်းတာ ဘာကြောင့်ဆိုတာ သိကြပါသလား ခင်ဗျား”

“မသိပါဘူးရှင်” ပေ့ဂျ် က ရယ်ပြီး ပြောလိုက်သည်။

“သူတို့ ထွက်ပြေးတဲ့အခါ ရေအေးပင်လယ်အော်ကို ဖြတ်မကူးနိုင်အောင်လို့ပါတဲ့ ခင်ဗျား”

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဒါ တကယ်အမှန်ပဲလား" ပေ့ဂျ်က မေးလိုက်သည်။

"ကိုယ် ဘယ်တုန်းက ညာပြောဖူးလို့လဲ"

■

အချိန်တွေ ကုန်မှန်းမသိ ကုန်လွန်သွားသည်။ နေဝင်ဆည်းဆာချိန် ရောက်လာပြီ၊ ဂျက်ဆင်က မေးသည်။

" 'နိုး' တောင်ကြားလွင်ပြင်ကို ရောက်ဖူးသလား ပေ့ဂျ်"

"ဟင့်အင်း"

"မင်းကို လိုက်ပြချင်လိုက်တာ၊ အဲဒီမှာ စိုက်ခင်းတွေ၊ စမ်းချောင်းတွေ၊ သိပ်ပြီးကြည်နူးစရာကောင်းတာပဲ၊ ဗိတိုရိယခေတ် စံအိမ်ကြီးတွေ၊ ပန်းဥယျာဉ်တွေကလည်း အရောင်မျိုးစုံနဲ့ သိပ်လှတာပဲ၊ အိမ်ကြီးတွေကတော့ ဟောင်းလှပါပြီ၊ ကံကောင်းလို့ ၁၉၀၆ ခုနှစ် ငလျင်တုန်းက ပါမသွားတာ"

"ကြားရတာနဲ့ သွားချင်လိုက်တာရှင်"

"အဲဒီမှာ ကိုယ့်အိမ်ရှိတယ်၊ မင်း သွားကြည့်ချင်သလား" သူက ပေ့ဂျ်၏ အမူအရာကို အကဲခတ်ပြီး "မင်းကို ကိုယ် စွဲချစ်နေပြီ အချစ်ရယ်"

"ကျွန်မတို့ တစ်ယောက်အကြောင်းတစ်ယောက် သိပ်မှမသိကြသေးတာ၊ ဘယ်နှယ်လုပ်ပြီး... "

"မင်းက ငါ့ကို" ရောင်းလှည့်ရင် ပိုက်ကုတ်ဝတ်ရတယ်ဆိုတာ ရှင်မသိဘူးလား" လို့ ပြောခဲ့တဲ့အချိန်ကစပြီး မင်းကို ချစ်မိခဲ့တာ အမှန်ပါ"

"ဂျက်ဆင် ..."

"ကိုယ်က 'မြင်မြင်ချင်းစွဲချစ်မိတယ်' (in love at first sight) ဆိုတဲ့အဆိုကို လုံးဝယုံကြည်တယ်၊ ကိုယ့်အဘိုးက အဘွားကို ပန်းခြံထဲမှာ စက်ဘီးစီးနေတာတွေ့တယ်၊ သူ နောက်က လိုက်သွားတယ်၊ နောက်သုံးလကြာတော့ သူတို့ လက်ထပ်လိုက်ကြတယ်၊ အဘိုးဆုံးတဲ့အချိန်ထိ အိမ်ထောင်သက် ငါးဆယ်တိတိ သူတို့ပေါင်းသင်းခဲ့ကြတယ်၊ ဒီအတိုင်းပဲ ကိုယ့်အဖေကလည်း အမေ့ကို လမ်းဖြတ်ကူးနေတာ မြင်တယ်၊ သူ့ဇနီးဖြစ်ရမယ်ဆိုတာ သိလိုက်တယ်၊ အခု သူတို့ အိမ်ထောင်သက် ၄၅ နှစ် ရှိသွားပြီ၊ အဲဒီတော့ မင်းကို ကိုယ်လက်ထပ်ပါရစေ"

*ပေ့ဂျ်သည် ဂျက်ဆင့်မျက်နှာကြည့်ပြီး စဉ်းစားနေသည်။ သူဟာ အယ်လ်ဖရက်ပြီးရင် ငါချစ်မိတဲ့ ပထမဆုံးလူပဲ၊ တော်လည်းတော်၊ စိတ်သဘောလည်း မှန်တယ်၊ မိန်းမတစ်ယောက်အဖို့ လိုချင်တဲ့ အရည်အချင်းအားလုံး သူ့မှာ ရှိတယ်၊ အဲဒီတော့ ငါက ဘာဖြစ်နေတာလဲ၊ ငါက ဝိညာဉ်လိပ်ပြာကိုပဲ တမ်းတမ်းစွဲနေတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အယ်လ်ဖရက် သူ့ဆီပြန်လာဦးမယ်ဟူသည့် သံယောဇဉ်ခံစားချက်က သူ့နှလုံးသားထဲတွင် စွဲမြဲနေဆဲဖြစ်၏။*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူက ဂျက်ဆင်ကိုကြည့်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

''ဂျက်ဆင် ... ''

ထိုအခိုက် ပေ့ဂျ်၏လက်ပတ်နာရီမှ အချက်ပေးသံ ပေါ်ထွက်လာ၏။

''ပေ့ဂျ်''

''ကျွန်မ တယ်လီဖုန်း ပြန်ဆက်ရမယ်''

နောက်နှစ်မိနစ်ခန့်အကြာတွင် သူ ဆေးရုံသို့ ဖုန်းဆက်နေသည်။ ပေ့ဂျ်၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို ဂျက်ဆင် သတိပြုမိသည်။ ပေ့ဂျ်က အကျယ်ကြီးအော်ပြောနေသည်။

''ဒါ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မ ခုချက်ချင်းလာခဲ့မယ်လို့ ပြောလိုက်ပါ'' သူ ဖုန်းကို ပြန်ချလိုက်၏။

''ဘာကိစ္စလဲ ပေ့ဂျ်'' ဂျက်ဆင်က စိုးရိမ်တကြီးမေးသည်။

ပေ့ဂျ်က သူ့ဘက်လှည့်ပြီး မျက်ရည်တွေ အပြည့်ဖြင့် ...

''ကျွန်မလူနာ ဂျင်မီကိစ္စပါ၊ သူ့ကို အသက်ရှူစက် ဖြုတ်ပစ်ကြတော့မယ်၊ သူ့ကို သေအောင်လုပ်ကြတော့မယ်''

■

ဂျင်မီဖို့၏ အခန်းသို့ ပေ့ဂျ်ရောက်လာသည်။ မေ့မြောနေသည့် လူနာဘေးတွင် လူသုံးယောက်ရှိနေ၏။ ဂျော့အင်္ဂလန်၊ ဘင်ဂျမင်ဝါလေ့စ်နှင့် ရှေ့နေ ဆီလ်ဗက်စတာ ဒါမိုနေး။

''ဘာဖြစ်နေတာလဲ'' ပေ့ဂျ်က မေးလိုက်သည်။

''ဒီနေ့မနက် ... '' ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့က ပြောသည်။ ''ဆေးရုံ ကျင့်ဝတ်ဥပဒေကော်မတီ အစည်းအဝေးမှာ ဂျင်မီဖို့အခြေအနေမျှော်လင့်ချက် မရှိတော့ဘူးလို့ ဆုံးဖြတ်ကြတယ်၊ ဒါကြောင့် တို့က သူ့အသက်ရှူစက်ကို ဖြုတ် ... ''

''မဟုတ်ဘူး၊ မလုပ်မရဘူး၊ ကျွန်မက သူ့ဆရာဝန်ပါ၊ သူ့မှာ အခွင့်အရေးရှိတယ်၊ သူ့ကို သေအောင်မလုပ်သင့်ဘူး''

ဆီလ်ဗက်စတာ ဒိုမိုနေး က ကြားဖြတ်ပြီး ...

''ဒီကိစ္စမှာ ဒေါက်တာ က ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး''

ပေ့ဂျ်က သူ့ကို ခပ်တင်းတင်းကြည့်ပြီး ...

''လူကြီးမင်းက ဘယ်သူလဲ''

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်က မိသားစုရှေ့နေပဲ'' သူက စာရွက်တစ်ရွက်ဆွဲထုတ်ပြီး ပေ့ဂျ်အား ကမ်းပေးသည်။

''အဲဒါ ဂျင်မီဖို့ရဲ့ သေတမ်းစာပဲ၊ အကယ်၍ သူ ရောဂါတစ်ခုခုကြောင့် သေရတော့မယ်ဆိုရင် သူ့အသက်ကို စက်မှုကိရိယာတွေနဲ့ ဆွဲမထား ပါနဲ့လို့ သေတမ်းစာမှာ ရေးထားခဲ့တယ်''

''ဒါပေမဲ့ သူ့အခြေအနေကို ကျွန်မ တာဝန်ယူပြုပြင်ပေးနေပါတယ်'' သူက လေသံပျော့ပျော့နှင့်ပြောသည်။ ''သူဟာ ရက်ပေါင်း အတော်ကြာကြာ ငြိမ်သက်နေခဲ့ပါတယ်၊ တစ်ချိန်ချိန်မှာ သတိပြန်ရလာနိုင်စရာ ရှိပါတယ်''

''အဲဒါကို ဒေါက်တာ တာဝန်ခံနိုင်သလား'' ဒါမိုနေးက မေးသည်။

''တာဝန်တော့ မခံနိုင်ပါဘူး၊ ဒါပေမဲ့ ...''

''ဒါဆို လုပ်နိုင်းသလိုသာ လုပ်ပါတော့ ဒေါက်တာ''

ပေ့ဂျ်က ဂျင်မီဖို့ကို ကြည့်လိုက်သည်။

''မလုပ်ပါနဲ့ဦး၊ နည်းနည်းတော့ စောင့်ကြည့်ကြပါဦး''

ရှေ့နေကြီးက ညင်သာစွာဖြင့် ...

''ဒီမယ် ... ဒေါက်တာ၊ လူနာကို ကြာကြာထားလေလေ ဆေးရုံအတွက် အကျိုးရှိလေလေဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ မိသားစုအနေနဲ့ နောက်ထပ် ဆေးဖိုးဝါးခ မတတ်နိုင်တော့ဘူး၊ ဒါကြောင့်မို့ သူ့အသက်ရှူစက်ကို ဖြုတ်လိုက်ပါတော့လို့ ဒေါက်တာ့ကို ကျုပ်ကပြောနေတာ''

''နောက်ထပ် တစ်ရက်၊ နှစ်ရက်လောက်တော့ ထားပါဦး'' ပေ့ဂျ်က သွေးရူးသွေးတန်း တောင်းပန်နေသည်။ ''သူ့ ... သူ့အခြေအနေ တိုးတက်လာနိုင် ...''

''မဖြစ်ဘူး'' ရှေ့နေကြီးက ပြတ်ပြတ်ပြောသည်။ ''ဘယ်လိုမှ မဖြစ်ဘူး၊ ဒီနေ့ပဲ ဖြုတ်ပစ်ရမယ်''

ဒေါက်တာ ဂျော့အင်္ဂလန်က ပေ့ဂျ်ကို ကြည့်ပြီး ...

''စိတ်မကောင်းပါဘူး ပေ့ဂျ်၊ တို့အနေနဲ့ ရွေးစရာ အခြားလမ်းမရှိတော့ပါဘူး''

''ကျေးဇူးတင်ပါတယ် ဒေါက်တာ'' ရှေ့နေကြီးကပြောသည်။ ''ဒေါက်တာတို့သာ ကြည့်လုပ်လိုက်ပါတော့၊ ချက်ချင်းပဲ လုပ်လိုက်ပြီးပြီဆိုတာ မိသားစုကို ကျွန်တော်ပြောလိုက်ပါမယ်၊ ဒါမှ သူတို့အနေနဲ့ အသုဘချဖို့ကိစ္စ စီစဉ်နိုင်မယ်'' သူက ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့ဘက်လှည့်ပြီး ''အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ မင်္ဂလာပါပဲ''

သူ ပြန်ထွက်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဂျင်မီကို ကျွန်မတို့ ဒီလိုလုပ်လို့ မဖြစ်ဘူး" ပေ့ဂျီက ပြောလိုက်သည်။

ဒေါက်တာဝါလေ့က လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးတော့ ...

"ပေ့ဂျီ"

"သူ့ကို ဒီနေရာကထုတ်ပြီး တခြားတစ်ခန်းမှာ ဖွက်ထားရင် မကောင်းဘူးလား၊ ကျွန်မတို့ မထင်တာ တစ်ခုခု ဖြစ်လာနိုင်တယ်၊ တစ်ခုခုဖြစ်လာ ..."

"အခုကိစ္စက သူတို့က တောင်းပန်နေတာမဟုတ်ဘူး၊ အမိန့်ပေးနေတာ"

"မရဘူး၊ ကျွန်မလုပ်မယ်၊ လုပ်ကိုလုပ် ..."

"ကောင်းပြီလေ"

ဒေါက်တာအင်္ဂလန်က ပေ့ဂျီ၏လက်ကို ဆုပ်ကိုင်လျက် ...

"စိတ်မကောင်းပါဘူး ပေ့ဂျီ"

"ကျွန်မ နားလည်ပါတယ်"

ဆေးရုံအုပ်ကြီးနှင့် ဒေါက်တာအင်္ဂလန်တို့ ပြန်ထွက်သွားကြသည်။

သတိမေ့နေသော လူငယ်အနားတွင် ပေ့ဂျီတစ်ယောက်တည်းသာ ကျန်နေရစ်တော့သည်။ သူက ဂျင်မီကို ကြည့်လိုက်သည်။ အသက်ကိရိယာတွေနှင့် သွေးသွင်းပေးထားခြင်းတို့က ဂျင်မီအား မသေသေးနိုင်အောင် အသက်ဆက်ထားကြသည်။ အသက်ရှူပိုက်ကို ဖြုတ်လိုက်တာနှင့် တစ်ပြိုင်နက် အသက်ဝိညာဉ်သည် လွင့်ပျံ့သွားတော့မည် ဖြစ်၏။ ဒါပေမဲ့ သူ့မှာ ကြီးကျယ်တဲ့ အိပ်မက်တွေ မျှော်လင့်ချက်တွေ ရှိနေခဲ့သည်။

*ကျွန်တော်လည်း တစ်နေ့မှာ ဆရာဝန်ဖြစ်လာရမယ်၊ ကျွန်တော်က ဒေါက်တာတို့လို သိပ်ဖြစ်ချင်တာ။*

*ကျွန်တော် မိန်းမယူတော့မယ်၊ သူ့နာမည်က ဘက်စီတဲ့၊ ကလေးတွေ ဒါဇင်ဝက်လောက်မွေးမယ်၊ ပထမဆုံးမွေးတဲ့ သမီးလေးကို 'ပေ့ဂျီ' လို့ နာမည်ပေးမယ်။*

အခုတော့ သူ အသက်ရှင်နေရန် အချိန်သိပ်မကျန်တော့။

ပေ့ဂျီသည် ဂျင်မီကိုစိုက်ကြည့်ရင်း ရပ်နေ၏။ မျက်ရည်တွေ ဝေ့လာသောကြောင့် တစ်ခန်းလုံး မှုန်ဝါးသွားသည်။ "ကံဆိုးလိုက်တာ ဂျင်မီရယ်၊ မင်က အခုထွက်သွားတော့မှာပေါ့လေ" သူ ငိုရှိုက်လိုက်သည်။ "မင်းအိပ်မက်တွေ မျှော်လင့်ချက်တွေကို ဘယ်လိုလုပ်တော့မှာလဲ၊ မင်း ဆရာဝန်ဖြစ်ချင်တယ်ဆို၊ ငါ မေးနေတယ် ပြောလေ၊ ငါမေးနေတာ ကြားရဲ့လား၊ မျက်စိကို ဖွင့်လိုက်စမ်းပါ" သူက သွေးမရှိသည့် မျက်နှာကို စိုက်ကြည့်နေသည်။ ဘာမှမတုံ့ပြန်၊ "ငါ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး ဂျင်မီ'' သူက ဂျင်မီ့ပါးပြင်ကို ကုန်းနမ်းလိုက်သည်။ ကိုယ်ကို ပြန်မတ်လိုက်ချိန်တွင် ဂျင်မီ့မျက်လုံးတွေ ပွင့်လာကြ၏။

''ဂျင်မီ ... ဂျင်မီ''

ဂျင်မီ မျက်တောင်ခတ်လာသည်။ မျက်လုံးတွေ ပြန်ပိတ်သွားသည်။ ပေ့ဂျ်က သူ့လက်ကို ဆုပ်ကိုင်လိုက်၏။

''ဂျင်မီ'' ပေ့ဂျ်က တအင့်အင့် ငိုရှိုက်ရင်းပြောသည်။

''မင်း ဟိုလူနာအကြောင်း ကြားဖူးသလား၊ အကြောဆေးသွင်းပြီး အစာကျွေးရတဲ့ လူနာလေ၊ သူက နောက်တစ်ပုလင်း ထပ်သွင်းဖို့ ဆရာဝန်ကို တောင်းပန်တယ်၊ သူ့မှာ နေ့လယ်စာကျွေးရမယ့် ဧည့်သည်တစ်ယောက် ရောက်နေလို့လေ။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဟန်နီသည် သူ့အလုပ်တွင် အလွန်ပျော်နေသည်။ ဆရာဝန်အချို့နှင့်ရော၊ လူနာများနှင့်ပါ ဆက်ဆံရေး အဆင်ပြေနေသည်။ သူက လူနာတွေကို မေတ္တာစေတနာအပြည့်ဖြင့် ဂရုတစိုက် ပြုစုကုသသည်။ သက်ကြီးလူနာဆောင်နှင့် ကလေးဆောင်များတွင် တာဝန်ကျသည်။ ဆေးရုံအုပ်ကြီးက သူ့ကို အန္တရာယ်ကင်းသည့် နေရာတွင် တာဝန်ချပေးခြင်းဖြစ်၏။ သူ့ကို ဆေးရုံတွင် မျှော်စေချင်သည့် အမြဲတမ်း ရှိနေစေချင်သည်။

ဟန်နီက သူနာပြုဆရာမတွေကို အားကျမိသည်။ သူတို့သည် သေရေးရှင်ရေး တာဝန်မယူရဘဲနှင့် လူနာအများစုကို ပြုစုစောင့်ရှောက်နိုင်ကြသည်။

*သမီးက ဆရာဝန် မလုပ်ချင်ဘူး၊ သူနာပြုဆရာမပဲ လုပ်ချင်တယ်။*

*တပ်ဖိမ်သားစုမှာ သူနာပြုဆရာမဆိုတာ ဘယ်တော့မှ မရှိရဘူး၊ ဆရာဝန်ပဲ လုပ်ရမယ်။*

ဟန်နီသည် သူနှင့် သူ့အဖေတို့ ပြောခဲ့သည့် စကားကို ပြန်လည် သတိရနေ၏။

■

အခန်း-၁၉-

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်များ နားနေခန်းတွင် ဟန်နီ ထိုင်နေစဉ် ဒေါက်တာ စတီဗင် ဝင်လာပြီး ...

"ဒီအထဲမှာ ဗာဂို (Virgo) တစ်ယောက်ယောက်များ ရှိသလား"

ဆရာဝန်တစ်ယောက်က ရယ်ပြီး ...

"ဘာလဲ၊ ဆရာက ဗာဂျင် (Virgin) ကို ပြောတာလား"

"ဗာဂျင် (အပျိုစင်)မဟုတ်ဘူး၊ ကန်ရာသီဖွား ဗာဂို (ကညာပျို) ကို ပြောတာ"

"ကျွန်မက ကန်ရာသီဖွား ဗာဂိုပဲ" ဟန်နီက ပြောလိုက်သည်။ "ဘာပြဿနာရှိနေလို့လဲ ဆရာ"

ဒေါက်တာစတီဗင်က ဟန်နီ့အနား လျှောက်လာပြီး ...

"ပြဿနာက တခြားမဟုတ်ဘူး၊ ဗေဒင်ရူး ရူးနေတဲ့ လူနာအမျိုးသမီးပါ၊ သူ့အနားကို ဘယ်သူမှ ကပ်လို့မရဘူး၊ ကန်ရာသီဖွားမှ လာလို့ရမယ်တဲ့"

ဟန်နီ ထရပ်လိုက်သည်။

"ဒါဆို ကျွန်မ လိုက်ကြည့်မယ်လေ"

"ကျေးဇူးပဲ၊ သူ့နာမည်က ဖရန့်စက် ဂေါဒန်တဲ့"

ဖရက်စက်ဂေါဒန်သည် တင်ပါးဆုံအစားထိုး ကုသခံထားသူဖြစ်သည်။ ဟန်နီရောက်သွားတော့ သူက မော့ကြည့်ပြီး...

"ဒေါက်တာက ကန်ရာသီဖွားလား"

"ဟုတ်ပါတယ်" ဟန်နီက ပြုံးပြီး ပြောလိုက်သည်။

"သိဟ်ရာသီဖွားတွေ၊ ကုံရာသီဖွားတွေက သူတို့အလုပ် သူတို့မသိကြဘူး၊ သူတို့က လူနာတွေကို အမဲသားတုံးလို ဆက်ဆံနေကြတယ်"

"ဒီဆေးရုံက ဆရာဝန်တွေက ကောင်းကြပါတယ်၊ သူတို့က ... "

"ဟာ ... ဟ... အများစုက ပိုက်ဆံပဲ မက်ကြတယ်" သူက ဟန်နီ့ကို စေ့စေ့စပ်စပ်ကြည့်ရင်း "ဒေါက်တာကတော့ သူတို့နဲ့ မတူဘူး"

ဟန်နီက မှတ်တမ်းကတ်ကို ယူကြည့်သည်။ သူ့မျက်နှာတွင် အံ့ဩရိပ် ပေါ်သွားသည်။

"ဘာဖြစ်တာလဲ၊ ဘာတွေ့လို့လဲ"

"အဒေါ်အလုပ်က အကြားအမြင်ရ ဗေဒင်ပညာရှင်ဆိုပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒေါက်တာက အကြားအမြင်ဗေဒင်ပညာကို ယုံသလား"

"မယုံပါဘူး"

"အဲဒါ သိပ်ဆိုးတာပေါ့၊ ထိုင်ပါဦး ခဏ"

ဟန်နီက ကုလားထိုင် ဆွဲထိုင်လိုက်သည်။

"ဒေါက်တာ့လက် ခဏပေးစမ်းပါ"

ဟန်နီက ခေါင်းခါပြီး "ဟင့်အင်း ... ကျွန်မ ... "

"ပေးသာပေးစမ်းပါ၊ လက်ကို ပေးစမ်းပါ"

ဟန်နီက အားနာပါးနာဖြင့် လက်ကို ထိုးပေးလိုက်သည်။

မစ္စက်ဂေါ်ဒန်က ဟန်နီ့လက်ကို ကိုင်ပြီး မျက်စိမှိတ်လိုက်သည်။ ခဏကြာတော့မှ မျက်စိပြန်ဖွင့်လျက် ...

"ဒေါက်တာ့မှာ အခက်အခဲတွေ ရှိနေတယ်၊ ဟုတ်ရဲ့လား"

*အခက်အခဲဆိုတာက လူတိုင်းရှိတာပဲ၊ ဟန်နီက တွေးမိသည်။ သူက ငါဟာ သမုဒ္ဒရာရေပြင်ကို ဖြတ်ကျော်နေရတယ်လို့များ နောက်ထပ် ဟောဦးမလားမသိဘူး။*

"ဒေါက်တာဟာ ယောက်ျားတွေ အများနဲ့ ရင်းနှီးခဲ့ဖူးတယ်၊ ကျွန်မဟောတာ မမှန်ဘူးလား"

ဟန်နီ့ တစ်ကိုယ်လုံး မာတောင့်သွားသည်။

"မကြာသေးခင်ကာလမှာ အပြောင်းအလဲ တချို့ရှိခဲ့တယ်၊ ဒါကော ဟုတ်သလား"

ဟန်နီ ထပြေးချင်လှပြီ။ သည်မိန်းမက သူ့ကို စိတ်ဓာတ်ကယောင်ချောက်ချားဖြစ်အောင် လုပ်နေပြီ။

"ပြီးတော့ ချစ်သူအသစ်တွေ့ဖို့လည်း မြင်တယ်"

"ကျွန်မမှာ ရှိပြီး ... "

"ဒါပေမဲ့ အခုလူက အနုပညာသမားဖြစ်မယ်"

"ကျွန်မ ဘယ်အနုပညာသမားမှ မသိဘူး"

"သိရလိမ့်မယ်" သူက ဟန်နီ့လက်ကို ပြန်လွှတ်လိုက်သည်။ "နောက်လည်း ကျွန်မကို လာကြည့်ပါဦးနော်"

"ဟုတ်ကဲ့"

ဟန်နီ ကမန်းကတန်း ထွက်ပြေးလာခဲ့၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီသည် လူနာသစ် မစ္စက်အိုဝင် ကို စစ်ဆေးကြည့်ရှုသည်။ သူက ဝိန်ဝိန်ပါးပါးနှင့် အသက် ၅၀ ခန့်ရှိပြီ။ မှတ်တမ်းကတ်ကြည့်လိုက်တော့မှ ၂၈ ဖြစ်နေ၏။ သူသည် နှာခေါင်းရှိုးကျိုးပြီး မျက်လုံးတွေလည်း ညိုမည်းနေသည်။ မျက်နှာကလည်း ဒဏ်ရာတွေနှင့် ရောင်နေ၏။

"ဘာဖြစ်တာလဲ အဒေါ်"

"လှေကားပေါ်က လိမ့်ကျတာပါ"

ပါးစပ်ဟလိုက်တော့မှ သွားနှစ်ချောင်းမရှိတာ တွေ့ရသည်။

ဟန်နီက မှတ်တမ်းကတ်ကို စောင်းကြည့်ပြီးတော့ ...

"ဒီမှာ နံရိုးနှစ်ချောင်းကျိုးပြီး တင်ပါးဆုံရိုး အက်သွားတယ်လို့ ရေးထားတယ်"

"ဟုတ်ပါတယ်၊ အကျတော်တော်နာတာ"

"မျက်လုံးတွေက ဘာဖြစ်လို့ ညိုမည်းနေတာလဲ"

"လိမ့်ကျလို့ပေါ့"

"အိမ်ထောင်ရှိသလား"

"ရှိပါတယ်"

"သားသမီးရော"

"နှစ်ယောက်"

"ယောကျ်ားက ဘာလုပ်လဲ"

"အဲဒါ ထားလိုက်ပါ"

"ထားလို့မရဘူး၊ အဖြစ်စုံသိဖို့လိုတယ်၊ သူက အဒေါ်ကို ရိုက်သလား"

"ဘယ်သူမှ မရိုက်ပါဘူး"

"ကျွန်မ ရဲစခန်းကို တိုင်ရလိမ့်မယ်"

မစ္စက်အိုဝင် မျက်ကလူးဆန်ပျာ ဖြစ်သွားပြီး ...

"အို ... အဲဒီလိုတော့ မ ... မလုပ် ... မလုပ် ... "

"ဘာဖြစ်လို့လဲ"

"ကျွန်မကို သူသတ်လိမ့်မယ်၊ ဒေါက်တာက မသိပါဘူး"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အရင်ကလည်း ဒီလိုပဲ ရိုက်ဖူးသလား"

"ဟုတ်ကဲ့၊ ဒါပေမဲ့ သူက ရိုက်ချင်လို့ မဟုတ်ပါဘူး၊ မူးလာတော့မှ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားလို့... "

"အဒေါ်က သူ့ကို ဘာဖြစ်လို့ စွန့်မပစ်ရတာလဲ"

သူ ပခုံးနှစ်ဖက်တွန့်လိုက်သည်။ "ကျွတ် ... ကျွတ် ... ကျွတ်" လှုပ်ရှားမှုကြောင့် ဒဏ်ရာတွေက နာသွားသည်။ "ကျွန်မနဲ့ ကလေးတွေ ဘယ်မှသွားစရာ နေရာ မရှိပါဘူး"

ဟန်နီ တော်တော်စိတ်မကောင်း ဖြစ်သွားသည်။ ဒေါသလည်း ထွက်မိသည်။

"အဒေါ် ဒီအတိုင်းဆက်ပြီး ငုံ့ခံနေလို့ မဖြစ်ဘူး၊ မှီခိုစရာရိပ်သာတွေ၊ စောင့်ရှောက်ရေးဌာနတွေ အများကြီးရှိပါတယ်၊ သူတို့က အဒေါ်နဲ့ ကလေးတွေကို စောင့်ရှောက်ထားလိမ့်မယ်"

မစ္စက်အိုဝင်က ခေါင်းတယမ်းယမ်းဖြင့် ...

"ကျွန်မမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး၊ အတွင်းရေးမှူးအလုပ်ကလည်း သူ့ကြောင့် ... " အသံ တိမ်ဝင်သွားသည်။

ဟန်နီက သူ့လက်ကို ဆုတ်ညှစ်လျက် ...

"အဒေါ် ဘာမှမပူပါနဲ့၊ အဒေါ်နဲ့ ကလေးတွေ စိတ်ချမ်းသာအောင် ကျွန်မ ကြည့်စီစဉ်ပေးပါ့မယ်"

နောက်ငါးမိနစ်ခန့်ကြာတော့ ဟန်နီသည် ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့၏ရုံးခန်းထဲဝင်လာသည်။ ဟန်နီ့ကို မြင်လိုက်ရတော့ ဒေါက်တာဝါလေ့၏ မျက်နှာ လင်းကြည်သွားသည်။

"တံခါးပြန်ပိတ်လိုက် ဟန်နီ"

"ကျွန်မ ကြာကြာမနေနိုင်ဘူး ဆရာ၊ အလုပ်ခွင် ပြန်သွားရမယ်"

သူက လူနာအမျိုးသမီးအကြောင်း ပြောပြသည်။

"ဒါဆို မင်းအနေနဲ့ ရဲကိုတိုင်ရမှာပေါ့၊ ဒါက ဥပဒေကိစ္စပဲ"

"ဒါပေမဲ့ ဥပဒေက သူ့ကို မကာကွယ်နိုင်ဘူး၊ သူက သူ့ယောက်ျားနဲ့ ဆက်မပေါင်းချင်တော့ဘူး၊ ထွက်ပြေးချင်နေတယ်၊ အတွင်းရေးမှူး အလုပ်ကလည်း ပြုတ်သွားပြီ၊ ဒီမှာ ဖိုင်တွဲထိန်းစာရေးမတစ်ယောက် လိုနေတယ်လို့ ဆရာ ပြောဖူးတယ်မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ... နေဦး"

"ကျေးဇူးပဲဆရာ၊ ကျွန်မတို့က သူ့ကို သူ့ခြေထောက်ပေါ် သူရပ်နိုင်အောင် ကူညီရမယ်၊ ဒါမှ သူ့ဘဝ ရပ်တည်နိုင်မယ်၊ အဲဒီအတွက် သူ အလုပ်ရှိမှ ဖြစ်မယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝါလေ့က သက်မချလိုက်ပြီးတော့ ...

"အေးလေ ... ကြည့်စီစဉ်ရတာပေါ့"

"ကျေးဇူးပဲဆရာ"

■

နောက်နေ့မနက် မစ္စက်အိုဝင်ထံသို့ ဟန်နီလာခဲ့သည်။

"နေကောင်းရဲ့လား အဒေါ်"

"ကောင်းပါတယ်၊ ဒါနဲ့ ဘယ်တော့ ဆင်းရမလဲ ဒေါက်တာ၊ ကျွန်မ ယောက်ျား ..."

"အဒေါ့်ယောက်ျားက အဒေါ်နဲ့ ကလေးတွေကို ဘယ်လိုမှ ဒုက္ခမပေးနိုင်တော့ဘူး၊ အဒေါ်နဲ့ ကလေးတွေအတွက် နေစရာမရမချင်း ဒီမှာပဲနေရမယ်၊ ပြီးတော့ အဒေါ်ကျန်းမာလာတဲ့အခါ ဒီဆေးရုံမှာ အလုပ်ရမယ်"

မစ္စက်အိုဝင် မယုံနိုင်အောင် အံ့သြနေသည်။

"တကယ် ... တကယ်ပြောတာလား ဒေါက်တာ"

"တကယ်ပြောတာပေါ့၊ အဒေါ့်အတွက် နေစရာ အခန်းတစ်ခန်းပေးမယ်၊ ကလေးတွေနဲ့ အတူနေရမယ်၊ ဘာမှ ပူစရာ၊ ကြောက်စရာမလိုတော့ဘူး၊ ဂုဏ်သိက္ခာရှိရှိနဲ့ ပျော်ပျော်ရွှင်ရွှင် နေရတော့မယ်"

BURMESE CLASSIC

မစ္စက်အိုဝင်က ဟန်နီ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး" တစ်ချက်ရှိုက်ပြီးတော့မှ "အဒေါ် ခံစားခဲ့ရတာတွေကို ဒေါက်တာ ..."

"ကျွန်မ စိတ်ကူးနဲ့ မှန်းကြည့်လို့ သိပါတယ်၊ အခုဆို အဒေါ့်ဘဝ စိတ်ချမ်းသာစရာ ဖြစ်သွားပြီပေါ့"

မစ္စက်အိုဝင်က ခေါင်းညိတ်နေသည်။ စကားမပြောနိုင်အောင် ဝမ်းသာလုံး ဆို့နေ၏။

■

နောက်တစ်နေ့ ဟန်နီရောက်သွားတော့ မစ္စက်အိုဝင်၏ ခုတင်ကို ဗလာဟင်းလင်း တွေ့ရသည်။

"သူ ဘယ်ရောက်သွားတာလဲ" ဟန်နီက မေးကြည့်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့မနက်က ပြန်ဆင်းသွားပြီ'' သူနာပြုဆရာမက ပြောသည်။

''သူ့ယောက်ျားနောက် ပါသွားတာ''

■

လူခေါ်အသံချဲ့စက်မှ သူ့နာမည် ကြားရသည်။

''ဒေါက်တာတပ်ဖ် ... အခန်း (၂၀၅)၊ ဒေါက်တာတပ်ဖ် ... အခန်း (၂၀၅)''

ဟန်နီ ပြေးထွက်လာတော့ စင်္ကြံလမ်းတွင် ကက်နှင့် ပက်ပင်းဝင်တိုးသည်။

''မနေ့က အခြေအနေဘယ်လိုလဲ'' ကက်က မေးသည်။

''မင်း ယုံတောင်ယုံမှာ မဟုတ်ဘူး''

ဒေါက်တာရစ်တားက အခန်း (၂၁၅) တွင် သူ့ကို စောင့်နေသည်။ အိပ်ရာပေါ်တွင် အသက် ၃၀ ခန့် အိန္ဒိယသား လူငယ် လှဲနေသည်။

''ဒါ မင်းလူနာလား'' ဒေါက်တာက မေးသည်။

''ဟုတ်ပါတယ်''

''မှတ်တမ်းမှာ သူအင်္ဂလိပ်စကားမပြောတတ်ဘူးလို့ ရေးထားတယ်''

''ဟုတ်ပါတယ်''

ဒေါက်တာက မှတ်တမ်းကို ထိုးပြရင်း ...

''ဒါ မင်းရေးထားတာလား၊ *အော့အန်သည်၊ ကြွက်တက်သည်၊* ရေငတ်သည်၊ ရေဆုတ်ယုတ်သည်''

''ဟုတ်ပါတယ်''

''... သွေးခုန်နှုန်း စမ်းမရ''

''ဟုတ်ပါတယ်''

''ဒီတော့ ဘာရောဂါလို့ ဆုံးဖြတ်မလဲ''

''အစာအိမ် တုပ်ကွေးရောဂါ''

''ဝမ်းကို စမ်းကြည့်ပြီးပြီးလား''

''မစစ်ရသေးဘူး၊ ဘာအတွက်လဲ''

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲဆိုရင် မင်းလူနာက ဝမ်းရောဂါဖြစ်နေတယ်၊ အဲဒီအတွက် ပြောတာ" သူက အော်ပြောသည်။ "ဒီအတိုင်းဆို ဆေးရုံတစ်ခုလုံး ပိတ်ပစ်လိုက်ရတော့မှာပဲ"။ ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂၀-

"ဝမ်းရောဂါ... ဒါဆိုရင် ဒီဆေးရုံမှာ ဝမ်းရောဂါ ဖြစ်နေတဲ့ လူနာရှိနေပြီပေါ့" ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့က မေးလိုက်သည်။

"ဟုတ်ပါတယ်"

"သေချာရဲ့လား"

"သေချာပါတယ်" ဒေါက်တာရစ်တာက ပြောသည်။ "သူ့ဝမ်းနမူနာကို စစ်ကြည့်တာ ဝမ်းရောဂါပိုးတွေ့ရတယ်၊ သွေးညှိတာ၊ နှလုံးတုန်တာ၊ သွေးတိုးတာ၊ သွေးကြော PH ဖြစ်တာ စတဲ့ လက္ခဏာတွေလည်း တွေ့ရတယ်"

ဝမ်းရောဂါအပါအဝင် ကူးစက်တတ်သော အခြားရောဂါအားလုံးကို "နိုင်ငံတော်ကျန်းမာရေးအဖွဲ့"နှင့် အတ်လန်တာမြို့မှ "ရောဂါကာကွယ်ရေးဌာန"များသို့ ဥပဒေအရ ချက်ချင်းအကြောင်းကြားရသည်။

"ကျွန်တော်တို့ သက်ဆိုင်ရာကို အစီရင်ခံစာ တင်ရမယ် ဆရာ"

"အဲဒါဆို သူတို့က ဆေးရုံကို ပိတ်ပစ်လိုက်မှာပေါ့" ဆေးရုံအုပ်ကြီးသည် ထိုင်ရာထ၍ လမ်းလျှောက်သည်။ "အဲဒါတော့ ဘယ်နည်းမှ အဖြစ်မခံနိုင်ဘူး၊ လူနာတွေအားလုံး ရောဂါထိန်းချုပ်ထားရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက လမ်းလျှောက်ရပ်လိုက်ပြီး "သူ ဝမ်းရောဂါဖြစ်နေတယ်ဆိုတာ လူနာက သိသလား"

"မသိဘူး၊ သူက အင်္ဂလိပ်စကားမပြောတတ်ဘူး၊ အိန္ဒိယလူမျိုး"

"သူနဲ့ဆက်ဆံနေတာက ဘယ်သူတွေလဲ"

"ဒေါက်တာတပ်ဖိနဲ့ ဆရာမနှစ်ယောက်"

"ဒေါက်တာတပ်ဖိက အဲဒါကို အစာအိမ်တုပ်ကွေးရောဂါလို့ ဆုံးဖြတ်တယ်ဆို"

"ဟုတ်ပါတယ်၊ သူ့ကို ဖြုတ်ပစ်ဖို့ကောင်းတယ် ဆရာ"

"မဟုတ်သေးပါဘူး၊ လူတိုင်း မှားနိုင်တာပဲ၊ စိတ်မလောပါနဲ့၊ မှတ်တမ်းကတ်မှာ အစာအိမ်တုပ်ကွေးရောဂါလို့ ရေးထားသလား"

"ဟုတ်ပါတယ်"

ဆေးရုံအုပ်ကြီးက ဆုံးဖြတ်ချက်ချသည်။

"အဲဒါကို အဲဒီအတိုင်းပဲထားလိုက်ပါ၊ ကျုပ်လုပ်ချင်တာက ဒီလို၊ သွေးပြန်ကြောထဲ အရည်ပြန်သွင်း၊ လက်တက်ရင်းဂါးဆေးရည်ကို သုံး၊ ပြီးတော့ တက်ထရာဆိုင်ကလင်း ပေး၊ သူ့ကို သွေးနဲ့အရည် ချက်ချင်းဖြည့်ပေးနိုင်ရင် နာရီအနည်းငယ်အတွင်း ပုံမှန်ပြန်ဖြစ်လာဖို့ နီးစပ်တယ်"

"ဒါဆို သက်ဆိုင်ရာကို အစီရင်မခံတော့ဘူးပေါ့" ဒေါက်တာရစ်တာက မေးလိုက်သည်။

"အစာအိမ်တုပ်ကွေးရောဂါဆိုပြီး အစီရင်ခံလိုက်ပါ"

"ဒေါက်တာတပ်ဖိနဲ့ ဆရာမနှစ်ယောက်ကိုရော ဘယ်လိုလုပ်ရမလဲ"

"သူတို့ကိုလည်း တက်ထရာဆိုင်ကလင်း ပေးလိုက်၊ လူနာ နာမည်က ဘာတဲ့လဲ"

"ဟာရီဆင်း"

"သူ့ကို ရောဂါထိန်းချုပ်ခန်းထဲ ၂၄ နာရီ ပို့ထားလိုက်၊ ကောင်းချင်လည်းကောင်းလိမ့်မယ်၊ သေချင်လည်း သေလိမ့်မယ်"

■

ဝမ်းရောဂါသည် ခန္ဓာကိုယ်အတွင်း အရည်ဓာတ် ဆုတ်ယုတ်ခြင်းကြောင့် ၂၄ နာရီအတွင်း သေနိုင်သည့် ရောဂါဖြစ်၏။ ကံကောင်းလျှင်တော့ နာရီပိုင်းအတွင်း ပျောက်ကင်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးတိုက်ကျွေး ကုသပြီးနောက် ငါးနာရီအကြာတွင် ဟာရီဆင်းသည် မူလအခြေအနေနီးပါး ကောင်းမွန်သက်သာလာခဲ့၏။

■

ဂျင်မီဖို့အခန်းသို့ ပေ့ဂျ်ဝင်လာသည်။ ဂျင်မီမျက်နှာ ကြည်လင်သွားပြီး ...

"ဟိုင်း" သူ့အသံ ပျော့နေသေးသည်။ သို့သော် ယခင်ထက်တော့ အများကြီး တိုးတက်လာပြီ။

"ဘယ်လိုနေသေးလဲ"

"အရမ်းသက်သာလာတယ်၊ ဒါနဲ့ ဟိုဆရာဝန်တစ်ယောက်အကြောင်း ဒေါက်တာ ကြားဖူးသလား၊ သူက လူနာကို ပြောတယ်၊ 'ခင်ဗျားလုပ်သင့်တဲ့ အကောင်းဆုံးနည်းက ဆေးလိပ်ဖြတ်၊ အရက်ဖြတ်၊ ပြီးတော့ လိင်ဆက်ဆံရေးပါဖြတ်လိုက်' တဲ့။ ဒီတော့ လူနာက ဘာပြန်ပြောသလဲ သိလား၊ 'ကျွန်တော်က အကောင်းဆုံးနဲ့ မတန်ပါဘူး ဒေါက်တာ၊ ဒါနဲ့ ဒုတိယ အကောင်းဆုံးက ဘာလဲဟင်' တဲ့"

ဂျင်မီ ကောင်းကောင်းကျန်းမာလာပြီဟု ပေ့ဂျ်က မှတ်ချက်ချလိုက်၏။

■

ကင်မယ်လိုရီသည် ရက်အားရ၍ ကက်နှင့်တွေ့ရန် ထွက်လာစဉ် သူ့နာမည် ခေါ်သံကြားရသည်။ လစ်ထွက်သွားရကောင်းမလားဟု မတင်မကျ စဉ်းစားနေသည်။ သူ့နာမည်ကို ထပ်ခေါ်ပြန်သည်။ ဆုတ်ဆိုင်းဆိုင်းဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာ မယ်လိုရီပါ"

"ဒေါက်တာ အရေးပေါ် (၂)ကို ကျေးဇူးပြုပြီး လာခဲ့ပါ၊ ဒီမှာ လူနာ တစ်ယောက် ..."

"ဆောရီးပဲ၊ ကျွန်တော် ခုပဲတာဝန်ပြီးတယ်၊ နောက်တစ်ယောက်ယောက် ရှာပါ"

"ဒီကျေစ်ကိုင်နိုင်တဲ့ လူတစ်ယောက်မှ မအားဘူး၊ လူနာက အရမ်းချွေးထွက်နေတယ်၊ အခြေအနေက သိပ်အရေးကြီးနေတယ်၊ ဒေါက်တာ မြန်မြန်လာမှ လူနာအသက် ..."

*တောက် ... သေလိုက်ပါတော့။* "ကောင်းပြီ၊ ကျွန်တော်ခုချက်ချင်းလာခဲ့မယ်" *ကက်ဆီ ဖုန်းဆက်ပြီး ငါနည်းနည်းနောက်ကျမယ်ဆိုတာ ပြောရမယ်။*

အရေးပေါ်အခန်းက လူနာမှာ အသက် ၆၀ ကျော်ပြီ။ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသည်။ ချွေးအရမ်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသည်။ အသက်ရှူအလွန် ပြင်းသည်။ တော်တော်ခံစားနေရပုံ ပေါက်သည်။ မယ်လိုရီက သူ့အခြေအနေကို တစ်ချက် အကဲခတ်ကြည့်ပြီးနောက် ...

"ခွဲစိတ်ခန်း ချက်ချင်းပို့ပါ"

နောက် ၁၅ မိနစ်အကြာတွင် လူနာသည် ခွဲစိတ်စားပွဲပေါ် ရောက်နေပြီ၊ မေ့ဆေး ဆရာဝန်က သွေးတိုးနှုန်း စမ်းသပ်သည်။

"သွေးသိပ်ပြီး ကျနေတယ်"

"ဒါဆို သွေးမြန်မြန်သွင်းပါ"

မယ်လိုရီသည် အချိန်လု၍ ချက်ချင်းအလုပ် စတင်တော့သည်။ အရေပြားကို ခဏကလေးနှင့် ခွဲလိုက်၏။ ထို့နောက် အဆီလွှာ၊ ကြွက်သားဖုံး၊ အမြှေးပတ်၊ ကြွက်သားနှင့် နောက်ဆုံး၌ နူးညံ့ကြည်လင်နေသည့် ကိုယ်တွင်းခေါင်း အုပ်မြှေး (ဝမ်းဗိုက်အတွင်းသား)ကို ခွဲသည်။ အစာအိမ်ထဲသို့ သွေးတွေ ဒလဟောစီးဝင်လာသည်။

"သန့်ရှင်းရေး" မယ်လိုရီက ပြောလိုက်၏။ "ပြီးတော့ သွေးလေးပုလင်းသွင်း" ထို့နောက် သူက သွေးစိမ့်နေသည့် အကြောများကို သွေးပိတ်အောင် လုပ်တော့သည်။

ခွဲစိတ်ချိန် လေးနာရီတိတိကြာသည်။ ခွဲစိတ်ပြီးတော့ မယ်လိုရီသည် ခြေကုန်လက်ပန်းကျသွား၏။ သူက လူနာကို ကြည့်၍ ပြောလိုက်သည်။

"သူ ဒီတောင်က ကျော်သွားပြီ"

သူနာပြုဆရာမတစ်ယောက်က ပြုံးလျက် "ဒေါက်တာရောက်လာတာ သိပ်ကောင်းတာပဲ"

မယ်လိုရီက ဆရာမလေးကို ကြည့်လိုက်သည်။ ငယ်ငယ်ချောချောကလေး၊ သူ့ကို သဘောကျနေပုံမျိုး၊ နောက်တော့ တွေ့ကြသေးတာပေါ့... ကလေးရယ်။ သူက အလုပ်သင်ဆရာဝန်တစ်ယောက်ဘက်လှည့်လျက် "လူနာကို ပြန်ပိတ်လိုက်၊ ပြီးတော့ နာလန်ထအခန်းခေါ်သွား၊ မနက်မှ ကျွန်တော် ပြန်လာကြည့်မယ်"

ကက်ဆီ ဖုန်းဆက်ရန် စိတ်ကူးမိသည်။ သို့သော်လည်း အချိန်မရှိတော့။ သန်းခေါင်ကျော်နေပြီ။ ကက်ထံ နှင်းဆီပန်းနှစ်ဒါဇင်သာ ပို့လိုက်တော့သည်။

မနက် ၆ နာရီတွင် မယ်လိုရီ အလုပ်ပြန်ဝင်သည်။ သူ၏ လူနာသစ်ကို ကြည့်ရန် နာလန်ထအခန်းသို့ ဝင်သည်။

"သူ နိုးနေတယ်" သူနာပြုဆရာမက ပြောသည်။

မယ်လိုရီက ခုတင်နားကပ်သွားပြီး ...

"ကျွန်တော် ဒေါက်တာမယ်လိုရီပါ၊ နေကောင်းရဲ့လား"

bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းပြန်တွေးရင်တော့ နေကောင်းပါတယ်" လူနာ၏ အသံက အားနည်းနေသည်။ "ကျုပ်အသက်ကို ဒေါက်တာကကယ်လိုက်တယ်လို့ သူတို့ကပြောတယ်၊ ဖြစ်ပုံက တော်တော်ဆိုးတာပဲ၊ ကျုပ်က ညစာစားပွဲတက်ဖို့ ကားမောင်းလာတယ်၊ အဲဒီမှာ ရုတ်တရက်အောင့်တက်လာပြီး သေမလောက် နာတော့တာပါ၊ မျက်လုံးတွေလည်း ပြာလာပြီး အားလုံး မှောင်ကျသွားတယ်၊ ကံကောင်းချင်တော့ ဆေးရုံက တစ်ပြလောက်မှာ ရှိနေတယ်၊ ဒါနဲ့ ကျုပ်ကို ဆေးရုံခေါ်လာကြတယ်"

"ဦး တော်တော်ကံကောင်းတယ်၊ သွေးတွေက အရမ်းထွက်တာ"

"နောက် ဆယ်မိနစ်ဆိုရင် ကျုပ်ကိစ္စချောပြီတဲ့၊ သူတို့ကပြောတယ်၊ အများကြီး ကျေးဇူးတင်ပါတယ် ဒေါက်တာ" မယ်လိုရီက ပခုံးတွန့်လိုက်ပြီး ...

"တင်စရာမလိုပါဘူး၊ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်"

"ကျုပ်နာမည် အလက်ဟာရစ်ဆန် ပါ"

"သိရတာဝမ်းသာပါတယ် ဦး" သူက သွေးစမ်းကြည့်ပြီး "အခု နာတာကျင်တာတွေ ရှိသေးသလား"

"မပြောစလောက်ကလေးပါ၊ သူတို့ ကျုပ်ကို မနာမကျင်ဆေး ထိုးပေးထားတယ် ထင်တယ်"

"ထုံဆေးပြေသွားရင်တော့ နည်းနည်းနာလာမှာပေါ့၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကောင်းသွားပါလိမ့်မယ်"

"ကျုပ် ဆေးရုံမှာ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ"

"သုံးလေးရက်ဆိုရင် ဆင်းရတော့မှာပါ"

ငွေစာရင်းဌာန စာရေးတစ်ယောက် ဆေးရုံပုံစံ စာရွက်တချို့ယူပြီး ရောက်လာသည်။

"မစ္စတာဟာရစ်ဆန်၊ ကျွန်တော်တို့ မှတ်တမ်းအတွက် လူကြီးမင်းမှာ ဆေးကုသမှုအာမခံ ရှိ၊ မရှိ သိချင်ပါတယ်"

"အို ... မောင်ရင်ဆိုလိုတာက ကျုပ်အနေနဲ့ ဆေးကုခ ပေးနိုင်ပါ့မလားဆိုတာ သိချင်တာလား"

"ကျွန်တော် အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး ခင်ဗျား"

"ဘာပဲဖြစ်ဖြစ် မောင်ရင်သိချင်ရင် 'ဆန်ဖရန်စစ္စကို သစ္စာရှင်ဘဏ်' နဲ့ ဆက်သွယ်ပါ၊ အဲဒါ ကျုပ်ပိုင်တဲ့ဘဏ်"

■

ထိုနေ့ညနေ အလက်ဟာရစ်ဆန် ကို ကြည့်ရန် မယ်လိုရီ ဝင်လာတော့ အခန်းထဲတွင် အမျိုးသမီးတစ်ယောက်လည်း

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ အသက်သုံးဆယ်ခန့်ရှိပြီး ရုပ်ရည်တော်တော်ချောသည်။ ရွှေရောင်ဆံပင်ကို တိုတိုညှပ်ထားသည်။ "အဒေါ်ဖိုး" တိုက်ထွက် ဝတ်စုံကိုကြည့်ပြီး တန်ဖိုးက သူ့လခထက် ပိုမည်ဟု မယ်လိုရီက ခန့်မှန်းသည်။

"အား ... ကျုပ်တို့သူရဲကောင်းကြီး" မစ္စတာရစ်ဆန်က အားရဝမ်းသာ ပြောလိုက်သည်။ "ဒေါက်တာမယ်လိုရီ ဟုတ်ပါတယ်နော်"

"ဟုတ်ပါ့ခင်ဗျား ကင်မယ်လိုရီပါ"

"ဒေါက်တာ ... ဟောဒါ ကျုပ်သမီး လော်ရင်း"

လော်ရင်းက လက်သည်းအလှဆင်ထားသည့် သွယ်လျလျ သူ့လက်ကို ကမ်းပေးရင်း "အဖေက သူ့အသက်ကို ဒေါက်တာကယ်လိုက်တာလို့ ပြောပါတယ်"

မယ်လိုရီက ပြုံးလျက် "ဒါကတော့ ဆရာဝန်တွေရဲ့ တာဝန်ပါဗျာ"

လော်ရင်းက စူးစူးစိုက်စိုက်ကြည့်ရင်း "ဒါပေမဲ့ ဆရာဝန်တိုင်း မဟုတ်ပါဘူးရှင်"

ဤသားအဖနှစ်ယောက်သည် ခရိုင်ဆေးရုံနှင့် ဘယ်လိုမှမဆိုင်ဟု မယ်လိုရီတွေးမိ၏။ သူက မစ္စတာဟာရစ်ဆန်ကို ပြောသည်။

"ဦးက တော်တော်ကျန်းမာလာပါပြီ၊ ဒါပေမဲ့ ကိုယ်ပိုင်ဆရာဝန်ထားရင်တော့ ပိုအဆင်ပြေတာပေါ့"

မစ္စတာ ဟာရစ်ဆန်က ဦးခေါင်းခါယမ်းလိုက်သည်။

"အဲဒါ မလိုအပ်ပါဘူး၊ သူက ကျုပ်အသက်ကိုကယ်တာမှ မဟုတ်တာ၊ ကျုပ်အသက်ကို ကယ်တာက ဒေါက်တာပဲ၊ ဒါနဲ့ ဒီမှာလုပ်ရတာ ပျော်ရဲ့လား"

*တော်တော်ထူးဆန်းတဲ့ မေးခွန်းပဲ။* "ဟုတ်ကဲ့၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲခင်ဗျာ"

မစ္စတာရစ်ဆန်က ခုတင်ပေါ် ထထိုင်လိုက်ပြီး ...

"သြော် ... တခြားမဟုတ်ပါဘူး၊ မောင်ရင်လို ရုပ်ရည်ချောမောတဲ့ ဆရာဝန် တစ်ယောက်အနေနဲ့ အနာဂတ် အလားအလာ သိပ်ကောင်းနိုင်တယ်ဆိုတာ တွေးမိလို့ပါ၊ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာတော့ ဒေါက်တာအဖို့ တိုးတက်လမ်း သိပ်မမြင်ပါဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်"

"ဒေါက်တာ့ကို ဒီနေရာပို့လိုက်တာ ကံကြမ္မာပဲ ဖြစ်ပါလိမ့်မယ်"

လော်ရင်းက ကြားဖြတ်ပြီး ...

"ဖေဖေက ဒေါက်တာ့အရည်အချင်းကို ချီးကျူးချင်လို့ ပြောတာပါ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သမီးပြောတာမှန်တယ်၊ ကျုပ်ဆေးရုံကဆင်းပြီးတဲ့နောက် ဒေါက်တာနဲ့ ကျုပ်နဲ့ အရေးကြီးတဲ့ စကား ပြောချင်တယ်၊ အိမ်ကိုလာပြီး ညစာ စားပါလား"

မယ်လိုရီက လော်ရင်းမျက်နှာ တစ်ချက်စောင်းကြည့်လိုက်ပြီး ...

"ဟုတ်ကဲ့၊ လာစားပါ့မယ်"

သည်ဖြစ်ရပ်က မယ်လိုရီ၏ဘဝကို ပြောင်းလဲပစ်လိုက်၏။

■

မယ်လိုရီအဖို့ ကက်နင့်အတူ အပြင်ထွက်ခွင့်ရဖို့ရာ အံ့သြရလောက်အောင် ခက်ခဲနေသည်။

"တနင်္လာနေ့ည ဘယ့်နှယ်လဲ ကက်"

"သိပ်ကောင်းတာပေါ့"

"ဟုတ်ပြီ၊ ကိုယ်လာခေါ် ... "

"အို ... နေဦး၊ ခုမှ သတိရတယ်၊ နယူးယောက်က ဝမ်းကွဲဆွေမျိုးတစ်ယောက် တစ်ညအိပ်လာဖို့ရှိတယ်"

"ဒါဖြင့် အင်္ဂါနေ့ရော"

"အင်္ဂါနေ့ အရန်သင့်ခန်းတာဝန်ကျတယ်"

"ဗုဒ္ဓဟူးနေ့ ဘယ်လိုလဲ"

"အဲဒီနေ့မှာ ကျွန်မတို့သုံးယောက် တစ်ခုခုလုပ်ဖို့ စီစဉ်ထားတယ်"

မယ်လိုရီ အကြီးအကျယ် စိတ်ပျက်သွားသည်။ သူ့အတွက် အချိန်တွေက အလကား ဖြစ်ကုန်ပြီ။

"ကြာသပတေးနေ့"

"ကောင်းတယ်"

"အိုကေ ... ကိုယ်လာခေါ်ရမလား"

"မခေါ်နဲ့၊ ရှက်ပနီရှေးဆိုင်မှာ ဆုံကြမယ်"

"ကောင်းပြီ၊ ၈ နာရီနော်"

" ၈ နာရီပဲ"

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီသည် ချိန်းထားသည့် စားသောက်ဆိုင်တွင် ၉ နာရီထိစောင့်သည်။ ထို့နောက် ကက်ထံ ဖုန်းဆက်သည်။ ဖုန်းကိုမကိုင်။ နောက်ထပ် နာရီဝက်စောင့်သည်။ သူ *နားကြားလွဲသွားပြီထင်တယ်၊ တမင်လုပ်တာတော့ မဟုတ်တန်ရာဘူး။*

နောက်တစ်နေ့မနက်တွင် ကက်ကို ဆေးရုံမှာ တွေ့သည်။ ကက်က သူ့ဆီ ပြေးလာသည်။

"အို ... ကင်၊ ကျွန်မ စိတ်မကောင်းလိုက်တာ၊ ဒါ သိပ်ပြီး မိုက်မဲတဲ့အလုပ်ပဲ၊ ကျွန်မက အချိန်စောသေးတာနဲ့ တစ်မှေးကလေး ဝင်လှဲလိုက်တာ သန်းခေါင်လောက်မှ နိုးပါလေရော၊ အားနာလိုက်တာ ဒါလင်ရယ်၊ ကျွန်မကို အကြာကြီး စောင့်နေသေးသလား ဟင်"

"တော်ပါတော့ ... တော်ပါတော့ ထားလိုက်ပါတော့" သူက ကက် အနားကပ်လာပြီး"ကိုယ်တို့ စခဲ့တာ အပြီးသတ်ချင်လှပြီ ကက်၊ ကိုယ်မအောင့်နိုင်တော့ဘူး၊ အရူးတစ်ပိုင်းဖြစ်နေပြီ"

"ကျွန်မလည်း အတူတူပါပဲ ဒါလင်"

"ဒါဆို လာမယ့်ရက်အားမှာ ... "

"အဲဒါမှ ဒုက္ခပဲ၊ အဲဒီနေ့တွေမှာ လုံးဝ မအားဘူး"

သည်လိုနှင့် အချိန်၊ နာရီတွေ ကုန်လွန်သွားခဲ့၏။

■

တယ်လီဖုန်းမြည်လာသည်။ ကက် ကောက်ကိုင်လိုက်သည်။

"ဒေါက်တာ ဟန်တာပါ၊ ဟုတ်ကဲ့ ... ကျေးဇူးပဲ၊ ကျွန်မ ခုချက်ချင်း လာခဲ့ပါမယ်" သူ ဖုန်းကိုပြန်ချပြီး ပေ့ဂျ်ကို ပြောလိုက်သည်။ "ကိုယ် အရေးပေါ် ဝင်ရမယ်"

ပေ့ဂျ်က သက်မချလိုက်ပြီး "အဲဒါ ဘာဆန်းလို့လဲ"

ကက်သည် စင်္ကြံလမ်းအတိုင်း ပြေးလာခဲ့သည်။ ဓာတ်လှေကားဖြင့် အရေးပေါ်အခန်းသို့ ဆင်းလာသည်။ အကူလုပ်သားတစ်ယောက် ပြေးဆင်းလာပြီး ...

"ဒေါက်တာ"

"ဘာတွေဖြစ်နေတာလဲ" ကက်က မေးလိုက်သည်။

သူတို့နှစ်ယောက် အခန်းအစွန်ဆုံးမှ လူနာတင်စင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

"လူနာက သတိလုံးဝမရဘူး၊ အရိုက်ခံရတာနဲ့တူတယ်၊ မျက်နှာနဲ့ ခေါင်းမှာ ဒဏ်ရာတွေ ပြည့်နေတာပဲ၊ နှာခေါင်း ကျိုးပြီး လက်ပြင်ရိုးလွဲသွားတယ်၊ ညာဘက်လက်မောင်းမှာလည်း နှစ်နေရာလောက် အရိုးအက်သွားတယ်၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...''

''ရှင်က ကျွန်မကို ဘာလို့ခေါ်ရတာလဲ''

''ဆေးဝန်ထမ်းတွေက ခေါင်းကဒဏ်ရာကြောင့် ဦးနှောက်ပျက်စီးသွားတယ်ထင်လို့''

လူနာက လူနာတင်ကတ်ပေါ်တွင် ဆန့်ဆန့်ကြီး လှဲနေသည်။ မျက်နှာက သွေးအလိမ်းလိမ်းဖြင့် ဒဏ်ရာတွေအပြည့်နှင့် ရောင်ကိုင်းနေသည်။ လူနာဝတ်ထားသည့် ဖိနပ်က တန်ဖိုးကြီး မိကျောင်းရေ ရှူးဖိနပ်။ ကက် သိမ့်ခနဲ နှလုံးခုန်သွားသည်။ သူ လူနာကို အနီးကပ်ကြည့်လိုက်သည်။ လူဒီနက်တို ဖြစ်နေ၏။

ကက်က ဦးခွံအရေပြားကို ကမန်းကတန်း စစ်ဆေးကြည့်သည်။ မျက်လုံးတွေ စစ်ဆေးကြည့်သည်။ ဒဏ်ရာပြင်းထန်တာကတော့ သေချာသည်။

ကက်သည် တယ်လီဖုန်းသို့ ပြေးလာပြီး သက်ဆိုင်ရာသို့ လှမ်းဆက်သည်။

''ဒေါက်တာဟန်တာပါ၊ လူနာရဲ့ဦးခေါင်းကို အမြန်ဓာတ်မှန်ရိုက်ချင်ပါတယ်၊ နာမည်က လူဒီနက်တို ပါ၊ လူနာတင်တွန်းလှည်း အမြန်ပို့ပါ။

ထို့နောက် လူနာဆီသို့ ပြန်လာပြီး အကူလုပ်သားအား ...

''သူ့အနားမှာနေပါ၊ တွန်းလှည်းရောက်လာရင် တတိယထပ်ကို သယ်လာခဲ့၊ ကျွန်မ စောင့်နေမယ်''

နောက် နာရီဝက်အကြာတွင် ဓာတ်မှန်ရသည်။.

''ဦးနှောက်တွင် သွေးယိုစီးနေပြီး အဖျားလည်း ဝင်နေတယ်၊ အတွင်းတုန်လှုပ်မှုကိုလည်း ခံစားနေရတယ်၊ သူ့ကို ၂၄ နာရီတိတိ ငြိမ်ဆေးထိုးထားပါ၊ ပြီးတော့မှ ဘယ်အချိန်ခွဲမယ်ဆိုတာ ဆုံးဖြတ်မယ်''

ဒီနက်တို၏ အဖြစ်ဆိုးက သူ့မောင်လေး မိုက်အတွက် ဘယ်လိုသက်ရောက်မှု ရှိမလဲဟု တွေးပြီး ကက် စိုးရိမ်နေမိ၏။

■

ကက်သည် ပယ်လယ်အော်အနီးမှ သွားနေကျ စားသောက်ဆိုင်တစ်ဆိုင်တွင် မယ်လိုရီနှင့် ညစာ စားနေသည်။ မယ်လိုရီနှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း ကက်က သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ *ဒီဓာတ်လမ်းကို ငါစခဲ့တာ အမှားကြီးမှားပြီ၊ သူ့အကြောင်း သိလျက်သားနဲ့ ငါ သူ့အပေါ် ယစ်မူးနေခဲ့တယ်၊ အလကား လူပွေ၊ လူရှုပ်၊ ဒါပေမဲ့ ငါတို့စီမံကိန်းကို ဒီလောက်နဲ့ ရပ်ထားလို့တော့ မဖြစ်ဘူး။*

သူတို့ ကော်ဖီသောက်ပြီးသွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကက်က ရှေ့သို့ ကိုင်းလျက် ...

"ကင် ... ရှင့်တိုက်ခန်းသွားကြမလား"

"တကယ်" *ဒီနေ့တော့ သပိတ်ဝင် အိတ်ဝင် အပိုင်ပဲ။*

"တကယ်ပေါ့" ကက်က ကုလားထိုင်တွင် နေရာပြင်ထိုင်ပြီး မျက်နှာရှုံ့မဲ့လျက် "အား ... အိုး"

"ဟင် ... ဘယ်လိုဖြစ်တာလဲ ကက်"

"ဘယ်လိုဖြစ်သွားလဲ မသိဘူး၊ ခဏလေးနော်"

ကက် ထိုင်ရာမှ ထပြီး အိမ်သာဘက်လျှောက်သွားသည်။ မကြာခင် ပြန်ရောက်လာတော့ ...

"စိတ်မကောင်းပါဘူး ကင်၊ အချိန်မဟုတ်ဘဲ ဒုက္ခလာပေးလို့ပါ၊ ကျွန်မ နေလို့လည်း သိပ်မကောင်းချင်ဘူး၊ အိမ်ကိုသာ ပြန်ပို့ပါတော့နော်"

မယ်လိုရီက ကက်အား ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။ သူ့ပုံက သူအကြီးအကျယ် စိတ်ပျက်သွားတာကို ကြိုးစားပြီး ဟန်ဆောင်ဖုံးဖိနေရသည့် ပုံမျိုး။

■

နောက်ငါးမိနစ်ခန့်အကြာတွင် တိုက်ခန်းသို့ ကက် ပြန်ရောက်လာသည်။

"ကလင် ... ကလင် ... ကလင်"

လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ ကက်က ပြုံးလိုက်မိသည်။ အကြောင်းတစ်ခုခုရှာပြီး မယ်လိုရီ ပြန်လာတာ ဖြစ်မည်။ သိပ်ပြီး လိုက်လျောမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် မုန်းတီးမိသည်။ တံခါးဆီသို့ လျှောက်လာပြီး တံခါးရှက်ကို ဆွဲဖွင့်လိုက်သည်။

"ကင်"

ရီနိုးနှင့် ရှဲဒိုးတို့ ရပ်နေကြသည်။ ကက် ရုတ်တရက် ကျောစိမ့်သွားမိသည်။ သူတို့နှစ်ယောက်က ကက်ကို တွန်းထိုးပြီး အခန်းထဲသို့ အတင်းဝင်လာသည်။

"မစ္စတာ ဒီနက်တိုကို မင်းခွဲစိတ်ကုသမှာမဟုတ်လား" ရီနိုးကမေးသည်။

"ဟုတ်ပါတယ်" ကက် လည်ချောင်းခြောက်သွားသည်။

"တို့က သူ့ကို မကောင်းတာ ဘာတစ်ခုမှ မဖြစ်စေချင်ဘူး"

"ကျွန်မကလည်း မဖြစ်စေချင်ပါဘူး၊ ကဲ ... ဒါပဲမဟုတ်လား၊ ကျွန်မ သိပ်ပြီး ပင်ပန်းနေလို့ပါ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူ သေနိုင်တဲ့အခြေအနေရှိသလား" ရှဲဒိုးက မေးသည်။

ကက် အင်တင်တင် ဖြစ်နေသည်။

"ဦးနှောက်ခွဲစိတ်ရမှာဆိုတော့ ..."

"သူ မသေပါစေနဲ့"

"ကျွန်မကို ယုံပါ၊ ကျွန်မ ..."

"မသေအောင် ကုပေးပါ" သူက ရီနီးဘက်လှည့်ပြီး "လာဟေ့ ... တို့ပြန်မယ်"

တံခါးနားရောက်တော့ ရှဲဒိုးက နောက်ပြန်လှည့်ကာ ...

"မိုက်ကို တို့နှုတ်ဆက်လိုက်တယ်လို့ ပြောလိုက်ပါ"

ကက် အလွန် တုန်လှုပ်သွားသည်။

"ဒါ ... ဒါက ခြောက်လှန့်တာတစ်မျိုးလား"

"ငါတို့က လူတွေကို မခြောက်လှန့်ဘူး ဒေါက်တာ...၊ မင်းကို အပြတ်ပြောလိုက်မယ်၊ မစ္စတာဒီနက်တို သေသွားရင်တော့လား ... မင်းရော မင်းမိသားစုရော တစ်ယောက်မကျန် ကိစ္စချောပြီသာ မှတ်တော့"။ ။

■

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်များ အဝတ်လဲခန်းတွင် ဆရာဝန်ခြောက်ယောက်တို့က ကင်မယ်လိုရီကို စောင့်နေကြသည်။ သူရောက်လာသောအခါ ဂရန့်ဒီက ပြောသည်။

"အောင်ပွဲခံ သူ့ရဲ့ကောင်းကြီးကို ဂုဏ်ပြုပါတယ်၊ အဖြစ်အပျက်ကို ကျွန်တော်တို့ အသေးစိတ် နားထောင်ချင်တယ်" သူက ပြုံးလျက် "အဓိကအချက်ကတော့ ခင်ဗျားပြောတာကို မဟုတ်ဘဲ သူပြောတာကိုပဲ ကြားချင်တယ်"

"ကျွန်တော် နည်းနည်းလေး ကံခေသွားတယ်ဗျာ" မယ်လိုရီက ပြုံးပြီး "ဒါပေမဲ့ ပိုက်ဆံကိုတော့ ခင်ဗျားတို့ အဆင်သင့်သာ ရှာထားကြပါ"

■

## အခန်း-၂၁-

ကက်နှင့် ပေဂျ်တို့ ခွဲစိတ်ခန်းအဝတ် လဲနေကြသည်။ ကက်က မေးသည်။

"မင်း ယောက်ျားဆရာဝန်ကို ခွဲစိတ်ဖူးသလား"

"ဟင့်အင်း"

"မင်း ကံကောင်းတယ်၊ သူတို့က ကမ္ဘာပေါ်မှာ အဆိုးဆုံး လူနာတွေပဲ၊ သိပ်ပြီး အတတ်ကြူးကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူ့ကို ခွဲစိတ်ရမှာလဲ"

"ဘယ်သူရမလဲ၊ ဒေါက်တာ" မနာစေနဲ့ "လို့ပြောတဲ့ မာဗင်ဖရန့်ကလင် ပေါ့"

"ကံကောင်းပါစေ"

"ကိုယ်လည်း ဆုတောင်းတာပဲ"

ဒေါက်တာမာဗင်ဖရန့်ကလင် က အသက် ၆၀ ကျော်ပြီ။ ထိပ်ပြောင်ပြောင်၊ ပိန်ပိန်ပါးပါး၊ အလွန်စိတ်တိုသည်။ သူ့အခန်းထဲ ကက် ဝင်လာတော့ သူကပြောသည်။

"မင်းရောက်လာတာ အချိန်ကိုက်ပဲ၊ အီလက်ထရိုလိုက် အစီရင်ခံစာ ပြန်လာပြီးလား"

"ဟုတ်ကဲ့၊ ပုံမှန်ပါပဲ"

"ဘယ်သူပြောလို့လဲ၊ အဲဒီစာတ်ခွဲခန်းကို ငါမယုံဘူး၊ သူတို့က ကိုယ်ဘာလုပ်နေမှန်း သိကြတာ မဟုတ်ဘူး၊ သွေးသွင်းတာမှာ အရောအနှော မဖြစ်အောင် သေသေချာချာ လုပ်ပါ"

"စိတ်ချပါ ဆရာ"

"ဘယ်သူ ခွဲစိတ်မှာလဲ"

"ဒေါက်တာ ဂျာဂင်ဆန်နဲ့ ကျွန်မပါ ဆရာ၊ ကျွန်မ အာမခံပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့"

"မင်းတို့က ဘယ်သူ့ဦးနှောက် ခွဲစိတ်မှာလဲ၊ မင်းတို့ ဦးနှောက်လား၊ ငါ့ဦးနှောက်လား၊ ခွဲစိတ်မှုမှန်သမျှ စွန့်စားရတာချည်းပဲ၊ ဘာကြောင့်ဆိုတာ မင်းသိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်တွေ တစ်ဝက်လောက်ဟာ နေရာမှားပြီး ရောက်လာကြလို့ပဲ၊ သူတို့က နွားသတ်သမားပဲ လုပ်ဖို့ကောင်းတာ"

"ဒေါက်တာ ဂျာဂင်ဆန်က သိပ်ပြီး တော်ပါတယ် ဆရာ"

"ငါ သိပါတယ်၊ နို့မဟုတ်ရင် သူ ငါ့ကို လက်နဲ့တောင် မထိရဘူး၊ ဒါနဲ့ မေ့ဆေးဆရာဝန်က ဘယ်သူလဲ"

"ဒေါက်တာ မီလာလို့ ထင်ပါတယ်"

"အဲဒီ ရမ်းကုဆရာဝန် ငါမလိုချင်ဘူး၊ နောက်တစ်ယောက်ရှာပါ"

"ဆရာ ..."

"နောက်တစ်ယောက်ရှာပါ၊ ဟာလီဘာတန် ရနိုင်မလား၊ မေးကြည့်"

"ကောင်းပါပြီ"

"ပြီးတော့ ခွဲစိတ်ခန်းသူနာပြုဆရာမ နာမည်တွေကို ငါ့ကိုပေးပါ၊ ငါစစ်ဆေးကြည့်မယ်"

"ဆရာက ကိုယ့်ဟာကိုယ် ခွဲစိတ်မလို့လား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



*"ဘာပြောတယ်" သူ ကက် ကို ခဏစိုက်ကြည့်နေသည်။ ပြီးတော့မှ စပ်ဖြဲဖြဲဖြင့် "မခွဲပါဘူး"*
ကက်က ညင်သာစွာဖြင့် "ဒါဖြင့် ဆရာက ကျွန်မတို့ကို ဘာလို့ မလုပ်ခိုင်းတာလဲ"
"အိုကေ၊ မင်းက တော်သင့်သလောက် တော်ပါတယ်၊ မင်းကို ငါ သဘောကျတယ်"
"ကျွန်မလည်း ဆရာ့ကို သဘောကျပါတယ်၊ သူနာပြုဆရာမက ဆရာ့ကို ငြိမ်ဆေးပေးထားပြီလား"
"အေး... "
"ကောင်းပြီ၊ ခဏကြာရင် ကျွန်မတို့ အဆင်သင့်ဖြစ်မယ်၊ ကျွန်မ ဘာလုပ်ပေးရဦးမှာလဲ"
"အေး ... ငါ့သူနာပြုဆရာမ တုံးမတွေကို ငါ့သွေးကြောတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သင်ပြပေး"

■

ခွဲစိတ်ခန်း (၄) တွင် ဒေါက်တာ မာဗင်ဖရန်ကလင်၏ ဦးနှောက်ခွဲစိတ်မှု အောင်မြင်စွာ ပြီးစီးသွားသည်။ သူသည် သူ့အခန်းမှ ခွဲစိတ်ခန်းသို့ အလာတွင် တစ်လျှောက်လုံး ကျိကျလာခဲ့၏။

"သတိထား၊ မေ့ဆေးနည်းနည်းပဲလုပ်၊ ဦးနှောက်က ဘာမှ ခံစားမှုရှိတာ မဟုတ်ဘူး၊ အဲဒါကြောင့် သိပ်များများ မလိုဘူး"

"ကျွန်မ သိပါတယ်ဆရာ" ကက်က စိတ်ရှည်စွာ ပြောသည်။
"ကိုယ်အပူချိန်ကို လေးဆယ်ဒီဂရီချထား၊ အဲဒါ အမြင့်ဆုံးပဲ"
"မှန်ပါတယ်"
"ခွဲစိတ်နေတုန်း မြူးမြူးကြွကြွ သီချင်းလေး နားထောင်ရအောင်၊ ကိုယ့်အလုပ်ကိုလည်း သတိထားဦး"
"ဟုတ်ကဲ့"
"ပြီးတော့ ထိပ်တန်းသန့်ရှင်းရေးဆရာမကိုလည်း အဆင်သင့်ရှာထား"
"ဟုတ်ကဲ့ပါ"
ဒေါက်တာမာဗင်ဖရန်ကလင်၏ ဦးခေါင်းခွံကို လွှန်နှင့်ဖောက်တော့ ကက်က ပြောသည်။
"သွေးခဲကို တွေ့ပြီ၊ သိပ်မဆိုးပါဘူး"
ထို့နောက် သူ ဆက်လုပ်နေ၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်သုံးနာရီခန့်အကြာ ခွဲစိတ်မှုပြီးစီးခါနီးတွင် ခွဲစိတ်ဌာနမှူး ဂျော့အက်လန်ဝင်လာပြီး ကက် ကိုပြောသည်။

"ခွဲစိတ်နေတုန်းပဲလား"

"ပြီးခါနီးနေပါပြီ"

"ဒါဆို ဒေါက်တာ ဂျာဂင်ဆန် ကို လွှဲပေးလိုက်၊ မင်းကို ခုချက်ချင်း လိုအပ်နေတယ်၊ အရေးပေါ် လုပ်စရာရှိလို့"

ကက် ဒေါက်တာအက်လန်နှင့် လိုက်လာခဲ့သည်။

"ဘာဖြစ်တာလဲ ဆရာ"

"နောက်ပိုင်းတော့ ခွဲစိတ်ရမှာပါ၊ ဒါပေမဲ့ လောလောဆယ် မင်းလူနာက သိပ်ပြီး သွေးလွန်နေတယ်၊ သူ့ကို အခု ခွဲစိတ်ခန်း (၃) ကို ပို့ထားတယ်၊ သိပ်တော့ အခြေအနေမကောင်းဘူး၊ ချက်ချင်း ခွဲစိတ်ရလိမ့်မယ်"

"လူနာက ဘယ်သူလဲဆရာ"

"မစ္စတာ ဒီနက်တိုတဲ့"

"ဒီနက်တို ... ဟုတ်လား" *မစ္စတာဒီနက်တို သေသွားရင်တော့လား ... မင်းရော၊ မင်းမိသားစုရော တစ်ယောက် မကျန် ကိစ္စချောပြီသာ မှတ်တော့။*

ကက်သည် ခွဲစိတ်ခန်း (၃) သို့ သွားသည့် စင်္ကြံလမ်းသို့ ပြေးဆင်းလာခဲ့သည်။ ရီနီးနှင့် ရှဲဒီးတို့က သူ့အနားသို့ ချဉ်းကပ်လာကြသည်။

"ဘယ်လိုဖြစ်နေလို့လဲ" ရီနီးက မေးသည်။

ကက် အာခြောက်နေ၍ စကားကို မနည်းအားတင်းပြီး ပြောရ၏။

"မစ္စတာဒီနက်တို သွေးထွက်လွန်နေတယ်၊ အခုချက်ချင်း ခွဲစိတ်ရမယ်"

ရှဲဒီးက ကက်၏ လက်ကို ဖမ်းဆုပ်လိုက်ပြီး ...

"ဒါဆို မြန်မြန်လုပ်ပါ၊ ဒါပေမဲ့ ငါပြောခဲ့တဲ့ စကားကိုတော့ မမေ့နဲ့၊ သူ့ကို မသေရအောင်လုပ်ပါ"

ကက်က သူ့လက်ကို အတင်းတွန်းဖယ်ပြီး ခွဲစိတ်ခန်းသို့ ပြေးသွားလေ၏။

■

ဒေါက်တာဖစ် က ကက်နှင့်အတူ ခွဲစိတ်မှုပြုလုပ်သည်။ သူက လူတော်တစ်ယောက်ဖြစ်၏။ ကက်က ထုံးစံအတိုင်း သူ့ကိုယ်သူ ဆေးကြောသန့်စင်မှု လုပ်သည်။ လက်မောင်းနှစ်ဖက်ကို မိနစ်ဝက်စီ၊ လက်နှစ်ဖက်ကို မိနစ်ဝက်စီ ဆေးကြော သန့်ရှင်းသည်။ ထို့နောက် နောက်တစ်ကြိမ် ထပ်ဆေးပြီးတော့မှ လက်သည်းတွေကို ဆေးကြော သန့်စင်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဗန့်က ကက်၏ဘေးတွင် ကပ်ပြီး သူ့ကိုယ်သူ သန့်ရှင်းရေး စ လုပ်သည်။

"မင်း ဘယ်လိုခံစားနေရသလဲ"

"ကောင်းပါတယ်" ကက် လိမ်ပြောလိုက်၏။

■

"လူဒီနက်တို" ကို လက်တွန်းလှည်းဖြင့် ခွဲစိတ်ခန်းထဲသို့ သယ်ယူလာသည်။ သူ လုံးဝမေ့မြောနေဆဲ ဖြစ်၏။ ခွဲစိတ်စားပွဲသို့ ဂရုတစိုက် ပြောင်းတင်လိုက်ကြသည်။ သူ၏ ခေါင်းတုံးပြောင်ကို သန့်ရှင်းရေးလုပ်သည်။ မာသိုင်အိုလိတ်ဆေးရည်နှင့် သုတ်လိမ်းသည်။ ခွာတ်ခွဲခန်းမီးလုံးအောက်တွင် လိမ္မော်ရောင် ပြောင်လက်နေ၏။ လူပုံကတော့ သွေးရောင်မဲ့ကာ သေနေသည့် ပုံမျိုး။

ခွဲစိတ်အဖွဲ့ဝင်များ အသီးသီး နေရာယူကြပြီ။ ဒေါက်တာဗန့်၊ လက်ထောက်အလုပ်သင်ဆရာဝန်၊ မေ့ဆေးဆရာဝန်၊ သန့်ရှင်းရေး သူနာပြုနှစ်ယောက်နှင့် အထွေထွေအကူဆရာမ တစ်ယောက်။

ကက်က လိုအပ်သည့် ပစ္စည်းကိရိယာ စုံ၊ မစုံ စစ်ဆေးသည်။ လိုလေသေးမရှိ အားလုံးပြည့်စုံနေပြီ။ မေ့ဆေးဆရာဝန်က သွေးတိုင်းကိရိယာကို လက်မောင်းတွင် ပတ်စည်းသည်။ ထို့နောက် လူနာ၏ မျက်နှာတွင် ရော်ဘာမျက်နှာဖုံး အုပ်လိုက်သည်။

"ကိုင်း ... အသက်ပြင်းပြင်းရှူကြ၊ ခပ်ပြင်းပြင်း၊ သုံးကြိမ်တိတိ ရှူ"

သုံးကြိမ် မစေ့မီမှာပင် ဒီနက်တို လုံးဝ မေ့ဆေးမိသွားပြီ။

ခွဲစိတ်မှု စတင်တော့သည်။

■

ကက်က ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"ဦးနှောက်အလယ်ပိုင်းမှာ ထိခိုက်ဒဏ်ရာ ရှိတယ်"

"ဟား"

"ကျွန်မတို့ ထိန်းနိုင်မှာပါ"

ဒေါက်တာဗန့် စတင်ခွဲစိတ်သည်။

"ကတ်ကြေး"

bookhouse
www.burmeseclassic.com

www.burmeseclassic.com



"*အခြေအနေကောင်းပါတယ်၊ သူ ဒီတောင်က ကျော်နိုင်မှာပါ*"

ကက် သက်မကြီးချလိုက်သည်။

ထိုအခိုက် ဒီနက်တို တစ်ကိုယ်လုံး မာတောင့်ပြီး လှုပ်ခါသွားသည်။ မေ့ဆေးဆရာဝန်က အော်ပြောသည်။

"သွေးတိုးနှုန်း ကျဆင်းလာပြီ"

"သွေးမြန်မြန်သွင်းပါ" ကက်က ပြောသည်။

သူတို့အားလုံး နံရံပေါ်က ကွန်ပျူတာ မှန်သားပြင်မော်နီတာကို စိုက်ကြည့်ကြသည်။ အညွှန်းပြအကွေးလိုင်းက မြန်မြန်ပြန့်သွားသည်။ ဦးနှောက်လိုင်း လှုပ်ခါမှုကြောင့် နှလုံးနှစ်ချက် ခုန်သွားသည်။

"သူ့ကို လှုပ်ပေး၊ လှုပ်ပေး"

ဒီနက်တို၏ ရင်ဘက် မောက်တက်လာသည်။ ထို့နောက် ပြန်ကျသွားသည်။

"အက်ပီနက်ဖရင် အမြန်ထိုး ... အမြန်ထိုး"

"နှလုံးမခုန်တော့ဘူး" မေ့ဆေးဆရာဝန် အော်ပြောသည်။

ကက်က ဒိုင်ခွက်ဓလေ့တ်ကို တိုးမြှင့်လိုက်သည်။

နောက်ထပ်တစ်ကြိမ် လူနာတစ်ကိုယ်လုံး သိမ့်ခနဲ တွန့်လှုပ်သွားသည်။

"နှလုံးမခုန်တော့ဘူး" မေ့ဆေးဆရာဝန်က အော်ပြောပြန်သည်။ "အစစ္စတိုလီပျက်သွားပြီ၊ ဘာလှုပ်ရှားမှုမှ မရှိတော့ဘူး"

ကက်က နောက်တစ်ကြိမ် ထပ်၍ ကြိုးစားသည်။ ကိုယ်ခန္ဓာ မြင့်တက်လာသည်။ ပြန်ကျသွားသည်။ ဘာမှ မရှိတော့၊ ဒေါက်တာဇန့်က ပြောလိုက်သည်။

"သူ သေသွားပြီ"။ ။

■

www.burmeseclassic.com

အခန်း-၂၂-

အသည်းအသန်လူနာတစ်ယောက် သေရေးရှင်ရေး **အခြေ** အနေသို့ ရောက်နေလျှင် အမြန်ဆုံး ဆေးဘက်ဆိုင်ရာ အကူအညီပေး၍ လူနာ၏ အသက်ကိုကယ်ရန် "သင်္ကေတနီ" အဖွဲ့သည် အမြဲတမ်း အရန်သင့်ရှိနေရသည်။ ယခုလည်း "ဒီနက်တို" **အား** ခွဲစိတ်ကုသမှု တစ်ဝက်လောက်အရောက်တွင် "သင်္ကေတနီ" အဖွဲ့သည် အကူအညီပေးရန် ချက်ချင်းရောက်ရှိလာ၏။

အရေးပေါ် လူခေါ်အသံချဲ့စက်မှ ပေါ်ထွက်လာသည့် အသံကို ကက် ကြားရသည်။ "သင်္ကေတနီ ... ခွဲစိတ်ခန်း (၃)၊ သင်္ကေတနီ ... ခွဲစိတ်ခန်း (၃)"

*ကက် သွေးရူးသွေးတန်းဖြစ်သွားသည်။* သူက "အီလက်ထရိုရှော့ခ်" ကိရိယာကို ပြန်တပ်သည်။ သူသည် လူနာ၏ အသက်ကိုသာမက မိုက်၏ အသက်နှင့် သူ၏ အသက်ကိုပါကယ်ရန် ကြိုးစားနေခြင်း ဖြစ်၏။ ဒီနက်တို၏ ကိုယ်ခန္ဓာသည် အပေါ်သို့ မြှောက်တက်လာသည်။ ပြန်ကျသွားသည်။ ငြိမ်သွားသည်။

"ထပ်လုပ်ပါ၊ ထပ်လုပ်ပါ" ဒေါက်တာဗန်က ပြောသည်။

*ငါတို့က လူတွေကို မခြောက်လှန့်ဘူး ဒေါက်၊ မင်းကို အပြတ်ပြောလိုက်မယ်၊ မစ္စတာဒီနက်တို သေသွားရင်တော့လား မင်းရော၊ မင်းမိသားစုရော တစ်ယောက်မကျန် ကိစ္စချောပြီသာမှတ်တော့။*

www.burmeseclassic.com

www.burmeseclassic.com



ကက်က စက်ခလုတ်ကို ဖွင့်လိုက်သည်။ စက်ကို ဒီနက်တို၏ ရင်ဘတ်မှာ တပ်သည်။ သူ့ခန္ဓာကိုယ်သည် နှစ်လက်မခန့် အပေါ်သို့ မြောက်တက်လာပြန်သည်။ ပြီးတော့ ပြန်ကျသွားသည်။

''ပြန်လုပ်ဦး''

*သူမသေပါစေနဲ့။* ကက်က စိုးရိမ်တကြီးနှင့် စိတ်ထဲက ဆုတောင်းမိသည်။ *သူသေရင် ငါလည်း သေရတော့မယ်။* ချက်ချင်းဆိုသလိုပင် ခွဲစိတ်ခန်းတွင် ဆရာဝန်တွေနှင့် သူနာပြုတွေ ပြည့်ကျပ်သွား၏။

''မင်းက ဘာကိုစောင့်နေတာလဲ'' တစ်ယောက်က မေးသည်။

ကက်က အသက်ပြင်းပြင်း တစ်ချက်ရှိုက်လိုက်သည်။ ထို့နောက် ခလုတ်ကို ပြန်နှိပ်လိုက်သည်။ ဘာမှမထူးခြား၊ ထို့နောက် မော်နီတာမှ အသံသဲ့သဲ့ကလေး ပေါ်ထွက်လာသည်။ ပြန်ပျောက်သွားသည်။ ပြန်ပေါ်လာသည်။ ထို့နောက် ပို၍ ပို၍ ကျယ်လာသည်။ နောက်ဆုံးတွင် စည်းချက်မှန်မှန်ဖြင့် တည်ငြိမ်နေသည်။

ကက်သည် မယုံကြည်နိုင်အောင် အံ့အားကြီးသင့်နေ၏။

အခန်းထဲတွင် ရွှင်မြူးဝမ်းသာသံများ တစ်ခဲနက် ပေါ်ထွက်လာသည်။

''သူ အလုပ်ဖြစ်သွားပြီ'' တစ်ယောက်က အော်ပြောလိုက်၏။

နောက်နှစ်နာရီခန့်အကြာတွင် ''ဒီနက်တို''အား ခွဲစိတ်စားပွဲမှ တွန်းလှည်းပေါ်သို့ ပြောင်းတင်ပြီး အရေးကြီးလူနာခန်းသို့ သယ်ယူလာသည်။ ကက်က သူ့ဘေးမှ ကပ်လိုက်လာသည်။ ရီနီးနှင့် ရှဲဒိုးတို့က စင်္ကြံလမ်းမှ စောင့်နေကြ၏။

''ခွဲစိတ်မှု အောင်မြင်တယ်'' ကက်က ပြောသည်။ ''သူ နေကောင်းလာတော့မယ်''

■

မယ်လိုရီတစ်ယောက် ခေါင်းမီးတောက်နေပြီ။ သည်နေ့သည် အလောင်းအစားပွဲ၏ နောက်ဆုံးနေ့ ဖြစ်သည်။ ပြဿနာက တဖြည်းဖြည်းနှင့် ကြီးထွားလာနေသည်။ သို့သော်လည်း သူကတော့ သတိမထားမိ။ ပထမညမှစ၍ သည်ကိစ္စ အခက်အခဲမရှိ လွယ်လွယ်ကူကူ ပြီးစီးသွားလိမ့်မည်ဟု သူက ထင်မှတ်ခဲ့သည်။ ယခုအချိန်စေ့တော့မည်။ သူလုလုကြီး ဒုက္ခတွေ့တော့မည်။

မယ်လိုရီ ''လုပ်လေသမျှ သဲရေကျချည်း'' ဖြစ်ခဲ့ရသည်။ ကက်ကို တယ်လီဖုန်းခေါ်သည်။ သူ့ဝမ်းကွဲခွေမျိုးလာသည်။ ကက် အိပ်မောကျနေသည်။ ကက် ဓမ္မတာလာနေသည်။ ပြီးတော့ ကိစ္စပြတ်ခါနီးဆဲဆဲကျမှ ကက်၏ အခန်းဖော်တွေက အမှတ်မထင် ဝင်နှောင့်ကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ တိုက်ဆိုင်မှုမဖြစ်နိုင်၊ ကက်က တမင်သက်သက် အကွက်ဆင်ပြီး လုပ်တာ ဖြစ်ရမည်။ သူ့ကို အရှက်ကွဲအောင် တမင်တကာလုပ်တာ ဖြစ်ရမည်။ သည်အတိုင်းဆိုလျှင် သူ ဒေါ်လာတစ်သောင်း ပေးရတော့မည်။ သူ့မှာ တစ်ပြားမှ မရှိ။ *ခွေးစုတ်မ။*

အဝတ်လဲခန်းသို့ မယ်လိုရီ ဝင်လာတော့ ပြိုင်ဘက်လောင်းကြေးဆရာဝန်တွေက သူ့ကို စောင့်နေကြသည်။

“ဒီနေ့ အပိုလခထုတ်တဲ့နေ့ပဲဟေ့” ဂရန့်ဒီက အော်ပြောလိုက်၏။

မယ်လိုရီက အားယူပြုံးကာ “အချိန်ရှိပါသေးတယ်၊ သန်းခေါင်ချိန်မှ အချိန်စေ့မှာ မဟုတ်လား၊ ကြည့်သာနေပါ၊ ကျုပ်နိုင်မှာ သေချာတယ်”

“ကျွန်တော်တို့က ဟိုအမျိုးသမီး ကိုယ်တိုင်ပြောမှ ယုံမှာနော်” အခြားတစ်ယောက်က သတိပေးသည်။ “လုပ်မနေပါနဲ့ ပင်ပန်းပါတယ်၊ မနက်ကျတော့သာ ပိုက်ဆံ အဆင်သင့် လုပ်ထားပါ”

မယ်လိုရီက ရယ်လျက် ...

“ခင်ဗျားတို့သာ အဆင်သင့် လုပ်ထားကြပါ”

သူ နည်းလမ်းတစ်ခုခု ရှာရမည်။ သူ ရုတ်တရက် နည်းလမ်း ရှာတွေ့သည်။

■

မယ်လိုရီသည် ကက်ကို အပန်းဖြေခန်းတွင် တွေ့သည်။ သူက မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

“မင်း လူနာတစ်ယောက်အသက်ကို ကယ်လိုက်တယ်ဆို”

“ကျွန်မအသက်ကိုပါ ကယ်လိုက်တာ”

“ဘာ ...”

“ဘာမှမဟုတ်ဘူး”

“အဲဒီတော့ ကိုယ့်အသက်ကိုရော မကယ်တော့ဘူးလား”

ကက်က သူ့ကို ကြောင်ကြည့်နေသည်။

“ဒီည ကိုယ်နဲ့အတူ ညစာ လိုက်စားပါ”

“ကျွန်မ သိပ်ပင်ပန်းနေတယ် ကင်” ကက်က သူနှင့် ကစားနေရတာကို ငြီးငွေ့လှပြီ။ *ငါ လုံလုံလောက်လောက် ရခဲ့ပြီ။ ရယ်တန်းက ရယ်ဖို့အချိန်တန်ပြီ၊ အားလုံးပြီးသွားပြီ၊ ငါက ကိုယ့်ထောင်ချောက်မှာ ကိုယ်မိခဲ့တာ၊ သူက* “မယ်လိုရီ” *အား သည်ပုံစံမဟုတ်ဘဲ တခြားပုံစံမျိုးဖြစ်ရင် သိပ်ကောင်းမှာပဲဟု တွေးမိ၏။ သူသာ ငါ့အပေါ်မှာ ရိုးရိုးသားသား ဆက်ဆံခဲ့မယ်ဆိုရင် သူ့ကို ငါ တုံ့ပြန်ပေးဆပ်မိမှာ သေချာတယ်။*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီအဖို့ ကက်ကို ဘယ်နည်းနှင့်မျှ လက်လွှတ်ခံ၍ မဖြစ်တော့။

"ဒီည တစ်နေရာရာမှာ သွားစားကြမယ်၊ ပြီးတော့မှ ... "

ကက်က ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြင့် ခေါင်းညိတ်လိုက်သည်။ သည်အကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်ရမည်။ ကစားပွဲကို အပြီးသတ်ရမည်။

"ကောင်းပြီလေ"

■

ဟန်နီသည် နံနက် ၄ နာရီတွင် ညဆိုင်းတာဝန် ပြီးဆုံးသည်။ သူနာရီကို ကြည့်လိုက်သည်။ အမြန်ဈေးပြေးဖို့ အချိန်ရသေးသည်။ တိုက်ခန်းအတွက် "ကင်ဒယ်လီယား" ကုန်တိုက်တွင် ဖယောင်းတိုင်ဝယ်သည်။ ထို့နောက် "ဆန်ဖရန် စစ္စကို လက်ဖက်ခြောက်နှင့် ကော်ဖီမှုန့် ကုမ္ပဏီ" သို့ သွား၍ နံနက်စာအတွက် ကော်ဖီမှုန့်ဝယ်သည်။ ပြီးတော့ "ခရစ်ကယ်လီ" ကုန်တိုက်မှ ဝယ်စရာများ ဝယ်သည်။

ပစ္စည်းတွေ တပွေ့တပိုက်ဖြင့် တိုက်ခန်းသို့ ပြန်လာခဲ့သည်။ ညနေအတွက် တစ်ယောက်စာ ထမင်းချက်ရန် ဆုံးဖြတ်လိုက်သည်။ ကက်က မယ်လိုရီနှင့် အပြင်ထွက်ဖို့ရှိကြောင်း၊ ပေ့ဂျ်က အရန်သင့် တာဝန်ကျကြောင်း သူသိထားပြီး ဖြစ်သည်။

တိုက်ခန်းတံခါးကို ဖွင့်သည်။ တံခါးကို ပြန်ပိတ်လိုက်သည်။ ခန်းဆီးကို ဖွင့်လိုက်သည်။

သန်မာထွားကျိုင်းသည့် လူမည်းတစ်ယောက် ရေချိုးခန်းထဲမှ ထွက်လာသည်။ အဖြူရောင် ကော်ဇောခင်းပေါ်သို့ သွေးတွေ တစ်စက်စက်ကျနေသည်။

လူမည်းကြီးက ဟန်နီ့ကို သေနတ်ဖြင့် ချိန်လိုက်၏။

"အသံမထွက်နဲ့ ဦးနှောက်ပွင့်ထွက်သွားမယ်"

ဟန်နီက ကြောက်အား လန့်အားဖြင့် အော်လိုက်၏။ ။

■

www.burmeseclassic.com

www.burmeseclassic.com

အခန်း-၂၃-

မယ်လိုရီသည် "ဖရန့်"လမ်းမှ "ရှုရှိဒါ" စားသောက်ဆိုင်တွင် ကက်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သူ့အနေဖြင့် ငွေတစ်သောင်း မပေးနိုင်လျှင် ဘာတွေဖြစ်လာမည်နည်း။ ဆေးရုံအတွင်း ချက်ချင်းသတင်းပြန့်သွားလိမ့်မည်။ သူလည်း လူတိုင်းက ပြက်လုံးထုတ်စရာ၊ ဟားစရာ အလကားကောင်ဖြစ်သွားလိမ့်မည်။ ရှက်စရာ ကောင်းလိုက်မည့်ဖြစ်ခြင်း ... ။

ကက်က သူ့လူနာတစ်ယောက်အကြောင်း ပြောပြနေသည်။ မယ်လိုရီက ကက်ကို စိုက်ကြည့်နေပေမဲ့ ကက်၏ စကားကို သူမကြား။ သူ့စိတ်က တခြားအရေးကြီးသည့် အရာကိုသာ တွေးနေမိသည်။

ညစာစားပြီးသွားကြပြီ။ စားပွဲထိုးက ကော်ဖီပွဲ လာချသည်။ ကက်က လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ဒီနေ့ ကျွန်မ အလုပ်စောစောဝင်ရမယ် ကင်၊ ပြန်ကြရအောင်"

မယ်လိုရီက စားပွဲကို စိုက်ကြည့်နေရာမှ "ကက်" ၊ ကက်ကို မော့ကြည့်ပြီး "မင်းကို ကိုယ်တစ်ခုပြောချင်တယ်"

"ပြောပါ"

"ကိုယ် အမှန်အတိုင်း ပြောင့်ချက်ပေးပါ့မယ်" သက်မတစ်ချက်ချလိုက်ပြီးတော့မှ "ကိုယ့်အနေနဲ့ တော်တော်မလွယ်တဲ့ ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



ကက်က သိချင်စိတ်ဖြင့် “ဘာကိစ္စလဲ”

“ပြောရမှာ ရှက်လည်း ရှက်မိတယ်” သူစကားလုံး ရွေးနေသည်။ “ကိုယ် ... ကိုယ် မင်းကို ရအောင်ယူပြမယ် ဆိုပြီး တခြားဆရာဝန်တွေနဲ့ အလောင်းအစားလုပ်မိတယ်၊ တော်တော်မိုက်မဲတဲ့ လုပ်ရပ်ပါ”

ကက်က သူ့ကို စေ့စေ့ကြည့်လျက် ...

“ရှင် ... ”

“ကျေးဇူးပြုပြီး ဘာမှမပြောပါနဲ့ဦး ကက်၊ ကိုယ့်လုပ်ရပ်အတွက် ကိုယ်တကယ် အရှက်ကြီးရှက်မိပါတယ်၊ တကယ်တော့ ပြောင်ပြောင်နောက်နောက် ပြောကြရင်းက ဒီအဆင့်အထိ ဖြစ်သွားရတာပါ၊ အမှန်ကို ဝန်ခံရရင် ကိုယ်က အပျော်သဘောနဲ့ လုပ်ခဲ့တာဟာ အခုတော့ မမျှော်လင့်တာတွေ ဖြစ်လာခဲ့ပြီ၊ ကိုယ် မင်းကို တကယ့်နှလုံးသားထဲက ချစ်နေမိပြီ ကက်”

“ကင် ... ”

“ကိုယ် အရင်က ဒီလိုအချစ်မျိုးနဲ့ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူး၊ ကိုယ် တကယ်ပြောတာပါ ယုံပါ၊ အခုတော့ မင်းကို မမြင်ရရင် နေလို့မရတဲ့အထိ စွဲချစ်နေမိပြီ” သူက အသက်တစ်ချက် ရှူထုတ်လိုက်ပြီးနောက် “ကိုယ် မင်းကို လက်ထပ်ပါရစေလား နော်”

ကက်၏ စိတ်သည် ချားရဟတ်လို တဝီဝီလည်နေသည်။ အရာရာတိုင်းလည်း ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ကြသည်။

“ကျွန်... ကျွန်မ ဘာပြောလို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး ကင်”

“မင်းဟာ ကိုယ်ချစ်ရေးဆိုဖူးတဲ့ ပထမဆုံး အမျိုးသမီးပါ ကက်၊ ကျေးဇူးပြုပြီး လက်ခံပါ၊ ကိုယ် လက်ထပ်ပါရစေ ... အချစ်ရယ်”

*သူ ငါ့ကို ပြောခဲ့သမျှတွေဟာ တကယ့်ရင်ထဲက နှလုံးသားနဲ့ ပြောခဲ့တာတွေပဲ။* ကက် နှလုံးတွေ တဖြုန်းဖြုန်း ခုန်နေသည်။ ဖြစ်ရပ်က ပျော်စရာ အိပ်မက်တစ်ခု တကယ်လက်တွေ့ ဖြစ်ပေါ်လာသလို ထင်ရ၏။ မယ်လိုရီထံမှ သူလိုချင်သည်မှာ ရိုးသားမှုဖြစ်သည်။ သစ္စာတရား ဖြစ်သည်။ ယခု သူ ရိုးသားစွာ ဝန်ခံနေပြီ။ သူ့အဖြစ်ကိုလည်း သူသိနေပြီ။ သူက တခြားယောကျ်ားတွေနှင့် မတူ၊ ရိုးသားသည်၊ ဖြူစင်သည်၊ အသိတရားရှိသည်။

ကက်က သူ့ကို စေ့စေ့ကြည့်လိုက်သည်။ ကက်၏ မျက်လုံးတွေ အရောင်တောက်နေ၏။

“ကျွန်မလက်ခံပါတယ် ကင်၊ လက်ခံပါတယ်”

မယ်လိုရီ၏ အပြုံးပန်းသည် တစ်ခန်းလုံးကို လင်းထိန်သွားစေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ကက်" သူက ကိုယ်ကိုကိုင်း၍ ကက်ကို နမ်းလိုက်သည်။ "ကိုယ့်ရဲ့ မိုက်မဲတဲ့လုပ်ရပ်ကို ခွင့်လွှတ်ပါ ကက်"

သူ့ကိုယ်သူ ရှက်စိတ်ဖြင့် ခေါင်းတယမ်းယမ်း လုပ်နေသည်။ "ဒေါ်လာတစ်သောင်း ... အဲဒီ ဒေါ်လာတစ်သောင်းကို ကိုယ်တို့ ပျားရည်ဆမ်းခရီးအတွက် သုံးမယ်၊ ဒါပေမဲ့ မင်းကိုရရင် အဲဒီငွေကို မရချင်နေပါစေ၊ ကိုယ်ကျေနပ်ပါတယ် အချစ်ရယ်"

ကက်က တွေးနေသည်။ *ဒေါ်လာတစ်သောင်းတဲ့လား။*

"ကိုယ်ဆိုတဲ့အကောင်က အဲသလောက် မိုက်တွင်းနက်ခဲ့တယ် ကက်"

"ဒါနဲ့ နောက်ဆုံးရက်က ဘယ်တော့လဲ"

"ဒီနေ့ည သန်းခေါင်အချိန်၊ ဒါပေမဲ့ ဒါက ဘာမှ အရေးမကြီးတော့ပါဘူး၊ အရေးကြီးတာက ကိုယ်တို့ ချစ်သူနှစ်ယောက်ပဲ၊ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ဖို့ပဲ၊ ကိုယ်တို့ ... "

"ကင် ... "

"ဘာလဲ ... အချစ်"

"ကျွန်မတို့ ရှင့်တိုက်ခန်းကို သွားကြရအောင်" မချိုမချဉ် အပြုံးနှင့်အတူ သူ့မျက်လုံးတွေ တဖျတ်ဖျတ်လက်နေကြသည်။ "ရှင် အလောင်းအစားနိုင်ဖို့ ကိစ္စက ရှိသေးတယ်လေ"။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂၄-

သေနတ်ကိုင် လူမည်းကြီးက ဟန်နီအား အော်ပြောလိုက်သည်။

"အသံမထွက်နဲ့လို့ ငါပြောတယ်မဟုတ်လား"

"ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ်" ဟန်နီက တုန်တုန်ယင်ယင်ဖြင့် ပြောသည်။ "ရှင် ... ရှင် ဘာလိုချင်လို့လဲ"

သူသည် သွေးမထွက်အောင် လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ "ငါ့အစ်မကို ငါလိုချင် ... "

ဟန်နီက သူ့ကိုကြည့်ရင်း ဝေခွဲမရ ဖြစ်နေ၏။ သူရူးနေပြီလားမသိ။ "ရှင့်အစ်မ ... ဟုတ်လား"

"ဟုတ်တယ် ... ကက်ကိုပြောတာ" သူ့အသံ တိမ်ဝင်သွားသည်။

"အို ... ဘုရားရေ၊ ရှင်က မိုက် ဖြစ်နေပါရောလား"

"ဟုတ်တယ်"

သေနတ်လွတ်ကျသွားသည်။ သူ ကြမ်းပြင်ပေါ် ယိုင်လဲသွားသည်။ ဟန်နီက အပြေးပွေ့ထားလိုက်သည်။ လက်မောင်းမှ သွေးတွေစီးကျနေသည်။ သေနတ်ဒဏ်ရာ ဖြစ်ပုံရသည်။

"ငြိမ်ငြိမ်ကလေး လှဲနေပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ရေချိုးခန်းသို့ ပြေးသွားသည်။ ပီရိုဇိုက်ပိုးသတ်ဆေးရည်နှင့် ကိုယ်သုတ်ပဝါယူပြီး ပြန်လာသည်။ "နည်းနည်းတော့ စပ်လိမ့်မယ်"

မိုက် စန့်စန့်ကြီးလဲနေသည်။ လှုပ်ရှား၍ လုံးဝမရ။ ဟန်နီက ဒဏ်ရာကို ဆေးရည်လောင်းထည့်သည်။ သွေးတွေကို ကိုယ်သုတ်ပဝါနှင့် သုတ်သည်။ ဒဏ်ရာက စပ်လွန်းလို့ မိုက်က သူ့လက်ကို ကိုက်ပြီး ကြိတ်မှိတ်ခံနေသည်။

"ကျွန်မ လူနာတင်ကား ခေါ်လိုက်မယ်၊ ပြီးတော့ ဆေးရုံကို တန်းသွားမယ်"

"အို ... ဟင့်အင်း ... ဟင့်အင်း၊ ဆေးရုံမလိုချင်ဘူး၊ ရဲ မလိုချင်ဘူး" သူ့အသံ ပို၍ ပျော့လာသည်။ "ကက်က ဘယ်သွားသလဲ"

"ကျွန်မ မသိဘူး" ကက် မယ်လိုရီနှင့် အပြင်ထွက်သွားတာကိုတော့ ဟန်နီသိသည်။ သို့ပေမဲ့ ဘယ်နေရာ သွားမှန်း မသိ။ "ငါ့ သူငယ်ချင်းမ တစ်ယောက်ကို ခေါ်လိုက်မယ်"

"ပေ့ဂျ်လား" မိုက်က မေးသည်။

ဟန်နီက ခေါင်းညိတ်သည်။ "ဟုတ်တယ်" *တို့နှစ်ယောက်အကြောင်း သိနေတာကိုး၊ ကက်က ပြောထားလို့ ဖြစ်မှာပေါ့။*

နောက် ဆယ်မိနစ်ကြာတော့မှ ပေ့ဂျ်နှင့် အဆက်အသွယ်ရသည်။

"မင်း အိမ်ကို ပြန်လာခဲ့ပါ" ဟန်နီက ပြောသည်။

"ကိုယ် အရန်သင့်တာဝန်ကျနေတယ်၊ ပြီးတော့ အလုပ်တန်းလန်း ... "

"ကက်ရဲ့မောင် အိမ်မှာ ရောက်နေလို့"

"သြော် ... အေး ... သူ့ကိုပြော... "

"သူ သေနတ်ဒဏ်ရာ ရနေတယ်"

"သူ ... ဘာ ... ဘာဖြစ်တယ်"

"သေနတ်ဒဏ်ရာ ရထားတယ်"

"ဒါဆို ကိုယ်ဆေးအကူအဖွဲ့ကို... "

"သူက ဆေးရုံမလိုချင်ဘူး၊ ရဲမလိုချင်ဘူး ပြောနေတယ်၊ အဲဒါ ကိုယ်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး"

"ဒဏ်ရာက တော်တော်ပြင်းလား"

"ပြင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တငြိမ်သက်နေသည်။ "ကိုယ် လူစားတစ်ယောက်ရှာပြီး လိုက်လာခဲ့မယ်၊ နောက် နာရီဝက်အတွင်း ရောက်လာမယ်။

ဟန်နီ ဖုန်းပြန်ချလိုက်သည်။ ထို့နောက် မိုက်ကိုကြည့်ပြီး ...

"ပေ့ဂျ် လာနေပြီ"

■

နောက်နှစ်နာရီခန့်အကြာတွင် တိုက်ခန်းသို့ ပြန်လာရင်း ကက် အလွန် ပျော်ရွှင်ကြည်နူးနေလေသည်။ သူ အလွန်မုန်းနေသည့် အရာကို အလွန်ချစ်လာအောင် မယ်လိုရီက ဖန်တီးပေးလိုက်ခြင်း ဖြစ်၏။

အလောင်းအစားပွဲတွင် နောက်ဆုံး၌ သူတို့ အနိုင်ရခြင်းအတွက်လည်း အလွန်ဝမ်းသာနေသည်။ သူသည် ယင်းသို့သော ခံစားမှုများကို ရင်နှင့်အပြည့်ခံစားလျက် ရွှင်လန်းကြည်နူးစွာဖြင့် တိုက်ခန်းတံခါးကို ဖွင့်လိုက်တော့ လုံးဝမမျှော်လင့်သည့် မြင်ကွင်းကြောင့် ရုတ်တရက် လန့်သွားပြီး ကြက်သေ သေသွား၏။

ပေ့ဂျ်နှင့် ဟန်နီတို့က မိုက်ကို ပွေ့ပိုက်ထားကြသည်။ မိုက်သည် ခေါင်းအုံးပေါ်တွင် လှဲလျက် ကြမ်းပြင်တွင် စန့်စန့်ကြီး ဖြစ်နေသည်။ နံဘေးတွင် ပဝါနှင့် ပတ်ထားသော အဝတ်အစားများတွင် သွေးတွေ ပေကျံနေသည်။

ကက်ဝင်လာတော့ ပေ့ဂျ်နှင့် ဟန်နီတို့က မော့ကြည့်လိုက်ကြ၏။

"အို ... ဘုရားရေ ... မိုက်" သူပြေးသွားပြီး မိုက်ဘေးတွင် ထိုင်ချလိုက်သည်။ "ဘယ် ... ဘယ်လိုဖြစ်ကြတာလဲ... ဟင်"

"ဟင် ... မမ" သူ့အသံက ယဲ့ယဲ့ကလေးမျှသာ။

"သူ သေနတ်ပစ်ခံရတာ" ပေ့ဂျ်က ပြောသည်။ "သွေးတွေ သိပ်ထွက်နေတယ်"

"ဆေးရုံ မြန်မြန်ပို့မှ ဖြစ်မယ်" ကက်က ပြောသည်။

မိုက်က ခေါင်းခါပြီး "မသွားဘူး" သူက လေသံဖြင့် ပြောသည်။ "မမက ဆရာဝန်ပဲ၊ ကျွန်တော့်ကို ကုပေးပါ"

ကက်က ပေ့ဂျ်ကို ကြည့်လိုက်သည်။

"သွေးတိတ်အောင်တော့ ကိုယ် တတ်နိုင်သမျှ လုပ်ပေးထားတယ်၊ ဒါပေမဲ့ ကျည်ဆန်က အထဲမှာရှိနေသေးတယ်၊ ဒီမှာ ဘာပစ္စည်းမှ မရှိဘူး"

"သွေးက ထွက်နေတုန်းပဲ" ကက်က ပြောသည်။ သူက မိုက်၏ ဦးခေါင်းကို လက်မောင်းပေါ်တင်ထားရင်း "မမစကားကို နားထောင်ပါ ... မောင်လေး၊ မင်းဆေးရုံမသွားရင် သေသွားလိမ့်မယ်"

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



“ဒီ... ဒီ... ကိစ္စ... ဘယ်... သူမှ... မသိ... စေရဘူး၊ ရဲကို... မတိုင်... ရဘူး”

“ဒါနဲ့ ဘယ်သူတွေနဲ့ ဘာတွေ ဖြစ်လို့လဲ ... ဟင်”

“ဘာမှ မဟုတ်ဘူး၊ ကျွန်တော်က စီးပွားရေး ... တစ်ခုလုပ်တာ ... အဲဒါ ... လွဲသွားတယ်၊ အဲဒီ... အကောင်က ကျွန်တော့်ကို ... လိုက်ရှာပြီး သေနတ်နဲ့ ... ပစ်တယ်”

နှစ်ပေါင်းများစွာကတည်းက ကက် ကြားနေကျ စကားဖြစ်၏။ တစ်ချိန်လုံး သူလိမ်ပြောခဲ့သည်။ အဲဒီကတည်းက အဖြစ်မှန်ကို ကက်သိခဲ့သည်။ ယခုလည်း သိသည်။ ဒါပေမဲ့ ကက်က သည်အကြောင်းတွေကို ဘယ်သူ့မှမပြောဘဲ လျှို့ဝှက်ထားခဲ့သည်။

“ကျွန်တော့်ကို ကူညီပါ ... မမရယ်”

“စိတ်ချပါ၊ ကူညီပါ့မယ်”

ကက်က သူ့မောင်လေး၏ ပါးပြင်ကို နမ်းလိုက်သည်။ ထို့နောက် သူ ထလာပြီး ဆေးရုံမှ အရေးပေါ်ဌာနသို့ ဖုန်းဆက်သည်။

“ဒေါက်တာဟန်တာပါ” သူ့အသံ တုန်နေသည်။ “လူနာတင်ကားတစ်စီး အမြန်လွှတ်ပေးပါ”

■

ဆေးရုံရောက်တော့ ကျည်ဆန်ကို ခွဲထုတ်ပေးရန် ကက်က ပေ့ဂျ်ကို တောင်းပန်သည်။

“သွေးတွေသိပ်ထွက်နေတယ်” ပေ့ဂျ် က အကူဆရာဝန်ကို ပြောသည်။ “နောက်ထပ် သွေးတစ်ပုလင်းသွင်းဦး”

ခွဲစိတ်ပြီးသွားတော့ အရုဏ်တက်နေပြီ။ ခွဲစိတ်မှုအောင်မြင်သည်။

ပေ့ဂျ်က ကက်ကို သူ့အနားခေါ်ပြီး ပြောသည်။

“ဒီကိစ္စကို ကိုယ်ဘယ်လို အစီရင်ခံရမှာလဲ၊ သာမန်မတော်တဆ ရပ်ဖြစ်လို့ ရေးရမလား၊ ဒါမှမဟုတ် ...”

“မလုပ်နဲ့” သူ့အသံက ဆို့နစ်နေသည်။ “ဒီကိစ္စကို ဟိုကတည်းက ကိုယ်လုပ်သင့်တာ၊ သေနတ်ဒဏ်ရာလို့သာ ရေးလိုက်ပါတော့ ... ပေ့ဂျ်”

■

မယ်လိုရီသည် ခွဲစိတ်ခန်းအပြင်ဘက်တွင် ကက်ကို စောင့်နေသည်။

“ကက် ... ကက် မောင်လေးအကြောင်း ကိုယ်ကြားရတယ်”

www.burmeseclassic.com

www.burmeseclassic.com



ကက်က မသက်မသာ ခေါင်းညိတ်လိုက်သည်။

“ကိုယ်စိတ်မကောင်းပါဘူး၊ သူ့အခြေအနေကောင်းရဲ့လား”

“ကောင်းပါတယ်၊ သူ့ဘဝမှာ ပထမဆုံးအကြိမ်အနေနဲ့ပေါ့၊ သူ နေကောင်းသွားမှာပါ”

မယ်လိုရီက ကက်၏ လက်ကို ဆုပ်ကိုင်းရင်း ...

“ကိုယ်နဲ့ လောင်းထားတဲ့ ဆရာဝန်တွေ အပန်းဖြေခန်းမှာ စောင့်နေကြတယ်၊ ဒါပေမဲ့ ... ”

“ဘာမှ ဒါပေမဲ့ လုပ်မနေနဲ့၊ လာ ... အခုပဲ သွားတွေ့ကြမယ်”

နှစ်ယောက်သား လက်တွဲပြီး အပန်းဖြေအခန်းထဲသို့ ဝင်လာခဲ့ကြသည်။ ဆရာဝန်တွေက သူတို့ကို မယုံသင်္ကာ မျက်လုံးတွေနှင့် ကြည့်နေကြသည်။

ဂရန့်ဒီက စတင်ပြောလိုက်သည်။

“ဟိုင်း ... ကက်၊ တစ်ခုခုနဲ့ပတ်သက်ပြီး ခင်ဗျားပြောတဲ့ စကားကို ကျွန်တော်တို့ ကြားချင်တယ်၊ ဒေါက်တာ မယ်လိုရီက ပြောတယ်၊ ကျွန်တော်တို့နဲ့ လောင်းထားတဲ့ကိစ္စကို မနေ့ညက သူအောင်မြင်စွာ ဆောင်ရွက်ပြီးပြီလို့ ဆိုတယ်”

“အောင်မြင်စွာ ဆောင်ရွက်ပြီးလို့ လက်ထပ်ဖို့တောင် သဘောတူပြီးပါပြီတဲ့ရှင်”သူက မယ်လိုရီ၏ ပါးကို ရွှတ်ခနဲ တစ်ချက်မွှေးပေးလိုက်ပြီး “ကဲ နောက်မှ တွေ့ကြမယ် ... မောင်”

ကက်က ပြန်လှည့်ထွက်သွားသည်။ ပြိုင်ပွဲဝင် ဆရာဝန်တွေ ပါးစပ်ဟောင်းလောင်းဖြင့် ငုတ်တုတ်ကြီး ထိုင်ကျန်ရစ်ခဲ့ကြ၏။

■

အဝတ်လဲခန်းတွင် ကက်က ပေ့ဂျ်နှင့် ဟန်နီတို့ကို ပြောသည်။

“မင်းတို့ကို သတင်းတစ်ခုပေးချင်တယ်”

“ဘာသတင်းလဲ” ပေ့ဂျ်က မေးသည်။

“ကင်က ငါ့ကို လက်ထပ်ခွင့်တောင်းတယ်”

“မင်း နောက်ပြောနေတာလား”

“မဟုတ်ဘူး၊ သူ မနေ့ညက ခွင့်တောင်းတယ်၊ ကိုယ် လက်ခံလိုက်တယ်”

“ဒါပေမဲ့ သူ့ကို လက်မထပ်နိုင်ပါဘူး” ဟန်နီက ပြောသည်။ “သူ့အကြောင်း မင်းသိပါတယ်၊ ကိုယ်ဆိုလိုတာက သူက မင်းကို အလောင်းအစားသဘောနဲ့ ချဉ်းကပ်တာကို ပြောတာ”

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



“သူ အောင်မြင်သွားတယ်” ကက်က ပြုံးနေသည်။

“ငါတော့ သဘောမပေါက်ဘူး” ပေ့ဂျ်က ပြောသည်။

“သူက ကိုယ်တို့ထင်သလို မဟုတ်ပါဘူး၊ ကိုယ်တို့ထင်တာ လုံးဝမှားတယ်၊ ကင်က အဲဒီအလောင်းအစားပွဲအကြောင်း သူကိုယ်တိုင် ကိုယ့်ကိုပြောပြတယ်၊ အဲဒီအတွက် သူ တစ်ချိန်လုံး ခံစားနေခဲ့ရတယ်၊ မင်းတို့ မြင်တဲ့အတိုင်းပဲ၊ ကိုယ်က သူ့ကို ဒဏ်ခတ်မလို့၊ သူနဲ့ အပြင်ထွက်လိုက်သွားတယ်၊ သူက ပိုက်ဆံလိုချင်လို့ ငါနဲ့အတူ အပြင်ထွက်လာတယ်၊ နောက်ဆုံးကျတော့ ကိုယ်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတယ်၊ ကိုယ် ဘယ်လောက်ပျော်နေတယ်ဆိုတာ ပြောပြဖို့တောင် မတတ်သလောက်ပဲ”

ဟန်နီနှင့် ပေ့ဂျ်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။

“ဒါဖြင့် မင်းတို့ ဘယ်တော့လက်ထပ်ကြမှာလဲ” ဟန်နီက မေးသည်။

“အဲဒါတော့ မဆွေးနွေးရသေးဘူး၊ ဒါပေမဲ့ ... ကိုယ်ထင်တယ်၊ မကြာခင် ထပ်ဖြစ်မှာပါ၊ အဲဒီအချိန်ကျတော့ မင်းတို့နှစ်ယောက် အပျိုရံလုပ်စေချင်တယ်”

“အဲဒီအတွက်တော့ ထည့်မတွက်နဲ့” ပေ့ဂျ်က ပြောသည်။ “ကိုယ်တို့က မင်းမဖိတ်လည်း လာမှာပဲ ... ဟဲ... ဟဲ” သို့သော်လည်း သူ့စိတ်ထဲမှာတော့ သံသယ အငွေ့အသက်က ရှိနေဆဲ။ သူက သန်းဝေလိုက်ပြီး “ညတုန်းက တော်တော်ပင်ပန်းသွားတယ်၊ ကိုယ် အိမ်ပြန်ပြီး အိပ်တော့မယ်”

“ကိုယ်တော့ မိုက်နဲ့နေလိုက်ဦးမယ်” ကက်က ပြောသည်။ “သူနိုးလာရင် သူ့ကို ရဲနဲ့တွေ့ပေးမယ်” သူက ဟန်နီတို့နှစ်ယောက်လုံး၏ လက်ကိုဆုပ်ကိုင်လျက် “မိတ်ဆွေကောင်းပီသတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်”

■

အိမ်အပြန်တွင် မနေ့ညက အဖြစ်အပျက်ကို ပေ့ဂျ် ပြန်လည်စဉ်းစားလာသည်။ ကက်က သူ့ဖောင်လေးကို သိပ်ချစ်တာ ပေ့ဂျ်သိသည်။ မိုက်ကို ရဲလက်အပ်ဖို့အတွက် သတ္တိတော်တော်လိုသည်။ *ဒီကိစ္စကို ဟိုကတည်းက ကိုယ်လုပ်သင့်တာ။*

ပေ့ဂျ် တိုက်ခန်းထဲဝင်လိုက်တော့ တယ်လီဖုန်းသံ ပေါ်ထွက်လာသည်။ သူပြေးသွားပြီး ဖုန်းကို ကောက်ကိုင်လိုက်၏။

ဂျက်ဆင်ထံမှ ဖြစ်သည်။ “ဟိုင်း ... ကိုယ် မင်းကို သိပ်အောက်မေ့နေတယ်ဆိုတာ ပြောချင်လို့ဆက်တာ၊ ဘာတွေဖြစ်နေလို့လဲ”

the bookhouse
we bring your ...
www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က ပြောပြချင်သည်။ တစ်ယောက်ယောက်နှင့် မျှဝေခံစားချင်သည်။ သို့သော်လည်း ပုဂ္ဂိုလ်ရေးကိစ္စ ဖြစ်နေသည်။ ကက်နှင့်သာ ဆိုင်သည့်ကိစ္စ ဖြစ်နေသည်။

သူက သက်မချလိုက်ပြီး "ဂျက်ဆင် ..." အခန်းတံခါးခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ "ခဏ ... ခဏ ကိုင်ထားပါဦး"

ပေ့ဂျ် တယ်လီဖုန်း ပြန်ချလိုက်သည်။ တံခါးသို့ ပြေးလာပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။

အပြင်တွင် အယ်လ်ဖရက်တန်နှာ ရပ်နေ၏။ ။

■

www.burmeseclassic.com

www.burmeseclassic.com

ပေ့ဂျ်သည် အံ့အားကြီး သင့်နေသည်။

အယ်လ်ဖရက်က ပြုံးလျက် ...

"ကိုယ် ဝင်လာလို့ ရမလား"

ပေ့ဂျ် သတိပြန်ဝင်လာပြီး —

"အို ... အင်း ... ရ ... ရပါတယ်"

အယ်လ်ဖရက် ဧည့်ခန်းသို့ လျှောက်သွားသည်။ ပေ့ဂျ်၏ ရင်ထဲတွင် ဝမ်းသာခြင်းနှင့် ဒေါသထွက်ခြင်းတို့ အားပြိုင်နေကြသည်။

"ကိုယ် ကာရင် ကို ထားပစ်ခဲ့ပြီ"

ပေ့ဂျ် လန့်ဖျပ် သွား၏။

အယ်လ်ဖရက်က ပေ့ဂျ်အနား ကပ်လာသည်။

"ကိုယ် အမှားကြီး မှားခဲ့မိတယ် — ပေ့ဂျ်။ ကိုယ် မင်းကို ဘယ်တော့မှ လက်မလွှတ်သင့်ဘူး။ ဘယ်တော့မှ — "

"အယ်လ်ဖရက်... " ပေ့ဂျ် ရုတ်တရက် သတိရလာသည်။ "ကျွန်မ တောင်းပန်ပါတယ်"

ပေ့ဂျ်သည် တယ်လီဖုန်းစားပွဲသို့ အပြေးကလေး လျှောက်လာပြီး ဖုန်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျက်ဆင်လား ... "

"ဟုတ်တယ် ... ပေ့ဂျ်၊ ဒီည ကိုယ်တို့ ... "

"မဖြစ်နိုင်ဘူး"

"ဒါဆို မနက်ဖြန်ည ... "

"သိပ် ... မသေချာဘူး"

"ဘာတွေဖြစ်နေလို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ အားလုံးအဆင်ပြေပါတယ်၊ ကျွန်မ မနက်ဖြန်မှ ရှင့်ကို ပြောပြမယ်"

"ကောင်းပြီလေ" သူ သံသယဝင်နေသည်။

ပေ့ဂျ် ဖုန်းကို ပြန်ချလိုက်၏။

"ကိုယ် မင်းကို သိပ်ပြီး သတိရနေတယ် ... ပေ့ဂျ်၊ မင်းရော ငါ့ကို သတိမရဘူးလား"

*မရဘူး၊ ကျွန်မက လမ်းပေါ်က သူစိမ်းတွေကို အယ်လ်ဖရက် လို့ လိုက်ခေါ်မိတာပဲရှိတယ်။*

"ရပါတယ်" သူ့ပါးစပ်က အလိုလို ထွက်သွားသည်။

"တကယ်တော့ တို့နှစ်ယောက်က အမြဲတမ်း အတူတူရှိနေကြတာပါ"

*ဟုတ်ပါ့မလား၊ အဲဒါဆိုရင် ရှင်က ကာရင်ကို ဘာလို့ လက်ထပ်ခဲ့တာလဲ၊ ရှင်က ကျွန်မဘဝထဲ အချိန်မရွေး ဝင်လိုက် ထွက်လိုက် လုပ်လို့ရတယ် ထင်သလား။*

"ကိုယ်ပြောတာ ဟုတ်တယ် မဟုတ်လား"

"ကျွန်မ မသိဘူး"

အယ်လ်ဖရက်က ပေ့ဂျ်၏ လက်ကို ကိုင်ဆုပ်လိုက်သည်။

"မင်း သိပါတယ်"

"ကာရင်နဲ့ ဘယ်လိုဖြစ်ကြတာလဲ"

"သူမှားတယ်၊ ကိုယ်က မင်းကိုပဲ သတိရနေတာ၊ မင်းနဲ့အတူ ပျော်ခဲ့ရတာတွေကို မမေ့နိုင်ဘူး၊ အဲဒါကို သူက မကျေနပ်နိုင်ဘူး၊ ကိုယ် အခု ဒီမှာနေဖို့ ပြန်လာခဲ့ပြီ၊ ဒီမှာဆိုတာ နယူးယောက်ကို ပြောတာပါ၊ ကိုယ်တို့ နယူးယောက်ကို သွားကြမယ်"

"နယူးယောက်ကို ... ဟုတ်လား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုယ်အသေးစိတ်ပြောပြမယ်၊ ကော်ဖီတစ်ခွက်လောက် ရမလား"

မီးဖိုခန်းတွင် ကော်ဖီသောက်ရင်း ပေ့ဂျ် စဉ်းစားနေသည်။ သူက အယ်လ်ဖရက် ကို အလွန်ပြန်လာစေချင်သည်။ ယခု သူ ပြန်ရောက်လာပြီ။

"လွန်ခဲ့တဲ့နှစ်တွေအတွင်းမှာ ကိုယ် အများကြီး အသိတိုးလာခဲ့တယ် ... ပေ့ဂျ်၊ အများကြီးရင့်ကျက်လာခဲ့တယ်"

"ဩော် ... ဟုတ်လား"

"ဟုတ်တယ်၊ မင်းသိတဲ့အတိုင်း ကိုယ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ တစ်လျှောက်လုံး လုပ်ခဲ့တယ်၊ ကိုယ်တာဝန်ကျခဲ့တဲ့ နိုင်ငံတွေက ဘာမှ ပြောင်းလဲမှု မရှိဘူး၊ ကိုယ်တို့ ငယ်ငယ်တုန်းက အတိုင်းပဲ၊ ရောဂါထူပြောတယ်၊ ငတ်မွတ်ဆင်းရဲတယ်"

"ဒါပေမဲ့ ရှင်က အဲဒီလူတွေကို သွားကူညီနေတာ မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ခုတော့ ကိုယ် အိပ်ရာက နိုးလာပြီ"

"အိပ်ရာက နိုးလာပြီ ... "

"ကိုယ့်ဘဝကို အလဟဿ အချိန်ဖြုန်းခဲ့တယ်ဆိုတာ သိလာပြီ၊ ဘာမှ အသိဉာဏ်မရှိတဲ့ လူတွေကို ၂၄ နာရီလုံးလုံး မနားမနေ ကူညီရင်း အချိန်တွေ ကုန်လွန်ခဲ့ရတယ်၊ အဲဒီအချိန်တွေကို ဒီမှာသာ အသုံးချခဲ့မယ်ဆိုရင် ပိုက်ဆံတွေ အိတ်လိုက်ရနိုင်တယ်"

ပေ့ဂျ် မယုံကြည်နိုင်လောက်အောင် အံ့အားကြီး သင့်သွား၏။ အယ်လ်ဖရက်က ဆက်ပြောသည်။

"နယူးယောက်က ပတ်အဲဗင်းနယူးလမ်းမှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်တစ်ယောက်ကို ကိုယ်တွေ့ရတယ်၊ သူ တစ်နှစ်မှာ ဘယ်လောက်ရတယ်မှတ်သလဲ၊ ဒေါ်လာ ငါးသိန်းကျော်တယ်၊ ကိုယ်ပြောတာ ကြားတယ်မဟုတ်လား၊ တစ်နှစ်မှာ ဒေါ်လာငါးသိန်းကျော်"

ပေ့ဂျ်က သူ့မျက်နှာကို တွေတွေကြီး ကြောင်ကြည့်နေ၏။

"ဒါနဲ့ သူ့ကို ကိုယ်မေးကြည့်တယ်၊ 'ကျွန်တော် အဲသလောက်ပိုက်ဆံ ဘယ်မှာရနိုင်မလဲ' လို့၊ သူက သူနဲ့အတူ တွဲလုပ်ရင် ရတယ်တဲ့" အယ်လ်ဖရက်က ဂုဏ်ယူစွာဖြင့် "ဒါကြောင့် ကိုယ် သူ့ဆီသွားလုပ်တော့မယ်၊ အဲဒီတော့ မင်းနဲ့ ငါနဲ့ နယူးယောက် လိုက်သွားဖို့ပဲ ရှိတော့မယ်"

ပေ့ဂျ်က မထုံတက်တေးရုပ်ဖြင့် မတ်တတ်ကြီး ရပ်နေ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် မင်းအနေနဲ့ အကောင်းစားတိုက်ခန်း၊ အကောင်းစား အဝတ်အစားတွေ ဝယ်နိုင်တယ်၊ ကုန်ကုန်ပြောရရင် မင်းကို ကိုယ် အမြဲတမ်း ကတိပေးခဲ့ဖူးတဲ့ အရာတွေအားလုံး ရနိုင်တယ်" သူက ပြုံးလျက် "ဘယ့်နှယ်လဲ... အံ့ကြသွားသလား"

ပေ့ဂျ် အာခြောက်နေသည်။

"ကျွန်မ ... ကျွန်မ ... ဘယ်... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ... အယ်လ်ဖရက်"

သူက ရယ်လိုက်ပြီး "ဒါပေါ့၊ တစ်နှစ်ဒေါ်လာငါးသိန်းဆိုတော့ ပါးစပ်မဟနိုင်လောက်အောင် အံ့အားသင့်သွားတယ် မဟုတ်လား"

"ကျွန်မက ပိုက်ဆံကို ထည့်မစဉ်းစားပါဘူး"

"ဟင် ... ဘယ်လို ... ဘာကြောင့်..."

ပေ့ဂျ်က အယ်လ်ဖရက်အား အခုမှတွေ့ရသည့် လူတစ်ယောက်ပမာ တွေတွေကြီး ကြည့်နေသည်။

"အယ်လ်ဖရက် ... ရှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ ဝင်လုပ်တော့ ရှင့်အနေနဲ့ ဆင်းရဲသားတွေကို ကူညီနေတယ်လို့ မခံစားမိဘူးလား"

သူက ပခုံးတွန့်လိုက်ပြီး "ဒီလူတွေကို ဘယ်လိုမှ ကူညီလို့ မရပါဘူး၊ ဘယ်သူကကော ကူညီနိုင်မှာလဲ၊ ကာရင်က ကိုယ့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နေစေချင်မယ်လို့ မင်းထင်သလား၊ ငါက မနေလို့ မဖြစ်ဘူးလို့ ပြောတော့ သူပြန်သွားတော့တာပဲ" သူက ပေ့ဂျ်၏ လက်ကို ကိုင်လျက် "အဲဒါကြောင့် ကိုယ် ဒီကိုရောက်လာတာ၊ ဘယ့်နှယ် ငြိမ်လှချည်လား၊ ဝမ်းသာလုံးဆို့ပြီး စကားမပြောနိုင်အောင် ဖြစ်နေတာလား ... ပေ့ဂျ်"

ပေ့ဂျ်က သူ့အဖေကို သွား၍ သတိရမိသည်။ *သူက ပတ်အဲဗင်းနယူးမှာဆိုရင် အရမ်းအောင်မြင်မှာ၊ ဒါပေမဲ့ သူက ပိုက်ဆံမမက်ဘူး၊ ဆင်းရဲဒုက္ခရောက်နေတဲ့ လူတွေကိုပဲ ကူညီချင်တာ ...* ။

"ကိုယ် ကာရင်ကို လုံးဝ ကွာရှင်းပြတ်စဲခဲ့ပြီးပြီ၊ ဒါကြောင့် တို့နှစ်ယောက် ခုချက်ချင်း လက်ထပ်လို့ရပြီ" ပေ့ဂျ်၏လက်ကို အသာပုတ်လိုက်ပြီး "နယူးယောက်မှာ သွားနေမှာကို မင်း ဘယ်လိုသဘောရသလဲ ... ဟင်"

ပေ့ဂျ်က အသက်ပြင်းပြင်း ရှူလိုက်ပြီး ...

"အယ်လ်ဖရက် ..."

အယ်လ်ဖရက်က မျှော်လင့်ပြုံးဖြင့် "ဘာလဲ ... ပေ့ဂျ်၊ ပြောလေ"

the bookhouse
we bring your favorite

www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားတော့"

အယ်လ်ဖရက်၏ မျက်နှာတွင် တဖြည်းဖြည်း အပြုံးပြေသွားသည်။

"ဘာ ... ဘာပြောတာလဲ ... ပေ့ဂျ်"

ပေ့ဂျ် ထိုင်ရာမှ ထရပ်လိုက်သည်။

"ရှင့်ကို ခုချက်ချင်းထွက်သွားလို့ ပြောတာ"

သူ ဇဝေဇဝါဖြစ်နေတုန်း ရှိသေးသည်။

"ကိုယ် ဘယ်ကိုသွားရမှာလဲ ...ဟင်"

"ကျွန်မ မပြောချင်ဘူး၊ ပြောလိုက်ရင် ရှင် သိပ်နာသွားလိမ့်မယ်"

■

အယ်လ်ဖရက် ထွက်သွားပြီးနောက် ပေ့ဂျ် တစ်ယောက်တည်း ထိုင်ပြီး တွေးကျန်ရစ်သည်။ ကက် လုပ်တာ မှန်သည်။ သူက ဝိညာဉ်တစ္ဆေကို အစွဲကြီး စွဲလမ်းနေခဲ့၏။ *ဘာမှ အသိတရားမရှိတဲ့ လူတွေကို ၂၄ နာရီလုံးလုံး မနားမနေ ကူညီရင်း အချိန်တွေ ကုန်လွန်ခဲ့တယ်၊ အဲဒီအချိန်တွေကိုသာ ဒီမှာ အသုံးချခဲ့မယ်ဆိုရင် ပိုက်ဆံတွေ အိတ်လိုက် ရနိုင်တယ်၊ တစ်နှစ်မှာ ဒေါ်လာငါးသိန်းကျော် ... ။ သူပြောသလိုသာဆိုရင် အဲဒီပိုက်ဆံမျှော်ကိုးပြီး သူ့ကို ငါစောင့်နေတယ်ပေါ့လေ။*

တကယ်တော့ ပေ့ဂျ်အနေဖြင့် တော်တော်စိတ်ဓာတ်ကျသွားဖို့ ကောင်းသည်။ သို့သော်လည်း သူ စိတ်ဓာတ်မကျသည့်အပြင် စိတ်ဓာတ်ပင် တက်ကြွလာမိ၏။ သူ အချုပ်အနှောင်က လွတ်သွားသလို ခံစားရသည်။ ယခုတော့ သူ ဘာလုပ်ရမည်ဆိုတာကို သိပြီ။

တယ်လီဖုန်း စားပွဲသို့ လျှောက်လာပြီး ဂျက်ဆင်၏နံပါတ်ကို လှည့်လိုက်၏။

"ဟဲလို ... "

"ဂျက်ဆင် ... ပေ့ဂျ်ပါ၊ 'နီး' တောင်ကြားလွင်ပြင်က အိမ်အကြောင်း ကျွန်မကိုပြောတာ သတိရသေးသလား"

"ရပါတယ်"

"ကျွန်မ သွားကြည့်ချင်တယ်၊ ဒီည အားသလား"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆင်က တည်ငြိမ်စွာဖြင့် ...

"ဘာတွေဖြစ်နေတာလဲ ... ပေ့ဂျ်။ ကိုယ့်ကို ပြောပြလို့ဖြစ်သလား၊ ကိုယ်ဘာမှ နားမလည်နိုင်သလို ဖြစ်နေတယ်"

"နားမလည်နိုင်တာက ကျွန်မပါရှင်၊ ဟိုအရင်တုန်းက သိခဲ့ကြတဲ့ လူတစ်ယောက်ကို ကျွန်မ ချစ်နေခဲ့မိတယ်၊ ဒါပေမဲ့ သူက အရင်ကလိုမဟုတ်တော့ဘူး၊ လုံးဝပြောင်းလဲသွားပြီ၊ ကျွန်မ ဘာလုပ်ရမယ်ဆိုတာ အခုသိပြီ"

"ဟုတ်လား"

"ရှင့်အိမ်ကို ကျွန်မ ကြည့်ချင်တယ်"

■

'နိုး' တောင်ကြားလွင်ပြင်သည် သီးခြားကမ္ဘာတစ်ခု ဖြစ်နေသည်။ ကမ္ဘာပေါ်တွင် လူမျိုးပေါင်းအစုံဆုံး မြို့ကြီးတစ်မြို့၏ အလယ်မှ အရောင်အသွေးစုံ 'အိုအေစစ်' ဒေသဖြစ်သည်။

ဂျက်ဆင်၏ အိမ်မှာ သေသေသပ်သပ်၊ လှလှပပနှင့် နေချင့်စဖွယ်ဖြစ်၏။ သူ ပေ့ဂျ်အား "ဒါက ဧည့်ခန်း၊ ဒါက မီးဖိုခန်း၊ ဒါက ရေချိုးခန်း၊ ဒါက စာကြည့်ခန်း ... " စသည်ဖြင့် တစ်ခန်းပြီး တစ်ခန်း လိုက်ပြသည်။ သူက ပေ့ဂျ် မျက်နှာကို ကြည့်ကာ "အိပ်ခန်းက အပေါ်ထပ်မှာ၊ ကြည့်ချင်သလား"

ပေ့ဂျ်က တည်ငြိမ်စွာဖြင့် "ကြည့်ချင်တာပေါ့"

လှေကားမှတက်၍ အိပ်ခန်းထဲဝင်လာကြသည်။ ပေ့ဂျ်သည် ရင်တလှပ်လှပ် ခုန်နေသည်။ သို့သော်လည်း ဖြစ်လာမည့် အခြေအနေကိုတော့ မလွဲမသွေ လက်ခံရတော့မည်။ *ငါ့အစကတည်းက သိခဲ့ဖို့သင့်တယ်*ဟု သူတွေးမိသည်။

သူတို့နှစ်ယောက် ဘယ်သူက စတင်မှန်းမသိတော့၊ နှစ်ကိုယ့်တစ်ကိုယ် ဖြစ်သွားပြီး နှုတ်ခမ်းချင်း ဂဟေဆက်ကာ ချစ်ပန်းကို ရိုက်ကြလေ၏။

■

နောက်နေ့မနက် အိပ်ရာမှနိုးတော့ ဂျက်ဆင်က ပြောသည်။

"သိပ်ချစ်တာပဲ ... အချစ်ရယ်"

"ကျွန်မသိပါတယ်၊ မောင့်ကို ကျွန်မက ဝိုက်ကုတ်ဝတ်ခိုင်းတဲ့ အချိန်က စပြီး မဟုတ်လား ... ဟင်"

"သိပ်ဟုတ်တာပေါ့၊ ကိုယ်တော့ သိပ်ကံကောင်းတာပဲ၊ ကျေးဇူးတင်ပါတယ် ... အချစ်ရယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



“ကံကောင်းတာက ကျွန်မပါရှင်”

“ဒါနဲ့ … ကိုယ်က ချစ်ရေးဆိုထားတာ အချစ်က အဖြေမပေးရသေးဘူးနော်”

“ညနေကျရင် ရပါစေမယ်”

■

ထိုနေ့ညနေတွင် ဂျက်ဆင်၏ ရုံးခန်းသို့ စာပို့သမားတစ်ယောက်က စာအိတ်တစ်အိတ် လာပို့သည်။ စာအိတ်ဖွင့်လိုက်တော့ ကတ်ပြားကလေးတစ်ခု ထွက်လာသည်။ ဂျက်ဆင်က ပုံစံတူ အိမ်ကလေးနှင့်အတူ ပေ့ဂျ်ထံသို့ ပူးတွဲပေးပို့ခဲ့သည့် ကတ်ပြားကလေးဖြစ်၏။

*ကျွန်မအိမ်* [ ]

*ကျွန်မတို့၏အိမ်* [X]

*နှစ်သက်ရာ တစ်ခုခုကို ရွေးပါ။ ။*

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂၆-

လူဒီနက်တိုသည် ဆေးရုံမှဆင်းရန် အဆင်သင့်ဖြစ်နေပြီ။ ကက်က နှုတ်ဆက်ရန် သူ့အခန်းသို့ လာခဲ့သည်။ ရီနိုးနှင့် ရှဲဒိုးတို့ ရောက်နေကြသည်။

ကက် ဝင်လာတော့ ဒီနက်တိုက သူတပည့်တွေဘက်လှည့်ပြီး

"အပြင်ထွက်သွားကြ" သူတို့ ထွက်သွားကြသည်။

ဒီနက်တိုက ကက်ကို ကြည့်ပြီး ...

"မင်းကို ငါ အကြွေးတင်နေတယ်"

"ရှင် ကျွန်မပေါ်မှာ ဘာအကြွေးမှ မတင်ပါဘူး"

"ငါ့အသက်ဟာ တန်ဖိုးရှိတယ်လို့ မင်းထင်သလား၊ ဒါနဲ့ မင်းလက်ထပ်တော့မယ်ဆို"

"ဟုတ်ပါတယ်"

"ဆရာဝန်နဲ့လား"

"ဟုတ်ပါတယ်"

"ဒါဆို သူ့ကိုပြောလိုက်၊ မင်းကို ကောင်းကောင်းမွန်မွန် ဂရုစိုက်ပါလို့၊ နို့မဟုတ်ရင် သူ့ကို ငါက အကြောင်းပြရလိမ့်မယ်"

"ကျွန်မ ပြောလိုက်ပါ့မယ်"

"မိုက်အတွက် ငါ စိတ်မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ နေကောင်းသွားပါပြီ"

"ကောင်းတယ်" သူက မနီလာစာအိတ်ကြီး တစ်အိတ်ကို ကမ်းပေးရင်း "မင်းအတွက် မင်္ဂလာလက်ဆောင် ကလေးပါ"

ကက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"နေပါစေ၊ ကျေးဇူးတင်ပါတယ်"

"ဒါပေမဲ့ ... "

"ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါ"

"မင်းလည်း ဂရုစိုက်၊ မင်းသိပါတယ်၊ မင်းက တော်တော်သတ္တိရှိတဲ့ မိန်းမပဲ၊ မင်းသိထားဖို့ ငါတစ်ခုပြောချင်တယ်၊ အကူအညီတစ်ခုခု လိုအပ်ရင် ဘာကိစ္စပဲဖြစ်ဖြစ် ငါ့ဆီလာခဲ့ပါ၊ ငါ့ကို အကြောင်းကြားပါ"

"အကြောင်းကြားပါ့မယ်"

သူဘာကိုဆိုလိုကြောင်း ကက်သိသည်။ သူ့ဆီကို ငါဘယ်တော့မှ မသွားဘူးဟု ကက် ဆုံးဖြတ်လိုက်သည်။

■

ထိုမှ နောက်ရက်သတ္တပတ်များတွင် ပေ့ဂျ်နှင့် ဂျက်ဆင်တို့သည် တစ်နေ့လျှင် သုံးလေးကြိမ်ခန့် ဖုန်းဆက်ကြသည်။ ပေ့ဂျ် အလုပ်အားသည့်နေ့များတွင် နှစ်ယောက်သား တပူးတွဲတွဲ ရှိနေကြ၏။

ဆေးရုံတွင် ယခင်ကထက် ပို၍ အလုပ်များလာသည်။ ပေ့ဂျ်သည် ၃၆-နာရီ တာဝန်ကျပြီး အရေးပေါ်လူနာများ နှင့် လက်မလည်နိုင်အောင် ဖြစ်နေ၏။

အရန်သင့်တာဝန်ခန်းတွင် တစ်မှေးလောက် အိပ်မည်ကြံကာ ရှိသေး၊ အရေးပေါ် တယ်လီဖုန်း မြည်လာပြန်၏။

"ဟဲလို ... "

"ဒေါက်တာ တေလာလား ... အခန်း (၄၂၂) ကို အမြန်လာပါ"

အခန်း (၄၂၂) ... ဒေါက်တာဘာကာရဲ့လူနာပဲ၊ သူ့နာမည် လန့်စ်ကယ်လီ... ၊ သူ့ကို မိုက်ထရယ် ဗို့ (mitral valve) အစားထိုးပေးထားတာ၊ တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်။

ပေ့ဂျ် ခေါက်ခုတင်ပေါ်မှ ကပျာကယာ ထပြီး စင်္ကြံလမ်းသို့ ပြေးလာခဲ့သည်။ ဓာတ်လှေကားကို မစောင့်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားအတိုင်း ပြေးတက်လာသည်။ *ဖုန်းဆက်တဲ့ဆရာမက တော်တော်စိတ်ပူနေပုံရတယ်၊ အသည်းအသန်ဖြစ်လို့ ဖြစ်မှာပဲ၊ ဒေါက်တာဘာကာကို ဖုန်းဆက်ခေါ်ရမယ်။*

ပေ့ဂျ်သည် အခန်း (၄၂၂) တံခါးတွင် ရပ်ကာ လူနာကို လှမ်းကြည့်လိုက်သည်။ လူနာသည် အသက်ပြင်းပြင်း ရှူပြီး အော်ညည်းနေ၏။ သူနာပြုဆရာမက ပေ့ဂျ်ကို မြင်လိုက်တော့ စိတ်ချမ်းသာသွားပုံရသည်။

"ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး ... ဒေါက်တာ၊ အဲဒါနဲ့ ..."

ပေ့ဂျ်က လူနာဘေးကပ်သွားပြီး ...

"ဘာမှ မစိုးရိမ်ပါနဲ့၊ နေကောင်းသွားမှာပါ"

လူနာလက်ကို ကိုင်ပြီး သွေးစမ်းကြည့်သည်။ သွေးက အလွန်အမင်းခုန်နေသည်။

"ငြိမ်ဆေးထိုးရအောင်"

ဆရာမက ဆေးထိုးပိုက် ကမ်းပေးသည်။ ပေ့ဂျ်က အကြောထဲ ထိုးသွင်းပေးလိုက်သည်။

"သူနာပြုခေါင်းဆောင်ကို ပြောလိုက်ပါ၊ ခွဲစိတ်အဖွဲ့ မြန်မြန်ခေါ်ပါ၊ ဒေါက်တာဘာကာကိုလည်း ခေါ်ပါလို့"

နောက် ၁၅ မိနစ်အကြာတွင် ကယ်လီသည် ခွဲစိတ်စားပွဲပေါ်သို့ ရောက်နေပြီ၊ ခွဲစိတ်အဖွဲ့တွင် သန့်ရှင်းရေးဆရာမ နှစ်ယောက်၊ အထွေထွေ အကူဆရာမတစ်ယောက်နှင့် လက်ထောက်ဆရာဝန် နှစ်ယောက် ပါဝင်သည်။ တယ်လီဗီးရှင်း မော်နီတာစက်ကို အခန်းထောင့်တွင် အသင့်တပ်ဆင်ထားသည်။ နှလုံးနှင့် သွေးတိုးနှုန်းကို စစ်ဆေးရန် ဖြစ်၏။

မေ့ဆေးဆရာဝန် ဟာမင်ကို့ချ် ဝင်လာသည်။ ပေ့ဂျ် စိတ်ဓာတ်ကျသွားမိသည်။ ဤဆေးရုံမှ မေ့ဆေး ထုံဆေး ဆရာဝန်အများစုသည် ကျွမ်းကျင်ကြသည်။ သို့သော်လည်း ဟာမင်ကို့ချ်ကိုတော့ ခြွင်းချက်ထားရလိမ့်မည်။ ပေ့ဂျ်သည် ယခင်ကလည်း သူနှင့် တွဲလုပ်ခဲ့ဖူးသည်။ သို့သော်လည်း တတ်နိုင်သမျှတော့ သူနှင့်မတွဲမိအောင် ရှောင်ခဲ့၏။ ပေ့ဂျ်က သူ့လုပ်ရပ်ကိုမယုံ၊ စိတ်မချ။ သို့သော်လည်း ယခုတော့ ရွေးစရာအခြားလမ်း မရှိတော့။

ဒေါက်တာကို့ချ်က လူနာ၏ လည်ချောင်းတွင် ပိုက်ဆက်သည်။ ပေ့ဂျ်က လူနာ၏ ရင်ဘတ်ပေါ်တွင် အဝတ်လွှမ်း ပေးသည်။

"လည်ပင်းသွေးပြန်ကြောထဲကို တစ်ခုထည့်" ပေ့ဂျ်က ပြောလိုက်သည်။

ဒေါက်တာကို့ချ်က ခေါင်းညိတ်ပြီး ...

"ကောင်းပြီ"

the bookhouse
we shape your future

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာက ဘာဖြစ်တာလဲ" အလုပ်သင်ဆရာဝန်တစ်ယောက်က မေးသည်။

"ဒေါက်တာဘာကာက မနေ့က မိုက်ထရယ်ဗို့ အစားထိုးပေးထားတာ၊ အဲဒါ ပြုတ်သွားသလားမသိဘူး" ပေ့ဂျ်က ဒေါက်တာကို ချဲ့ကာက်လှည့်ပြီး ... "သူ အလုပ်ဖြစ်သွားပြီလား"

"သူ့အိမ်က အိပ်ရာပေါ်မှာ သိပ်သလို အိပ်ပျော်သွားပြီ"

"ဆရာ ဘာသုံးထားသလဲ"

"ပရိုပိုဖိုးလ်"

"ဟုတ်ပြီ"

ထို့နောက် လူနာကို နှလုံးအဆုတ် စစ်ဆေးစက်နှင့် ဆက်ပေးသည်။ ပေ့ဂျ်က နံရံမှ မော်နီတာကို ကြည့်လိုက်သည်။ သွေးခုန်နှုန်း ၁၄၀၊ သွေးအောက်ဆီဂျင် ပြည့်ဝခြင်း ၉၂ ရာခိုင်နှုန်း၊ သွေးတိုးနှုန်း ၈၀/၆၀။

"ကဲ... စကြရအောင်" ပေ့ဂျ်က ပြောလိုက်သည်။

ထို့နောက် သူသည် တစ်နေ့က ခွဲစိတ်ထားသည့် ရင်ရိုးမှ ဝိုင်ယာကြိုးများကို ဖယ်ထုတ်သည်။ ပြီးတော့ လည်ပင်းမှ ရင်ရိုးအောက်နားထိ ခွဲစိတ်သည်။ အလုပ်သင်ဆရာဝန်တစ်ယောက်က သွေးတွေကို ပိတ်စနှင့် သုတ်ပေးသည်။

ပေ့ဂျ်သည် အဆီလွှာများနှင့် ကြွက်သားများကို သတိဖြင့် ခွဲစိတ်ရာ သူ့မျက်စိအောက်တွင် လူနာ၏နှလုံး တလှုပ်လှုပ် ပေါ်ထွက်လာ၏။ "ပြဿနာက ဒီမှာပဲ" သူကပြောသည်။ "ဦးခေါင်းပေါက်နေတယ်၊ သွေးတွေက နှလုံးပတ်လည်မှာခဲပြီး ဖိညှစ်ထားသလိုဖြစ်နေတယ်" နံရံမှ မော်နီတာကို လှမ်းကြည့်လိုက်သည်။ သွေးတိုးနှုန်းက စိုးရိမ်စရာ ကောင်းလောက်အောင် ကျဆင်းနေ၏။

"အရှိန်မြှင့်လိုက်" ပေ့ဂျ်က ပြောလိုက်၏။

ထိုအခိုက် အခန်းတံခါးပွင့်သွားပြီး ဒေါက်တာဘာကာ ဝင်လာသည်။ သူ အခြေအနေကို အကဲခတ်ကြည့်နေသည်။

"ဆရာခွဲစိတ် ... "ပေ့ဂျ် စကားမဆုံးခင်မှာပင် သူက ဖြတ်ပြီး ...

"မင်း ခွဲစိတ်နေတာပဲ"

ပေ့ဂျ်က ကို့ချ်လုပ်နေတာကို ဖြတ်ခနဲ ကြည့်လိုက်ပြီး...

"သတိနဲ့လုပ်ပါ၊ မေ့ဆေးပေးတာ သိပ်များနေတယ်၊ လျှော့လိုက် ... လျှော့လိုက်"

"ဒါပေမဲ့ ... ငါ ... "

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သူ့ သွေးတိုးနှုန်း သိပ်ကျနေတယ်"

"ဒီတော့ ငါဘာလုပ်ရမှာလဲ" ကိုချိုက အကူအညီတောင်းသည်။

*ရှင့်ဟာရှင် သိသင့်တာပေါ့။* ပေ့ဂျ် ဒေါသထွက်သွားသည်။ "လီဒိုကိန်းနဲ့ အက်ပီနင်ဖရင်ပေးလိုက်၊ မြန်မြန် လုပ်ပါ" သူက အော်ပြောလိုက်သည်။

"ကောင်းပြီ"

ဒေါက်တာကိုချိုက ဆေးထိုးပိုက်ကောက်ယူကာ လူနာ၏ အကြောထဲသို့ ဆေးထိုးသွင်းလိုက်သည်။ အလုပ်သင် ဆရာဝန်တစ်ယောက်က မော်နီတာကို ကြည့်ပြီး ...

"သွေးတိုးနှုန်း ကျနေတယ်"

ပေ့ဂျ်က သွေးထွက်မှုရပ်ရန် မရပ်မနား လုပ်ပေးနေသည်။ သူက ကိုချိုကိုကြည့်ပြီး "သွေးအရမ်းထွက်နေတယ်၊ ကျွန်မ ရှင့်ကိုပြော ... "

မော်နီတာပေါ်က နှလုံးခုန်သံက ရုတ်တရက် အော်မြည်လာသည်။

"ဘုရားရေ ... တစ်ခုခုတော့ မှားသွားပြီ"

"နှလုံးခုန်တားစက် ကျွန်မကိုပေး" ပေ့ဂျ်က အော်ပြောလိုက်၏။

အထွေထွေ အကူဆရာမက နှလုံးတားစက်ကို လိုအပ်သလို ပြင်ဆင်ပြီး ဆယ်စက္ကန့်အတွင်း ပေ့ဂျ်သို့ ကမ်းပေးလိုက်သည်။ ပေ့ဂျ်က နှလုံးခုန်တားစက်ကို ကယ်လီ၏ နှလုံးပေါ်တွင် တိုက်ရိုက်တင်လိုက်သည်။ ကယ်လီ၏ ခန္ဓာကိုယ် မြင့်တက်လာသည်။ ထို့နောက် ပြန်ကျသွားသည်။

ပေ့ဂျ် နောက်ထပ်တစ်ကြိမ် ကြိုးစားကြည့်သည်။ လူနာအသက်ပြန်ရှူလာမလားဟု စောင့်ကြည့်နေသည်။ ဘယ်လိုမှ ပြန်မရှူတော့၊ နှလုံးက လုံးဝ ငြိမ်သက်သွားခဲ့ပြီ။

ပေ့ဂျ် တော်တော်ဒေါသထွက်သွားသည်။ သူ၏ခွဲစိတ်မှုအပိုင်းက လုံးဝ အောင်မြင်သည်။ သို့သော်လည်း ဒေါက်တာကိုချိုက လူနာကို မေ့ဆေး အလွန်အကျွံ ပိုပေးခဲ့သည်။ ပေ့ဂျ်က နှလုံးခုန်တားစက်ကို တတိယအကြိမ် ကယ်လီ၏ ကိုယ်ပေါ်တွင် တင်ကြည့်သည်။ ဘာမှ ထူးခြားမလာ။

ဒေါက်တာဘာကာက ခွဲစိတ်စားပွဲနားကပ်လာပြီး ပေ့ဂျ်၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

"လူနာကို မင်းသတ်လိုက်တာ... "။ ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂၇-

ဂျက်ဆင် အဆောက်အအုံဒီဇိုင်းပုံစံ အစည်းအဝေးလုပ်နေတုန်း ပေ့ဂျ်ထံမှ ဖုန်းလာသည်။

"ဂျက်ဆင် ... ရှင့်ကို ကျွန်မတွေ့ချင်တယ်" သူက ငိုရှိုက်နေသည်။

"ဘာဖြစ်လို့လဲ ... ဟင်"

"တိုက်ခန်းကို လာနိုင်မလား"

"လာနိုင်တာပေါ့၊ ခုပဲ လာခဲ့မယ်" သူက ထရပ်လိုက်ပြီး "အစည်းအဝေးကို ရပ်ထားလိုက်ပါ၊ မနက်မှ ပြန်ဆုံကြမယ်"

နာရီဝက်အတွင်း တိုက်ခန်းသို့ ဂျက်ဆင်ရောက်သွားသည်။ ပေ့ဂျ်က ပြေးဖက်လိုက်သည်။ မျက်လုံးတွေလည်း နီရဲနေ၏။

"ဘာဖြစ်တာလည်း ... ပေ့ဂျ်"

"အဖြစ်က တော်တော်ဆိုးတယ်၊ ဒေါက်တာဘာကာက ကျွန်မ ... ကျွန်မ လူနာတစ်ယောက်ကို သတ်လိုက်တာတဲ့၊ တကယ်တော့ ကျွန်မ ... ကျွန်မအပြစ် မဟုတ်ပါဘူး" သူ့အသံ တိမ်ဝင်သွားသည်။ "ကျွန်မ ဒီထက်ပိုပြီး သည်း ... သည်းမခံနိုင် ... "

"ပေ့ဂျ်" ဂျက်ဆင်က အေးဆေးစွာ ပြောသည်။ "သူ့အကြောင်း ငါ့ကို မင်း အမြဲတမ်းပြောဖူးတာပဲ၊ အဲဒါ ဒီလူကြီးရဲ့ စရိုက်ပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က ဦးခေါင်းကို ခါရမ်းလျက် "အဲဒါတင်မကဘူး၊ အဲဒါထက်အများကြီး ပိုတယ်၊ သူနဲ့ စတွဲလုပ်ကတည်းက သူက ကျွန်မကို မောင်းထုတ်ချင်နေတာ၊ သူက သာမန်ဆရာဝန်ဆိုရင် ကျွန်မ ဘာမှ မပြောလိုပါဘူး၊ အခုတော့ သူက ကမ္ဘာကျော်ဆရာဝန်ကြီး၊ သူ့ရဲ့ ထင်မြင်ချက်ကို ကျွန်မ လေးစားရမယ်၊ ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် ဘာမှ အသုံးမကျဘူးလို့ ထင်နေပြီ"

"အို ... ဘာလို့အသုံးမကျရမှာလဲ" ဂျက်ဆင့်အသံက ဒေါသသံထွက်နေသည်။ "မင်းက တော်ပြီးသားပဲ၊ ငါနဲ့ စကား စပ်မိတဲ့ လူတိုင်းကလည်း မင်း သိပ်တော်တယ်လို့ ပြောကြတာပဲ"

"ဒါပေမဲ့ ... အဲဒီလူတွေထဲမှာ လောရင့်ဘာကာ မပါဘူး"

"ထားစမ်းပါ၊ ဒီလူကြီးကို မေ့ထားလိုက်စမ်းပါ"

"မေ့ထားလို့မရဘူး၊ နေ့တိုင်း တွေ့နေရတာ၊ မဖြစ်ဘူး ... မဖြစ်ဘူး၊ ကျွန်မ အလုပ်ကထွက်တာ အကောင်းဆုံးပဲ"

ဂျက်ဆင်က ပေ့ဂျ်ကို သိုင်းဖက်လိုက်ပြီး ...

"ပေ့ဂျ် ... ဒီအလုပ်ကို မင်းဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ ငါသိတယ်၊ အဲဒီတော့ အလုပ်ကထွက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး"

"ကျွန်မ ဆရာဝန်အလုပ်ကို ဘယ်တော့မှ မစွန့်လွှတ်ပါဘူး၊ ဒီဆေးရုံကြီးက ထွက်သွားချင်တာကို ပြောတာပါ"

ဂျက်ဆင် လက်ကိုင်ပဝါထုတ်ပြီး ပေ့ဂျ်ကို မျက်ရည်သုတ်ပေးသည်။

"ရှင့်ကို အခုလို ဒုက္ခပေးမိတာ ကျွန်မကို ခွင့်လွှတ်ပါ"

"ခင်ပွန်းလောင်းတစ်ယောက်အဖို့ ဒုက္ခလို့ မထင်ပါဘူး"

ပေ့ဂျ်က အားယူ၍ ပြုံးလိုက်ပြီး "ကြားရတာ အားရှိပါတယ်၊ ဟုတ်ပြီ" သူက အသက်ရှူထုတ်လိုက်ပြီး "အခု ကျွန်မ ဘာမှမဖြစ်တော့ပါဘူး၊ ကျွန်မကို အားပေးစကားပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မ နုတ်ထွက်တော့မယ်လို့ ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့ဆီ ဖုန်းဆက်ထားတယ်၊ အခု ကျွန်မ ဆေးရုံသွားပြီး သူနဲ့သွားတွေ့မယ်"

"ညကျတော့ ကိုယ်တို့နှစ်ယောက် အပြင်ထွက်စားကြရအောင်"

■

ပေ့ဂျ် ဆေးရုံကြီး စင်္ကြံလမ်းအတိုင်း လျှောက်လာသည်။ နောက်ဆုံးအကြိမ် တွေ့မြင်ရခြင်းဟူ၍ စိတ်ထဲက တွေးမိသည်။ ကြားနေကျ အသံတွေကို ကြားရသည်။ စင်္ကြံလမ်းတစ်လျှောက် သုတ်သီးသုတ်ပျာ သွားနေကြသည့် မြင်နေကျ လူတွေကို မြင်ရသည်။ သူ့စိတ်ထဲတွင် ဆေးရုံဟုပင် မထင်။ သူ့အိမ်သူ့ရာဟုသာ ထင်နေသည်။ ဂျိမ်းနှင့်

the bookhouse we bring your talents

www.burmeseclassic.com

www.burmeseclassic.com



ချုန်းတို့ကို သတိရမိသည်။ အတူတွဲလုပ်ခဲ့ဖူးသည့် လူတော်ဆရာဝန်တွေကို သတိရသည်။ သူ့ချစ်သူ ဂျက်ဆင် ဗိုလ်ကုတ်ကြီးဝတ်ပြီး ရောက်လာတာကို မြင်ယောင်မိသည်။ ဟာန်နီရယ်၊ ကက်ရယ်၊ သူရယ် အကြိမ်ပေါင်းများစွာ နှံ့နှံ့စား စားခဲ့ကြသည့် စားသောက်ဆိုင်ရှေ့က ဖြတ်လာခဲ့သည်။ သူတို့ ပါတီပွဲကျင်းပခဲ့ကြသည့် နားနေခန်းကို ကျော်လာခဲ့သည်။ စင်္ကြံလမ်းတွေ၊ အခန်းတွေအားလုံးတွင် သတိရစရာဖြစ်ရပ်တွေနှင့် ပြည့်နေသည်။ *ဒါတွေနဲ့ ငါခွဲခွာရတော့မယ်၊ စိတ်မကောင်းစရာပဲ၊ ဒါပေမဲ့ … ဟို သရဲဒေါက်တာကြီးနဲ့တော့ တစ်မိုးတည်းအောက်မှာ အလုပ်အတူ မလုပ်ချင်တော့ဘူး။*

ဆေးရုံအုပ်ကြီး ဝါလေ့စ်၏ ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ ဝါလေ့စ်က သူ့ကို အဆင်သင့် စောင့်နေသည်။

"မင်း ဖုန်းဆက်တော့ ငါ အံ့သြသွားမိတယ် … ပေ့ဂျ်၊ ဘယ်နှယ့်လဲ စိတ်ကို အပြီးအပိုင် ဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့"

ဝါလေ့စ်က သက်မ ချလိုက်ပြီး …

"ကောင်းပြီလေ … မင်းထွက်မသွားခင် ဒေါက်တာဘာကာနဲ့ သွားတွေ့လိုက်ပါဦး၊ သူက မင်းကိုတွေ့ချင်လို့တဲ့"

"ကျွန်မလည်း သူ့ကိုတွေ့ချင်ပါတယ်" ပေ့ဂျ်၏ ငုပ်နေသည့် ဒေါသစိတ်သည် ရုတ်တရက် ပေါ်ထွက်လာ၏။

"သူ … ဓာတ်ခွဲခန်းမှာရှိတယ်၊ ကံ … ကံကောင်းပါစေ"

"ကျေးဇူးတင်ပါတယ် … ဆရာကြီး"

ဓာတ်ခွဲခန်းထဲ ပေ့ဂျ် ဝင်သွားသောအခါ ဒေါက်တာဘာကာသည် ဆလိုက်ပြားအချို့ကို အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးကြည့်ရှုနေ၏။ သူက မော်ကြည့်ပြီး "မင်းထွက်တော့မလို့ ကြားတယ်"

"ဟုတ်တယ်၊ နောက်ဆုံးတော့ ဆရာ့ဆန္ဒ ပြည့်သွားတာပေါ့"

"ဘာ … ဘာ … ဘယ်လို" ဒေါက်တာဘာကာ အံ့အားသင့်သွား၏။

"ဆရာက ကျွန်မနဲ့ စတွေ့ကတည်းက ကျွန်မကို မောင်းထုတ်ပစ်ချင်တယ်၊ အခုတော့ ဆရာနိုင်သွားပါပြီ၊ ကျွန်မ ဆက်မတိုက်တော့ပါဘူး၊ ဆရာ့ လူနာကို ကျွန်မ သတ်ပစ်တယ်လို့ ဆရာကပြောတော့ … "

သူ့အသံ အက်ကွဲသွားသည်။ "ကျွန်မ … ကျွန်မ ဆရာ့ကို သွေးအေးအေးနဲ့ သိပ်ရက်စက်တဲ့လူဆိုပြီး သိပ်မုန်းသွားတယ်"

"ထိုင်စမ်းပါဦး"

"ဟင့်အင်း … ကျွန်မ အခြားပြောစရာ မရှိတော့ဘူး"

"ဒါပေမဲ့ ငါပြောစရာရှိတယ်၊ မင်းက မင်းကိုယ်မင်း ဘယ်သူ … "

bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် စကားရပ်သွားပြီး အသက်ပြင်းပြင်း ရှူနေသည်။ ထို့နောက် ရင်ဘတ်ကို လက်နှင့်အုပ်ပြီး ကုလားထိုင်ပေါ် ခွေကျသွားသည်။ ပါးစပ်တစ်ခြမ်းလည်း ရွဲ့စောင်းသွားသည်။

ပေ့ဂျ်က အလန့်တကြားဖြင့် ပြေးကပ်သွားပြီး ...

"ဆရာ ... ဆရာ" ဟု အော်ခေါ်လိုက်သည်။ ပြီးနောက် တစ်ဆက်တည်းပင် တယ်လီဖုန်းကို ကမန်းကတန်း ကောက်လိုက်ပြီး အော်ပြောလိုက်သည်။

"သင်္ကေတနီ ... သင်္ကေတနီ"

■

"သူ ပြင်းပြင်းထန်ထန် လေဖြတ်သွားတာ" ဒေါက်တာ ပီတာဆင်က ပြောသည်။ "ပြန်သက်သာလာမလား ဆိုတာ ပြောဖို့ စောသေးတယ်"

*ဒါ ငါ့အပြစ် ... ငါ့ကြောင့်ဖြစ်ရတာ ... ငါက သူ့ကို သေစေချင်နေတာ။* ပေ့ဂျ်သည် ယူကျုံးမရစိတ်ဖြင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ခံစားနေရသည်။

သူ ဒေါက်တာဝါလေ့စ်ထံ ပြန်လာခဲ့သည်။

"အခုလို ဖြစ်သွားတာ ကျွန်မ သိပ်ပြီး စိတ်မကောင်းဖြစ်မိတယ် ဆရာကြီး၊ သူက သိပ်ပြီးတော်တဲ့ ဆရာဝန်ကြီးပါ"

"ဟုတ်တယ်၊ သိပ်ပြီး နောက်တရုစရာကောင်းတယ်၊ သိပ်ပြီး ... " သူက ပေ့ဂျ်ကို အကဲခတ်နေသည်။ "ပေ့ဂျ်... တကယ်လို့ ဒေါက်တာဘာကာ ဒီမှာ ဆက်မလုပ်နိုင်တော့ဘူးဆိုရင် မင်း ဒီမှာ ဆက်နေမှာလား"

ပေ့ဂျ် အင်တင်တင်ဖြစ်နေပြီးတော့မှ ...

"ဟုတ်ကဲ့၊ နေမှာပေါ့ ဆရာကြီး"။ ။

■

www.burmeseclassic.com

www.burmeseclassic.com

""ဗျန်ကရိုနင်၊ လူဖြူအမျိုးသား၊ အသက် (၇၀) နှလုံးအသား ပိုရောဂါ""

သူ့ဆေးကုမှတ်တမ်းကတ်တွင် ယင်းသို့ ရေးသားထားသည်။

သူ့ကို ပေ့ဂျ် တစ်ခါမှ မတွေ့ဖူးသေး။ သူ့ကို နှလုံးခွဲစိတ် ကုသရန် စီစဉ်ထားသည်။ ပေ့ဂျ်က ပြုံးလျက် ...

""မင်္ဂလာနံနက်ခင်းပါ ... မစ္စတာကရိုနင်""

""မင်းက ဘယ်သူလဲ""

""ကျွန်မ ဒေါက်တာတေလာပါ၊ ဦးကို ခွဲစိတ်မလို့... ""

""သွားစမ်းပါ၊ ကျုပ်ကို မင်းလက်နဲ့ လာမထိနဲ့၊ သူတို့က တကယ့်ဆရာဝန်စစ်စစ်ကို ဘာလို့ မလွှတ်လိုက်တာလဲ""

ပေ့ဂျ်မျက်နှာတွင် အပြုံးပျောက်သွားသည်။

""ကျွန်မက နှလုံးသွေးကြောရောဂါ ဆရာဝန်ပါ၊ ဦး ကျန်းမာလာအောင် ကျွန်မ ဂရုစိုက်ပြီး ကုသပေးပါမယ်""

""မင်းက ငါ့နှလုံးကို ခွဲစိတ်မလို့လား""

""ဟုတ်ပါတယ်၊ ကျွန်မ ... ""

""ဘုရားရေ ... ဒီဆေးရုံက လုပ်ပေးနိုင်တာ ဒါအကောင်းဆုံးပဲလား""

ပေ့ဂျ် အသံခပ်မာမာဖြင့် ...

အခန်း-၂၈-

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဦး ကိုယ်ပိုင်ဆရာဝန် ငှားပါလား"

"ပိုက်ဆံအရမ်းတောင်းတဲ့ အဲဒီဆရာဝန်တွေ ကျုပ်မငှားနိုင်ဘူး၊ မင်းတို့ အားလုံး အတူတူချည်းပဲ၊ အားလုံး ပိုက်ဆံပဲမက်ကြတယ်၊ မင်းတို့က လူတွေကို လူလို သဘောမထားဘူး၊ အမဲသားတုံးလိုပဲ သဘောထားကြတယ်"

ပေ့ဂျ် ဒေါသစိတ်ကို တော်တော်ထိန်းထားရသည်။

"ဦး စိတ်တိုနေတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ ..."

"တိတ်စမ်းပေါ့၊ မင်းက ငါ့နှလုံးကို ခွဲထုတ်မှာကိုး၊ ငါ့ကို သတ်မလို့လား၊ သတ်ရင် မင်းကို လူသတ်မှုနဲ့ ဖမ်းမှာပေါ့"

"ဒါလောက်ဆို တော်လောက်ပါပြီ"

"ကျုပ် သေသွားရင် မင်းရဲ့ ကိုယ်ရေးရာဇဝင်မှတ်တမ်း ဆိုးရွားသွားလိမ့်မယ်၊ ဒါပေမဲ့ မင်းခွဲချင်ရင် ခွဲပါ၊ ငါ သဘောတူပါတယ်"

ပေ့ဂျ်က သူနာပြုဆရာမဘက်သို့ လှည့်လျက် ...

"ကျွန်မ နှလုံးစစ်ဆေးချက် လိုချင်တယ်"

ထို့နောက် လူနာကို တစ်ချက်ကြည့်လိုက်ပြီး သူ ပြန်ထွက်သွား၏။

နောက် တစ်နာရီခန့်တွင် နှလုံးစစ်ဆေးချက်ယူပြီး ပြန်လာသောအခါ မစ္စတာ ကရီနင်က မော်ကြည့်ပြီး ...

"လာပြန်ပြီလား ... ဒီမိန်းမ"

■

နောက်နေ့မနက် ၆ နာရီတွင် ဂျွန်ကရီနင်ကို ပေ့ဂျ် ခွဲစိတ်သည်။

ခွဲစိတ်မှု စတင်ကတည်းက မျှော်လင့်ချက်မရှိတာကို ပေ့ဂျ်သိထားပြီး ဖြစ်၏။ အဓိကပြဿနာမှာ နှလုံးမဟုတ်။ ကရီနင်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင် အဖုအပိမ့်လက္ခဏာများ ပြည့်နေသည်။

"အို ... ဘုရားရေ ...၊ ကျွန်တော်တို့ ဘာတွေ လုပ်နေကြတာလဲ"

အလုပ်သင် ဆရာဝန်တစ်ယောက် ပြောလိုက်ခြင်းဖြစ်သည်။

"ဒီရောဂါကြီးနဲ့ သူကြာကြာအသက်ရှင်မနေရပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ" ဟု ပေ့ဂျ်က ပြန်ပြောလိုက်၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ခန်းမှ ပေ့ဂျ် ပြန်ထွက်လာသောအခါ စင်္ကြံလမ်းတွင် အမျိုးသမီးတစ်ယောက်နှင့် ယောက်ျားနှစ်ယောက် သူ့ကို စောင့်နေကြတာ တွေ့ရသည်။ အမျိုးသမီးက ၄၀ ဝန်းကျင်လောက်ရှိပြီ။ ဆံပင် ပြောင်ပြောင်လက်လက် အနီရောင်၊ မိတ်ကပ်တွေ လွန်လွန်ကဲကဲ ခြယ်သထားပြီး အပေါ်စားရေမွှေးနံ့က တထောင်းထောင်းထွက်နေသည်။ အဝတ်အစားကိုလည်း သူ၏ ရှုက်ဖိုကြီးငယ် အသွယ်သွယ်ပေါ်အောင် ပါးပါးလျှပ်လျှပ်ဝတ်ဆင်ထား၏။ ယောက်ျားနှစ်ယောက်ကတော့ ၄၀ ကျော်အရွယ်တွေဖြစ်သည်။ ဆံပင်တွေကို ဆေးနီဆိုးထား၏။ သူတို့ကိုကြည့်ပြီး ပေ့ဂျ်က ဆက်ကပ်အဖွဲ့သားတွေများလားဟု ထင်မိသည်။

"ဒေါက်တာတေလာလား" အမျိုးသမီးက မေးသည်။

"ဟုတ်ပါတယ်"

"ကျွန်မ မစ္စက်ကရိုနင်ပါ၊ သူတို့က ကျွန်မ အစ်ကိုတွေပါ၊ ကျွန်မ ယောက်ျားအခြေအနေ ဘယ်လိုရှိပါသလဲ"

ပေ့ဂျ်က ခဏနေပြီးမှ စဉ်းစဉ်းစားစားနှင့် ဖြေသည်။

"ခွဲစိတ်မှုက မျှော်လင့်ထားတာထက် အဆင်ပြေပါတယ်"

"အို ... ဘုရားသခင်ကျေးဇူးပါပဲ" သူက မှုရာမာယာအပြည့်ဖြင့် ပြောပြီး မျက်လုံးတွေကို ဇာပါးလက်ကိုင်ပဝါနှင့် ပွတ်နေသည်။ "သူသာ တစ်ခုခုဖြစ်သွားရင် ကျွန်မ သေလိမ့်မယ်"

ပေ့ဂျ်က အညံ့စားပြဇာတ်မှ မင်းသမီးတစ်လက်ကို ကြည့်နေရသလို ခံစားရသည်။

"ကျွန်မ ဝင်ကြည့်လို့ ရမလား"

"အခု မရသေးပါဘူး၊ သူကို နာလန်ထအခန်း ပြောင်းထားတယ်၊ မနက်ဖြန်ကျမှ ပြန်လာကြပါ"

"ကျွန်မ လာခဲ့ပါ့မယ်" သူ့အစ်ကိုများဘက်သို့ လှည့်ပြီး "လာ ... ပြန်ကြစို့"

ပေ့ဂျ်က ရပ်ကြည့်ကျန်ရစ်၏။

*သြော် ... သနားစရာကောင်းတဲ့ အဘိုးကြီးပါလား။*

■

နောက်နေ့မနက်တွင် အစီရင်ခံစာကို ပေ့ဂျ် ဖတ်ရသည်။ ကင်ဆာရောဂါက ကရိုနင်၏ တစ်ကိုယ်လုံးသို့ ပြန့်သွားပြီ။ ဓာတ်ကင်ရန် အချိန်မရှိတော့။

အသားပိုရောဂါ ပါရဂူက ပေ့ဂျ်ကိုပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်လို့မရတော့ဘူး၊ သူ့ကို သက်သောင့်သက်သာဖြစ်အောင်သာ ပြုစုထားတော့၊ သူ နာကျင်ကိုက်ခဲတာတွေ အများကြီး ခံစားရလိမ့်မယ်"

"သူ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ ဆရာ"

"အလွန်ဆုံး တစ်ပတ်၊ ဒါမှမဟုတ် နှစ်ပတ်ပဲ"

■

အရေးကြီးလူနာခန်းတွင် ကရိုနင်ကို ပေ့ဂျ် လာတွေ့သည်။

သူအိပ်ပျော်နေ၏။ သူသည် စောစောပိုင်းကလို ရန်လိုနှုတ်ကြမ်းသော လူတစ်ယောက်မဟုတ်တော့။ ပြင်းထန်သော ဝေဒနာဒဏ်ကို အကြိတ်အနယ် တိုက်ခိုက်နေရသူ လူနာတစ်ယောက်ဖြစ်နေပြီ၊ သူ့ကို အသက်ရှူစက် တပ်ပေးထားသည်။ အသက်ကယ်ဆေးလည်း ထိုးပေးထားသည်။ ပေ့ဂျ်က သူ့ဘေးတွင် ဝင်ထိုင်ပြီး စောင့်ကြည့်နေသည်။

သူ့ခမျာ တော်တော်ကံဆိုးရှာသည်၊ *ခေတ်မီဆေးဝါးတွေရဲ့ အစွမ်းနဲ့တောင် သူ့အသက်ကို ကယ်တင်လို့ မရနိုင်တော့ဘူး။*

ပေ့ဂျ်က သူ့လက်ကို ညင်သာစွာ တို့ထိလိုက်သည်။ ထို့နောက် ပြန်ထွက်လာခဲ့၏။

■

ညနေပိုင်းတွင် နောက်ထပ် ဝင်ကြည့်ပြန်သည်။ အသက်ရှူစက် ဖြုတ်ထားပြီ၊ သူမျက်လုံးဖွင့်ကြည့်သည်။ ပေ့ဂျ်ကို မြင်တော့ အိပ်ချင်မူးတူးနှင့် ပြောသည်။

"ခွဲစိတ်ပြီးသွားပြီလား"

ပေ့ဂျ်က ပြုံးလျက် "ဟုတ်ကဲ့၊ ဦး သက်သောင့်သက်သာရှိရဲ့လားလို့ ကျွန်မ လာကြည့်တာပါ"

"သက်သောင့်သက်သာရှိရဲ့လားတဲ့လား၊ မင်းက ဘာလို့ ဒီလောက် ဂရုစိုက်နေရတာလဲ"

"ကျေးဇူးပြုပြီး ရန်မလုပ်ပါနဲ့တော့၊ ကျွန်မ လေးလေးစားစား တောင်းပန်ပါတယ်"

သူငြိမ်သွားသည်။ ပေ့ဂျ်ကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ခဏကြာမှ ...

"တခြားဆရာဝန်တွေက ပြောတယ်၊ မင်းက ငါ့ကို အကောင်းဆုံး ခွဲစိတ်ပေးတာတဲ့"

ပေ့ဂျ်က ဘာမှပြန်မပြော။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရောဂါက ကင်ဆာလား"

"ဟုတ်ကဲ့"

"တော်တော်ဆိုးသလား"

သည်မေးခွန်းက ပြဿနာမေးခွန်းဖြစ်သည်။ ဆရာဝန်တွေအားလုံး အနေးနဲ့အမြန် ရင်ဆိုင်ရသည့် မေးခွန်း...။ မေ့ဂ်ျက ပြောလိုက်သည်။

"တော်တော်လေး ဆိုးပါတယ်"

အကြာကြီး ငြိမ်ဆိတ်သွားသည်။ နောက်တော့မှ ...

"ခါတ်ကင်ပြီး ဆေးကျွေးကုသလို့ မရဘူးလား"

"ပိုဆိုးလိမ့်မယ်၊ ကုလို့မရနိုင်ဘူး"

"ဟုတ်ပြီ၊ ဒါဆိုလည်းပြီးရောပေါ့၊ ကျုပ်က ကောင်းကောင်းမွန်မွန် နေခဲ့ရတဲ့ လူပါ"

"ကျွန်မ ယုံပါတယ်"

"ကျုပ်က မိန်းမတွေလည်း အများကြီး ယူခဲ့ဖူးတယ်"

"ကျွန်မ ယုံပါတယ်"

"ဒေါက်တာ့မှာ အိမ်ထောင်ရှိသလား"

"မရှိသေးပါဘူး"

"ရှိသင့်တယ်၊ လူတိုင်း အိမ်ထောင်ပြုကြတာပဲ၊ ကျုပ်လည်း အိမ်ထောင်ပြုခဲ့တယ်၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ ပထမ အိမ်ထောင်က ၃၅ နှစ်ကြာတယ်၊ သူက သိပ်တော်တဲ့မိန်းမ၊ နှလုံးရောဂါနဲ့ ဆုံးသွားရှာတယ်"

"ကျွန်မ စိတ်မကောင်းပါဘူး"

သူက သက်မချလိုက်ပြီး "အဲဒီနောက် ဆတ်စလူးမလေးတစ်ယောက်နဲ့ လက်ထပ်တယ်၊ သူရော သူ့အစ်ကိုတွေရော ပိုက်ဆံအရမ်းမက်တယ်၊ ကျုပ် တဏှာရူးခဲ့လို့ ဒီလိုဖြစ်ရတာ"

"ကျွန်မ သဘောပေါက်ပါတယ်"

"ကျုပ်က သူ့ကို တမင်အပုပ်ချနေတာ မဟုတ်ဘူး၊ ကျုပ် ဒီဆေးရုံကို ဘာကြောင့်ရောက်လာရသလဲ သိလား၊ ကျုပ်မိန်းမက အတင်းတင်လို့ ရောက်လာတာ၊ သူက ပိုက်ဆံကုန်မှာကြောက်လို့ ကျုပ်ကို ပုဂ္ဂလိကဆေးရုံကို မပို့ဘူး၊ ဒီနည်းနဲ့ ကျုပ်ပိုက်ဆံတွေကို သူတို့မောင်နှမတစ်တွေ အပိုင်စီးချင်ကြတာ၊ ဒါနဲ့ ကျုပ် ဘယ်လောက်ကြာကြာ နေရဦးမှာလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အမှန်အတိုင်းပြောရမလား"

"ပြော"

"တစ်ပတ်၊ ဒါမှမဟုတ် နှစ်ပတ်"

"ဘုရားရေ ... ဒါဆို ဝေဒနာဒဏ် အကြာကြီးခံနေရဦးမှာပေါ့"

"အတတ်နိုင်ဆုံးသက်သာအောင် ကျွန်မ လုပ်ပေးပါ့မယ်"

"တကယ်တော့ လူ့ဘဝဟာ အလကားပဲ"

"ဦးကပဲပြောတယ်လေ၊ ဘဝမှာကောင်းကောင်း နေခဲ့ပြီးပြီလို့"

"ဟုတ်ပါတယ် တော်တော်လည်း ရယ်စရာကောင်းတာပဲ၊ အခု အဲဒီဘဝနိဂုံးချုပ်ရတော့မယ်၊ ဒါနဲ့ ကျုပ်တို့ သေသွားပြီးနောက် ဘယ်ရောက်မယ် ထင်သလဲ"

"ကျွန်မ မပြောတတ်ပါဘူး"

သူက အားတင်းပြီးပြုံးလျက် "ကျုပ် အဲဒီရောက်သွားတော့မှ ဒေါက်တာ့ကို ပြောပြမယ်"

"ပိုပြီး နေသာထိုင်သာရှိအောင် ကျွန်မ လုပ်ပေးလို့ရမလား၊ တချို့ ဆေးဝါးတွေ ရှိပါတယ်"

"ကောင်းတယ်၊ လုပ်ပေးပါ၊ ညကျရင် လာခဲ့ပါဦး၊ စကားပြောရတာပေါ့"

သည်ည ပေ့ဂျ် တာဝန်လွတ်သည်။ သူတော်တော်ပင်ပန်းနေပြီ။ သို့သော်လည်း သူက ပြောလိုက်သည်။

"ကောင်းပြီ၊ ကျွန်မ လာခဲ့ပါမယ်"

■

ပေ့ဂျ် တကယ်ပြန်လာသည်။ ကရိုနင် နိုးနေသည်။

"ဘယ်လိုနေသေးလဲ ဦး"

"သိပ်ဆိုးတယ်၊ တော်တော်အခံရခက်တယ်"

"ဟုတ်ကဲ့"

"ဒါနဲ့ ဟယ်ဇယ်နဲ့ တွေ့တယ်မဟုတ်လား"

"ဟယ်ဇယ် ... ဘယ်သူပါလိမ့်"

"ကျုပ်မိန်းမလေ ... အပျက်မပေါ့၊ သူနဲ့ သူ့အစ်ကိုတွေ လာသွားကြတယ်၊ ဒေါက်တာနဲ့ တွေ့တယ်လို့ပြောတယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"သူ့မှာ အကြံရှိတယ်၊ ကျုပ်တော့ လုလုကြီး ဒုက္ခတွေ့နေပြီ၊ သူတို့က ကျုပ်ကို မြန်မြန်သေစေချင်ကြတာ"

"ဒီလိုလည်း မဟုတ်သေးပါဘူး"

"ဟုတ်တယ်၊ သိပ်ဟုတ်တယ်၊ ဟယ်ဇယ်က ပိုက်ဆံမက်လို့ ကျုပ်ကိုယူတာ၊ အမှန်အတိုင်းပြောရရင် ဒါတွေကို ငါမမှုပါဘူး၊ ကျုပ်အနေနဲ့ သူ့အချစ်ကို တဝကြီး ခံစားခဲ့ရတယ်၊ ဒါပေမဲ့ သူနဲ့ သူ့အစ်ကိုတွေက လောဘတက်လာကြတယ်၊ ရလေလိုလေ အိုတစ္ဆေတွေ ..."

အတော်ကြာကြာ တိတ်ဆိတ်နေသည်။ ပြီးတော့မှ ...

"ကျုပ် ခရီးတွေ အများကြီးသွားခဲ့ဖူးတယ်၊ အဲဒါကို ကျုပ်ပြောပြပြီးပြီလား"

"မပြောသေးပါဘူး"

"ကျုပ် ဆွီဒင်၊ ဒိန်းမတ်၊ ဂျာမနီ အားလုံးရောက်ဖူးတယ်၊ ဒေါက်တာ ဥရောပနိုင်ငံတွေ ရောက်ဖူးသလား"

ခရီးသွားအေဂျင်စီသို့ သွားခဲ့သည့်နေ့ကို ပေ့ဂျ် သတိသွားရသည်။

*ငါ လန်ဒန်ကို သိပ်ရောက်ချင်တယ်၊ ပါရီကိုလည်း သွားချင်တယ်၊ ဗင်းနစ်မြို့က လရောင်အောက်မှာလည်း ဂွန်ဒိုလာလှေစီးချင်တယ်။*

"ဟင့်အင်း ... မရောက်ဖူးပါဘူး"

"ရောက်ဖူးအောင် သွားသင့်တယ်"

"တစ်နေ့ကျတော့ သွားဖြစ်ချင် သွားဖြစ်မှာပါ"

"ဒီဆေးရုံမှာလုပ်တာ လခသိပ်ပြီးရမယ် မထင်ဘူး"

"လောက်တော့ လောက်ပါတယ်"

သူက ခေါင်းတညိတ်ညိတ်ဖြင့် "ဟုတ်ပြီ၊ ဥရောပကိုသွားဖြစ်အောင် သွားစမ်းပါ၊ သွားဖြစ်ရင် ကျုပ်အတွက် တစ်ခုလောက် လုပ်ပေးပါ၊ ပါရီကိုသွား၊ ဂရစ်လွန်ဟိုတယ်မှာလည်း၊ မက်ဇင်ဟိုတယ်မှာ ညစာစား၊ အမဲသားနပ်အတုံးကြီးကြီး တစ်တုံးနဲ့ ရှန်ပိန်အရက်တစ်ပုလင်းမှာ၊ အမဲသားနပ်စားပြီး ရှန်ပိန်သောက်တော့ ကျုပ်ကို သတိရပါ၊ ဘယ့်နှယ်လဲ အဲဒါ လုပ်မလား"

"တစ်နေ့တော့ လုပ်မှာပါ"

"ကောင်းတယ်" သူက ပေ့ဂျ်ကို အကဲခတ်နေသည်။ "ကျုပ် မောသွားပြီ၊ မနက်ဖြန်လာခဲ့ဦး၊ စကားထပ်ပြောကြဦးမယ်"

the bookhouse we bring your ...
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ လာခဲ့ပါ့မယ်"

ပျွန်ကရိန် အိပ်ပျော်သွားၡ၏။ ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂၉-

ကင်မယ်လိုရီသည် ဖူးစာရေးနတ်ကို အလွန်ယုံကြည်သူဖြစ်သည်။ ဟာရစ်ဆန်တို့ သားအဖနှင့် တွေ့ပြီးနောက် ကောင်မလေးက သူ့ဘက်မှာ ရှိနေပြီဆိုတာ သူအလေးအနက် ယုံကြည်နေပြီ။ အလက်ဟာရစ်ဆန် လို သူဌေးတစ်ယောက်က အင်ဘာကောဒရိုဆေးရုံကို လာတက်ခြင်းမှာ စဉ်းစားစရာတွေ အများကြီးရှိသည်။ *ပြီးတော့ ငါက သူ့အသက်ကို ကယ်လိုက်တာလည်းပါတယ်။ သူကလည်း ပြန်ပြီး ကျေးဇူးဆပ်ချင်တယ်။* သူ့အတွေးနှင့်သူ မယ်လိုရီ အူမြူးသွား၏။

သည်ကြားထဲတွင် ဟာရစ်ဆန်မိသားစုအကြောင်းကို သူက မိတ်ဆွေတစ်ယောက်ဆီမှာ စုံစမ်းခဲ့ဖူးသည်။

"သူ့ကို ချမ်းသာတယ်လို့ ပြောရုံနဲ့ မလုံလောက်ဘူးဗျ" သူ့မိတ်ဆွေက ပြောသည်။ "သူက သန်းကြွယ်သူဌေးကြီး မဟုတ်ဘူး၊ ကုဋေကုဋာကြွယ်သူဌေးကြီး၊ သမီးကလည်း အရမ်းလှ အရမ်းချော၊ ဒါပေမဲ့ သုံးလေးကြိမ်လောက်တော့ အိမ်ထောင်ကျပြီးပြီ၊ နောက်ဆုံး ယောကျာ်းက မြို့စားတစ်ယောက်ဆိုပဲ"

"သူတို့ကို ခင်ဗျား တွေ့ဖူးသလား"

"တွေ့တော့ မတွေ့ဖူးဘူး၊ သူတို့က သာမန်လူတန်းစားတွေနဲ့ မရောဘူး"

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ မနက်တွင် အလက်ဟာရစ်ဆန်က မယ်လိုရီထံ ဖုန်းဆက်သည်။

"ကင် ... ဒီနေ့ကစပြီး တစ်ပတ်အကြာမှာ ညစာစားပွဲပေးနိုင်အောင် ငါ့အခြေအနေ ကောင်းလာပြီ"

"ဦးက ဒီလောက် စေတနာဇရှုနဲ့ ဖိတ်နေတော့ ကျွန်တော့်ကလည်း လိုက်လှဲဝမ်းသာ လက်ခံရမှာပေါ့"

"ကောင်းတယ်၊ မောင်ရင်က အထူးဧည့်သည်တော်ပဲ"

မယ်လိုရီ အလွန်ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် ... ဦး"

"ဒါဆို စနေနေ့ည ၇ နာရီခွဲမှာ လော်ရင်းနဲ့ ငါနဲ့ မောင့်ကို မျှော်နေမယ်" သူက မယ်လိုရီအား 'နော့ဘက်တောင်ကုန်း' ရိပ်သာမှ အိမ်လိပ်စာကို ပေးသည်။

"ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်"

ထိုနေ့ ညနေတွင် မယ်လိုရီသည် ကက်နှင့် ပြဇာတ်သွားကြည့်ရန် ချိန်းထားသည်။ သို့သော်လည်း ကိစ္စမရှိ၊ ရက်ချိန်းပစ်လိုက်လို့ရသည်။ သူက လောင်းကြေးငွေ ဒေါ်လာတစ်သောင်းရပြီး ကက်နှင့်အတူ သုံးဖြုန်းကာ အပျော်ကြီး ပျော်ခဲ့ပြီး ဖြစ်သည်။

ဟာရစ်ဆင်တို့ သားအဖ၏ ညစာစားပွဲသို့ သွားမည့်နေ့တွင် သူက ကက်ထံ ဖုန်းဆက်သည်။

"သတင်းက မကောင်းဘူး ... အချစ်ရယ်"

"ဘာများဖြစ်လို့လဲ ... ဒါလင်"

"ဆရာဝန်တစ်ယောက် နေမကောင်းလို့ ခွင့်ယူတာ ကိုယ့်ကို လူစားဝင်ခိုင်းတယ်၊ ကက်နဲ့ ချိန်းထားတာ ဖျက်ရမှာမို့ ကိုယ်တော်တော်စိတ်မကောင်း ဖြစ်သွားတယ်"

ကက်က သူလည်း စိတ်မကောင်းဖြစ်သွားကြောင်း မယ်လိုရီ မသိစေချင်။ သူ မယ်လိုရီကို ဘယ်လောက်စွဲချစ်နေကြောင်း မပြောချင်။ ထို့ကြောင့် ဟန်ဆောင်ပြီး ပြောလိုက်၏။

"ကိစ္စမရှိပါဘူး မောင်၊ ဒါက ဆရာဝန်တွေရဲ့ သဘာဝပဲ"

"ကိုယ် နောက်မှ ကက်ကို အစားလျော်ပေးပါ့မယ်"

"ရပါတယ်၊ ကျွန်မက မောင့်ကို ခွင့်လွှတ်ပြီးသားပါ"

"သိပ်ချစ်တာပဲ ... အချစ်ရယ်"

"ဒါနဲ့ ကျွန်မတို့ ဘယ်တော့လောက် လက်ထပ်ကြမလဲ ... မောင်"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါလား ... ဒါက ရပါတယ်၊ ကိုယ်ကြည့်ပြီး စီစဉ်ပါ့မယ်"

"ဖွန်လလောက်ဆို မကောင်းဘူးလား မောင်"

*ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ မင်းနဲ့တော့ မဟုတ်ဘူး ...* ။

"ဟုတ်ပြီလေ၊ ဒီကိစ္စ ကိုယ်တို့ နောက်တော့ ဆွေးနွေးကြတာပေါ့၊ ကဲ ... ကိုယ့်ကို ခွင့်ပြုပါဦး"

■

ဟာရစ်ဆန်တို့၏ အိမ်သည် ရုပ်ရှင်ထဲက စံအိမ်ကြီးနှင့်တူသည်။ သေသေသပ်သပ် ရှင်းလင်းပြုပြင်ထားသည့် ခြံဝင်းကျယ်ကြီးတွင် တည်ရှိသည်။

ဖိတ်ကြားထားသည့် ဧည့်သည်တွေ နှစ်ဒါဇင်လောက် ရောက်နေကြသည်။ ဧည့်ခန်းကျယ်ကြီးထဲတွင် တီးဝိုင်းကလေးတစ်ခုက တေးဂီတဖြင့် ဧည့်ခံဖြေဖျော်နေသည်။

မယ်လိုရီဝင်လာတော့ လော်ရင်းက အပြေးကလေး ဆီးကြိုသည်။ သူသည် ပိုးသားနဝတ်စုံကို ဝတ်ထားသည်။ သူက မယ်လိုရီ၏ လက်ကို ဆုပ်ကိုင်လျက် ...

"အထူးဧည့်သည်တော်ကို ကြိုဆိုပါတယ်၊ လာရောက်တဲ့အတွက် သိပ်ပြီး ဝမ်းသာပါတယ်"

"ကိုယ်လည်း အတူတူပါပဲ၊ ဦး အခြေအနေ ဘယ်လိုလဲ"

"သိပ်ကို ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ဒီနေ့တော့ ဒီအိမ်မှာ ရှင်က သူ့ရဲကောင်းပါပဲ"

မယ်လိုရီက ပြုံးလျက် "ကိုယ်က ကိုယ့်အလုပ် ကိုယ်လုပ်တာပါ"

"အဲဒါ ဘုရားသခင်နေ့တိုင်းပြောတဲ့ စကားပဲပေါ့"

လော်ရင်းက မယ်လိုရီ၏ လက်ကိုဆွဲကာ အခြားဧည့်သည်တော်များနှင့် မိတ်ဆက်ပေးသည်။ ဧည့်သည်အားလုံး အထူးဧည့်သည်တော်ချည်း ဖြစ်သည်။ ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး၊ ပြင်သစ်သံအမတ်ကြီး၊ တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် နိုင်ငံရေးသမား၊ အနုပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ စသည်တို့ဖြစ်၏။ မယ်လိုရီက သူ့ကိုယ်သူ တော်တော်အထင်ကြီးသွားသည်။ တစ်ချိန်တည်းတွင် ရင်လည်း ခုန်မိသည်။

*ဒါဟာ ငါ့ရဲ့ နေရာမှန်ပဲ၊ ဒီလူတွေကလည်း ငါ့အသိုင်းအဝိုင်းဖြစ်ရမယ့် လူမှန်တွေပဲ။*

ညစာကို ဖွယ်ဖွယ်ရာရာ တခမ်းတနား ပြင်ဆင်ထားသည်။ အစားအသောက်တွေကလည်း တန်ဖိုးကြီးပြီး အမည်စုံသလောက် အရသာလည်း ရှိလှသည်။ ဧည့်သည်တော်တွေ ပြန်ဖို့လုပ်ကြတော့ ဟာရစ်ဆင်က မယ်လိုရီအား ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ဦး ... ကင်၊ ငါ မောင်ရင့်ကို စကားပြောစရာရှိတယ်"

"ကောင်းပါပြီ ... ဦး"

ထို့နောက် ဟာရစ်ဆန်၊ လော်ရင်းနှင့် မယ်လိုရီတို့ စာကြည့်ခန်းတွင် ထိုင်ကြသည်။ ဟာရစ်ဆန်က သူ့သမီးဘေး တွင် ထိုင်သည်။

"မောင်ရင့်ရဲ့ အနာဂတ်တက်လမ်း သိပ်ကောင်းတယ်လို့ ဆေးရုံမှာ ဦးပြောခဲ့တာ မောင်ရင်မှတ်မိမှာပေါ့၊ အဲဒါ ငါ တကယ်ပြောတာ"

"ဟုတ်ကဲ့၊ ကျွန်တော့်အပေါ် အဲသလို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ် ... ဦး"

"မောင်ရင့်အနေနဲ့ ကိုယ်ပိုင်ဆေးခန်း ဖွင့်သင့်တယ်"

"ကျွန်တော့်အနေနဲ့ သိပ်မလွယ်ပါဘူး ... ဦး၊ အကြာကြီး အချိန်ယူဖို့ လိုပါတယ်၊ ကျွန်တော်က ... "

"ဟုတ်ပါတယ်၊ မောင်ရင်က သာမန်လူမဟုတ်ဘူး"

"ဘာကိုဆိုလိုတာပါလဲ"

လော်ရင်းက ကြားဝင်ပြီး ...

"ရှင် အလုပ်သင်ကာလပြီးရင် အဖေက ရှင့်ကို ကိုယ်ပိုင်ဆေးခန်း ဖွင့်စေချင်တယ်"

မယ်လိုရီ စကားမပြောနိုင်အောင် ဖြစ်နေ၏။ သူသည် ကိုယ့်ကိုယ်ကိုယ် အံ့ဖွယ်အိပ်မက်ကမ္ဘာထဲ ရောက်နေသလို ခံစားရ၏။

"ကျွန် ... ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ဦးမှာ ချမ်းသာတဲ့မိတ်ဆွေတွေ တစ်ပုံကြီးရှိတယ်၊ သူတို့ကို မောင်ရင့်အကြောင်း ဦးပြောထားပြီးပြီ၊ အဲဒီတော့ မောင်ရင် ဆိုင်းဘုတ်တင်လိုက်တာနဲ့ တစ်ပြိုင်နက် ပိုက်ဆံတွေ လှိမ့်ဝင်လာမှာ သေချာတယ်"

"အဖေ ... ရှေ့နေတွေလည်း ဒီအတိုင်းပဲနော်"

"ဒီတော့ မောင်ရင် စိတ်ဝင်စားလား၊ စိတ်ဝင်စားရင် ဦးက ပိုက်ဆံစိုက်ပေးမယ်"

မယ်လိုရီ အသက်ပင် မရှူနိုင်အောင် ဖြစ်နေသည်။

"သိပ်ပြီး ဝမ်းသာပါတယ်၊ ကျေးဇူးလည်း အထူးတင်ပါတယ် ... ဦး၊ ဒါပေမဲ့ ပိုက်ဆံကို ကျွန်တော် ဘယ်တော့ ပြန်ပေး ... "

"မောင်ရင် ဦးပြောတာ သဘောမပေါက်သေးဘူး၊ မောင်ရင်က ပြန်ပေးစရာ မလိုဘူး၊ ဦးက ပြန်ပေးတာ၊ မောင်ရင့်ဆီမှာ ဦးက အကြွေးတင်နေတယ် မဟုတ်လား"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လော်ရင်းက မယ်လိုရီအား မျက်လုံးအဝိုင်းသားနှင့် ကြည့်နေသည်။

"ပြောလိုက်လေ ... လုပ်ပါမယ်လို့ ... ပြောလိုက်လေ"

"မလုပ်ဘူးဆိုရင် ကိုယ်မိုက်ရာ ကျတော့မှာပေါ့"

"အဲဒီလိုမှပေါ့" လော်ရင်းက ဝမ်းသာအားရ ပြောသည်။ "ရှင် ဒီလောက် မမိုက်ဘူးဆိုတာ ကျွန်မ သိပါတယ်"

■

မယ်လိုရီသည် အိမ်သို့ပြန်လာရင်း အလွန်အူမြူးနေ၏။ *သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။* သူ့အတွေးမှာသည်။ အလွန့်အလွန်ကောင်းသော အစီအစဉ်ဖြစ်၏။

လော်ရင်းက သူ့ဆီ ဖုန်းဆက်သည်။

"အလုပ်ကို အပျော်အပါးနဲ့ရောတာ ရှင် ဘယ်လိုမှ သဘောမထားဘူးလို့ ကျွန်မထင်တယ်"

မယ်လိုရီက ပြုံးလျက် "ဘယ်လိုမှ သဘောမထားပါဘူး၊ ဘာစိတ်ကူးရှိလို့လဲ ... ဟင်"

"လာမယ့် စနေနေ့ညမှာ ကျွန်မကို ကပွဲလိုက်ပို့ပါလား"

"ဟုတ်ပြီလေ၊ လိုက်ပို့ပါ့မယ်"

ထိုနေ့တွင် သူတာဝန်ကျသည်။ သို့သော်လည်း ကိစ္စမရှိ နေမကောင်းဟု အကြောင်းပြ၍ ခွင့်ယူလျှင်ဖြစ်၏။

■

မယ်လိုရီသည် ကြိုတင်စီမံကိန်းရေးဆွဲခြင်းကို ယုံကြည်သူဖြစ်သည်။ ပေါ်ပေါက်လာသည့် ဖြစ်ရပ်များမှာ သူ၏ စိတ်ရိုင်းမျှော်မှန်းချက်ထက် ကျော်လွန်နေပြီ ဖြစ်၏။

သူသည် ရက်အနည်းငယ်အတွင်းမှာပင် လော်ရင်းတို့၏ အထက်တန်းလွှာအသိုင်းအဝိုင်း၌ အလိုက်သင့် ဝင်ဆံ့နေလေပြီ။ ညတိုင်းလိုလို လော်ရင်းနှင့် ကပွဲသွားသည်။ အကြောင်းအမျိုးမျိုးပြ၍ အလုပ်မှ ခွင့်ယူသည်။ ကြာတော့ အလုပ်ထဲတွင် သူ့တာဝန်ပျက်ကွက်မှုနှင့် ပတ်သက်၍ တိုင်လားတောလားတွေတောင် ပေါ်ပေါက်လာ၏။ သို့သော် သူက လုံးဝဂရုမစိုက်။ *ငါ ဒီနေရာက မကြာခင် ထွက်သွားရတော့မှာပဲ ... ။*

သူသည် ငြီးငွေ့စရာကောင်းသည့် ခရိုင်ဆေးရုံကြီးက ထွက်၍ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရတော့မည်ကို တွေးပြီး အလွန့်အလွန် ပျော်နေသည်။ သို့သော်လည်း သူအပျော်ဆုံးကတော့ ဖူးစာရေးနတ်က သူ့အား အပိုဆုကြေးအဖြစ် ချီးမြှင့်လိုက်သည့် လော်ရင်းနှင့် နီးစပ်ရခြင်းပင်ဖြစ်၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းတွင် ကက်တစ်ယောက်တော့ တော်တော်စိတ်မချမ်းသာ ဖြစ်နေသည်။ မယ်လိုရီသည် အကြောင်းအမျိုးမျိုးပြပြီး သူ့ကို ရှောင်နေ၏။ သူနှင့်ဆုံခိုက် အတင်းမေးတော့လည်း "ဒါလင် ... ကိုယ် မင်းကို သိပ်ပြီး ချစ်ပါတယ်၊ မင်းကို ကိုယ်တကယ် လက်ထပ်မှာပါ၊ ဒါပေမဲ့ လောလောဆယ်တော့ ... " စသည်ဖြင့် ဆင်ခြေတွေ အမျိုးမျိုး ပေးတတ်၏။

လာမည့်ရက်အားတွင် "ဘစ်ဆား" ဒေသက မိသားစု အပန်းဖြေရိပ်သာသို့သွားရန် လော်ရင်းက အဆိုပြုတော့ မယ်လိုရီမှာ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား ဖြစ်နေသည်။ အရာရာတိုင်း မြင့်တက်လာပြီ၊ *ကမ္ဘာကြီးကို ငါပိုင်ရတော့မယ်။*

■

အပန်းဖြေရိပ်သာမှာ ထင်ရှူးပင်များ ပြည့်နှက်နေသည့် တောင်ကုန်းပေါ်တွင် တည်ရှိပြီး ပစိဖိတ်သမုဒ္ဒရာကို ဆီးမိုးမြင်နေရ၏။ သစ်သား၊ အုတ်ကြွပ်နှင့် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံကြီးဖြစ်သည်။ ပင်မအိပ်ခန်းကြီးအပြင် ဧည့်သည်အိပ်ခန်း ရှစ်ခန်း၊ ကျောက်တုံးမီးလင်းဖိုပါသည့် ဧည့်ခန်းကျယ်၊ အိမ်တွင်း ရေကူးကန်နှင့် ရေပူရေချိုးဇလားကြီးတို့ ပါဝင်သည်။ အရာရာတိုင်းသည် ငွေနံ့သင်းနေ၏။

သူတို့နှစ်ယောက် ရိပ်သာထဲလျှောက်လာဝင်စဉ် လော်ရင်းက ပြောသည်။

"အိမ်ဖော်တွေအားလုံး ကျွန်မ ရက်အားပေးထားလိုက်မယ်"

မယ်လိုရီက ပြုံးလျက် ...

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ" သူက လော်ရင်းကို သိုင်းဖက်ပြီး "ကိုယ် မင်းကို အရူးအမူး ချစ်မိနေပြီ"

"သက်သေပြပါ"

"ဟောဒီမှာ ... ဟောဒီမှာ"

"ခစ် ... ခစ် ... ခစ်... ခစ်"

■

"သိပ်ချစ်တာပဲ ... အချစ်ရယ်"

"ဒါဆို တခြားဘယ်သူ့မှ မချစ်ရဘူး ဒါပဲနော်"

"မချစ်ပါဘူးကွယ်၊ ဒီကမ္ဘာမှာ မင်းကလွဲပြီး ကိုယ်ဘယ်သူ့ကိုမှ မချစ်ပါဘူး" ယခုအချိန်သည် သူ့အဖို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ဘဝ ကြီးပွားတိုးတက်ရေးအတွက် အပြီးအပိုင်ဆုံးဖြတ်ရတော့မည့် အချိန်ဖြစ်သည်။ ကိုယ်ပိုင်ဆေးခန်းဖြင့် အောင်မြင်သည့် ဆရာဝန်ဖြစ်ရေးက တစ်ကဏ္ဍဖြစ်ပြီး ကုဋေကုဋာကြွယ်သူဌေးကြီး အလက်ဟာရစ်ဆင်၏ သမက်ဖြစ်ရေးက တစ်ကဏ္ဍဖြစ်၏။ "လော်ရင်း ... အချစ် ... အချစ်ကို ကိုယ်ဘယ်တော့မှ မခွဲနိုင်တော့ဘူး၊ ကိုယ်လက်ထပ်ပါရစေ... အချစ်ရယ်"

သူသည် လော်ရင်း၏ အဖြေကို အသက်မရှူဘဲ စောင့်မျှော်နေသည်။

"အို ... ကိုရယ်၊ တစ်ကိုယ်လုံး ပုံအပ်ထားပြီးမှတော့ ဒီကိစ္စပြောနေစရာ လိုသေးသလားကွယ်"

■

ကက်သည် တိုက်ခန်းထဲတွင် ထိုင်ကာ ကယောင်ချောက်ချား ဖြစ်နေ၏။ မယ်လိုရီနှင့် တွေ့ချင်စိတ်က အလွန်ပြင်းပြနေသည်။ ဆေးရုံသို့ ဖုန်းလှမ်းဆက်သည်။

"ဝမ်းနည်းပါတယ် ... ဒေါက်တာဟန်တာ၊ ဒေါက်တာ မယ်လိုရီနဲ့ ဆက်သွယ်လို့ မရပါဘူး"

"သူ ဘယ်သွားမယ်ဆိုတာ ဘာမှ မှာမထားခဲ့ဘူးလား"

"ဘာမှ မှတ်တမ်းမရှိပါဘူး"

သူ တယ်လီဖုန်းပြန်ချပြီး ပေ့ဂျ်ကို ကြည့်လိုက်သည်။

"သူ တစ်ခုခုဖြစ်နေပြီထင်တယ်၊ ကိုယ်သိတယ်၊ ကြည့်နေ သူ ဖုန်းဆက်နိုင်တယ်"

"ကက် ... " ပေ့ဂျ်က ပြောသည်။ "သူ မင်းကို ဖုန်းမဆက်တာက အကြောင်းအမျိုးမျိုးရှိနိုင်တယ်၊ သူ ရုတ်တရက် ထွက်သွားရတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ... "

"မင်းပြောတာမှန်တယ်၊ အကြောင်းတစ်ခုခုတော့ ရှိမှာပဲ"

ကက်က တယ်လီဖုန်းကို လှမ်းကြည့်လိုက်သည်။ အသံများ မြည်လာမလားလို့။

■

မယ်လိုရီသည် ဆန်ဖရန်စစ္စကိုသို့ ပြန်ရောက်ရောက်ချင်း ကက်အား ဆေးရုံသို့ ဖုန်းလှမ်းဆက်သည်။

"ဒေါက်တာဟန်တာ ဒီနေ့ ဂျူတီ အားရက်ပါရှင်"

"ကျေးဇူးပါပဲ" သူက တိုက်ခန်းသို့ လှမ်းခေါ်သည်။ ကက်ရှိနေ၏။

"ဟိုင်း ... ဒါလင်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကင် ... ရှင်ဘယ်သွားနေတာလဲဟင်၊ ကျွန်မက စိုးရိမ်နေတာ၊ ကျွန်မ ဖုန်းလှမ်းဆက်တာစုံလို့ပဲ"

"မိသားစုအရေးပေါ်ကိစ္စနဲ့ ကိုယ်ချက်ချင်း ထွက်သွားရတယ် ... ကက်" သူ့အသံက အေးဆေးသည်။ "ကိုယ့်ကို ခွင့်လွှတ်ပါ၊ မင်းဆီဖုန်းဆက်ဖို့ အချိန် လုံးဝမရခဲ့လို့ပါ၊ အခု ကိုယ်လာလို့ ရမလား"

"အို ... မေးနေရသေးသလား ကင်၊ ကျွန်မက ရှင်ဘာမှ မဖြစ်တာဘဲ ဝမ်းသာလို့ မဆုံးဘူး"

"နာရီဝက်အတွင်း ရောက်လာမယ်" သူ ဖုန်းကို ပြန်ချလိုက်၏။ *အင်း ... အချိန်တော့ရောက်ပြီ၊ ရနိုင်သမျှ အကုန်ယူရတော့မယ်၊ ပျော်စရာကြီးပဲ၊ ဒါပေမဲ့ ဒါက အသေးအဖွဲ့ပဲရှိသေးတာ ...* ။

■

မယ်လိုရီ အခန်းထဲဝင်လာတော့ ကက်က အပြေးကလေး ဖက်ထားလိုက်သည်။

"ကျွန်မ အောက်မေ့လိုက်တာ ... ကိုရယ်" သူ့အတွက် မနေတတ်၊ မထိုင်တတ်အောင် ပူပန်ခဲ့ရတာကို ပြောလို့ တော့မဖြစ်၊ ယောကျ်ားတွေက အဲဒါမျိုးမကြိုက်တတ်ကြ၊ ကက်က နောက်ပြန်ဆုတ်ပြီး "ဒါလင် ... ရှင့်ကြည့်ရတာ ခြေကုန်လက်ပန်းကျနေသလိုပါပဲလား"

မယ်လိုရီက ဟင်းခနဲ သက်မချလိုက်ပြီး ...

"ဟုတ်တယ် ... အချစ် ကိုယ် ၂၄ နာရီလုံးလုံး မအိပ်ခဲ့ရဘူး" *ဒါက တစ်ဝက်တော့ မှန်ပါတယ်။*

ကက်က သူ့ရင်ခွင်ထဲ ဦးခေါင်းထိုးလျက် ...

"အို ... ကျွန်မ စိတ်မကောင်းပါဘူးကွယ်၊ ဒါထက် သောက်စရာ တစ်ခုခု လုပ်လိုက်ရမလား"

"နေပါစေ၊ ရပါတယ်၊ အိပ်လိုက်ရင် အားရှိသွားမှာပါ၊ ကဲ ... ထိုင်ပါဦး၊ စကားလေးဘာလေး ပြောရအောင်"

နှစ်ယောက်သား ဆိုဖာခုံရှည်ပေါ်တွင် ဘေးချင်းကပ် ထိုင်ကြသည်။

"ဘာများ အရေးကြီးလို့လဲ ... ကင်"

မယ်လိုရီက အသက်ကို ပြင်းပြင်းမှုတ်ထုတ်လိုက်ပြီးနောက် ...

"ကက် ... ကိုယ်တို့ကိစ္စကို နောက်ပိုင်းမှာ ကိုယ်တော်တော်စဉ်းစားခဲ့တယ်"

ကက်က ပြုံးလျက် "ကျွန်မလည်း စဉ်းစားခဲ့ပါတယ်၊ ရှင့်ကို သတင်းကောင်း ပေးစရာရှိတယ်"

"နေဦး၊ ကိုယ် ဆုံးအောင်ပြောပါရစေဦး၊ ကိုယ်တွေးမိတယ် ... ကက်၊ ကိုယ်တို့လုပ်ရပ်တွေ သိပ်ပြီး အလော သုံးဆယ်ဖြစ်နေတယ်၊ ကိုယ် ... ကိုယ် မင်းကို လက်ထပ်ခွင့်တောင်းတာ သိပ်မြန်လွန်းနေတယ်"

ကက် မျက်နှာဖြူရော်သွားသည်။ "ဟင် ... ဘာ ... ဘာပြောတယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုပါ၊ ကိုယ်တို့ အစီအစဉ်တွေအားလုံး အချိန်ရွှေ့လိုက်ဖို့ ကောင်းတယ်ဆိုတာပါ"

တစ်ခန်းလုံး သူ့ကို ပိတ်ညှပ်လိုက်သလို ကက် ခံစားလိုက်ရ၏။ သူအသက်ပင် မရှူနိုင်ဖြစ်နေသည်။ တော်တော်ကြာတော့မှ မနည်းအားယူပြီး ...

"အချိန်ရွှေ့လို့ မဖြစ်တော့ဘူး ကင်၊ ရှင့်ရင်သွေးလေး ကျွန်မဗိုက်ထဲမှာ ရောက်နေပြီ။ ။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၀-

သန်းခေါင်လောက်တွင် ပေ့ဂျ် တိုက်ခန်းသို့ ပြန်ရောက်လာသည်။ ခြေကုန်လက်ပန်းကျနေ၏။ တစ်နေ့ကုန် လူမောစိတ်မော ဖြစ်ခဲ့ရ၏။ နေ့လယ်စာ စားချိန်ပင်မရ။ ခွဲစိတ်နေရင်းက ညနေစာကို ဆင်းဒဝစ်မုန့်တစ်ခုဖြင့် တင်းတိမ်လိုက်ရသည်။ အိပ်ရာထဲ လှဲလိုက်သည်နှင့် ချက်ချင်းလိုပင် အိပ်ပျော်သွားတော့သည်။

တယ်လီဖုန်းသံကြောင့် ပြန်နိုးလာသည်။ တယ်လီဖုန်းကို လှမ်းကိုင်ပြီး စားပွဲတင်နာရီကို စောင်းကြည့်လိုက်သည်။ နံနက် ၃ နာရီ။

"ဟဲလို ..."

"ဒေါက်တာ တေလာလား၊ အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ၊ ဒေါက်တာ့လူနာက ဒေါက်တာ့ကို ခုချက်ချင်း တွေ့ပါရစေလို့ အတင်းပူဆာနေပါတယ်"

ပေ့ဂျ် လည်ချောင်းခြောက်နေသည်။ ရုတ်တရက် စကား မပြောနိုင်၊ အတန်ကြာတော့မှ ...

"ကျွန်မ နားရက်ပါ၊ တခြားတစ်ယောက် ..."

"လူနာက တခြားလူ လက်မခံဘူး၊ ဒေါက်တာ့ကိုပဲ တွေ့ချင်တယ်တဲ့... "

"သူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဂျွန်ကရိုနင်ပါ"

သူ အိပ်ရာပေါ် မတ်မတ်ထိုင်လိုက်ပြီး ...

"ဘာဖြစ်နေလို့လဲ"

"အဲဒါတွေ ကျွန်မ မသိဘူး၊ ဒေါက်တာကလွဲပြီး ဘယ်သူနဲ့မှ စကားမပြောချင်ဘူးတဲ့"

"ကောင်းပြီလေ၊ ကျွန်မ ခုချက်ချင်း လာခဲ့မယ်"

နောက်မိနစ်သုံးဆယ်ခန့်အကြာတွင် ဆေးရုံသို့ ပေ့ဂျ်ရောက်လာ၏။ လူနာခန်းသို့ တန်းလာခဲ့သည်။ သူအိပ်ရာထဲ လှဲနေသည်။ နီးနေသည်။ နှာခေါင်းနှင့် လက်မောင်းများတွင် ပိုက်တွေတန်းလန်းနှင့် ... ။

"ဒေါက်တာလာတာ ကျေးဇူးတင်ပါတယ်" သူ့အသံ အလွန် အားပျော့နေ၏။

ခုတင်စွန်းတွင် ပေ့ဂျ် ဝင်ထိုင်သည်။ သူက ပြုံးလျက် ...

"ဦး ... လောလောဆယ် အိပ်ပျော်အောင်သာ ကြိုးစားပါ၊ ဒီဆေးရုံကြီးမှာ တခြားလူတွေ မလုပ်ပေးနိုင်တာ ကျွန်မကရော လုပ်ပေးနိုင်ပါ့မလား"

"ဒေါက်တာက ကျုပ်ကို စကားပြောစေချင်တယ်"

"ဒီအချိန်ကြီးမှာလား၊ ဒါအရေးပေါ်ကိစ္စလား"

"ဟုတ်တယ်၊ ကျုပ်မနေချင်တော့ဘူး"

ပေ့ဂျ် ခေါင်းကိုခါယမ်းလျက် ...

"ဒါမဖြစ်နိုင်ဘူး၊ ဦး အိမ်ပြန်လို့ မရသေးဘူး၊ အိမ်မှာက ဆေးရုံလို ပြုစုမှုမရှိနိုင်ဘူး"

"ကျုပ် အိမ်ပြန်ဖို့ ပြောတာမဟုတ်ဘူး၊ ကျုပ်ထွက်သွားချင်ပြီလို့ ပြောတာ"

"ဦး ... ဘာပြောတာလဲ"

"ကျုပ်ပြောတာ ဒေါက်တာ နားလည်ပါတယ်၊ ကျုပ်ကို ဆေးက မကယ်နိုင်တော့ဘူး၊ ဝေဒနာဒဏ်ကိုလည်း ကျုပ် မခံနိုင်တော့ဘူး၊ ကျုပ်ထွက်သွားချင်ပြီ"

ပေ့ဂျ်က သူ့လက်ကို ကိုင်လျက် ...

"ဦး ... အဲဒါကို ကျွန်မ မတတ်နိုင်ဘူး၊ ဦးကို ကျွန်မ တစ်ခုခုပေး ... "

"ဘာမှ မပေးနဲ့တော့၊ ကျုပ် သိပ်မောနေပြီ၊ ကျုပ် ဘယ်ပဲရောက်ရောက် ထွက်သွားချင်ပြီ၊ ဒီလိုကြီးနဲ့ ဝေဒနာဒဏ်ခံစားနေရတာ ပင်ပန်းလှပြီ၊ နောက်ထပ် မခံနိုင်တော့ဘူး"

"ဦး ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်နှရက်နေရဦးမှာလဲ၊ သုံးလေးရက်လား၊ ကျုပ်ပြောတယ် မဟုတ်လား၊ ကျုပ် ဝေဒနာဒဏ် ဆက်ပြီး မခံနိုင်တော့ဘူး၊ ကျုပ်က ဒီပိုက်ကြီးတွေတန်းလန်းနဲ့ ထောင်ချောက်မိနေတဲ့ တိရစ္ဆာန်တစ်ကောင်လိုဖြစ်နေပြီ၊ ကျုပ်ခန္ဓာကိုယ်ထဲမှာ အတွင်းကြေ ကြေနေပြီ၊ ဒါ ရှင်နေတာ မဟုတ်တော့ဘူး၊ သေမင်းငင်နေပြီ၊ ကျုပ်ကို ကူညီပါ ဒေါက်တာ"

ရုတ်တရက် နာကျင်မှုကြောင့် သူ့တစ်ကိုယ်လုံး လှုပ်ခါသွား၏။ စကားပြန်ပြောတော့ ကြားရရုံကလေး။

"ကျေးဇူးပြုပြီး ကျုပ်ကို ကူညီပါ ဒေါက်တာ၊ ကျုပ် တောင်းပန်ပါတယ်"

သူ ဘာလုပ်ရမည်ဆိုတာ ပေ့ဂျ် သိသည်။ မစ္စတာကရိုနင် မေတ္တာရပ်ခံချက်ကို ဆေးရုံအုပ်ကြီး ဒေါက်တာဝါလေ့ထံ အစီရင်ခံရမည်။ သူကတစ်ဆင့် ဆေးရုံကြီးကြပ်ရေးအဖွဲ့ကို တင်ပြမည်။ သူတို့က ဆရာဝန်များအဖွဲ့ ဖွဲ့၍ အခြေအနေကို ဆွေးနွေးသုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ပေးမည်။ အဲဒါကိုမှ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က အတည်ပြုမည်။

"ဒေါက်တာ ... ဒါ ကျုပ်ဘဝ၊ ကျုပ် အသက်ပါ၊ ကျုပ် ကြိုက်သလို လုပ်ပါရစေ"

ပေ့ဂျ်က ဝေဒနာဒဏ် အလူးအလိမ့်ခံစားနေရသည့် လူနာကို ကြင်နာစွာ ကြည့်နေသည်။

"ဒေါက်တာ့ကို ကျုပ်တောင်းပန်နေပါတယ်"

ပေ့ဂျ်က သူ့လက်ကိုကိုင်ကာ အကြာကြီး ငြိမ်သက်နေသည်။ အတန်ကြာတော့မှ ...

"ကောင်းပြီ ... ဦး၊ ကျွန်မ လုပ်ပေးပါ့မယ်"

ကရိုနင်က အားယူပြုံးပြီး ...

"ဒေါက်တာ့ကို အားကိုးရမယ်ဆိုတာ ကျုပ်သိတယ်"

ပေ့ဂျ်က ကိုယ်ကိုင်ညွှတ်ကာ ကရိုနင်၏ နဖူးကို ညင်ညင်သာသာ နမ်းသည်။

"မျက်လုံးကိုမှိတ်၊ အိပ်တော့"

"ဂွတ်နိုက် ... ဒေါက်တာ"

"ဂွတ်နိုက် ... ဦး"

ကရိုနင်သည် သက်မချပြီး မျက်လုံးကို မှိတ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးရိပ်ယှဲ့ယှဲ့သန်းလျက် ... ။

ပေ့ဂျ်သည် သူလုပ်ရမည့်အလုပ်ကို ထိုင်စဉ်းစားနေသည်။ ဒေါက်တာရက်နားနှင့် ပထမဆုံးအကြိမ် ရောင်းလှည့်သည့်နေ့က သူအလွန်ကြောက်လန့်ခဲ့တာကို သတိရမိ၏။ *လူနာအမျိုးသမီးက သတိမရတာ ခြောက်ပတ်ရှိပြီ၊ သူ့ရဲ့ အဓိက အင်အားစုတွေက ပျက်စီးနေပြီ၊ သူ့ကို တို့ဘယ်လိုမှ မကယ်နိုင်တော့ဘူး၊ သူ့ကို တပ်ထားတဲ့ ပိုက်တွေအားလုံး ဒီညနေ ဖြုတ်လိုက်တော့၊ လူသားတစ်ယောက်အား သူခံစားနေရသည့် ဝေဒနာမှ လွတ်မြောက်အောင် လုပ်ပေးခြင်းမှား မှားသလား။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရေအောက်တွင် ရွေ့လျားနေသူပမာ သူ ဖြည်းဖြည်းထကာ အခန်းထောင့်ရှိ ဆေးဗီရိုဆီသို့ လျှောက်လာသည်။ အရေးပေါ်သုံးရန် ဆောင်ထားသည့် အင်ဆူလင်တစ်ပုလင်း ဗီရိုထဲတွင်ရှိသည်။ သူသည် ဆေးပုလင်းကို ယူပြီး ပုလင်းကို ရပ်ကြည့်နေ၏။ ထို့နောက် ပုလင်းကို ဖွင့်သည်။ ဆေးထိုးပိုက်တွင် ဖြည့်သည်။ ပြီးတော့ လူနာ၏ဘေးသို့ လျှောက်လာသည်။ *ကျုပ်က ဒီပိုက်ကြီးတွေတန်းလန်းနဲ့ ထောင်ချောက်မိနေတဲ့ တိရစ္ဆာန်တစ်ကောင်လို ဖြစ်နေပြီ၊ ဒါ ရှင်နေတာ မဟုတ်တော့ဘူး၊ သေမင်းငင်နေပြီ၊ ကျုပ်ကိုကူညီပါ ဒေါက်တာ။*

ပေ့ဂျ်သည် ကိုယ်ကိုကိုင်းကာ ကရိုနင်၏ လက်မောင်းသွေးကြောထဲသို့ အင်ဆူလင်ကို ညင်သာဖြည်းညင်းစွာ ထိုးသွင်းပေးလိုက်၏။

"အိပ်ပါတော့ ... ဦးရယ်" ပေ့ဂျ်က တိုးတိုးပြောသည်။ သူ ငိုရှိုက်တာကို သူ သတိမထားမိ။

ထို့နောက် ပေ့ဂျ် အိမ်သို့ ကားမောင်းပြန်လာသည်။ တစ်ညလုံး တစ်မှေးလေးမျှ အိပ်မပျော်၊ သူလုပ်ခဲ့တာကို တွေးရင်း မျက်လုံးတွေ ကြောင်နေ၏။

၆ နာရီတွင် ဆေးရုံမှ အလုပ်သင်ဆရာဝန်တစ်ယောက်ထံမှ ဖုန်းလာသည်။

"သတင်းဆိုးပေးရမှာကို စိတ်မကောင်းပါဘူး ... ဒေါက်တာတေလာ၊ ဒေါက်တာ့လူနာ ဂျွန်ကရိုနင် မနက်အစောကြီးက နှလုံးရောဂါနဲ့ ဆုံးသွားရှာပြီ"

ထိုနေ့မနက် တာဝန်ကျဆရာဝန်မှာ ဒေါက်တာအာသာကိန်း ဖြစ်၏။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## **အခန်း-၃၁-**

တစ်ကြိမ်က ကင်မယ်လိုရီသည် ပြဇာတ်ကြည့်ရင်း အိပ်ပျော်နေဖူးသည်။ သည်နေ့ညတွင် သူသည် ဆန်ဖရန်စစ္စကို ပြဇာတ်ရုံ၌ "ရီဂိုလက်တို" ပြဇာတ်ကို စိတ်ဝင်စားစွာ ကြည့်နေ၏။ သူသည် လော်ရင်းတို့သားအဖနှင့်အတူ အထက်တန်းတွင် ထိုင်နေသည်။ အားလပ်ချိန်တွင် အနားယူခန်း၌ အလက်ဟာရစ်ဆင်က မယ်လိုရီအား သူ့မိတ်ဆွေတော်တော်များများနှင့် မိတ်ဆက်ပေးသည်။

"ဒါ ကျုပ် သမက်လောင်း နာမည်ကျော်ဆရာဝန် ကင်မယ်လိုရီ"

အလက်ဟာရစ်ဆင်၏ သမက်လောင်းဖြစ်သွားသည်နှင့် နာမည်ကျော် ဆရာဝန် ဖြစ်သွားတော့သည်။

ပြဇာတ်ပြီးသောအခါ သူတို့သုံးယောက် ညစာစားရန် "ဖဲယားမွန့်" ဟိုတယ်သို့ လာကြသည်။ ခမ်းနားလှသည့် ပင်မ ညစာစားခန်းတွင် ထိုင်ကြသည်။ ဟိုတယ်မန်နေဂျာက အလက်ဟာရစ်ဆင်အား တလေးတစား နှုတ်ဆက်တော့ မယ်လိုရီက စိန်နား ကပ်အရောင်နှင့် ပါးပြောင်ပြီး အလွန်အူမြူးမိသည်။ *ဒီနေ့ကစပြီး ဒီလိုနေရာမျိုးတွေမှာ ငါ ဝင်ဆံ့တော့မယ်၊ ငါ ဘယ်သူဆိုတာ လူတိုင်း သိကြတော့မယ်။*

အစားသောက်များ မှာပြီးသောအခါ လော်ရင်းက ...

www.burmeseclassic.com

www.burmeseclassic.com



''ဒါလင် ... ကျွန်မတို့ ဒီရက်အတွင်း စေ့စပ်ကြောင်းလမ်းပွဲ လုပ်သင့်ပြီ ထင်တယ်''

''ကောင်းတယ်'' အဖေကြီးက ပြောသည်။ ''ပွဲကြီးပွဲကောင်းလုပ်မယ်၊ ဘယ့်နှယ်လဲ ... ဟင်''

မယ်လိုရီနားထဲ သတိပေးခေါင်းလောင်းသံ ကြားရသည်။ စေ့စပ်ပွဲလုပ်လျှင် လူသိရှင်ကြား ဖြစ်ကုန်တော့မည်။ *ကက် ပြဿနာကို အရင်ရှင်းရမယ်၊ ပိုက်ဆံသိပ်မကုန်ဘဲနဲ့ ရှင်းရမယ်၊* မိုက်မဲသည့် အလောင်းအစားလုပ်မိခြင်းအတွက် သူ့ကိုယ်သူ ကျိန်ဆဲမိသည်။ ဒေါ်လာတစ်သောင်းကလေးမျှဖြင့် သူ၏ တောက်ပသော အနာဂတ်ဘဝတစ်ခုလုံး ပျက်စီးရတော့မည်။ ဟာရစ်ဆင်တို့ အကြောင်းကို ကက်အား ပြောပြလျှင် ဘာဖြစ်လာမည်ဆိုတာကို သူ ကြိုသိထားသည်။ *မဖြစ်ဘူး ... မဖြစ်ဘူး ... ကက်ကို ရှင်းပစ်ဖို့ နည်းလမ်းရှာမှ ဖြစ်မယ် ...* ။

သားအဖနှစ်ယောက်က သူ့အဖြေကို မျှော်လင့်တကြီး စောင့်စားနေကြသည်။

သူက ပြုံးလျက် ''စေ့စပ်ပွဲလုပ်မယ်ဆိုရင် သိပ်ကောင်းတာပေါ့ ... ဦး''

အလက်ဟာရစ်ဆင်က မယ်လိုရီဘက်လှည့်လျက် ...

''ငါ မင်းအတွက် စကားကမ်းလှမ်းထားပြီးပြီ ... ကင်''

''ဘာပါလိမ့် ... ဦး''

''နော့သ်ရှိုးဆေးရုံအုပ်ကြီး ဂယ်ရီဂစ်လင်က ငါနဲ့ ဂေါက်ရိုက်ဖက် မိတ်ဆွေရင်းကြီးပဲ၊ သူ့ကို ငါ မင်းအကြောင်း ပြောပြတယ်၊ မင်းကို သူ့ဆေးရုံမှာ တွဲဖက်ခန့်ထားရင် ဘာပြဿနာမှ မရှိနိုင်ဘူးလို့ သူကပြောတယ်၊ ဒါ တကယ့်ဂုဏ်ယူစရာ အခွင့်အရေးကြီးပဲ၊ တစ်ချိန်တည်းမှာပဲ ငါက မင်းကို ကိုယ်ပိုင်ဆေးခန်း ထောင်ပေးမယ်''

''အဲဒါဆို သိပ်ကောင်းတာပေါ့ ... ဦး''

''အောင်မြင်တဲ့ ကိုယ်ပိုင်လုပ်ငန်းဖြစ်ဖို့ကတော့ အနည်းဆုံး နှစ်နှစ်သုံးနှစ်လောက် အချိန်ယူရလိမ့်မယ်၊ ဒါပေမဲ့ ငါထင်တယ်၊ မင်းအနေနဲ့ တစ်နှစ် ဒါမှမဟုတ် နှစ်နှစ်အတွင်းမှ ဒေါ်လာနှစ်သိန်းသုံးသိန်းလောက်တော့ ရှိုင်ပါလိမ့်မယ်''

*ဒေါ်လာ နှစ်သိန်း သုံးသိန်းတဲ့၊ ဘုရားရေ ... သူပြောပုံက ကျောက်ခဲသလဲ ကူနေတာပဲ။*

''ဟုတ်... ဟုတ်ကဲ့၊ အဲဒီလိုဆို သိပ်ကောင်းတာပေါ့ ... ဦး''

လော်ရင်းက ကြားဖြတ်ပြီး ...

''ဒါနဲ့ ... ကျွန်မက ဇွန်လသတို့သမီးမဖြစ်သေးဘူး၊ ဇွန်လဆိုရင် ဘယ်လိုနေမလဲ — ဒါလင်''

ကက်၏ စကားကို မယ်လိုရီ ကြားယောင်လာ၏။ *ကျွန်မတို့ ဇွန်လကို ရက်သတ်မှတ်ရင် ကောင်းမလား ... ဟင်၊ ဇွန်လပဲ ကောင်းပါတယ်လေ။*

www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီက လော်ရင်း၏ လက်ကို ဆုပ်ကိုင်ရင်း "အဲဒါကောင်းပါတယ်"၊ *အဲဒါမှ ကက်ပြဿရှင်းဖို့ အချိန်ရမယ်။* သူ့အတွေးနှင့်သူ ပြုံးလိုက်သည်။ *ငါနဲ့အိပ်ခဲ့တဲ့အတွက် သူ့ကို ဗိုက်ဆံ အသင့်အတင့် ပေးလိုက်ရင် ပြဿနာ ပြေလည်သွားနိုင်တယ်။*

"တို့မှာ ပြင်သစ်တောင်ပိုင်းမှာ ရွက်လှေတစ်စင်းရှိတယ်၊ မင်းတို့နှစ်ယောက် 'ရီးဗဲရာ' ကမ်းခြေမှာ 'ဟန်းနီးမွန်း' ထွက်ဖို့ အဆင်သင့်ပဲ"

*ရွက်လှေတစ်စင်း၊ ရီဗဲရာကမ်းခြေ၊ စိတ်ကူးအိပ်မက်မျှော်မှန်းချက်တွေ တကယ်ဖြစ်ပေါ်လာပါရောလား၊* မယ်လိုရီက လော်ရင်းကို ကြည့်လိုက်ပြီး "လော်ရင်းနဲ့ဆိုရင် ဘယ်နေရာပဲသွားရ သွားရ၊ ပျော်စရာချည်းပါပဲ"

အလက်ဟာရစ်ဆင်က ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဟုတ်ပြီလေ၊ အားလုံးစီစဉ်ပြီးပြီပဲ" သူ့သမီးဘက်လှည့်လျက် "အင်း... ဖေဖေကတော့ သမီးကို လွမ်းနေဦးမှာပဲ"

"ဖေဖေက သမီးကို မစွန့်လွှတ်ရပါဘူး၊ ဆရာဝန်တစ်ယောက်ကို ရလိုက်တာပဲ"

"အဲဒါဟုတ်တယ်၊ သိပ်ကောင်းတယ်၊ ငါ့အသက်ကို ကယ်လိုက်တဲ့အတွက် မင်းကို ကျေးဇူးဆပ်လို့တောင် ကုန်နိုင်တော့မှာ မဟုတ်ဘူး ... ကင်"

လော်ရင်းက မယ်လိုရီ၏ လက်ကို တယုတယ ပွတ်သပ်လျက် ...

"ဖေဖေ့ကိုယ်စား ကျွန်မက မောင့်ကို ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ ... ကင်၊ နောက်တစ်ပတ် တို့ဆီ နေ့လယ်စာ လာစားပါလား၊ ဆေးခန်းဖွင့်ဖို့အတွက် သင့်တော်တဲ့နေရာ တစ်နေရာ ရှာကြမယ်၊ ပြီးတော့ မင်းကို ဂယ်ရီဂစ်လင်နဲ့လည်း ဆုံပေးမယ်၊ ငါ့မိတ်ဆွေက မင်းကို သိပ်တွေ့ချင်နေကြတာ"

"သမီးလည်း ပြောပါရစေဦး ဖေဖေ၊ သမီးကလည်း ကင့်အကြောင်းကို သမီး မိတ်ဆွေတွေကို ပြောထားပြီးပြီ၊ သူတို့နဲ့လည်း တွေ့ပေးရဦးမယ်လေ"

"ကိုယ်က မင်းကိုပဲ စိတ်ဝင်စားတာပါ ... ဒါလင်"

■

'ရီးလ်ရှိုက်စ်' ဖိမ်ခံကားကြီးပေါ် တက်ကြပြီးသောအခါ လော်ရင်းက ...

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဒါလင်က ဘယ်မှာဆင်းမှာလဲဟင်"

"ဆေးရုံ၊ လူနာတချို့ ပြန်ကြည့်စရာရှိလို့"

တကယ်တော့ သူ ဘာလူနာမှ ကြည့်စရာမရှိ၊ ကက် ဆေးရုံမှာ တာဝန်ကျနေသည်။ လော်ရင်းက မယ်လိုရီ၏ ပါးပြင်ကို လက်ဖြင့် ပွတ်သပ်ရင်း ...

"ဪ ... ငါ့ဒါလင် သနားစရာကောင်းလိုက်တာ၊ သိပ်ပြီး အလုပ် လုပ်တာပဲနော်"

မယ်လိုရီ သက်မချလျက် ...

"ကိစ္စမရှိပါဘူး၊ လူတွေကို ကူညီနေရရင် ကိုယ်က ပင်ပန်းတယ်လို့ မထင်ပါဘူး"

■

မယ်လိုရီသည် အဝတ်လဲခန်းသို့ မြန်မြန်သွားပြီး ညစာစားပွဲဝတ် ဂျက်ကက်အင်္ကျီကို ကပျာကယာ ပြန်ချွတ်လိုက်၏။

ကက်ကို လူအိုရောဂါဌာနတွင် တွေ့ရသည်။

"ဟိုင်း ... ကက်"

ကက် တော်တော်ဒေါသထွက်နေသည်။

"မနေ့ညက ကျွန်မတို့ ချိန်းထားတယ် မဟုတ်လား"

"ကိုယ်သိပါတယ်၊ ဆောရီးပဲ ... ကက်၊ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ၊ ကိုယ် ... "

"တစ်ပတ်ထဲမှာ သုံးကြိမ်တောင်ရှိပြီ၊ ဘာတွေဖြစ်နေတာလဲ"

"ကက် ... မင်းကို ကိုယ်ပြောစရာတွေ အများကြီးရှိတယ်၊ ဒီနားမှာ ဘယ်အခန်းအားသလဲ၊ နှစ်ယောက်တည်း သွားပြောရအောင်"

ကက် ခဏစဉ်းစားနေသည်။

"အခန်း (၃၁၅) လူနာဆင်းသွားပြီ၊ အဲဒီသွားကြမယ်"

သူတို့ စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။ သူနာပြု ဆရာမတစ်ယောက် ဖြတ်လျှောက်လာရင်း ...

"ဪ ... ဒေါက်တာမယ်လိုရီ၊ ဒေါက်တာပီတာဆင်က ဒေါက်တာ့ကို လိုက်ရှာနေတယ်၊ သူက ... "

"ကျွန်တော် အလုပ်များနေတယ်လို့ ပြောလိုက်ပါ"

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



သူက ကက်၏ လက်မောင်းကို ကိုင်ပြီး ဓာတ်လှေကားသို့ ဆက်လျှောက်လာကြသည်။

တတိယထပ်တွင် ဓာတ်လှေကားရပ်သည်။ သူတို့သည် စင်္ကြံလမ်းအတိုင်း လျှောက်လာပြီး အခန်း (၃၁၅) သို့ ဝင်လာကြ၏။ မယ်လိုရီက တံခါးကို ပြန်ပိတ်လိုက်သည်။ သူ အသက်ရှူကျပ်နေ၏။ သူ၏ ရွှေရောင်လွှမ်းသော အနာဂတ်ဘဝသည် နောက်မိနစ်အနည်းငယ်အပေါ်တွင် တည်နေ၏။

သူက ကက်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ ရိုးသားမှုကို ပြရမည့်အချိန် ဖြစ်သည်။

"ကက် ... မင်းကို အရူးအမူးချစ်တယ်ဆိုတာ မင်းအသိပဲ၊ မင်းကို ချစ်သလို ကိုယ်ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး၊ ဒါပေမဲ့ ... ဒီအချိန်မှာ ကလေးယူဖို့ဆိုတဲ့ စိတ်ကူးကတော့ ... အဲ ... ဘယ်လောက်မှားတယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်းပါ။ ကိုယ်တို့မှာ ပိုက်ဆံကလည်း ... "

"ဒါပေမဲ့ ... ကျွန်မတို့ ဖြစ်နိုင်ပါတယ်၊ ရှင့်ကို ကျွန်မ သိပ်ပြီးချစ်ပါတယ် ... ကင်၊ ပြီးတော့ ကျွန်မ ... "

"နေပါဦး၊ ကိုယ်ပြောချင်တာက ဒီကိစ္စတွေကို ခဏရပ်ထားဖို့ပါ၊ ကိုယ် ဒီဆေးရုံမှာ အလုပ်သင်ကာလ ပြီးအောင် စောင့်ပါ၊ ကိုယ်ပိုင်ဆေးခန်းဖွင့်ပြီးတော့မှ စီစဉ်ကြတာပေါ့၊ ကိုယ်တို့ အရှေ့ဘက်ကို သွားကြမယ်၊ တစ်နှစ် နှစ်နှစ် အတွင်းမှာ ကိုယ်တို့ လက်ထပ်နိုင်မယ်၊ အဲဒီတော့မှ ကလေးယူကြမယ်"

"ဒါပေမဲ့ ... ရှင့်ကို ကျွန်မပြောပြီးပြီပဲ၊ ကျွန်မမှာ အခု ကိုယ်ဝန်ရှိနေပြီ"

"ကိုယ်သိပါတယ် ... ဒါလင်၊ ဒါပေမဲ့ ... အဲဒါက ဘယ်နှစ်လရှိပြီမို့လဲ၊ နှစ်လပဲရှိသေးတယ် မဟုတ်လား၊ ဖျက်ချဖို့ အချိန်တွေအများကြီး ကျန်ပါသေးတယ်"

ကက်က သူ့ကို အလန့်တကြား ကြည့်လိုက်၏။

"မရဘူး၊ ကျွန်မ မဖျက်ချနိုင်ဘူး၊ ကျွန်မတို့ ချက်ချင်းလက်ထပ်ချင်တယ်၊ အခုချက်ချင်း လက်ထပ်မယ်။ ကျွန်မတို့ လက်ထပ်ကြတော့မယ်ဆိုတာ ပေ့ဂ်ျနဲ့ ဟန်နီတို့ကိုလည်း ပြောပြပြီးပြီ၊ သူတို့က အပျိုရံတွေလုပ်ကြမှာ၊ ပြီးတော့ ကလေးအကြောင်းလည်း သူတို့ကို ပြောပြီးပြီ"

မယ်လိုရီသည် တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရ၏။ အားလုံး ဖရိုဖရဲ ဖြစ်ကုန်ပြီ။ သည်ကိစ္စကို ဟာရစ်ဆင်တို့သားအဖ သိသွားလျှင် သူ့ဘဝပျက်ပြီ။

"အဲဒါတော့ မင်း မလုပ်သင့်ဘူး"

"ဘာဖြစ်လို့လဲ"

မယ်လိုရီက အားတင်း၍ ပြုံးလိုက်ပြီး ...

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကိုယ်တို့ရဲ့ အတွင်းရေးကို လူမသိစေချင်ဘူး"

*မင်းကို ငါ ကိုယ်ပိုင်ဆေးခန်း ထူထောင်ပေးမယ်၊ ပထမတစ်နှစ် နှစ်နှစ်အတွင်းမှာ မင်းအနေနဲ့ ဒေါ်လာနှစ်သိန်း သုံးသိန်း ရနိုင်တယ်။*

"ကက် ... ဒါ မင်းကို ကိုယ်နောက်ဆုံးပြောခြင်းပဲ၊ မင်းကိုယ်ဝန် ဖျက်ချမလား" သူက "ဟုတ်ကဲ့" ဟူသော အဖြေကို အငမ်းမရ ကြားချင်နေ၏။

"မချဘူး"

"ကက်"

"ကျွန်မ မဖျက်နိုင်ဘူး ... ကင်၊ ကျွန်မ အပျိုဖော်ဝင်စက ဖျက်ချခဲ့ရတာ ဘယ်လောက်ခံစားခဲ့ရသလဲ၊ ရှင့်ကို ကျွန်မ ပြောပြပြီးပြီပဲ၊ ကျွန်မ အဲဒီလိုအဖြစ်မျိုး နောက်ထပ် ဘယ်တော့မှ အဖြစ်မခံနိုင်တော့ဘူး၊ ကျွန်မကို နောက်ထပ် ဘာမှ မပြောပါနဲ့တော့"

သူ အခွင့်အရေးယူ၍ မရနိုင်တော့ဘူးဆိုတာ မယ်လိုရီ ချက်ချင်းသဘောပေါက်သွား၏။ သူ့အဖို့ တခြားရွေးစရာ လမ်းမရှိတော့။

*ဒီကောင်မကို သတ်မှ ဖြစ်တော့မယ်။ ။*

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃၂-

ဟန်နီသည် အခန်း (၃၀၆) မှ လူနာနှင့် သွားတွေ့ရန်သာ နေ့စဉ် မျှော်နေသည်။ သူ့နာမည် ရောင်ရယ်လီ၊ ရုပ်ရည်ချောမောသည့် အိုင်ယာလန်လူမျိုး၊ ဆံပင်က နက်မှောင်ပြီး မျက်လုံးတွေက အရောင်တောက်နေ၏။ အသက် ၃၀ ကျော်လောက် ရှိလိမ့်မည်ဟု ဟန်နီက ခန့်မှန်းသည်။

ဟန်နီ ရောင်းလှည့်ရင်း သူ့ကို ပထမဆုံးတွေ့တော့ သူ့မှတ်တမ်းကတ်ကို ယူကြည့်သည်။

"ရှင်က သည်းခြေအိတ်ခွဲစိတ်ဖို့ လာတာနော်"

"ဟုတ်ပါတယ်၊ သူတို့က ကျွန်တော့်သည်းခြေအိတ်ကို ထုတ်ပစ်ကြတော့မယ် ထင်တယ်"

ဟန်နီက ပြုံးလျက် "အဲဒီသဘောပါပဲ"

ရောင်က မျက်လုံးနက်ကြီးများဖြင့် ဟန်နီကိုကြည့်လျက်...

"ကျွန်တော့်အသည်းနှလုံးကလွဲရင် သူတို့ ထုတ်ချင်တာ ထုတ်ပစ်ကြပါစေ၊ အသည်းနှလုံးတော့ ခင်ဗျားပိုင်တာ"

ဟန်နီရယ်လျက် "မြောက်တတ်တော့ ရှင်က နေရာတိုင်းမှာ အလုပ်ဖြစ်မှာပေါ့နော်"

"ဟုတ်နိုင်ပါတယ် ... ဒါလင်"

ဤသို့ဖြင့် အားလပ်ချိန်အနည်းငယ်ရတိုင်း ဟန်နီသည် ရောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်လာပြီး အာလာပ သလ္လာပ ပြောနေလေ့ရှိသည်။ ရှောင်က ရုပ်ချောသလောက် ရယ်စရာလည်း ပြောတတ်သည်။ သူနှင့် စကားပြောရတာ ပျော်သည်။

"ခွဲစိတ်တော့ ရှင်ကြောက်နေမယ် ထင်တယ်"

"ခင်ဗျားခွဲစိတ်ရင်တော့ မကြောက်ပါဘူး ဆရာဝန်မကြီးရယ်"

"ကျွန်မက ဆရာဝန်မကြီး မဟုတ်ပါဘူး၊ အလုပ်သင်ဆရာဝန်ပါ"

"အလုပ်သင်ဆရာဝန်တွေက လူနာတွေနဲ့ အပြင်ထွက်ပြီး ညစာလိုက်စားလို့ ရသလား"

"မရဘူး၊ စည်းကမ်းထုတ်ထားတယ်"

"အလုပ်သင်ဆရာဝန်တွေက စည်းကမ်းချိုးဖောက်လို့ ရသလား"

"ဘယ်တော့မှ မရဘူး" ဟန်နီက ပြုံးနေသည်။

"ခင်ဗျားက တော်တော်ချောတာပဲ"

ယခင်က ဟန်နီအား သည်လိုတစ်ယောက်မှ မပြောဖူးဘူး၊ သူက ရှက်စနိုးဖြင့် ...

"ကျေးဇူးတင်ပါတယ်တဲ့ရှင်"

"မင်းက 'ကီလာနေး' လယ်တောထဲက မနက်ခင်း နှင်းပွင့်ကလေးနဲ့ တူတယ်"

"ဒါနဲ့ ... ရှင် အိုင်ယာလန်ရောက်ဖူးသလား"

သူက ရယ်ပြီး ...

"မရောက်ဖူးဘူး၊ ဒါပေမဲ့ ကျွန်တော် ကတိပေးတယ်၊ ကျွန်တော်တို့နှစ်ယောက် တစ်နေ့တော့ အတူတူသွားဖြစ်ကြမှာပါ၊ မယုံရင်ကြည့်နေ"

ညနေပိုင်းကျတော့ ဟန်နီတစ်ခေါက်ရောက်လာပြန်၏။

"နေကောင်းရဲ့လား"

"မင်းကို မြင်ရတာနဲ့ နေကောင်းသွားပြီ၊ ညစာစားထွက်ဖို့ကိစ္စ စဉ်းစားပြီးပြီလား"

"မစဉ်းစားရသေးဘူး" ဟန်နီ လိမ်ပြောသည်။

"ခွဲစိတ်ပြီးသွားရင် သွားကြရအောင်၊ အပြင်မှာ သွားစားကြမယ်၊ ဒါထက် ခင်ဗျား နေ့စပ်ပြီးပြီလား ထက်ထပ်ပြီးပြီလား၊ ဒါမှမဟုတ် အဲဒီလို မိုက်မိုက်မဲမဲတစ်ခုခု လုပ်ပြီးပြီလား"

ဟန်နီက ရယ်ပြီး "အဲဒီလို မိုက်မိုက်မဲမဲ တစ်ခုမှ မလုပ်ရသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါဗျာ၊ ကျွန်တော်လည်း အဲဒီအတိုင်းပါပဲ၊ ကျွန်တော့်ကို ဘယ်သူက ကြိုက်ပါ့မလဲ"

*မိန်းမတွေ တစ်ပုံကြီးပေါ့ဟု* ဟန်နီက တွေးလိုက်၏။

"ခင်ဗျား အိမ်ထမင်းကို ကြိုက်သလား၊ ကျွန်တော်က ထမင်းချက်ဝိဇ္ဇာပဲ"

"ကြည့်ရသေးတာပေါ့"

နောက်တစ်နေ့မနက် ဟန်နီရောက်လာသောအခါ ရှောင်က ...

"ခင်ဗျားကို ပေးစရာလက်ဆောင်တစ်ခုရှိတယ်"

သူက ရုပ်ပုံဆွဲထားသည့် စာရွက်တစ်ရွက် ကမ်းပေးသည်။ စာရွက်ပေါ်တွင် ဟန်နီ၏ ပုံတူကို ခဲသားနုနုကလေးဖြင့် ပီပီပြင်ပြင် ရေးဆွဲထားသည်။

"အယ် ... လှလိုက်တာ၊ ရှင်က တကယ့် အနုပညာရှင်ကြီးပဲ"

သူသည် အကြားအမြင်ရ ဝေဒဆရာ လူမှာအမျိုးသမီး၏ စကားကို ပြန်လည်ကြားယောင်မိ၏။ *ဒေါက်တာမှာ ချစ်သူရတော့မယ်၊ သူက အနုပညာရှင်ဖြစ်မယ်၊* ရှောင်အား သူ ထူးထူးဆန်းဆန်း ကြည့်နေသည်။

"ဘာဖြစ်တာလဲ ... ဟင်"

"အို ... ဘာမှ ... ဘာမှ မဖြစ်ပါဘူး"

■

နောက်ငါးမိနစ်ခန့်အကြာတွင် ဟန်နီသည် ဖရန်စက်ဂေါ်ဒန်၏ အခန်းသို့ လာခဲ့သည်။ သူက ဆေးစစ်ခံရင်း မကြာခဏဆိုသလို ဆေးရုံတက်ရ၏။

"အလို ... ဒေါက်တာ 'ဗာဂို' ပါလား"

"တစ်လောတုန်းက ကျွန်မကို အဒေါ် ဗေဒင်ဟောတာ မှတ်မိသေးသလား၊ ကျွန်မ ချစ်သူရတော့မယ်လို့ ဟောခဲ့တာလေ ... အနုပညာရှင်နဲ့ဆိုတာလေ"

"မှတ်မိတာပေါ့"

"အဲဒါ ... အခု သူ့ကို ကျွန်မတွေ့ပြီ ထင်တာပဲ"

ဖရန်စက်ဂေါ်ဒန်က ပြုံးလျက် ...

"အဲဒါပေါ့၊ နက္ခတ်တာရာတွေက ဘယ်တော့မှ လိမ်မပြောဘူး"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူ့ ... သူ့အကြောင်း ... ကျွန်မတို့အကြောင်း နည်းနည်းဟောပေးနိုင်မလား"

"အဲ ... ဟို ... စားပွဲအံဆွဲထဲမှာ တာရော့ဖဲချပ်တွေရှိတယ်၊ ကျေးဇူးပြုပြီး ယူပေးပါလား"

ဟန်နီက သွားယူပေးသည်။ *ဒီအလုပ်က ရယ်စရာကြီးပါ၊ ငါတော့ မယုံပေါင်။*

ဖရန့်စက်ဂေါ်ဒန်သည် တာရော့ဖဲချပ်များကို ဖြန့်ခင်းနေသည်။ ယင်းသို့ ဖြန့်ခင်းရင်း ခေါင်းတညိတ်ညိတ်လည်း လုပ်သည်။ ပြုံးလည်း ပြုံးသည်။ နောက်ဆုံး ရုတ်တရက် ရပ်လိုက်သည်။ သူ့မျက်နှာတစ်ခုလုံး ဖြူရော်သွားသည်။

"အို ... ဘုရားရေ" သူက ဟန်နီ့ကို မော်ကြည့်လိုက်သည်။

"ဘယ် ... ဘယ်လိုမြင်လို့လဲဟင်"

"ဒီအနုပညာရှင်ဟာ ... ဒေါက်တာ သူ့ကိုတွေ့ပြီလို့ ပြောတယ်နော်"

"ဟုတ်ကဲ့၊ ဆိုပါတော့"

"သူ့ခမျာ သနားစရာကောင်းလိုက်တာ" သူ့အသံက ကရုဏာသံပါသည်။ "ကျွန်မ စိတ်မကောင်းပါဘူး၊ စိတ်မကောင်းပါဘူး"

■

ရှောင်ရယ်လီအား နောက်နေ့နံနက်တွင် ခွဲစိတ်ရန် စီစဉ်ထားသည်။

■

နံနက် ၈း၁၅။ ဒေါက်တာဝီလျံရက်နားသည် ခွဲစိတ်ခန်း (၂) တွင် ခွဲစိတ်မှုအတွက် ကြိုတင်ပြင်ဆင်နေ၏။

■

နံနက် ၈း၂၅။ တစ်ပတ်စာ သွေးအိတ်တွေပါလာသည့် ထရပ်ကားတစ်စီး အရေးပေါ်ဌာနရှေ့တွင် ထိုးရပ်လိုက်သည်။ ကားဆရာက သွေးအိတ်များကို အောက်ထပ်ရှိ သွေးဘဏ်သို့ သယ်ယူလာသည်။ တာဝန်ကျ အလုပ်သင်ဆရာဝန် အီရစ်ဖော်စတာသည် သူနာပြုဆရာမ ချောချောကလေးတစ်ယောက်နှင့်အတူ ကော်ဖီသောက်နေ၏။

"ဒါတွေ ဘယ်မှာထားရမလဲ ဒေါက်တာ" ကားဆရာက မေးသည်။

"အဲဒီမှာပဲ ထားခဲ့"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့" ကားဆရာက သွေးအိတ်တွေကို ချထားလိုက်ပြီးနောက် စာရွက်တစ်ရွက်ထုတ်လျက် ...

"ကျေးဇူးပြုပြီး လက်မှတ်ကလေး"

"အိုကေ" ဖော်စတာက လက်မှတ်ထိုးပေးလိုက်သည်။ "ကျေးဇူးပဲနော်"

"ရပါတယ်" ကားဆရာ ပြန်ထွက်သွားသည်။

ဖော်စတာက အန်ဒရီဘက်သို့ လှည့်ပြီး ...

"ဒါနဲ့ ... ကိုယ့်စကား ဘယ်ရောက်သွားပါလိမ့် ... "

"ကျွန်မက မြတ်နိုးစရာကောင်းတယ်ဆိုတဲ့အကြောင်း ... "

"အို ... ဟုတ်ပြီ၊ တကယ်လို့ မင်းမှာ အိမ်ထောင်သာမရှိရင် မင်းကို ငါယူဖြစ်တယ်၊ မင်းက ဒီလိုပဲ အမြဲတမ်း လုပ်နေသလား"

"ဟင့်အင်း ... ကျွန်မ ယောကျ်ားက လက်ဖွဲ့သမားပါ"

"သြော် ... ဟုတ်လား၊ ဒါနဲ့ ညီမရောရှိသလား"

"ရှိပါတယ်"

"မင်းလောက်ချောရဲ့လား"

"ပိုပြီးချောတယ်"

"သူ့နာမည်က ... "

"မာရီလင် ... "

"တို့သုံးယောက် တစ်ညမှာ ဆုံကြရအောင်လား"

ထိုအခိုက် 'ဖက်စ်' စက်မှ ကလစ်ခနဲ မြည်သံ ပေါ်ထွက်လာသည်။ ဖော်စတာက လုံးဝဂရုမစိုက်။

■

နံနက် ၈း၄၅။ ဒေါက်တာရက်နားက ရှောင်ရယ်လီကို စတင်ခွဲစိတ်သည်။ အစတွင် အားလုံးအဆင်ချောနေသည်။ ခွဲစိတ်ခန်းသည် ကောင်းစွာ လည်ပတ်နေသည့် စက်တစ်ခုပမာ မိမိတို့လုပ်ငန်းကို ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များကြောင့် ကောင်းစွာ လည်ပတ်လျက်ရှိ၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၉း၀၅။ ဒေါက်တာရက်နားသည် သည်းခြေအိတ်ပြွန်သို့ ရောက်လာသည်အထိ ကျောက်သုံးစာအုပ်ကြီးနည်းအတိုင်း ဘာမှအခက်အခဲမရှိ။ ထို့နောက် သည်းခြေအိတ်ကို ခွဲစိတ်ဖြတ်ထုတ်မည်လုပ်စဉ် ရုတ်တရက် လက်ချော်သွားပြီး သွေးကြောတစ်ခုကို ခွဲစိတ်ဓားနှင့် ထိမိသွားသည်။ သွေးတွေ ပန်းထွက်လာသည်။

"ဘုရားရေ ..." သူက သွေးကို ကမန်းကတန်း လိုက်ပိတ်သည်။

"သွေးတိုးနှုန်း ၉၅ ထိ ကျသွားပြီ" မေ့ဆေးဆရာဝန်က အော်ပြောလိုက်သည်။ "သူ သွေးလန့်သွားတယ်"

ဒေါက်တာရက်နားက အကူဆရာမဘက်သို့ လှည့်လျက် ...

"သွေး ... သွေးသွင်းဖို့ မြန်မြန်လုပ်"

"ကောင်းပါပြီ ဒေါက်တာ"

■

နံနက် ၉း၀၆။ သွေးဘဏ်မှ တယ်လီဖုန်းမြည်လာသည်။

"ဘယ်မှမသွားနဲ့" ဖော်စတာက အန်ဒရီယာအား ပြောလိုက်သည်။ ပြီးတော့ အသံရပ်သွားသည့် 'ဖက်စ်'စက်ကို ကျော်လာပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"သွေးဘဏ်ကပါ"

"ခွဲစိတ်ခန်း (၂) အတွက် 'အို'သွေး လေးယူနစ် အမြန်ဆုံးပို့ပေးပါ"

"ကောင်းပါပြီ"

ဖော်စတာသည် သွေးအသစ်များထားသည့် အခန်းထောင့်သို့ လျှောက်လာသည်။ သွေးအိတ်လေးအိတ်ယူပြီး အရေးပေါ်အတွက် အသုံးပြုသည့် သံလှည်းပေါ်သို့ တင်လိုက်သည်။ သွေးအိတ်တွေကို ပြန်စစ်ကြည့်သည်။ 'အို'သွေး။ ထို့နောက် လှည်းတွန်း၍ အလုပ်သမားကို ဖုန်းဆက်ခေါ်လိုက်သည်။

"ဘာတွေဖြစ်နေတာလဲ" အန်ဒရီယာက မေးသည်။

ဖော်စတာက သူ့ရှေ့မှ လုပ်ငန်းစဉ်ဇယားကို ကြည့်လိုက်သည်။

"ကေ့န် လူနာတစ်ယောက်ယောက်တော့ ဒေါက်တာရက်နားကို ကောင်းကောင်းကြီး ဒုက္ခပေးနေပြီနဲ့ တူတယ်"

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နံနက် ၉း၁၀။ အကူလုပ်သား သွေးဘဏ်သို့ ရောက်လာသည်။

"ဘာတွေယူသွားရမှာလဲ ... ဆရာ"

"အဲဒါတွေ ယူသွား၊ သူတို့စောင့်နေတယ်"

အကူလုပ်သား လှည်းကို တွန်းထွက်သွားသည်။ ထို့နောက် ဒေါက်တာ အီးရစ်ဖော်စတာက အန်ဒရီယာဘက်သို့ လှည့်ကာ ...

"ကဲ ... မင်းညီမလေးအကြောင်း ပြောပါဦး"

"သူ့မှာလည်း အိမ်ထောင်ရှိတယ်"

"အို ... "

အန်ဒရီယာက ပြုံးလျက် "ဒါပေမဲ့ သူက ရပါတယ်"

"တကယ်လား"

"ကျွန်မ အလကား နောက်တာပါ၊ ကျွန်မ ဂျူတီဝင်ရဦးမယ် ဆရာ၊ ကော်ဖီနဲ့မုန့်ကျွေးတာ ကျေးဇူးပဲ"

"အချိန်မရွေး ရပါတယ်"

အန်ဒီရီယာ ပြန်ထွက်သွားသည်။ *တကယ်တောင့်တဲ့ မဒီလေးပဲ။*

■

နံနက် ၉း၁၂။ အကူလုပ်သားသည် ဒုတိယထပ်သို့တက်ရန် ဓာတ်လှေကား စောင့်နေ၏။

■

နံနက် ၉း၁၃။ ဒေါက်တာရက်နားသည် အဖြစ်ဆိုးကို အသေးအဖွဲ့ကိစ္စဖြစ်စေရန် အစွမ်းကုန် ကြိုးစားနေသည်။

"ကဲ ... ဘယ်မှာလဲ၊ အဲဒီသွေး၊ ရပြီလား"

■

နံနက် ၉း၁၅။ အကူလုပ်သား ဓာတ်ခွဲခန်း (၂) တံခါးကို တွန်းလိုက်သည်။ သူနာပြုဆရာမက တံခါးဖွင့်ပေးသည်။

"ကျေးဇူးပဲ" သူက သွေးအိတ်များကို အခန်းထဲ သယ်ယူလာသည်။

"ဒီမှာ ... သွေးရပြီ ဆရာ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လုပ် ... လုပ် ... လူနာကို သွေးမြန်မြန်သွင်း ... မြန်မြန်သွင်း"

■

သွေးဘဏ်ထဲတွင် အီးရစ်ဖော်စတာသည် ကော်ဖီသောက်ရင်း ဆရာမလေး အန်ဒရီယာအကြောင်းကို ဆက်လက်တွေးနေသည်။ *ချော့တဲ့ ကောင်မလေးတွေအားလုံး အိမ်ထောင်သည်တွေ ဖြစ်နေတယ်။*

သူ စားပွဲသို့ လျှောက်လာပြီး 'ဖက်စ်' စက်ထဲမှ စာရွက်ကို ဆွဲထုတ်ပြီး ဖတ်ကြည့်သည်။

သတိပေးချက်။ ဖြစ်၇။ ဖွန် ၂၅။ သွေးနီဆဲလ်များ၊ သွေးရည်ကြည်သစ်များ ခဲနေ။ ယူနစ်စီဘီ စ၃၇၁၁၊ စီဘီ ၈၀၀၀၀၇၊ အိုရီဂွန်၊ ဝါရှင်တန်၊ အရစ်ဇိုနား၊ ကာလီဖိုးနီးယား ကွန်မြူနတီ သွေးဘဏ်၊ 'အိပ်ချ်အိုင်ဗွီ' အမျိုးအစား (၁)အတွက် ဖြန့်ဖြူးထားသည့် သွေးပစ္စည်းများကို အကြိမ်ကြိမ် စစ်ဆေးကြည့်ရာ ဓာတ်တုံ့ပြန်မှု တွေ့ရှိရ၏။

ဖော်စတာသည် ခေတ္တကြောင်တက်တက် ဖြစ်နေ၏။ ပြီးတော့မှ စားပွဲပေါ်မှ ဖြန့်ဖြူးပေးသည့် သွေးအိတ်များအတွက် သူ လက်မှတ်ထိုးထားသော ကုန်ပို့လွှာကို ယူကြည့်သည်။ သတိပေးချက်နံပါတ်နှင့် ထပ်တူဖြစ်နေ၏။

"ဘုရားရေ ... အားလုံး သောက်ကျိုးနည်းကုန်တော့မယ်"

သူက လွှတ်ခနဲအော်ပြောလိုက်သည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီး အလောသုံးဆယ် အော်ပြောလိုက်၏။

"ခွဲစိတ်ခန်း (၂)ကို အမြန်ပေးပါ ... အမြန် ... အမြန်"

တစ်ဘက်မှ သူနာပြုဆရာမ ဖုန်းကိုင်သည်။

"သွေးဘဏ်က ဆက်နေပါတယ်၊ ခုနကပို့လိုက်တဲ့ 'အို' သွေးလေးယူနစ်ကို လုံးဝ မသုံးပါနဲ့၊ 'အိပ်ချ်အိုင်ဗွီ' ရောဂါပိုး ပါနေတယ်၊ သွေးအသစ် ချက်ချင်းပို့လိုက်ပါ့မယ်"

"ဆောရီးပဲဆရာ၊ နောက်ကျသွားပါပြီ"

■

ဒေါက်တာရက်နားက ရှောင်ရယ်လီအား ပြောပြသည်။

"အမှတ်တမဲ့ မှားသွားရတာပါ၊ ဒါပေမဲ့ ကြောက်စရာကောင်းတဲ့ အမှားကြီး ဖြစ်နေတယ်၊ ကျွန်တော် ဘာပဲ လုပ်ပေးရ လုပ်ပေးရ လုပ်ပေးပါ့မယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှောင်က အထိတ်တလန့် ကြောင်ကြည့်နေပြီးမှ ...

"ဘုရားရေ ... ဒါဆို ကျွန်တော် သေရတော့မှာပေါ့"

"လွှန်ခဲ့တဲ့ ခြောက်ပတ် ဒါမှမဟုတ် ရှစ်ပတ်အတွင်း မင်းမှာ 'အိပ်ချ်အိုင်ဗွီ' ပိုး ရှိ/မရှိ တို့မသိရသေးဘူး၊ ဒါပေမဲ့ တကယ်လို့ ရှိတောင်မှ မင်းအနေနဲ့ ကိုယ်ခံအားကျရောဂါဖြစ်နိုင်တယ်လို့ မပြောနိုင်ဘူး၊ ဘာမှ မစိုးရိမ်ပါနဲ့၊ မင်းအတွက် တို့ဘက်က အစွမ်းကုန် လုပ်ပေးပါ့မယ်"

"ဘာမှ လုပ်လို့မရနိုင်တော့တာကြီးကို ခင်ဗျားတို့က ဘာလုပ်ပေးနိုင်ဦးမှာလဲ" ရှောင်က ဒေါသတကြီး အော်ပြောသည်။ "ဘုရား ... ဘုရား ... ငါသေရတော့မှာပါလား"

■

ဤသတင်းကို ကြားရသောအခါ ဟန်နီ အလွန်စိတ်ဓာတ်ကျသွားသည်။ ဗေဒင်ဆရာမ၏ စကားကို သူ သတိရမိ၏။ *သူ့ခမျာ သနားစရာကောင်းလိုက်တာ။*

■

ဟန်နီ အခန်းထဲဝင်လာတော့ ရှောင် အိပ်ပျော်နေသည်။ ဟန်နီသည် ခုတင်ဘေးတွင် ဝင်ထိုင်ပြီး အကြာကြီး စောင့်ကြည့်နေ၏။

ရှောင် မျက်လုံး ပွင့်လာသည်။ "ကျွန်တော် အိပ်မက် မက်နေတယ်၊ ကျွန်တော် သေရတော့မယ်"

"ရှောင် ..."

"ခင်ဗျားက အလောင်းကောင် လာကြည့်တာလား"

"အဲဒီလို မပြောပါနဲ့ ရှောင်"

"ဘယ်လိုဖြစ်ရတာလဲ၊ ပြောစမ်းပါဦး"

"တစ်ယောက်ယောက်ရဲ့ အမှားပါ"

"ဘုရား ... ဘုရား ... ကိုယ်ခံအားကျရောဂါနဲ့ ကျွန်တော်မသေချင်ဘူး"

"အိပ်ချ်အိုင်ဗွီပိုးရှိတဲ့ တချို့လူတွေ ကိုယ်ခံအားကျရောဂါ မဖြစ်ပါဘူး၊ အိုင်ယာလန်လူမျိုးတွေက ကံကောင်းပါတယ်"

the bookhouse
we bring your tales

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ ခင်ဗျားပြောနေတာကို ယုံနေမှာပဲ"

ဟန်နီက ရှောင်၏ လက်ကို ဆုပ်ကိုင်ကာ ...

"ရှင် ကျန်းမာလာမှာပါ"

"ကျွန်တော် ဘုရားရှိခိုးပြီး ဆုတောင်းတဲ့လူ မဟုတ်ဘူး၊ ဒါပေမဲ့ အခုတော့ လုပ်ရတော့မှာပဲ"

"ကျွန်မလည်း ရှင်နဲ့အတူ ဆုတောင်းပါ့မယ်"

သူက ယဲ့ယဲ့ပြုံးလျက် ...

"ဒါဆို ကျွန်တော်တို့ ညစာစားပွဲ ဖျက်လိုက်ရတော့မှာပေါ့"

"ဟင့်အင်း ... ဖျက်စရာမလိုပါဘူး၊ ရှင် ဆေးရုံက တော်တော်နဲ့ မဆင်းရသေးပါဘူး၊ ကျွန်မလည်း အဲဒါပဲ မျှော်နေတာပါ"

သူက ဟန်နီ့ကို စိုက်ကြည့်နေသည်။

"ကျွန်တော် တကယ်ပြောတာပါ"

"ကျွန်မလည်း တကယ်ပြောတာပါ၊ ဘာပဲဖြစ်ဖြစ် မပူပါနဲ့၊ ရှင်က ကျွန်မကို အိုင်ယာလန်ခေါ်သွားမယ်လို့ ကတိပေးထားတာကို သတိရပါ"။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

အခန်း-၃၃-

“နေကောင်းရဲ့လား… ဒါလင်” လော်ရင်းက မေးသည်။

“မောင့်ကြည့်ရတာ တစ်မျိုးကြီးပဲ”

သူတို့သည် လော်ရင်းတို့အိမ်မှ စာကြည့်ခန်းထဲ ရောက်နေကြ၏။ အိမ်ဖော်တစ်ယောက်နှင့် စားပွဲထိုးတို့က သူတို့ကို တခမ်းတနား ညစာပြင်ကျွေးသည်။

မယ်လိုရီက လော်ရင်း၏ လက်ကို ဆုပ်ကိုင်လျက် …

“အလုပ်များသွားလို့ပါ” ကိုယ့်လူနာတွေက လူနာသက်သက်မဟုတ်ဘူး၊ ဒုက္ခရောက်နေတဲ့ လူသားတွေ၊ ကိုယ့်မှာ သူတို့အတွက်ပဲ တွေးပူနေရတာ”

လော်ရင်းက မယ်လိုရီ၏ ဆံပင်တွေကို ပွတ်သပ်ရင်း …

“အဲဒါကြောင့်လည်း ကျွန်မက သိပ်ချစ်ရတာပေါ့၊ မောင်က သိပ်ပြီး သနားကြင်နာတတ်တာပဲနော်”

“ကိုယ်က အဲဒီလိုလုပ်ဖို့ ပညာသင်ကြားခဲ့တာ”

“ဪ … ကျွန်မ ပြောဖို့မေ့နေတယ်၊ ‘ခရော်နီကယ်’ သတင်းစာက အယ်ဒီတာနဲ့ ဓာတ်ပုံသတင်းထောက်တို့ ရောက်လာသေးတယ်၊ အင်တာဗျူး လုပ်ချင်လို့တဲ့”

မယ်လိုရီအဖို့ ဝမ်းဗိုက်ကို ဆောင့်ကန်ခံလိုက်ရသလို ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မောင်နဲ့ကျွန်မကို တွဲပြီး ဓာတ်ပုံရိုက်ချင်တယ်တဲ့"

"ရတော့ ရပါတယ်၊ ဒါပေမဲ့ ကိုယ်က ဆေးရုံအလုပ်တွေ သိပ်များနေတယ်" သူ့စိတ်သည် မရပ်မနား ပြေးလွှားနေ၏။ "လောလောဆယ် ဓာတ်ပုံရိုက်စရာ လိုအပ်လို့လား၊ နည်းနည်းစောင့်ရင် မကောင်းဘူးလား"

လော်ရင်းက ရယ်လျက် ...

"မောင်က သတင်းစာသမားတွေအကြောင်း မသိသေးဘူး၊ သူတို့က ပူပူနွေးနွေးသတင်းကို လက်ဦးအောင် ဖော်ပြချင်ကြတာ၊ လောလောဆယ် သတင်းပါလာရင် ပိုကောင်းတာပေါ့"

တနင်္လာနေ့ ... ။

■

နောက်နေ့မနက်တွင် မယ်လိုရီက ကက်ကို လိုက်ရှာသည်။ ဆေးပစ္စည်းခန်းမှာ သွားတွေ့သည်။ ကက် တော်တော် ပင်ပန်းနေပုံရသည်။ ပိန်လည်းနည်းနည်း ပိန်သွားသည်။ မိတ်ကပ်မလိမ်း၊ ဆံပင်လည်း မဖြီး။ လော်ရင်းဆိုရင် ဒီလို ပုံမျိုးနဲ့ ဘယ်တော့ မနေဘူးဟု မယ်လိုရီက တွေးမိသည်။

"ဟိုင်း ... ဒါလင်"

ကက်က ဘာမှ ပြန်မဖြေ။

မယ်လိုရီက ကက်၏လက်မောင်းကို ဆုပ်ကိုင်ရင်း ...

"ကိုယ်တို့ ကိစ္စကို ကိုယ်အများကြီးစဉ်းစားကြည့်တယ် ... ကက်၊ ကိုယ်ညကလည်း တစ်ရေးမှ အိပ်မပျော်ဘူး၊ ငါ့မှာ ဘယ်သူမှမရှိတော့ဘူး၊ မင်းမှန်တယ်၊ ငါမှားတယ်၊ ပထမတော့ ကိုယ်တော်တော်လန့်သွားမိတယ်၊ မင်းမှာ ကိုယ်ဝန်ရှိနေတာ ကိုယ်ဝမ်းသာပါတယ်"

ကက်၏ မျက်နှာ ထိန်ထိန်လင်းသွားသည်။

"ကို တကယ်ပြောတာလား ... ဟင်"

"ဟုတ်ပါတယ်၊ တကယ်ပြောတာပါ"

ကက်က မယ်လိုရီအား သိုင်းဖက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ကိုရယ်၊ ကျွန်မက သိပ်ပြီးပူနေတာ၊ ကို မရှိရင် ကျွန်မ ဘာလုပ်ရမှန်းမသိတော့ဘူး"

"အခုဆို ပူစရာမရှိတော့ဘူး မဟုတ်လား၊ ဒီနေ့ကစပြီး အားလုံး အဆင်ပြေပြီလို့သာ အောက်မေ့မေ့တော့ ဘယ်လို အဆင်ပြေမယ်ဆိုတာတော့ မင်းသိမှာ မဟုတ်ဘူး၊ "ဒါနဲ့ ကိုယ် တနင်္ဂနွေနေ့ည အားတယ်၊ မင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကက်က မယ်လိုရီ၏ လက်ကို ဆုပ်ကိုင်လျက် ...

"မအားလည်း အားအောင် လုပ်ရတော့မှာပေါ့"

"သိပ်ကောင်းတယ်၊ တို့နှစ်ယောက် ညစာ ထွက်စားမယ်၊ ပြီးတော့ မင်းတိုက်ခန်းပြန်ပြီး တစ်မှေးတစ်မိုတ် အိပ်ကြမယ်၊ ပေ့ဂ်ျနဲ့ ဟန်နီတို့ကို တစ်နည်းနည်းနဲ့ မောင်းထုတ်လို့ မရဘူးလား၊ ကိုယ်တို့နှစ်ယောက်တည်းပဲ ရှိနေချင်တယ်"

ကက်က ပြုံးပြီး "ပြဿနာမဟုတ်ပါဘူး၊ ကျွန်မ ကြည့်စီစဉ်ပါ့မယ်၊ ကျွန်မ ဘယ်လောက်ပျော်နေတယ်ဆိုတာ ကို သိမှာမဟုတ်ဘူး၊ သိပ်ချစ်တာပဲ မောင်ရယ်"

"ကိုယ်ကလည်း မင်းကို အများကြီးချစ်ပါတယ်၊ ဘယ်လောက်ထိချစ်တယ်ဆိုတာ တနင်္ဂနွေနေ့ ညကျတော့ သိရပါလိမ့်မယ်"

■

မယ်လိုရီသည် အပြန်အလှန် စဉ်းစားပြီးနောက် သူ့စီမံကိန်းသည် ကျိန်းသေပေါက် အောင်မြင်နိုင်သည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စေ့စေ့စပ်စပ်နှင့် အသေးစိတ် လုပ်ကိုင်သည်။ ကက် သေဆုံးရခြင်းသည် သူနှင့် လုံးဝမပတ်သက်နိုင်။ သူ့အပေါ် သံသယဝင်စရာ လုံးဝမရှိနိုင်ဟု စိတ်ချ ယုံကြည်သည်။

ဆေးရုံဆေးပစ္စည်းခန်းမှ လိုအပ်သည့်ဆေးရဖို့ကိစ္စကတော့ အလွန်စွန့်စားရမည့် ကိစ္စဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ဒေါက်တာဘိုးမင်း အရေးအခင်း ပေါ်ပေါက်ပြီးကတည်းက လုံခြုံရေးအစောင့်အရှောက် အထူးတင်းကျပ်ထား ခြင်းကြောင့် ဖြစ်သည်။ တနင်္ဂနွေ နံနက်တွင် မယ်လိုရီသည် သူနေထိုင်သည့် မြို့နယ်ဝန်းကျင်မှ ဆေးဆိုင်တစ်ခုခု၌ ဆေးဝယ်ဖို့ ထွက်လာခဲ့သည်။ အများစုမှာ တနင်္ဂနွေနေ့တွင် ပိတ်လေ့ရှိသည်။ ဆေးဆိုင်ခြောက်ဆိုင်လောက် တွေ့ပြီးမှ တနင်္ဂနွေနေ့ မပိတ်သည့်ဆေးဆိုင် တစ်ဆိုင်တွေ့၏။

အရောင်းကောင်တာနောက်မှ ဆိုင်ရှင်က ...

"မင်္ဂလာပါခင်ဗျာ၊ ဘာဆေးများ လိုချင်ပါသလဲ"

"ဟုတ်ကဲ့၊ ကျွန်တော်က ဒီအနားက လူနာတစ်ယောက်အတွက် ဆေးဝယ်ချင်လို့ပါ" သူက စာရွက်တစ်ရွက်ယူ ပြီး ဆေးညွှန်းရေးသည်။

"ဒီလိုနေ့တွေမှာ ဆရာဝန်တော်တော်များများ အိမ်တိုင်ရာရောက် လိုက်မကုကြပါဘူး"

"ဟုတ်ပါတယ်၊ ဒီကိစ္စက အလွန်သနားစရာမို့ပါ၊ မိသားစုကလည်း လုံးဝ ဂရုမစိုက်ကြတော့ဘူး" သူက ဆေးညွှန်းစာရွက် ကမ်းပေးလိုက်၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က စာရွက်ကြည့်ပြီး ခေါင်းညိတ်သည်။
"ဒီဆေးရဖို့ အချိန်သိပ်မကြာဘူး"
"ကျေးဇူးပါပဲ"
*အဆင့် ... တစ်။*

■

ထိုနေ့ညနေတွင် မယ်လိုရီသည် ဆေးရုံသို့ ခေတ္တဝင်သည်။ ဆယ်မိနစ်လောက်သာ ကြာသည်။ ပြန်ထွက်လာသော အခါ သူ့လက်ထဲတွင် အထုပ်ကလေး တစ်ထုပ်ပါလာ၏။
*အဆင့် ... နှစ်။*

■

မယ်လိုရီသည် ကက်နှင့်အတူ 'ထရိုတ်ဒါးဗစ်' ဟိုတယ်၌ ညစာသွားစားရန် ချိန်းပြီးနောက် သူက ကြိုတင်သွားပြီး စောင့်နေ၏။ မကြာမီတွင် ကက်သည် သူထိုင်နေသည့် စားပွဲသို့ လျှောက်လာသည်။ *ဒီနေ့တော့ ဒီကောင်မနဲ့ 'နောက်ဆုံး ညစာ' စားပွဲပဲ။*
သူက ထိုင်ရာမှ ထသွားပြီး နွေးထွေးသော အပြုံးဖြင့် ...
"ဟဲလို ... ယမင်းရုပ်ကလေး ... ဒီနေ့ တယ်လည်းချောနေပါလား"
မှန်သည်။ ကက်က သည်နေ့ တကယ်လည်းလှနေ၏။ ဆွဲဆောင်မှုအပြည့်ရှိ၏။ *ဒီကလေးမ စံပြမယ်တောင် ဖြစ်လောက်တယ်၊ ရုပ်အားလည်း ကောင်းတယ်၊ သူ့မှာ မရှိတာက ပိုက်ဆံ ... ပိုက်ဆံပဲ။*
အခန်းထဲရှိ အခြားမိန်းမတွေက ကင်နှင့် သူတို့ကို ခဏခဏ လှည့်ကြည့်နေတာကို ကက် သတိထားမိ၏။ သို့သော်လည်း ကင်က အခြားမိန်းမတွေကို လုံးဝမကြည့်။ ကက်ကိုသာ ရွှန်းရွှန်းစားစားကြည့်နေသည်။ *သိပ်ချစ်ဖို့ ကောင်းတဲ့ ယောက်ျား၊ အရင်အတိုင်းပဲ၊ လုံးဝမပြောင်းလဲဘူး။*
"ဒါနဲ့ ဒီနေ့ ဘယ်လိုလဲ၊ လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား" မယ်လိုရီက မေးသည်။
ကက်က သက်မ တစ်ချက်ချလိုက်ပြီးတော့မှ ...
"ဟူး ... သိပ်အလုပ်များတယ်၊ မနက်ပိုင်းသုံးကြိမ်၊ ညနေပိုင်းနှစ်ကြိမ် ခွဲစိတ်ခဲ့ရတယ်၊ ဒါနဲ့ ... ခေါင်းတော့ စောသေးတယ် ... မောင်၊ ဒါပေမဲ့ ကျွန်မ အဝတ်လဲတော့ မောင့်ရင်သွေးလေးက ရုန်းကန်နေသလိုပဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မာလိုရီက ပြုံးလျက် ''သူက အပြင်ထွက်ချင်လို့ ဖြစ်မှာပေါ့''

''ကျွန်မတို့ 'အာလ်ထရာဆောင်း' ရိုက်ကြည့်ရင် မကောင်းဘူးလား၊ သားသားလေးလား၊ မီးမီးလေးလားဆိုတာ ကြိုသိရတာပေါ့။ ဒါမှ ကျွန်မအဝတ်အစားတွေ ကြိုဝယ်ထားနိုင်မှာ''

''သိပ်ကောင်းပေါ့ဗျာ''

''ဒါထက် ... ကင်၊ ကျွန်မတို့ လက်ထပ်ရက် သတ်မှတ်လို့ရပြီလား၊ ကျွန်မကတော့ မြန်နိုင်သမျှ မြန်စေချင်တယ် ... မောင်ရယ်''

''ပြဿနာမရှိပါဘူး၊ နောက်အပတ်ကျတော့ ကိုယ်တို့ လက်ထပ်ခွင့် တောင်းလိုက်ရုံပဲပေါ့''

''အမယ်လေး ... ဝမ်းသာလိုက်တာ ... မောင်ရယ်'' သူက ရုတ်တရက် သတိရပြီး ''ကျွန်မတို့ သုံးလေးရက်လောက် ခွင့်ယူပြီး ဟန်းနီးမွန်းထွက်ကြမယ်နော်၊ သိပ်မဝေးတဲ့ အိုရီဂွန်တို့၊ ဝါရှင်တန်တို့လို နေရာမျိုးပေါ့''

*မင်း မှားနေပြီ၊ ငါက ဖွန်လထဲမှာ လော်ရင်းနဲ့ ဟန်းနီးမွန်းထွက်မှာ၊ ဖရန့်ချ်ရီဗဲရားဆိပ်ကမ်းမှာ... ကိုယ်ပိုင်ရွက်လှေစီးကြမှာ။*

''ဒီအစီအစဉ် သိပ်ကောင်းတယ်၊ ကိုယ်ဆေးရုံအုပ်ကြီးကို ကြိုပြောလိုက်မယ်''

ကက်က မယ်လိုရီ၏ လက်ကို ဆုပ်ညှစ်ရင်း ...

''ကျေးဇူးတင်ပါတယ် ... မောင်၊ ကျွန်မက မောင့်အတွက် ဒီကမ္ဘာမှာ အကောင်းဆုံး ဇနီးဖြစ်အောင် ကြိုးစားပါ့မယ်နော်''

''ဒါပေါ့ ... ဒါပေါ့'' သူက ပြုံးပြီး ''ကဲ ... ဒီအသီးအရွက်တွေလည်း များများစားစမ်းပါဦး၊ ဒါမှ ကိုယ်တို့ ရင်သွေးလေး ဝဝကစ်ကစ် ကျန်းကျန်းမာမာလေး မွေးလာမှာ''

■

သူတို့ ၉ နာရီမှာ ဟိုတယ်က ပြန်ထွက်လာကြသည်။ တိုက်ခန်းနားရောက်တော့ မယ်လိုရီက ...

''ပေ့ဂျ်နဲ့ ဟန်နီတို့မရှိတာ သေချာရဲ့လားဟင်''

''သေချာပါတယ်၊ ပေ့ဂျ်က ဆေးရုံမှာ အရန်သင့်တာဝန်ကျတယ်၊ ဟန်နီ့ကိုတော့ ကျွန်မတို့နှစ်ယောက်တည်း ရှိနေချင်တယ်လို့ ပြောထားတယ်''

*ဟိုက် ... ။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီ မျက်နှာပျက်သွားတာကို ကက် သတိထားမိပြီး ...

"ဘာဖြစ်လို့လဲ ... ဟင်"

"ဟင့်အင်း ... ဘာ ... ဘာမှ မဖြစ်ပါဘူး၊ မင်းကို ကိုယ်ပြောထားတယ် မဟုတ်လား၊ ကိုယ်တို့နှစ်ယောက်တည်းရှိနေချင်တယ်လို့" *အင်း ... သတိတော့ ထားရလိမ့်မယ်၊ ကြပ်ကြပ်သတိထားရလိမ့်မယ်။* "ကဲ ... ခပ်မြန်မြန်လေး သွားလိုက်ကြရအောင်"

မယ်လိုရီ၏ အလျင်လိုမှုကြောင့် ကက်၏ ရင်ထဲ နွေးထွေးသွား၏။

■

တိုက်ခန်းထဲရောက်တော့ မယ်လိုရီက "ကိုယ်တို့အိပ်ခန်းထဲ တန်းသွားကြရအောင်"

ကက်ကရယ်ပြီး "သိပ်ကောင်းတဲ့ စိတ်ကူးပဲ"

ကက် အဝတ်အစားလဲသည်။ မယ်လိုရီက ကြည့်နေရင်း တွေးမိ၏။ *သိပ်တောင့်တဲ့ မိန်းမပဲ၊ ကလေးကြောင့် ဒါတွေအားလုံး ပျက်စီးရတော့မယ်။*

"မောင်လည်း အဝတ်အစား လဲဦးလေ"

"လဲရမှာပေါ့"

သူ ဖြည်းဖြည်းချင်း အဝတ်လဲနေသည်။ *ငါလုပ်မှ လုပ်နိုင်ပါ့မလား၊* သူ အကြီးအကျယ် စိတ်လှုပ်ရှားနေသည်။ *ငါအခုလုပ်မယ့် အလုပ်က ငါ့ကြောင့် မဟုတ်ဘူး၊ သူ့ကြောင့်၊ ငါက အချိန်မီဖျက်ချဖို့ပြောတယ်၊ သူက လုံးဝ လက်မခံဘူး။*

သူ အိပ်ရာပေါ်တွင် ကက်ဘေးမှာ ဝင်လှဲလိုက်၏။

"ချစ်ရဲ့လား ... မောင်"

"သိပ်ချစ် ... အများကြီးချစ် ... ကမ္ဘာကြီးလောက်ချစ်၊ ဒါနဲ့ တစ်ခုခု သောက်ကြရင်ကောင်းမယ်"

"ဟင့်အင်း ... ကျွန်မ မသောက်ချင်ဘူး၊ ဟောဒီမှာ ကလေးရှိတယ်"

"ဒါပေမဲ့ ... ဒါက အောင်ပွဲအထိမ်းအမှတ်ပဲ၊ နည်းနည်းလေးဆိုရင် ဘာအန္တရာယ်မှ မရှိပါဘူး အချစ်ရယ်"

ကက် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့မှ "ဒါဆိုလည်း လုပ်လေ၊ နည်းနည်းလေးပေါ့" သူ အိပ်ရာမှ လူးလဲထမည်လုပ်တော့ မယ်လိုရီက ...

"အို ... နေ ... နေ ... သွားမလုပ်နဲ့၊ ကိုယ်ပဲ သွားလုပ်လိုက်ပါ့မယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီ အခန်းထဲက ထွက်သွားတော့ ကက်က တွေးကျန်ရစ်၏။ *ဒီကမ္ဘာမှာ ငါဟာ ကံအကောင်းဆုံး မိန်းမပဲ။*

မယ်လိုရီသည် အရက်ခန်းကလေးသို့ လျှောက်လာခဲ့သည်။ အရက်နှစ်ခွက်ထည့်သည်။ ဘေးဘီကို မျက်လုံး ကစားကြည့်လိုက်သည်။ ကျေနပ်သွားသည်။ ထို့နောက် သူ့ဂျက်ကက်အင်္ကျီ တင်ထားခဲ့သည့် ဆိုဖာခုံရှည်ဆီသို့ လျှောက်လာသည်။ အိတ်ကပ်ထဲမှ ဆေးပုလင်းကလေးကို ယူသည်။ ဆေးတွေကို ကက်၏ ဖန်ခွက်ထဲ လောင်းထည့်လိုက်သည်။ အရက်ခန်းသို့ ပြန်လာပြီး ဖန်ခွက်ကို ဇွန်းနှင့်မွှေသည်။ နမ်းကြည့်သည်။ ဘာအနံ့မှမရ။ ဖန်ခွက်နှစ်ခွက်ယူပြီး အိပ်ခန်းသို့ ပြန်လာသည်။ တစ်ခွက်ကို ကက်အား ကမ်းပေးလိုက်၏။

"ကျွန်မတို့ ရင်သွေးလေးအတွက် သောက်ကြရအောင်"

"ကောင်းတယ်၊ ကိုယ်တို့ရင်သွေးလေးအတွက် ..."

ကက်က ဖန်ခွက်ကို မော့၍ တစ်ကျိုက်သောက်လိုက်သည်။ မယ်လိုရီက ရင်တလှပ်လှပ်ဖြင့် စောင့်ကြည့်နေ၏။

"ကျွန်မတို့ သင့်တော်တဲ့ တိုက်ခန်းလေးတစ်ခန်း ရှာကြမယ်" သူက အိပ်ချင်မူးတူးသံဖြင့် ပြောသည်။ "အဲဒီနောက် ကလေးထိန်းအခန်းကို ကျွန်မကိုယ်တိုင် ကျကျနန မွမ်းမံပြင်ဆင်မယ်၊ ကျွန်မတို့က ကလေးပျက်စီးအောင် အလိုမလိုက်ဘူးနော် ... မောင်" နောက်ထပ်တစ်ကျိုက် သောက်လိုက်သည်။

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့" သူက ကက်အား အနီးကပ် အကဲခတ်ရင်း "ဘယ်လိုခံစားရသလဲ ... ဒါလင်"

"သိပ်ပျော်တာပေါ့ မောင်ရယ်၊ ကျွန်မက ကျွန်မတို့အတွက် သိပ်ပြီး တွေးပူခဲ့တာ၊ အခုတော့ ... အခုတော့ ... လုံးဝ ... လုံးဝ မပူတော့ပါဘူး"

"ဒါပေါ့၊ ဘာမှ ပူစရာမရှိတော့ပါဘူး"

ကက် မျက်ခွံတွေ လေးလာသည်။ "ကင် ... ကျွန်မ ... ဘယ်လို ... ဖြစ်နေမှန်း ... မသိဘူး" သူ့အသံ တုန်တုန်ရီရီ ဖြစ်နေသည်။ ထို့နောက် တစ်ကိုယ်လုံး ယိမ်းထိုးလာသည်။

"မင်း တစ်သက်လုံး ဘယ်တော့မှ ကိုယ်ဝန်ဆောင်တော့မှာ မဟုတ်ဘူး"

ကက်က တအံ့တဩ ကြည့်လိုက်ပြီး "ဘာ ... ရှင် ... ဘာ ... ပြောတယ်"

"မင်းက အကုန်လုံး ဖျက်ဆီးပစ်လိုက်တာပဲ"

"ဖျက် ... ဖျက်ဆီးပစ်လိုက်တယ်" သူ့ကိုယ်သူ မဟန်နိုင်တော့။

"မင်းက ငါ့လက်ထဲက ... ပြေးမလွတ်တော့ဘူး"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ... "

"ငါ့လက်ထဲက ဘယ်သူမှ ပြေးမလွတ်တော့ဘူး"

"ကျွန်မ ... ကျွန်မ ... မူး ... မူး... "

မယ်လိုရီ ထရပ်လိုက်သည်။ စောင့်ကြည့်နေသည်။

"ကျွန်မ ... မ... ကို... ကယ် ... ကယ်... "

သူ့ဦးခေါင်း ခေါင်းအုံးပေါ်သို့ ပစ်ကျသွားသည်။

မယ်လိုရီက နာရီကို ကြည့်လိုက်သည်။ အချိန်တွေ အများကြီး ကျန်သေး၏။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၄-

ဟန်နီသည် တိုက်ခန်းသို့ အရင်ဆုံးရောက်လာပြီး ရေချိုးခန်းထဲတွင် သွေးအိုင်ထဲလဲနေသည့် ကက်၏ အလောင်းကို တွေ့ရ၏။ အလောင်းဘေးတွင် သားအိမ်ခြစ်ဖွန်းကလေးတစ်ချောင်းလည်း တွေ့ရသည်။ ကက်သည် သားအိမ်မှ သွေးသွန်ပြီး သေဆုံးနေခြင်း ဖြစ်သည်။

ဟန်နီသည် ကြက်သေသေကာ မတ်တတ်ကြီး ရပ်နေမိသည်။

"ဘုရား ...ဘုရား ...အဖြစ်ဆိုးလှချည်လား ...သူငယ်ချင်းရယ်"

အလောင်းဘေးတွင် ဒူးထောက်ထိုင်လိုက်ပြီး ကက်၏ လက်ကောက်ဝတ်ကို တုန်တုန်ယင်ယင် စမ်းကြည့်သည်။ သွေးလုံးဝမခုန်တော့။ ဧည့်ခန်းသို့ အမြန်ပြန်လာပြီး နံပါတ် (၉၁၁)သို့ ဖုန်းကောက်ဆက်သည်။

"ကိုး ...တစ် ...တစ် ...အရေးပေါ်" ယောက်ျားအသံ။

ဟန်နီသည် ရုတ်တရက် လေဖြတ်ခံရသလို မတ်တတ်ရပ်ပြီး စကားမပြောနိုင်ဖြစ်နေသည်။

"ဟဲလို ... ကိုး... တစ် ... တစ် အရေးပေါ် ဟဲလို"

"ကယ် ...ကယ်ပါ၊ ကျွန်မ ...ဒီမှာ ..." သူ အသက်ရှူကျပ်နေသည်။ "သူ ...သူသေနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... သေတာဘယ်သူလဲ"

"ကက်"

"ခင်ဗျားရဲ့ကြောင် သေတာလား"

"မဟုတ်ဘူး၊ လူနာမည် ကက်ပါ၊ အမြန်ဆုံးလာပါ"

"ဒီမှာ ..."

ဟန်နီ တယ်လီဖုန်းကို ပြန်ချလိုက်သည်။ လက်တုန်တုန်ဖြင့် ဆေးရုံသို့ ဖုန်းဆက်သည်။ "ဒေါက်တာ...တေလာ" သူ့အသံက တိုးတိုးကလေး။

"ခဏလေး ... နော်"

ဟန်နီ တယ်လီဖုန်းကို တင်းတင်းဆုပ်ကိုင်ထားသည်။ နှစ်မိနစ်ခန့်ကြာမှ ပေ့ဂျ်၏ အသံကို ကြားရ၏။ "ဒေါက်တာ တေလာပါ"

"ပေ့ဂျ် ... မင်း ...မင်း အိမ်ကို ချက်ချင်းလိုက်လာခဲ့ပါ"

"ဟန်နီ ... ဘာ ... ဘာဖြစ်နေလို့လဲ"

"ကက် ... ကက် ... သေပြီ"

"ဘာ ..." ပေ့ဂျ် အံ့အားကြီးသင့်သွား၏။ "ဘယ်လို"

"သူ ...သူ ... ဖျက်ချ ... ဖျက်ချပုံရတယ်"

"အို ... ဘုရားရေ ... ဟုတ်ပြီ၊ ကိုယ်ချက်ချင်းလာခဲ့မယ်"

■

ပေ့ဂျ်ရောက်သွားတော့ ရဲနှစ်ယောက်၊ စုံထောက်တစ်ယောက်နှင့် ဆေးစစ်အရာရှိတစ်ယောက်တို့ကို တွေ့ရ၏။ ဟန်နီကိုတော့ သူ့အိပ်ခန်းထဲမှာ စိတ်ငြိမ်ဆေး ပေးထားရသည်။ ဆေးစစ်အရာရှိက ကက်၏ အလောင်းပေါ်မှာ ဒဏ်ရာ ဒဏ်ချက်များ ရှိမရှိ ရှာဖွေကြည့်ရှုနေသည်။ သွေးအိုင်ထွန်းနေသည့် ရေချိုးခန်းထဲသို့ ပေ့ဂျ် ဝင်လာတော့ စုံထောက်က မော့ကြည့်သည်။

"ခင်ဗျားက ဘယ်သူလဲ"

ပေ့ဂျ်က အလောင်းကောင်ကို စိုက်ကြည့်နေသည်။ သူ့မျက်နှာ သွေးဆုတ်သွားသည်။ "ကျွန်မ ဒေါက်တာ တေလာ၊ ဒီအခန်းမှာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒေါက်တာ ကျွန်တော့်ကို ကူညီနိုင်မှာပဲ၊ ကျွန်တော် ရဲအရာရှိဘန်းပါ၊ ဒီမှာနေတဲ့ ဟိုအမျိုးသမီးကို ကျွန်တော် မေးမြန်းလို့ ဘာမှ မရဘူး၊ သူ ကယောင်ချောက်ချားဖြစ်နေတယ်၊ ဆရာဝန်က ငြိမ်ဆေးပေးထားရတယ်"

"ရှင် ... ရှင်က ဘာသိချင်တာလဲ"

"သူ ဒီမှာ နေသလား"

"ဟုတ်ကဲ့"

*ငါ့မှာ ကင်ရဲ့ ရင်သွေးလေးရတော့မယ်။ ငါပျော်လိုက်တာ ...။*

"ကြည့်ရတာတော့ သူက ကလေးဖျက်ချတာနဲ့ တူတယ်" ရဲအရာရှိဘန်းက ပြောသည်။

ပေ့ဂျ် ရပ်နေသည်။ ဦးနှောက်က ရပတ်လည်သလို လည်နေသည်။ အတန်ကြာတော့မှ စကားပြောနိုင်၏။

"ကျွန်မတော့ လုံးဝ မယုံဘူး"

ဘန်းက အတန်ကြာ အကဲခတ်ကြည့်နေပြီးတော့မှ ...

"ဘာကြောင့် မယုံတာလဲ"

"သူက ကလေးသိပ်လိုချင်တာ" အခုမှ သူ့ဦးနှောက်ကြည်လင်လာသည်။ "ဒါပေမဲ့ ကလေးအဖေကတော့ မလိုချင်ဘူး"

"ကလေးအဖေ ... ဟုတ်လား"

"ဒေါက်တာ ကင်မယ်လိုရီ၊ သူက အင်ဘာကေဒရိုဆေးရုံမှာ လုပ်တာ၊ ပြီးတော့ ... သူက ကက်ကို လက်မထပ်ချင်ဘူး၊ ကက်လည်း ဆရာဝန်တစ်ယောက်ပါ၊ တကယ်လို့ သူ ကိုယ်ဝန်ဖျက်ချချင်တောင်မှ အခုလို ရေချိုးခန်းထဲမှာ သူ့ဟာသူ ဖျက်ချမှာ မဟုတ်ဘူး" ပေ့ဂျ်က ဦးခေါင်းကို ခါယမ်းရင်း "ဒီကိစ္စက ရိုးရိုးမဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ဆေးစစ်အရာရှိက အလောင်းဘေးမှ ထရပ်လိုက်သည်။

"သူ့ဟာသူ လုပ်တာလည်း ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ကိုယ်ဝန်ရှိတာ လူသိမှာစိုးလို့"

"အဲဒါ လုံးဝမဟုတ်ဘူး" ပေ့ဂျ်က ခပ်မာမာပြောလိုက်သည်။ "သူ့အကြောင်း ကျွန်မတို့ အားလုံးသိတယ်"

ရဲအရာရှိဘန်းက ပေ့ဂျ်ကို အကဲခတ်ပြီး "ဒီနေ့ည ဒီမှာ သူတစ်ယောက်တည်း ရှိသလား"

"မဟုတ်ဘူး၊ ဒေါက်တာမယ်လိုရီနဲ့ ချိန်းထားတယ်"

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီသည် အိပ်ရာထဲတွင် လှဲရင်း ညနေတုန်းက ဖြစ်ရပ်များကို ပြန်လည် သုံးသပ်နေ၏။ သူ့လုပ်ရပ် အဆင့်ဆင့်သည် အသေးစိတ် ပိပိရိရိရှိသည်။ ယိုပေါက်ဟာပေါက် တစ်ကွက်မှ မရှိဟု သူသေချာပေါက် ယုံကြည်၏။ မှုခင်းအခြေအနေအရ ရဲဘက်မှ သူ့ကိုလည်း မလွဲမသွေ ခေါ်ယူစုံစမ်းစစ်ဆေးမေးမြန်းမှာ သေချာသည်။ သည်အချိန်အထိ ရဲဘက်မှ ဘာသံမှ မကြားရသေးသည်မှာ ထူးဆန်းနေ၏။

သူတွေးလို့မှ မဆုံးသေးခင် တံခါးမှ လူခေါ်ခေါင်းလောင်းမြည်သံ ပေါ်ထွက်လာသည်။ သုံးကြိမ်တိတိ မြည်ပြီးမှ သူအိပ်ရာပေါ်က လူးလဲထလာသည်။ ညအိပ်ဝတ်ရုံကြီး ကောက်ဝတ်ပြီး အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

"ဒေါက်တာမယ်လိုရီပါလား" အပြင်မှမေးသံ။

"ဟုတ်ပါတယ်"

"ဆန်ဖရန်စစ္စကိုရဲအဖွဲ့ ရဲအရာရှိ ဘန်းပါ"

"ရဲအဖွဲ့ကလား" သူ့အသံတွင် အံ့အားသင့်သွားသံပါသည်။ သူတံခါးဖွင့်ပေးသည်။

ရဲအရာရှိက သူ့ရာထူးတံဆိပ်ကို ပြသည်။

"ကျွန်တော် ဝင်လို့ရမလား"

"ဝင်ပါ၊ ဘာကိစ္စရှိလို့လဲ"

"ဒေါက်တာဟန်တာကို သိပါသလား"

"သိပါတယ်" သူ့မျက်နှာတွင် အံ့သြရိပ်ပေါ်သွားသည်။ "သူဘာဖြစ်နေလို့လဲ"

"ဒီနေ့ည စောစောပိုင်းက ဒေါက်တာ သူနဲ့ရှိနေခဲ့သလား"

"ဟုတ်ကဲ့၊ ဘုရားရေ ... သူ ဘာဖြစ်နေလို့လဲ ကျွန်တော့်ကို ပြောစမ်းပါ"

"အမင်္ဂလာသတင်းပေးရတာ စိတ်မကောင်းပါဘူး၊ သူ သေသွားပြီ"

"ဟင် ... သူသေသွားပြီ၊ မဖြစ်နိုင်ဘူး၊ ကျွန်တော် မယုံဘူး၊ သူ ... သူဘယ်လိုဖြစ်ရတာလဲဗျာ"

"ထင်ရတာကတော့ ကိုယ်ဝန်ဖျက်ချပုံပဲ၊ အဲဒါ တလွဲတချော်ဖြစ်သွားတာပဲ"

"အို ... ဘုရား ... ဘုရား" သူ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ "ဒါ ... ကျွန်တော့်အမှား ... ကျွန်တော့်အမှား"

ရဲအရာရှိက သူ့ကို စေ့စေ့စပ်စပ် အကဲခတ်သည်။ "ဘာဖြစ်လို့ ဒေါက်တာ့ အမှားဖြစ်ရတာလဲ"

"ဟုတ်ကဲ့၊ ဖြစ်ပုံက ဒီလိုပါ၊ ကျွန်တော် ... ဒေါက်တာဟန်တာနဲ့ ကျွန်တော်တို့က လက်ထပ်ဖို့ သဘောတူထား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြတာပါ၊ ကျွန်တော်က သူ့ကိုပြောပါတယ်၊ လောလောဆယ် ကလေးယူဖို့ မသင့်သေးဘူးလို့၊ ကျွန်တော်က စောင့်စေချင်တယ်၊ အဲဒါ သူလည်းသဘောတူပါတယ်၊ ကျွန်တော် သူ့ကို ဆေးရုံသွားပြီး လူနာတွေကို စောင့်ရှောက်ဖို့ ပြောပါတယ်၊ ဒါပေမဲ့ သူက အဲဒီလိုလုပ်ဖို့ ဆုံးဖြတ်လိုက်တာကို ကျွန်တော် ... ကျွန်တော်တော့ လုံးဝမယုံနိုင်အောင်ပါပဲ''

''ဒေါက်တာ တိုက်ခန်းက ဘယ်အချိန်ပြန်လာသလဲ''

''ဆယ်နာရီလောက်ရှိမယ်ထင်တယ်၊ သူ့ကို တိုက်ခန်းရှေ့မှာ ချပစ်ခဲ့ပြီး ကျွန်တော် ပြန်လာခဲ့တာပဲ''

''ဒေါက်တာက တိုက်ခန်းထဲ မဝင်ဘူးလား''

''မဝင်ပါဘူး''

''ဒေါက်တာဟာန်တာက သူ ဘာလုပ်ချင်တယ်ဆိုတာ ပြောသလား''

''ဘာ ... ဘာအကြောင်း ... အဲ ... ဘာ ... ဘာမှ မပြောပါဘူး''

ရဲအရာရှိက အိတ်ကပ်ထဲမှ ကတ်ပြားကလေးတစ်ခု ထုတ်ယူလိုက်ပြီး ...

''ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ကို ကူညီနိုင်တာ တစ်ခုခုရှိရင် ကျွန်တော်နဲ့ ဆက်သွယ်ပါ ဒေါက်တာ''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒီအဖြစ်ကို ရုတ်တရက်ကြီး ကြားလိုက်ရတော့ ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားမိတယ်ဗျာ''

■

ပေ့ဂျ်နှင့် ဟန်နီတို့သည် တစ်ညလုံး မအိပ်နိုင်ကြ။ ကက်အကြောင်းကို ပြောပြီးရင်း ပြောရင်း မဆုံးနိုင်အောင် ဖြစ်နေကြသည်။ မယုံကြည်အောင် ယူကျုံးမရ ဖြစ်နေကြသည်။

၉ နာရီတွင် ရဲအရာရှိဘန်း ရောက်လာ၏။

''မင်္ဂလာနံနက်ခင်းပါ၊ ကျွန်တော် မနေ့ညက ဒေါက်တာမယ်လိုရီနဲ့ တွေ့ခဲ့ပြီးပြီ''

''အဲဒီတော့ ... ''

''သူကပြောတယ်၊ သူတို့နှစ်ယောက် ညစာစားပြီးတော့ ဒေါက်တာဟာန်တာကို တိုက်ခန်းမှာ ချထားပေးခဲ့တယ်၊ ပြီးတော့ သူအိမ်ပြန်လာတယ်တဲ့''

''သူ ညာပြောတာ'' ပေ့ဂျ်က ပြောသည်။ သူစဉ်းစားကြည့်သည်။ ''နေဦး ကက်ရဲ့ ခန္ဓာကိုယ်ထဲက သုတ်ရည်တွေ ဘာတွေ မတွေ့ဘူးလား''

''တွေ့တယ်ဆိုပါတော့''

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... သူ ညာပြောတာ ထင်ရှားတယ်၊ သူတို့ 'အိပ်' ဖြစ်ကြတာ"

"ကျွန်တော် ဒီနေ့မနက် ဒေါက်တာမယ်လိုရီနဲ့ သွားတွေ့ခဲ့သေးတယ်၊ သူတို့ ညစာသွားမစားခင် 'အိပ်' ခဲ့ကြတယ်လို့ ပြောတယ်"

"အို ... သူက အဲသလိုလား" ပေ့ဂျ်က လုံးဝမအလျှော့မပေး၊ "ဒါဆို သားအိမ်ခြစ်ဖွန်းမှာ သူ့လက်ဗွေရာ ရှိလိမ့်မယ်၊ သူက အဲဒါနဲ့ ကက်ကို သတ်တာ၊ သူ့လက်ဗွေရာ တွေ့သလား"

"တွေ့တယ်၊ ဒါပေမဲ့ သေဆုံးသူရဲ့ လက်ဗွေရာ ဖြစ်နေတယ်"

"အဲဒါ သူညာတာပဲ၊ နေဦး သူက လက်အိတ်ဝတ်ထားမယ်၊ သူ့ကိစ္စပြီးတော့ သားအိမ်ခြစ်ဖွန်းပေါ်မှာ ကက်ရဲ့ လက်ဗွေကို နှိပ်ထားမယ်၊ အဲဒါ မဖြစ်နိုင်ဘူးလား"

"ဒါကတော့ တယ်လီဗွီးရှင်းဇာတ်လမ်းတွေမှာလည်း ပါတာပဲ"

"ဒါဆို ရှင် မယုံဘူးလား"

"အမှန်အတိုင်းပြောရရင် သိပ်မယုံချင်ဘူး"

"အလောင်းကို သူတို့ ခွဲစိတ်စစ်ဆေးကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီ"

"အဲဒီတော့ ..."

"ဆေးဘက်ဆိုင်ရာ စစ်ဆေးအရာရှိကတော့ မတော်တဆသေဆုံးမှုလို့ မှတ်ချက်ရေးထားတယ်၊ ဒေါက်တာ မယ်လိုရီကလည်း ကျုပ်ကိုပြောတာက ဒေါက်တာဟန်တာက ကလေးမယူဖို့ သဘောတူတယ်လို့ ပြောတယ်၊ ဒါကြောင့် သူ့ကိုယ်သူ ..."

"ရေချိုးခန်းထဲဝင်ပြီး သတ်သေလိုက်တယ်ပေါ့ ... ဟုတ်လား၊ ဒီမှာ ... ကျွန်မပြောမယ်၊ သူဟာ ဆရာဝန် တစ်ယောက်ပါ၊ ခွဲစိတ်ကုဆရာဝန်ပါ၊ ဒါကြောင့်မို့ သူကိုယ်တိုင် ဖျက်ချဖို့အကြောင်း လုံးဝမရှိပါဘူး"

"ဒါဆို ဒေါက်တာမယ်လိုရီက သူ့ကိုဖျက်ချဖို့ တိုက်တွန်းတယ်လို့ ဒေါက်တာက ထင်သလား၊ အဲဒီလို လုပ်ရာမှာ သူ့ကို ကူညီတယ်လို့ ထင်သလား၊ ပြီးတော့မှ ဒီအတိုင်းပစ်ခဲ့တာလို့ ထင်သလား"

ပေ့ဂျ်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး "မဟုတ်ဘူး၊ အဲဒီလို လုံးဝမဖြစ်နိုင်ဘူး၊ ကက်က ဖျက်ချဖို့ ဘယ်တော့မှ သဘောမတူဘူး၊ သူ့ကို မယ်လိုရီက တမင်သက်သက် သတ်တာ၊ ကက်က စိတ်ဓာတ်ခိုင်မာတယ်၊ သူ့ကို မယ်လိုရီက ဒီလိုလုပ်တာကို သူမသိနိုင်အောင် တစ်ခုခုလုပ်ထားလို့ဖြစ်မယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"သူ့အလောင်းကို စစ်ဆေးကြည့်တော့ သူ သတိမရလောက်အောင် ရိုက်နှက်တာမျိုး အခြားတစ်စုံတစ်ရာ ပြုလုပ်တာမျိုး လက္ခဏာတစ်ခုမှ မတွေ့ရဘူး၊ လည်ပင်းမှာလည်း ဘာဒဏ်ရာမှ မတွေ့ရဘူး"

"အိပ်ဆေးတို့ ဘာတို့ ပေးထားရင် ဘာဒဏ်ရာ တွေ့ရပါ့မလဲ"

"ဘာမှ မတွေ့ရဘူး၊ ဒါပေမဲ့ ဒီအမှုဟာ လူသတ်မှုလို့ ကျွန်တော်မထင်ဘူး၊ ဒေါက်တာဟန်တာအနေနဲ့ ဆုံးဖြတ်ချက်မှားသွားတာလို့ပဲ ယူဆတယ်၊ စိတ်မရှိပါနဲ့"

ရဲအရာရှိက ပြန်ရန် တံခါးသို့ လျှောက်သွားသည်။

"ခဏနေပါဦး" ပေ့ဂျ် လှမ်းခေါ်သည်။ "ရည်ရွယ်ချက်နဲ့ သတ်တာ မဖြစ်နိုင်ဘူးလား"

ရဲအရာရှိက ပြန်လှည့်လာပြီး "မဖြစ်နိုင်ဘူး၊ သူက ဖျက်ချဖို့သဘောတူတယ်ဆိုတာ ဒေါက်တာမယ်လိုရီက ပြောပြီးပြီ၊ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘာမှလုပ်စရာမရှိတော့ဘူး"

"ရှိတယ်၊ လူသတ်မှုအတွက် လုပ်စရာရှိတယ်"

"ဒီမှာ ဒေါက်တာ ကျွန်တော်တို့မှာ နိုင်လုံတဲ့သက်သေခံပစ္စည်း အထောက်အထား ဘာမှ မရှိပါဘူး၊ ကဲ ... ဘယ်လိုမှ စိတ်မရှိပါနဲ့ ဒေါက်တာ"

ရဲအရာရှိ ပြန်ထွက်သွားသည်။ ပေ့ဂျ်က အကြီးအကျယ် မကျေနပ်စွာဖြင့် ထိုင်ကြည့်ကျန်ရစ်၏။ *ကင်မယ်လိုရီကို မမိ မိအောင် ငါဖမ်းပြမယ်။*

■

ဂျက်ဆင်က ပေ့ဂျ်ကို လာတွေ့သည်။ "သတင်းဆိုးကို ကျွန်တော်ကြားရတယ်၊ မယုံနိုင်စရာဘဲ၊ သူ ဒီလို ဘာကြောင့်လုပ်ရတာလဲ"

"သူလုပ်တာမဟုတ်ဘူး၊ သူအသတ်ခံရတာ" ရဲအရာရှိနှင့် ပြောခဲ့သည့်စကားကို ပေ့ဂျ်က ပြန်ပြောပြသည်။ "ဒီကိစ္စနှင့်ပတ်သက်ပြီး ရဲဘက်က ဘာမှမလုပ်ဘူး၊ သူတို့က မတော်တဆမှုလို့ပဲ ယူဆတယ်၊ တကယ်တော့ ကက် သေရတာ ကျွန်မ အမှားကြောင့်ပဲ"

"ဘယ်လို ... ဘယ်လို"

"မယ်လိုရီနဲ့တွဲပြီး အပြင်ထွက်ဖို့ အစကတည်းက ကျွန်မ တိုက်တွန်းခဲ့တာ၊ ကက်က လုံးဝသဘောမတူဘူး၊ အပြောင်အပြက် ပျော်စရာသဘောလုပ်ရင်းက စတင်ခဲ့တာ၊ ကက် က သူ့ကိုချစ်သွားတာ၊ အို ... ကျွန်မ စိတ်မကောင်းလိုက်တာ ဂျက်ဆင်ရယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ခင်ဗျားအမှား မဟုတ်ပါဘူး"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်မ ဒီတိုက်ခန်းမှာ မနေချင်တော့ဘူး၊ ဒီနေရာက ထွက်သွားမယ်"

ဂျက်ဆင်က ပေ့ဂျ်၏ လက်ကို ဆုပ်ကိုင်လိုက်၏။

"ကိုယ်တို့ လက်ထပ်ကြရအောင်လား"

"မဖြစ်ဘူး၊ သိပ်စောနေသေးတယ်၊ ဒီမှာ ကိစ္စတောင် မပြီးသေး ... "

"ဟုတ်ပါတယ်၊ တစ်ပတ်နှစ်ပတ်လောက် စောင့်ကြတာပေါ့"

"ဟုတ်ပြီလေ"

"မင်းကို ကိုယ်သိပ်ချစ်တယ် ... ပေ့ဂျ်"

"ကျွန်မလည်း ရှင့်ကို ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ လိပ်ပြာမလုံဘူး၊ ကက်နဲ့ ကျွန်မတို့ တစ်ပြိုင်တည်းလိုလို ချစ်သူတွေ တွေ့ခဲ့ကြတယ်၊ အခုတော့ သူက သေသွားပြီ၊ ကျွန်မက ရှင်နေသေးတယ်"

■

အင်္ဂါနေ့ထုတ် "ဆန်ဖရန်စစ္စကို ခရော်နီကယ်" သတင်းစာတွင် ဓာတ်ပုံပါလာသည်။ မယ်လိုရီက လော်ရင်း ဟာရစ်ဆင်ကို သိုင်းဖက်ထားသည်။ ပုံစာက *"ဆရာဝန်နှင့် လက်ထပ်မည့် အမွေခံ သူဌေးသမီး"*

ပေ့ဂျ်သည် သတင်းစာကို ကြည့်ပြီး အံ့အားကြီးသင့်နေ၏။ ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်နေ၏။ ကက်သေတာ နှစ်ရက်ပဲ ရှိသေးသည်။ မယ်လိုရီက နောက်တစ်ယောက်နှင့် အကြည်ဆိုက်ပြီး စေ့စပ်ကြောင်းလမ်းခြင်းတောင် လုပ်လိုက်ပြီ။ သူက ကက်ကို လက်ထပ်ရန် တစ်ချိန်လုံး တောင်းဆိုနေခဲ့သည်။ ယခုတော့ နောက်တစ်ယောက်ကို လက်ထပ်ရန် စီစဉ်နေပြီ။ *ဒါကြောင့် ကက်ကို သူသတ်တာ၊ ကက်ကို ရှင်းပစ်ဖို့လုပ်တာ။*

ပေ့ဂျ်သည် တယ်လီဖုန်းကောက်ကိုင်ပြီး ရဲစခန်းကိုဆက်သည်။

"ကျေးဇူးပြုပြီး ရဲအရာရှိ ဘန်းကို ပေးပါ"

ခဏအကြာတွင် တစ်ဘက်မှ တယ်လီဖုန်း လာကိုင်သည်။

"ကျွန်မ ဒေါက်တာတေလာပါ"

"ဟုတ်ကဲ့၊ ပြောပါ ဒေါက်တာ"

"အင်စပက်တာ ဘန်းပါလား"

"ဟုတ်ပါတယ်"

"ဒီနေ့ထုတ် 'ခရော်နီကယ်' မှာ ဓာတ်ပုံတွေ့ပြီးပြီလား"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီးပါပြီ"

"ဟုတ်ပြီ၊ အဲဒါပေါ့၊ ကျွန်မပြောခဲ့တဲ့ ရည်ရွယ်ချက်နဲ့ သတ်တယ်ဆိုတာ၊ ကင်မယ်လိုရီက ကက်ကို ရှင်းပစ်လိုက်တာဟာ သူတို့ကိစ္စကို လော်ရင်းမသိနိုင်အောင် ကြိုတင်ပြီး မှောင်ချပစ်လိုက်တာပဲ၊ ရှင်တို့က သူ့ကို ဖမ်းကို ဖမ်းရမယ်" ပေ့ဂျ်၏ အသံက အကျယ်ကြီး။

"နေပါဦး၊ စိတ်ကိုထိန်းပါ ဒေါက်တာ၊ ရည်ရွယ်ချက်နဲ့ သတ်တယ်ပဲဆိုပါတော့၊ ဒါပေမဲ့ ဘယ်မှာလဲ သက်သေခံ အထောက်အထား၊ ဒေါက်တာက ပြောတယ်၊ မယ်လိုရီက ဒေါက်တာဟန်တာကို ဖျက်ချဖို့မလုပ်ရင် သတိမေ့အောင် လုပ်ထားတယ်လို့ ဒေါက်တာကပြောတယ် မဟုတ်လား၊ ကျွန်တော် ဒေါက်တာနဲ့ တွေ့ပြီးတဲ့နောက် မှူခင်းဆိုင်ရာ ဆေးဘက် ဆရာဝန်နဲ့ ထပ်တွေ့သေးတယ်၊ သေဆုံးသူ သတိမေ့ရလောက်အောင် ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့ရဘူးလို့ သူက ပြောပါတယ်"

"အဲဒါ မူးယစ်ဆေးဝါးပေးထားလို့ပေါ့၊ ခလိုရယ်ဟိုက်ဒရိတ်ဖြစ်နိုင်တယ်၊ ဒီဆေးက အာနိသင် သိပ်မြန်တယ်"

"စစ်ဆေးကြည့်တာ ခလိုရယ်ဟိုက်ဒရိတ် လုံးဝမတွေ့ရပါဘူး၊ ကျွန်တော် တောင်းပန်ပါတယ် ဒေါက်တာ၊ တကယ်ပါ၊ မင်္ဂလာဆောင်မယ့်ဆဲဆဲ သတို့သားကို ကျွန်တော်တို့ မဖမ်းဆီးနိုင်ပါဘူး၊ တခြား ဘာပြောချင်ပါသေးသလဲ"

*ပြောချင်တာတွေက အများကြီး။* "မပြောတော့ဘူး" တယ်လီဖုန်းကို ဝုန်းခနဲ ပြန်ချလိုက်သည်။ ထိုင်ပြီး စဉ်းစားနေသည်။ *မယ်လိုရီဟာ ကက်ကို မူးယစ်ဆေးဝါးတစ်မျိုးမျိုးကျွေးတာ ဖြစ်ရမယ်၊ သူ့အနေနဲ့ အဲဒီဆေး အလွယ်ဆုံး ရနိုင်တဲ့နေရာက ဆေးရုံ ဆေးပစ္စည်းခန်းပဲ။*

နောက် ၁၅ မိနစ်အကြာတွင် ပေ့ဂျ်သည် အင်ဘာကေဒရီဆေးရုံသို့ ကားမောင်းထွက်လာခဲ့၏။

ဆေးပစ္စည်းခန်းတာဝန်ခံ ပီတာဆင်မြူရယ်ကို ကောင်တာနောက်တွင် ထိုင်၍ တွေ့ရသည်။

"ဂွတ်မောနင်း ... ဒေါက်တာ တေလာ၊ ကျွန်တော်ဘာလုပ်ပေးရမလဲ"

"လွန်ခဲ့တဲ့ သုံးလေးငါးရက်လောက်က ဒီကို ဒေါက်တာမယ်လိုရီလာပြီး ဆေးတွေ ဘာတွေ ယူသွားသေးသလား၊ သူကတော့ ဆေးနာမည် ပြောပါတယ်၊ ဒါပေမဲ့ လောလောဆယ် ကျွန်မ မေ့နေလို့"

ဆင်မြူရယ်က မျက်ခုံးချီလိုက်ပြီး ...

"ကျွန်တော် မှတ်မိသလောက်ဆိုရင် ဒေါက်တာမယ်လိုရီ ဒီကိုမလာတာ တစ်လလောက်ရှိပြီ"

"သေချာရဲ့လား"

"သိပ်သေချာတယ်၊ ကျွန်တော်မှတ်မိတယ်၊ သူလာရင် အမြဲတမ်း ဘောလုံးပွဲအကြောင်းပဲ ပြောတာပဲ"

ပေ့ဂျ် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ "ကျေးဇူးပါပဲ"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



*သူ အခြားဆေးဆိုင်မှာ ဆေးစာရေးပြီး သွားဝယ်တာဖြစ်နိုင်တယ်။* မူးယစ်စေတတ်သော ဆေးဝါးများဝယ်လျှင် ဆေးစာကို ကော်ပီသုံးစောင်လုပ်ရန် ဥပဒေအရ သတ်မှတ်ထားကြောင်း ပေ့ဂျ် သိသည်။ တစ်စောင်က လူနာအတွက်၊ နောက်တစ်စောင်က ဆေးဝါးကြီးကြပ်ရေးအဖွဲ့အတွက်၊ နောက်ဆုံး တစ်စောင်က ဆေးဆိုင်ဖိုင်တွဲမှတ်တမ်းအတွက် ဖြစ်သည်။

*မယ်လိုရီဟာ ဆေးဆိုင်တစ်ဆိုင်မှာ ဆေးစာရေးပြီးဝယ်တာ ဖြစ်ရမယ်။* ပေ့ဂျ်က တွေးကြည့်သည်။ *ဒါပေမဲ့ ဆန်ဖရန်စစ္စကို တစ်မြို့လုံးမှာ ဆေးဆိုင်ပေါင်းက နှစ်ရာသုံးရာလောက်ရှိတယ်။* ပေ့ဂျ်အဖို့ ဆေးစာရှာဖွေရေးလုပ်ငန်း လမ်းပိတ်နေပြီ။ မယ်လိုရီသည် ကက်ကို မသတ်မီ မူးယစ်ဆေးနှင့် မေ့မြောသွားအောင်လုပ်တာ ဖြစ်နိုင်သည်။ ဆေးဝယ်တာလည်း စနေနှင့် တနင်္ဂနွေနေ့များတွင် ဖြစ်ရမည်။ *တနင်္ဂနွေနေ့ဖြစ်ခဲ့ရင် ငါ့အတွက် အခွင့်အရေးရှိသေးတယ်၊ တနင်္ဂနွေနေ့မှာ ဆေးဆိုင် တချို့သာ ဖွင့်တာ ... ။*

ပေ့ဂျ်သည် အပေါ်ထပ်မှ ရုံးခန်းသို့ တက်လာခဲ့သည်။ အလုပ်တာဝန်ကျ မှတ်တမ်းများရှိသည်။ စနေနေ့အတွက် တာဝန်ကျမှတ်တမ်းကို ရှာကြည့်သည်။ မယ်လိုရီ တစ်နေ့လုံး အရန်သင့်တာဝန်ကျသည်။ ဒါဆိုလျှင် တနင်္ဂနွေနေ့ဖြစ်နိုင်သည်။ *တနင်္ဂနွေနေ့တွင် ဆေးဆိုင်ဘယ်နှဆိုင် ဖွင့်သလဲ၊ ဟုတ်ပြီ၊ လမ်းစတော့ ပေါ်လာပြီ။*

တယ်လီဖုန်းကို ကောက်ကိုင်ပြီး ပြည်နယ်ဆေးဝါးဘုတ်အဖွဲ့သို့ ဆက်သည်။

"ကျွန်မ ဒေါက်တာတေလာပါ၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျွန်မမိတ်ဆွေတစ်ယောက် ဆေးဆိုင်တစ်ဆိုင်မှာ ဆေးစာမေ့ကျန်ရစ်ခဲ့လို့ပါ၊ သူက လမ်းကြုံလို့ ကျွန်မကို ဝင်ယူခဲ့ဖို့ ပြောပါတယ်၊ ဒါပေမဲ့ ဆေးဆိုင်နာမည် မမှတ်မိတော့လို့ပါ၊ အဲဒါ ဖြစ်နိုင်ရန် ကူညီစေချင်ပါတယ်"

"ဒေါက်တာတောင် မသိရင် ကျွန်တော်တို့က ဘယ်လိုလုပ် ... "

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... "

"တနင်္ဂနွေနေ့ဖွင့်တဲ့ ဆေးဆိုင်စာရင်း ကျေးဇူးပြုပြီး ကူညီပါ၊ အများကြီး ကျေးဇူးတင်ပါတယ်"

ခေတ္တငြိမ်နေသည်။ "တော်တော်အရေးကြီးလို့လား"

"သိပ်ပြီး အရေးကြီးပါတယ်"

"ဒါဆို ... ခဏကိုင်ထားပါ"

■

စာရင်းအရ တစ်မြို့လုံးတွင် ဆေးဆိုင် ၃၆ ဆိုင်ရှိသည်။ ရဲအကူအညီရယူနိုင်လျှင် သည်ကိစ္စ အလွယ်တကူ

www.burmeseclassic.com



ဖြစ်နိုင်၏။ သို့သော်လည်း ရဲအရာရှိဘန်းက သူ့ကို မယုံ။ *ဟန်နီနဲ့ ငါနဲ့ ကြိုးစားရင် ဖြစ်နိုင်တယ်။*

သို့ဖြင့် ပေ့ဂျ်က သူ့အကြံကို ဟန်နီအား ရှင်းပြသည်။

"မင်းဥစ္စာက မလွယ်တဲ့အလုပ်ပဲ" ဟန်နီက ပြောသည်။ "ပစ်မှတ်က သိပ်ပြီး ဝေးလွန်းတယ်၊ မင်းက မယ်လိုရီ တနင်္ဂနွေနေ့မှာ ဆေးစာနဲ့ ဆေးဝယ်သလား၊ မဝယ်ဘူးလားဆိုတာတောင် သိသေးတာမှ မဟုတ်ဘဲ"

"အဲဒါ ငါတို့ရဲ့ ပစ်မှတ်ပဲပေါ့" ကက်ရဲ့ ပစ်မှတ်လည်းဟုတ်တယ်။ "ဒီလိုလုပ်ကြမယ်၊ ငါက ရစ်ချမွန်၊ မရီနာ၊ နော့ဘီချ်၊ အပ်ပါးမားကက်၊ မစ်ရှင်နဲ့ ပိုထရီရိုမြို့နယ်တွေက ဆေးဆိုင်တွေလိုက်မယ်၊ မင်းက အိပ်ဆဲဗီးယား၊ အင်ဂလီဆိုက်၊ လိပ်ခ်မာဆက်၊ ဝက်စတန်ကက်ဒီးရှင်းနဲ့ ဆန်းဆက်မြို့နယ်တွေကိုလိုက်"

"ကောင်းပြီ ... စိန်လိုက်"

■

ပထမဆုံး ဆေးဆိုင်ထဲသို့ ပေ့ဂျ် ဝင်လာသည်။ သူ၏မှတ်ပုံတင်ကတ်ကို ထုတ်ပြပြီး ...

"ကျွန်မ မိတ်ဆွေ ဒေါက်တာမယ်လိုရီ ဒီဆိုင်မှာ တနင်္ဂနွေနေ့က ဆေးစာနှင့် ဆေးလာဝယ်ပါသလား၊ သူက အပြင်သွားနေလို့ပါ၊ သူက အဲဒီဆေးစာထဲက ဆေးနာမည်တွေ ပြန်ယူပေးဖို့ ကျွန်မကို ခိုင်းလို့ပါ၊ ကျွန်မလည်း မမှတ်မိတော့ဘူး၊ အဲဒါ တစ်ဆိတ်လောက် ကူညီပါ"

"ဒေါက်တာမယ်လိုရီ ... ဟုတ်လား၊ ခဏနော်" ခဏအကြာတွင် ဆေးဆိုင်ရှင် ပြန်လာပြီး "ဆောရီးပဲ၊ တနင်္ဂနွေနေ့က ဘယ်ဒေါက်တာမယ်လိုရီမှ ဆေးလာမဝယ်ပါဘူး"

"ကျေးဇူးပါပဲ"

နောက်ထပ် ဆေးဆိုင်လေးဆိုင်ကလည်း ထိုနည်းလည်းကောင်းပင် တုံ့ပြန်ကြသည်။

ဟန်နီလည်း ကံမကောင်းရှာ။

"ကျွန်တော့်မှာက ဆေးစာရွက်ပေါင်း ထောင်နဲ့ချီပြီး ရှိနေတာ"

"ဟုတ်ပါတယ်၊ အဲဒါ ကျွန်မသိပါတယ်၊ ဒါပေမဲ့ အခုဟာက တနင်္ဂနွေနေ့ တစ်နေ့တည်းမှာ လာဝယ်တဲ့ဥစ္စာပါ"

"ဒါပေမဲ့ ကျွန်တော်တို့ဆိုင်မှာက ဒေါက်တာမယ်လိုရီဆိုတဲ့ နာမည်လုံးဝမတွေ့ရဘူး ဒေါက်တာ၊ ဆောရီးပဲ"

သူငယ်ချင်းမနှစ်ယောက် စိတ်ဓာတ်မကျဘဲ ဆေးဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင် ဆက်လက်ဝင်ရောက်စုံစမ်းကြသည်။ ကြာတော့ နှစ်ယောက်စလုံး စိတ်ဓာတ်ကျချင်လာသည်။ ကံကောင်းချင်တော့ ဆေးဆိုင်တွေ ပိတ်ခါနီးတွင် ဘာပ်ပြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးဆိုင်ကလေးတစ်ဆိုင်တွေ့သည်။ ပိုထရီရှိမြို့နယ်မှ ဆေးဆိုင်ကလေးဖြစ်၏။

"အို ... ဟုတ်ကဲ့" ဆိုင်ရှင်က ပြောသည်။ ဒီမှာတွေ့ပြီ၊ ဒေါက်တာ မယ်လိုရီတဲ့၊ သူ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိတယ်၊ သူက လူနာတစ်ယောက်ကို အိမ်တိုင်ရာရောက် လာကုရင်း ဝင်ဝယ်တာလို့ပြောတယ်၊ ကျွန်တော်တောင် စိတ်ထဲ တစ်မျိုးထင်သွားမိတယ်၊ ဒီလိုနေ့တွေမှာ အိမ်လိုက်ကုတဲ့ ဒေါက်တာ ရှားပါတယ်"

ပေ့ဂျ် အသက်မရှူဘဲ ရင်တဖိုဖိုဖြင့် နားစွင့်နေမိသည်။

"ခလိုရယ်ဟိုက်ဒရိတ်"

ပေ့ဂျ် စိတ်လှုပ်ရှားပြီး တစ်ကိုယ်လုံး တုန်လှုပ်သွား၏။

"သေချာပါတယ်နော်"

"တကယ်သေချာပါတယ်"

"လူနာ နာမည်က ဘယ်သူတဲ့လဲ"

ဆိုင်ရှင်က ဆေးစာရွက်ပြန်ကြည့်ပြီး ...

"စပီရို လီဗတ်"

"ကျွန်မကို အဲဒီဆေးစာကော်ပီတစ်စောင် ပေးပါလား"

"ဟုတ်ကဲ့ ရပါတယ် ဒေါက်တာ"

■

နောက်တစ်နာရီခန့်အကြာတွင် ရဲအရာရှိဘန်း၏ ရုံးခန်းထဲသို့ ပေ့ဂျ် ရောက်နေ၏။ ပေ့ဂျ်က ဆေးစာရွက်ကို စားပွဲပေါ်တင်လိုက်သည်။

"ဟောဒီမှာ သက်သေခံပစ္စည်း၊ တနင်္ဂနွေနေ့ ဒေါက်တာမယ်လိုရီဟာ သူနေတဲ့နေရာနဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ဆေးဆိုင်လေးတစ်ဆိုင်ကို သွားပြီး ကလိုရယ်ဟိုက်ဒရိတ်ဆေး ဝယ်တယ်၊ ပြီးတော့ ကက် သောက်တဲ့အရက်ထဲ ထည့်တယ်၊ ကက် သတိမေ့သွားတော့မှ မတော်တဆဖြစ်မှုမျိုးထင်အောင် ဖန်တီးပြီး ကက်ကို သတ်တာ"

"ဒါနဲ့ ပတ်သက်ပြီး ပြဿနာက တစ်ခုပဲရှိတယ် ဒေါက်တာ၊ သေသူရဲ့ ကိုယ်ခန္ဓာထဲမှာ ခလိုရယ်ဟိုက်ဒရိတ် လုံးဝ မတွေ့ရဘူး"

"ရှိကို ရှိရမယ်၊ မှုခင်းဆိုင်ရာ ဆေးဘက်ဆရာမှားတာ၊ နောက်ထပ် စစ်ဆေးခိုင်းပါဦး"

ရဲအရာရှိက တော်တော်စိတ်တိုနေပြီ "ဒီမှာ ... ဒေါက်တာ ..."

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ကူညီပါ၊ ကျွန်မပြောတာ မမှားနိုင်ပါဘူး"

"ခင်ဗျားက သူမှားအချိန်တွေ လာဖြုန်းနိုင်းနေတာပဲ"

ပေ့ဂျ်က သူ့မျက်နှာကို စေ့စေ့ကြည့်နေသည်။

ရဲအရာရှိက သက်မချလိုက်ပြီး "ကောင်းပြီလေ၊ ကျွန်တော် သူ့ကို ပြောလိုက်ပါမယ်၊ သူမှားတာလည်း ဖြစ်နိုင်တာပဲ"

■

ဂျက်ဆင်က ညစာစားရန် ပေ့ဂျ်ကို လာခေါ်သည်။ "ကိုယ်တို့အိမ်မှာ ညနေစာ သွားစားကြမယ်၊ မင်းကို ကိုယ်ပြောစရာတစ်ခုရှိတယ်"

ကားမောင်းလာစဉ် ပေ့ဂျ်က ဂျက်ဆင်အား ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။

"သူ့ကိုယ်ခန္ဓာထဲမှာ သူ့တို့ ခလိုရယ်ပဒိုက်ဒရိုက်တွေ့မှာပဲ၊ အဲဒါဆိုရင် မယ်လိုရီတော့ သူ့အပြစ်သူခံပေရော့ပဲ"

"ကြားရတာ ကိုယ်စိတ်မကောင်းပါဘူး ... ပေ့ဂျ်"

ကားကို ဂျက်ဆင်တို့အိမ်ရှေ့မှာ ရပ်လိုက်သည်။

ပေ့ဂျ် ကားပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်တော့ ရုတ်တရက် အသက်ရှူ မှားသွားမိ၏။

အိမ်ရှေ့မြက်ခင်းစိမ်းတစ်ဝိုက်ကို အဖြူရောင် တိုင်လုံးများဖြင့် ခြံစည်းရိုးအသစ် ခတ်ထားသည်။

■

တိုက်ခန်းတွင် သူတစ်ယောက်တည်း ရှိနေသည်။ မယ်လိုရီသည် ကက်ပေးထားသည့် သော့ဖြင့် တံခါးကိုဖွင့်ပြီး တိုက်ခန်းထဲ ဝင်လာသည်။ ပေ့ဂျ် ခြေသံကြားရသည်။ ခြေသံတွေက သူ့အခန်းဆီသို့ လာနေသည်။ သူ ဘာမှမလုပ်နိုင်မီ သူ့အပေါ် ခုန်အုပ်လိုက်သည်။ သူ့လည်ပင်းကို တစ်အား ညှစ်ထားသည်။

"ခွေးမ ... ငါ့ဘဝပျက်အောင်လုပ်တယ်၊ ကဲ ... မင်း နောက်ထပ် ဘယ်လိုမှ စပ်စုလို့မရနိုင်တော့ဘူးမှတ်" သူက ဗိုပြီးညှစ်သည်။ "မင်းတို့အားလုံးကို ငါ အပြတ်အသတ် နိုင်လိုက်ပြီ၊ ကက်ကို ငါသတ်တယ်ဆိုတာ ဘယ်သူမှ သက်သေမပြနိုင်တော့ဘူး"

ပေ့ဂျ် အတင်းရုန်းကန်ရင်း အော်ရန်ကြိုးစားသည်။ သို့သော် အသက်ရှူ၍ပင် လုံးဝမရ၊ သူအတင်းရုန်းထွက်သည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လန့်နိုးလာသည်။ အခန်းထဲတွင် သူတစ်ယောက်တည်း၊ သူ ထထိုင်သည်။ တစ်ကိုယ်လုံး တခိုက်ခိုက်တုန်နေ၏။

■

နောက်ထပ်သူ လုံးဝအိပ်မပျော်တော့၊ ရဲအရာရှိဘန်းထံမှ ဖုန်းအလာကို ထိုင်စောင့်နေသည်။ မနက် ၁၀ နာရီတွင် ဖုန်းလာသည်။

"ဒေါက်တာ တေလာလား"

"ဟုတ်ပါတယ်" သူ အသက်မရှူဘဲ နားစွင့်နေ၏။

"မှုခင်းဆိုင်ရာ ဆေးဘက်ဆရာဝန်ဆီက တတိယအကြိမ် စစ်ဆေးချက် ခုပဲရတယ်"

"အဲဒီတော့" သူ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

"ဒေါက်တာဟန်တာရဲ့ ကိုယ်ခန္ဓာထဲမှာ ဘာ ခလိုရယ်ဟိုက်ဒရိတ်မှလည်း မတွေ့ရဘူး၊ တခြားမူးယစ်ဆေး တစ်မျိုးမျိုးလည်း မတွေ့ရဘူး"

*ဒါ လုံးဝမဖြစ်နိုင်။ တွေ့ကို တွေ့ရမည်။* သူ့ကို မေ့သွားစေနိုင်သည့် ဒဏ်ရာဒဏ်ချက်လည်း လုံးဝမတွေ့ရ။ လည်ပင်းမှာလည်း ဘာဒဏ်ရာမှမရှိ။ *ဒါအဓိပ္ပာယ်လုံးဝမရှိ။* ကက် မေ့သွားပြီးတော့မှ သတ်တာ ဖြစ်ကို ဖြစ်နိုင်သည်။ မှုခင်းဆေးဘက်ဆိုင်ရာ ဆရာဝန်၏ စစ်ဆေးချက် လုံးဝမှားသည်။

ပေ့ဂျ် သူကိုယ်တိုင် ဆရာဝန်နှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။

■

ဒေါက်တာကိုလန် စိတ်တိုနေသည်။ "ကျုပ်ကို ဒီလိုမေးခွန်းထုတ်တာ ကျုပ်မကြိုက်ဘူး၊ ကျုပ် သုံးကြိမ်တိတိ စစ်ဆေးပြီးပြီ၊ သေဆုံးသူရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေထဲမှာ ခလိုရယ်ဟိုက်ဒရိတ် အရိပ်အငွေ့ လုံးဝမတွေ့ဘူး။ အဲဒါကို ရဲအရာရှိကို ကျုပ်ပြောလိုက်ပြီ"

"ဒါပေမဲ့ ဆရာ ..."

"တခြားဘာပြောချင်သေးသလဲ"

ပေ့ဂျ်က စိတ်ပျက်လက်ပျက်နှင့် ဒေါက်တာကို ကြည့်နေသည်။ သူ၏ နောက်ဆုံးမျှော်လင့်ချက် ကြေပျက်သွားခဲ့ပြီ၊ *ကင်မယ်လိုရီ လူသတ်မှုမှ လွတ်တော့မယ်။* "မ ... မရှိတော့ဘူးလို့ပဲ ထင်ပါတယ်၊ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ထဲမှာ

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာဓာတုပစ္စည်းမှ မတွေ့ရဘူးဆိုရင်တော့ ကျွန်မလည်း ဘာမှ ...''

''ဘာဓာတုပစ္စည်းမှ မတွေ့ရဘူးလို့ ကျုပ်မပြောပါဘူး''

ပေ့ဂျ်က ဒေါက်တာ့ကို ကြည့်နေသည်။ ခဏကြာတော့မှ ...

''ဆရာ အခြားတစ်ခုခုများ တွေ့ရပါသေးသလား ... ဟင်''

''ထရိုင်ခလိုရီသလင်းတော့ နည်းနည်းတွေ့တယ်''

ပေ့ဂျ်က မျက်ခုံးပင့်လိုက်ပြီး ...

''အဲဒါ ဘာအာနိသင်ရှိသလဲ ဆရာ''

''အဲဒါက ဘာမှ မရှိဘူး၊ အနာအကျင်ပျောက်ဆေးပဲ၊ အဲဒါသောက်လို့ ဘယ်သူမှ အိပ်မပျော်နိုင်ပါဘူး''

''ဟုတ်ကဲ့''

''ဆောရီးပဲ၊ ငါ ဘာမှ မကူညီနိုင်ဘူး''

''ကျေးဇူးတင်ပါတယ် ဆရာ''

သူသည် ပိုးသတ်ဆေးဖျန်းထားသည့် အလောင်းတိုက် စင်္ကြံလမ်းအတိုင်း လျှောက်လာသည်။ စိတ်ဓာတ်တော်တော်ကျနေသည်။ သူ တစ်ခုခု လိုနေသလို ခံစားရ၏။ ကက်ကို ခလိုရယ်ဟိုက်ဒရိတ်ဖြင့် မေ့သွားအောင်လုပ်သည်ဟု သူ ကျိန်းသေပေါက်တွက်သည်။

*ထရိုင်ခလိုရီသလင်း နည်းနည်းတွေ့တယ်လို့ ဆရာဝန်ကပြောတယ်၊ အဲဒါသောက်လို့ ဘယ်သူမှ အိပ်မပျော်ဘူးလို့လည်းပြောတယ်၊ ဒါဖြင့် အဲဒီထရိုင်ခလိုရီသလင်းကို ကက်ရဲ့ ခန္ဓာကိုယ်ထဲမှာ ဘာဖြစ်လို့ တွေ့ရတာလဲ။ ကက်က ဘာဆေးမှသောက်မထား။* ပေ့ဂျ်သည် စင်္ကြံလမ်းအလယ်တွင် ရပ်လိုက်သည်။ သူ့စိတ်သည် မရပ်မနား အလုပ်လုပ်နေသည်။

■

ဆေးရုံသို့ ရောက်တော့ ပေ့ဂျ်သည် ပဥ္စမထပ်ရှိ ဆေးစာကြည့်တိုက်သို့ တန်းလာခဲ့သည်။ တစ်မိနစ်ပင်မကုန်ဘဲ ထရိုင်ခလိုရီသလင်းကို သူတွေ့ပါလေတော့သည်။ ဖွင့်ဆိုချက်မှာ ...

''ဖာရင်ဟိုက် ၅၉ ဒီဂရီတွင် ၁ ဒသမ ၄၇ အထူး ဆွဲအားရှိသည့် အရောင်မဲ့ကြည်သော၊ အငွေ့ပြန်လွယ်သော အရည်၊ ယင်းသည် ဟာလိုဂျင်နိတ်တက် ဟိုင်ဒရိုကာဗွန်ဖြစ်ပြီး ဓာတုဗေဒ

the bookhouse
we bring your letters

www.burmeseclassic.com

www.burmeseclassic.com



ဖော်မြူလာမှာ $CCL_2$,CHCL ဖြစ်၏''

ဟုတ်ပြီ၊ နောက်ပိတ်ဆုံး လက်လျှော့ရခါနီးတော့မှ ကံကောင်းထောက်မ၍ ပေ့ဂျ် သွေးရူးသွေးတန်း ရှာနေသည့် အရာကို ရရှိခဲ့ပြီ။ *ခလိုရယ်ဟိုက်ဒရိတ်ကို ခေတ်ပြောင်းခေတ်လွှဲလုပ်လိုက်ရင် ဆင့်ပွားပစ္စည်းအဖြစ်* ထရိုင်ခလိုရိုသလင်း *ထွက်လာတယ်။* ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃၅-

"အင်စပက်တာ ... ဒေါက်တာတေလာက တွေ့ချင်လို့ပါတဲ့"

"ဟာ ... လာပြန်ပြီလား ဒီဆရာဝန်မ" သူက မောင်းထုတ်လိုက်ရန် စိတ်ကူးသေးသည်။ သည်ဆရာဝန်မက တစ်ဝက်မကျက်သီဝရီကို အရှုးအမူး ဖွဲလမ်းနေသည်။ "လွှတ်လိုက် ...လွှတ်လိုက်"

ပေ့ဂျ် ကုလားထိုင်မှာ ထိုင်တော့ ရဲအရာရှိကပြောသည်။

"ဒီမှာ ... ဒေါက်တာ၊ ဒီကိစ္စ ဒီလောက်နဲ့ ရပ်တန်းက ရပ်သင့်ပြီ၊ ဒေါက်တာဂိုလန်ကလည်း ကျွန်တော့်ကို ဖုန်းဆက်ပြီးတိုင် ..."

"မယ်လိုရီ ဘယ်လိုလုပ်တယ်ဆိုတာ ကျွန်မ သိရပြီ" သူ့အသံ တုန်နေသည်။ "ခန္ဓာကိုယ်ထဲမှာ ထရိုင်ခလိုရိုသလင်း တွေ့ရတယ်"

ရဲအရာရှိက ခေါင်းညိတ်ပြီး "ဟုတ်ပါပြီ၊ ဒေါက်တာ ဂိုလန်ကလည်း ကျွန်တော့်ကို ပြောပြီးပါပြီ၊ ဒါပေမဲ့ အဲဒီဆေးရည်က သူ့ကို သတိမေ့အောင် မလုပ်နိုင်ဘူး၊ သူ ..."

"ခလိုရယ်ဟိုက်ဒရိတ်က ထရိုင်ခလိုရိုသလင်းအဖြစ် ဓာတ်ပြောင်းသွားတာ" ပေ့ဂျ်က အားရှိပါးရှိ ပြောလိုက်၏။ "သူ ကက်ခဲ့အတူ တိုက်ခန်းကို မဝင်ဘူးဆိုတာ မယ်လိုရီက တမင်ညာ ပြောတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကက်အရက်ထဲမှာ ကလိုရယ်ဟိုက်ဒရိတ်ကို သူထည့်တာ၊ အဲဒါကို အရက်နဲ့ရောလိုက်ရင် ဘာအရသာမှ မရှိတော့ဘူး အဲဒါဆိုရင် အာနိသင်ပြဖို့ အချိန်နည်းနည်းပဲလိုတယ်၊ အဲဒီလိုနဲ့ ကက် သတိမေ့သွားတော့ သူက ကက်ကို သတ်လိုက်တယ် ကိုယ်ဝန်ဖျက်သလိုပုံမျိုး အကွက်ဆင်လိုက်တယ်"

"ဒေါက်တာ ...ကျွန်တော့်ကို စိတ်တော့မဆိုးပါနဲ့၊ ဒါက အမျိုးမျိုး ထင်ကြေးပေးလို့ရတာပဲ"

"ကျွန်မပြောတာ ထင်ကြေးမဟုတ်ပါဘူး၊ ဖြစ်ရပ်မှန်အစစ်ပါ၊ သူက စပီရိုလီဗတ် ဆိုတဲ့ လူနာတစ်ယောက်အတွက် ဆေးစာရေးတယ်၊ ဒါပေမဲ့ အဲဒီဆေးကို အဲဒီလူကို သူ ဘယ်တော့မှ မပေးခဲ့ပါဘူး"

"အဲဒါကို ဒေါက်တာ ဘယ်လိုလုပ် သိတာလဲ"

"သူ မပေးကို မပေးလို့ သိတာပေါ့၊ စပီရိုလီဗတ် ကို ကျွန်မ သွားတွေ့ပြီးပြီ၊ သူက အီရိုင်သရိုပိုယက်တစ် ပိုဖီးရီးယားရောဂါ ဖြစ်နေတယ်"

"ဘာရောဂါ ..."

"ဒါက မျိုးရိုးဗီဇဖောက်ပြန်လို့ဖြစ်တာ၊ ဒီရောဂါဖြစ်ရင် အလင်းရောင် မကြည့်နိုင်ဘူး၊ သွေးတိုးရောဂါဝင်မယ်၊ နှလုံးတုန်မယ်၊ အခြားရောဂါတွေလည်း ဝင်လာနိုင်တယ်၊ မျိုးစေ့ ချို့ယွင်းချက်ကြောင့် ဖြစ်တာ"

"အဲဒါလည်း ကျွန်တော် နားမလည်သေးဘူး"

"မယ်လိုရီက သူ့လူနာကို ခလိုရယ်ဟိုက်ဒရိတ် မပေးဘူး၊ ဘာဖြစ်လို့လဲဆိုရင် လူနာသေမယ်၊ ကလိုရယ်ဟိုက် ဒရိတ်ဟာ ဆီးကိုလည်း အကြီးအကျယ် ဒုက္ခပေးနိုင်တယ်၊ ချက်ချင်း အကြောဆွဲပြီး တက်စေနိုင်တယ်"

ရဲအရာရှိဘန်း ပထမဆုံးအကြိမ် တော်တော်စိတ်ဝင်စားသွားသည်။

"အင်း ... ဒေါက်တာကတော့ တော်ပါပေတယ်၊ ကိုယ့်အလုပ်ကို ကောင်းကောင်း လုပ်လိုက်တာပဲ"

"မယ်လိုရီဟာ အဝေးကြီးက ဆေးဆိုင်မှာ ဆေးသွားဝယ်ပြီး လူနာကို ဘာကြောင့် မတိုက်တာလဲ၊ ဒီအချက်နဲ့ပဲ သူ့ကို ဖမ်းသင့်နေပြီ"

ရဲအရာရှိက စားပွဲကို လက်ချောင်းများဖြင့် ခေါက်ကစားနေသည်။

"ထင်သလောက်တော့ မလွယ်ဘူးဒေါက်တာ"

"လွယ်ပါတယ်၊ သွားဖမ်းလိုက်ရုံပဲပေါ့"

ရဲအရာရှိက လက်ကိုမြှောက်လိုက်ပြီး ...

"ဟုတ်ပြီ၊ ကျွန်တော် ဘာလုပ်မယ်ဆိုတာ ဒေါက်တာ့ကို ပြောမယ်၊ ကျွန်တော် ခရိုင်ရှေ့နေချုပ်ရုံးကိုသွားပြီး ဆွေးနွေးမယ်၊ သူတို့ ဘယ်လိုပြောတယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ် ကျေနပ်သွားသည်။ သူ့ကြိုးစားမှု ခရီးရောက်တန်သလောက် ရောက်ပြီ။

"ကျေးဇူးပါပဲ အင်စပက်တာ"

"ကျွန်တော် ဒေါက်တာနဲ့ ပြန်ဆက်သွယ်မယ်"

■

ပေ့ဂျ် ပြန်သွားပြီးနောက် ရဲအရာရှိ ဘန်းသည် စားပွဲတွင် ထိုင်ရင်း စဉ်းစားကျန်ရစ်၏။ ဒေါက်တာ မယ်လိုရီနှင့် ပတ်သက်၍ အခိုင်အမာသက်သေခံပစ္စည်း မရှိသေး။ ဖွဲကောင်းလှသည့် မိန်းမတစ်ယောက်၏ သံသယသက်သေသာ ရှိသေး၏။ အချက်အလက်တွေကို သူပြန်လည်သုံးသပ်သည်။ မယ်လိုရီသည် ကက်ဟန်တာနှင့် လက်ထပ်ရန် စေ့စပ်ထားသည်။ ကက် သေဆုံးပြီး နှစ်ရက်အတွင်း မယ်လိုရီက အလက်ဟာရစ်ဆင်၏ သမီးနှင့် စေ့စပ်ပြန်သည်။ တော်တော် တော့ စိတ်ဝင်စားစရာကောင်းသည်။ သို့သော်လည်း ဤလုပ်ရပ်သည် ဥပဒေနှင့် လုံးဝမဆန့်ကျင်။

ကက်ကို တိုက်ခန်းရှေ့တွင် ချထားခဲ့သည်။ တိုက်ခန်းထဲ သူ မဝင်ခဲ့ဟု မယ်လိုရီက ထွက်ဆိုသည်။ ကက်၏ ခန္ဓာကိုယ်ထဲတွင် သုတ်ရည်တွေ့သည်။ သို့သော်လည်း ဤအချက်ကို မယ်လိုရီက နိုင်နိုင်လုံလုံ ရှင်းပြနိုင်သည်။

ထို့နောက် ခလိုရယ်ဟိုက်ဒရိတ် ပြဿနာ ဝင်လာသည်။ မယ်လိုရီသည် သူ့လူနာ သေစေနိုင်သည့် ဆေးကိုဝယ်သည်။ သို့သော်လည်း ထိုဆေးကို လူနာအား မတိုက်ကျွေး၊ သူ လူသတ်မှု ကျူးလွန်သလား၊ မကျူးလွန်ဘူးလား။

ရဲအရာရှိဘန်းက ရုံးတွင်းဖုန်းကို နှိပ်လိုက်သည်။

"ဘာဘရာ ...ဒီနေ့ နေ့လယ်ပိုင်းမှာ ငါ့ကို ခရိုင်ရှေ့နေချုပ်နဲ့ ချိန်းပေးစမ်းပါ"

■

ရုံးခန်းထဲသို့ ပေ့ဂျ်ဝင်လာတော့ ခရိုင်ရှေ့နေချုပ်၊ သူ့လက်ထောက် ဝါရင်း ဆိုသူ တစ်ယောက်နှင့် ရဲအရာရှိဘန်း တို့ကို တွေ့ရသည်။

"အခုလိုရောက်လာတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ" ခရိုင်ရှေ့နေချုပ်က ပြောသည်။ "ဒေါက်တာဟန်တာ သေဆုံးမှုမှာ ဒေါက်တာရဲ့ လုပ်ဆောင်ချက်တွေကို အင်စပက်တာဘန်းက ကျုပ်ကို ပြောပြပြီးပါပြီ၊ ဒီအတွက် ကျုပ် ဂုဏ်ပြုပါတယ်၊ ဒေါက်တာဟန်တာက ဒေါက်တာရဲ့ တစ်ခန်းတည်းနေမိတ်ဆွေဆိုတော့ တရားမျှတမှု ရှိစေချင်တာ သဘာဝကျပါတယ်"

*ဒါဆို သူ့တို့ မယ်လိုရီကို ဖမ်းတော့မှာ သေချာတယ်။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သံသယဖြစ်စရာမရှိပါဘူး၊ မယ်လိုရီက ကက်ကို သတ်တာ သေချာပါတယ်။ ဒီတော့ သူ့ကို ဘယ်တော့ဖမ်း ..."

"အဲဒါတော့ ကျုပ်တို့လုပ်လို့ မဖြစ်နိုင်သေးပါဘူး"

ပေ့ဂျ်က ခပ်တင်းတင်းကြည့်လျက် ...

"ဘာ ..."

"ဒေါက်တာမယ်လိုရီကို ကျုပ်တို့ ဖမ်းဖို့မဖြစ်နိုင်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"အမှုမရှိလို့ပေါ့"

"ဘယ့်နှယ် ... အမှုက ရှိပြီးသားပဲ၊ ထရိုင်ခလိုရိုသလင်းက သက်သေခံ ..."

"ဒေါက်တာ တရားရုံးမှာ ဥပဒေကို မသိခြင်းကို ခွင့်လွှတ်လို့မရဘူး၊ ဒါပေမဲ့ ဆေးကို မသိခြင်းကို ခွင့်လွှတ်လို့ရပါတယ်"

"ကျွန်မ ဘာမှ နားမလည်ဘူး"

"ရှင်းရှင်းကလေးပါ၊ ဒေါက်တာ မယ်လိုရီက သူ့မှားပြီးလုပ်မိတာပါလို့ ထုချေနိုင်တယ်၊ ခလိုရယ်ဟိုက်ဒရိတ် ဆေးဟာ ဆီးရောဂါဖြစ်နေတဲ့ လူနာတစ်ယောက်ကို ဘယ်လို အာနိသင်ပြနိုင်တယ်ဆိုတာ သူမသိဘူးလို့ လျှောက်လဲနိုင်တယ်၊ သူ လိမ်ပြောတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒီဒေါက်တာဟာ တော်တော်ရှုပ်တဲ့ လူလို့ ပြောလို့ရတယ်။ ဒါပေမဲ့ သူ လူသတ်သမားပါလို့ ပြောလို့မရဘူး"

ပေ့ဂျ်က ရှေ့နေချုပ်ကြီးကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်လိုက်သည်။

"ဒါဆိုရင် သူ့ကို ဒီအတိုင်းလွှတ်ထားလိုက်ကြတော့မှာပေါ့"

ရှေ့နေချုပ်ကြီးက ပေ့ဂျ်ကို စေ့စေ့ကြည့်ပြီး ...

"ကျုပ်တို့လုပ်ဖို့ စီစဉ်ထားတာကို ပြောပြမယ်၊ ဒီကိစ္စကို အင်စပက်တာဘန်းနဲ့လည်း ဆွေးနွေးပြီးပြီ၊ ဒေါက်တာ ခွင့်ပြုမယ်ဆိုရင် ကျုပ်တို့ လူတစ်ယောက်ယောက်ကို ဒေါက်တာ့တို့ တိုက်ခန်းကိုလွှတ်ပြီး အရက်ခန်းက ဖန်ခွက်တွေကို ယူခိုင်းမယ်၊ အဲဒီမှာ ခလိုရယ်ဟိုက်ဒရိတ် အစအနတွေ့ရင် ကျုပ်တို့က နောက်တစ်ဆင့်တက်မယ်"

"ဖန်ခွက်တွေကို ဆေးကြောထားရင်ကော ..."

ရဲအရာရှိဘန်းက ကြားဖြတ်ပြီး ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ သူ့အနေနဲ့ ကြေးချွတ်ဆေး၊ ပိုးသတ်ဆေးတွေ သုံးနေဖို့ အချိန်မရနိုင်ဘူးလို့ ကျုပ်ထင်တယ်၊ သူ ဖန်ခွက်တွေကို ဆေးထားရင်တောင်မှ ကျုပ်တို့လိုချင်တာကို ရနိုင်မှာ သေချာပါတယ်"

■

နောက်နှစ်နာရီအကြာတွင် ရဲအရာရှိဘန်းက ပေ့ဂျ်ထံ ဖုန်းဆက်သည်။

"အရက်ခန်းထဲက ဖန်ခွက်တွေအားလုံးကို ကျုပ်တို့ ဓာတ်ခွဲစစ်ဆေးကြည့်တယ် ဒေါက်တာ"

ပေ့ဂျ်က စိတ်ပျက်အားလျော့ရန် သူ့ကိုယ်သူ အသင့်ပြင်ဆင်ထား၏။

"ကျုပ် ခလိုရယ်ဟိုက်ဒရိတ် အစအနတွေ့ရတယ်"

ပေ့ဂျ်က မျက်လုံးစုံပိတ်ပြီး ဘုရားသခင်ကို ကျေးဇူးတင်လိုက်သည်။

"ပြီးတော့ ဖန်ခွက်တွေပေါ်မှာ လက်ဗွေရာတွေလည်း တွေ့တယ်၊ အဲဒါတွေကို ဒေါက်တာမယ်လိုရီရဲ့ လက်ဗွေရာနဲ့ တိုက်ဆိုင်စစ်ဆေးရဦးမယ်"

ပေ့ဂျ် အလွန်စိတ်လှုပ်ရှားနေသည်။ အင်စပက်တာက ဆက်ပြောသည်။

"သူသတ်တာ တကယ်မှန်ရင် သတ်တဲ့အခါ သူ လက်အိတ်ဝတ်ထားတယ်၊ ဒါကြောင့် သားအိမ်ခြစ်ဇွန်းပေါ်မှာ သူ့လက်ဗွေရာ မတွေ့ရတာ၊ ဒါပေမဲ့ သူက ဒေါက်တာဟန်တာကို အရက်တိုက်တဲ့အချိန်မှာ လက်အိတ်စွပ်ပြီးတော့ တိုက်မှာ မဟုတ်ဘူး၊ ဖန်ခွက်တွေကို ဆေးကြောပြီး စင်ပေါ်မှာ သွားတင်ပြီး နောက်မှာ လက်အိတ်ပြန်ချွတ်ထားနိုင်တယ်"

"မဟုတ်ဘူး၊ မချွတ်ဘူး"

"အစကစပြီး ကျွန်တော်ဝန်ခံရမှာပဲ၊ ဒေါက်တာ့ရဲ့ သီဝရီဟာ ဘယ်မှခရီးပေါက်မှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်ခဲ့တယ်၊ အခုတော့ ဒေါက်တာ မယ်လိုရီဟာ ကျွန်တော်တို့လူ ဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်လာပြီ၊ ဒါပေမဲ့ အဲဒါကို သက်သေပြဖို့ ကိစ္စကတော့ တစ်ကဏ္ဍပါ၊ ခရိုင်ရှေ့နေကြီးပြောတာမှန်တယ်၊ မယ်လိုရီကို ဖမ်းပြီး တရားစွဲရင် သိပ်ပြီးညစ်ရာကျသွားနိုင်တယ်၊ သူ့အနေနဲ့ ဆေးဝယ်တာ သူ့လူနာအတွက်လို့ ပြောနိုင်တယ်၊ ဆေးဘက်ဆိုင်ရာ မှားယွင်းမှုကို အရေးယူနိုင်တဲ့ ဥပဒေမရှိသေးဘူး၊ ဒါကြောင့် ကျွန်တော် ဘယ်လိုလုပ်ရမယ်ဆိုတာ ..."

"နေဦး" ပေ့ဂျ် အလွန်စိတ်လှုပ်ရှားနေသည်။ "ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်မ သိတယ်"

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မယ်လိုရီသည် လော်ရင်းထံမှ ဖုန်းဆက်တာကို နားထောင်နေ၏။

"ဖေဖေနဲ့ ကျွန်မတို့ ဆေးခန်းနေရာ တွေ့ထားပြီ ... ဒါလင်၊ ဒါလင် တွေ့ရရင် သိပ်ကြိုက်မှာပဲ၊ အခန်းက သိပ်လှတာပဲ၊ ဒါလင့်အတွက် သိပ်မချောတဲ့ ဧည့်ကြိုစာရေးမတစ်ယောက် ခန့်ထားဖို့လည်း ကျွန်မ စဉ်းစားထားပြီးပြီ"

မယ်လိုရီက ရယ်လျက် ...

"အဲဒီအတွက်တော့ သိပ်မပူပါနဲ့ ... ကလေးရယ်၊ ကျွန်တော်မျိုးက ခင်ကလွဲရင် ဖွဲနဲ့ ဆန်ကွဲချည်း ထင်ပါတယ် ခင်ဗျား"

"သိပ်တတ်တာပဲ၊ ကျွန်မက မျှော်နေလိုက်ရတာ မောလှပြီ၊ ကဲ ... ခုလာခဲ့မလား"

"နောက်နှစ်နာရီလောက်မှ အားမယ် ... ဒါလင်"

"ကောင်းတယ်၊ ကျွန်မကို အိမ်မှာလာခေါ်လှည့်"

"အိုကေ၊ ကိုယ်လာခေါ်မယ်" သူ ဖုန်းပြန်ချလိုက်သည်။ *ငါ့ထက် ကံကောင်းတဲ့လူ ဤကမ္ဘာမြေမှာ ဘယ်သူရှိဦးမှာလဲ ...။"*

သူ့နာမည်ကို အရေးပေါ် အသံချဲ့စက်မှ ခေါ်သံကြားရသည်။

"ဒေါက်တာမယ်လိုရီ ... အခန်း (၄၃၀) ... ဒေါက်တာမယ်လိုရီ ... အခန်း (၄၃၀) ..." သူသည် သူ၏ ရွှေရောင်လွှမ်းသော အနာဂတ်ကို ထိုင်ပြီးစိတ်ကူးယဉ်နေသည်။ *လှပတဲ့တိုက်ခန်း၊ ငါ့ကိုင်နေ်ပြီး ပိုက်ဆံပုံပေးမယ့် သူဋ္ဌေးမကြီးတွေ။* သူ့အတွေးမဆုံးခင် ခေါ်သံပေါ်ထွက်လာပြန်သည်။

"ဒေါက်တာမယ်လိုရီ ... အခန်း (၄၃၀) ..." သူ သက်ပြင်းချပြီး ထရပ်လိုက်သည်။ *ကိစ္စမရှိပါဘူး၊ ဒီဆေးရုံ စုတ်ကြီးက ငါ မကြာခင်ထွက်သွားရတော့မှာပဲ။* သူ အခန်း (၄၃၀) သို့ ဦးတည်ထွက်လာခဲ့သည်။

အခန်းအပြင် စင်္ကြံလမ်းတွင် အလုပ်သင်ဆရာဝန်တစ်ယောက် သူ့ကို စောင့်နေသည်။

"ပြဿနာတစ်ခုပေါ်နေလို့ဆရာ၊ ဒေါက်တာ ပီတာဆင်ရဲ့ လူနာတစ်ယောက်ပါ၊ ဒါပေမဲ့ သူက အခု ဒီမှာမရှိဘူး၊ ဒီကိစ္စအတွက် ကျွန်တော်နဲ့ အခြားဆရာဝန်တွေနဲ့တောင် စကားများရသေးတယ်"

အခန်းထဲသို့ ဝင်လာကြသည်။ လူသုံးယောက်တွေ့ရသည်။ ခုတင်ပေါ်မှ လူနာတစ်ယောက်၊ သူနာပြုဆရာမတစ်ယောက်နှင့် မယ်လိုရီတစ်ခါမှ မတွေ့ဖူးသည့် ဆရာဝန်တစ်ယောက် ...။

အလုပ်သင်ဆရာဝန်က ပြောသည်။

"ဒါက ဒေါက်တာ အက်ဒွပ်ပါ၊ ကျွန်တော်တို့ ဒေါက်တာ့အကူအညီ လိုနေပါတယ်၊ ဒေါက်တာမယ်လိုရီ"

"ပြဿနာက ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူနာက ..." အလုပ်သင်ဆရာဝန်ကပြောသည်။ "ဆီးနဲ့ပတ်သက်တဲ့ အီရီသရိုပိုယက်တစ် ပိုဖီးရီးယားရောဂါဖြစ်နေပါတယ်၊ ဒါနဲ့ ဒေါက်တာအက်ဒွပ်က သူ့ကို ငြိမ်ဆေးပေးမလို့ လုပ်နေပါတယ်"

"ဒါက ဘာမှပြဿနာဖြစ်ရာ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ" ဒေါက်တာအက်ဒွပ်က ပြောသည်။ "ဒီလူနာက မအိပ်တာ ၄၈ နာရီရှိပါပြီ၊ ဒါကြောင့် သူအေးအေးဆေးဆေး အနားရသွားအောင် ကျွန်တော်က ကလိုရယ်ဟိုက်ဒရိတ် ပေးမလို့ပါ"

မယ်လိုရီက ဒေါက်တာအက်ဒွပ်အား တအံ့တသြ ကြည့်လိုက်ပြီး ...

"ခင်ဗျား စိတ်မှ မှန်သေးရဲ့လား၊ အဲဒါပေးရင် သူ သေသွားမှာပေါ့၊ သူက တက်လည်းတက်နေတယ်၊ နှလုံးလည်းတုန်တယ်၊ တစ်ချီတည်း ရှောသွားမှာပေါ့၊ နေစမ်းပါဦး၊ ခင်ဗျားက ဆေးပညာ ဘယ်နေရာက သင်လာတာလဲ"

ဒေါက်တာအက်ဒွပ်က မယ်လိုရီအား ကြည့်ပြီး လေသံအေးအေးဖြင့် ...

"ဘယ်မှာမှ မသင်ခဲ့ပါဘူး" သူက ရာထူးတံဆိပ်ကို ဖျတ်ခနဲ နှိုက်ထုတ်လိုက်ပြီး "ကျွန်တော်က ဆန်ဖရန်စစ္စကိုရဲအဖွဲ့၊ သေမှုသေခင်းဌာနကပါ" ပြီးတော့ ခုတင်ပေါ်မှလူဘက်လှည့်ကာ "ဟော့ ... မင်းဥစ္စာ အလုပ်ဖြစ်ရဲ့လား"

ခုတင်ပေါ်မှ လူက ခေါင်းအုံးအောက်မှ အသံဖမ်းစက်ကလေးကို ဆွဲထုတ်လိုက်ပြီး "ဖြစ်ပါတယ်ဆရာ"

မယ်လိုရီသည် မျက်မှောင်ကြီးကြုတ်ကာ တစ်ယောက်စီ၏ မျက်နှာကို လိုက်ကြည့်နေသည်။ ပြီးတော့မှ ...

"ဒါက ဘာလုပ်တာလဲ၊ ကျွန်တော် ဘာမှ နားမလည်ဘူး၊ ဘာ ... ဘာ ဖြစ်နေလို့လဲ"

ရဲအရာရှိက မယ်လိုရီဘက်လှည့်ပြီး ...

"ဒေါက်တာမယ်လိုရီ ...ဒေါက်တာကိတ်ဟန်တာကို သတ်မှုနဲ့ ခင်ဗျားကို ဖမ်းဆီးလိုက်ပြီ"။ ။

■

www.burmeseclassic.com

www.burmeseclassic.com

*''ကြိုက်အချစ်ဓာတ်လမ်းမှ ဆရာဝန်ကို ဖမ်းဆီးလိုက်ပြီ''*

*''ဆန်ဖရန်စစ္စကို ခရော်နီကယ်''* သတင်းစာ မျက်နှာဖုံးတွင် ပါလာသည့် သတင်းခေါင်းစဉ်ဖြစ်၏။ ယင်းခေါင်းစဉ်အောက်တွင် မှုခင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဇာတ်လမ်းပမာ စီကာပတ်ကုံး အသေးစိတ်ဖော်ပြထားသည်။

မယ်လိုရီသည် ထိုသတင်းကို အချုပ်ခန်းထဲတွင် ဖတ်ရသည်။ သူက သတင်းစာကို လွှင့်ပေါက်လိုက်သည်။

''သူတို့က ခင်ဗျားကို သွေးအေးအေးနဲ့ ဖမ်းလိုက်တာပဲ'' ဟု အဖော်အချုပ်သားက ပြောလိုက်သည်။

''ခင်ဗျားက ယုံလို့လား၊ ကျွန်တော်က မကြောက်ပါဘူး၊ ကျွန်တော့်မှာ အဆက်အသွယ်တွေ တစ်ပုံကြီးရှိတယ်၊ သူတို့က ကျွန်တော့်အတွက် ကမ္ဘာမှာ အတော်ဆုံးရှေ့နေ ငှားပေးမှာပဲ၊ ခင်ဗျား ကြည့်နေ ၂၄ နာရီအတွင်းကျွန်တော်ဒီအထဲက ထွက်ရလိမ့်မယ်၊ ကျုပ်က ဖုန်းတစ်ချက်ဆက်လိုက်ရုံပဲ''

အခန်း-၃၆-

■

ဟာရစ်ဆင်တို့သားအဖသည် နံနက်စာစားပြီးနောက် သတင်းစာ ဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ...ဘုရား ... ကင် ... ကျွန်မ ဘယ်လိုယုံရပါမလဲ...ဟင်"

ထိုအခိုက် အိမ်ဖော်မှူးရောက်လာပြီး ...

"ခွင့်ပြုပါခင်ဗျား၊ မမလေးဆီကို ဒေါက်တာမယ်လိုရီဆီက ဖုန်းလာနေလို့ပါ၊ သူ အချုပ်ထောင်ကနေ ခေါ်တယ် ထင်ပါတယ်"

"သမီးသွားလိုက်မယ်" သူထိုင်ရာမှ ထလိုက်သည်။

"ဟော့ ... သမီး၊ မသွားနဲ့ ပြန်ထိုင်၊ စားစရာရှိတာ ဆက်စား" အလက်ဟာရစ်ဆင်က အသံမာမာနှင့် ပြောလိုက်သည်။ ပြီးတော့ အိမ်ဖော်မှူးဘက်လှည့်လျက်" တို့ ဘယ်ဒေါက်တာမယ်လိုရီမှ မသိဘူး"

■

ပေ့ဂျ်သည် အဝတ်အစားလဲရင်း သတင်းစာ ဖတ်သည်။ မယ်လိုရီသည် သူကျူးလွန်ခဲ့သည့် ကြောက်စရာပြစ်မှုကြီးအတွက် ထိုက်ထိုက်တန်တန် အပြစ်ပေးခံရတော့မည်။ သို့သော်လည်း ဤအချက်ကြောင့် သူမကျေနပ်နိုင်။ မယ်လိုရီကို ဘယ်လိုပဲလုပ်လုပ် ကက်ကတော့ အသက်ပြန်ရှင်မလာနိုင်တော့။

အခန်းတံခါးဘဲလ် မြည်လာသည်။ ပေ့ဂျ် တံခါးဖွင့်ပေးသည်။ သူစိမ်းတစ်ယောက် ရပ်နေသည်။ အနက်ရောင် ဝတ်စုံဖြင့် လက်ဆွဲသားရေအိတ်ကို ကိုင်ထားသည်။

"ဒေါက်တာတေလာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ကျုပ်က ရိုဒရစ်ပယ်ဟာန်ပါ၊ "ရိုသမန်အင်ရိုသမန်ရှေ့နေလုပ်ငန်းဌာန"က ရှေ့နေတစ်ယောက်ပါ၊ ဝင်မယ်နော်"

ပေ့ဂျ်က ဇဝေဇဝါဖြင့် "ဟုတ်ကဲ့"

သူတိုက်ခန်းထဲ ဝင်လာသည်။

"ကျွန်မကို ဘာကိစ္စနဲ့ လာတွေ့တာလဲ"

ရှေ့နေကြီးက သားရေအိတ်ဖွင့်ပြီး စာရွက်အချို့ ဆွဲထုတ်လိုက်၏။

"တကယ်တော့ ဒေါက်တာလည်း သိပြီးဖြစ်မှာပါ၊ ဂျွန်ကရိုနင်ရဲ့ သေတမ်းစာမှာ ဒေါက်တာက အဓိက အကျိုးခံစားခွင့်ရှိသူ ဖြစ်ပါတယ်"

ပေ့ဂျ်က ကြောင်တက်တက်ဖြင့် "ဦး ဘာတွေပြောနေတာလဲ၊ တစ်ခုခု မှားနေပြီထင်တယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာမှ မများပါဘူး၊ မစ္စတာကရိုနင်က ဒေါက်တာ့အတွက် ဒေါ်လာတစ်သန်း ပေးခဲ့တယ်"

ပေ့ဂျ် ကုလားထိုင်ပေါ် ပစ်ထိုင်ချလိုက်သည်။ စိတ်တွေ လှုပ်ရှားနေသည်။ သူ သတိရလာ၏။

*ဒေါက်တာ ဥရောပနိုင်ငံတွေကို သွားရမယ်၊ ကျုပ်ကို တစ်ခုတော့ ကူညီပါ၊ ပါရီကိုသွား ခရစ်လွန်ဟိုတယ်မှာ တည်း၊ ... မက်ဇင်ဟိုတယ်မှာ ညစာစား ... အမဲသားနှပ် အတုံးကြီးကြီးနဲ့ ရှန်ပိန်အရက် တစ်ပုလင်းမှာ၊ အဲဒါတွေကို စားသောက်နေချိန်မှာ ကျုပ်ကို သတိရပါ ...*

"ဒေါက်တာက ဒီနေရာမှာ လက်မှတ်ထိုးပါ၊ ကျန်တာတွေကို ကျုပ်တို့ ကြည့်လုပ်လိုက်မယ်"

"ကျွန်မ ... ကျွန်မ ဘာပြောရမှန်း မသိတော့ဘူး၊ ကျွန်မ ... သူ ... သူ့မှာ မိသားစုတွေ ရှိပါတယ်"

"သူ့ရဲ့ သေတမ်းစာအရ သူတို့က တချို့တစ်ဝက်ရပါတယ်၊ များများတော့ မရပါဘူး"

"ဒီပိုက်ဆံကို ကျွန်မ လက်မခံနိုင်ပါဘူး"

ရှေ့နေကြီးက အံ့သြစွာဖြင့် ...

"ဘာဖြစ်လို့လဲ"

ပေ့ဂျ် မဖြေတတ်။ ဂျွန်ကရိုနင်က သည်ပိုက်ဆံကို သူ့ကိုပေးချင်သည်။ "ကျွန်မ ... ကျွန်မ မပြောတတ်ဘူး၊ တစ်နည်းနည်းနဲ့ မတရားဘူးလို့ ထင်ပါတယ်၊ သူက ကျွန်မရဲ့ လူနာပါ"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီချက်လက်မှတ်ကို ဒီမှာထားပစ်ခဲ့မှာပဲ၊ ဘာလုပ်မယ်ဆိုတာ ဒေါက်တာ့ဟာ ဒေါက်တာဆုံးဖြတ်၊ ဒီမှာ လက်မှတ်ထိုးပါ"

ပေ့ဂျ်က မူးမူးဝေဝေဖြင့် လက်မှတ်ထိုးပေးလိုက်သည်။

"ကဲ ... ခွင့်ပြုပါဦးဒေါက်တာ"

ရှေ့နေကြီး ပြန်ထွက်သွားသည်။ ပေ့ဂျ်သည် ဂျွန်ကရိုနင်အကြောင်းကို ထိုင်တွေးကျန်ရစ်လေ၏။

■

ပေ့ဂျ် အမွေရကြောင်း သတင်းသည် ဆေးရုံအတွင်း တစ်မုဟုတ်ချင်း ပြန့်သွားသည်။ ပေ့ဂျ်က ဤသတင်းကို တစ်နည်းနည်းဖြင့် လျှို့ဝှက်ထားချင်၏။ သို့သော်လည်း သည်ပိုက်ဆံနှင့် ဘာလုပ်ရမည်ဆိုတာကို ယခုတိုင် သူ မဆုံးဖြတ်နိုင်သေး။ *ဒီပိုက်ဆံကို ငါ မပိုင်ဘူး၊ သူ့မှာ မိသားစုရှိတယ်။*

■

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



မေ့ဂျ်သည် ရုပ်ပိုင်းဆိုင်ရာ ဘာမှမဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ အခြေအနေအရ အလုပ်ခွင့်သို့ ပြန်ဝင်ရန် အဆင်သင့်မဖြစ်သေး။ သို့သော်လည်း လူနာတွေက အရေးကြီးသည်။ ထိုနေ့မနက်တွင် ခွဲစိတ်မှုတစ်ခု စီစဉ်ထားသည်။ ဒေါက်တာအာသာကိန်းက စင်္ကြံလမ်းတွင် မေ့ဂျ်ကို စောင့်နေ၏။ ခေတ်မှန်ပြောင်းပြန်အရေးအခင်း ဖြစ်ပြီးကတည်းကစပြီး သူတို့ချင်း လုံးဝ စကားမပြောဖြစ်ခဲ့ကြ။ ဒေါက်တာကိန်း၏ အမှားဖြစ်ကြောင်း သက်သေအထောက်အထား မရှိသော်လည်း ကောလာဟလသတင်းကြောင့် မေ့ဂျ် တွေးပြီးလန့်နေမိ၏။

"ဟဲလို ... မေ့ဂျ်၊ ဖြစ်ပျက်ခဲ့တာတွေကို ကိုယ်တို့ မေ့လိုက်ကြစို့၊ ဘယ့်နှယ်လဲ"

"ကောင်းပါတယ်"

"မယ်လိုရီသတင်းက လန့်စရာကြီးပါလား"

"ဟုတ်ပါတယ်"

"ဒါနဲ့ ... ကွန်ကရက်ကျူလေးရှင်း ... ဂုဏ်ယူပါတယ်၊ အခုဆိုရင် ကိုယ်တို့နှစ်ယောက် တွဲလို့ရပြီလို့ ထင်ပါတယ်"

"ကျွန်မ လူတစ်ယောက်နဲ့ စေ့စပ်ထားပြီးပြီ"

"ဒါဆို စေ့စပ်ထားတာ ဖျက်လိုက်ပါ"

မေ့ဂျ်က အံ့အားသင့်စွာဖြင့် ...

"ကျွန်မ တောင်းပန်ပါတယ်"

သူက မေ့ဂျ်အနားကပ်လာပြီး "ဂျွန်ကရိုနင် ကို ရင်ခွဲစစ်ဆေးဖို့ ကိုယ်အမိန့်ပေးလိုက်ပြီ"

မေ့ဂျ် ရင်တွေခုန်လာသည်။

"ဟုတ်လား"

"သူက နှလုံးရောဂါနဲ့ သေတာ မဟုတ်ဘူး၊ တစ်ယောက်ယောက်က သူ့ကို အင်ဆူလင်ဆေးတွေ အလွန်အကျွံ ထိုးပေးလိုက်တာ၊ ကိုယ်ထင်တယ်၊ အဲဒီဆေးထိုးပေးတဲ့လူဟာ ရင်ခွဲစစ်ဆေးမှာကို ထည့်မတွက်ခဲ့ဘူးနဲ့တူတယ်"

မေ့ဂျ် ရုတ်တရက် အာခေါင်ခြောက်သွား၏။

"ကရိုနင် သေတော့ သူ့ဘေးမှာ မင်းရှိနေတယ် မဟုတ်လား"

မေ့ဂျ်က ဆုတ်ဆိုင်းဆိုင်းဖြင့် "ဟုတ် ... ပါတယ်"

"အဲဒါကို ကိုယ်တစ်ယောက်ပဲသိတာ၊ အစီရင်ခံစာ တင်နိုင်တာလည်း ငါတစ်ယောက်တည်းပဲ" သူက မေ့ဂျ် လက်ကို အသာပုတ်လျက် "ဒါပေမဲ့ ကိုယ်ပါးစပ်ပိတ်ထားပါတယ်၊ ကဲ ... ဒီတော့ ... ဒီမှာ ... ဒီညအတွက် ပြဇာတ် လက်မှတ် ဝယ်ထားပြီးပြီ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်က နောက်သို့ခွာလိုက်ပြီး "ဟင့်အင်း"

"မင်းဘာလုပ်ထားတယ်ဆိုတာ မင်းသိရဲ့လား"

ပေ့ဂျ် သက်မချလိုက်ပြီး "သိပါတယ်၊ ကဲ ... ကျွန်မကို ခွင့်ပြုပါဦး"

သူ ပြန်ထွက်သွားသည်။ ကိန်းက ရပ်ကြည့်ကျန်ရစ်သည်။ သူ့မျက်နှာ တင်းမာနေသည်။ သူ ချာခနဲလှည့်ပြီး ဆေးရုံအုပ်ကြီး ရုံးခန်းသို့ လျှောက်လာခဲ့၏။

■

နံနက် ၁ နာရီတွင် တိုက်ခန်းထဲမှ တယ်လီဖုန်းမြည်သံကြောင့် လန့်နိုးလာသည်။

"မင်းတော်တော်ဆိုးတဲ့ မိန်းကလေးပဲ"

ယခင်ကြားဖူးခဲ့သည့် အသံသြကြီးပင် ဖြစ်သည်။ အသံဖျက်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။ သို့သော်လည်း ပေ့ဂျ်က သူ့အသံကို မှတ်မိသည်။ *ဘုရားရေ ... ငါ့မှာလည်း ကြောက်စရာအန္တရာယ် ရှိနေပါရောလား ...* ။

■

နောက်နေ့ နံနက်တွင် ပေ့ဂျ် ဆေးရုံရောက်တော့ လူနှစ်ယောက် သူ့ကို စောင့်နေကြသည်။

"ဒေါက်တာ ပေ့ဂျ်တေလာလား"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ၊ ဂျွန်ကရိုနင်ကို သတ်မှုနဲ့ ဒေါက်တာ့ကို ဖမ်းဆီးလိုက်ပြီ"။ ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂျ်၏ အမှုကို စစ်ဆေးသည့် နောက်ဆုံးနေ့ ဖြစ်၏။ တရားခံရှေ့နေအလန်ပင်းက ဂျူရီအဖွဲ့ကို လျှောက်လဲသည်။

"လေးစားအပ်သော ဂျူရီအဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျား... ဒေါက်တာတေလာရဲ့ အရည်အချင်းပြည့်ဝမှု၊ မပြည့်ဝမှုနဲ့ ပတ်သက်ပြီး ထွက်ဆိုချက်တွေ အများကြီးကို လူကြီးမင်းများ ကြားနာခဲ့ရပြီးပါပြီ၊ ဒီစစ်ဆေးမှုဟာ ဘယ်လိုမဟုတ်ဘူးဆိုတာကို လူကြီးမင်းများအား တရားသူကြီးယန်းက ညွှန်ကြားပါလိမ့်မယ်၊ ဒေါက်တာတေလာကို မထောက်ခံသူ ဆရာဝန်တွေရှိလို ထောက်ခံသူ ဆရာဝန်တွေလည်း တစ်ပုံကြီးရှိတယ်ဆိုတာ သေချာပါတယ်၊ ဒါပေမဲ့ ဒါက အဓိကအချက် မဟုတ်ပါဘူး။

"ဒေါက်တာပေ့ဂျ်တေလာဟာ ပျွန်ကရိုနင်ကို သတ်မှုနဲ့ တရားခွင်ကို ရောက်လာတာဖြစ်ပါတယ်၊ ကရိုနင်ကို သေစေအောင် သူကူညီခဲ့ကြောင်း ဒေါက်တာတေလာက ဝန်ခံပါတယ်၊ သူ အဲဒီလို လုပ်ရတာဟာ လူနာအနေနဲ့ ဝေဒနာဒဏ်ကို အပြင်းအထန် ခံစားနေရလို့ ဖြစ်ပါတယ်၊ လူနာကလည်း သူ့ကို အဲဒီလိုလုပ်ဖို့ မေတ္တာရပ်ခံပါတယ်၊ ဒါဟာ စေတနာဖြင့် ညင်သာစွာ ဇီဝိန်ခြွေပေးခြင်းဖြစ်ပါတယ်၊ ဒီနည်းလမ်းကို ကမ္ဘာတစ်ဝန်းမှာ ပိုလို့ ပိုလို့ လက်ခံလာကြပါပြီ၊ လွန်ခဲ့တဲ့ နှစ်ကဆိုရင် ကာလီဖိုးနီးယားပြည်နယ် တရားရုံးချုပ်

www.burmeseclassic.com



က စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုမရှိတဲ့ အရွယ်ရောက်ပြီး လူတစ်ယောက် အနေနဲ့ ဆေးဝါးကုသခံယူမှုကို ငြင်းဆိုနိုင်ခွင့် ဥပဒေကိုတောင် အတည်ပြု ပြဌာန်းခဲ့ပြီးဖြစ်ပါတယ်၊ ဒါဟာ ဆေးကုသမှုကို ခံယူ၍သော်လည်းကောင်း၊ ငြင်းပယ်၍ သော်လည်းကောင်း လူတစ်ယောက်ကို အသက်ရှင်နေခွင့် ဒါမှမဟုတ် သေနိုင်ခွင့်ပေးခြင်း ဖြစ်ပါတယ်''

ရှေ့နေက ဂျူရီလူကြီးများအား ကြည့်လိုက်ပြီးနောက် ဆက်လက်၍ ...

''စေတနာဖြင့် ဇီဝိန်ချွေပေးခြင်းဟာ ကရုဏာစိတ်၊ သနားကြင်နာစိတ်ဖြင့် ကျူးလွန်တဲ့ ဖြစ်မှုဖြစ်ပါတယ်၊ ဒီအဖြစ်မျိုးဟာ အခုအခါ ကမ္ဘာတစ်လွှားမှာ ပုံစံအမျိုးမျိုး နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေတယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်၊ ဒီအမှုကို တရားလိုအကျိုးဆောင် အစိုးရရှေ့နေကြီးက သေဒဏ်ပေးဖို့ လျှောက်လဲပါတယ်၊ သူ့အနေနဲ့ ဒီပြဿနာကို ဇဝေဇဝါမဖြစ်သင့်ပါဘူး၊ ကရုဏာစိတ်ဖြင့် ဇီဝိန်ချွေပေးခြင်းအတွက် သေဒဏ်ပေးတာမျိုးလည်း ရှေးရှေးက ဘယ်တော့မှ မရှိခဲ့ပါဘူး၊ ဒီလုပ်ရပ်ကို အမေရိကန်ပြည်သူ ၆၃ ရာခိုင်နှုန်းက တရားနည်းလမ်းကျပါတယ်လို့ ယုံကြည်ပါတယ်၊ ဒီနိုင်ငံရဲ့ ပြည်နယ် ၁၈ ခုမှာ ဒီလုပ်ရပ်ကို တရားဝင် အသိအမှတ်ပြုထားပါတယ်၊ ပြဿနာက ဘာလဲဆိုရင် အကူအညီမဲ့နေတဲ့ လူနာတစ်ယောက်ကို ဝေဒနာဒဏ်ခံပြီး အသက်ရှင်နေဖို့ ကျွန်တော်တို့မှာ တိုက်တွန်းနိုင်ခွင့် ရှိပါသလားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဆေးသိပ္ပံစက်မှုနည်းပညာရပ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က ကြီးမားတဲ့ တိုးတက်မှုတွေ လုပ်ဆောင်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ ဝေဒနာရှင်လူနာတွေကို စက်ကိရိယာတွေ လက်ထဲလွှဲထားကြပါတယ်၊ စက်ကိရိယာတွေမှာ အကြင်နာစိတ်၊ ကရုဏာစိတ် မရှိကြပါဘူး၊ မြင်းတစ်ကောင် ခြေထောက်ကျိုးရင် ကျွန်တော်တို့က သူ့ရဲ့ ဆင်းရဲဒုက္ခလွတ်မြောက်အောင် ပစ်သတ်လိုက်ကြပါတယ်၊ လူသားတစ်ယောက်ကိုကျတော့ တစ်ဝက်သေနေတဲ့ ဘဝကြီးနဲ့ ကျွန်တော်တို့က ဒီအတိုင်း ကြည့်နေကြပါတယ်၊ အဲဒါဟာ သူ့အဖို့ ငရဲခံနေရတာနဲ့ ဘာမှ မခြားနားပါဘူး။

''ဒီအမှုမှာ ဂျွန်ကရိုနင်ကို ဘယ်အချိန် ဘယ်အခါမှာ သေရမယ်လို့ ဒေါက်တာတေလာက မဆုံးဖြတ်ပါဘူး၊ ကရိုနင်က သူ့သေမိန့်ကို သူကိုယ်တိုင်ချမှတ်ပြီး သူ့သေနေ့ကို သူကိုယ်တိုင် ဆုံးဖြတ်သွားတာဖြစ်ပါတယ်၊ ဒီအချက်နဲ့ ပတ်သက်ပြီး အမှားမလုပ်မိကြပါစေနဲ့၊ ဒေါက်တာတေလာရဲ့ လုပ်ရပ်ဟာ ကရုဏာလုပ်ရပ်သာ ဖြစ်ပါတယ်၊ ဒီလုပ်ရပ် အတွက် သူက လုံးဝတာဝန်ယူပါတယ်၊ သို့သော်လည်း သူ့ကိုပေးခဲ့တဲ့ ပိုက်ဆံတစ်သန်းနဲ့ပတ်သက်ပြီး သူဘာမှ မသိဘူးဆိုတဲ့ အချက်ကိုတော့ လေးလေးနက်နက် နှလုံးသွင်းဖို့ လိုအပ်ပါတယ်၊ သူလုပ်ခဲ့တာဟာ မေတ္တာကရုဏာ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ခဲ့တာသာဖြစ်ပါတယ်၊ ဂျွန်ကရိုနင်ဟာ ကုမရနိုင်တဲ့ နှလုံးရောဂါ ခံစားနေရသူပါ၊ ကင်ဆာရောဂါ တစ်ကိုယ်လုံး ပြန့်ပွားပြီး အလွန်အမင်း ဆင်းရဲဒုက္ခရောက်နေတဲ့ ဝေဒနာရှင်ပါ၊ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်ကြပါ၊ အဲဒီလို အခြေအနေမျိုးနဲ့ ဆက်ပြီး ရှင်နေချင်သေးသလား၊ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား''

www.burmeseclassic.com



သူသည် ပြန်လှည့်ပြီး စားပွဲသို့ လျှောက်လာကာ ပေ့ဂျ်၏ ဘေးတွင် ဝင်ထိုင်လိုက်၏။

■

အစိုးရရှေ့နေ ဂတ်ဗီနာဘယ် ထိုင်ရာမှ ထ၍ ဂျူရီလူကြီးများရှေ့တွင် ရပ်လိုက်သည်။

"မေတ္တာစိတ်တဲ့လား၊ ကရုဏာစိတ်တဲ့လား" သူက ပေ့ဂျ်ဘက်ကို လှမ်းကြည့်လိုက်သည်၊ ထို့နောက် ခေါင်းကို တစ်ချက် ခါယမ်းပြီး ဂျူရီလူကြီးများဘက်ကို လှည့်လျက် ...

"လေးစားအပ်သော ဂျူရီလူကြီးအဖွဲ့ဝင်လူကြီးများခင်ဗျား ... ကျွန်တော်ဟာ တရားရုံးတွေမှာ ဥပဒေရေးရာ လုပ်ငန်းတွေကို လုပ်ကိုင်လာခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပါပြီ၊ အဲဒီကာလအတွင်းမှာ အခုလို ကိုယ်ကျိုးအတွက် လူတစ်ယောက်ကို သွေးအေးအေးနဲ့ တမင်တကာ သတ်တဲ့အမှုမျိုး တစ်ခါမှ မတွေ့ခဲ့ရပါဘူး"

ပေ့ဂျ်က စကားလုံးတိုင်းကို ဂရုစိုက်၍ နားထောင်နေသည်။ သူ့အမူအရာ တောင့်တင်းနေပြီး မျက်နှာက ဖြူရော်နေ၏။

"တရားခံ အကျိုးဆောင်က မေတ္တာစေတနာဖြင့် ညင်သာစွာ ဇီဝိန်ခြွေခြင်းလို့ လျှောက်လဲသွားပါတယ်၊ ဒီတော့ ဒေါက်တာတေလာက တကယ့်ကို မေတ္တာ၊ ကရုဏာစိတ်နဲ့ အဲဒီအမှုကို ကျူးလွန်တာလား၊ ကျွန်တော်ကတော့ လုံးဝ မထင်ပါဘူး၊ ဒေါက်တာတေလာနဲ့တကွ အခြားပုဂ္ဂိုလ်တွေ အသီးသီးက မစ္စတာ ကရီနင်ဟာ အသက်ရှင်နေဖို့ သုံးလေး ရက်သာ ကျန်တော့ကြောင်း ထွက်ဆိုသွားကြပါတယ်၊ ဒါဆိုရင် သူက အဲဒီသုံးလေးရက်ကို ဘာဖြစ်လို့ ခွင့်မပြုနိုင်ရတာ လဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ယောက်ျား သေတမ်းစာပြောင်းလဲထားကြောင်း မစ္စက်ကရီနင် သိသွားမှာကို ဒေါက်တာ တေလာ စိုးရိမ်လို့ ဖြစ်ပါတယ်၊ ဒါကြောင့် သူက မစ္စတာကရီနင်ကို မြန်မြန်သေအောင် လုပ်လိုက်တာ ဖြစ်ပါတယ်၊ ဒါဟာ အလွန်ထင်ရှားသိသာပါတယ်။

"မစ္စတာကရီနင်က သေတမ်းစာကို ပြောင်းလဲရေးတယ်၊ ဒေါက်တာတေလာကို ငွေတစ်သန်းပေးခဲ့တယ်၊ ဒေါက်တာ တေလာက သူ့ကို အင်ဆူလင်ဆေး အလွန်အကျွံထိုးပြီးသတ်တယ်၊ ဒါတွေဟာ အုံ့ဩစရာကောင်းလောက်အောင် တိုက်ဆိုင် ဆက်စပ်နေပါတယ်။

"တရားခံဟာ ပြစ်မှုကျူးလွန်ကြောင်း သူ့စကားနဲ့သူ အကြိမ်ကြိမ် ထပ်တလဲလဲ ဖော်ပြနေပါတယ်၊ သူဟာ မစ္စတာကရီနင်နဲ့ ရင်းနှီးတယ်လို့ သူက ပြောပါတယ်၊ မစ္စတာကရီနင်က သူ့ကို သဘောကျတယ်၊ လေးစားတယ်လို့ သူက ပြောပါတယ်၊ ဒါပေမဲ့ မစ္စတာကရီနင်က ဒေါက်တာတေလာကို မုန်းကြောင်း၊ 'အဲဒီခွေးမ' လို့ခေါ်ကြောင်း၊

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'နင့်သောက်ကမြင်းမလက်နဲ့ ငါ့ လာမထိနဲ့' လို့ပြောကြောင်း သက်သေအသီးသီးက ထွက်ဆိုသွားတာကို လူကြီးမင်းများ ကြားနာခဲ့ရပြီးဖြစ်ပါတယ်''

ရှေ့နေကြီးက တရားခံဘက် လှည့်ကြည့်လိုက်ပြန်သည်။ တရားခံ မျက်စိမျက်နှာပျက်နေသည်။ ရှေ့နေကြီးက ဆက်လက် လျှောက်လဲသည်။

''ရှေ့နေတစ်ယောက်က သက်သေထွက်ဆိုရာမှာ ဆိုခဲ့တဲ့ ငွေတစ်သန်းနဲ့ ပတ်သက်ပြီး ဒေါက်တာတေလာက 'တစ်နည်းနည်းနဲ့ မတရားဘူးလို့ ထင်ပါတယ်၊ သူက ကျွန်မရဲ့လူနာပါ' လို့ ပြောတယ်လို့ ဆိုပါတယ်၊ ဒါပေမဲ့ အဲဒီငွေကို သူမငြင်းဘူး၊ ယူပါတယ်၊ သူ့မှာ ငွေလိုအပ်နေတယ်၊ သူ့အိမ်မှာ ခရီးသွားအစီအစဉ် စာရွက်တွေ တစ်ထပ်ကြီး ရှိနေတယ်၊ ပဲရစ်၊ လန်ဒန်၊ ရီဗဲရား ... ။ ပြီးတော့ ငွေရပြီးတဲ့နောက် ခရီးသွားအေဂျင်စီကို သူ မသွားဘူးဆိုတဲ့ အချက်ကို သတိရပါ။ အို ... မဟုတ်သေးဘူး၊ သူက အဲဒီခရီးစဉ်တွေကို အစောကြီးက ရေးဆွဲထားတာပါ၊ သူ့မှာ လိုအပ်နေတာက ငွေ၊ ပြီးတော့ အခွင့်အလမ်း၊ ဂျွန်ကရိုနင်က အဲဒါနှစ်ခုလုံးကို ဖြည့်ဆည်းပေးတယ်၊ သေခါနီး အကူအညီမဲ့နေတဲ့ လူတစ်ယောက်ကို သူကောင်းကောင်းချုပ်ကိုင်နိုင်ပါတယ်၊ သူဟာ ဝေဒနာ အလူးအလဲခံစားနေရတယ်လို့ သူထင်တဲ့ လူတစ်ယောက်အပေါ်မှာ သနားကရုဏာဖြစ်မိတယ်၊ ဒီနေရာမှာ စဉ်းစားကြည့်ကြပါ၊ အဲဒီလောက် ဝေဒနာခံစားနေရတဲ့ လူတစ်ယောက်အနေနဲ့ ကြည်ကြည်လင်လင် မှန်မှန်ကန်ကန် တွေးတောဆင်ခြင်နိုင်ဖို့ ဘယ်လောက်ထိ ခက်ခဲလိမ့်မလဲ၊ သေတမ်းစာကို ပြန်ရေးရအောင် သူချစ်တဲ့ မိသားစုကို ပယ်ထုတ်အောင်၊ မိမိကို အမိက ပင်ရင်း အမွေခံ လုပ်အောင် ဒေါက်တာတေလာက မစ္စတာကရိုနင်ကို ဘယ်လိုဖြားယောင်းခဲ့သလဲ၊ ဘယ်လို စည်းရုံးခဲ့သလဲ၊ အဲဒါကို ကျွန်တော်တို့ မသိပါဘူး၊ ကျွန်တော်တို့ သိတာက ကရိုနင်ဟာ သေခါနီးမှာ ဒေါက်တာတေလာကို သူ့ဆီကို ခေါ်တယ်၊ အဲဒီတော့ သူတို့နှစ်ယောက် ဘာတွေပြောကြသလဲ၊ သူ့ဒုက္ခက လွတ်မြောက်အောင် လုပ်ပေးဖို့အတွက် သူက ဒေါက်တာတေလာကို ငွေတစ်သန်းပေးနိုင်ပါ့မလား၊ ဒါဟာ ကျွန်တော့်တို့ရင်ဆိုင်ရမယ့် ဖြစ်နိုင်ခြေပဲ၊ တစ်ဘက်က တွေးကြည့်ရင် ဒါဟာ တကယ့်ကို သွေးအေးအေးနဲ့ လူသတ်မှုပဲ။

''လေးစားအပ်သော ဂျူရီလူကြီးများခင်ဗျား ... ဒီအမှုမှာ အန္တရာယ်အရှိဆုံး သက်သေဟာ ဘယ်သူဆိုတာ သိကြပါသလား''

သူက ပေ့ဂျ်ကို တည့်တည့်ကြီးကြည့်ပြီး ဓာတ်ဟန်ပါပါဖြင့် လက်ညှိုးငေါက်ငေါက်ထိုးလျက် ''တခြားတော့ မဟုတ်ပါဘူး၊ တရားခံကိုယ်တိုင်ပဲဖြစ်ပါတယ်၊ သူဟာ ဆရာဝန်များလိုက်နာရတဲ့ 'ဟစ်ပိုကရက်တီးသစ္စာဓိဋ္ဌာန်'ကို မချိုးဖောက်ပါဘူးလို့ ထွက်ဆိုခဲ့တာကို လူကြီးမင်းများ ကြားနာခဲ့ရပြီးပါပြီ၊ အဲဒါ သူလိမ်ပြောတာ ဖြစ်ပါတယ်၊ သူဟာ ယခင်က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တရားမဝင် သွေးသွင်းဖူးခဲ့ကြောင်း၊ ဆေးမှတ်တမ်းကို ပြင်ရေးကြောင်း ထွက်ဆိုချက်တွေကို ကျွန်တော်တို့ ကြားခဲ့ရပြီး ဖြစ်ပါတယ်၊ ဒါ့အပြင် သူကိုယ်တိုင်ကလည်း ဂျွန်ကရိုနင်မှတစ်ပါး တခြားဘယ်သူ့ကိုမှ မသတ်ခဲ့ဖူးပါဘူးလို့ ဝန်ခံထားပါတယ်၊ ဒါပေမဲ့ လူတိုင်း လေးစားရတဲ့ သမားတော်ကြီး ဒေါက်တာဘာကာကတော့ သူ့လူနာကို ဒေါက်တာ တေလာ သတ်ပါတယ်လို့ ထွက်ဆိုထားတာကို ကျွန်တော်တို့ ကြားခဲ့ရပြီးပါပြီ။

"လေးစားအပ်သော ဂျူရီလူကြီးမင်းများခင်ဗျား ... ကံဆိုးချင်တော့ ဒေါက်တာဘာကာဟာ လောလောဆယ် လေဖြတ်ထားတာကြောင့် တရားခံကို ဆန့်ကျင်ထွက်ဆိုလို့ မဖြစ်နိုင်ပါဘူး။

"ဒေါက်တာတေလာက လူနာတစ်ယောက်ကို ခွဲစိတ်တဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဒေါက်တာ ပီတာဆင်ရဲ့ ထွက်ဆိုချက်ကို အခုကျွန်တော် ဖတ်ပြပါမယ်"

သူက ထွက်ဆိုချက်ကို ဖတ်ပြသည်။

*"ခွဲစိတ်မှုလုပ်နေတုန်းမှာ ခွဲစိတ်ခန်းထဲ ဒေါက်တာဘာကာ ဝင်လာသလား"*

*"ဟုတ်ကဲ့" "ဒီတော့ ဒေါက်တာဘာကာက ဘာပြောသလဲ"*

*အဖြေ "သူက ဒေါက်တာတေလာဘက်လှည့်ပြီး 'သူ့ကို မင်းသတ်လိုက်တာ' လို့ ပြောပါတယ်"*

"ဒါကတော့ သူနာပြုဆရာမ ဘယ်ရီဆီက သိရတာဖြစ်ပါတယ်" "ဒေါက်တာတေလာကို ဒေါက်တာဘာကာ ပြောတဲ့စကားကို အတိအကျပြန်ပြောပါ"

*အဖြေ "သူက ဒေါက်တာတေလာကို ကျွမ်းကျင်မှုမရှိဘူးလို့ ပြောပါတယ်၊ နောက် တစ်ကြိမ်မှာတော့ သူ့ခွေး ကိုတောင် ဒေါက်တာတေလာကို မခွဲစိတ်ခိုင်းဘူးလို့ ပြောပါတယ်"*

အစိုးရရှေ့နေ ဂတ်စ်ဗီနာဘယ်က ဂျူရီလူကြီးများကို ကြည့်ပြီး ...

"တရားခံနဲ့ပတ်သက်ပြီး ဒီနာမည်ကျော် ဆရာဝန်တွေ၊ ဆရာမတွေကပဲ ပူးပေါင်းလုပ်ကြံပြီး လိမ်ပြောကြတာ လား၊ ဒါမှမဟုတ် တရားခံကပဲ လိမ်ပြောတာလား၊ တရားခံဟာ လိမ်ပြောရုံသာမက ရောဂါဗေဒနဲ့ ပတ်သက်တဲ့ ..."

ထိုအခိုက် တရားရုံးနောက်ဘက်တံခါး ပွင့်လာပြီး လက်ထောက်တစ်ယောက် သုတ်သီးသုတ်ပျာ ဝင်လာသည်။ သူသည် တံခါးဝတွင် ခဏရပ်နေပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် အစိုးရရှေ့နေကြီး ဂတ်စ်ဗီနာဘယ်အနားသို့ လျှောက်လာသည်။

"ဆရာ ..."

ဗီနာဘယ်က စိတ်ဆိုးသွားပြီး "မင်း မမြင်ဘူးလား၊ ငါ ..."

the bookhouse
We Bring Your Future

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်က ရှေကနေကြီးအနားကပ်ပြီး တိုးတိုးပြောသည်။

ဗီနာဘယ် ရုတ်တရက်လန့်ဖျပ်သွားသည်။ "ဘာ ... အံ့ဩစရာပါပဲလား"

တရားသူကြီးယန်းက လေသံအေးအေးဖြင့် ပြောလိုက်သည်။

"လူကြီးမင်းတို့နှစ်ယောက်ကို နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ၊ ဒါနဲ့ ရှင်တို့ ဘာတွေ လုပ်နေကြတာလဲ"

ဗီနာဘယ်က တရားသူကြီး ယန်းဘက် ကမန်းကတန်းလှည့်ပြီး ...

"တရားသူကြီးမင်းခင်ဗျား ... ဒေါက်တာလောရင့်ဘာကာ အပြင်ဘက်မှာ ရောက်နေကြောင်း ကျွန်တော့်ကို သတင်းလာပို့တာပါ၊ သူ ဘီးတပ်ကုလားထိုင်ပေါ်မှာ ရှိနေပါတယ်၊ ဒါပေမဲ့ စစ်မေးခံနိုင်ပါတယ်၊ သူ့ကို တရားခွင်ကို ခေါ်လိုက်ရမလားခင်ဗျာ"

တရားရုံးခန်းတစ်ခုလုံး ရုတ်ရုတ် ရုတ်ရုတ် ဖြစ်သွားသည်။

တရားခံရှေ့နေ အလန်ပင်း ထရပ်လိုက်ပြီး ...

"ကန့်ကွက်ပါတယ်၊ တရားလိုရှေ့နေ လျှောက်လဲရင်း တန်းလန်းဖြစ်နေပါတယ်၊ ဒီအချိန်မှာ နောက်ထပ် သက်သေအသစ်တစ်ယောက်ကို ကြားဖြတ်ခေါ်တာမျိုး အစဉ်အလာမရှိပါဘူး၊ ဒါကြောင့် ... "

တရားသူကြီးက စားပွဲကို တူနှင့် ထုလိုက်သည်။

"ရှေ့နေနှစ်ယောက်စလုံး ကျေးဇူးပြုပြီး ကိုယ့်စားပွဲ ကိုယ်ပြန်ထိုင်ကြပါ"

"ဒါဟာ ပုံမှန်လုပ်ရပ်မျိုး မဟုတ်ပါဘူး၊ ကျွန်တော် ကန့်ကွက် ... "

"မစ္စတာပင်းပြောတာ မမှားပါဘူး" တရားသူကြီးက ပြောသည်။ "ဒါပေမဲ့ အစဉ်အလာမရှိဘူးလို့ ပြောတာတော့ မှားပါတယ်၊ တစ်နိုင်ငံလုံးမှာ ကျွန်မ ရုံးထိုင်ခဲ့တုန်းက အထူးအခြေအနေအရ ကြားဖြတ်သက်သေ ထပ်တိုးခွင့်ပြုခဲ့တာတွေ ဒါဇင်လိုက်ရှိခဲ့ပါတယ်၊ ရှေ့နေမင်းက အစဉ်အလာကို သိပ်ပြီးစိတ်ဝင်စားရင် လွန်ခဲ့တဲ့ ငါးနှစ်က ဒီတရားရုံးမှာ စစ်ဆေးခဲ့တဲ့ အမှုတစ်ခုကို မှတ်မိပါလိမ့်မယ်၊ အဲဒီအမှုမှာ ကျွန်မ တရားသူကြီး လုပ်ခဲ့ပါတယ်"

အလန်ပင်းက တံတွေးမျိုချလိုက်ပြီးနောက် ...

"ဒါဆို တရားသူကြီးမင်းက သူ့ကို သက်သေထွက်ခွင့်ပြုမယ်လို့ ဆိုလိုပါသလား"

တရားသူကြီးက စဉ်းစဉ်းစားစားဖြင့် ပြောသည်။ "ဒေါက်တာဘာကာဟာ ဒီအမှုမှာ အဓိကသက်သေတစ်ယောက် ဖြစ်နေတဲ့အတွက်၊ ပြီးတော့ ကျန်းမာရေးအရ အရင်က သက်သေမထွက်ဆိုနိုင်ခဲ့တဲ့အတွက် တရားဥပဒေမှန်ကန်ရေးကို ထောက်ရှုပြီး သူ့ကို သက်သေထွက်ဆိုခွင့်ပြုပါတယ်"

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ခြွင်းချက်အနေနဲ့ ဒီသက်သေဟာ သက်သေထွက်ဆိုနိုင်လောက်တဲ့ အထောက်အထား မရှိပါဘူး၊ ဒါကြောင့် သူ့ကို စိတ်ရောဂါပါရဂူတွေနဲ့ စစ်ဆေးကြည့်ဖို့ ကျွန်တော် တောင်းဆိုပါတယ်"

"မစ္စတာပင်း ... ဒီတရားရုံးမှာ တောင်းဆိုလို့ မရပါဘူး၊ မေတ္တာရပ်ခံလို့သာ ရပါတယ်" သူက ဗီနာဘယ်ဘက် လှည့်ပြီး "သက်သေကို ဆင့်ခေါ်နိုင်တယ်"

အလန်ပင်း မတ်တတ်ကြီးရပ်ပြီး ငိုင်နေသည်။ *သွားပြီ၊ အားလုံးသွားပြီ၊ ငါကြိုးစားခဲ့သမျှ သဲထဲရေသွန် ဖြစ်သွားပြီ။*

ဗီနာဘယ်က သူ့လက်ထောက်ဘက်သို့ လှည့်ကာ "ဒေါက်တာဘာကာကို ဆင့်ခေါ်ပါ"

အခန်းတံခါး ဖြည်းဖြည်းပွင့်လာသည်။ ဒေါက်တာလောရင့်ဘာကာ တရားရုံးထဲ ဝင်လာသည်။ သူ ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်လာသည်။ ဦးခေါင်းက တစ်ဖက်စောင်းနေသည်။ မျက်နှာက တစ်ခြမ်းရွဲ့နေသည်။

ဖြူရော်နွမ်းလျသည့် သူ့ရုပ်သွင်ကို လူတိုင်း စိတ်ဝင်စားစွာ ကြည့်နေကြသည်။ သူက ပေ့ဂျ်အနားမှ ဖြတ်လာစဉ် ပေ့ဂျ်ကို တစ်ချက်စောင်းကြည့်သွားသည်။

သူ့မျက်နှာတွင် ရင်းနှီးခင်မင်ရိပ် မမြင်ရ။ သူနောက်ဆုံးပြောခဲ့သည့် စကားကို ပေ့ဂျ် သတိရမိသည်။ *မင်းက မင်းကိုယ်မင်း ဘယ်သူလို့ ထင်သလဲ။*

ဒေါက်တာဘာကာ တရားခွင်ရှေ့သို့ ရောက်သောအခါ တရားသူကြီးက မေးသည်။

"ဒေါက်တာဘာကာ ... ဒီနေ့ ဒီနေရာမှာ သက်သေထွက်ဆိုနိုင်မှာလား"

"ထွက်ဆိုနိုင်ပါတယ်" သူ့အသံ နည်းနည်းဝါးနေသည်"

"ဒီတရားရုံးခန်းထဲမှာ ဖြစ်ပျက်နေတာတွေကို ပြည့်ပြည့်စုံစုံ သိပါသလား"

"သိပါတယ်" သူက ပေ့ဂျ်ဘက်သို့ လှမ်းကြည့်လိုက်ပြီး "လူနာတစ်ယောက်ကို သတ်မှုနဲ့ ဒီအမျိုးသမီးကို စစ်ဆေးနေပါတယ်"

*ဒီအမျိုးသမီးတဲ့၊* ပေ့ဂျ် ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

တရားသူကြီးက ဘီလစ်စာရေးအား ...

"သက်သေကို ကျမ်းကျိန်ခိုင်းပါ"

ဒေါက်တာဘာကာ ကျမ်းကျိန်ပြီးသောအခါ တရားသူကြီးက ...

"ဒေါက်တာဘာကာ ဘီးတပ်ကုလားထိုင်ပေါ်မှာပဲ နေပါ၊ အစိုးရရှေ့နေက မေးပါ၊ တရားခံရှေ့နေက ပြန်လှန်မေးခွန်း မေးနိုင်ပါတယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဗီနာဘယ်က ပြုံးလိုက်ပြီး "ကျေးဇူးတင်ပါတယ် ... တရားသူကြီးမင်းခင်ဗျား" ပြီးတော့ ဘီးတပ်ကုလားထိုင်နား လျှောက်သွားပြီး ... "ဒေါက်တာကို အကြာကြီး မနေစေပါဘူး၊ ဒီလို ခက်ခက်ခဲခဲ အခြေအနေနဲ့ ရုံးတော်ကို လာရောက်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ ဒီအမှုနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ တစ်လအတွင်း ထွက်ဆိုချက်တွေကို ရင်းရင်းနှီးနှီးရှိပါလား"

ဒေါက်တာဘာကာက ခေါင်းညိတ်သည်။ "ကျုပ်က ရုပ်မြင်သံကြားလည်း ကြည့်တယ်၊ သတင်းစာလည်း ဖတ်တယ်၊ တော်တော်ပဲ စိတ်မကောင်းဖြစ်မိတယ်"

ပေ့ဂျ်က ဦးခေါင်းကို လက်နှင့် အုပ်ထားလိုက်သည်။

အစိုးရရှေ့နေကြီးက ပြုံးရွှင်စွာဖြင့် "ကျွန်တော်တို့အားလုံးလည်း အလားတူပဲ ခံစားရပါတယ် ဒေါက်တာ"

"ကျုပ် ဒီကိုလာတာ တရားမှန်ဖြစ်စေဖို့ပါ"

ဗီနာဘယ်က ပြုံးလျက် "မှန်ပါတယ်၊ ကျွန်တော်တို့လည်း အဲဒီလိုပါပဲ"

ဒေါက်တာလောရင့်ဘာကာက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်၏။ စကားပြောတော့ သူ့အသံက ဒေါသသံပါနေသည်။

"ဒါဖြင့်ရင် ဒေါက်တာတေလာကို ခင်ဗျားတို့ ဘာဖြစ်လို့ တရားစွဲကြရသလဲ"

ဗီနာဘယ်က ဒေါက်တာဘာကာ နားလည်မှု လွဲသွားသည်ထင်ပြီး ...

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား"

"ဒီတရားစွဲဆိုမှု တော်တော်ရယ်စရာကောင်းတယ်"

ပေ့ဂျ် နှင့် အလန်ပင်း တို့ အချင်းချင်း အလန့်တကြား ကြည့်လိုက်ကြသည်။

ဗီနာဘယ် မျက်နှာသွေးဆုတ်သွားပြီး "ဒေါက်တာဘာကာခင်ဗျား ... "

"ကျုပ်ကို ဖြတ်မမေးပါနဲ့၊ ခင်ဗျားတို့က ဘက်လိုက်တဲ့၊ မနာလိုဝန်တိုတဲ့ သက်သေတွေကို အသုံးချခဲ့ကြတယ်၊ အလွန်တော်တဲ့ ဆရာဝန်တစ်ယောက်ကို မတရား တိုက်ခိုက်ခဲ့ကြတယ်၊ သူဟာ ... "

"ခဏနေပါဦး ခင်ဗျား" ဗီနာဘယ်က ပျာယီးပျာယာဖြင့် ပြောလိုက်သည်။ "ဒေါက်တာတေလာ ဆေးရုံက ထွက်စာတင်ရလောက်အောင်အထိ ဒေါက်တာက သူ့ကို ရက်ရက်စက်စက် ဝေဖန်ပုတ်ခတ်ခဲ့တာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

ဗီနာဘယ် တော်တော်ကျေနပ်သွားသည်။ "ဒါဆို သူ့ကို အလွန်တော်တဲ့ ဆရာဝန်လို့ ဒေါက်တာက ဘာကြောင့် ပြောရတာလဲ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အမှန်အတိုင်းဖြစ်စေချင်လို့ပါ" သူက ပေ့ဂျ်ကို ကြည့်လိုက်သည်။ ပြီးတော့ ပေ့ဂျ်တစ်ယောက်တည်းကိုသာ စေ့စေ့ကြည့်ပြီး ပြောသည်။ "တချို့ လူတွေက ဆရာဝန်ဖြစ်ဖို့ မွေးလာကြတယ်၊ မင်းဟာ အဲဒီလူတွေထဲက ရှားရှားပါးပါးတစ်ယောက်ပဲ၊ မင်း ဘယ်လောက်တော်တယ်ဆိုတာ အစကတည်းက ငါသိတယ်၊ မင်းအပေါ်မှာ ငါ ကြမ်းခဲ့တယ်၊ သိပ်ပြီး ကြမ်းချင်လည်း ကြမ်းမယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ မင်းက တော်လို့၊ မင်းကို ငါရက်ရက်စက်စက် ဆက်ဆံခဲ့တယ်၊ အဲဒါ ဘာကြောင့်လဲ၊ မင်းကိုယ်မင်း ရက်ရက်စက်စက် ဆက်ဆံနိုင်အောင်လို့၊ မင်းကို ငါက အတော်ဆုံးဖြစ်စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တို့ဆရာဝန်လုပ်ငန်းတွေမှာ အမှားမခံနိုင်လို့၊ တစ်စက်ကလေးမှ မမှားရအောင်လို့ ..."

ပေ့ဂျ်သည် ဒေါက်တာဘာကာကို ကြည့်ပြီး မင်တက်မိနေမိ၏။ သူ့စိတ်သည် ရဟတ်လည်သလို တဝီဝီလည်နေ၏။ အဖြစ်အပျက်က မယုံကြည်နိုင်လောက်အောင် မြန်ဆန်နေ၏။

တရားခွင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

"ငါက မင်းနုတ်ထွက်စာတင်တာကို သဘောမတူခဲ့ဘူး"

ဗီနာဘယ်၏ အောင်ပွဲကတော့ ဝေးခဲ့ရပြီ၊ သူ၏ အဓိကသက်သေက သူ၏အဆိုးဝါးဆုံး ရန်သူဖြစ်သွားခဲ့ပြီ။

"ဒေါက်တာဘာကာခင်ဗျား ... ဒေါက်တာရဲ့လူနာ လန့်စ်ကယ်လီကို ဒေါက်တာတေလာသတ်တယ်လို့ ဒေါက်တာက စွပ်စွဲခဲ့ကြောင်း သက်သေထွက်ဆိုချက်တွေ ရှိပါတယ်၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး ..."

"ဟုတ်တယ်၊ ကျုပ်စွပ်စွဲခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက တာဝန်ခံဆရာဝန်ဖြစ်လို့ပဲ၊ အဲဒီအတွက် သူ့မှာ လုံးဝတာဝန်ရှိတယ်၊ အမှန်ကတော့ မစ္စတာကယ်လီဟာ မေ့ဆေးဆရာဝန်ကြောင့် သေတာပါ"

တရားခွင်တစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

ပေ့ဂျ်မှာ မတုန်မလှုပ် ကျောက်ရုပ်ကြီး ဖြစ်နေသည်။

ဒေါက်တာဘာကာက အားယူပြီး ဖြည်းဖြည်းဆက်ပြောသည်။

"ပြီးတော့ မစ္စတာကရိုနင်က ပိုက်ဆံဒေါ်လာတစ်သန်းပေးခဲ့တာကိုလည်း ဒေါက်တာတေလာ ဘာမှ မသိခဲ့ပါဘူး၊ မစ္စတာကရိုနင်နဲ့ ကျုပ် စကားပြောဖြစ်တယ်၊ ဒီတော့ သူကပြောတယ်၊ ဒေါက်တာတေလာကို ဒေါ်လာတစ်သန်းပေးခဲ့မယ့်အကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မိသားစုကို မပေးချင်လို့ဖြစ်ကြောင်း၊ ပြီးတော့ သူ့ဝေဒနာဒဏ်က လွတ်မြောက်အောင်လုပ်ပေးဖို့ ဒေါက်တာတေလာကို မေတ္တာရပ်ခံထားကြောင်း သူကပြောတယ်၊ ကျုပ်သဘောတူလိုက်တယ်"

ပရိတ်သတ်များ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဗီနာဘာယ်သည် မတ်တတ်ကြီးရပ်နေ၏။ သူ့မျက်နှာတွင် ဝေခွဲမရသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။ အလန့်ပင်း ဖြန့်းခနဲ ထရပ်လိုက်သည်။ "ရှုံးမင်းခင်ဗျား၊ ဒီအမှုကို ပလပ်ဖို့ ကျွန်တော် အဆိုတင်သွင်းပါတယ်"

တရားသူကြီးက စားပွဲကို တူနှင့်ထုလိုက်ပြီး ...

"ငြိမ်ငြိမ်နေပါ" ထို့နောက် "ရှေ့နေနှစ်ယောက်လုံး ကျွန်မရုံးခန်းထဲ ကြွကြပါ" ဟု ပြောလိုက်သည်။

■

ဗီနာဘာယ်က တုန်တုန်ယင်ယင်ဖြင့် "ကျွန်တော် ... ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ဘူး၊ သူဟာ လူမမာတစ်ယောက်ပါ၊ သူ ဘာကိုမှ ကြည်ကြည်လင်လင် မတွေးနိုင်ပါဘူး၊ သူ့ကို စိတ်ရောဂါ ပါရဂူအဖွဲ့နဲ့ စစ်ဆေးချင်ပါတယ်၊ ပြီးတော့ ... "

"မစ္စတာဗီနာဘာယ်" တရားသူကြီးက ပြောသည်။ "အဲဒါကို လူကြီးမင်း နှစ်နည်းစလုံးနဲ့ မရနိုင်တော့ပါဘူး၊ လူကြီးမင်းရဲ့ အမှုက မီးခိုးနဲ့အတူ ပြေလွင့်သွားပြီ၊ ကျွန်မတို့က လူကြီးမင်းကို ထပ်ပြီး အရှက်မကွဲပါရစေနဲ့တော့၊ ဒီလူသတ်မှုကို ကျွန်မ ပလပ်လိုက်တော့မယ်၊ ကန့်ကွက်စရာ ရှိပါသေးသလား"

အကြာကြီး တိတ်ဆိတ်နေသည်။ နောက်ဆုံးတွင် ဗီနာဘာယ်က ခေါင်းညိတ်ပြီး "မရှိပါဘူး"

"ကောင်းတဲ့ဆုံးဖြတ်ချက်ပဲ၊ ဒါပေမဲ့ လူကြီးမင်းကို ကျွန်မ သတိတစ်ခုတော့ ပေးပါရစေ၊ သူဘယ်လို ထွက်ဆိုမယ်ဆိုတာ မသိဘဲနဲ့ သက်သေတစ်ယောက်ကို *ဘယ်တော့မှ ... ဘယ်တော့မှ* မခေါ်ပါနဲ့"

■

တရားစစ်ဆေးမှု ပြန်လည်စတင်သည်။ တရားသူကြီးယန်းက ပြောသည်။

"ဂျူရီအဖွဲ့ဝင် လူကြီးမင်းများရှင့် ... အချိန်ပေးခြင်းနဲ့ စိတ်ရှည်ခြင်းတို့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ တရားခံအပေါ်မှာ စွဲချက်အားလုံးကို ရုံးတော်က လုံးဝ ပလပ်လိုက်ပါမယ်၊ ဒီအချိန်ကစပြီး တရားခံကို ကွင်းလုံးကျွတ်လွှတ်လိုက်ပါတယ်"

ပေ့ဂျ် က တစ်ဘက်လှည့်ပြီး ဂျက်ဆင် ကို နမ်းလိုက်သည်။ ပြီးတော့ ဒေါက်တာဘာကာဆီ ပြေးသွားသည်။ သူ့ဘေးတွင် ဒူးထောက်ထိုင်ချပြီး သိုင်းဖက်လိုက်၏။

"ဆရာ့ကို ကျွန်မ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအရှုပ်အယှက်တွေထဲ နောင်ဘယ်တော့မှ မဝင်မိပါစေနဲ့၊ မိုက်မဲတဲ့အလုပ်ပဲ၊ တို့ ဒီနေရာက ထွက်ကြမယ်၊ အေးအေးဆေးဆေး စကားပြောရအောင်"

တရားသူကြီးက သူပြောတာကို ကြားသွားပြီး မတ်တတ်ထရပ်လျက် "ကျွန်မရုံးခန်းမှာ ပြောနိုင်ပါတယ် ဒေါက်တာ၊ ဒါဟာ ကျွန်မတို့အနေနဲ့ အနည်းဆုံး ကူညီနိုင်တာပါ"

■

ပေ့ဂျ်၊ ဂျက်ဆင်နှင့် ဒေါက်တာဘာကာတို့ သုံးယောက်စလုံး တရားသူကြီးရုံးခန်းထဲ ဝင်လာကြသည်။ ဒေါက်တာဘာကာက ပြောသည်။

"မင်းကိုကူညီဖို့ ငါ့ကို သူတို့အစောကြီးက မခေါ်တာကို ငါစိတ်မကောင်းပါဘူး၊ ဒီဆရာဝန်တွေအကြောင်း မင်းသိပါတယ်"

ပေ့ဂျ်က မျက်ရည်ဝဲလျက် ...

"ကျွန်မ ... ကျွန်မ ... ဆရာ့ကို ... ဘယ်လောက်... "

"အဲဒါဆို ပြီးရောပေါ့"

ပေ့ဂျ် သူ့ကို စေ့စေ့ကြည့်ရင်း ရုတ်တရက် သတိရလာပြီး "ဒါနဲ့ ... ဆရာက မစ္စတာကရိုနင်နဲ့ ဘယ်တုန်းက သွားတွေ့ပါသလဲ"

"ဘာ ... "

"ဩော် ... မစ္စတာကရိုနင်ကို ဆရာဘယ်တုန်းက သွားတွေ့သလဲလို့ မေးတာပါ"

"ဘယ်တုန်းက ... ဟုတ်လား"

"ဆရာက မစ္စတာကရိုနင်ကို မြင်တောင်မမြင်ဖူးပါဘူး၊ ဆရာ သူ့ကို မသိပါဘူး"

"ဒါပေမဲ့ မင်းကိုသိတယ်"

ပေ့ဂျ် ကိုယ်ကိုကိုင်းပြီး ဒေါက်တာဘာကာကို သိုင်းဖက်လိုက်ပြန်၏။

"ဘယ်တော့မှ စိတ်လိုက်မာန်ပါ မလုပ်နဲ့"

ဒေါက်တာက ဂျက်ဆင်ဘက်လှည့်ပြီး "သူက တစ်ခါတစ်လေ စိတ်လိုက်မာန်ပါ လုပ်တတ်တယ်ကွ၊ အဲဒါကို မင်းက ကောင်းကောင်းထိန်း၊ ထိန်းမရရင် ငါ့ကိုပြော၊ ကြားလား"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ၊ ကျွန်တော်ကောင်းကောင်းထိန်းပါ့မယ် ခင်ဗျား"

■

ပေ့ဂျ်နှင့် ဂျက်ဆင်တို့ နောက်တစ်နေ့တွင် လက်ထပ်လိုက်ကြသည်။ သတို့သားအရံမှာ ဒေါက်တာလော့ရင်ဘာကာ ဖြစ်၏။ ။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းနိဂုံး

ဇာတ်ကိုပေါင်းသော် ... ဒေါက်တာပေ့ဂျ်တေလာသည် ပုဂ္ဂလိကလုပ်ငန်းသို့ ဝင်ရောက်ပြီး ဂုဏ်သိက္ခာရှိ နာမည်ကျော် ''နော့သ်ရှိုး'' ဆေးရုံကြီးနှင့် ပူးပေါင်းလုပ်ကိုင်သည်။ ဂျွန်ကရိုနင် ပေးခဲ့သည့် ဒေါ်လာတစ်သန်းကို အာဖရိကဩ သူ့ဖခင်နာမည်ဖြင့် ကုသိုလ်ဖြစ် လူမှုကူညီရေးအဖွဲ့ တည်ထောင်သည်။

ဒေါက်တာလောရင့်ဘာကာသည် ပေ့ဂျ်နှင့် ပူးပေါင်းကာ ခွဲစိတ်ကုသရေးဆိုင်ရာ အတိုင်ပင်ခံ သမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။

ဒေါက်တာအာသာကိန်း၏ ဆရာဝန်မှတ်ပုံတင်ကို ''ကာလီဖိုးနီးယားပြည်နယ် ဆေးကောင်စီ''က ပြန်သိမ်းလိုက်၏။

ဂျင်မီဖို့သည် ပြန်လည်ကျန်းမာလာပြီး ဘက်စီနှင့် လက်ထပ်သည်။ သူတို့၏ ပထမဆုံး သမီးကလေးကို ''ပေ့ဂျ်''ဟု နာမည်ပေးသည်။

ဒေါက်တာဟန်နီတပ်ဖ်သည် ရှောင်ရယ်လီနှင့်အတူ အိုင်ယာလန်သို့ ပြောင်းရွှေ့သွားပြီး ဒပ်ဗလင်မြို့တွင် သူနာပြုဆရာမလုပ်သည်။ ရှောင်ရယ်လီမှာ ကိုယ်ခံအားကျရောဂါမရှိဘဲ အောင်မြင်သည့် ပန်းချီဆရာ ဖြစ်လာ၏။

ကွယ်လွန်သူ ဒေါက်တာကက်ဟန်တာ၏ မောင်ကလေး မိုက်ဟန်တာမှာ ခားပြမှုဖြင့် ထောင်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဆရာဝန်မသုံးယောက်**

အယ်လ်ဖရက်တန်နာက "ပတ်အဲဗင်းနယူး" လမ်းတွင် ကိုယ်ပိုင်ဆေးခန်းဖွင့်ပြီး အကြီးအကျယ် စီးပွားဖြစ်နေ၏။

ဆေးရုံအုပ်ကြီး ဘင်ဂျမင်ဝါလေ့မှာ အလုပ်ဖြုတ်ခံရ၏။

လူဒီနက်တိုမှာ အမြွတ်တော်ခွန် လိမ်မှုဖြင့် ထောင်ဒဏ် ၁၅ နှစ် ကျသွားသည်။

ဒေါက်တာကင်မယ်လိုရီကတော့ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျသည်။ အကျဉ်းထောင်သို့ လူဒီနက်တို ရောက်လာပြီး တစ်ပတ်ခန့် အကြာတွင် ဒေါက်တာမယ်လိုရီသည် အကျဉ်းထောင်ထဲ၌ ဓားနှင့်ထိုး၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသွား၏။

"အင်ဘာကေဒရို" ခရိုင်ဆေးရုံကြီးကတော့ နောက်ထပ်ပေါ်ပေါက်လာမည့် ငလျင်ကို စောင့်ရင်း နဂိုမူလအတိုင်း တည်ငြိမ်ခန့်ညားစွာ ရပ်တည်မြဲ ရပ်တည်လျက်ရှိလေ၏။ ။

မောင်ပေါ်ထွန်း

၆-မတ်-၀၅

www.burmeseclassic.com

www.burmeseclassic.com

# THE REAL LIVES® REAL STORIES

**သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝ ဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူများအလိုရှိ သည်။**

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာစုပ် စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖော်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

ကျွန်တော်တို့လိုချင်တာက

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လဲ ထူးခြားပြီး စိတ်ဝင် စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြ နိုင်ရမယ်။ (၄) အတွေးအခေါ်တွေ ပါရမယ်၊ ရုန်းကန် ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှု ရှိရမယ်။ (၅) ဟာသဘဲဖြစ်စေ၊ ဂမ္ဘီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမား လောကထဲက ဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲ ဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

**စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လဲ**

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကိုပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

**ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လူငယ်စာရေးဆရာများ ဆက်သွယ်ပါ။**

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံ သတင်းအမြင်လည်းရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင် ရမယ်။ (၄) ဒါ့အပြင် ရသမြောက်စာမူကိုလည်း ရေးဖွဲ့ နိုင်ရမယ်။ (၅) ကျွန်တော်တို့သတ်မှတ်ပေးမယ့် assignment အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြစ် ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင် ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ် ဖြစ်ရပ်စာမူတစ်ပုဒ်နှင့် အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်ပါ။

---

**ဆက်သွယ်ရန်လိပ်စာ**

- အမှတ် ၈၈၊ နိကောရိပ်သာလမ်း၊ အမှတ် ၇ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် ၀ိုင်၊ သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဆီဒိုးနားဟိုတယ်ဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**အသေးစိတ်သိချင်ရင်**

၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

the bookhouse

www.burmeseclassic.com